သတ္တမမြောက် ကျော်အောင်စံထားဆရာတော်

ရှင်ဝါယာမာဘိဝံသ

၏

# ပုတီးစိပ်ကိုယ်တွေ့မှတ်တမ်း

## သိဒ္ဓိ မဟိဒ္ဓိ မန္တာန်ဝိဇ္ဇာထွက်လမ်း

ကျမ်းမြွက်မဟာ

အတွဲ(၇)



"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## ကျမ်းပဏ္ဏိနိဒ်

ဤလက်တွေ့မှတ်တမ်း ကျမ်းမြတ်ကြီးရေးရာ၌ စကားချောအောင်၊ အဆက်အစပ် မိအောင်၊ ဖတ်လို့ကောင်းအောင်၊ ဖတ်ချင်လာအောင်ရည်ရွယ်ပြီး၊ ဝေဝေဆာဆာဖြင့် ရေးသည်မဟုတ်ပေ။ ဖြစ်ရပ်မှန် လက်တွေ့သဘောတရားများကိုသာ ရေးသွားမည်ဖြစ်၏။ အပိုမပါစေရ။ ပိုသည်ဟု ထင်ကြလျှင် တကယ်ပို၍ တရားသဘောက ပိုခြင်းသာ၊ လိုသည်ဟုထင်လျှင် တကယ်ကိုယ်တွေ့ ခံစားချက်ကသာ လိုသည်ဟု ယူဆဖို့ရာ ရှိပေမည်။ လူပြောသူပြောမဟုတ်ဘဲ ကိုယ်တွေ့သဘော တရားများသာ ရေးသွားမည်ဖြစ်၍ ကွက်တိ ချည်းသာဖြစ်ပေမည်။ ထို့ကြောင့် မန္တာန်ဝိဇ္ဇာ၊ ထွက်ရပ်လမ်းလိုက်စားကြသော သူတော်စင် အပေါင်းတို့အား အထောက်အကူရကြစေရန် သေသေချာချာ ဖတ်ရှုမှတ်သားကြ၍ ငါ၏အတွေ့အကြုံဖြစ်သော ဤသိဒ္ဓိ၊ မဟိဒ္ဓိ၊ မန္တာန်ဝိဇ္ဇာထွက်လမ်း လက်တွေ့ကျမ်းမြတ်ကြီးကို မှတ်စုဒိုင်ယာရီများထဲမှ သိဒ္ဓိ၊ မဟိဒ္ဓိလမ်းနှင့် သက်ဆိုင်သော အချက်အလက်များကိုသာ ထုတ်နုတ်၍ ရေးသားပေးအပ်သတည်း။

| | |
|---|---|
| မျက်နှာဖုံးပုံ | နောက်ကျောဖုံးပုံ |
| မဟာအောင်သိဒ္ဓိဓါတ်ကျောင်းတော် | နဂါးရုံဘုရား |
| ကျော်အောင်စံထားကျောင်းတိုက် | ကျော်အောင်စံထားကျောင်းတိုက် |
| အမရပူရမြို့၊ | အမရပူရမြို့၊ |

## "ဆုတောင်းပတ္ထနာ"

ဤသို့ပြုရသော ကုသိုလ်ကောင်းမှု အဘိုဘာဂတို့ကြောင့် ပြောသမျှဟုတ်၊ လုပ်သမျှ မှန်ကန်၊ ကြံသမျှအောင်မြင်ပြီး သိဒ္ဓိရှင်တစ်ယောက် ဖြစ်သည်ထက်ဖြစ်မြောက်၍ ဘုရားသခင်၏ သာသနာတော်မြတ်ကြီးကို အလိုရှိတိုင်း ပြုစုနိုင်သည့်ကိုယ်၊ ပေးကမ်းနိုင်သည့်ကိုယ်၊ လှူဒါန်းနိုင်သည့်ကိုယ် ဖြစ်ရ၍ နိဗ္ဗာန်မဂ်ဖိုလ်ကို ရရပါလို၏။ နိဗ္ဗာန်မရမီ သံသရာဘဝသို့ ကျင်လည်ရသည်ရှိသော် ဤကောင်းမှုကံစေတနာတို့ကြောင့် မိဆိုး၊ ဘဆိုး၊ သားဆိုး၊ သမီးဆိုး၊ လင်ဆိုး၊ မယားဆိုး၊ ဆွေဆိုး၊ မျိုးဆိုး၊ ရေ-မီး-မင်း-ခိုးသူ-မချစ်မနှစ်သက်သောသူ စသော အဆိုးမျိုး အပေါင်းတို့မှ ကင်းလွတ်ရပါလို၏။ ဘုရားတပည့်တော်၏ ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကံစေတနာတို့ကြောင့် မည်သို့သော သတ္တဝါတို့မှ၊ မည်သူတစ်ဦးတစ်ယောက် ကမျှ တုနိုင်၊ ယှဉ်နိုင်၊ ပြိုင်နိုင်၊ နှောက်ယှက်ဖျက်ဆီးနိုင်သည့်ကိုယ် မဖြစ်ရပါလို၏ အရှင်ဘုရား။ ပု-ဒိ-အာနှင့်လည်း ပြည့်စုံရပါလို၏။

**ကျော်ဇေအောင်စံသား၏မေတ္တာစေတနာ**

၁၃၆၆-ခု၊ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)

၃၁. ၇. ၂၀၀၄ (စနေနေ့)

မွေးနေ့ရှိက၊ မှန်မှုချလျှင်
သေရမည့်နေ့၊ ဧကံတွေ့လိမ့်
ဘယ်နေ့ဘယ်ခါ၊ မသိပါသည်
စောင့်ကာနေရ၊ လူ့ဘဝ
မော်ကာကြွားကာ၊ မာန်တက်ကာဖြင့်
ပျော်ကာ ပါးကာ၊ ဇိမ်ယူကာဖြင့်
တရားမသိ၊ လောဘဖိလျှက်
မှိုင်းမိကိလေ၊ ပျော်ပျော်နေကာ
သေမည့်အခါ၊ ငရဲရွာတွင်
ခံရမည်သာ၊ မုချသာတည်း။

## သင္ဘာမခြောက်ကျော်အောင်စံထား ဆရာတော် အရှင်ဝါယာမာဘိဝံသ၏ ပုတီးစိတ် မှတ်တမ်း

### သတိ ... သတိ ... သတိ

၁။ ဘုရားရှင်အား ပူဇော်သောအနေဖြင့် ဂုဏ်တော်ပွါးများနေခြင်းသည် တန်ခိုးကြီး၏။ ထိုနည်းတူတရားတော် သံဃာတော်တို့အား ပူဇော်ခြင်းသည်လည်း ပညာနှင့် စည်းစိမ်ချမ်းသာ ကြီးလှပေ၏။

၂။ မဟာပထဝီပြိုခဲ့ပြီဟု ဖတီးဖတွတ်ရေရွတ်ဆိုငြား ယုံစကားကို တောသားခပင်းရေသို့ဆင်းဟူ၍ငင်း။

၃။ မင်း၊ မီး၊ ရေ မြွေ - ဤလေးထွေကို ချစ်ပေသည်ဟူ မယူဆသာဟူ၍ငင်း။

၄။ လင်ရှိမယား၊ မေးဖျားအနာ၊ မင်းဥစ္စာကို ဝမ်းသာစိတ်ရွှင် ဆင်ခြင်မဲ့ပါ မပြုရာတည်း။

၅။ အတန္တကား သူ့မယားကို ချစ်အားရမ်းဘိ ပါးနမ်းမိသော် မျက်စိကွယ်ရာ အပေါ်သာ။

၆။ သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းတည်း။

၇။ တရံတခါ သားနှင့်ကွာက သားမှာမျက်စိ နှစ်လုံးရှိလျှက် သားမိတို့ဝမ်း ပန်းညှိုးနွမ်းသို့။

၈။ အမိဟူက ကြီးလှကျေးဇူး သူတထူးထက် ဆူးဆူးရာရာ ဒေါသအားဖြင့် စကားကျန်းမို့ သေစိမ့်ဆိုလည်း မျက်လိုဝမ်းမှာ ထဲမလာဟု။

၉။ မိန်းမတို့တွင် ကြယ်လသွင်သို့ ဆွေလင်ရတနာ နတ်တံဆာသို့။

၁၀။ ပြင်သူမှာလည်း မေတ္တာဆက်ဆံ ယုံနှင့်ဖျံသို့။

၁၁။ သူတော်ကောင်းနှင့် ပေါင်းမိလေလျှက် ဖျာလူးဖက်သို့။

၁၂။ ယောက်ျာဘုန်းကို အဆုံးဘယ်မှာ မမှတ်ရာ။

၁၃။ မိန်းမယောက်ျား ကျင့်ရိုးမှားလျှက် သောက်စားမူးမော် ပျော်စမည်သာ နတ်ရွာအလုံး မေ့ရှုံးသရွေ့။

၁၄။ လူတို့ကြမ္မာ ကောင်းစဉ်ခါက ဂင်္ဂါဖျားရေ တက်သောဆွေသို့ ရှိလေစမြဲ ကြမ္မာစဲက ဆင်းရဲတစ်ဖန် ရေကျပြန်သို့ ပစ္စုပ္ပန်လက်ငင်း လောလောချင်း။

၁၅။ ပစ္စည်းပစ္စယံ တောင်ရှိမံလည်း အကြံမချ အားမရ။

၁၆။ ပြိတ္တာတို့ဆောင် ဥစ္စာဆောင်လျှင် နှောင်တမလွန် နှစ်တန်ကာလ နှစ်ဘဝလုံး နှစ်ပါးရှုံးကြီး အချိုးနိုး။

၁၇။ ပစ္စည်းဝန်ပုတ် ကိုယ့်သက်ချုပ်က ဆုပ်၍မရပါ။

၁၈။ ခပ်သိမ်းအဟုံ ကြင်လူပိုလ်တို့ သူတို့တရံ ယဉ်ရှိကြံသော် ကိုယ့်ထံမျက်မှောက် ဆင်ရှိ ရောက်၏။

၁၉။ တိဟိတ်နေ၍ ဒိဋ္ဌိယူဆ မဂ်ဖိုလ်မရ ၊ အရိယာကိုပြစ်မှားက မဂ်ဖိုလ်မရ ၊ ပညတ်တော်ကို

လွန်ကျူးက မင်ဖိုလ်မရ ပဋ္ဌာနန္တရိယကံကို ကျူးလွန်က မင်ဖိုလ်မရ၊ ဒိဋ္ဌိဟိတ်နေက မင်ဖိုလ်ထိုင်။ ဝ တွင် ပမာယျဉ်သို့ ဖြူစင်ပုဂ္ဂိုလ် ဘိုးတော်ကိုလည်း ဝံတိုမိစ္ဆာ မဖြစ်ရာတည်။

၁၃၃၃ ပြည့်နှစ်-သီတင်းကျွန်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ ကျင်းပ၏။ အဘိတ်နေ့က ညအလင်း အဘိဓမ္မာရွတ်ဖတ်ကြ၏။ မဟာပရိတ္တစာရီအသင်းက ရွတ်ဖတ်၏။ လပြည့်နေ့ နံနက် ၉ နာရီက သံဃာတော် ၁၀၈ ပါးတို့အား ခိုတောင်မုန့်တီကပ်၏။ ကြွရောက်လာကြသော ပရိတ်သတ်များလည်း ထို့အတူ ကျွေးမွေးဧည့်ခံ၏။ လူ ၃၀၀ ကျော်လောက် လာကြ၏။ ၁၂ နာရီ အခမ်းအနားဖွင့်၏။ ညနေ ၃ နာရီလောက်မှ တရားဟောစံပြ ရွတ်ဖတ်သရဇ္ဈာယ် ပြီးကြ၏။ ၅ နာရီလောက်မှ အားလုံးသိမ်းဆည်းလို့ ပြီးကြ၏။

ကျွန်ုပ်လည်း အလုပ်ကိစ္စများပြီးတော့ တိုက်တွင်းသံဃာတော်များနှင့် ပဝါရဏာပြုမလို့ သိမ်ကိုလာကြတော့ ကိုရင်တစ်ပါးကကျောင်းမှာ အာဂန္တုတစ်ပါးရောက်ကြောင်း လျှောက်ထား၍ ကျွန်ုပ်က ပဝါရဏာမပြုရသေးလျှင် သိမ်ကိုပင့်ခဲ့လို့မှာလိုက်၍ ကိုရင်ကပင့်လာသည်။ သိမ်ထဲရောက်မှ ကြည့်လိုက်တော့ ရှင်အရိယာဝံသ ဖြစ်နေကြောင်းသိရ၍ ကျွန်ုပ်ကစပြီး "ဒီကနေ့တော့ အရှင်ဘုရားထံ မရောက်ဖြစ်တော့ဘူး အခါတော်နေ့ကျင်းပနေရလို့" .. "ဟုတ်ပါတယ် တပည့်တော်လည်း အရှင်ဘုရား မလာဖြစ်မှန်းသိလို့ လာခဲ့ရတာပဲ" .. "ကိုင်း - ကိုင်း ပဝါရဏာ ပြုကြဦးစို့" ဆိုပြီး ကျွန်ုပ်က သံဃာပဝါရဏာ ပြု၏။ သံဃာရှင်အရိယာဝံသနှင့်ဆိုတော့ ၉ ပါးဖြစ်နေ၏။ ပဝါရဏာပြုပြီး ကြလျှင် ကျွန်ုပ်ကျိန်းသော ကြက်သရေခဏ်းထဲပင့်သွားပြီး လုပ်ငန်းစဉ် သဘောတရားများကို ဆွေးနွေးကြပါတော့သည်။

"ကိုယ်တော်လေးဘက် လက်တန်းခွဲပြီး ပေါက်မြောက်တဲ့အကြောင်း သီတင်းကျွတ်လဆန်း ၉ရက် တနင်္လာနေ့ ၉ နာရီက အောင်လက်မှတ် ရပြီမဟုတ်လား" .. "ရပါတယ်ဘုရား" .. "ပြီးတော့လည်း ကိုယ်တော်လေး ထိုလက်မှတ်ကို သဘောတရားမသိ၍ အလိုက်အထိုက်ထားကာနဲ့ သေချာစွာ သိမ်းဆည်းထားရမည့်အကြောင်းလည်း ပြောပြပြီးပြီမဟုတ်လား" .. "ဟုတ်ပါဘုရား တပည့်တော်လည်း ထိုပစ္စည်းကိုကောင်းမွန်စွာ သိမ်းထားပြီးပါပြီဘုရား" .. "တန်ဆောင်မုန်းလပြည့်နေ့ နံနက်တစ်ချက်အချိန်မှာ ကိုယ်တော် အစည်းအဝေးတက်ရမယ် .. အဖိတ်နေ့ကစပြီး ညနေလောက်မှာ တပည့်တော်ထံလာခဲ့ပေါ့ကိုယ်တော်" .. "အခြေနေအရ ပေါ့ဘုရား" .. "ဘာအခြေအနေရလဲ မဖြစ်ဘူး ကိုယ်တော်" .. "သာသနာရေးအတွက် အရေးကြီးသော အစည်းအဝေးကြီးကို တက်ရမယ်ကိုယ်တော် မတက်လို့ မဖြစ်ဘူး ကိုယ်တော်" .. "ဒီလိုဆိုလျှင် တပည့်တော် မပျက်မကွက် တက်ပါမည်ဘုရား" .. "သာဓုကိုယ်တော် သာဓု .. သာဓု သိဒ္ဓိစခန်းပြီးတော့ မဟာသိဒ္ဓိစခန်းကို ကိုယ်တော်ဆက်ပြီး လုပ်ရအုံးမယ်" .. "အမိန့်ရှိပါဘုရား လိုက်နာကျင့်ရန် တပည့်တော်တာဝန်ပါဘုရား" ..

"ကိုယ်တော်စိတ်သောစိတ်ပုတီးကို ဘဂဝါထိဆုံးသွားပြီးနောက် သုဂတောဂုဏ်တော် ၆ဆင့်ထိအောင်စိတ် ကောင်းမကောင်းမှန် ခွန်း၆တန်လို့ ဘုရားဟောသောကြောင့် အကောင်းအဆိုး သိလာအောင် သုဂတောဂုဏ်တော် ၆ ဆင့်ထိစိတ် ၄ ဆင့်ရောက်လျှင် နံနက် သုဂတောဂုဏ်တော်-ညနေ၁၂ နာရီပိုင်းမှစ၍ ညအထိ အရဟံဂုဏ်တော်စိတ်ပါ။ နံနက်ပိုင်းစိတ်ရသော သုဂတော ဂုဏ်တော်ကိုလည်း

ခါတ်ကြီး ၄ပါးနှင့်ပဲ ပွါးများ၍ ယခင်အတိုင်းစိတ်ပါ။ ညနေပိုင်းစိတ်ရသော အရဟံဂုဏ်တော်ကို ခါတ်ကြီး ၄ပါးနှင့်သာ ပွါးများစိတ်သွားပါ။ ခါတ်လေးပါးပိုင်လျှင် လောကမှာ ဘာမှမလိုတော့ဘူး။ အရဟံဂုဏ်တော်နှင့် တွဲရတာက မဟိဒ္ဓိတံခိုးရှင် ဖြစ်သည်ထက် ဖြစ်လာအောင်လို့ တွဲရခြင်းဖြစ်ပါတယ်။

သုဂတောဂုဏ်တော် ၆ဆင့် ခါတ်ကြီးလေးပါးနှင့် စိတ်ပြီးသောအခါ ထီးတင်သောအနေဖြင့် ထိုဂုဏ်တော်နှစ်ပါးကိုပဲ တက်စိတ်ပါ။ ထို့နောက် အောင်ဘိသိတ်သွန်းသောအနေဖြင့် ထိုဂုဏ်တော် နှစ်ပါးကိုပဲ ခါတ် ၄ပါးနှင့်စိတ်ပါ။ ၃ ကြိမ်စိတ်ပါ။ ထို့နောက် စိန်ဖူးအထွဋ်တင်သော အနေဖြင့် ထိုဂုဏ်တော်နှစ်ပါးကိုပဲ ဂုဏ်တော် ၉ပါးရည်မှန်းပြီးတော့ ၉ ကြိမ်စိတ်ပါ။ ဤသို့စိတ်ပွါးသွားပါက အလွန်ခိုင်မြဲပြီး မဟိဒ္ဓိရှင်ကြီးဖြစ်၍ မည်သူမျှ မနဲ့နိုင်တော့ပြီမှတ်ပါ ကိုယ်တော် " "ပြီးအောင်စိတ်ပါမည်ဟု ဂတိပြုပါတယ်" . . "သာဓုကိုယ်တော် . . သာဓု . . သာဓု" . . "တပည့်တော် ကိုယ်တော်ကို ဂါထာ ၃ ပုဒ်ပေးအုံးမယ်၊ အဲဒီ ၃ပုဒ်ကို-နေ့စဉ်တပုဒ်ကို ပုတီး တစ်လုံး ချ၍ တပတ်ရအောင်စိတ်ပါ။ ကိုယ်လိုသလိုရတဲ့ ဂါထာတော်များဖြစ်ပါတယ်။ "သိဒ္ဓိဝရက္ကစ္စိတဂါထာတော်များ" ဖြစ်ပါတယ် ကိုယ်တော်" . . "ကောင်းပါပြီဘုရား" . . "အမိန့်ရှိပါ တပည့်တော်ရေးယူထားပါမယ်ဘုရား"

## ရသေ့ဦးခန္တီ၏ ကုစ္စာသယဂါထာတော်

၁။ တုမ္ဟေစိတ္တံစ ကာယောစ ၊ သဗ္ဗဒေဝါ မနုဿာစ ၊
သီတံ ဥဒကံက္ကစ္စိတံ ၊ ပတ္တိတံ ဟောန္တုမေ မေတ္တံ။

## သိကြားမင်း၏ သျှို ၃ပါးဂါထာ

၁။ ဉုံ ဒေဝဒေဝေါ တိက္ခာညာဏံ နာနာဒေဝါ ဝရံဝရံ ။
သာမာ သာမိ အည်အည် ၊ ဧကပုတ္တံ-ပီယံဟောန္တု။
ဉုံ သဗ္ဗဒေဝါ မဟာရက္ခာ ၊ ဝိနဿန္တု လောကဒေဝါ ။
ဖြဟ္မာတေဇာ မံဟရက္ခန္တု ၊ တေသံ သော ကောဝိနာသန္တု။

## ဘိုးဘိုးအောင်၏ "ဝ"စကြာ ဂါထာတော်

ဝရဗုဒ္ဓေါ ဝရဓမ္မော ၊ ဝရသံဃော ဝရိသရော ။
ဝရစေတော ဝရံဒေတု ၊ ဝရေဟိ မေ ဝရံဝရံ။

ဤဂါထာက မောင်ဝိုင်းကို "ဝ" ရေးပြတဲ့ဂါထာဖြစ်တယ် . . ကိုယ်တော်ဉာဏ်ရှိသလို သုံးသွားနိုင်တယ်။ ဒါထက်-တပည့်တော် အရှင်ဘုရားကို လျှောက်ချင်တာက ပုတီးသမားများ အောက်ခြေလွတ်ပြီး လည်နေကြတာ များများတွေ့ရတယ်ဘုရား . . ဒါက ဖြစ်ရိုးဖြစ်စဉ်ပါဘုရား . . ဒီဖြစ်ရိုး ဖြစ်စဉ်ကို ကျော်လွန်အောင် ကျင့်စွမ်းနိုင်တဲ့သူသာ ဒီလမ်းက ဖြစ်မြောက်ရတာပါ-

"ဒီလိုရှိပါတယ်ကိုယ်တော် . . ပုတီးသမားဟာ တော်တော်စိတ်လာတော့ သမာဓိရောင်လေး ထွက်လာတယ်။ ထိုအခါ သူ့သမာဓိကြောင့် သူပြောတဲ့အတိုင်း လုပ်တဲ့အတိုင်း ဖြစ်ဖြစ်လာတယ်။ ထိုကဲ့သို့ သူလုပ်တဲ့ကိစ္စကြောင့် အတွင်းအပြင်နတ်ခေါ်သော နတ်လမိုင်းတို့ ဓါတ်လမိုင်းတို့ထိတဲ့ အခါ လည်းရှိ မထိတဲ့အခါလည်းရှိ ပေါ့ကိုယ်တော်။ ထို့ကြောင့် ဓါတ်လမိုင်း၊ နတ်လမိုင်းများက ဒီကောင် တို့ အထက်ရောက်သွားရင် မဖြစ်ဘူးဆိုပြီး သူ့အကြိုက်ပေးပြီး မြှောက်ပေးလိုက်ကြတယ် ကိုယ်တော်။ ထိုအခါ ပုတီးသမားက နတ်မြှောက်၊ ဓါတ်မြှောက် မသိရာတော့ အောက်ခြေလွတ်ပြီး ငါမှငါ ဖြစ်သွား တာပဲကိုယ်တော်။ အဲဒါကြောင့် နတ်ရှူးကဘုံနဲ့မြှောက် ချီးခြောက်ကောက်စား ဆိုတာလို ဖြစ်သွား ကြတယ်ကိုယ်တော်လေး . . အဲဒီတင် ကျော်ကြားနေသောပုဂ္ဂိုလ်များကို မထိလေးစားပြု မရိုမသေပြုပြီး ရှေ့တွင်တစ်မျိုး ကွယ်ရာတစ်မျိုး ဖြစ်လာတော့တာပဲ . . ထိုအခါ သူ့ဓါတ်က သူ့ပြန်ထိလာပြီး ဝပ်သွား တော့ နတ်လမိုင်း၊ ဓါတ်လမိုင်းတို့က သူ့ပြန်ပြီးလွှင့်ကြတာ"-

"ဒါကြောင့်လား ဘုရား . . ပုတီးသမား ရူးသလိုလို နှမ်းသလိုလိုနှင့် လုပ်ချင်တာလုပ်နေကြတဲ့ သူတွေ ပေါတာလားဘုရား" . . "ဟုတ်ပါတယ် ကိုယ်တော် သို့ပေမဲ့ နှစ်မျိုးနှစ်စားရှိတယ်ကိုယ်တော် ဓါတ်လမိုင်း၊ နတ်လမိုင်း နောက်ယှက်လို့ ရူးသလို နှမ်းသလိုဖြစ်နေတဲ့သူကတစ်မျိုး - ကိုယ်ကျင့်တရား ဖေါက်ဖျက်လို့ ဒါဏ်ခတ်ခံနေရတာက တစ်မျိုးဆိုတော့ နှစ်မျိုးရှိတယ်ကိုယ်တော်" "တပည့်တော်မှာ ချင်တာတော့ လမိုင်းမြူးတာတို့၊ ဓါတ်မြူးတာတို့ကိုပယ်ပြီး ကိုယ့်လုပ်ငန်းစဉ်ကိုသာ အထူးဂရုစိုက်ပါ၊ ကြိုးစားဖို့အရေးကြီးတယ် ကိုယ်တော်". . "လမိုင်းကိုလဲ ပယ်နိုင်မှ၊ ဓါတ်ကိုလဲ ဖယ်နိုင်မှ လမ်းစဉ်မှန်ကို ရတယ်ကိုယ်တော်" . . ဤစကားအရ - လက်မှာ **လမိုင်းကိုပယ်၊ ဓါတ်ကိုဖယ် လမ်းလယ်ရောက် မယ်မှတ် - လမ်းလယ်ရောက်မှ ပေါက်မြောက်ရ -ကျင့်ကြသူတော်စွာ** ။ "ကိုင်း ကိုင်း သွားပါအုံး မယ်ဘုရား . . တပည့်တော်ကိုခွင့်ပြုပါအုံး။ ဒါ့ထက် အစည်းအဝေးကိုတော့ မမေ့နဲ့နော်ဘုရား" . . "ကောင်းပါပြီဘုရား . . မမေ့ပါဘူး အထူးဂရုစိုက်ပြီး လာခဲ့ပါ့မယ်ဘုရား " . . " သာဓုကိုယ်တော် သာဓု . . သာဓု" . . "ကိုယ်တော်သီတင်းသုံးရစ်ပါ လိုက်မပို့ပါနှင့်" ဘုရားဝတ်ချ ကျွန်ုပ်ဝတ်ချပြီး ကြွသွားတော့၏။

သီတင်းကျွတ်လပြည့်ကျော် ၁ရက်မှ ၈ ရက်နေ့တိုင်အောင် ကျောက်တော်ကြီးဘုရား၊ တောင်မင်းကြီးဘုရား၊ ရှစ်ကျိပ် ရှစ်ဆူ၊ သတ္တဌာန၊ သမ္ဗုဒ္ဓေ၊ အောင်ခြင်းရှစ်ပါး၊ မဟာသကျသာမိ၊ အောင်မြေ၊ နဂါးရုံ၊ ရွှေဖါးရ၊ ရွှေအိုးရဘုရား၊ ဂူကြီး၊ ပုထိုးတော်ကြီး၊ ဧစေတီ၊ အောင်ပန်းဘုရား၊ အောင်ချမ်းသာဘုရား၊ ရတနာ့ဂူဘုရားများနှင့် ကျွန်ုပ်ကျောင်းတိုက်အတွင်းက ဘုရားများကိုမီး တစ်ထောင်ပူဇော်၏။ ပဌာနာပြု မေတ္တာပို့ - အမျှဝေ၏။

၁၃၃၀ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့နံနက် ၃ နာရီလောက် အိပ်မက်၏။ ဦးထွန်းဦး သားကို ကျွန်ုပ်က ရှင်အောင်လုပ်ပေး၏။ ပရိတ်သတ်များက အသုဘပို့တာလာကြတော့ ကျွေးမွေး ဧည့်ခံကြ၏။ ဦးထွန်းဦးက ပရိတ်သတ်များကို ပြောနေသည်မှာ - ယခုသေတဲ့သားကို အိမ်ကခိုင်းတဲ့ လူထင်၍ အမှတ်တမဲ့နေခဲ့ပါတယ်။ သေသေချာချာကြည့်တော့မှ သားဖြစ်နေ၍ ဒုံ့အားသင့်မိပါတယ်၊ သေတဲ့နေရာ သွားကြည့်တော့လဲ အလောင်းလဲ မရှိတော့ပါဟု ပရိတ်သတ်များကို ရှင်းပြနေ၏။

ထိုသားက ဒီကိုယ်တော်ပါပဲ ဒီကိုယ်တော်ထံမှပြန်ရ၍ကျွေးလိုက်တော့ ရှင်လာ၍ ဒီကိုယ်တော် ဖြစ်နေပါတယ် . . ဒါဟာ ကျွန်ုပ်သားပါပဲဟု ကျွန်ုပ်ကိုလက်ညှိုးထိုးပြပြီး ပြောနေ၏။ ဦးထွန်းဦးကလဲ ကျေကျေနပ်နပ်ရှင်းပြနေ၏။ ၁၅နှစ်အရွယ်လောက် သမီးလေးကလဲ အနားကကပ်နေ၏။ ကျွန်ုပ်လည်း ထိုနေရာမှ ထွက်လာခဲ့၏။ လူများလဲ နောက်ကလိုက်လာကြ၏။ လမ်းတွင်ဗျဗိဆိုသော စစ်ဗိုလ်ဦးစီးသော စစ်တပ်နှင့်တွေ့ကြ၏။ သူတို့နှင့် ကျွန်ုပ်နှင့်ပါလာသောသူများ တိုက်ပွဲဖြစ်ကြ၏။ တဖက်နှင့် တဖက် သေနတ်ဖြင့်ပစ်ခတ် တိုက်ခိုက်ကြ၏။ ကျွန်ုပ်က လက်ကာထားသဖြင့် ဗျဗိတို့ပစ်သော ကျည်ဆံများက ရှေ့တွင်ကျနေကြ၏။ နောက်လူများမထိ။ထိုအချင်းအရာမြင်၍ ဗျဗိတို့တပ်ပြေးကြ၏။ ကျွန်ုပ် လူများကို ကျောင်းခေါ်လာ၏။ နိုးလာ၏။

သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် သောကြာနေ့ည **အိပ်မက်**၏။ အထက်အမြင့် တောင်ထွဋ်ကြီးကိုရောက်ရန် အစွမ်းကုန်ကြိုးစား၍ ကုတ်ကပ်တက်ရ၏။ တောင်ထွဋ်ထိပ် ရောက်လာတော့ ဒူးတုန်လာ၏။ ဟင်း . . လိမ့်ကျကျ တက်မှာပဲလို့ စိတ်ဆုံးဖြတ်ပြီး ဇွတ်ကြိတ်တက်သွား၏။ ရောက်ခါနီးတော့ မိန်းမများဝိုင်းတွန်းချ၏။ သူမတို့ကအထက်စီးဖြစ်နေတော့ သူတို့ကိုထိုးဖေါက်တက်ရန် မလွယ်သလို ဖြစ်နေ၏။ ခေတ္တနားပြီး အကြံယူနေ၏။ ကျွန်ုပ်ကတော့ အတော်မောလှ၏။ ကျွန်ုပ်၏ စိတ်ထဲအကြံပေါ်လာသည်မှာ သစ္စာဓိဋ္ဌာန်ပဲ ဖြစ်၏။ စိတ်ထဲတွင် **သစ္စာဓိဋ္ဌာန်ပြု၏။** "ငါသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ကိုးထောင်ပြည့်စေတီတည်ခြင်းအားဖြင့်၎င်း၊ ခါတ်ကြီး ၄ပါးကို ရည်မှန်း၍ ပွါးများခြင်းဖြင့်၎င်း ပုတီးစိတ်လာ၍ ငါပေါက်မြောက်တာမှန်လျှင် ငါ့ခန္ဓာကို စေတီထိုက်နေတာမှန်လျှင် ဤသူယုတ်မတို့ ငါ့ကိုမနှောက်ယှက်နိုင်ပါစေသတည်း" ဟု သစ္စာဓိဋ္ဌာန်ပြုလိုက်၏။ တောင်ကြီးတုန်လှုပ်လာပြီး ထိုမိန်းမများ ပျောက်သွားတော့၏။ ထိုအခါ ဆက်လက်တက်၍။ တောင်ထွဋ်နားရောက်သွားတော့၏။ ထိုတွင် နိုးလာတော့၏။ အိပ်မက်ကိုကောက်ယူပြီး ဤမှတ်တမ်းကို ရေးလိုက်၏။

ထိုမက်သောနေ့မှာ အရဟံဂုဏ်တော် မီးခါတ် ( ၁၄၂၅၄၄၇ ) စိတ်ပြီးသောနေ့ဖြစ်၏။

သီတင်းကျွတ်လကွယ်နေ့ နံနက် ၇ ချက်အချိန်တွင် ကိုင်ပြီးစိတ်သော အရိယာပုတ်မှ လမ်းလျှောက်ပြီးစိတ်သော အရိယာပုတ်သို့ပြောင်းပြီး စိတ်နေ၏။ ကျောင်းပေါ်တွင် လမ်းလျှောက်ပြီး စိတ်နေ၏။ သီတင်းကျွတ်လကွယ် အဘိတ်နေ့တွင် အရဟံဂါထာ အပါတ်၂၀စိတ်ပြီး၍ အရပ်သို့ အပါတ် ၄၀၀ ပြည့်မှာ ၂၇ပါတ်လောက်အလို ဖြစ်၏။ သီတင်းကျွတ်လကွယ်နေ့ လောကီအယူ [illegible]နေ့ နံနက်တချက်ပိုင်းဖြစ်၍ ဘုရားအလိုတော်လကွယ် အဘိတ်နေ့ ည ၁ချက်ဖြစ်၏။ ဘုရား အလိုတော်[illegible] အာရုံတက်ပြီးမှ နံနက်ပိုင်းယူ၏။ ထိုလမ်းလျှောက် စိတ်နေချိန်တွင် ဓမ္မစကြာဘုရား ရှေ့တည့်တည့်မှ ပဥ္စမ လက်နှိပ်ခါတ်မီးအရောင်ကို ဖြတ်ခနဲ ဖြတ်ခနဲလင်းလာ၏။ ကျွန်ုပ်လည်း ထူးဆန်းတာနဲ့ ဓမ္မစကြာဘုရား ရှေ့တော်ထိအောင် မလျှောက်တော့ပဲ ကျောင်းအလယ်လောက်က ဘာများပေါ်လာမလဲဟု ရပ်ပြီးစိတ်ရင်း ကြည့်နေ၏။ ကျန်သော ၂၇ပါတ်လည်း စိတ်ပြီးရော တစ်ကျောင်းလုံးကို နေ့ကဲ့သို့ဖြစ်သွားပြီး မှန်ရောင်များ ဝိုင်းထိုးထားသကဲ့သို့ဖြစ်၍ ကျွန်ုပ်မျက်စိ မကြည့်နိုင်တော့ပဲ မှိတ်ပစ်လိုက်ရသည် ဖြစ်တော့၏။ ထိုအခါ ကျွန်ုပ်သည် စိတ်ထဲမှာအကြံဖြစ်၍ အဓိဋ္ဌာန်ပြုသည်မှာ "ဤပုဂ္ဂိုလ်သည် ကျွန်ုပ်ထံသို့လာသည် ဖြစ်ပါက ကျွန်ုပ်စိတ်သော ဂုဏ်တော်တန်ခိုးကြောင့် ကျွန်ုပ်ကြည့်နိုင်လောက်သော

အသွင်ကိုဆောင်၍ ကျွန်ုပ်ကို လျှောက်ထားစေသတည်း" ဟု စိတ်ထဲမှ ဓိဋ္ဌာန်ပြု၏။

ထိုအခါ ဖြူဆွတ်သောဝတ်ရုံများဖြင့် တောက်ပသော မျက်ခွက်၊ မျက်နှာတို့ဖြင့် ကျွန်ုပ်ရှိရာ ဘက်သို့ဦးတည်လာပြီး ကျွန်ုပ်နှင့်၅တောင်ကွာလောက်တွင်ရပ်၏။ သူ့ကိုယ်ရောင်ကြောင့် တစ်ကျောင်း လုံးလင်းနေ၏။ သူ့အဝတ်များက အဖြူသောက်ရှူးကြယ်ရောင်ကဲ့သို့ တဖြတ်ဖြတ်နှင့်လက်နေ၏၊ ကျွန်ုပ်သည်မတ်တပ်ရပ်လျှက် စိတ်ပုတီးကိုပဲစိတ်ပြီး သူ့အရိပ်အခြေကိုကြည့်နေ၏။ ထိုအခါ ထိုပုဂ္ဂိုလ် က လက်အုပ်ချီ၍လျှောက်သည်မှာ - "အသျှင်မြတ် မဟာသမယသုတ္တံ ဟောတော် မူပါလျှောက်၏၊ ထိုအခါ ကျွန်ုပ်က အသင့်ပြင်ထားသော ပက်လက်ကုလားထိုင်ကြီးပေါ် တက်ထိုင် လိုက်ပြီး တင်ပလ္လင် ခွေလျှက် ဒကာဒေဝ နာလော့ဆိုပြီး နမောတဿရွတ်ပြီး မဟာသမယသုတ်တော် ဟောတော့၏၊ ထိုပုဂ္ဂိုလ်ကလက်အုပ်ချီလျှက် ဦးညွှန့်၍ ဒူးတုပ်လျှက် နာယူ၏။ မဟာသမယသုတ်တော်လဲ ဆုံးရော သူလည်းသာဓုခေါ်ပြီး အဟောဝတ .. အဟောဝတ .. အဟောဝတဟု သုံးခါဆိုပြီး အရှင်တို့ ဟောကြားသော မဟာသမယသုတ်သုတ်တော်သည် ဘုရားရှင်ဟောကြားသည့်အတိုင်း ဖြစ်ပါသည် ဘုရားဟု လျှောက်ထား၏။ ထိုအခါ ကျွန်ုပ်က ဒကာက ဘယ်အမျိုးအနွယ်ပါလဲဟု မေးသောအခါ "ဘုရား တပည့်တော်က မဟာဗြဟ္မာလို့ခေါ်ပါတယ်ဘုရား" .. "သနင်္ကုမာရ - သဟံပတိဗြဟ္မာကြီး တို့နှင့် ချစ်ကြွမ်းဝင် ကြတယ်ပေါ့" .. "မှန်ပါကြောင်းဘုရား" .. "မြန်မာဘာသာလဲ သိနားလည်နိုင်တယ် ဆိုတော့ .. ဘုန်းကြီးတို့အဖို့ အလွန်ကောင်းမြတ်နေတာပေါ့"

"မှန်ပါအရှင်ဘုရား .. ဘုရားတပည့်တော် မဟာဗြဟ္မာများမှာ အသိထူးရှိကြ၍ မည်သည့် ဘာသာဖြစ်ဖြစ် နားလည်နိုင်ပါသည်ဘုရား။ ပြောကြားနိုင်ပါသည်ဘုရား။ အရှင်မြတ်တို့ သာသနာ တော်သည် အရှင်မြတ်ကဲ့သို့သော ပုဂ္ဂိုလ်များများပေါ် ထွန်း ထွက်ပြူနိုင်ပါစေဆိုတာ တပည့်ပဌာနာပြု ပါတယ်ဘုရား အခွင့်ပြုတော်မူပါအံ့ဘုရား" .. "သွားရန်အခါကို တကာသိလော" .. "ကောင်းမြတ်လှ ပါပြီဘုရား "ဟု လျှောက်ပြီး လက်ျာရစ်လှည့်၍ ပျောက်ကွယ်သွားတော့၏။

ထိုနေ့က အရဟံဂုဏ်တော် (၁၆၀၀၃၀၇) ပြည့်သောနေ့ဖြစ်၏။ သီတင်းကျွတ်လကွယ်နေ့ ၁၂နာရီ အချိန်လောက် ရှင်အရိယာဝံသထံ သွား၏။ ညကဗြဟ္မာကြီးအကြောင်းပြော၏။ ရှင်အရိယာ ဝံသက သာဓုခေါ်၏။ ရှင်လေးပါးသိမ်ထဲတွင် ဥပုဒ်ပြုပြီး အနေကဇာတင်၍ မဟာသမယသုတ်မှစ၍ ပရိတ်ကြီး၁၁သုတ်ရွတ်ကြ၏။ ပြီးလျှင် မြင်းလှည်းဆိပ်လာကြ၏။ လမ်းလာရင်းပြောသည်မှာ-"တရားနာ တာက အသိအလိမ္မာရသည်၊ ပရိတ်ရွတ်ဖတ်ခြင်း၊ နာခြင်းတို့က - ဘေးအန္တရာယ်ကင်း၍ ပရိတ်သဘော သိလျှင်အသိအလိမ္မာရသည်၊ အန္တရာယ်ကင်းသည်။ အဲဒါကြောင့် အနေကဇာတင်၍ ပရိတ်တရား ကိုသာ အခွင့်အခါသင့်လျှင် ဟောတော်မူပါဘုရား၊ သိဒ္ဓိတန်ခိုးလည်း ကိုယ်မှာတက်တယ်၊ နာသူများ လည်း အန္တရာယ်ကင်းပါတယ်" .. "ကောင်းပါပြီ၊ ဆောင်ရွက်ပါမယ်ဘုရား"။

၁၃၃၀ ခုတန်ဆောင်မုန်းလဆန်း၂ရက် အင်္ဂါနေ့ည အိပ်မက်၏။ ကြီးကျယ်ခမ်းနားသော တိုက်ကြီးတစ်လုံး တွေ့မြင်၏။ ထိုတိုက်ကြီးပေါ် တက်ကြည့်၏။ အထက်ရောက်တော့ တောင်ဘက် အခြမ်းက ပျက်နေ၏။ မြောက်ဘက်အခြမ်းကတော့ ကောင်း၏။ သို့ဖြစ်၍ ကောင်းတဲ့ဘက်ကို ကျွန်ုပ်က မြန်သွား၏။ အခန်းများနှင့် ကြားလမ်းများက ရှုတ်ရှက်ခတ်နေ၍ မျက်စိလည်နေ၏။ မျက်စိလည်နေရင်း

ဒီတိုက်ကြီးမျိုး ယခုအခါနှင့်ဆိုလျှင် တွေ့ရတာ နှစ်ခါရှိပြီလို့ထင်၏။ ထိုကဲ့သို့ စိတ်ထဲမှာ အထင်ရောက်နေတုံး တစ်လမ်းပြီး . . နှစ်လမ်းသွား၊ ပြီးတော့သုံးလမ်းသွား . . ဟု ပြောသံကြားရ၍ တစ်လမ်းရှာ၍ တွေ့၏။ တစ်လမ်းလိုက်သွား၏။ တစ်လမ်းဆုံးသည်နှင့် တစ်ပြိုင်နက် နှစ်လမ်းတွေ့၏။ နှစ်လမ်းဆုံးသည်နှင့်တပြိုင်နက် သုံးလမ်းတွေ့၏။ သုံးလမ်းလဲဆုံးရော လမ်းမှန်သို့ရောက်၍ ကျောင်းသို့ ပြန်လာခဲ့တော့၏။

တန်ဆောင်မုန်းလဆန်း ၄ ရက် ကြာသပတေးနေ့ အိပ်မက်။ တောင်အမြင့်ကြီး တစ်ခုပေါ်ကုပ်ကပ်တက်သွားရ၏။ အဖျက်အဆီးများမရှိတော့၍ တောင်ထိပ်ပေါ် ရောက်သွား၏။ ရှခင်းများ၊ နေရာထိုင်ခင်းများ၊ ဘုံဗိမာန်များ လှူပြည်နှင့်မတူ တမူထူးခြားစွာတွေ့ရ၏။ ထိုတောင်ထိပ်ပေါ် အဆောက်အဦးများတွင် ယောဂီမယ်များ၊ ဘိုးတော်များ၊ အရှင်မြတ်များကိုသာတွေ့ရ၏။ လူဝတ်ကြောင်ဆို၍ တစ်ယောက်မျှ မတွေ့ရပေ။ အသက်သိက္ခာ ဝါ ၆၀ ကျော်လောက်ရသော ဘုန်းတော်ကြီးတစ်ပါး ကျွန်ုပ်ကိုလာပြောသည်မှာ ကိုယ်တော် ပေါက်မြောက်တာတော့မှန်တယ်၊ သို့ပေမဲ့ အသက် ၁၀၀ နေရအုံးမယ်၊ အဲဒီအသက် ၁၀၀ အတွင်းမှာ ကိုယ်တော် သာသနာပြုဖို့ရာ တာဝန်ရှိသေးတယ်၊ ဒါကြောင့် ကိုယ်တော့်ကို တပည့်တော်တို့ လိုက်ပို့လိုက်မယ်၊ လာ . . လာ ဆိုပြီး ကျွန်ုပ်ကိုခေါ်သွား၏။ တောင်မျက်နှာပြင်ပေါ်လည်းဆုံးရော ကျွန်ုပ်ကျောင်း ရောက်လာတော့၏။ ထိုတွင် နိုးလာ၏။

တန်ဆောင်မုန်းလဆန်း၆ရက် စနေနေ့ ၁ချက် ခါတ်ခန်းတွင်း တရားထိုင်နေစဉ် မြွေ ၃-၄ ကောင် တွေ့မြင်ရ၏။ လက်မောင်းလောက်အတုတ် ၂ ကောင်၊ ပေါင်လုံးလောက်ရှိသောအကောင် ၄ ကောင်လောက်တွေ့ရ၏။ မျက်စိမှိတ်ထားလို့ ပေါ်တာလားဆိုပြီး ဖွင့်ပြီးကြည့်၏။ ဖွင့်ကြည့်လိုက်တော့လဲ ပေါ်နေ၏။ ကျွန်ုပ်သည် ၃ ကောင်ကို အမြီးကကိုင်၍ ရှေ့ကရပ်ကြည့်နေသော အဖိုးကြီးကိုပြ၏။ မြွေကနောက်လှည့်မလာပဲ ရှေ့သာပါးပြင်းထောင်၍ ထနေ၏။ အဘိုးကြီး မြွေများနှင့် ကျွန်ုပ်ကို ကြည့်၍ ရယ်နေ၏။ ကျွန်ုပ်စိတ်ထဲတွင် ဒီအာရုံများ လိုက်နေလျှင် ပုတီးပါတ် မပြီးပဲနေလိမ့်မည်ဆိုပြီး အာရုံများ ဖွတ်ဖျောက်ပစ်ပြီး ပုတီးကိုသာ စိတ်တော့၏။ ထိုအခါတွင် ပုတီးလုံးများက မီးခဲကိုင်ရတာလို ပူနေ၏။ ကျောဘက်လဲပူနေတာနှင့် ဇကသီချထားရ၏။ ပြီးအောင် မနည်းကြိုးစားစိတ်ရ၏။ တေဇော ခါတ် လက္ခဏာလို့ ကောက်ယူလိုက်၏။

၁၃၃၀ခု တန်ဆောင်မုန်းလဆန်း ၇ရက် တနင်္ဂနွေနေ့ည ၉နာရီမှာ အရဟံမီးခါတ် (၁၉၅၀၂၂၇) ရ၍ မီးခါတ် ပြီးစီးအောင်မြင်သွားတော့၏။ တန်ဆောင်မုန်းလဆန်း ၈ ရက် တနင်္လာနေ့ နံနက် ၂ ချက်လောက်အိပ်မက်သည်မှာ - ကြောင်ဝါမကြီးကိုကျော်၍ အိပ်ရာပေါ်လာပြီး အိပ်နေသော ရှဉ့်သွေးရောင် ကြောင်လေးကို ကိုက်လိုက်၏။ သို့သော် မကိုက်မိပဲ ကျွန်ုပ်၏ ညာဘက်နံထောင့်ကို ကိုက်မိသွား၏။ အိပ်ရာမှလန့်နိုးပြီးထ၍မောင်းလိုက်၏။ ကိုက်မိသောနေရာက စပ်ဖြင်းဖြင်းနှင့်နေ၍ နံပါးကိုလှမ်းကြည့်၏။ ၄ ကွက်အင်းဆေးနီနှင့် ထိုးထားတာတွေ့ရ၏။ ကျွန်ုပ်လည်းအထူးအံ့အားသင့်ပြီး ဩ - ဆေးထိုးပေးကြတာ - ဒီလိုသဘောရှိသကိုလို့ယူဆပြီး ထိုးပေးသောအင်းကို ကူးယူထားလိုက်၏။ ကူးယူပြီးမှတ်ထားသော ၄ ကွက်အင်းကား တစ်ဖက်ပါအတိုင်းဖြစ်၏။

| | | | |
|---|---|---|---|
| နံ | ဋ | မှ | ဂ |
| ဓ | ဌ | ရ | င |
| ဒ | အံ | က | မှ |
| ဏ | ဝ | ဆ | ယ |

အင်းအမည် - သက်တော်ရှစ်ဆယ် စမအင်း

အကျိုး - ဘေးအန္တရာယ်ကင်း၍ ရန်အပေါင်းအောင်မြင်၏။

၃ နာရီလောက် ပြန်အိပ်၏။ အိပ်မက်ပြန်သည်မှာ နှစ်ပတ်လည်အထိမ်းအမှတ်ဟု ခေါင်းကြီး စာလုံး အမည်းကြီးဖြင့် ရေးထားသောသတင်းစာ တစ်စောင်တွေ့ရ၏။ သတင်းစာကြီး၏ အရွယ်မှာ အနံနှစ်တောင် အလျား ၃ တောင်လောက် ရှိ၏။ အလယ်ကနန်းမြင့်ပုံပါလာ၏။ ထိုသတင်းစာကြီးကို လူတစ်ယောက်က ဆရာတော်ထံလာပို့၏။ ကျွန်ုပ်ကယူကြည့်၍ တွေ့ရ၏။ ထိုသတင်းစာကြီးရောင်း သောနေရာမှာ ဝယ်မလို့စိတ်ကူးမိ၏။ ထိုပုံကိုနာရီစဉ်ဟုရေးထား၏။ ထိုပုံမှာ နာရီစဉ်လို့ အမည်တပ် ထားသော်လည်း နန်းမြင့်ပုံဖြစ်နေသောကြောင့် ပုံခြင်းအလွန်ကွာခြားနေပုံကိုလည်း အထူးသတိပြု မိ၏။ ကျွန်ုပ်သည် အောင်မြင်သော အထိမ်းအမှတ်ဟု ကောက်ယူလိုက်၏။

၁၃၃၀ ခု တန်ဆောင်မုန်းလဆန်း၉ရက် အင်္ဂါနေ့နံနက် ၁ ချက်အချိန် အိပ်မက်၏။ မမြလေး တည်ထားခဲ့သော အမရပူရဖလ်ချက်အရပ်ထိပ်က နဂါးရုံဘုရား ကျောင်းဝိုင်းကြီးထဲရှိ ဦးတိက္ခကျောင်း ရောက်သွား၏။ ကျောင်းကိုမဝင်သေးပဲ ဘုရားကိုဝင်ဖူးပြီး ပုတီး ၉ပါတ်စိတ်၍ ကျောင်းပေါ် တက်သွား ၏။ ဘုန်းကြီးနှင့်တော့မတွေ့ ကျောင်း၏အရှေ့ဘက်နံရံတွင် အလျား၁၀တောင်၊ အနံ၉ တောင်လောက် ရှိသော ပိတ်ကားကြီးပေါ်တွင် များသောအားဖြင့် အစိမ်းရောင်၊ အပြာရောင် တို့ဖြင့် ချယ်မှုန်းထားသော ပလ္လင်တော်ကြီးနှင့် ဇောမိပင်ပုံမှာ အလွန်ပြတ်သား၍ ပီသလှသဖြင့် ရှု၍ မငြီးနိုင်လောက်အောင် ကောင်းလှပေ၏။ ဥဒေါင်း၊ ဇာမဏီ စသောငှက်မျိုးစုံများ - သမင်၊ ယုန် စသော သားမျိုးသတ္တဝါများ တို့ကလည်း ဇောမိပင်နှင့် ရွှေပလ္လင်ကိုရုံလျက် တည်ရှိနေပုံမှာ အလွန်သိုက်မြိုက်လှပေ၏။ အောင်မြင် ကြောင်းပြသော လက္ခဏာဖြစ်၏။

တန်ဆောင်မုန်းလဆန်း၁၂ရက်နေ့တွင် မဟာမြတ်မုနိဘုရားကြီး ပုတီးစိတ်ပြီးသောအခါ အဘိုးကြီးတစ်ယောက်က "သူရဿတီပိဋကဂါထာ"ပေး၏။ ထိုဂါထာကား -

ဦ၊ သူရဿတီ ဒေဝီမယ်သျှ မမ၊ ငါ့အား ချစ်သနား၍ သွားလေရာရာ မကွာနိမ့် မ စေသော်၊ ချစ်သူမန ကြွဆရာ ကြွ၊ ထ ဆရာ ထ - ၁၀၈ -အုပ် "လိုချင်သောအရာကို အာရုံပြုရွတ်ပါ။"

၁၃၃၀ - ခု တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ကျောင်းတိုက်အတွင်းမှာလည်း တန်ဆောင် တိုင် ကထိန်အခင်းအကျင်းနေ့ ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ကထိန်ခင်းမည်ဖြစ်သည်။ ကျွန်ုပ်သည် တန်ဆောင်မုန်းလဆန်း ၁၄ ရက်အဘိတ်နေ့ည ညနေ၅နာရီလောက်တွင် ကျောင်းက ထွက်၍ စစ်ကိုင်းသွား၏။ စစ်ကိုင်းတောင်အသွားကားများသည် နံနက်မှစ၍ ညအထိပြေးဆွဲနေ၏။ လူများသည် ချောင်သည်လို့မရှိပေ။ ကျွန်ုပ်သည် ကားစောင့်နေတာ တစ်နာရီလောက်ကြာသွား၏။ ထိုအခါ ကိုယ်ပိုင်ဂျစ်ကား တစ်စင်းက ကျွန်ုပ်ရှေ့မှာထိုးရပ်ပြီး အရှင်ဘုရား စစ်ကိုင်းသွားမှာဖြင့် တက်ပါ။

ဘုရားတပည့်တော်တို့လဲ ကထိန်ခင်းတာ သွားမလို့။ ကောင်းတယ်ဒကာကြီး ကောင်းတယ်ဆိုပြီး ကျွန်ုပ်လဲတက်စီးပြီး လိုက်သွား၏။ တောင်ဖီလာချောင် သွားမည့်ကားဖြစ်၍ ကျွန်ုပ်အတွက် ပိုအဆင်ပြေသွား၏။ ညနေ၆ နာရီ ၄၅ လောက်တွင် တောင်ဖီလာနားက ကျွန်ုပ်ဆင်းမည့် ဘုရားစေတီပျက်နှင့် ဇရပ်အိုခနော်ခနဲ့နားရောက်၍ အရပ်ခိုင်း၏။ ကားလဲရပ်လိုက်ရော ရှင်အရိယာဝံသလဲ ရောက်လာသဖြင့် ကျွန်ုပ်သူ့နောက်လိုက်သွား၏။

အရှင်အရိယာဝံသနေသော တောင်တော်သို့ရောက်သောအခါတွင် ရှင်အရိယာဝံသက ဘိတ်ထားသော ဘိုးသိုက်၊ ဦးဘိုးကြီး၊ ဘိုးမင်းခေါင်ကြီး၊ ဘိုးကွန့်တို့နှင့် မိတ်ဆက်ပေးလေသည်။ ကျွန်ုပ်လည်း ပုဂ္ဂိုလ်ကြီးများကို ဂါရဝနိဝါတမင်္ဂလာစကားတို့ဖြင့် ပြောဆိုပြီးနောက် ကျွန်ုပ်နှင့် အလ္လာပ သလ္လာပ စကားများပြောဆိုနေကြစဉ် ရှင်အရိယာဝံသက ဟော သင်္ဂဇာဆရာတော်တို့ ဖါးဆရာကြီး ဒေါ်ကင်းတို့ ရောက်လာကြပြီ။ ညအစည်းအဝေးကြီးအတွက် အခြေခံဆွေးနွေးပွဲလေး ပြုလုပ်ရအောင် အားလုံး ကြွကြပါဟု ပြောလိုက်သဖြင့် ကျွန်ုပ်တို့အားလုံး စကားဝိုင်းဖျက် ထသွားကြလေသည်။

ထိုအခြေခံ အစည်းအဝေး၌ ပါဝင်ကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ပုဂ္ဂိုလ်များမှာ -

| | | | | |
|---|---|---|---|---|
| ၁။ | ဘိုးမေတ္တာ | - | ဒေးစွန်ပါ | ပဲခူး |
| ၂။ | ဘိုးသက်ရှည် | - | ဒေးစွန်ပါ | ပဲခူး |
| ၃။ | ဗားမဲ့ဆရာတော် | - | | အင်းဝ |
| ၄။ | ဘိုးဘိုးအောင် | - | | စစ်ကိုင်း |
| ၅။ | ဘိုးမင်းခေါင် | - | | ပုပ္ပါး |
| ၆။ | ဘိုးသိုက် | - | ရသေ့ဆိတ် | စစ်တောင်း |
| ၇။ | ဦးရဲသူ | - | | ပဲခူး |
| ၈။ | ဦးဘိုးငြိမ်း | - | | ရွှေဘို |
| ၉။ | ဘိုးစိုး | - | | ရွှေဘို |
| ၁၀။ | ဘိုးဆိုင် | - | ဆင်သေရွာ | |
| ၁၁။ | သောကြာဆရာကြီးဦးရဲသူ | - | | ထုံးဘို |
| ၁၂။ | ပရိက္ခရာမင်းသားကြီး ဆရာငြိမ်း | - | | ဝန်းသိုမြို့ |
| ၁၃။ | ကျွန်ုပ်အရှင်ဝါယမ | - | ကျော်အောင်စံထား | |
| ၁၄။ | သင်္ဂဇာဆရာတော် | - | | မန္တလေး |
| ၁၅။ | ဦးဘိုးကြီး | - | | စစ်ကိုင်း |
| ၁၆။ | သီလရှင်ဆရာကြီး အမေကင်း | - | မယ်ကင်း | မန္တလေး |

၁၇။ မယ်တော်ကြီးအမေပုံး - မန္တလေး

၁၈။ မယ်တော်ကြီး မြထိပ်တင် - မြောက်ရွှေရေးဆောင် မိဖုရားကြီး၏သမီးတော်၊

ကျန်အမည်ကို မပြောကြား၍ မသိသောပုဂ္ဂိုလ်များ - ရဟန်းတော် ၅ ပါး၊ ဘိုးတော် ၄ ပါး ပေါင်း ၂၇ပါးတို့ စည်းဝေးကြလေသည်။ ည၇နာရီအချိန် ဖြစ်သည်။ နာယကအကြီးအမှူး တားမဲ့ဆရာတော် တင်မြှောက်ကြပြီး ဘိုးဘိုးအောင်ကို ဥက္ကဋ္ဌတင်ကြသည်။ ထို့နောက် ဘိုးသိုက်ကို အကျိုးတော်ဆောင် ပြုလုပ်ကြပြီး အစည်းအဝေး အခြေခံစကြသည်။

တားမဲ့ဆရာတော် မိန့်ခွန်းတော် လိုရင်းအချုပ်မှာ -

၁။ တတိယကမ္ဘာစစ်မီးလျှံကို ဗမာပြည်တွင်မကျရောက်အောင် "အောင်သိဒ္ဓိ ဓါတ်ကျောင်းတော်တည်ရန်" ပုဂ္ဂိုလ်ရွေးချယ်ရမည်။ နေရာရွေးချယ်ရမည်။ ရွေးချယ်ပြီး တာဝန်ပေးအပ်ရမည့် ပုဂ္ဂိုလ်များမှာ -

၁။မဆုတ်မနစ်သော လုံ့လ ၂။ မဆုတ်နစ်သော အလိုဆန္ဒ ၃။ မဆုတ်နစ်သော သမာဓိရှိပြီး ဂါရဝ၊ နိဝါတ၊ နိမာန မဂ်လာနှင့် ပြည့်စုံရမည်။ ထို့ပြင် ခန္တီ၊ သစ္စာ၊ မေတ္တာထားပြီး သတ္တဝါများကို ကျောကသားသား၊ ရင်ကသားသားစိတ်ထားမျိုး ထားရှိပြီး စောင့်ရှောက်ကူညီ မစရမည်ဟူသော အချက်တို့ဖြင့် မိန့်တော်မူသည်။

ဘိုးဘိုးအောင်က မိန့်ခွန်းပြောသည်မှာ -

ယခုနာယကဆရာတော် မိန့်တော်မူချက်အရ **"အောင်သိဒ္ဓိ ဓါတ်ကျောင်းစေတီတော် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် တည်ထားရန် ပုဂ္ဂိုလ်ရွေးချယ်ရန်နှင့် နေရာရွေးချယ်ရန်မှာ ကျော်အောင်စံထား ဆရာတော်နှင့် သင့်မြတ်ပါတယ်။ နေရာမှာလဲ ကျော်အောင်စံထား ကျောင်းတိုက်ဘိုးတော်ကျောင်းနေရာ** ဟာ အသင့်မြတ်ဆုံးဖြစ်ပါတယ်။ ဘာကြောင့် သင့်မြတ်တယ်ဆိုတာ ရှင်းပြပါအုံးမယ်။ ကျော်အောင်စံထားဟူသော အမည်စာလုံးကို ကောက်လိုက်သော် အစ တနင်္လာ ၂ -အဆုံးစနေ ၇ = ထိုနှစ်လုံး ပေါင်းလိုက်တော့ နဝင်းဓါတ်၉ ဖြစ်တယ်။ တစ်ဖန် ဂြိုလ်သက် ပေါင်းပြန်လျှင် - တနင်္လာ = ၁၅၊ ၁-ဓနွေ = ၆၊ အင်္ဂါ = ဂ၊ စနေ = ၁၀ အားလုံး ပေါင်းလိုက်လျှင် ၄၆ ရပါတယ်၊ တရားအလိုအားဖြင့် ၄ နှင့် ၆ ဆိုတော့ ၄က သစ္စာလေးပါး၊ ၆က ရောင်ခြည်တော် ခြောက်ပါး - သို့ဖြစ်၍ ၃၁ ဘုံတွင်အမြတ်ဆုံးသောတရား သစ္စာလေးပါးဖြစ်ပါတယ်။

ထိုသစ္စာလေးပါး အမြတ်တရားကိုရခြင်းကြောင့် ဗုဒ္ဓဟူသော နာမတော်ရပြီး အလင်းရောင်တို့တွင် အမြတ်ဆုံးဖြစ်သော ရောင်ခြည်တော်ခြောက်ပါးကို အမြဲမပြတ် ရတော်မူပြီး လောကဓါတ်စကြာဝဠာ ကြီးအတွင်း၌ ယခုတိုင် ထွန်းတောက်ပလျှက် ရှိပါသေးတယ်။ အဲဒါကြောင့် မြတ်သော အမည်နာမ ရှိသော နေရာဖြစ်ပါတယ်။ ဓါတ်ဘက်က ကောက်မည်ဆိုလျှင် လည်း ၄ + ၆ ဖြစ်၍ ၁၀ ဖြစ်ပါတယ်။ သို့အတွက် ကယ်ဆယ်ရမဲ့ဓါတ်ဘုရားဆိုတာ မပြောပဲနှင့် သိလာပါတယ်။ ထို့ပြင် ၁၀

သည် တစ် ၊ သုညဖြစ်၍ တစ်က "အံ" ရပါတယ်။ သုညက "တော" ဖြစ်ပါတယ်။ နှစ်ခုပေါင်းတော့ "အန္တော" မီးခါတ်ရပါတယ်၊ ထိုနည်းဂုဏ်း တစ်ဆယ်ဖြစ်ပေါ်လာသော လေးနှင့်ခြောက်တို့သည် ဝံသေ ခါတ်ဖြစ်၍ လေခါတ်ဖြစ်ပါတယ်။

ထိုလေခါတ်ရသော လေးဂဏန်းနှင့် ခြောက်ဂဏန်းတို့သည် ဗုဒ္ဓဟူးနှင့် သောကြာဂြိုလ်တို့၏ နေ့နံဂဏန်းများ ဖြစ်ပါတယ်။ ထိုနေ့နံ ဂြိုလ်သက်အရ ကောက်ယူရသော် ဗုဒ္ဓဟူးနံက၁၇ ၊ သောကြာနံ က၂၁ ပေါင်းသော်သုံးဆယ့်ရှစ် = ၃၈ ရပါတယ်။ ထို ၃ နှင့် ၈ သည် စရေ ရေခါတ်ဖြစ်ပါတယ်။ တဖန် ၃ နှင့် ၈ ပေါင်းပြန်သော် တစ်ဆယ့်တစ် = ၁၁ ရပါတယ်။ တစ်နှင့်တစ် ပေါင်းပြန်သော် နှစ်ဂဏန်းရပါတယ်၊ ထို့ကြောင့် မူလခါတ်ကြီးဖြစ်သော လခါတ်ရပါတယ်။ လခါတ်သည် သီတဂုဏ်လစန်း အမြဲအေးချမ်းသော ခါတ်မကြီးဖြစ်တယ်။ သို့ဖြစ်ပါ၍ အအေးခါတ်ကြီး ဤနေရာမှရပါတယ်။ မြို့ အမည်နှင့်ကောက်သော် ပညတ်သွားရာ ခါတ်သက်ပါဆိုသည့်အတိုင်း အမရပူရမြို့ဟု ထင်ရှားသော ကြောင့် သေခြင်းကင်း၍ ရတနာအပေါင်းနှင့် ပြည့်ဝစုံလင်သော နတ်မြို့တော်ဟူသော အဓိပ္ပါယ်ရ သဖြင့် အလွန်ကျက်သရေရှိ၍ သုတိမင်္ဂလာသာသော မြို့တော်ဖြစ်ပါတယ်။

ထို့ကြောင့် အမရပူရရွှေမြို့တော် ကျော်အောင်စံထားတိုက် ဘိုးတော်၏ ကျောင်းတော်ကြီး နေရာကို ၁၀၈ တောင် အောင်သိဒ္ဓိခါတ်ကျောင်းတော် စေတီတော်မြတ်ကြီး တည်ဆောက်ရန်အတွက် ပြုလုပ်ရပါတယ်။ "အားလုံး ဤအခြေခံအစည်းအဝေး ကြွလာကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီး များက သဘောတူကြပါလျှင် ဆိတ်ဆိတ်နေတော်မူကြပါ။ သဘောမတူလျှင်လဲ ထို့ထက်ကောင်းသော နေရာရှိနေပါသေးကြောင်း မိန့်တော်မူကြပါ" ဤကဲ့သို့ ဘိုးဘိုးအောင်က ၃ကြိမ် မေးမြန်းပါသော်လည်း ဆိတ်နေကြသဖြင့် နာယကဆရာတော်ဘုရားကြီးက ဤကျော်အောင်စံထားတိုက် ဘိုးတော်၏ ကျောင်း နေရာကိုပင် သဘောတူကြကြောင်း အခြားဤနေရာထက်ကောင်းသော နဝင်းခါတ်၊ မိတ်ခါတ်၊ ကမ္ဘာ ခါတ်၊ လခါတ် တို့နှင့်ယှဉ်၍ ပြည့်ဝစုံလင်သောနေရာမရှိကြောင်း၊ ဤနေရာသာလျှင် ပြည့်ဝစုံလင် သည်ဖြစ်၍ ဤနေရာသာ အတည်ပြု သတ်မှတ်လိုက်ပါသည်ဟု ကြော်ငြာလိုက်ပါတော့သည်။ ထို့နောက် ယခုသတ်မှတ်သော နေရာကို နက်ဖြန်နံနက် ၁ ချက် အစည်းအဝေးမဟာညီလာခံကြီးမှာ ကျွန်ုပ်က လျှောက်ထားမည်ဖြစ်ကြောင်း မိန့်ဟတော်မူလေသည်။

တဖန်ဆက်လက်ပြီး နာယကဆရာတော်ဘုရားကြီးက မိန့်တော်မူသည်မှာ - မောင်ပဥ္စင်း အောင် အထက်၊ အောက်မြန်မာပြည်တွင် မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးများရှိလျှက်သားနှင့် ဤ ကျော်အောင်စံထားဆရာတော်ကိုမှ တတိယကမ္ဘာစစ် မြန်မာပြည်အနေနှင့် တားဆီးကွယ်ကာဘို့ရန် အောင်သိဒ္ဓိခါတ်ကျောင်းတော်ကြီး တည်ရေးအတွက် ရွေးချယ်ထားရခြင်း သဘောအဓိပ္ပါယ်ကို လင်းမြွက်စေခြင်ပါသည်။ ဘိုးဘိုးအောင်မိန့်သည်မှာ - ဤအခြေခံအစည်းအဝေးသို့ ကြွရောက် တော်မူလာကြသော မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးများအပေါင်းတို့ကို ဦးညွှတ်လျှက် နာယကဆရာတော် ဘုရားကြီး၏ အမေးကိုလျှောက်ထားပါ့မယ်ဘုရား ၊ ဦးထိပ်ရွက်လျှက်ပါဘုရား . .

ကျော်အောင်စံထားဆရာတော် အရှင်ဝါယမဘိဝံသကို ရွေးချယ်ရခြင်းမှာ-

ကျော်အောင်စံထားဆရာတော် အရှင်ဝါယမဘိဝံသကို ရွေးချယ်ရခြင်းမှာ- ပြုနိုင်ခဲ့သော သစ္စာအဓိဋ္ဌာန်ကိုပြု၍ ထိုသစ္စာအဓိဋ္ဌာန်အတိုင်း မကျိုးမပေါက်၊ စောင့်ထိန်းလာခဲ့ခြင်း

၁။ ပြုနိုင်ခဲ့သော သစ္စာအဓိဋ္ဌာန်ကိုပြု၍ ထိုသစ္စာအဓိဋ္ဌာန်အတိုင်း မကျိုးမပေါက်၊ စောင့်ထိန်းလာခဲ့ခြင်း၊

၂။ သရဏဂုံကို အောင်မြင်အောင်စိတ်ပွါး၍ ကိုးထောင်ပြည့်စေတီကို ဂုဏ်တော်ကွန်ချာနှင့် တည်နိုင်ခဲ့ခြင်း၊

၃။ သရဏဂုံ အခြေခံအဆင့်နှင့် ဂုဏ်တော်ဆယ့်နှစ်ပါးကို သိဒ္ဓိစခန်းကဏ္ဍာ ပွါးများခဲ့တာ အောင်မြင်ခဲ့ခြင်း၊

၄။ ဂုဏ်တော်ဆယ့်နှစ်ပါးကို တပါးလျှင် ဓမ္မခန္ဓာရှစ်သောင်းလေးထောင် ပွါးသောအဆင့်၊ ရေ - လေ - မီး ဓါတ်ကြီးလေးပါး ကဏ္ဍာအဆင့် ၊ သိဒ္ဓိတသိန်း ကဏ္ဍာအဆင့်တို့ဖြင့် ပွါးခဲ့တာ ၁၂ ပါးလုံး အောင်မြင်ခဲ့ခြင်း။

၅။ မဟိဒ္ဓိစခန်းအနေနှင့် ပွါးများတာကိုလည်း အောင်မြင်ခဲ့ခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သစ္စာ၊ မေတ္တာ၊ ခန္တီတို့နှင့် ပုဂ္ဂိုလ်၏ အဆင့်အတန်းအလိုက် ပြည့်စုံခြင်း ၊ ဤငါးပါးသော အချက်တို့ကြောင့် ကျော်အောင်စံထားဆရာတော်ကို ရွေးချယ်ထားရပါသည်။

ဘုရားတပည့်တော်ရွေးချယ်ထားသည်အတိုင်း နာယကဆရာတော်မှအစ အားလုံးသော ပုဂ္ဂိုလ်များက ထိုပုဂ္ဂိုလ်အပေါ် စိစစ်ပြီး ကောင်းလျှင်လဲသာဓုခေါ်တော်မူကြပါ။ မကောင်းလျှင်လဲ ဆိတ်ဆိတ်နေတော်မူကြပါ။ ငါးမိနစ်လောက် ငြိမ်နေတော်မူကြပြီးနောက် အားလုံးက သာဓုသုံးကြိမ် ခေါ်ကြလေသည်။

မှတ်ချက်။ ။ ဘိုးဘိုးအောင်တင်ပြသော စကားများသည် အရှိကိုအရှိအတိုင်း ပြောပြသဖြင့် ပတ်ဝန်းကျင်ကို ဥပေက္ခာပြု၍ ဖော်ပြခြင်းဖြစ်သည်။

နာယက ဆရာတော်ဘုရားကြီးက **"ဤအကြောင်းကိုလဲ မဟာညီလာခံကြီးမှာ ဂိုဏ်းချုပ်ဆရာတော်ကြီးများ လျှောက်ထားပါမယ်"** အကျိုးတော်ဆောင် ဘိုးသိုက်က " ဤအင်မတန်အရေးကြီးလှသော မြန်မာပြည်သူ၊ မြန်မာပြည်သားတို့၏ အားထားရာ အောင်သိဒ္ဓိဓါတ်ကျောင်းတော်စေတီမြတ်ကြီး၏ တည်ဆောက်ရေးအတွက် ချမှတ်ကြသောနေရာနှင့် တာဝန်ပေးပုဂ္ဂိုလ် ရွေးချယ်ခြင်းတို့မှာ အထူးလျော်ကန် သင့်မြတ်လှပါသဖြင့် အောင်မြင်သော အထိမ်းအမှတ်အနေဖြင့် အောင်ဂါထာရွတ်ပြီးသည်နှင့်တပြိုက်နက် ဝမ်းမြောက်စွာ သာဓုနုမောကောင်းချီးပေး ခေါ်ကြပါစို့။

ဇယန္တော ဗောဓိယာမူလေ ၊သကျာနံ နန္ဒိဝဍ္ဎနော။ ဧဝမေဝ ဇယော္ဟောတု ၊ဇယဿု ဇယ့်မင်္ဂလေ။ အပရာဇိတပလ္လင်္ကေ၊ သီသေပုထုဝိပုက္ခလေ ။အဘိသေကေ သဗ္ဗ ဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။ သာဓု . . သာဓု . . သာဓု၊ အောင်ပါစေသော် . . အောင်စေသော်၊ အောင်ပါစေသား အောင်စေသား။

**" ဗုဒ္ဓဘာသာ ကမ္ဘာမှာ မကြာလွှမ်းရမည်။ ဗုဒ္ဓတရားကမ္ဘာအား ထင်ရှားစေရမည်။ ဗုဒ္ဓအယူ ဤဇမ္ဗူတလုလုနေရမည်။ "**

ဤကဲ့သို့ အခြေခံအစည်းအဝေးပြီးသွားပြီးနောက် ကိုယ့်အာရုံနှင့်ကိုယ် ပုတီးစိတ်နေသူကနေ၊ အလုပ်စခန်းများ ဆွေးနွေးနေကြသူများက ဆွေးနွေးနေနှင့် ကိုယ့်အပိုင်းနှင့်ကိုယ် စကားပြောနေကြ၏။ ထိုအထဲမှာ ကျွန်ုပ်နှင့် ဗားမဲ့ဆရာတော်၊ သင်္ဂဇာဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ အမေကင်းတို့က ဝိုင်းဖွဲ့ပြီး ပုတီးစိတ်နည်းများ ဆွေးနွေးနေကြပေသည်။ ဤကဲ့သို့ ဆွေးနွေးကြရာတွင် အမေကင်းကို ကျွန်ုပ်ကမေးသောအခါ **အမေကင်းက ဂုဏ်တော်စက်ဝိုင်း စိတ်ကြောင်းပြောပြပါသည်။ စက်ဝိုင်းစိတ်နည်းဆိုသည်မှာ-**

ပဌမ - အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ။ ၁၀ပတ်

ဒုတိယ - သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ။ ၁၀ပတ်

တတိယ - ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ။ ၁၀ပတ်

စတုတ္ထ - သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ။ ၁၀ပတ်

ပဥ္စမ - လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက။ ၁၀ပတ်

ဆဌမ - အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ။ ၁၀ပတ်

သတ္တမ - သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ။ ၁၀ပတ်

အဋ္ဌမ - ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ။ ၁၀ပတ်

နဝမ - ဘဂဝါ၊ အရဟံ၊ သမ္မာ၊ ဝိဇ္ဇာ၊ သုဂ၊ လောက၊ အနုတ္တ၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ၁၀ပတ်

ဤကဲ့သို့ "အရဟံအစ - အရဟံ၊ သမ်စ - သမ်ဆုံး၊ ဝိစ - ဝိဆုံး၊ သုစ - သုဆုံး၊ လောစ- လောဆုံး၊ အနုစ - အနုဆုံး၊ သတ်စ - သတ်ဆုံး၊ ဗုစ - ဗုဆုံး၊ ဘအစ - ဘအဆုံး၊ ဂုဏ်တော်ကိုးပါးလုံးကို စက်လှည့်ပြီး စိတ်ပါသည်ဟုပြောပါသည်။ ဤစက်လှည့်နည်းမှာ ရှေ့တက်လမ်းနည်း ရှိပါသေးလားဟု ကျွန်ုပ်ကမေးသောအခါ - ရှိပါတယ်ဟုပြောပြီး အောက်ပါအတိုင်း **တက်နည်းကိုပြောပြ၏။**

၁။ ဂုဏ်တော်ကိုးပါးလုံး - စက်ဝိုင်းစိတ်သွားလျှင် ဘဂဝါဂုဏ်တော်အဆုံးတိုင်အောင် စိတ်ပြီးသွားပါက ပုတီးပါတ် ၉၀ ရပါသည်။ ထို ၉၀ သည်တဝါရ ဖြစ်ပါသည်။

၂။ တစ်ရာ့ရှစ်ဝါရသည် တဗန္ဓ ဖြစ်ပါသည်။

၃။ တရာ့ရှစ်ဗန္ဓသည် မဟာစက်ကြီးရတနာဖြစ်ပါသည်။ မဟာစက်ရတနာတစ်စင်းဖြစ်ပါသည်၊ မဟာစက်ရတနာ ၉ စင်းပြီးစီးအောင်မြင်ပါက - စကြာရတနာကြီးတစ်ခုရတာနှင့် တူညီသည် ဖြစ်ပါ၍ သွားလိုရာခရီးကို တမဟုတ်ခြင်းရောက်နိုင်ပါတော့သည်။ ဤကဲ့သို့ စကြာရတနာကြီး ၉ စင်းရပါက ရအောင်စိတ်နိုင်ပါက အမြင့်တစ်ထောင်ဆောင်သော သိကြားမင်းကဲ့သို့ တန်ခိုးကဣဒ္ဓိ တုမရှိအောင်ဖြစ်လာပြီး ပေါက်မြောက်ပါတော့သည်ဟု ပြောပါသည်။

**ဘိုးမင်းခေါင်ပုတီးစိတ်နည်း** မေးသောအခါ အောက်ပါအတိုင်း ပြောပြပါသည်။

၁။ အရဟံ၊ အရဟံ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ အရဟံ၊ အရဟံ။

အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ အရဟံ

၃။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ

၄။ အရဟံ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ

၅။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ အရဟံ

၆။ အရဟံ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၇။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အရဟံ။

၈။ အရဟံ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၉။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ
ဓမ္မသာရထိ၊ အရဟံ။

၁၀။ အရဟံ၊ အနုတ္တရော ပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာ
သမ္ဗုဒ္ဓေါ၊ အရဟံ။

၁၁။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ
ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ အရဟံ။

၁၂။ အရဟံ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ သမ္မာ
သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊

၁၃။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ
ဓမ္မသာရတ္ထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ အရဟံ။

၁၄။ အရဟံ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ၃၅ လုံး

၁၅။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ
ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ၊ ၁၀ လုံး

၁၆။ အရဟံ၊ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊
သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ ၁၀ လုံး

ဤကဲ့သို့ အစုန်အဆန်စိပ်သွားပါလျှင် ဆုံးသည်နှင့် တပြိုင်နက်တစ်ရာရှစ်လုံး ကိုက်ညီရပါမည်။ အကယ်၍ မကိုက်ညီပါက မမှန်ကန်ပါ။ ရှေ့တက်နည်းမှာ- ဤကဲ့သို့ အစုန်အဆန်၊ ပုတီးပတ်တစ်ခါထိုင်လျှင် ၉ ပါတ်စိတ်ရပါမည်။ ၉ ရက်အဓိဋ္ဌာန်ပြီးစိတ်ပါ။ ထို့အတူ ၁၈ရက် ၁၈ပါတ်၊ ၂၇ရက် ၂၇ပါတ်၊ ၃၆ရက် ၃၆ပါတ်၊ ၄၅ရက် ၄၅ပါတ် ဤနေရာမှာ ဘုရားဝါတော်ပြည့်သဖြင့် တစ်ဝါရလို့ခေါ်ရပါသည်။ ၄၅ ဝါနေတော်မူသည်ကို ရည်ညွှန်းပါသည်။ ထိုဝါရပေါင်း ၁၀၈ဝါပြည့်လျှင် တဗန္ဓခေါ်ရပါသည်။ ဗန္ဓပေါင်း ၈၁ဗန္ဓ ဘုရားသက်တော် ပြည့်လျှင် ပေါက်မြောက်တော့၏ဟု ပြောပါသည်။

**(မှတ်ချက်)**။ ။မြတ်စွာဘုရား၏သက်တော်မှာ၈၀ ဖြစ်သော်လည်းတစ်ခုစွန်း ၈၀ကို အပြည့်လို့ ခေါ်ထားခြင်းဖြစ်ပါသည်။ **ဘိုးဘိုးအောင်ပုတီးစိပ်နည်း**ကို မေးသောအခါ အရဟံသိဒ္ဓိကို တစ်ရာ့ရှစ်နဝင်း ပြည့်အောင်စိပ်သည် ဟုပြောပါသည်။ ထိုအရဟံသိဒ္ဓိ ၁၀၈နဝင်းပြည့်အောင်စိပ်ပွါးသကဲ့သို့ ဂုဏ်တော် ၁၁ ပါးကိုပွါးခြင်းဖြစ်သည်ဟုပြောပါသည်။ နောက်ဂုဏ်တော် ၉ ပါးကို တစ်ပါးတစ်ပါးလျှင် ရုပ်ပဋ္ဌမံ၊ နာမ်ပဋ္ဌမံ ၁၀၈ ကြိမ်စီ ပြီးမြောက်အောင်စိပ်ပါသည်။ နည်းအကျယ်အဝန်းကို သူကိုယ်တိုင် စာရွက်ဖြင့်ရေးပြပါသည်။ နောက်မှထင်ရှားလတ္တံ့ - ပါရမီရှိပါလျှင် အရဟံသိဒ္ဓိ၊ ရုပ်ပဋ္ဌမံ ၁၀၈ နဝင်းပြည့်မြောက်ပါက ပေါက်မြောက်နိုင်ကြောင်း ပြောပြပါသည်။ စိတ်ပုံမှာ အရဟံသိဒ္ဓိဆိုပြီး တလုံးချ - တစ်ရာရှစ်လုံးပုတီး ၉ပါတ်ရအောင် - ၉ရက်တိုင်တိုင် အဓိဋ္ဌာန်စိတ်၊ ၉ရက် ၉ပါတ်၊ ၁၈ရက် - ၁၈ပါတ်၊ ၂၇ရက် - ၂၇ပါတ်၊ ၃၆ရက် - ၃၆ပါတ်၊ ၄၅ရက်- ၄၅ပါတ်၊ ၅၄ရက်-၅၄ ပါတ်၊ ၆၃ရက် - ၆၃ပါတ်၊ ၇၂ရက် - ၇၂ပါတ်၊ ၈၁ရက် - ၈၁ပါတ်၊ ၉၀ရက် - ၉၀ပါတ်၊ ၉၉ရက် -၉၉ပါတ်၊ ၁၀၈ရက် - ၁၀၈ပါတ် အနည်းဆုံး၃ကြိမ် အများဆုံး၅ကြိမ် ထိုင်ရပါမည်။ ငါးပါးသီလ မြဲရပါမည်။ ဤနည်းအတိုင်း ဂုဏ်တော်၁၁ပါးကို ပွါးများရပါသည်ဟု ပြောပါသည်။ **"သင်္ဂဇာဆရာတော် ပုတီးစိတ်နည်း"**ကိုမေးသောအခါ ဓါရဏပရိတ်ကို စိတ်၍ သွပ်လုံးထိုးပြီး ပေါက်မြောက်လာကြောင်း ပြောပါသည်။

ဓါရဏပရိတ် စိတ်ပုံမှာ -

၁။ ဗုဒ္ဓါနံဇိဝိတသ္မ န သက္ကာ ကေနစိ အန္တရာယောကာတုံ တထာ မေ ဟောတု (တလုံးချ)

၂။ ဗုဒ္ဓါနံသဗ္ဗညုတဉာဏဿ နသက္ကာကေနစိအန္တရာယော ကာတုံတထာ မေဟောတု (တလုံးချ)

၃။ ဗုဒ္ဓါနံ အဘိ ဟဋ္ဌါနံ စတုန္နံ ပစ္စယာနံ နသက္ကာကေနစိ အန္တာရာယော ကာတုံတထာမေ ဟောတု (တလုံးချ)

၄။ ဗုဒ္ဓါနံ အသိတိယာ အနုဗျဥ္စနာနံ ဗျာမပဘာယဝါ နသက္ကာကေနစိ အန္တရာယောကာတုံ တထာမေ ဟောတု (တလုံးချ)

၅။ အတီတံသေ ဗုဒ္ဓဿဘဂဝတော အပဋိဟတံဉာဏံ တထာမေ ဟောတု (တလုံးချ)

၆။ အနာဂတံ ဗုဒ္ဓဿဘဂဝတော အပဋိဟတံ ဉာဏံ တထာမေ ဟောတု (တလုံးချ)

၇။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿဘဂဝတော အပဋိဟတံ ဉာဏံ တထာမေ ဟောတု (တလုံးချ)

၈။ ဣမေဟိ တိဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံဉာဏာ နုပရိဝတ္တံ။ (တလုံးချ)

၉။ သဗ္ဗံဝစီကမ္မံဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပတရိဝတ္တံ ၊ တထာမေ ဟောတု (တလုံးချ)

၁၀။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ တထာမေ ဟောတု (တလုံးချ)

ဗုဒ္ဓဿဘဂဝတောနတ္ထိ ဆန္ဒဿဟာနိ ပုတီးစိတ်

၁၁။ ကြမေဟိ ဆဟိဓမ္မေဟိ သမန္နာဂတဿ (တလုံးချ) ၃၇။

၁၂။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ (တလုံးချ) ၃၈။

၁၃။ နတ္ထိ ဝီရိယဿ ဟာနိ (တလုံးချ) ၃၉။

၁၄။ နတ္ထိ ဝိပဿနာယ ဟာနိ (တလုံးချ) ၄၀။

၁၅။ နတ္ထိ သမာဓိဿ ဟာနိ (တလုံးချ) ၄၁။

၁၆။ နတ္ထိ ဝိမုတ္တိယာ ဟာနိ တထာ မေဟောတု (တလုံးချ) ၄၂။

၁၇။ ကြမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထဒဝါ (တလုံးချ) ၄၃။

၁၈။ နတ္ထိ ရဝါ (တလုံးချ) ၄၄။

၁၉။ နတ္ထိ အပ္ဖုဋံ (တလုံးချ) ၄၅။

၂၀။ နတ္ထိ ဝေဂါယိတတ္တံ (တလုံးချ) ၄၆။

၂၁။ နတ္ထိ အဗျာဝဋမနော (တလုံးချ) ၄၇။

၂၂။ နတ္ထိ အပဋိသင်္ခါ ရုပေက္ခာ၊ တထာ မေ ဟောတု (တလုံးချ) ၄၈။

၂၃။ ကြမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တာနံ သမ္မာ ၅၀။
သမ္ဗုဒ္ဓါနံ (တလုံးချ) ၅၁။

၂၄။ နတ္ထိ တထာဂတဿ ကာယဒုစရိတံ တထာ မေ ဟောတု (တလုံးချ) ၅၂။

၂၅။ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ တထာ မေ ဟောတု (တလုံးချ) ၅၃။

၂၆။ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ တထာ မေ ဟောတု (တလုံးချ) ၅၄။

၂၇။ နတ္ထိ အတီတံသေ ဗုဒ္ဓဿဘဂဝတော ပဋိဟတံ ဉာဏံ တထာ မေ ဟောတု (တလုံးချ) ၅၅။

၂၈။ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿဘဂဝတော ပဋိဟတံ ဉာဏံ တထာ မေ ဟောတု (တလုံးချ) ၅၆

၂၉။ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿဘဂဝတော ပဋိဟတံ ဉာဏံ တထာ မေ ဟောတု (တလုံးချ) ၅၇

၃၀။ နတ္ထိ သဗ္ဗံကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ တထာ မေ ဟောတု (တလုံးချ) ၅၈

၃၁။ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ တထာ မေ ဟောတု (တလုံးချ) ၅၉

၃၂။ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ ၊ တထာ မေ ဟောတု (တလုံးချ) ၆၀

၃၃။ ကြမံ ဓါရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ၊ သံသာရဘယ ဘီတာနံ၊ အ
မဟာတေဇံ။ (တလုံးချ) ၆

၃၄။ မမကာယေ ဝိသံ န ကမေယျ (တလုံးချ) ၆

၃၅။ မမကာယေ ဥဒကေ န လဂ္ဂေယျ (တလုံးချ) ၆

၃၆။ မမကာယေ အဂ္ဂိ န ဍဟေယျ (တလုံးချ) ၆

၃၇။ မမကာယေ နာနာဘယဝိကော (တလုံးချ)

၃၈။ မမံ နု ဇကာဟာရကော (တလုံးချ)

၃၉။ မမံ နု ဒွိဟာရကော (တလုံးချ)

၄၀။ မမံ နု တိဟာရကော (တလုံးချ)

၄၁။ မမံ နု စတုဟာရကော (တလုံးချ)

၄၂။ မမံ နု ဥမ္မတ္တကံ (တလုံးချ)

၄၃။ မမံ နု မူဠ္ဍကံ (တလုံးချ)

၄၄။ မမံ မနုဿေဟိ နဟိံသကာ (တလုံးချ)

၄၅။ တံ ဓါရဏာပရိတ္တံ ယထာ ကတမံ၊ ဇာလော မဟာဇာလော။ (တလုံးချ)

၄၆။ ဇာလိတ္တေ ၊ မဟာဇာလိတ္တေ

၄၇။ ပုဂ္ဂေ မဟာပုဂ္ဂေ

၄၈။ သမ္ဗတ္တေ ၊ မဟာသမ္ဗတ္တေ

၅၀။ ဘူတင်္ဂမို တမင်္ဂလံ

၅၁။ ဣမံ ခေါပနာနန္ဒဓါရဏာ ပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓ ကောဋိဟိ ဘာသိတံ ဝတ္တေ အဝတ္တေ

၅၂။ ဂန္ဓဝေ အဂန္ဓဝေ

၅၃။ နောဓမေ အနောဓမ

၅၄။ သေဝေ အသေဝေ

၅၅။ ကာယေ အကာယေ

၅၆။ ဓါရဏေ အဓါရဏေ

၅၇။ ဣလ္လိ မိလ္လိ

၅၈။ တိလ္လိ မိလ္လိ

၅၉။ ယောရုက္ခေ မဟာယောရုက္ခေ

၆၀။ ဘူတင်္ဂမိ တမင်္ဂလံ

၆၁။ ဣမံ ခေါပနာနန္ဒ ဓါရဏာပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ ဘာသိတံ

၆၂။ ဒိဋ္ဌိလာ ဒဏ္ဍိလာ

၆၃။ မန္တိလာ ရောဂိလာ

၆၄။ ခရလာ ဒုတ္တိလာ

၆၅။ ဇတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

မှတ်ချက်။ ။ ၃၄ မှ ၆၅ ထိတလုံးတည်းပေါင်း၍ စိတ်နိုင်ကြောင်း ဤကဲ့သို့လည်း ခွဲစိတ်နိုင်ကြောင်း ပြောပြ၏။ "ဦးဘိုးကြီး (ခ)ဘိုးတော်ဘိုး"ကိုမေးသောအခါ ဓမ္မစကြာကို ၂၇လုံးကိုက်အောင် သတ္တဝိသခြေ၍ နေ့စဉ်နံနက်ဥပါတ်၊ နေ့ ဥပါတ်၊ ည ဥပါတ် ပွဲများစိတ်ကြောင်းပြောပါသည်။ ...နည်း အသေးစိတ်" ပြောပြသည်မှာ-

( တစ်လုံး )

၁။ ဓမ္မစက္ကပ္ပဝတ္တနသုတ် ( လ ) ဘိက္ခူအာမန္တေသိ ။
၂။ ဒွေ မေ ဘိက္ခဝေ ( လ ) အနတ္ထသံ ဟိတော ။
၃။ ယော စာယံ ( လ ) အနတ္ထသံ ဟိတော ။
၄။ ဧတေ ခေါ ဘိက္ခဝေ ( လ ) နိဗ္ဗာနာယ သံဝတ္တတိ ။
၅။ ကတမာ စ သာ ( လ ) နိဗ္ဗာနာယ သံဝတ္တတိ ။
၆။ အယမေဝ ( လ ) သမ္မာသမာဓိ ။
၇။ အယံ ခေါ သာ ဘိက္ခဝေ ( လ ) သံဝတ္တတိ ။
၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ( လ ) ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ ။
၉။ ဣဒံ ခေါ ပန ဘိက္ခဝေ ( လ ) ဝိဘဝတဏှာ ။
၁၀။ ဣဒံ ခေါ ပန ဘိက္ခဝေ ( လ ) မုတ္တိအနာလယော ။
၁၁။ ဣဒံ ခေါ ပန ဘိက္ခဝေ ( လ ) သမ္မာသမာဓိ ။
၁၂။ ဣဒံ ဒုက္ခံ ( လ ) အာလောကော ဥဒပါဒိ ။
၁၃။ တံ ခေါ ပနိဒံ (လ) ပရိညေယျန္တိမေ (ပ) အာလောကော ဥဒပါဒိ ။
၁၄။ တံ ခေါ ပနိဒံ ( လ ) ပရိညာတန္တိမေ (ပ) အာလောကော ဥဒပါဒိ ။
၁၅။ ဣဒံ ဒုက္ခ သမုဒယံ ( လ ) အာလောကော ဥဒပါဒိ ။
၁၆။ တံ ခေါ ပနိဒံ ( လ ) ပဟာတဗ္ဗန္တိ မေ (ပ) အာလောကော ဥဒပါဒိ ။
၁၇။ တံ ခေါ ပနိဒံ ( လ ) ပဟီနန္တိမေ (ပ) အာလောကောဥဒပါဒိ ။
၁၈။ ဣဒံ ဒုက္ခနိရောဓံ (လ) အာလောကော ဥဒပါဒိ ။
၁၉။ တံ ခေါ ပနိဒံ ( လ ) သစ္ဆိကာတဗ္ဗန္တိမေ (ပ) အာလောကော ဥဒပါဒိ ။
၂၀။ တံ ခေါ ပနိဒံ ( လ ) သစ္ဆိကတန္တိမေ (ပ) အာလောကော ဥဒပါဒိ ။
၂၁။ ဣဒံ ဒုက္ခနိရောဓဂါမိနီ ( လ ) အာလောကော ဥဒပါဒိ ။
၂၂။ တံ ခေါ ပနိဒံ ( လ ) ဘာဝေတဗ္ဗန္တိမေ (ပ) အာလောကော ဥဒပါဒိ ။
၂၃။ တံ ခေါ ပနိဒံ ( လ ) ဘာဝိတန္တိမေ (ပ) အာလောကော ဥဒပါဒိ ။
၂၄။ ယာဝကီဝဉ္စမေ ( လ ) န သုဝိသုဒ္ဓံ အဟောသိ ။

၂၅။ နေ၀တာ ဝါဟံ ဘိက္ခဝေ ( လ ) ပစ္စုညာသိ (တလုံးချ)

၂၆။ ယတောစခေါမေ ဘိက္ခဝေ ( လ ) သုဝိသုဒ္ဓံအဟောသိ ။

၂၇။ အထာဟံ ဘိက္ခာဝေ ( လ ) နတ္ထိဒါနိပုနဗ္ဘဝေါတိ ။

မှတ်ချက်။ ။ဤ၂၇ပုဒ်ကို တပုဒ် - တပုဒ်လျှင် ၃ပါတ်စိတ်ပြီးနောက် သိဒ္ဓိတင်သောအနေဖြင့် အောက်ပါ ၃ပုဒ်ကို စိတ်ရပါမည်။

၁။ အထခေါ ဘဂဝါ ဣမံဥဒါနံ ဥဒါနေသိ ( လ ) အညာသိကောဏ္ဍညောတွေဝ နာမံအဟောသိ။

၂။ အထခေါ အညာသိ ကောဏ္ဍညောတွေဝ ( လ ) လဘေယျံ ဥပသမ္ပဒန္တိ။

၃။ ဧဟိဘိက္ခူတိ ဘဂဝါ အံဝေါစ ( လ ) ဥပသမ္ပဒါအဟောသိတိ။

ဤ ၃ ပုဒ်ကို သိဒ္ဓိတင်သောအနေဖြင့် ၃ ပါတ်စီ စိတ်ရပါမည် ဟုပြောပါသည်။ အထူးအစည်း အဝေးလေးတွင် ပါဝင်သော အမည်မသိ ရဟန်းပုဂ္ဂိုလ် ၅ ပါးတို့တွင် တပါးက ယက္ကန်းစင်တောင် ဆရာတော်လို့ပြောပါသည်။ ထိုဆရာတော်စိတ်သော ပုတီးကိုမေးသောအခါ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ၂၄ ပစ္စည်း ပါဠိတော်ကြီးကို တစ်ပါးလျှင် ၃ ပါတ်ကျနှင့် နံနက် ၇၂ ပါတ်၊ နေ့ ၇၂ ပါတ်၊ ည၇၂ပါတ် စိတ်ကြောင်း မိန့်ပါသည်။ စိတ်လိုက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို ကြည့်ပါ။

ဘိုးဘိုးအောင် ရုပ်ပဋ္ဌမံ နာမ်ပဋ္ဌမံစိတ်နည်းကို အသေးစိတ် ဖေါ်ပြပါမည်။ ဂုဏ်တော် ကိုးပါးကို သိဒ္ဓိတပ်၍ (ဝါ) အရဟံသိဒ္ဓိ၊ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ( လ )ဘဂဝါသိဒ္ဓိ။ ဤသို့ဆိုလျှင် တပါး တပါးလျှင် ရုပ်ပဋ္ဌမံ ၂၇ကြိမ်၊ နာမ်ပဋ္ဌမံ ၂၇ကြိမ် ပြီးလျှင်ပဋ္ဌမံအောင်ခြင်း ရပါသည်။ ရုပ်ပဋ္ဌမံ စိတ်ပုံမှာ ဗုဒ္ဓဟူးအရပ်ကဝင်၍ လက်ယာရစ်တပါတ် ဦးတိုက်လှည့်ပြီး ဘုရားတန်ခိုးကြီးမှာ ဗုဒ္ဓဟူး အရပ်မှ နေထိုင်၍ ဘုရားသို့မျက်နှာမူပြီး ဗုဒ္ဓဟူးဂြိုလ်သက်အရ ၁၇ပတ် စိတ်ရပါမည်။ ထို့နောက် လက်ယာရစ် တပတ်လှည့်ပြီး (ကုလား) မိတ်ဘက်ဖြစ်သော တနင်္လာအရပ်ကနေ ဘုရားသို့မျက်နှာမူပြီး ၁၅ပတ် စိတ်ရပါမည်။ ထို့နောက်လက်ယာရစ် တပတ်လှည့်ပြီး အင်္ဂါအရပ်ကိုဝင်ပြီး ဘုရားဘက်မျက်နှာမူ၍ ၈ပတ်စိတ်၊ လက်ျာရစ်တပတ်လှည့်၊ သောကြာအရပ်တွင် ၂၁ပတ်စိတ်၊ လက်ျာရစ်လှည့် စနေ အရပ် ၁၀ပတ်စိတ်၊ လက်ယာရစ်တပတ်လှည့် ရာဟုအရပ်ဝင် ၁၂ပတ်စိတ်၊ လက်ယာရစ်တပတ်လှည့် တနင်္ဂနွေ အရပ်ဝင် ၆ပတ်စိတ်၊ လက်ယာရစ်တစ်ပတ်လှည့်ပြီး ကြာသပတေး အရပ်ဝင် ၁၉ ပတ်စိတ်။ ဤကဲ့သို့ "ကုလား၊ ဆွေသားမှနောင်ရင်း၊ အောင်ပ" မိတ်ဘက် အရပ်ရှစ်မျက်နှာက တရာ့ရှစ်ပတ်စိတ် ပြီးသွားလျှင် ကြာသပတေးအရပ်မှ တပတ်လက်ယာရစ်လှည့်ပြီး ဗုဒ္ဓဟူးအရပ်ဝင် ဘုရားဦးသုံးကြိမ်ချပြီး တပတ် လက်အုပ်ချီလက်ယာရစ်လှည့် ဗုဒ္ဓဟူးအရပ်မှ အလယ်တည့်တည့်ဝင် "ဂြိုလ်ရှစ်ပါးတို့၏ အလယ်ကို ဆိုလိုသည်။ အရှေ့အရပ်မျက်နှာမူ၍ တရာရှစ်ပတ် - တစ်ရာ့ရှစ်နဝင်း ပြီးအောင်စိတ်၊ ဤကဲ့သို့ စိတ်ပြီးလျှင် ရုပ်ပဋ္ဌမံတစ်ကြိမ်ပြီးတော့၏။ ထိုကဲ့သို့အကြိမ်ပေါင်း ၂၇ကြိမ်စိတ်ပြီးလျှင် ရုပ်ပဋ္ဌမံ ပြီးတော့၏။

ရုပ်ပဋ္ဌမံပြီးလျှင် နာမ်ပဋ္ဌမံကို စိတ်ရပါသည်။ စိတ်နည်းမှာ အန္တော၊ ဂဏ္ဌော၊ စရေ၊ ဝံသေ ဤဓါတ်ကြီး လေးပါးကို စိတ်ရပါသည်။ ရုပ်ပဋ္ဌမံကဲ့သို့ပင် ဗုဒ္ဓဟူးအရပ်မှဝင်ပြီး လက်ယာရစ်ဦးတိုက် တစ်ပတ်လှည့်၊

ဗုဒ္ဓဟူးအရပ်မှထိုင်လျှက် ဘုရားဘက်မျက်နှာမူ၍ ဗုဒ္ဓဟူးဂြိုလ်သက်အရ ၁၇ ပတ်စိတ်၊ လက်ယာတပ
လှည့် သောကြာဝင်၍ ၂၁ ပတ်စိတ်၊ တပတ်လှည့် အင်္ဂါဝင် ၈ ပတ်စိတ်၊ တပတ်လှည့် ရာဟု
၁၂ ပတ်စိတ်၊ တပတ်လှည့် တနင်္လာဝင် ၁၅ ပတ်စိတ်၊ တပတ်လှည့် ကြာသပတေးဝင် ၁၉ ပတ်စိ
တပတ်လှည့် တနင်္ဂနွေဝင် ၆ ပတ်စိတ်၊ တပတ်လှည့် စနေဝင် ၁၀ ပတ်စိတ်၊ တပတ်လှည့် ဗုဒ္ဓဟူး
အလယ်တည့်တည့် အရှေ့ဘက်မျက်နှာမူထိုင် တရာ့ရှစ်ပတ်စိတ် ဤကဲ့သို့ စိတ်ပြီးက နာမ်ပဋ္ဌာန်းတကြိ
ပြီးတော့၏။

မှတ်ချက် ။ ။လက်ယာရစ်လှည့်တိုင်း လှည့်တိုင်း လက်အုပ်ချီ၍ ဦးညွှတ်ပြီး လှည့်ရ
ပါမည်။ ပုတီးစိတ်မည့်ဂြိုလ်ခွင်အရပ် ရောက်ပါက ဦးခုကြိမ်ချ၍ စိတ်ရပါမည်။ ပဋ္ဌမဦးစွာ ဗုဒ္ဓဟူး ဂြိုလ်မှ
စိတ်မည့်အခါက ပရိက်ပြု အဓိဋ္ဌာန်ပြုထားရပါမည်။ ဤကဲ့သို့ ရုပ်သက်သက် နာမ်သက်သက် ပဋ္ဌ
နည်း ၂၇ ကြိမ်ပြီးစီး အောင်မြင်သွားပြီးနောက် ရုပ်-နာမ် နှစ်ပါးတွဲ၍ တစ်နေ့ထဲ ပြီးအောင်စိတ် ရပါမည်
အချိန်ယူပုံမှာ နံနက်အာရုဏ် ရုပ်ပဋ္ဌာန်းစိတ်၊ ညနေဆည်းဆာ နာမ်ပဋ္ဌာန်းစိတ်၊ ဤကဲ့သို့တွဲ၍ ၂၇ ကြိမ်
စိတ်ရပါမည်။ ထို့နောက် ညလမွန်းတည့် ရုပ်ပဋ္ဌာန်း၊ နေ့ နေမွန်းတည့် နာမ်ပဋ္ဌာန်း၊ ဤအချိန် နှစ်ပါးတွဲ၍
၂၇ကြိမ်ပြီးအောင် စိတ်ရပါမည်။ ထို့နောက် နံနက် ၆နာရီ ရုပ်ပဋ္ဌာန်း၊ ည ၆ နာရီ နာမ်ပဋ္ဌာန်း ဤကဲ့သို့တွဲ၍
ဘုရားဝါတော်အရ ၄၅ကြိမ် စိတ်ရပါမည်။ ဤအဆင့်မှာ ထွက်ရမည့်အဆင့် ဖြစ်ပါသည်။ သတ်သတ်
လွတ်စား၊ သစ်သီးစား ကိုးပါးသီလစောင့်ပြီးစိတ်ရပါမည်။ ပါရမီအလတ်စား ရှိသူတို့ ဤအဆင့်နှင့်ပင်
ထွက်နိုင်ပါသည်။ ပါရမီထက်သူတို့မှာ ရှေ့အချိန်နှစ်ပါး ပြီးလျှင် ထွက်နိုင်ပါသည်။ ပါရမီမှန်မှန် ရှိသူတို့မှာ
ဘုရားသက်တော်အရ ၈၁ ကြိမ်ထပ်တိုး၍ရုပ်ပဋ္ဌာန်း - နာမ်ပဋ္ဌာန်းတွဲပြီး စိတ်ပြီးပါက ပေါက်မြောက်နိုင်ပါ
သည်။ ယောက်ျားဝီရိယ ဇနက္ကသို့ဆိုသည့်အတိုင်း မရမနေ ကြိုးစားကြကုန်လော့-

ထိုကဲ့သို့ စကားဝိုင်းဆွေးနွေးပြီး မှတ်သားနေစဉ် ဆံရှည် ဦးကောဏ္ဍည ဆရာတော်ရောက်
လာပြီး ကျွန်ုပ်တို့စကားဝိုင်း ဝင်ထိုင်ပါသည်။ အချိန်မှာ ညဆယ်နာရီခွဲလောက်ရှိသွားပေပြီ၊ တဖြည်း
ဖြည်းနှင့် အားလုံးရောက်လာကြသော ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ဝိုင်းသို့သာ စုလာကြသည်။ အားလုံး
ထိုအချိန်တွင် ပုဂ္ဂိုလ်ပေါင်း ၈၀ကျော်လောက် ရောက်နေကြပါသည်။ ထိုအထည်းတွင် ဒေစွန်းပါ
ဘိုးမေတ္တာနှင့် ဘိုးသစ္စာတို့ ပါလာကြလေသည်။ အရင်ကရောက်နေပြီးသော မြေလတ်ဝိုင်းက ဘိုးမေတ္တာ
နှင့်ဆိုလျှင် ဘိုးမေတ္တာ ၂ပါးဖြစ်၏။

ကျွန်ုပ်က ဆံရှည်ဆရာတော်ကို ပုတီးစိတ်ပုံလျှောက်သောအခါ ဂုဏ်တော်ကိုပလ္လင်ဖွဲ့၍
စိတ်ကြောင်း အမိန့်ရှိပါသည်။ ပလ္လင်ဖွဲ့ပုံနည်းမှာ တစ်ဖက်ပါအတိုင်းဖြစ်၏

နားလည်အောင် ရှင်းပြပါအုံးမည်။ အရဟံမှ ဘဂဝါအဆုံး ဂုဏ်တော်၉ပါးလုံးဆိုပြီး တလုံး
တပတ်စိတ်၊ ဒုတိယပတ်မှာ သမ္မာသမ္ဗုဒ္ဓေါမှ ဗုဒ္ဓေါတိုင်အောင် ဂုဏ်တော်၇ပါးဆိုပြီး တလုံး
တပတ်စိတ်၊ တတိယပတ်မှာ ဝိဇ္ဇာစရဏသမ္ပန္နောမှ သတ္ထာဒေဝ မနုဿာနံတိုင်အောင် ဂုဏ်တော်၅
ဆိုပြီး တလုံးချ တပတ်စိတ်၊ စတုတ္ထပတ်မှာ သုဂတောမှ အနုတ္တရောပုရိသ ဓမ္မသာရထိတိုင်အော
ဂုဏ်တော် ၃ ပါးဆိုပြီးတလုံးချ တပတ်စိတ်၊ စတုတ္ထပတ်ပြီးလျှင် ပလ္လင်အပေါ် တင်ပြီး၏။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အ | သံ | ဝိ | သု | လော | အနု | သ | ဗု | ဘ |
| | သံ | ဝိ | သု | လော | နု | သ | ဗု | |
| | | ဝိ | သု | လော | နု | သ | | |
| | | | သု | လော | နု | | | |
| | | သ | နု | လော | သု | ဝိ | | |
| | ဗု | သ | နု | လော | သု | ဝိ | သံ | |
| ဘ | ဗု | သ | နု | လော | သု | ဝိ | သံ | အ |

အောက်ထပ်စိတ်ရန်မှာ ပဋိလုံပြန်၍ဘဂဝါမှ အရဟံတိုင်အောင် ဂုဏ်တော်၉ပါးဆိုပြီး တလုံးချ တပတ်စိတ်၊ ဒုတိယပတ်မှာ ဗုဒ္ဓေါမှ သမ္မာသမ္ဗုဒ္ဓေါတိုင်အောင် ၇ပါးဆိုပြီးတလုံးချ တပတ်စိတ်၊ တတိယပတ်မှာ သတ္ထာဒေဝမနုဿာနံမှ ဝိဇ္ဇာစရဏသမ္ပန္နောတိုင် ၅ပါးဆိုပြီးတလုံးချ တပတ်စိတ်၊ စတုတ္ထပတ်မှာ - အနုတ္တရောမှ သုဂတောတိုင်အောင် ဂုဏ်တော်၃ပါးဆိုပြီး တလုံးချ တပတ်စိတ်၊ ပြီးလျှင် ပလ္လင်ကို ဋ္ဌာပနာသွင်းသောအနေဖြင့် ပု ဒိ အာ - အာ ဒိ ပု ဆိုပြီးတလုံးချ တပတ်စိတ်၊ ဤ ၉ပတ်ပြီးမှ ပလ္လင်တလုံးပြီး၏။ တနေ့လျှင် နံနက်ပလ္လင် ၉လုံး၊ နေ့ပလ္လင် ၉လုံး၊ ညပလ္လင်၉လုံး ပေါင်း၂၇လုံးပြီးက အစွန်းအနေနှင့်တလုံး အပိုထည့်ပြီး တနေ့အဖို့သိမ်းပါ။ ဆိုလိုရင်းမှာ - တနေ့ နှစ်ကျိပ်ရှစ်ဆူဘုရားများအတွက် ပလ္လင်၂၈လုံးတည်သည်ဟု ဆိုလိုပါသည်။ ပုံစံအပြည့်အစုံကို အောက်တွင်ကြည့်ပါ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အ | သံ | ဝိ | သု | လော | နု | သ | ဗု | ဘ |
| | သံ | ဝိ | သု | လော | နု | သ | ဗု | |
| | | ဝိ | သု | လော | နု | သ | | |
| | | | သု | လော | နု | | | |
| | | | ပု | ဒိ | အာ | | | |
| | | | နု | လော | သု | | | |
| | | သ | နု | လော | သု | ဝိ | | |
| | ဗု | သ | နု | လော | သု | ဝိ | သံ | |
| အ | ဗု | သ | နု | လော | သု | ဝိ | သံ | အ |

ဤကဲ့သို့ ပလ္လင် ၂၈လုံးတည်၍ ၂၇ မှ ၁၀၈ နဝင်းပြီးအောင်စိတ်က တဝါရဖြစ်သည်။ ဝါရပေါင်း၁၀ကို တစ်ဝန္ဓခေါ်ပါသည်။ ဝန္ဓပေါင်း၂၇၀ဝန္ဓပြီးလျှင် မန္တာန်ဝိဇ္ဇာ ဖြစ်နိုင်သည်ဟုပြောပါသည်။ ဂုဏ်တော်ဘိုးမေတ္တာ၏ ပုတီးစိတ်ကိုမေးသောအခါ အရဟံမေတ္တာဆိုပြီး တလုံးချ တပတ်စိတ်၊ ၉ပါးလုံးနောက်က မေတ္တာတပ်၍ ၉ပတ်စိတ်ရပါသည်။ ထို ၉ ပတ်ပြီးလျှင် ရှေ့တက်ရန်မှာ အရဟံ မေတ္တာ၊ သမ္မာသမ္ဗုဒ္ဓေါ မေတ္တာ၊ ဝိဇ္ဇာစရဏသမ္ပန္နော မေတ္တာ၊ သုဂတော မေတ္တာ၊ လောကဝိဒူ မေတ္တာ၊ အနုတ္တရော ပုရိသဓမ္မသာရထိ မေတ္တာ၊ သတ္ထာဒေဝမနုဿာနံ မေတ္တာ၊ ဗုဒ္ဓေါ မေတ္တာ၊ ဘဂဝါ မေတ္တာ။

ဤကဲ့သို့ ၉ ပါးလုံးဆိုပြီးမှ တလုံးချ တပတ်စိတ်။ ထို့နောက် - အရဟံသိဒ္ဓိ သဗ္ဗသတ္တာ အဝေရာဟောန္တု အဗျာပဇ္ဇာဟောတု အနီဃာဟောတု သုခီအတ္တာနံပရိဟာရန္တု တလုံးချ တပတ်စိတ်၊ ထိုနည်းတူ နောက်ဂုဏ်တော်ရှစ်ပါးလဲ တပတ်စီစိတ် ၉ပတ်ပြီး၏။ပေါင်း၂၇ပတ်စိတ်ပြီးလျှင် တနေ့အတွက် ပြီး၏ဟုမှတ်။ ထိုကဲ့သို့ ၉ ရက်အဓိဋ္ဌာန်စိတ် ၁၈ ရက်၊ ၂၇ ရက်၊ ၃၆ ရက်၊ ၄၅ ရက် အစဉ်အတိုင်း ဓိဋ္ဌာန်ပြီးစိတ်၊ ၄၅ ရက်ထိစိတ်ပြီးက ပဌမအဆင့်ပြီး၏။ ဒုတိယဆင့် အနေနှင့် ၅၄ မှ ၈၁ထိစိတ် တတိယအဆင့်အနေနှင့် ၉၀မှ ၁၀၈ အထိ အဓိဋ္ဌာန်စိတ်။ ရက်နှင့် ပုတီးပါတ် ကိုက်ညီရမည်။

ပ-အဆင့်နှင့် ဒု-အဆင့်၊ တ-အဆင့် ဤ ၃ဆင့်အောင်မြင်လျှင် အခြေခံစခန်း အောင်မြင်သည်ဟု မှတ်ပါ။ အခြေခံပြီးလျှင် ရှေ့တစ်ဆင့် တခါထိုင်လျှင် ၄၅ပတ်နှုန်းနှင့် ၄၅ရက် ရှေ့နည်းအတူ အဓိဋ္ဌာန် စိတ်ပြီးက ဒုတိယ အခြေခံစခန်းပြီး၏ဟုမှတ်၊ ရှေ့သိဒ္ဓိစခန်းတက်ရန်မှာ အရဟံသိဒ္ဓိမဟိဒ္ဓိဆို၍ တလုံးချ တပတ်စိတ်၊ နောက်ဂုဏ်တော်ရှစ်ပါးလဲ ဤအတိုင်းစိတ်ပါ။ နံနက်၁၀၈ပတ်၊ နေ့၁၀၈ပတ်၊ ည၁၀၈ပတ်၊ တရာ့နှင့်ရှစ်ရက် ပြီးစီးအောင်မြင်ပါက သိဒ္ဓိစခန်း ပြီးစီးပြီမှတ်။

မဟိဒ္ဓိစခန်းတက်ရန်မှာ - ဩောင် နမောဗုဒ္ဓယ အရဟံသိဒ္ဓိ ဘဂဝါဆိုပြီး တလုံးချတပတ်စိတ်၊ နောင် ဂုဏ်တော်ရှစ်ပါးလဲ ထို့အတူစိတ်၊ တခါထိုင်၁၀၈ပတ် ၁၀၈ရက်စိတ်ပြီးက မဟိဒ္ဓိစခန်းပြီး၏။ သို့သော် မိမိသည် မနောမယသိဒ္ဓိ ရမရ မိမိကိုယ်တိုင်လေ့လာပြီးမှ စိတ်ပါ။ မရသေးက ဤအတိုင်း အစကပြန်၍ သူ့အဆင့်နှင့်သူ စိတ်ပါ။ သိဒ္ဓိ - မဟိဒ္ဓိရသည့်တိုင်အောင် မိမိကိုယ်ကို မိမိလေ့လာ၍ အားထုတ်ပါ။ သိဒ္ဓိ - မဟိဒ္ဓိ ဘယ်မှ ပြေးမထွက်ပါ။ ရရမည်ဧကန် ဖြစ်၏။

ဤကဲ့သို့ ပုဂ္ဂိုလ်အသီးသီးတို့နှင့် ပုတီးစိတ်ကြပုံများကို ဆွေးနွေးပြီးနောက် ၁၁နာရီထိုးပြီ လောက်ပြီ အစည်းအဝေးကြီးကို သွားကြစို့ဟုပြောသဖြင့် ပတ္တမြားစေတီတောင်ပေါ်သို့ အားလုံးတက်လာကြ၏။ ပတ္တမြားစေတီ၏ ရင်ပြင်တော်ကြီးတစ်ခုလုံးမှာ တောက်ပသောအဝါရောင်၊ အဖြူ၊ အနီ၊ အပြာရောင် အခင်းကြီးများနှင့် တင့်တယ်ထယ်ဝါလျှက် ရှိနေပေပြီ၊ ပုဂ္ဂိုလ်ကြီးများနေရာမှာ ပလ္လင်တန်းကြီးဖြစ်၏။ ထိုအပေါ် အနီရောင် ခင်းထား၏။ ထိုပလ္လင်ကြီးဝဲယာတို့က အနီရောင်အခင်းကြီးများ ခင်းထား၏၊ လူပုဂ္ဂိုလ်များနေရာမှာ အပြာရင့်ရောင်၊ အစိမ်းရောင်များ ခင်းထား၏၊ ဘိုးတော်ချုပ်တို့နေရာမှာ အဖြူရောင်များ ခင်းထား၏။

အမြင့်ဆုံးပလ္လင်ကြီးပေါ်မှာ ဘုရား၄ ဆူရှိ၏။ ထိုဘုရားများအောက်က အဝါရောင်အခင်းကြီး ခင်းထား၏။ ထေရာသနပလ္လင်တန်းကြီး၏ ထိပ်အထက်ကဖြစ်၏။ အစည်းအဝေးကြီး ရင်ပြင်တွင် ဝဲလမ်း ယာလမ်း ပြုလုပ်ထားသည်။ ဝဲလမ်းက အပြာနု၊ ယာလမ်းက အပြာရင့်ရောင်တို့ဖြင့် ခင်းထား၏။

ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ ကျား- မတို့၏လက်ထဲတွင် တံခွန် - ကုက္ကား ကိုင်ဆောင်လာကြတာ ဤအစည်းအဝေးတွင် အလွန်ထူးဆန်း၏။ ပုဂ္ဂိုလ်များစုံလင်ကြသောအခါ ဘိုးဘိုးအောင်ခေါ် ရှင်အရိယာဝံသက ဤအစည်းအဝေး မဟာသဘာညီလာခံကြီး၌ ခင်းကျင်းထားပုံ အစီအစဉ်နှင့် ပုဂ္ဂိုလ်မြတ်ကြီးတို့၏ နေရာတော်ကို လျှောက်ထားပါမည် အရှင်မြတ်တို့ဘုရား . . . ထေရာသနပလ္လင်တော် ဦးထိပ်ထက်က ဘုရားလေးဆူမှာ သံ၊ ဂုံ၊ ပ၊ မ ဘုရားလေးဆူ ပွင့်တော်မူပြီးဘုရားများ ဖြစ်တော်မူကြပါသည်ဘုရား . . . ဤလေးဆူသော ဘုရားရှင်များသည် ဤဘဒ္ဒကမ္ဘာရှိ နတ်လူဗြဟ္မာ သတ္တဝါတို့၏ မဟာကျေးဇူး တော်ရှင်မြတ်ဘုရားသခင်တို့ ဖြစ်တော်မူကြ၍ ကိစ္စကြီးငယ်တို့၌ ဦးတိုက်ကန်တော့၍ အလေးအမြတ် ပြုကြရန်ဖြစ်ပါသည်ဘုရား . . သို့ဖြစ်ပါ၍ ကြွရောက်တော်မူလာကြသော အရှင်မြတ်များနှင့် ဘိုးတော် မယ်တော်တို့က ဘုရားအနေကဇာတော်ဖြင့် ရှေးဦးစွာ ညီလာသဘာမစခင် ကန်တော့ကြပါကုန်စို့ . . . ။

၁။ အနေကဇာတိသံသာရံ (လ) ခယမဠ္ဍဂါဟု ၃ ခေါက် ရွတ်ဆိုတော်မူကြပြီး ပူဇော်ကြ၏။

၂။ ထို့နောက် အဝိဇ္ဇာပစ္စယာ သင်္ခါရာ (လ) သဘဝန္တိ၊

၃။ အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓါ (လ) နိရုဇ္ဈန္တိ၊

၄။ ယဒါဟဝေ (လ)သဟေတုဓမ္မံ၊

၅။ အဝိဇ္ဇာပစ္စယာသင်္ခါရာ (လ)သဘဝန္တိ၊

၆။ အဝိဇ္ဇာယတွေဝ- (လ) နိရုဇ္ဈန္တိ။

၇။ ယဒါဟဝေ (လ) ခယံပစ္စယာနံအဝေဒိ။

၈။ အဝိဇ္ဇာပစ္စယာသင်္ခါရာ (လ) သဘဝန္တိ။

၉။ အဝိဇ္ဇာယတွေဝ (လ) နိရုဇ္ဈန္တိ။

၁၀။ ယဒါဟဝေ (လ) သူရိယောဝဩဘာသယျမန္တလိက္ခံ။

၁၁။ အဝိဇ္ဇာပစ္စယာသင်္ခါရာ (လ) သံဘဝန္တိ

၁၂။ အဝိဇ္ဇာယတွေဝ (လ) နိရုဇ္ဈန္တိ။

(က) ဇယန္တော ဗောဓိယာမူလေ ၊ သကျာနံ နန္ဒိဝဍ္ဎနော၊ ဧဝမေဝ ဇယောဟောတု ဇယဿုဇယမင်္ဂလေ။

(ခ) ဇယစက္ကော ဇယန္တောယော၊ ဇယိတဗ္ဗေဇယာသနေ၊ ဇယာပေသိ ဇယေသိနံ၊ ဇယ ဒေတုဇယုတ္တရော။

(ဂ) ဇယောဗုဒ္ဓဿသိရိမတောအယံ၊ မာရဿစ ပါပိမတော ပရာဇယော။ ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေပမောဒိတာ။ ဇယံဗြဟ္မ ဂဏာမ ဟေသိနော။

(ဃ) ဇယောဟိ ဗုဒ္ဓဿသိရိမကောအယံ၊ မာရဿစပါပိမတော ပရာဇယော။ ဥဂ္ဃောသယုံ၊ ဗောဓိမဏ္ဍေပ မောဒိတာ၊ ဇယံတဒါ-နိဂ ဂဏာမဟေသိနော။

ဝိနေဒေယျကရုဏ်ခမ္ဘံ၊ သဒ္ဓမ္မဇောတကာရေ၊ ဝိတ္ထာရာရုံဇိနာပေသိ၊ ဘာသမေဒေတု
ဇေယျဝိနေဒ။

(စ) ဇယောဟိ ဗုဒ္ဓဿသိရိမတော အယံ။ မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ၊ ဗောဓိမဏ္ဍေပမောဒိတာ၊ ဇယံတဒါ သုပဏ္ဏဂဏာ မဟေသိနော။

(ဆ) ဓမ္မသင်္ဂဏီဝိဘင်္ဂ၊ ဓါတုကထာ စပုဂ္ဂလာ၊ ကထာဝတ္ထုစယမကံ၊ ပဋ္ဌာန် သတ္တမံ ပကံ၊

(ဇ) တိက္ကပဋ္ဌာန်ဒုက္ကဋ္ဌ၊ ဒုက္ကတိက္ကံတိက္ကဒုက္ကံ၊ ပဋ္ဌာန် သတ္တမံဝရံ၊ တိတေဇသာဘဝတုမေ၊

(ဈ) ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော

(ည) ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုသာနံ ဗုဒ္ဓေါ ဘဂဝါ။

(ဋ) သွာက္ခာတော ဘဂဝတာဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပါနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(ဌ) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော ဒက္ခိနေယျော အဥ္ဇလိကရဏီယော၊ အနုတ္တရံပုညခေတ္တံ လောကဿတိ။

(ဍ) ဓဇဂ္ဂံသရန္တာနံ၊ ဓမ္မံသံဃဉ္စ ဘိက္ခဝေါ၊ ဘယံဝါဆမ္ဘိတတ္တံဝါ၊ လောမဟံသော နဟေဿတိ

(ဎ) ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ ယောစာမနာပေါ သကုဏဿ သဒ္ဒေါ၊ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု

(ဏ) ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ ယောစာမနာပေါ သကုဏဿ သဒ္ဒေါ၊ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

(တ) ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ ယောစာမနာပေါ သကုဏဿ သဒ္ဒေါ၊ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ သံဃာနုဘာဝေန ဝိနာသမေန္တု။

(ထ) သဗ္ဗိတိယော ဝိဝဇ္ဇန္တု သောကောရောဂေါ ဝိနဿတု၊ မာတေဘဝတွန္တရာယာ သုခီဒီဃာ ယုကောဘဝ

(ဒ) အဘိဝါဒနသီလိဿ နိစ္စံဝုဍ္ဎာပစာယိနော၊ စတ္တာရောဓမ္မာဝဍ္ဎန္တိ၊ အာယုဝဏ္ဏောသုခံ ဗလံ။

(ဓ) တေအတ္ထလဒ္ဓါသုခိတာ၊ ဝိရုဠှာဗုဒ္ဓသာသနေ၊ အာရောဂါ သုခိတာဟောထ၊ သဟ သဗ္ဗေဟိဉာတိဘိ။

ဤကဲ့သို့ အဓိပ္ပါယ်ရှိလှစွာသော မဟာအနေကဇာတော်ကြီးကိုတင်ပြီး ပူဇော်ကန်တော့ကြခါ ပြီးဆုံးသည်နှင့်တပြိုင်နက် အရှင်အရိယာဝံသက ဆက်လက်ပြီး လျှောက်ထားသည်မှာ ဂိုဏ်းချုပ်ဆရာတော်ဆယ့်နှစ်ပါး အရှင်မြတ်များဘုရား ထေရာသနပလ္လင်ပေါ် ကြွတော်မူကြပါဘုရား . . ဥက္ကဋ္ဌဆရာတော်များဖြစ်တော်မူကြသော တားမဲ့ဆရာတော်၊ နွားနို့တော်စု၊ ဝေယံဘုံသာဆရာတော်၊ ပုဂံမြို့ အရှင်အဇ္ဈဂေါဏဆရာတော်များဘုရား . . ဒုတိယထေရာသနပလ္လင်ပေါ်သို့ ကြွတော်မူကြပါဘုရား . . ဘိုးတော်များဖြစ်ကြသော ပြည်ခေတ် ပဌမံချုပ်ဆရာကြီးအောင်၊ ပုဂံခေတ် ဘသစ္စာ၊ အင်းဝခေတ် ဦးဘဖြဟ္မစိုတို့ ဥက္ကဋ္ဌနေရာဖြစ်သော ရွှေသင်ဖြူးများပေါ် ကြွတော်မူကြပါ . . နာယက ဆရာတော်များနှင့် ဥက္ကဋ္ဌ ဆရာတော်များကို ဦးတိုက်ပြီး ခင်ထားသော နေရာတော်ကို ဆံရှည်ဆရာတော်၊ လှိုင်းတက်ဘုရား ၅ဆူ၊ ဆရာတော်များနှင့် ဘုရားတပည့်တော်တို့က အကျိုးဆောင် နေရာတော်ကို ကြွတော်မူကြပါဘုရား . . .

ဥက္ကဋ္ဌဘိုးတော်များကို ဦးတိုက်ခင်းထားသော လက်ဝဲငွေသင်ဖြူးများပေါ်သို့ ဘဘမိုး၊ ဘစန္ဒာ၊ ဘသိုက်တို့က အကျိုးတော်ဆောင်နေရာမှာ ကြွတော်မူပါရန်၊ ကျန် ၁၈၀၀ကျော်သော ပုဂ္ဂိုလ်များ က နာယက ဥက္ကဋ္ဌ အကျိုးတော်ဆောင်များကို ဦးတိုက်ပြီး ခင်းထားသော ဝဲယာသင်ဖြူးဖျာပေါ်သို့ ကြွတော်မူကြပါ။ အားလုံးနေရာယူကြပြီးနောက် ရှင်အရိယာဝံသ နာယကဂိုဏ်းချုပ်ဆရာတော်များထံ ကြွရောက်လာကြသော ဘိုးတော်မယ်တော်များက နဝင်္ဂသီလယူကြပါ ။ အားလုံးကန်တော့ကြသည်။ ကန်တော့ကျိူး ပြီးဆုံးသည်နှင့်တပြိုင်နက် သက်တော် ၂၂၀၀၊ သိက္ခာတော် ၂၁၈၀ (နှစ်ထောင်တရာ ရှစ်ဆယ် ) ရှိတော်မူသော အရှင်လာဘိဿရ အမည်ရသော ဂိုဏ်းချုပ်အကြီးဆုံး ဆရာတော်ဘုရားကြီး က ဆုပေးသည်မှာ-

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေသော ဘုရားတည်းဟူသော ရတနာ . . ထိုဘုရားတည်း ဟူသော ရတနာသည် ကောင်းစွာ ဟောပြောတော်မူအပ်သော ဓမ္မတည်းဟူသော အဖြစ်သဘော မမြဲအနိစ္စ၊ အပျက်သဘော မမြဲအနိစ္စ၊ ဖြစ်ပျက်၍နေသည်ကား ဒုက္ခ၊ ဖြစ်ပျက်၍နေသည်ကို အစိုးမရ သည်ကား အနတ္တဟုဆိုအပ်သော လက္ခဏာရေး သုံးပါးတို့ကို ဝိဇ္ဇာဉာဏ်ဖြင့် ထင်ရှားစွာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတရား။

ခင်မင်တွယ်တာကပ်ရပ်မှု ဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာဟုဆိုအပ်သော ဒိဋ္ဌိ- ဝိစိကိစ္ဆာ သမ္မယုတ်တရားတို့ကို သောတာပတ္တိမဂ်ဖြင့် ပါယ်ခြင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့ကို

သဂဒါဂါမိမဂ်ဖြင့်ပါယ်ခြင်း၊ ကာမရာဂ-ဗျာပါဒတို့ကို အနာဂါမိမဂ်ဖြင့်ပါယ်ခြင်း၊ ရူပရာဂ၊ အရူပရာဂ တို့ကို အရဟတ္တမဂ်ဖြင့်ပါယ်ရန်သိခြင်းသည် သမုဒယသစ္စာတရား၊ ဒုက္ခ သမုဒယ သစ္စာနှစ်ပါးတို့၏ ချုပ်ရာ နိရောဓသစ္စာဟုဆိုအပ်သော တရားကိုအားဖြင့်တပါး၊ ဘာဒပါဒိသေသ၊ အနုပါဒိသေသ အားဖြင့်နှစ်ပါး သုညတ အနိမိတ္တ အပ္ပဏိဟိတအားဖြင့် ၃ပါးအပြားရှိသော နိရောဓသစ္စာကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ခြင်း နိရောဓသစ္စာတရား။

ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါး ပွါးစေအပ်သော မဂ္ဂသစ္စာတရား ဤသို့ဖြင့် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ္တိ ဟုဆိုအပ်သော ၁၀ပါးသော တရားတော်မြတ်တည်းဟူသော ရတနာ၊ ထိုမြတ်စွာဘုရားသခင်၏ ရှေ့တော်နှစ် သားတော်စစ် ဖြစ်တော်မူကြကုန်သော မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်တန်ဂုဏ်မြတ် ပြည့်စုံအပ်သော သူမြတ်ရှစ်ဖော် အရိယာသံဃာတော် အရှင်မြတ်တို့နှင့်တကွ သီလဝံ - ဂုဏဝံ - ပညာဝံ အရှင်မွန် အရှင်ကောင်း သမုတိသံဃာတော် အပေါင်းတည်းဟူသော ရတနာ။

ဤသို့ပေါင်းအပ် သုံးပါးသော ရတနာမြတ်တို့ကို ဆည်းကပ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသောကုသိုလ် ကောင်းမှုကံ စေတနာသည် လူနတ်တို့၏ စည်းစိမ် ချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံရခြင်း၊ အသက်ရှည်ခြင်း၊ အခြံအရံပေါများခြင်း၊ အစိုးရခြင်း ကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့နှင့် ပြည့်စုံရခြင်းတည်းဟူသော ၁၀ပါး သော အကျိုးတရားကို ပြည့်ပြည့်ဝဝ လှလှကြီး ခံစားကြရမည်ဖြစ်၍ ထိုအကျိုးဆက် ခံစားဆဲ၌ ကပ်၍ နှိပ်စက်တတ်သော ဥပပီလနကံ၊ ကပ်၍ဖြတ်တတ်သော ဥပစ္ဆေဒကကံ၊ ကပ်၍သတ်တတ်သော ဥပဃာတက ကံ စသောကံဆိုး၊ ဒါဏ်ဆိုးအပေါင်းတို့မှ ကင်းလွတ်ကြ၍ လောကုတ္တရာ သရဏဂုံဘက်သို့ ကူးမြောက်နိုင်ကြပြီး မဂ်တရား - ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကြီးကို တကယ်လိုလို လားလားဖြင့် ကျင်ကြံကြိုးစားပွါးများ နိုင်ကြသည်ဖြစ်စေ။

ဤကဲ့သို့ ကြည်လင်ပြတ်သား တန်ဘိုးများစွာရှိလှသော ပရမတ်ဆုပေးကြီးကို ပေးတော်မူပြီး နောက် အာမဘန္တေမှုစ၍ မေတ္တာသဟဂတေနပုဒ် ဆုံးသည်တိုင်အောင် ချပေးပြီးသွားသောအခါ ထိုဆရာတော်ဘုရားကြီးက ရှင်အရိယာဝံသ အခမ်းအနား ဘယ်လိုဖွင့်စေချင်ပါသလဲ။ ရှင်အရိယာဝံသ က လျှောက်ထားသည်မှာ ယနေ့သည် ၁၃၃၀ပြည့် တန်ဆောင်မုန်းလပြည့် သန်းခေါင်အချိန် စက်တံ နာရီ ၂၄နာ့ ဖြစ်ပါ၍မေတ္တာသုတ်တော် ၂ကြိမ်ရွတ်ဖတ်တော်မူ၍ အခမ်းအနား ဖွင့်တော်မူကြရန် ပါဘုရား၊ မေတ္တာသုတ် ရွတ်တော်မူသောနေရာမှာလည်း ဘုရားရှင်အလိုတော်ကျ လေးနက်သော အဓိပ္ပါယ်ဖြစ်စေရန် ယဿနုဘာဝတောစသော နိဒါန်းဂါထာမှ ၆ပုဒ်မြောက် ယေကေစိဂါထာ၊ ခွန်နှစ် ဒိဋ္ဌ-အဒိဋ္ဌ တစုံ၊ ဒူရ သန္တိက တစုံ၊ ဘူတ သမ္ဘဝ တစုံ၊ ဒီဃ ရဿ တစုံ၊ မဟန္တ အဏုက မဇ္ဈိမ တစုံ ထူလ အဏုက မဇ္ဈိမတစုံ ဤကဲ့သို့ ခွန်နှစ်စုံတွဲပြီး မေတ္တာသက်ဝင်၍ ရွတ်တော်မူကြရန် လျှောက်ထား အပ်ပါသည် အရှင်မြတ်တို့ဘုရား . . .

(ရှင်းလင်းချက်) ၎င်း ၂ ဂါထာကို ပုဒ်ခွဲ၍ရွတ်တော်မူကြပုံမှာ -

၁။ ဒယေကေစိ ပါဏဘူတတ္ထိ တသာဝါ ထာဝရာဝါ ဣမေသိ
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၂။ ယေကေစိ ပါဏဘူတတ္ထိ ဒိဋ္ဌာဝါ အဒိဋ္ဌာဝါ ဣမေပိ
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၃။ ယေကေစိ ပါဏဘူတတ္ထိ ဒူရေဝါသန္တိကေဝါ ဝသန္တာ
ဣမေပိ သဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ။

၄။ ယေယေစိ ပါဏဘူတတ္ထိ ဘူတာဝါ သမ္ဘဝေသီဝါ
ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၅။ ယေကေစိ ပါဏဘူတတ္ထိ ဒီဃာဝါ ရဿဝါ မဇ္ဈိမာဝါ
ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေကေစိ ပါဏဘူတတ္ထိ မဟန္တာဝါ အဏုကာဝါ မဇ္ဈိမဝါ
ဣမေပိ သဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ။

၇။ ယေကေစိ ပါဏဘူတတ္ထိ ထူလာဝါ အဏုကာဝါ မဇ္ဈိမာဝါ
ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ဤကဲ့သို့ ခွဲရွတ်တော်မူကြသည်ဟု သိပါ။ "နောက်ဆုံးတွင် အနေကဇာတင်ပါဠိ အစအဆုံးနှင့် ပုဂ္ဂိုလ်ကြီးများ အခမ်းအနားဖွင့်ရွတ်ကြသော မေတ္တာသုတ်အကျယ်ကို အစအဆုံးရေးပြပါမည်။" တနင်္လာနေ့ တန်ဆောင်မုန်းလပြည့်နေ့ဦးအချိန်တွင် အခမ်းအနားအဖွင့်အနေနှင့် မေတ္တာသုတ်တော်ကြီမ်ရွတ်ဆိုကြပြီး ရှင်အရိယာဝံသ မထေရ်က တက်ရောက်ကြွလာကြသော ခေါင်းဆောင်တို့၏ အမည်များကို ဖတ်ကြားတော်မူသည်။ အဖွဲ့ ၉ ဖွဲ့ခေါင်းဆောင် ဆရာတော်များ၏ အမည်တော်တို့မှာ -

(၁) နွားနို့စုဆရာတော်နှင့် ပုဂ္ဂိုလ်ကြီး ၈ ယောက်
(၂) ယက္ကန်းစင်တောင်ဆရာတော်နှင့် ပုဂ္ဂိုလ်ကြီး ၈ ယောက်
(၃) ရေတိမ်ဆရာတော်နှင့် ပုဂ္ဂိုလ်ကြီး ၈ ယောက်
(၄) အရှင်ခန္တီနှင့် ပုဂ္ဂိုလ်ကြီး ၈ ယောက်
(၅) ဗာရာမဲ့ဆရာတော်နှင့် ပုဂ္ဂိုလ် ၈ ယောက်
(၆) ရာကျော်ဆရာတော်နှင့် ပုဂ္ဂိုလ် ၈ ယောက်
(၇) ပဲခူးဆရာတော်နှင့် ပုဂ္ဂိုလ် ၈ ယောက်
(၈) ဓန္တလေးဆရာတော်နှင့် ပုဂ္ဂိုလ် ၈ ယောက်

(၉) သီဟိုဠ်ဆရာတော် အရှင်ဝိဇယနှင့် ပုဂ္ဂိုလ်ကြီး ၈ ယောက်

သီဟိုဠ်ဆရာတော် အရှင်ဝိဇယနှင့် ပုဂ္ဂိုလ်ကြီး ၈ ယောက် အဖွဲ့ကြီး၉ ဖွဲ့အပြင် ကြွရောက်လာကြသော ပုဂ္ဂိုလ်များမှာ-ဂိုဏ်းချုပ်ဆရာတော် အရှင် ... ထေရ်၏ တပည့်ပုဂ္ဂိုလ်ကြီး ၁၀၀ ကျော်၊ ဂိုဏ်းချုပ်အရှင်ဝါယမထေရ်၏တပည့် ၂၀၀ ကျော်၊ တပည့် ၃၆ ယောက် ဘိုးပေါက်ဆိန်နှင့်တပည့် ၂၇ယောက်၊ ဘိုးသက်ရှည်နှင့် တပည့် ၂၇ ... ဘိုးသိုက်နှင့်တပည့် ၁၈ ယောက်၊ ဘိုးငြိမ်း နှင့်တပည့် ၈ ယောက်၊ ဘိုးဆိုင်နှင့် တပည့် ၇ ... သင်္ဂဟဆရာတော်နှင့်သမဂ္ဂ ၈ ယောက်၊ အမေမှုံနှင့်တပည့်မ ၁၀၀ကျော်၊ မြထိပ်တင်နှင့် ... ၁၀၀ ကျော်၊ အမေကောင်းနှင့်တပည့်မ ၁၀၀ ကျော်၊ အိန္ဒိယတိုင်းသား ဘာဘာကြီးနှင့်တပည့် ဆာဓု ... ၁၀၀ ကျော်၊ ကွန်ကြည် ဘာရဲပိုင်ရှင်ဆာဓုဆရာကြီးနှင့်တပည့်ဆာဓူးပေါင်း ၃၀၀ ... လာမားဘုန်းတော်ကြီး လောတာရဲနှင့် တပည့် ၅၀၀ ကျော်၊ နာဂတောမိဆရာ၊ ဂေါဝိန္ဒဆရာ၊ ဂေါ ... ထဆရာ၊ ရတနာကောသဆရာ ၊ ဗျာရိဆရာ ၊ ယသောဓနဆရာ၊ ပဏ္ဍာဗျူဆရာ ၊ ဝိသာ ... ဘာကစန္ဒသဆရာ၊ မဉ္ဇူဆရာ၊ နန္ဒိန္ဒဆရာ၊ နရဝိဂါဟဆရာ ၊ နာဂလ္လနဆရာ ၊ လင်္ကေသ ... သိရိသံကရဆရာ၊ တားကရာဆရာ ၁၆ပါးသောဆရာကြီးများနှင့် တပည့်ပေါင်း ၃၀၀၀ထောင်ကျော် ... ဤအစည်းအဝေးကြီးမှာ တက်ရောက်ပါသည်။ အားလုံးပေါင်း ပုဂ္ဂိုလ်ကြီးများ အရေအတွက် ၉ ... ဖြစ်ပါသည်။ ထိုကဲ့သို့ တက်ရောက်ကြသော ပုဂ္ဂိုလ်ကြီးများစာရင်းကို ဖတ်ကြားပြီးနောက် ... ဆွေးနွေးရမည့် အချက်ကြီး ၉ချက်ကို လျှောက်ထားပြန်သည်မှာ -

| | | | |
|---|---|---|---|
| ၁။ | ကမ္ဘာအရေး | ၂။ | ဗမာအရေး |
| ၃။ | ဘာသာ ၊ သာသနာအရေး | ၄။ | ပုဂ္ဂိုလ်မှန်ရွေးချယ်ရန်အရေး |
| ၅။ | အောင်သိဒ္ဓိဘုရားတည်ရန်ဌာန အရေး | ၆။ | သိဒ္ဓိနှင့် တန်ခိုးအဘိညာဏ် |
| ၇။ | ဓါတ်စီး ၊ နတ်စီး၊ ပုဂ္ဂိုလ်စီးတို့အကြောင်း | ၈။ | လူ့အမျိုးမျိုးတို့ကို ခွဲတမ်းခြင်း |
| ၉။ | သာသနာပြုတို့၏စိတ်ထား | | |

အရှင်အရိယာဝံသမထေရ်က မဟာညီလာခံကြီးဖွင့်ပြီးအစီအစဉ်များကို လျှောက်ထား... နောက် ယခု နံပါတ် ၁ အနေနှင့် ကမ္ဘာ့အရေးကို ဆွေးနွေးတော်မူကြပြီး ဆောင်ရွက်ချက်များ အသိ... ပေးအပ်ရန်ပါဘုရား။ **အရှင်လာဘီသာရ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး**အသံတော်သည် ... ဖြတ်သားစွာ ပေါ်ထွက်လာသည်မှာ - ယခု ပစ္စုပ္ပန်အနေနှင့် ငါတို့သဘောအရ ကမ္ဘာ့အရေးကို ... ရမည်ဆိုလျှင် ကမ္ဘာမှာ လက်ယာဝါဒနှင့် လက်ဝဲဝါဒတို့ သွေးထက်ငါ ပြိုင်ဆိုင်ပြီး ပစ္စည်းရေး သဘော တရားရေးတို့ဖြင့် သွေးဆောင်ကြခါ သူ့ဘက်ကိုယ့်ဘက် အုပ်စုဖွဲ့သော အချိန်အခါ ဖြစ်နေပေသည်။

တရုတ်နှင့်ရုရှားတို့မှာ လက်ဝဲဝါဒကိုအခြေခံပြီး စားဝတ်နေရေးအတွက် အကျိုးရှာကြရာ၌ ရုရှားက လက်ဝဲဝါဒကြောင့် ၃ပုံ၂ပုံ အောင်မြင်မှု ရခဲ့ပေသည်။ တရုတ်က ၃ပုံပုံ ၂ပုံ တဝက် အောင်မြင်... ရခဲ့ပေသည်။ သို့အတွက် တရုတ်ကလက်ဝဲဝါဒကြောင့် အမြတ်ထွက်သည်ဟု ဆိုရပေမည်။ ရုရှား... မြတ်တော့မြတ်သည်။ သို့သော် တရုတ်လောက်မမြတ်ပေ။ လက်ဝဲဝါဒ ဆန့်ကျင်ဘက် မြို့လုံး... (ဂါ) လက်ယာဝါဒ ကြိုက်နှစ်သက်သူ ရုရှားများမှာ သိန်းနှင့်ချီပြီး ဖျောက်ဖျက်ခံရတယ်။ ထို့နည်း...

ရှရှားလက်ဝဲသမားများ - လက်ယာဝါဒရှရှားများကို သိန်းနှင့်ချီပြီး ဖျောက်ဖျက်ကြသလို တရုတ်လက်ဝဲဝါဒသမားများက လက်ယာဝါဒတရုတ်များကို သန်းနှင့်ချီပြီး ဖျောက်ဖျက်ခဲ့ရှာကြတယ်။ လက်ယာ-လက်ဝဲဝါဒ တိုက်ပွဲတို့ကြောင့် လက်ယာဝါဒကိုးကွယ်မှု ဘာသာအသီးသီးတို့၏ အဆောက်အဦးများ ရှရှားပြည်မှာ ရာနှင့်ချီပြီး အဖျက်ခံကြရတယ်။ တရုတ်ပြည်မှာတော့ ထောင်နှင့်ချီပြီး အဖျက်ခံကြရတယ်။ သို့သော် "ဝက်အတိုးမအောက်၊ လူမျိုးရိုးမပျောက်"ဆိုသည့်အတိုင်း ဗုဒ္ဓဝါဒကိုးကွယ် ကြသော မျိုးရိုးမပျောက်ကြပါ။ ယခုထက်တိုင် တည်ရှိ၍ နေကြပါသေးတယ်။

ယခုနှစ်ပါဆိုလျှင် လက်ဝဲဝါဒ ခေတ်စားလာသည်မှာ အနှစ်၄၀ ကျော်လာခဲ့ပေပြီ၊ ဤအနှစ်လေးဆယ်ကျော်အတွင်းမှာ တရုတ်ပြည်သည် လက်ဝဲဝါဒကြောင့် အမြတ်ထွက်သလို - ရှရှား၊ အမေရိကန်၊ ဂျပန်၊ ဂျာမန်၊ အိန္ဒိယ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ သီဟိုဠ်၊ လာအို၊ ထိုင်းနိုင်ငံစသော တိုင်းပြည်များတို့သည် လက်ဝဲဝါဒကြောင့် ရှုံးထွက်နေကြပေသည်။ ထိုနိုင်ငံများတို့တွင် ဗုဒ္ဓဝါဒအထွန်းကားဆုံးတိုင်းပြည်သည် မြန်မာပြည်ဖြစ်လေသည်။ ဒုတိယ ယိုးဒယားနှင့် သီဟိုဠ် ဖြစ်သည်။ တတိယ ကမ္ဘောဒီယား၊ ဂျပန်နှင့် ဗီယက်နမ်တို့ဖြစ်ကြသည်။

အဲဒီတော့ ငါတို့၏ ဗုဒ္ဓဝါဒသည် ကမ္ဘာမှာပျံ့နှံ့ပြီး ထွန်းလင်းပါမှ လူမျိုးအသီးသီးတို့ထက် ငြိမ်းချမ်းရေး အစစ်အမှန်ကိုရကြပြီး လူမှုအဆင့်အတန်း မြင့်တက်၍လာကြပေမည်။ အဓမ္မဝါဒများလည်း ပပျောက်သွားကြမည်။ အဓမ္မဝါဒများ ပျောက်ပျက်သွားလျှင် ဝါဒရေးစစ်ပွဲများ ငြိမ်းအေးသွားကြမည်။ ထို့ကြောင့် ဗုဒ္ဓဝါဒကမ္ဘာမှာ ထွန်းလင်းရေးအတွက် ဘုရားမဲ့ရှင်နန္ဒသာရနှင့် ပထမ ရှင်အရိယာဝံသတို့က ဘယ်ပုဂ္ဂိုလ်များ ကမ္ဘာမှာ ဗုဒ္ဓဝါဒ ထွန်းလင်းရေးအတွက် ဆောင်ရွက်ရန် တာဝန်ပေးသင့်ကြောင်း ရွေးချယ်၍ ယခုပင်ငါ့ထံ လျှောက်ထားကြရမယ်ဟု ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးက မိန့်ခွန်းတော်ပြုလိုက်လျှင် ထိုအရှင်နှစ်ပါးက စာရင်းကောက်၍ လျှောက်ထားကြသည်မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ အိန္ဒိယပြည် ရုပ်ချုပ် - နာမ်လွတ် ကျင့်စဉ်ဖြင့်အောင်မြင်သော ခြံစရာဘာဘာ

၂။ သီဟိုဠ်ပြည် ရုပ်စမ - နာမ်စမတို့ဖြင့် ပေါက်မြောက်သော ရှင်မဟိန္ဒြာ

၃။ ယိုးဒယားပြည် ရုပ်ပထမံ မ - အ - ဥ ဖြင့်ပေါက်မြောက်သော ရှင်ဂန္ဓာသာသနာ-ရှင်ဂန္ဓဆာဆန

၄။ တရုတ်ပြည် မဟာမန္တာန်ဖြင့်ပေါက်သော လာမား ဗုဒ္ဓ ဆာဆနဘုန်းတော်ကြီး

၅။ မြန်မာပြည် ဘိုးတော်အောင်သာ - သိဒ္ဓိရှင်

၆။ ၎င်း ရှင်သဒ္ဓမ္မကိတ္တိ - မဟိဒ္ဓိဆရာတော်

၇။ ၎င်း နတ်စက်ရောင်ဆရာတော်

၈။ ၎င်း ဒုတိယ အင်းဝမင်းခေါင် (ခ) ရှင်စန္ဒောဘာသ

၉။ ၎င်း မင်းကြီးရန်နောင် (ခ) ရှင်စရသိဒ္ဓိ။

ဤမဟိဒ္ဓိပုဂ္ဂိုလ်ကြီးကိုးပါး တင်သွင်းလျှောက်ထားသောအခါ မဟိဒ္ဓိဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးက ကောင်းတယ် . . ကောင်းတယ်။ ဤပုဂ္ဂိုလ်ကိုးပါးတို့သည် ဘာသာခြားစာပေနှင့်

ဘာသာခြားသဘောတရားများကိုလဲ ကောင်းစွာနားလည် တတ်ကျွမ်းကြသော ပုဂ္ဂိုလ်များ ဖြစ်ကြ တယ်။ ထိုပုဂ္ဂိုလ် ကိုးပါးတို့ကို ဂိုဏ်းချုပ်မဟိဒ္ဓိဆရာတော် အရှင်ဝါယမကြီးက ကွပ်ကဲ၍ အရာရာ ကောင်းမြတ် သည်ထက် ကောင်းမြတ်အောင် ဗုဒ္ဓသာသနာ ကမ္ဘာမှာထွန်းလင်းရေးကို မေတ္တာ ပုဗ္ဗင်္ဂမရှေ့သွား၍ ဆောင်ရွက်ကြရန် အစည်းအဝေး မဟာညီလာခံကြီးက လွှဲအပ်လိုက်ကြပါတယ်။ မဟာညီလာခံကြီး ကြွရောက်လာကြသော ပုဂ္ဂိုလ်များက သာဓုသုံးကြိမ် ခေါ်လိုက်ကြသောအသံသည် ကမ္ဘာတွင် နတ်ပြည်ခြောက်ထပ် ဗြဟ္မာပြည်တိုင်အောင် ပဲ့တင်ထပ်သွားသည်ဟု ကျွန်ုပ်မှတ်တမ်း တင်လိုက် ရပေသည်။

ကမ္ဘာ့အရေး ဆွေးနွေးကြပြီးနောက် ဗမာ့အရေးဆွေးနွေးရန် အစဉ်ရောက်လာသည့်အခါ အကျိုးတော်ဆောင် အရှင်အရိယာဝံသထပြီး ပုဂ္ဂိုလ်များကို ဦးတိုက်ရှိခိုးပြီးလျှင် - ယခုကမ္ဘာ့အရေး ကိုဆွေးနွေးပြီးသွားပါပြီ။ နံပါတ်၂အနေနှင့် ဗမာ့အရေးကို ဆွေးနွေးရန်ဖြစ်ပါတယ်။ သို့အတွက် ဤအချိန်မှစ၍ မြန်မာပြည်အရေး စတင်၍ဆွေးနွေးတော်မူကြရန်ပါဘုရားဆိုပြီး ဦးညွှတ်လက်အုပ်ချီ၍ အရှင်အရိယာဝံသ ထိုင်သွားသည်။ ထိုအခါ ဂိုဏ်းချုပ်ဆရာတော်အရှင်ဝါယမ မဟိဒ္ဓိပုဂ္ဂိုလ်ကြီးက မိန့်တော်မူသည်မှာ ယခု ပတ္တမြားစေတီတော် အစည်းအဝေးမဟာညီလာခံကြီးသို့ ကြွရောက်တော် မူလာကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်အပေါင်းတို့ကို ဗမာ့အရေးအခင်းများ ကောင်းမွန်စွာနား လည်စေရန် မြန်မာပြည်သူပြည်သားတို့၏ အကြည်ညိုလေးစား အခံရဆုံးပုဂ္ဂိုလ်ကြီးဖြစ်သော ပင်းယ မင်းသားကြီး မောင်အောင် (ခ) ဘိုးဘိုးအောင် (ခ) ရှင်အရိယာဝံသက ဗမာ့အရေးအခင်းကို ပြောကြား လျှောက်ထားပါလိမ့်မယ်။ ထိုလျှောက်ထားချက်ပေါ်မူတည်ပြီးတော့ လုပ်ဆောင်ချက်များကို လုပ်ဆောင် သွားရန် ဖြစ်ပါတယ်။ အရှင်အရိယာဝံသ ဗမာ့အရေးကို ရေရေလည်လည် နားလည်အောင် လျှောက်ထားပါ။

**ရှင်အရိယာဝံသက** - ယခုမဟာညီလာခံကြီး၌ ကြွရောက်တော်မူလာကြသော မဟိဒ္ဓိဂိုဏ်းချုပ် ဆရာတော်များနှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးများအပေါင်းတို့ကို ဗမာ့အရေးကို လျှောက်ထား ပြောကြားရမည်ဆိုလျှင် . . ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၆၀ ရောက် သောအခါ တကောင်းပြည် နောက်ဆုံးမင်းဆက် သကိုးမင်းဖျား၏သားတော် နန်းတက်နှစ်မှာ သာသနာနှစ် ၂၀ ဖြစ်ပါတယ်။ ထိုမင်း ယောက်ဖတော် ခေပဒူတ အိမ်ရှေ့မင်းဝက်ကြီးကို ခွင်းရန်လိုက် သောနှစ်မှာ သာသနာနှစ် ၄၀ ဖြစ်ပါတယ်။တပည့်တော် လျှောက်ထားစရာရှိပါ၍ နာယက ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးဘုရား . . ကောင်းပြီ တကာမင်းခေါင် လျှောက်ထားခွင့်ပြုပါတယ်။

အရှင်အရိယာဝံသဘုရား အိမ်ရှေ့မင်းခေပဒူတအကြောင်းကို ကြွလာကြသောပုဂ္ဂိုလ်များ သိရအောင် မိန့်တော်မူပါ။ ကောင်းပါပြီဘိုးမင်းခေါင်-ခေပဒူတမှာ ဝက်ကြီးကလိုက်လာရာ ပြင်ဦးလွင် နားသို့ ရောက်သောအခါ ဝက်ကြီးက ထိုနေရာက တောထဲဝင်အသွား နောက်ကနေ မြားနှင့်ခွင်းတော့ ဝက်ကြီးမပြေးနိုင်ပဲ လဲကျသွားပါတယ်။ ထိုနေရာကို ဝက်ဝင်လို့ခေါ်ပါတယ်၊ ယခုတော့ ဝက်ဝံလို့ ခေါ်နေကြတယ်၊ ပြင်ဦးလွင်ကလဲ ယခုတော့(မေ)လ်ခေါ် ကုလားဗိုလ်ကြီးက တည်သောမြို့ဖြစ်၍ မေမြို့လို့ခေါ်ကြတယ်။

ထို၀က်ဝင်ကမှ အိမ်ရှေ့မင်းခေပဒ္ဒူတသည် ပြည်တော်ကိုမပြန်လိုတော့ပဲ ရေကြည်ရာ မြက်နုရာ၌ ရသေ့ဝတ်ရန် ရည်ရွယ်ပြီး နေရာရှာတော့ မုံပင်များပေါသော သာယာသော ဒုတ္တဝတီ မြစ်နဘေးမှ တောတစ်ခုကိုတွေ့၍ လေးပင်တိုင် သက်န်းကျောင်းလေးဆောက်ပြီး ရဟန်းရသေ့ တရားကို အားထုတ်၍ နောက်ဆုံး၌ ဗြဟ္မာပြည်သို့ လာပါတယ်။ ထိုနေရာကတော့ ယခုမုံတောရွာလို့ ခေါ်ပါတယ်။ နော်ရထာမင်းတည်ခဲ့သော နဂါးရုံဘုရားတန်ခိုးကြီးလဲ ကိန်းဝပ်ဆံပါယ်လျှက်ရှိပါတယ်။ ထိုဘုရားနှင့် တစ်တိုင်လောက်အကွာ မြောက်ဘက်မှာ ရှင်မွန်လှတည်ခဲ့သော ရွှေစာရံမြတ်စွာဘုရားလဲ ရှိပါတယ်။

တကောင်းစိုးသော သတိုးမင်းဖျား၏သား မဟာသမ္ဘာဝမှ သုပညာနဂရမင်း တိုင်အောင် ၂၇-ဆက်ပြည်မြို့ကို အုပ်စိုးကြပါတယ်၊ အဲဒီနောက်ဆုံး သုပညာနဂရမင်းမှာ ရွှေဖြင့်သွန်းလုပ်ထားသော ဗုဒ္ဓရုပ်ပွါးတော် မတ်တော်မူကြီးကို ကြည်ညိုစွာသော ပသန္နစေတနာဖြင့် ဘုရားနားကမခွါပဲ ၃-လကျော်ကြာအောင် နေသောအခါ မိုက်မဲစွာသောမှူးမတ်တို့က သူတို့၏သားမယားများထံ မြန်မြန် ပြန်နိုင်ရန်အတွက် ထိုရွှေရုပ်တော်မူကြီးကို ဖိုကျင်ထိုး၍ဖျက်ဆီးလိုက်ကြပြီး ရွှေများကိုယူကြပါတယ်၊ ဘုရင်လည်း စိတ်မချမ်းသာပဲ တိုင်းပြည်ကိုပြန်သွားရှာပါတယ်။ များမကြာမီ လေထဲစကောကြီးတချပ် လွင့်ပါသွားရာ မုဆိုးမတစ်ယောက်က ငစကော - ငစကောလို့အော်ပြီး လိုက်သောအခါ မြို့သူမြို့ သားများက ငစကောစစ်ကြီးလာပြီဆိုပြီး ပြေးကြ ပုန်းကြနှင့် မြို့ပျက်သည့် တိုင်အောင်ဖြစ် သွားပါ တယ်။

သုပညာနဂရမင်းမှာလည်း ကိုယ်လွတ်ရုန်းထွက်ပြေးပြီး လူမနီးသောတောထဲမှာ ရသေ့ဝတ်ပြီး ရသေ့တရားကိုအားထုတ်၍ နောက်ဆုံး၌ နတ်ပြည်သို့လားပါတယ်၊ တိုင်းပြည်တော့ ဝစုကွဲသွားပါတယ်၊ ဒါဟာအကြောင်းရှာတော့ ဘုရားဖျက်ဆီးမှုပဲ ဖြစ်ပါတယ်။ သားမယားထံ ပြန်ချင်ကြတယ်၊ ထို့နောက် ပြန်သောအခါ အထုတ်အထည်နှင့် ပြန်ချင်ကြတယ်၊ ထို့ကြောင့် ရွှေဘုရားကြီးကို ဖြိုဖျက်ယူကြတယ်၊ ပုထုဇဉ်ဆိုတာ ကံငါးပါးကို ကျူးလွန်ဝံ့ကြောင်း ထင်ရှားသော ထောက်ထားချက်တခုပါပဲ၊ ဤကဲ့သို့ မိုက်မဲစွာပြုလုပ်သူ အချို့များကြောင့် သူတော်ကောင်း ဖြစ်ကြသော ရဟန်း၊ သံဃာ၊ တိုင်းသားပြည်သူ တို့မှာ ဖရိုဖရဲနှင့် ကသီလင်တဖြစ်ကြရပါတယ်၊ ဗုဒ္ဓမြတ်စွာဘုရားကို ကြည်ညိုလေးစားသော နတ်များ က မိုက်မဲသူတို့ ဒဏ်ခတ်ရာတွင် ဓါးခုတ်ရာ လက်ရှိ၍ပါရရှာသော ကံကျွင်းခံ တိုင်းသူပြည်သားတို့ ဖြစ်ရပ်မှာ ရင်နင့်စရာတစ်ခု ဖြစ်ပါတယ်။

သီရိခေတ္တရာပြည်ပျက်ပြီးနောက် ပေါက္ကာရာမပြည် သမုတိရာဇ်မင်းမှ ၅၁ဆက်မြောက် တရုတ် ပြေးမင်းမှာ တရုပ်ရန်ကို ကာကွယ်ရန်အတွက် ဘုရားစေတီဂူ ကျောင်းပေါင်းများစွာ ဖြိုဖျက်ပြီး မြို့ရိုး လုပ်ခဲ့သော်လည်း မနိုင်ပဲ ပြေးရတဲ့အဖြစ် ရောက်ခဲ့ပါတယ်။ မလုပ်သင့်မလုပ်အပ်တာကို လုပ်တဲ့ အတွက် ဤကဲ့သို့ ခံရခြင်းဖြစ်ပါတယ်။ သူ့နောက်မှာမင်း ၄ ဆက်စံနိုင်ပြီး ပုဂံပျက်သွားပါတယ်။ ဒီမင်းဟာ အဝီစိငရဲမှာ ယခုထက်တိုင် ခံရတုံးပါပဲ။ ပုဂံပျက်သွားပြီးနောက် ၆၇၄ ခုနှစ်တွင် သီဟသူမင်း ဝိဇယပူရ- ပင်းယမြို့ကိုတည်၍စိုးစံခဲ့ပါတယ်။ ၎င်းနောက် ၆၈၄-ခုနှစ်တွင် အသခ်ရာစောယွန်းမင်း ဇေယျာပူရ စစ်ကိုင်းမြို့ကို တည်၍နန်းစံပါတယ်။ ပင်းယမင်း၆ဆက်၊ စစ်ကိုင်းမင်း ၇ ဆက် ဖြစ်ပါတယ်။ ၇၂၆ခု ကဆုန်လမှာ စစ်ကိုင်းပျက်၍ နယုန်လမှာ ပင်းယပျက်ပါတယ်။ ထိုနှစ်ပင် သတိုးမင်းဖျားကအင်း

တည်ထောင်ပြီး စိုးစံပါတယ်။ ရွှေဂူဒါယကာကို ရှမ်းသိုဟံဘွား
၉ အင်းကိုဖိုပြီး ရတနာပူရအင်းဝမြို့ကို တည်ထောင်ပြီး စိုးစံပါတယ်။ ရွှေဂူဒါယကာကို ရှမ်းသိုဟံဘွား
တိုက်၍ နန်းတက်သောအခါ စေတီပုထိုးဖျက် ဌာပနာများကိုဖေါက်ယူ ဆရာတော်သံဃာတော်များကို
ကြေးတိုက်သွင်း၍မီးရှို့သတ် လုပ်သောအခါ သိကြားမင်း၊ သာသနာတော်စောင့်နတ်မင်း၊ တားလေ
စသောပုဂ္ဂိုလ်တို့က ကယ်တင်၍ဆရာတော်၊ သံဃာတော် များ ၃ ပုံ - ၂ ပုံလွတ်မြောက်သွားကြပါတယ်
ခုနှစ်အားဖြင့် ၉၀၁ ဖြစ်ပါတယ်။ ဝိပါက်ကြမ္မာကြောင့် ထိုရှမ်းသိုဟံစော်ဘွားမင်းတို့ ၁၅နှစ် အုပ်စိုးခြင်း
ခံရပါတယ်။ ၁၅ နှစ်အတွင်း တိုင်းသူပြည်သားတို့မှာ လောလောပူမှု ခံစားရပါတယ်။ သူဌေးသူကြွယ်
မှန်သမျှအားလုံး သတ်ဖြတ်ခံရပြီး ပစ္စည်းများကိုမင်း၏ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းခြင်းခံရပါတယ်
ထို့နောက် မင်းကြီးရန်နောင်က မနော်ရမ္မာ ဥယျာဉ်တွင် လက်နက်များမြှုပ်ထားပြီး သိုဟံဘွား
ယာယီ နန်းနေသည့်ကာလ ထိုဝှက်ထားသောလက်နက်များဖြင့် ၉၀၄ ခုနှစ် ကဆုန်လပြည့်တွင် လုပ်ကြံ
လိုက်ပြီး နရပတိမင်းဆက်ဖြစ်သော ရန်ဘောင်ခုံမှိုင်းကိုနန်းတင်ပြီး တနှစ်လောက်အကြာ မကွ
အရပ်၌တောထွက်၍ ရဟန်းဝတ်ပြီး ထွက်လမ်းကို ကျိုးစားအားထုတ်၍ ပေါက်မြောက်သွားပါတယ်
ယခု ဒီမဟာညီလာခံကြီးထဲမှာ ပါပါတယ်။ ဟိုရှေ့တည့်တည့်က သီတင်းသုံးထိုင်နေတော် မူသော
ရှင်ဝရသိဒ္ဓိမထေရ်ဖြစ်ပါတယ်။ မဟာညီလာခံကြီးတွင် ပုဂ္ဂိုလ်များအားလုံး ရှင်အရိယာဝံသ လက်ညှိုး
ညွှန်ရာဘက်သို့ တပြိုင်နက် ကြည့်လိုက်ကြပါသည်။ ကျွန်ုပ်လဲ အံ့အားသင့်စွာ ကြည့်ရှုဖူးမြော် မိပါ
တော့သည်။

ရှင်အရိယာဝံသဆက်ပြောသည်မှာ - နောက်ဆုံးမင်းဆက် ၃၀မြောက် ဟံသာဝတီပါ မင်း
တရားလက်ထက် သက္ကရာဇ် ၁၁၁၂ခု တန်ခူးလဆန်း ၈ရက် သောကြာနေ့ အင်းဝရွှေပြည်ကြီး ပျက်စီး
၍ သွားပါတယ်။ သာသနာသက္ကရာဇ်အလိုအားဖြင့် ၂၂၉၅ ခုနှစ်ဖြစ်ပါတယ်။ အင်းဝမင်း ဆက်ပျက်၍
အလောင်းမင်းတရားကြီး ဦးအောင်ဇေယျမှစ၍ သီပေါမင်းအဆုံး ကုန်းဘောင်မင်း၁၁ဆက် အုပ်စိုးသော
ခေတ်မှာ ဗမာ့အခြေအနေ မဆိုးလှသေးဘူး။ သို့သော် ဘကြီးတော်လက်ထက်မှာ ကုလားဖြူက
အောက်ဗမာပြည်သရက်အထိအောင် သိမ်းပိုက်လာနိုင်တဲ့အဖြစ်ဆိုး ကြုံခဲ့ရပြီးနောက် တဖြည်းဖြည်းနှင့်
နွားကွဲ ကျားကိုက်ဆိုတဲ့စကားပုံလို ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၈ရက် နေ့မှာ သီပေါကို
ကုလားဖြူတို့ဖမ်း၍ အောက်ပိုင်းအနှစ် ၁၀၀ကျော် အထက်ပိုင်း ၆၀ ကျော် ကုလားဖြူတို့ အုပ်စိုးခြင်း
ခံရတဲ့အတွင်းမှာ ဗုဒ္ဓဘာသာကိုနှိမ်၍ သူတို့ရဲ့ဘာသာထဲကို သိမ်းသွင်းခဲ့ပြီး မြန်မာပြည်ထွက် သဘာ
ပစ္စည်းများကို သူတို့တိုင်းပြည်သို့ တစ်နှစ်တစ်နှစ်အတွင်း မည်မျှလောက် ပို့တယ်ဆိုတာ ပျမ်းမျှခြင်းအားဖြင့်
လျှောက်ထား တင်သွင်းပါအုံးမယ်ဘုရား။

၁။ တစ်နှစ်အတွင်း စပါးတန်ချိန်ပေါင်း ၂၉၀၀၀၀၀ နှစ်သန်းကိုးသိန်း ငွေတန်ဘိုးပျမ်းမျှခြင်းအား
ဖြင့် ၂၄ - နှစ်ဆယ့်လေးကုဋေဘိုး ဖြစ်ပါတယ်။

၂။ ရေနံ - ၁၄ - တစ်ဆယ့်လေးကုဋေဘိုး ဖြစ်ပါတယ်။

၃။ သတ္တု -၆-ကုဋေဘိုး ဖြစ်ပါတယ်။

၄။ သစ် -၃- ကုဋေဘိုး ဖြစ်ပါတယ်။

အားလုံးပေါင်းလိုက်သော် တနှစ်အတွက်မြန်မာပြည်မှ ကုလားဖြူတို့ အမြတ်ထုတ်သော

ငွေပေါင်း ၄၇ လေးဆယ့်ခုနစ် ကုဋေဘိုး ဖြစ်ပါတယ်။ ဒါဟာ လူခွန်၊ မြေခွန်၊ လမ်းခွန်၊ ရေခွန်၊ စသည့် အခွန်ပေါင်း အမျိုး၉၀ကျော်လောက် ကောက်သောအခွန် ထွက်ငွေမပါသေးပါဘူး။ ရှေးရှေး မြန်မာ မင်းများတို့ကဆိုလျှင် လယ်ခွန်၊ ကိုင်းခွန်ပဲရှိပါတယ်။ ဒါကိုပဲ မင်းအဆက်ဆက် တည်ခဲ့ကြသော ဘုရား၊ ပုထိုး စေတီကျောင်းကန်များ ပြင်နိုင်ကြပြီး ဘုရားသာသနာတော် စည်ပင်ပြန့်ပွါးအောင် ပြုလုပ်ဆောင်ရွက် နိုင်ကြပါတယ်။ အလွန်ဆိုးဝါးတာတော့ ကုလားဖြူတို့ရဲ့ ဂိုဏ်းချုပ်ဘုန်းကြီး အဝတ်အစားကြီးကို မွန်မွန် မြတ်မြတ်အဖြစ် ဗမာပြည်ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသား ဗုဒ္ဓဘာသာ ကလေးတို့၏ကိုယ်ပေါ်မှာ မိစ္ဆာဝတ်စုံကြီး ခြုံပေးခံရတာဟာ အဆိုးဝါးဆုံးပါပဲ။ ထိုကဲ့သို့သော ဝိသမ လောဘကြောင့် တနေ့ ကြလျှင် ကုလားဖြူနိုင်ငံဟာ ဇီးရွက်လောက်ကလေးကျန်ပြီးသွားမဲ့ အခြေဆိုက်ရောက်ဖို့ရာ အမှန်ပါပဲ။

အဲဒီတော့ - ဆန်၊ စပါး၊ ရေနံ၊ သတ္တု၊ သစ် ဤလေးမျိုးက အကောက်ခွန် တနှစ်အတွက် ၄၇ကုဋေဆိုလျှင် အနှစ် ၆၀တွက် အကောက်အခွန်ငွေပေါင်း ကုဋေနှစ်ထောင်ရှစ်ရာသုံးဆယ် ဖြစ်ပါ သည်။ ဒါဟာ ရှောရှော ပေါ့ပေါ့နဲ့ တွက်ထားတဲ့အကောက်အခွန်စာရင်းပါ။ ထိုကဲ့သို့သော လူမျိုးရေး ဘာသာရေးများ၊ သာသနာရေးများ နစ်နာဆုံးရှုံးချက် တို့ကြောင့်မင်းလောင်းများနှင့် ဗြိမ်းခြောက်၊ ရွှေပေလွှာနှင့်စည်းရုံးဂဠုန်စုံ နှင့်သူပုန်ထစသည်ဖြင့် ရဲဘော်သုံးကျိပ်ဖွဲ့ပြီး တိုက်ခဲ့ရာမှ ပြန်တော်လှန် သည်အထိ မြန်မာပြည် လွတ်လပ်ရေးရသည်တိုင်အောင် သာသနာအတွက် အထူးကြိုးစားပြီး လာခဲ့ ကြရတယ်ဆိုတာ အရှင်မြတ်တို့လဲ သိတော်မူပြီးသား ဖြစ်ပါတယ်။ ယခုလဲဘဲ မြန်မာပြည်မှာ လက်ဝဲ ဝါဒ မကြီးစိုးနိုင်အောင် အထူးပဲကြိုးစားပြီး လုပ်နေကြရတယ် မဟုတ်လားဘုရား . . တစ်ဝါဒ တစ်ဝါဒ ထွန်းကားလျှင် နှစ်ပေါင်း၅၀မှ ၁၀၀အထိ ထွန်းကားနိုင်ပါတယ်။ အရေလည် သွားကြပါလျှင် မူရင်း ပြန်ကြတာပါပဲ ဒါဟာထုံးစံ ဓမ္မတာပါ။

မြန်မာပြည်မှာလဲ ကုန်းဘောင်မင်းဆက်မှစ၍ ယခုတိုင်အောင် စိုးစံပြီးကြသောမင်း စသည် တို့၏ သက်တမ်းကိုတွက်လျှင် ပျမ်းမျှခြင်းအားဖြင့် အသက်ရှည်ဆုံးမင်းမှာ ၁၆ - ၁၈နှစ် ပဲရှိပါတယ်။ ဒါဟာဘာ့ကြောင့် သက်တမ်းတိုရသလဲဆိုလျှင် -

၁။ သာသနာတော်ကို မြေတောင်မမြှောက်မှု

၂။ ကိုယ့်ပြည်နှင့် ကိုက်ညီသောအုပ်ချုပ်မှု မဟုတ်ပဲနှင့် အခြားပြည်ရဲ့ နည်းကိုသိမ်းသွင်းလာမှု

၃။ စည်းရုံးမှုအင်အား ကြီးသည်ထက် ကြီးလာအောင် မဆောင်ရွက်နိုင်မှု

၄။ အာရုံများပြားလာမှု

၅။ အသုံးထက် အဖြုံးကများမှု

ဤငါးချက်ကြောင့် မင်းသက်တမ်း တိုလာရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ဝိပတ္တိခေတ်အခါ "ကြုံသူကြိုက် ကြိုက်သူကောက် ကောက်သူရောက် ရောက်သူပေါက်" ဆိုတဲ့စကားလို ဗုဒ္ဓခါတ် မြို့ရော တောပါ ပျံ့နှံ့ပါလျှင် မြန်မာပြည်သူပြည်သားများ ဧငြိမ်းချမ်းသာကြပြီးလျှင် လာမည့်တတိယ ကမ္ဘာစစ် ဘေးအန္တရာယ်မှ လွတ်ကင်းကြမည် ဖြစ်ပါတယ်ဘုရား။ ယခုအရှင်အရိယာဝံသ ဗမာအရေးကို လျှောက်ထား တင်သွင်းသည့်အတိုင်း အရှင်အရိယာဝံသတို့ ကိုးဦးအဖွဲ့နှင့် ဗားမဲ့တို့ကိုးဦးအဖွဲ့ က

ဗမာ့အရေးအတွက် အေးငြိမ်းချမ်းသာမှုရသည်ထက်ရလာအောင် ဗုဒ္ဓဓါတ်ကိုဖြန့်ဖို့ရာ တာဝန်ယူရမယ်ဟု ဂိုဏ်းချုပ်မဟာဂန္ဓီဆရာတော် အရှင်ဉာဏိသာရမထေရ်ကြီးက တာဝန်လွှဲအပ်လာပေသည်။ ထို့နောက် အရှင်အရိယာဝံသက ဦးညွှတ်ထပြီး နံပါတ်သုံး ဘာသာသာသနာအရေး နံပါတ်လေး ပုဂ္ဂိုလ်မှန် ရွေးချယ်ရန်အရေး၊ နံပါတ်ငါး အောင်သိဒ္ဓိဘုရားတည်ရန်အရေးတို့ကို ဆွေးနွေးရန်ပါဘုရား ဟု လျှောက်ထားပြီး ဦးညွှတ်၍ ပြန်ထိုင်သွားလေသည်။

ထိုအခါ တားမဲ့ဆရာတော် ထတော်မူပြီး သံဃာထေရ်ကြီးများကို ဦးညွှတ်၍ ပဏာမစည်းဝေး တုန်းက အရှင်အရိယာဝံသ တွင်သွင်းခဲ့သောအချက်များကို အောင်သိဒ္ဓိစေတီတော်မြတ်တည်ရန် နေရာနှင့် ဌာနကိုတင်သွင်းလျှောက်ထားပြီး ဘာသာ၊ သာသနာရေးကို လျှောက်ထားတော်မူသည်။ စေတီတော်တည်ရန်နှင့် ပုဂ္ဂိုလ်ရွေးချယ်ပုံက ဖော်ပြ၍ပြီးခဲ့၏။ ကျန်မရေးခဲ့သေးသော ဘာသာ သာသနာ ရေးကိုဖော်ပြပါအံ့။ "တားမဲ့ဆရာတော်ဘုရားက ဘာသာ၊ သာသနာအရေးကို တင်သွင်းလျှောက် ထားသည်။" ဘာသာတို့၏အရေးမှာ ရေသောက်မြစ်ကတော့ သာသနာဖြစ်ပါသည်ဘုရား၊ သာသနာ စည်ပင်ပွံ့ပြိုးပါလျှင် ဘာသာက အလိုလိုအယူမှန်ပြီး တိုးတက်လာကြခြင်း ဖြစ်ပါတယ်။ ဘာသာရေး အယူဝါဒရှိမှသာ ယဉ်ကျေးမှုဖြစ်လာပါတယ်။ ယဉ်ကျေးမှု၏ ရေသောက်မြစ်မှာ ဘာသာရေးဖြစ် ပါတယ်။ ဘာသာရေးမရှိတဲ့ လူမျိုးများမှာ တိရစ္ဆာန်နှင့်မခြားပါဘူး။

ထို့ကြောင့် "ယဉ်ကျေးမှု၏ရေသောက်မြစ်မှာ ဘာသာရေးဖြစ်သလို ဘာသာရေး၏ ရေသောက်မြစ်မှာ သာသနာရေးဖြစ်ပါတယ်။" သာသနာရေးနှင့်ပတ်သက်လို့ ပြည်ခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ စစ်ကိုင်း ခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ကုလားဖြူခေတ်၊ ဖဆပလခေတ်တို့၏ သာသနာရေးကိုဆန်းစစ်ပြီး နှိုင်းယှဉ်ကြည့်ရအောင်။ အနည်းငယ်ပြောပြပါအံ့မယ်၊ ပြည်ခေတ်မှာ သာသနာထွန်းလင်းပုံကို ရှေးထုံးဟောင်းများလင်္ကာဖြင့် မှတ်တမ်းတင် ထားခဲ့ကြပါတယ်။ ပြည်ခေတ် သာသနာ နေမင်းလင်းထိန်ဖြာ ဆိုတော့ ၁၅၄၁၅ ။ ပါး၊ ဤလင်္ကာအတိုင်း မှတ်တမ်းတင် ထားခဲ့ကြ တာကို ကြည့်ခြင်းအားဖြင့် ပြည်ခေတ်အနေနှင့် သာသနာတော်ဟာ ထွန်းလင်းတယ်လို့ ဆိုရပေမယ် ပုဂံခေတ်ကျတော့ " လမင်းကြီးထိန်ထိန်သာ၊ ပုဂံခေတ်မြတ်သံဃာ" လို့မှတ်တမ်းတင် ထားပါ တယ်။ ထိုလင်္ကာအရဆိုလျှင်- ၄၅၂၁၁၆ ဆိုတော့ ပြည်ခေတ်ထက် ပုဂံခေတ်က ထွန်းလင်းကြောင်း ကောင်းကောင်းကြီး သိသာနိုင်ပါတယ်၊ စေတီပုထိုးများ အရေအတွက်မှာလည်း "ရွှေလသာ ဝါဝါဝင်း ပုဂံဘုရားစာရင်း" လို့မှတ်သားရပါတယ်၊ ထိုစာရင်းအရဆိုလျှင် ၄၄၆၄၄၄ ဖြစ်ပါတယ်။ ပုဂံခေတ်မှာ ဗုဒ္ဓသာသနာ အထွန်းကားဆုံးခေတ်လို့ ဆိုရပါမည်။

ပင်းယခေတ် စစ်ကိုင်းခေတ်ကို ကြည့်ပြန်လျှင်လဲ " ပင်းယစစ်ကိုင်း၊ သာသနာကံရိုင်း" စစ်ကိုင်းပင်းယသာသနာ တစ်သိန်းအတွင်းသာ" လို့မှတ်တမ်းတင်ထားတာ တွေ့ရ ပင်းယခေတ်မှာ တိုင်းပြည်အရေးအခင်းများ မတည်ငြိမ်ကြောင်း ထင်ရှားပါတယ်။ အင်းဝခေတ် ထောက်လျှင် စစ်ကိုင်း မှာတော့ ရွှေဒေါင်းမင်းလင်းထိန်ဖြာ အင်းဝခေတ်သာသနာ ဆိုတဲ့လင်္ကာ မှတ်တမ်းအရဆိုလျှင် ၄၁၅၄၁၅ ဆိုတော့ ပုဂံနှင့် အင်းဝဟာ သာသနာထွန်းကားပုံခြင်း မကွာလှကြပါဘူး။ စေတီပုထိုး စာရင်း သာ အင်းဝမှာမရှိတဲ့အတွက် စီပွါးရေးဘက် ပုဂံထက်အင်းဝက နိမ့်ကျကြောင်း သိရပါတယ်။ ထက်လမ်း

ဘက်မှာတော့ ပြည်နှင့်အင်းဝက အင်းဝိဇ္ဇာဘက် အထွက်များပါတယ်။ ပုဂံနှင့် ကုန်းဘောင် ခေတ်မှာတော့ ဓါတ်နှင့် မန္တန်ဘက် အထွက်များကြပါတယ်။

ကုန်းဘောင်ခေတ်သာသနာ လက်ာမှတ်တမ်းမှာတော့ ဥဩအော်မြည် ကုန်းဘောင်တည် "ဥဩမြတ် တွန်သံသာ ကုန်းဘောင်ခေတ်သာသနာ" ဆိုတော့ ၁၁၁၅-ခု ၊ ကုန်းဘောင်ခေ အစမှာ သာသနာအရေးအတွက်ကို လက်ာအရဆိုလျှင် ၁၁၅၇၆၆ ဆိုတော့ သာသနာရေးမှာ တော်ခေ တယ်လို့ ဆိုရပါမယ် ကမ္ဘာမှာနယ်ခဲ့ခေတ်ဦးဟာ ကုန်းဘောင်ခေတ် ဖြစ်သည်အတွက် ပြည်ရေ ပြည်ရာမှာ မတည်ငြိမ်သောခေတ် ဖြစ်ပါတယ်။ မတည်ငြိမ်သောခေတ်မှာ ဒီလောက် သာသနာထွန်းကာ ပါလျှင် လူနေမှုအဆင့်အတန်း အမြင့်နှုန်းပဲ ရှိနေသေးကြောင်း ထင်ရှားပါတယ်။ ကုန်းဘောင်ခေတ်နှော မင်းတုန်းလက်ထက်မှာ မန္တလေးနေပြည်တော်အတွင်း သီတင်းသုံးတော်မူ ကြသော သံဃာတော်မျ စာရင်းမှာ ဥဩတွန်သံသာ မန်းမြို့မြတ်သံဃာ ဆိုသော လက်ာမှတ်တမ်းအရ ၁၁၇၆၆ ပါး ဆိုတေ မန္တလေးရွှေမြို့တော် အနေနှင့်ဆိုလျှင် သာသနာထွန်းကားတယ်လို့ ဆိုရပါတယ်။ တောရောမြို့ပါဆိုလှ တစ်သိန်းကျော်ရှိကြောင်း သိရပါတယ်။

ထိုခေတ် သာသနာရေးဘက်ဆိုင်ရာ စာပေများတတ်ကျွမ်းသောသူများသာ မှူးမတ် က သံပြင်များ ခန့်သည့်အတွက် သာသနာဩဇာ ကြီးမားပါတယ်။ ယခုခေတ်မှာတော့ သာသနာရေးဘ ဆိုင်ရာ စာပေသည် ရာဇရေးဘက်မှာ မဝင်ဆံ့တော့သဖြင့် သာသနာဩဇာ အရှိန်အဝါ လျော့ လာပါတယ်။ ကုလားဖြူများ၏ ဘာသာစာပေသည် သာမာန်လူများ၊ လမ်းပေါ်ကလူများနှင့် ကိုက်သ အတွက် ထိုစာပေ ထိုအယူအဆများက ယခုခေတ်မှာ ပေါ်လွင်နေပါတယ်။ ဒါကတော့ လောက သဘာဝပါပဲ။ လောကီထွန်းကားလာလျှင် လောကုတ္တရာ နိမ့်ကျရတာပါပဲ၊ လောကုတ္တရာ ထွန်းက လာလျှင် လောကီနိမ့်ကျရတာပါပဲ။

သို့ဖြစ်ပါ၍ လောကုတ္တရာဘက်ကို ပို့ဆောင်နိုင်သော တစ်ကယ့်ငြိမ်းချမ်းရေးကို ပေးနိုင်ေ ထွက်လမ်းလုပ်ငန်းစဉ်၊ ကျင့်စဉ်များကို ပြည်သူများလက်သို့ ရောက်အောင် ဖြန့်ဝေပေးဖို့ရာတွင် ပုဂ္ဂိ တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အသီးသီးကိုဖြစ်စေ တာဝန်ပေးဖို့ သင့်တော်လှသော အချိန်ဖြစ်ကြေ တင်သွင်းလျှောက်ထားပါတယ် အရှင်မြတ်တို့ဘုရား။ ပရိတ်သတ်ထုကြီးက သာခုပြိုင်တူ သုံးကြိမ် ေ သောအသံသည် ဓတောင်ယံကို ပဲ့တင်ထပ်သွားပါတော့သည်။ ဗားမဲ့ဆရာတော်ဘုရား ဂိုဏ်း ဆရာတော်များဘက်ကို ဦးညွှတ်ပြီးထိုင်သွားပြီးနောက် မဟာဗိန္ဒိဂိုဏ်းချုပ်ဆရာတော် အရှင်ဒေဝိသ မထေရ်မြတ်ကြီးက မိန့်တော်မူသည်မှာ ယခုဗားမဲ့ဆရာတော် တင်သွင်းလျှောက်ထား သွားသ အတိုင်း **သတ္တမြောက်ကျော်အောင်စံထားဆရာတော်၏ ကျင့်စဉ်မှတ်တမ်းများကို ပြည်သူ့ လ ရောက်အောင်ဖြန့်ဝေဘို့ ကျော်အောင်စံထား အရှင်ဝါယာမာဘိဝံသကဘဲ တာဝန် ဆောင်ရွက်ရမည်။ အင်းလမ်းအတွက်ကို ဗားမဲ့နှင့် ကျော်အောင်စံထားပေါင်း၍ အင်းကျင့် စာအုပ်ကို ဖြန့်ဝေရမယ်။ ငါတို့ပေးထားသော ဂိုဏ်းကျင့်စဉ်များကိုလည်း ဖြန့်ဝေရမယ်၊ ၁၃၃၅ခု အောင်သိဒ္ဓိ စေတီမြတ်ကြီး တည်သောအချိန်မှစပြီး ဖြန့်ဝေရမယ်။** ယခု ကြိုတင် ပြင်ဆင်ထားကြရမယ်။မောင်ပြုံး၊ မောင်ပွင့်တို့လဲ ကိုယ့်ဂိုဏ်းဆိုင်ရာများကို ဖြန့်ဝေရမ

ကျင့်ကြံသူများကိုလည်း အားတက်အောင် စောင့်ရှောက်ရမယ်။ ယခင် ...ပေတွင်အစည်းအဝေးပွဲ
ပြုလုပ်စဉ်က ကိုးဖွဲ့ခေါင်းဆောင်များကလည်း အထူးစောင့်ရှောက်ပြီး သာသနာပြုကြရမယ်။ ဤကဲ့သို့
ပြုလုပ်ကြမှ သာသနာရေး၊ ဘာသာရေးတို့ တိုးတက်ပြီး သတ္တဝါများ ကပ်ဆိုးကြီးက လွတ်မြောက်ကြမယ်
သာသနာ ဘာသာရေးတို့ တိုးတက်အောင်မြင်ကြပါစေဆိုတာ ပဌနာပြုပြီး ဤအခဏ်းကို နိဂုံးချုပ်
လိုက်ပါတယ်။

အရှင်အရိယာဝံသမထေရ်သည် မဟိဒ္ဓိဂိုဏ်းချုပ်ဆရာတော်ကြီးများ ဦးညွှတ်ပြီး ယခုဘား
ဆရာတော်တင်သွင်း လျှောက်ထားသွားသော ဘာသာ သာသနာအရေး ပုဂ္ဂိုလ်မွန်ရွေးချယ်ရန်...
အောင်သိဒ္ဓိဘုရားတည်ရန်အရေးတို့ ဆုံးသွားပြီးနောက် သိဒ္ဓိနှင့်တန်ခိုး အဘိညာဏတို့အကြော
ဆွေးနွေးကြရန်ပါဘုရား . . အရှင်ဒေဝိသရာ ဂိုဏ်းချုပ်မဟိဒ္ဓိမထေရ်မြတ်ကြီးက မိန့်တော်မူသည်မှာ
တန်ခိုးအဘိဉာဏ်နှင့်သိဒ္ဓိအကြောင်းကို ပိဋကတ်ကျွမ်းသော ဝါးချက် ရှင်သောယာဘိဝံသ မထေရ်
လျှောက်တင်ဟောကြားပါ . . ဝါးချက်ဆရာတော်သည် ဂိုဏ်းချုပ်ဆရာတော်ကြီးများ ဦးညွှတ်
ထလာပြီး မိန့်မြွက်ဟောကြားတော်မူသည်မှာ -

ဘုရားတပည့်တော် တန်ခိုးအဘိညာဏ်တို့၏ အကြောင်းကို လျှောက်ကြားတင်ဆက်ရမည်
ဆိုပါလျှင် တန်ခိုးအဘိညာဏ်တို့၏ အခြေခံဖြစ်သော ဈာန်ကို ရှေးဦးစွာ လျှောက်ထားတင်ဆက်
ပါမယ်ဘုရား . . ရှင်တော်မြတ်ဘုရားက ဈာန်သည် လောကုတ်၊ လောကီနှစ်လီအကျိုးရှိကြော
အတိအကျ ဟောတော်မူထားပါသည်။ ပထမ ဈာန်တရားသည် လောကုတ္တရာ၌ ကြီးမားသော အကျိုး
ရှိပုံ ကို ရှင်တော်မြတ်ဘုရားက "ရဟန်းတို့ ပဌမဈာန် ကိုမှီ၍လဲ အာသဝေါကုန်ရာ အရဟတ္တဖိုလ်ကို
ငါဘုရားဟော၏။ ဒုတိယဈာန်ကိုမှီ၍လဲ အာသဝေါကုန်ရာ အရဟတ္တဖိုလ် ငါဟော၏။ တတိယ
ဈာန်ကိုမှီ၍လဲ အာသဝေါကုန်ရာ အရဟတ္တဖိုလ်ကိုငါဟော၏။ စတုတ္ထဈာန်မှီ၍လဲ အာသဝေါကုန်ရာ
အရဟတ္တဖိုလ်ကို ငါဟော၏။ အာကာသနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယ
တနဈာန်၊ နေဝသညာနာသညာယတနဈာန်တို့ကို မှီ၍လဲ အာသဝေါကုန်ရာ အရဟတ္တဖိုလ် ကို
ဟော၏။ သညာ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ် ရှိသည်နှင့်အမျှ အရဟတ္တဖိုလ်ကို ထိုးထွင်း
သိမှုဖြစ်တယ်ဟူ၍ အင်္ဂုတ္တရ နဝကနိပါတ်ဈာန်သုတ်မှာ ဟောတော်မူပါတယ်။

တဖန် ၎င်းအင်္ဂုတ္တရ နဝကနိပါတ်ဂါဝိဥပမာသုတ်၌ "ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည်
ထိုထိုဈာန်ကိုသာလျှင် ဝင်လည်းဝင်စား၏။ ထလည်းထ၏။ ထိုရဟန်း၏စိတ်သည် နူးညံ့၏။ ပျော့
ပျောင်း၏။ နူးညံ့ပျော့ပျောင်းသော စိတ်ဖြင့် အတိုင်းအရှည်ပမာဏမရှိသော သမာဓိကို ပွားစေအပ်
ဖြစ်၏။ ထိုရဟန်းသည် အတိုင်းအရှည်မရှိသော ကောင်းစွာပွားအပ်ပြီးသော သမာဓိဖြင့် မျက်မှောက်
ပြုသင့်သော တရားကိုထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုရန် စိတ်ကိုညွှတ်စေ၏။ ရှေ့အကြောင်း
နှင့် ယခုဘဝ အဘိညာဏ်၏ အခြေခံဈာနဟူသော အကြောင်းရှိလတ်သော် အဘိညာဏ်သို့ ရောက်
ပေ၏ဟူ၍ ဟောတော်မူထားပုံကို ထောက်သဖြင့် ဈာန်သည် စိတ်ကိုမည်မျှအထိ နူးညံ့ ပျော့ပျောင်း
လာစေနိုင်ပုံ အဘိညာဉ်အထိဆိုက်ရောက်နိုင်ပုံတို့ကို တိကျစွာဟောပြတော်မူပါသည်။

ထို့ပြင် ဈာန်သည် လောကီအဘိညာဉ် တန်ခိုးတို့ကို ဖြစ်ပေါ်လာစေနိုင်ပုံကိုရင်း ပါဠိတော်

ဂါဝိဥပမာသုတ်၌ပင် - ထိုရဟန်းသည် တပါးမကများစွာသော တန်ခိုးဖန်ဆင်းမှုကို ခံစားလိုချင်၏။ တပါးဖြစ်လျက်လည်း များစွာဖြစ်လို၏။ များစွာဖြစ်လျက်လည်း တပါးတည်းဖြစ်လို၏။ ဗြဟ္မာပြည် တိုင်အောင်လည်း ကိုယ်ဖြင့် အလိုသို့လိုက်စေလို၏ဟု၊ အကယ်၍အလိုရှိပါမူ ရှေးအကြောင်းနှင့် ယခုဘဝ ဣဒ္ဓိဝိဓအဘိညာဉ်၏ အခြေခံ ဈာန်ဟူသောအကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏အဖြစ် ဣဒ္ဓိဝိဓ အဘိညာဉ်သို့ရောက်ရ၏ဟု၊ လောကီ အဘိညာဉ်တန်ခိုး ဖြစ်ပုံကို အတိအကျ ဟောတော်မူထားပါသည်။ ၎င်းသုတ်၌ပင် လောကီအဘိညာဉ် ငါးပါးလုံးကို ညွှန်ပြတော်မူပါတယ်။

လောကုတ္တရာ တရားကိုးပါးတို့ကို ရလိုပါလျှင် လောကုတ္တရာကိုချည်း အားထုတ်လို့မရပါ။ လောကီကိုမှီ၍သာ လောကုတ္တရာသို့ ရောက်ရကြောင်းကို အင်္ဂုတ္တရ ဈာန်သုတ်၌ ညွှန်ပြတော်မူချက်ကို နှလုံးသွင်းသင့်ကြပါတယ်။ ဒီနေရာမှာ ဈာန်မရသော ဈာန်အစေးခြောက်သော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ မရှိပါသလောဟု စောဒကတက်ရန်ရှိပါတယ်။ မရှိပါဟုဝန်မခံလိုပါ၊ ရှိသည်ကား မှန်ပါတယ်၊ ၎င်းပုဂ္ဂိုလ်သည် ဘာဝနာ အာစိဏ္ဏကံအားကြီးလှသော ပုဂ္ဂိုလ်ထူးသာလျှင် ဖြစ်သင့်ပါတယ်။ ၎င်းပုဂ္ဂိုလ် ထူးလျှင်ထူး၊ မထူးလျှင် လောကီဈာန်ကိုပါယ်၍ လောကုတ္တရာဈာန်သို့ ရောက်နိုင်ရန် အလွန်ခဲယဉ်း ပါတယ်။ သုက္ခဝိပဿက ပုဂ္ဂိုလ်သည် အရိယာမဂ်သို့ဆိုက်ရန် လွန်မင်းစွာပင်ပန်းဆင်းရဲ ငြိုငြင်လျက် ကျင့်ကြံအားထုတ်ရပါတယ်။ ဈာန်ပုဂ္ဂိုလ်နှင့် ဈာန်မရပုဂ္ဂိုလ်တို့ ဤကဲ့သို့ကွာခြားလှပုံကို နှလုံးသွင်းသင့် ကြပါတယ်။

ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်များ ရောက်ရှိပုံကို အကျဉ်းမျှ လျှောက် ထား တင်သွင်းပါအုံးမယ်။ သမာဓိ တည်ဆောက်လိုသော ယောဂီသည် ရှေးဦးစွာ အလုံးစုံသော သုခိတ၊ ဒုက္ခိတသတ္တဝါတို့ကို မေတ္တာပို့ရပါတယ်။ ထို့နောက် ဥဂ္ဂကောသလ္လညာဏ် ၇ပါး၊ မနသိကာရ ကောသလ္လညာဏ် ၁၀ပါးစသည်တို့နှင့် ပြည့်စုံသောအခါ ဥပစာရဈာန် ၊ အပ္ပနာဈာန်တို့ကို ရလာ ပါတယ်။ ထို့ပြင် သမာဓိတည်ဆောက်လိုသော ယောဂီသည် ကာမဂုဏ်တို့၏ အပြစ်ကို အထပ်ထပ် အခါခါရှု၍ ဗုဒ္ဓဂုဏ်ကို နှလုံးသွင်းခြင်းအားဖြင့် စိတ်ကိုချီးမြှောက်ပေးရန် လိုပါတယ်။ ထိုကဲ့သို့ စိတ်ကို ချီးမြှောက်ပေးခြင်းအားဖြင့် စိတ်၏ငြီးငွေ့သောအဖြစ်မှ လွတ်မြောက်သွားနိုင်ပါတယ်။

ယခု ပြောပြသကဲ့သို့နည်းတို့ဖြင့် သက်စွန့်ကြိုးစား အားထုတ်လာသောအခါ ခပေါင်းရေကြည် စေ့စိမ်အပ်သော ရေသည်ခဏခြင်း စိမ်းမြဖြူစင် ကြည်လင်တောက်ပလာသကဲ့သို့ တစ်ခုတည်းသော အာရုံရှိသည့် သမာဓိနှင့်ယှဉ်သဖြင့် ယောဂီ၏စိတ်အစဉ် ကြည်လင်တောက်ပသည်ဖြစ်၍ ဝိတက် ဝိစာရ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာနအင်္ဂါ ၅ပါး နှင့်ပြည့်စုံသော အပ္ပနာခေါ်သော ပထမဈာန် သို့ရောက် ၏။ ပထမဈာန်ကို ရပြီးသော အာဒိကမ္မိက ပုဂ္ဂိုလ်သည် ဈာန်ကိုဝင်စားခြင်းသာ များစေရပါတယ် ဈာန်ကိုဆင်ခြင်မှု မများစေရပါဘူး၊ ပထမဈာန်ကို မလေ့လာမီ ဆင်ခြင်မှုများပါက ဈာန်အင်္ဂါ ရုန့်ရင်း အားနည်းစေမည့်အပြင် အပြစ်မြင်၍ အထက်ဒုတိယဈာန်သို့ တက်ဘို့ရန် အကြောင်းတရား မဖြစ်ပါ၊ ၎င်းရပြီး ပထမဈာန်မှလည်း ဆုတ်ယုတ်လျှောကျတတ်ပါတယ်။

ပထမဈာန်၌ ဝသီဘော်ငါးပါးတို့ဖြင့် လေ့လာကျေပွန်သောအခါ ပထမဈာန်မှထ၍ ဝါရေ

၅။ အရိယူပဝါဒအန္တရာယ် ဤငါးပါးတို့တွင် ရှေ့သုံးပါးက ကုစားပြုပြင်လို့ မရတော့ပါ။ နောက်နှစ်ပါး က ကုစားပြုပြင်လို့ရကောင်းပါသေးတယ်။ ဗားမဲ့ဆရာတော်က - အရှင်အရိယာဝံသဘုရား . . ဒို အန္တရာယ်ငါးပါး အဓိကအချက်ကြီးများကို လိုရင်းလောက် ရှင်းပြတော်မူပါ။ ကောင်းပါပြီဘုရား . . .

(၁) ကိလေသန္တရာယ် - ဆိုတာက ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးကိုပါယ်သော နတ္ထိကဒိဋ္ဌိ အယူ ကုသိုလ်အကုသိုလ်ကံတို့၏ အကြောင်းကိုပါယ်သော အကြိယဒိဋ္ဌိအယူ - အကြောင်းအကျိုး နှစ်ပါးလုံးကို ပါယ်သော အဟေတုက ဒိဋ္ဌိအယူ ဤ သုံးမျိုးကို တမျိုးမျိုး ယူသောသူမှာ နိယတ မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ် စွန့်ပစ်လို့မရအောင်ယူမိလျှင် ကိလေသန္တရာယ်သင့်၍ ထွက်လမ်း၊ မဂ်လမ်း ယခုဘဝတွင် မရနိုင်တော့ပါ။

(၂) ကမ္မန္တရာယ် - ဆိုတာမှာ အမိ၊ အဘ၊ ရဟန္တာ၊ ဘုရား၊ သံဃာ တို့ကို သတ်မှု၊ သွေးစိမ်းတည်အောင် လုပ်မှု၊ သင်းကွဲအောင်လုပ်မှု ဤငါးမျိုးအနက် တမျိုးမျိုးကျူးလွန်မိလျှင် ကမ္မန္တရာယ်သင့်၍ ထွက်လမ်း၊ မဂ်လမ်းယခုဘဝတွင်မရနိုင်တော့ပါ။

(၃) ဝိပါကန္တရာယ် - ဆိုတာမှာ အဟိတ်၊ ဒွိဟိတ်၊ ပဋိသန္ဓေစွဲနေသော သတ္တဝါတို့မှာ ထွက်လမ်း၊ မဂ်လမ်းနည်းမှန်တရားများကို မနာယူနိုင်၊ မကျင့်နိုင်ကြပါသဖြင့် ယခုဘဝတွင် မရနိုင်ကြပါ။

(၄) အာဏာဝိတိက္ကမန္တရာယ် - ဆိုတာက ဘုရားပညတ်တော် ပါရာဇိကငှပါးကို ကျူးလွန်မိသော ပုဂ္ဂိုလ်များ သစ္စာခံဒွာန်ဖြင့် သီလဆောက်တည်ပြီး ကျိုးပေါက်သူများတို့ အာဏာဝိတိက္ကမန္တရာယ်သင့် ၍နေပါတယ်။

(၅) အရိယူပ ဝါဒန္တရာယ် - ဆိုတာက အရိယာများ ပုဂ္ဂိုလ်ကြီးများကို စွပ်စွဲပြစ်မှားခြင်းဖြစ်ပါတယ်။ ဤနောက်နှစ်ပါးကတော့ ကုစားပြုပြင်လို့ ရပါသေးတယ်၊ ဤအချက်ကြီးငါးပါးမှာ သာသနာပြုရာတွင် အထူးသတိထားပြီး ကြည့်ရှုလုပ်ဆောင်သွားဘို့ အထူးလိုအပ်လှပါတယ်။ ယခုခေတ်မှာ -

၁။ ထွက်လမ်းကို လိုလိုလားလား ကျင့်ဆောင်လိုသူများ
၂။ မဂ်လမ်းကို လိုလိုလားလား ကျင့်ဆောင်လိုသူများ
၃။ ထွက်လမ်းမှ မဂ်လမ်းကို သွားလိုသူများ
၄။ ကြီးပွားတိုးတက်၍ လောကီဘက်တွင် ချမ်းသာလိုသူများ
၅။ ထွက်လမ်းကိုလေ့လာပြီး မကျင့်ကြံဘဲနှင့် ဝေဘန်နေချင်သူများ
၆။ မဂ်လမ်းကိုလဲ ထိုနည်းငှင်း
၇။ အဘက်ဘက်တွင် ဝါကြွားနေချင်သူများ
၈။ ထွက်လမ်းယောင်ယောင် အောက်ခြေလွတ်နေသူများ
၉။ မဂ်လမ်းယောင်ယောင် အောက်ခြေလွတ်နေသူများ
၁၀။ ထွက်လမ်းဘက်၊ မဂ်လမ်းဘက်ကို ဖျက်နေသော ဒုဿီလများ

၁၁။ သာသနာရေး၊ ဘာသာရေးဘက်ကို ဖျက်နေသော ဒုဿီလများ -

စသည်ဖြင့် လူအစားစားတို့ ပေါ်ပေါက်နေချိန် ဖြစ်ပါတယ်။ ထိုလူအစားစားတို့ အရင့်အနု ကြည့်ပြီး ထိုက်သည်အားလျော်စွာ ခန်းသွားဟန်လွှဲ ချွတ်၍ သာသနာပြုသွားကြမှ ခေတ်အားလျော်စွာ တိုးတက်ပြီး သာသနာစည်ပင်နိုင်ဘို့ အခြေရှိပါတယ်။ သာသနာပြုဘို့ သဘောမှာ ဘယ်သူကဘယ်လို ပြောပြော၊ ဘယ်လိုဆိုဆို မေတ္တာ၊ သစ္စာ၊ ခန္တီ ဤတရားသုံးပါး လက်ကိုင်ထားကြပြီး ရှင်တော်မြတ်ဘုရား ၏သာသနာတော်ကို စည်ပင် ပျံ့ပွားသွားအောင် လုပ်ပါတယ်။ ယခုအခါမှာဆိုလျှင် ဘာသာအသီးသီး တို့က သူ့ဘာသာသူ ငွေအား၊ လူအားနှင့်ပေါက်ပြီးတော့ အစွမ်းကုန်ပြုနေကြသော ခေတ်ကြီးဖြစ်ပါ တယ်။ ဗုဒ္ဓဘာသာဟာ ကံရှိခွဲ ရှိသည့်အတိုင်း အေးအေးပဲ ပြုလာကြတယ်။ ယခုခေတ်မှာ အခြား ဘာသာများက ဝီရိယအား၊ ငွေအား တို့ဖြင့် နည်းအမျိုးမျိုးတို့နှင့် ပြုနေကြ၍ ဗုဒ္ဓဘာသာထဲသို့ ထိုးဖောက် နေကြပါတယ်။

ဒီအန္တရာယ်မျိုးကို ကြိုတင်ကာကွယ်ရန် လိုအပ်ပါတယ်။ ထို့ကြောင့် ကြိုတင်ကာကွယ်ရန် ချမှတ်ပြီး ဆောင်ရွက်ကြရန် တင်သွင်းပြီး ပရိသတ်အမျိုးမျိုးတို့၏ အကြောင်းနှင့်သာသနာပြုတို့၏ သဘောတရားကဏ္ဍကို နိဂုံးချုပ် လိုက်ပါတော့သည် အရှင်မြတ်ဘုရား . . .။ ပရိတ်သတ် ပုဂ္ဂိုလ် ကြီးများ သာခုခေါ်သံ ငြိမ်သွားသည်နှင့်တပြိုင်နက် အရှင်လာဘိဿရ မထေရ်မြတ်ကြီးက လူမျိုးခြား များကို သာသနာပြုနိုင်ရေးအတွက် အဖွဲ့ကြီးကိုးဖွဲ့မှ ပုဂ္ဂိုလ်များက ဆောင်ရွက်ကြရန် တာဝန်ထပ်မံ၍ ပေးအပ်လိုက်ပါတယ်ဟု မိန့်ပြီးနောက် ရှင်အရိယာဝံသမထေရ်မြတ်က ဇယန္တောဂါထာ မှုစ၍ အာရောဂါ၊ သုခိတာ၊ ဟောထသဟ သဗ္ဗေဟိဉာတိဘိတိုင်အောင် သုံးကြိမ် ရွတ်၍ အာရက္ခဦး အချိန်ကျရောက်ပါသဖြင့် မဟာညီလာခံကြီးအောင်မြင်စွာ သိမ်းတော်မူကြပါရန်ဘုရား။

၁။ ပဒါးပြာကျသောအပင်၏အမြစ်မှာ ဝက်သဲပင်အမြစ်နှင့် မွှေကပြာကျ၏။ ဝက်သဲပင်မှာ ဝါးပင် အပင်ငယ်သဏ္ဌာန်ရှိ၏။ ပုပ္ပါးတောင်မကြီးထိပ်မှာရှိ၏။ အဆစ်မှာ ဆူးလုံးသုံးခွပါ၏။ အမြစ်နှင့် မွှေသော် ပြာကျ၏။

၂။ ဘဏ္ဍာရွက်သတ္တုရေငါးကျပ်သားလောက်တိုက်က ဓမ္မတာသွေးလွန်တာရပ်၏။ ထိုအပင်ရှာ ခက်သော်၊ သွေးလွန်သောမိန်းမ၏ဆံပင်ဖျားအနည်းငယ်ဖြတ်၍ပြာချတိုက် - သွေးလွန်ရပ်၏။

၃။ ကျို့ကြီးထိုးသောသဘော်ကြက်သွန်နီဥကြီးတစ်လုံးထောင်းပြီး ထန်းလျက်ရည်ထဲထည့်လိုက် ကျို့ကြီးရပ်၏။

၄။ အပွင့် ၃ ထပ်ပင်မှာ အစိပ်နိုင်၏။

၅။ ဂုံတမံပဥ္စငါးပါးကြိုသောက် ရိကျတာပျောက်၏။

၆။ ရိကျတာဘယ်ဆေးနှင့်မှမပျောက်လျှင်၊ ကျီးကန်းသတ္တဝါအသားပြုတ်သောက် ပျောက်၏။

၇။ ခွေးနက်သားက - အရောင်ပျောက်ခြင်း

၈။ စပါးကြီးသားက - ကျောက်ပေါက်ခြင်းမှကင်း၏။

ရှင်တော်မြတ်ဘုရား၏

၁။ ထမင်းကိုမုန်းသောသူသည် သေဆုံးရန်လမ်းတခုတည်းရှိသကဲ့သို့ - ရှင်တော်မြတ်ဘုရား၏ ရှုံ့မုန်းသောလူမိုက်တို့သည်
အဆုံးအမအစစ် သံသရာထွက်လမ်းဖြစ်သောတရားကို ရှုံ့မုန်းသောလူမိုက်တို့သည်

၂။ အစဉ်နက်ဝှမ်း ကမ်းကိုမလွန်၊ ရှုံ့ဘွယ်ဆယ်ပစ်၊ တမည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုးရတနာ
ရသာဆားတူး၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာမှတ်ပါ သာသနာတော်တည်း။

၃။ သုတ္တန်ဝိနည်း တထပ်တည်း - ကျမ်းကြီးဘိဓမ္မာ၊ နိဗ္ဗာန်ဖိုမင် ရရန်အတွက် ပေါ်ဆောင်သွယ်
တာ။

၄။ ရောင်းကုန်ရှုံးလျှင် တခေါက် လင်ကုန်၊ မယားကုန်ရှုံးလျှင် တယောက် ဆရာကုန်ရှုံးမိမှဖြုံ
တသံသရာလုံးမှောက်တတ်၏။

၅။ ငါးကင်ကြောင်ကိုက်-အဘိုးမထိုက်သော်လည်း၊ ကိုယ့်မယားမိုက်မှန်း လူသိတာရှက်ဖို့ ကောင်း
သလို၊ ပစ္စည်းကုန် လူမွဲ-အပွါယ်ငရဲ-ဝဋ်ဆင်းရဲကမလွတ်သေးတာထက် ဘာသာရေးကန်
အဝါးမဝလို့ရမ်း၊ မိမိမိုက်အမှန်း သူတော်ကောင်းတို့သိမှာ ရှက်ဖို့ကောင်း၏။

၆။ ထူးသောဉာဏ်ဖြင့် သိထိုက်သောတရာတို့ကို အထူးသဖြင့်သိမှု အဘိဇာနနကိစ္စ - ပိုင်းခြား၍
သိထိုက်သောတရားတို့ကို ကွဲပြားစွာပိုင်းခြားသိမှု၊ ပရိဇာနနကိစ္စ-ပါယ်ထိုက်သော တရားတို့ကို
ပါယ်စွန့်ပစ်မှု မဟာနကိစ္စ၊ မျက်မှောက်ထင်ထင်သိမြင်ထိုက်သောတရားတို့ကို မျက်မှောက်
ထင်ထင်သိမြင်မှု- သစ္ဆိကရဏကိစ္စ-အဖန်ဖန်အထပ်ထပ်ပွါးများဆင်ခြင်ထိုက်သော တရားတို့ကို
ပွါးများဆင်ခြင်မှု၊ ဘာဝနာကိစ္စ ဤကိစ္စ ငါးပါးတို့ကို မဂ်လမ်းသမားတို့ မလစ်မလပ်ဆောင်ရွက်
ရသော ကိစ္စရှိသလို၊ ထွက်လမ်းတို့မှာလည်း-ထူးသောဉာဏ်ဖြင့်သိမှုကိစ္စ၊ ပိုင်းခြားသိမှုကိစ္စ
မျက်ဝါးထင်ထင်သိမြင်မှုကိစ္စ၊ ပွါးများဆင်ခြင်မှုကိစ္စ၊ ဤကိစ္စလေးရပ်တို့ဖြင့် ချမှတ်ပြီးပြုလုပ်မှ
ပေါက်မြောက်နိုင်၏။

၇။ အရေးရှိ၍မှီခိုလာ တော်တော်ကြာအပြစ်ပြောတတ်၏၊ သွေးသားမစပ်ကြည့်ရှုလပ်လျှင်
ဉာဏ်ဆင်ခြင်ကာ ပြုလုပ်ရာ၏၊ ကိုယ်ကကျူး ဒူးတောင်မယုံရ။

၈။ အစဦးစွာ ခြေတော်ရင်းမှာ ခိုလုံပါရလျှောက်ကလည်း နောင်ခါခေါင်းပေါ် ရောက်လတ်သော်၏၊
မျှော်ခေါ် ထောက်ထား လက်ခံညာမှအပြစ်ပ၏။

၉။ သတိတမာန် ဉာဏ်မြေကတုတ်-ပညာစွန်းကချွန်းကဲ့သို့အုပ်ထုံးလုပ်သော်လည်း အဟုတ်ကြ
တော့ ပညာပေါ်ခဲ့သည်။ ပညာပေါ်ရန် ဘာဝနာကို မှန်မှန်အားထုတ်ရာ၏။

၁၃၃၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ငှနာရီလောက် မဟာညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးသွားပြီးနောက် ပုဂ္ဂိုလ်ကြီးများအသီးသီး သက်ဆိုင်ရာသို့ကြွမြန်းကြ၏။ ကျွန်ုပ်နှ အရှင်အရိယာဝံသတို့လဲ ပြန်လာကြ၏။ အချိန်နဲနဲရသေးသဖြင့် ကျွန်ုပ်ကသိချင်သောအရာများကို မေ လျှောက်ထားပြီး မိုးလင်းသောအခါ ကျောင်းသို့ ပြန်လာခဲ့တော့၏။ ကျွန်ုပ်သိလိုသောအချက်မျာ အရှင်အရိယာဝံသကို မေးလျှောက်သောအခါ ဖြေကြားသော အကြောင်းများကို အောက်တွင် ရေး ပါအံ့ -

တပည့်တော် မေးလိုတာကတော့ - ကရဏီယအောက်ဝ လေးထောင့်ပေါက္ကံရှင်ကြီး ထီးနှင့် မှောက် ဝလေးလုံးကိုတွေ့အောင်ရှာ၊ ဂဏန်းကိုးလုံးမှာ။ ဆေးသားမှချ၊ ဝဇ္ဇာ၊ မိတေရှင်လဲတွေ့မည်ပ၊ ခေမာအမတ- နိဗ္ဗာန၊ ရောက်ရာအမှန်တည်း။ ဤလင်္ကာအရ အဓိပ္ပါယ်များကို ဆရာများက အကောက် အမျိုးမျိုးဖြင့်ကောက်ယူကြပါတယ်၊ ဘယ်လိုကောက်နည်းကမှ အမှန်ဆိုတာ သိချင်ပါတယ် . . . တပည့် တော်ကို ကောက်ယူပြီး ရှင်းပြစမ်းပါဘုရား။ ကျော်အောင်စံထား ဆရာတော်လေးကို အမှန်ကောက်ယူ ပုံ ပြောပြမယ် မှတ်ထားနော် - မှတ်ထားပါ့မယ်ဘုရား။

(၁) တစ် ကား - ဂေါတမ မြတ်စွာဘုရား

ကိုး ကား - ဂုဏ်တော်၉ပါး

၁+၉ ပေါင်းသော် ၁၀ ရ၏။ တစ်၊ ကိုး၊ သုည တစ်လုံးကျေ၍ ဝံသော။

ဝကျေ ၊ က္ကသော၊ သရကျေ ခြင်းကြောင့်ပဋ္ဌမဝိဇ္ဇာ'ဝ'တလုံးပိုင် ထွက်ရပ်လမ်းဖြစ်လေသည်။

(၂) နှစ် ကား - ရုပ်နာမ် နှစ်ပါး

ရှစ် ကား - မဂ္ဂင် ရှစ်ပါး

၂+၈ ပေါင်းသော် ၁၀ ရ၏။ တစ် ၊ ကိုး ၊ သုည သုည တစ်လုံးကျေ၍ ဝံသော၊ ဝကျေ ၊ က္ကသော၊ သရကျေ ခြင်းကြောင့် လောကီဝိဇ္ဇာခိုရ်ကြီးများနှင့် အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာဟုဆိုအပ်သော ဂန္ဓာရီဝိဇ္ဇာကြီး များတို့ ထွက်ရပ်လမ်းဖြစ်လေသည်။ ထို့ကြောင့်'ဝ'တစ်လုံးဖြစ်လေသည်။

(၃) သုံး ကား - သရဏဂုံ၃ပါး

ခွန်နစ်ကား- ဗောဇ္ဈင်၇ပါးတို့ဖြစ်၍

၃+၇ ပေါင်းသော်၁၀ရ၏။ တစ်၊ ကိုး၊ သုည သုည တစ်လုံးကျေ၍ ဝံသော၊ ဝကျေ ၊ က္ကသော၊ သရကျေ ဖြစ်ခြင်းကြောင့် မဟာဂန္ဓာရီဝိဇ္ဇာခိုရ်များနှင့် ရှင်အဇ္ဈဂေါဏ၊ ရှင်မထီး၊ ဦးခမ္ဘစာရီ သုံးမည်ရ ဆရာတော်မြတ်တို့ ထွက်ရပ်လမ်း ဖြစ်လေသည်။ ထို့ကြောင့် 'ဝ' တစ်လုံးရသည်။

(၄) လေး ကား - သစ္စာ၄ပါး

ခြောက်ကား- ရောင်ခြည်တော်ခြောက်ပါး

ပေါင်းသော်၁၀ရ၏။ ၁-၉-၀ သုည တစ်လုံးကျေ၍ ဝံသော၊ ဝကျေ ၊ က္ကသော၊ သရကျေ ခြင်းကြောင့် အရိယာဝိဇ္ဇာခိုရ်ကြီးများ၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာပုဂ္ဂိုလ်ကြီးများတို့ ထွက်ရပ်လမ်းဖြစ်ပေ သည်။ ဤသည်ကား'ဝ'တစ်လုံးဟုမှတ်ပါ။

ဤ'ဝ'လေးလုံးကို မဟာဂန္ဓာရီလမ်းကို ကျင့်သူတို့အင်းချ၍၎င်း၊ ဓါတ်ကစား၍၎င်း၊ ဆေးဖေါ်၍ ၎င်း၊ မန္တာန်စိတ်၍၎င်း၊ အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ သူတို့စားကျက်မှ လွတ် အောင် ဘကိုးဆောင်ကြ၍ မအို-မနာ-မသေအောင် နှစ်ထောင်၊ သောင်း၊ သိန်း၊ တကမ္ဘာ၊ နှစ်ကမ္ဘာ စသည်ဖြင့် ရပ်တည်နိုင်စွမ်းရှိပြီလို့ သိလာသောအခါ ထွက်လမ်းမှ မဂ်လမ်းသို့လိုက်လိုသော သူများ လိုက်ကြ၍၎င်း၊ ဆုကြီးပန်သောသူများက ပါရမီဖြည့်သောအနေနှင့် သာသနာပြုစခန်းများ ပြုလုပ်ကြ၍၎င်း၊ ကိုယ်ရည်ရွယ်

ချက်နှင့် ကိုယ်အသီးသီး ဆောင်ရွက်ပြုလုပ်ကြပေသည်ဟု ပဌမမေးခွန်းကို ရှင်အရိယာဝံသက ဖြေဆို ချက်နှင့် ကိုယ်အသီးသီး ဆောင်ရွက်ပြုလုပ်ကြပေသည်ဟု ပဌမမေးခွန်းကို ရှင်အရိယာဝံသက ဖြေဆို

ချက်နှင့် ကိုယ်အသီးသီး ဆောင်ရွက်ပြုလုပ်ကြပေသည်ဟု ... ဓါတ်ကောက်ပုံကို ရွတ်ပြပါ တော်မူသည်။ ဒီကဏ္ဍတော့ရှင်းပါပြီဘုရား။ကရဏီယ လက်္ခာတစ်မျိုးအရ ဓါတ်ကောက်ပုံကို ရွတ်ပြပါ ဘုံးမယ်ဘုရား၊ ထိုလက်္ခာအရ နည်းလမ်းမှန် မှား ညွှန်ကြားပါဘုံးဘုရား။

၁။ ကရဏီယအောက် 'ဝ'လေးထောက်၊ ပေါက္ကံ့ရှင်ကြီး ထီးနှင့်ပျောက်။ တစ်၊ နှစ်၊ သုံး၊ လေး စားမထွေး နှင့် နဝတိုင်အောင်ရေး - မပါဆေးဝါး၊ ဓါတ်ကိုးပါးကို စမ္ပါယ်အင်းမှယူ။

၂။ ဆားကားစေက၊ ယမ်းနဝ ဒွယကန့်ယူပါ။

၃။ ဟင်းရိုးအဌ၊ စိန်တြ၊ သတ္တဆေး ဒန်းသား ။


၄။ ဇဝက်သာဆ၊ ခြောက်ခုရ၊ ဇယလကျွားသား။

၅။ လေးလုံးထိုးပါ၊ ခံဝက်ဝါ၊ ဝစ္စာဆီစု၊ ရုပလေးဦး၊ တင်စွာရအောင်ပြု။

၆။ ရုပ်လေးထင်က - စမ ဗထက်ချိုင့် ပေါ်မြစိုက်၏။ ရိုက်လျှင်ကြေ၊ ဓါတ်အနေကား-သကာများ ကောင်းသင့်ရာလောင်း၍။သန်းခေါင်းလောက်မျှ သုံးဆောင်ရမူ-ခြောက်လ-တနှစ်၊ ပျိုမူဖြစ်၏။ စင်စစ်မှန်လှ၊ ဝဓုနတည်း။

၇။ ယင်းကတစ်ဖန်၊ တက်လိုပြန်မူ-ဓါတ်သေတစ်ကျပ်၊ သုတ-ငါးမူး ဝင်အောင်နှူး၍၊ ဗိုလ်မှူး လေးပါး၊ ရန်ငြားအကုန် စိတ်ရပ်ခွဲနှင့်၊ ဖုတ်ကြလေပါ၊ ဆယ့်နှစ်ခါတည်း-မွဲပြာသို့ရောက်၊ တစ်ရွေးလောက်ကို၊ ဒန်ခြောက်ဆယ်တွင်၊ ပြစ်လေချင်သော်၊ ဖြူစင်ဝွမ်းလား၊ နီလွင်ရွှေသား၊ သုံးစားမကုန်၊ တောင်နယ်ပုံသည်၊ လောက်လုံးကြွယ်ဝ၊ ချမ်းသာတည်း . . . ဟု

ကျွန်ုပ်ကရွတ်ပြသောအခါ - ရှင်အရိယာဝံသက ကိုယ်တော်လေးရွတ်ပြသော လက်္ခာမှာ ရှေးဟောင်း လက်္ခာကြီးဖြစ်တယ်၊ ရွတ်ပြသော လက်္ခာကြီးမှာ အမှန်ကြီးဖြစ်ပါတယ်။ ကောက်ယူ ပုံကဒီလို ကိုယ်တော်လေး ပထမ လက်္ခာအရ - စမ္ပါနဝအင်းကို မှန်အောင်ချရပ့်မယ် စမ္ပါနဝအင်းချ နည်းက - နွေထောင့်ကို ၁-ဂဏာန်း၊ သုံးဂါထောင့်ကို ၃-ဂဏာန်း၊ စနေထောင့်ကို ၉-ဂဏာန်း၊ ရာဟုထောင့်ကို ၇ ဂဏာန်းသွင်းပါ။ ၂ ဂဏာန်းကို အရှေ့အရပ်၊ ၇ဂဏာန်း၊ ရှစ်ဂဏာန်းကို အနောက်အရပ်က ၆ ဂဏာန်းကို တောင်အရပ်က၊ ၄ ဂဏာန်းကို မြောက်အရပ်က၊ အလယ်ကွက်က ၅-ဂဏာန်းသွင်း၍ စမ္ပါနဝအင်းချပါ။ ထိုကဲ့သို့ စမ္ပါနဝအင်းချပြီးပါလျှင် ၂ - ၃ - ၄ အလက်္ခာများ ကောက်ယူလို့ရတော့ ဒါပါပဲကိုယ်တော်လေး. . . ချပုံမှာ -




၁ + ၉ ဒေါင့်တစ်ခု ဝ တစ်လုံး

၃ + ၇ ဒေါင့်တစ်ခု ဝ တစ်လုံး

၂ + ၈ အရှေ့အနောက်တည့်တည့် ဝ တစ်လုံး

၄ + ၆ တည့်တည့် ဝ တစ်လုံး

ပုံ ၂ နှင့် ပုံ ၃ကို တစ်ဖက်တွင်ဆက်ကြည့်ပါ။

| | | |
|---|---|---|
| ဝနေ့ ၀ | ၂ လာ ၂ | ၂ ဂါ ၃ |
| ကြာ ၄ | ၅ | ၄ဟူး ၆ |
| ၇ ဟု ၇ | ၅တေး ၈ | စနေ ၉ |

ပုံ - ၂

| | | |
|---|---|---|
| ဆား ၁ မတ် | ယမ်း ၉ မတ် | ကန့် ၂ မတ် |
| ဟင်းရိုင်း ၃ မတ် | ရွှေ ၅မတ် ငွေ ၅ မတ် | စိန် ၇ မတ် |
| ဆေးဒါန်း ၇ မတ် | လက်ချား ၄ မတ် | ဇဝက်သာ ၆ မတ် |

ပုံ - ၃

ဒီ ၃ ပုံအင်းကို အခြေခံချထားပြီးနောက် တည်ကိန်းမှာ အလယ်ကွက် ၅ဂဏန်းအရ - ရှပ်ခါတ်ယူ၍ - ငွေလိုခြင်း၊ ငွေ ငါးမတ်သားတည်း - ရွှေလိုချင် ရွှေငါးမတ်သားတည်ပြီးနောက်၊ ကျန်ဂဏန်းရှစ်လုံး နာမ်ဓါတ်တို့ဖြင့် သတ်ရမည်ဟုဖေါ်ပြသော လက်ာအတိုင်း နာမ်ဓါတ် ၂ ပါး၊ ၂ပါးတွဲ၍ သုညဖြစ်အောင် ကောက်ပုံကို ဒီလိုကောက်ရပါတယ်။ ဆားတစ်မတ်သား ယမ်း ၉ မတ်သားပေါင်းသော် ၁၀ ရ သုညတစ်လုံးရပါတယ်။ 'ဝ' တစ်လုံးလို့ခေါ်ပါတယ်။ ၎င်းနောက် ကန့်၂မတ် ဟင်းရိုင်း ၈ မတ်ပေါင်း ၁၀ ဖြစ်၍ 'ဝ' တစ်လုံးရပါတယ် စိန်သုံးမတ်သား ဆေးဒါန်း ၇မတ်သား ပေါင်း ၁၀ သုညတစ်လုံးဖြစ်၍'ဝ'တစ်လုံးရပါတယ် လက်ချား ၄ မတ်သား ဇဝက်သာ ၆ မတ်သား ပေါင်း ၁၀ သုညတစ်လုံးဖြစ်၍'ဝ'တစ်လုံးရပါတယ်။ ဒါကြောင့် ၁၄ ကြိမ်ပေါင်းရ၍ 'ဝ'လေးလုံး ဖြစ်ရပါတယ် ကိုယ်တော်လေး . . .

အဲဒါဟာ ကရဏီရအောက်ဝလေးထောင့်ခေါ်ပါတယ်။ ဤသို့ကောက်ယူပြီး ရှပ်ခါတ်၊ ရွှေသို့မဟုတ် ငွေငါးမတ်သားကိုတည်ပြီး နံပါတ်ရှစ်ပါးတို့၏ အချိန်အတွယ်အတိုင်း ပေါင်းစပ်ပြီး - သံပုရာရေနှင့် နာနာကြိတ်၍ နေလှမ်းပါ။ ၎င်းနံပါတ်ရှစ်ပါး နေလှမ်းပြီးသားဆေးစုကို လေးပုံပုံ၍ တစ်ပုံကို တစ်ဝက်ခွဲ၊ ရှပ်ခါတ်ကို အလယ်ကထား၊ ခွဲထားသော နာမ်ဓါတ်ဆေးကို အထက်အောက် ထား၍ လုံပိတ်၊ ဇော်မံ၊ မီးလျှံထိုးပြီးနောက် မီးနှုန်း၊ မီးလတ်၊ မီးပြင်းတို့ဖြင့် လုံတစ်ခိုင်ထိုးပါ။ ဓါတ်ဝင်အောင် ထိုးရန်နှင့် မီးရရန်အရေးကြီးပါတယ်။ ဒုတိယနေ့တစ်လုံ-အထက်နည်းအတိုင်းထိုး၊ တတိယ-စတုတ္ထ-နေ့တို့မှာလည်း ၎င်းအတိုင်းပင် ထိုးရပါတယ်။ ထိုကဲ့သို့ လေလုံးထိုးပြီးနောက် ဝက်ဆီ ဝါ ထောပတ်ရှပ်လေးတင်အောင်ခံ ရေလောင်းပါ။ ရှပ်လေးတင်သောအခါ ဓါတ်သေလက္ခဏာ ပေါ်လာလိမ့်မည်။ ဤကိုရည်၍ လက်ာ၌ ရှပ်လေးတင်ကား - စမဗချိုက် ပေါ်မြဲစိုက်၏။ လို့ဆိုလိုတယ် ကိုယ်တော်လေး-

လက်ာအရဆိုလျှင် - ဗထက်ချိုင့်အကွရာကဲ့သို့ အရှုအရှိုက်၊ အဟိုက်ပေါ်လာမည်။ ထုရိုက်ကြည့်ပါလျှင်-ဆက်မည်-ကြေမည်ဖြစ်တယ် ကိုယ်တော်လေး . . ကြေဆက်မှုနေသော ဓါတ်သား၏အကျိုးမှာ အာယုဝဍအဖြစ် စားသုံးလိုမူ စားနိုင်တယ်ကိုယ်တော်လေး . . မစားပဲ ထက်လိုလျှင် ဓါတ်သေ ၅မတ်သားအမှုန့်ပြု၊ မှုန့်ညက်သောအခါ ပြဒါးစင်စင်ငါးမူးကိုသွင်းပါ။ ၎င်းနောက် မင်းလေးပါးကို သံပုရာရည်နှင့်ကြိတ်ချေ ဖျော၍လုံအတွင်းသို့သုတ် - အဲဒါကို အတွင်းဆေးလုံ လုပ်တယ် လို့ဆိုတယ်

ကိုယ်တော်လေး စီမံထားသော ပြဒါးနှင့်ခါတ်ကို ဆေးသုတ်ထားသော လုံတွင်ထည့် လုံပိတ် ဖော်မ ဖွဲ့နှင့်တခွက် တပြည်မှစ၍ တစိတ်ကုန်သည်အထိ ဖုတ်ပါ-ပဋမအကြိမ် ပြဒါးသွင်းထားသော ခါတ်ကို ဖုတ်ရာ၌ မီးနှန့် - မီးလတ် - မီးပြင်း - ဖွဲမီးသွင်းရာ၌ ဉာဏ်ယှဉ်ရန် အလွန်အရေးကြီးပါတယ် ကိုယ်တော်လေး . .

အထက်ပါအတိုင်း ၁၂ ကြိမ် တက်ဖုတ်လျှင် ခါတ်သေပြာရပါတယ်၊ ခါတ်သေပြာကို အစွမ်း သတ္တိရှိ မရှိ ဉာဏ်ရှိသလို ပစ်ခတ်စမ်းနိုင်ပါတယ် . . ရုပ်ရှစ်ပါးကို ပစ်သောအခါ ရုပ်ပြောင်းသွားလျှင် ခန္ဓာအတွင်း ကျန်းမာရေးလဲ ရုပ်ပြောင်းရတော့တာပါပဲ ကိုယ်တော်လေး . . ထို ၁၂ ဆင့်တက်ပြီးသော ပြာသည် - ရသာယနာပြီး အဆင့်သို့ရောက်နိုင်ပါတယ်၊ ဒါပေမဲ့ အရေးကြီးတာကတော့ နည်းမှန် - ခါတ်မှန် - လုပ်ထုံးမှန်ဖြစ်ပြီး ထိုရသာယနာပြာမျိုးကို ရောက်ရန်ကား-ဉာဏ်အား၊ ကံအား၊ ဝီရိယအား တို့က လွန်စွာလိုအပ်သောကြောင့် တစ်ချို့သူများ ရသာယနာပြာအဆင့်သို့ ရောက်ချင်မှရောက်ပေမည်။ ကိုယ်တော်လေးတို့လို လုပ်အားကောင်းထားလျှင်တော့ ဖြစ်နိုင်ပါတယ်။ "ရသာယနာပြာ မရောက်ရင် ထိုပြာ ဘယ်လိုသုံးလို့ ဖြစ်ပါသေးသလဲဘုရား" - ထိုပြာကို ခါတ်လုံးအမျိုးမျိုးတို့၌ ကျွေးနိုင် ပါတယ် ကိုယ်တော်လေး - ရောဂါအမျိုးမျိုးကို လဲဉာဏ်ရှိသလို ထိုရသာယနာပြာ မဖြစ်သောပြာသေကို သုံးနိုင်ပါတယ်။ ကိုယ်တော်လေး - **အကျွန်ုပ်သည် သာသနာပြုလိုသော် ပုဂ္ဂိုလ်များအတွက် ထိန်မချန်ပဲ - မူရင်းအတိုင်းပြလိုက်ပါတယ်။ ဤကောင်းမှုပုဒိအာနှင့် ပြည့်စုံရပါလို၏။** ကရကဳ အောက် 'ဝ' လေးလုံးထောက် အင်းကောက်ပုံကို နောက်ဆုံးမှပြပါမည်။ ဤနေရာတော့ ဤမျှဖြင့် ရှေ့ဆက်ကြပါဦးစို့ . . .။

၁၃၃၀ခု တန်ဆောင်မုန်း လပြည့်ကျော်၁ရက် အင်္ဂါနေ့တွင် နေ့ဆွမ်းစားပြီးလျှင် ကောင်းမှုတော်ကြီးဘုရားသို့ ပုတီးစိတ်ရန် သွား၏။ စစ်ကိုင်းကားနှင့်သွား၏။ စစ်ကိုင်းဘူတာမှ မြင်းလှည်းငှား၍ မရသဖြင့် ရွှေဘိုထွက်သောကားကို စီးသွား၏။ နေ့တစ်ချက် ကောင်းမှုတော်ကြီး ရောက်၏။ ပုတီး၄၅ ပတ်၊ အရှေ့မုခ်ကစိတ်၏။ ပြီးသောအခါ ဘုရားဖူးနေသော ဘုန်းတော်ကြီးတစ်ပါးက လက်ပြတာနှင့် ခဏစောင့်နေ၏။ ထိုဘုန်းကြီး ပုတီးစိတ် ပြီးသောအခါ ကျွန်ုပ်ထိုင်နေသောအနားလာပြီး ပရုပ်ဆီ တောင်း၍ပေးလိုက်ပြီး ထိုဘုန်းကြီးပရုပ်ဆီသုတ်လိမ်းနေတုန်း ဘုရားအတွင်း ရှိလူများက ခွေးရူး-ခွေးရူးဆိုပြီး လိုက်ကြ၏။ ခွေးရူးမှာ မြောက်ဘက်သို့ ထွက်ပြေးလွတ်မြောက်သွား၏။ ကိုယ်တော်ကို - ခွေးရူးကိုက်ပျောက်ဆေးပေးမယ်။ ပြောပါဘုရား တပည့်တော်ရေးမှတ်ပါ့မယ်ဘုရား . .။

ကြက်ခြေနှင့်မရိုးဆီရောနယ်ပြီး ငယ်ထိပ်ကို ခါးကလေးနှင့်ခွဲသိပ် ခွေးရူးကိုက်ပျောက်ပါတယ်။ ပြန်လဲ မပြန်တော့ပါဘူးကိုယ်တော်။ နောက်တစ်နည်းက မွေးတဲ့အခါမှာဖြစ်စေ၊ သေတဲ့အခါမှာဖြစ်စေ ငယ်ချိုးကိုယူ အခြောက်လှမ်းထား - ခွေးရူးကိုက်သောသူကို သွေးတိုက် ပျောက်ပါတယ်။ ဆီးရောဂါ ဆတူရောကျိုတိုက် ပျောက်ပါတယ်၊ နောက်တစ်နည်းက ဂုံတမံပဋ္ဌငါးပါး ကျိုတိုက် ကိုယ်တော် . . . ကျွန်ုပ်ရေးမှတ်ပြီးတော့-မှန်းပြစမ်းပါဆိုပြီး ကျွန်ုပ်ရေးသားထားသောစာကို ယူကြည့်၏။ အင်း-ဟုတ်တယ် မှန်တယ်ကိုယ်တော် . . နက်ဖြန် ဘယ်မှာသွားပြီး ပုတီးစိတ်မလဲ။ တပည့်တော် လက်သမား

ဂူသွားစိတ်မလို့ အစီအစဉ် လုပ်ထားပါတယ်. . . အင်းကောင်းတယ် . . ကောင်းတယ် ကြွပါ ကိုယ်တော် ကြွပါ။ ပြန်ပါအုံးမယ် ဘုရား ။တပည့်တော်လည်းပြန်မှာပဲ အရှင်ဘုရားက ဘယ်ပြန်မှာလဲ တပည့်တော် စစ်ကိုင်းပြန်မှာကိုယ်တော် အရှင်ဘုရားကကျော်အောင်စံထားဆရာတော် မဟုတ်လား-ဟုတ်ပါ တယ်ဘုရား ။ အောင်မြင်နေပြီမဟုတ်လား . . ဆက်ကြိုးစားပါကိုယ်တော် ကြိုးစားပါ။

ကျွန်ုပ်တို့နှစ်ပါး ပြန်လာကြ၏။ ကားကြုံကိုစီးပြီး စစ်ကိုင်းလာကြ၏။ စစ်ကိုင်းကျတော့ကျွန်ုပ်က ဇေယျာမန်းကားစီး၍ ပြန်လာ၏။ ထိုဘုန်းကြီးက မြင်းလှည်းစီးပြီး ပြန်သွား၏။ နောက်တစ်နေ့ လက်သမားဂူသွား၏။နံနက်၄နာရီ ပုတီးစိတ်-၅နာရီခွဲလောက်ပြီး၊ ဆွမ်းစား ၆နာရီ ၁၅မိနစ် လောက် ခြေကျင်လျှောက်၊ တောင်မင်းကြီး ဖူးပြီး ဦးပိန်တံတားလျှောက်သွား၊ ခုနှစ်နာရီခွဲ မြစ်လောင်းရောက် မုံ့ပေါင်းနှင့်အကျော် ဝယ်ပြီး မြစ်ငယ်ကလှည်းတစ်စီး လက်သမားဂူဘုရားပို့ရန် ငွေ ၁၀နှင့်လိုက်ပို့၏။ ဘုရားသို့ ၉နာရီခွဲလောက်ရောက် ဘုရားဖူး ပုတီး ၄၅ပါတ်စိတ်၏။

ပုတီးစိတ်နေတုန်း ခွေးခုကောင် ပြေးလာကြပြီး အနားတွင်လာဝပ် နေကြ၏။ ခွေးခုကောင်မှာ အနီ ၂ ကောင်၊ အနက် ၁ ကောင်ဖြစ်၏။ အနက်က အထီးဖြစ်၍ အနီနှစ်ကောင်က အမဖြစ်၏။ ပုတီးစိတ်လို့ပြီးရန် ၉ပတ်လောက်အလိုတွင် ဘုန်းတော်ကြီး တစ်ပါး ရောက်လာပြီး ဘုရားဖူး ပုတီးစိတ် နေ၏။ ကျွန်ုပ်ပုတီးစိတ်လို့ပြီးလျှင် ဘုရားတန်းဆောင်းထဲထိုင်ပြီး အိပ်ထဲတွင်ပါသော မုန့်ပေါင်း၁၀ချပ်၊ အကြော်၁၅ခုထုတ်ပြီးစား၏။ ဘုရားဖူးလာသော ဘုန်းကြီးကို လှည်းသမားအား သွားပင့်ခိုင်းလိုက်၍ ရောက်လာသောအခါ မုန့်များကပ်၏။ လက်သမားက ရေနွေးယူလာပြီးကပ်၏။ လဘက်ရည်အကြမ်း ဖြစ်၏။ အရှင်ဘုရားတို့ ၁၁နာရီထိုးပြီးခါစ ရှိသေးတယ်။ ခုနင်ကတုန်းကမှ တုံးခေါက်သွားတယ် အချိန် ရပါတယ်ဘုရား။ ဖြေးဖြေးဘုန်းပေးကြပါဘုရား။ တကာမကြီးတစ်ယောက်ကလည်း လက်ဖက်နှင့် မုန့်ပေါက်ကြော် လာကပ်၏။

ပုတီးစိတ်တုန်းက ခွေးခုကောင်ကလည်း အနားတွင်လာဝပ်နေကြ၏။ မုန့်များ ဘုန်းပေးပြီးကြ၍ ခွေးခုကောင်အတွက် ၃-ခုနှုတ်ထားပြီး ကျန်တာများအား လှည်းသမားအား ပေးလိုက်၏။ ကျွန်ုပ်က ခွေးခုကောင်ကို အကြော်များကျွေးမယ်လုပ်တော့ ဘုန်းကြီးက - ကိုယ်တော်ဒါတွေခွေးမှတ်နေလား. . ဒီဘုရားမှာနေတဲ့ နာနာဘာဝတွေ . . ကိုယ်တော်လာတာနဲ့ အမျှလိုချင်လို့ လာကြတာဘုရား . . ဩ ဟုတ်လား၊ ဒီလိုဆိုတပည့်တော်က အမျှပေးလိုက်ပါ့မယ် - ကဲ အသင်တို့၃ယောက်ကို ကျွန်ုပ်ဖြလုပ်ခဲ့ သော - ဒါန သီလ ဘာဝနာကုသိုလ်အဖို့တို့ကို အမျှပေးဝေပါတယ်။ အမျှ . . အမျှ . . အမျှ ဓ ... က် လျှင် အူကြပြီး ထသွားကြပါတော့သည်။ ဩထူးဆန်းလှပါလားလို့ အကျွန်ုပ်မှတ်ချက်ချလိုက်၏။ ထိုဘုန်းကြီးက ကိုယ်တော်မနေ့က ကောင်းမှုတော်ကြီး ပုတီးသွားစိတ်နေတုန်း ဘုန်းကြီးတပါးက ခွေးရူးကိုက်ပျောက်ဆေး ပေးလိုက်တယ် မဟုတ်လား . . ကျွန်ုပ်အံ့အားသင့်သွား၏။ ပေးပါတယ် ဘုရား . . တပည့်တော်ကလည်း ပေးပါအုံးမယ် . . မှတ်ယူပါအုံး ကိုယ်တော် . . အမိန့်ရှိပါဘုရား။

ခွေးရူးပြန်သောအခါ ၂ ရက်၊ ၃ ရက်အတွင်းဆိုလျှင် ကုသရန်ဆေးကား - ပဒိုင်းသီးကို ထိပ်လှီး၍ အဆံများ ထွင်ပစ်လိုက်ပြီး ခွေးအံ့ပတ်ထည့်.မီးဖုတ်ရသောပြာကို-ကျားရေကို မီးရှို့၍ပြာချပြီး ရသောပြာနှင့်ရောတိုက်ပျောက်၏။ မကျဉ်းနှစ်စေ့ခန့်တိုက်၊ အုန်းရေနှင့်တိုက်၊ စည်းချဂါထာ ကောင်း

တနင်္ဂနွေထောင့်ကနေစပြီး ကောင်းလိုချင်လျှင်လဲ မှတ်ထားဦးကိုယ်တော် . . အရပ်ရှစ်မျက်နှာကို (ဦး - ဂန္ဓ - အမုံမို - ဩကာသေ -တိဌါဟိ ) လက်ညှိုးညွှန်ပြီး လှည့်ရွတ် - ရွတ်ရန်ဂါထာကား- ( ဦး - ဂန္ဓ - အမုံမို - ဩကာသေ -တိဌါဟိ ) လက်ညှိုးညွှန်ပြီး လှည့်ရွတ် - ရွတ်ရန်ဂါထာကား ဘုရားဝတ်ချပြီးလှည်းစီး၍ ပြန်လာ သူခိုးမလာနိုင်၊ လာသော် မဝင်နိုင်။ ကျွန်ုပ်တို့လဲ ၁၂ နာရီထိုး၍ ဘုရားဝတ်ချပြီးလှည်းစီး၍ ပြန်လာ ကြ၏။ ဘုန်းကြီးကြီးလဲ ဘုရားအရှေ့မုခ်ကထွက်သွားတော့၏။ မြစ်ငယ်သို့ ၂ ချက်ခွဲရောက်၏။ ထိုကမှ ကျောင်း ခြေကျင်ပြန်၏။ နားနားနေနေ ပုတီးစိတ်ရင်း ပြန်လာတာ ကျောင်း၅နာရီရောက်၏။ ရွှေရပ် တော်ဘုရားလည်း ဝင်ဖူးခဲ့၏။ ကိုယ့်မွေးနေ့ဖြစ်၍ တိုက်တွင်းကဘုရားများ ညမီးပူဇော်၏။ ည ၁၀၈ပါတ် အမိဌာန်ပုတီးစိတ်၏။

တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်၊ ကြာသပတေးနေ့ နံနက် ၃ နာရီအချိန် မျက်နှာသစ် ဘုရားဝတ်တက် ရှိခိုးပြီးသောအခါ ပုတီး ၁၀၈ ပါတ်စိတ်၏။ ၅ နာရီလောက် ပြီး၏။ ယာဂုသောက်ပြီး ပုထိုးတော်ကြီး ဘုရားဖူးသွား ပုတီး ၂၇ပါတ်စိတ်ပြီး ဘုရားအထက်ပစ္စယာကဆင်းလာပြီး ဘုရားကို လက်ျာရစ်လှည့်၍ မေတ္တာ ပို့ပြီးသောအခါ ဘုန်းကြီးအိုအိုကြီးတပါးက အသံတုန်တုန် တုန်တုန်နှင့် ရှိခိုးနေတာတွေ့ရ၏။ ကျွန်ုပ်လည်း အနောက်မုခ်ရောက်ရော သူလဲရှိခိုးပြီး ကျွန်ုပ်ရှိရာလာ၍ ဆေးလေး တစ်ထောင့် ပေး၏။ ကျွန်ုပ်ကယူလိုက်ပြီး အရှင်ဘုရားဒီဆေးလုံးက ဘာအသုံးချရမှာလဲဘုရားလို့ မေးတော့ ပယောဂ ကာကွယ်နိုင်တယ်၊ ကုလို့လဲရတယ်။ ဒီဆေးကလေး ပျောက်သွားသည်ဖြစ်စေ၊ ကုန်သွားသည်ဖြစ်စေ နောက်ထပ် ဘယ်လိုလုပ်ရအုံးမလဲဘုရား။ ပေးနိုင်ရင်လဲ နည်းလေးပါမရ ရဘူး လားဘုရား၊ ရရပါတယ်ကိုယ်တော်လေး၊ ရေးမှတ်ထားပါ။ တင်ပါ့ဘုရား . . .

၁။ သက်ရင့်ကြီး၊ ၂။ ဥပသကာ၊ ၃။ မဟာကာ ၄။ ပိတောက်မှို ၅။ ငြုတ်ကောင်း - ဆတူ လေးလုံးလုံးပြီး-ဣရှစ်ချက်ဂါထာ ၁၀၀၀ စုတ်ပြီး အမြဲဆောင်ပါ။ စုန်း၊ နတ်၊ ပယောဂ နှင်သော အခါ ရေကို ဦးစတုဒ္ဒိသံ သီလိန္တိ ယက္ခဗျဿမဟိသဟံ။ မနုဿဟတ္ထိစောရာနံ၊ သီဟောဒိပိပုရေဂတောမ။ ဤဂါထာဖြင့် ၃၇-အုပ်မန်း ဆေးတစ်ရွှေလောက်လုံးပြီး ဝေါက်ထုတ်ကိုယ်တော်၊ ထုတ်တဲ့ဂါထာတော် ကတော့-

ဦး သိဒ္ဓိ ပလ္လင် ၊ သူ မစင်တိုက် - ဦး ဗုဒ္ဓံထွက် ၊ ဦး ဓမ္မံထွက်၊ ဦး သံဃံထွက်၊ မြတ်စွာဘုရား အာဏာတော်တည်း - သွားလေလျှင်သွားလေ ထွက်လေလျှက် ထွက်-၎င်းမန္တာန်ဖြင့် တစက်လက် ပြန်ရေကို ၃၇-အုပ်မန်းပက် ဖုတ်ထွက်ခြင်း ကိုယ်တော်-အရှင်ဘုရားက ဘယ်ကြွမှာလဲလို့ကျွန်ုပ်က မေးသောအခါ၊ ကိုယ်တော့်လိုပဲ ဘုရားထွက်လာတာ၊ ဒီကနေ ဘယ်သွားမှာလဲဘုရား ။ မန္တလေးက ဘုရားကြီးသွားမှာ ကိုယ်တော်ဆိုပြီး ပြောပြောဆိုဆိုနှင့် ထွက်သွား၏။ ကျွန်ုပ်လဲ ဂူကြီးဘုရား ဆက်သွား ၏။ ပုတီး၂၇ ပါတ်စိတ်-ထိုကမှ အောင်မြေသွား ၂၇ပါတ်စိတ်၊ ကျောင်းပြန်၊ မဟာသကျသာမိ ကြေး ဘုရားကြီးဝင် ၂၇ပါတ်စိတ် မေတ္တာပို့အမျှဝေပြီး ကျောင်းပြန်၏။ ဆွမ်းစားပြီး နေ့ယောဂီများ တရားပြ ကိုယ်လဲတရားထိုင်၊ ပုတီးစိတ် ည - တရားသဘောများကိုဟော၏။ ပြီးသောအခါ ပရိက်ချပေး ပြီးဆုံး သောအခါ ကျွန်ုပ်လဲတရားထိုင်သောနေရာနောက် လှည့်သောအခါ ငါးပြားစေ့ကလေး ထောင်နေတာ တွေ့ရလေ၏။ သို့ဖြစ်၍ ငါးပါးမြောက် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် နက်ဖြန်ဆက်ရန် ဆုံးဖြတ်လိုက်၏။

၁၃၃၀ပြည့် တန်ဆောင်မုန်းလပြည့်ကျော်၅ရက် စနေနေ့ နံနက်ဂါထာပေါင်း ၁၈ ဂါထာ

တပါတ်စီပုတီးစိတ်ပြီး ယာဂုသောက်၍ ဘုရားဖူးထွက်၊ ပုထိုးတော်ကြီး၊ ဂူကြီး၊ အောင်မြေ၊ ကြေး ဘုရားကြီးတို့ကို ယနေ့ ၉-နာရီအချိန် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဓမ္မခန္ဓာတက် ပြီးမြောက်အောင်မြင် အောင်စိတ်ရန် အဓိဋ္ဌာန်လိုက်၏။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဂါထာကို ၁၀ပါတ်စိတ်၏။ ဂါထာတော် ကား-

သမ္မာ သမ္ဗုဒ္ဓေါ သဗ္ဗညူ ၊ သမ္မာလောကုတ္တရောနဝ။
သမ္မာစ္စိကာသဝေါဟံသာ၊ သမ္မာစမာရဝိဇ္ဇယော။
သမ္မာ သမ္ဗုဒ္ဓါညာဏေန၊ သမ္မာ သမ္ဗုဒ္ဓ ဒေသကော
သမ္မာ သမ္ဗုဒ္ဓေါလောကသ္မိံ၊ သမ္မာ သမ္ဗုဒ္ဓတေနမော။

ဂါထာတစ်ပုဒ်လုံးဆုံးမှ တလုံးချပြီး စိတ်၏။ ၁၁ နာရီထိုးလျှင် ပုတီးစိတ်၁၀ပါတ်ရ၍ မေတ္တာပို့ အမျှဝေပြီး အိပ်၏။ ညအိမ်မက် - ရှေယခင်ကလို တောင်မင်းကြီးဘုရားကြီးက အမိုးအကာမရှိပဲ ဖြစ်နေ၏။ ထိုအနားမှာ အဆောက်အဦးတစ်ခု နန်းတော်လိုလို တွေ့ရ၏။ ကျွန်ုပ်လဲ ထိုလှေကားထစ် များပေါ်တက်သွား၏။ ထိုလှေကားထစ်ပေါ်ကနေ ခုန်ချချင်စိတ်ပေါက်၍ ခုန်ချလိုက်၏။ တောင်မင်း ကြီးဘုရား၏ ပလ္လင်တော်ကြီးအပေါ် လက်ျာရစ် ၂ ပါတ် ပါတ်မိလျက်သားဖြစ်နေ၏။ ပလ္လင်နှင့်လဲ မထိမိ။ ထိုကဲ့သို့ပတ်နေစဉ် ဘုရားကိုယ်တော်မြတ်ကြီးက - ငါ့အမည်က သမ္မာသမ္ဗုဒ္ဓ - သမ္မာသမ္ဗုဒ္ဓ လို့မှတ်က မြွက်ကြား၏။ ကျွန်ုပ်ကလဲ မှန်ပါတယ်ဘုရား . . မှန်ပါတယ်ဘုရား ဟုဆိုပြီး ဝတ်၅ကြိမ်ရှစ်ခိုးပြီး ပလ္လင်တော်ပေါ်မှဆင်း၍ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ၉ပါတ်ပုတီးစိတ်လိုက်၏။

ပုတီးစိတ်နေစဉ်အတွင်းမှာ တောင်မင်းကြီးဘုရားကြီးက - ပဋ္ဌာန်းရွက်နေသောအသံကို ပီပီ သသကြီး ကြားရ၏။ ကျွန်ုပ်လဲ ပုတီးစိတ်လိုက် မြတ်စွာဘုရား၏ သာယာသောပဋ္ဌာန်းသံကို နာလိုက် နှင့် အတောမသတ်နိုင်အောင် ပီတိများဖြစ်နေတော့၏။ ပုတီး၉ပါတ်စိတ်လို့လဲပြီးရော ဘုရားပဋ္ဌာန်း ရွတ်သံလည်းဆုံးရော ဖြစ်၏။ ကျွန်ုပ်လဲ ဝတ်ချလိုက်၏။ တောင်မင်းကြီးဘုရားက မိန့်တော်မူသည်မှာ **မြန်မြန်ထွက်ရပ်ပေါက်ချင်ရင်၊ ပဋ္ဌာန်းပညာဝါရရွတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသရွတ် - ထိုနှစ်ခုမှ မရွတ်နိုင်လျှင် ၂၄ ပစ္စည်းရွတ်၍** ပုတီးစိတ် မိန့်တော်မူသဖြင့် ကျွန်ုပ်က ထို ၃မျိုးကို တစ်နေ့နေ့ တွင် ရွတ်ဖြစ်အောင်ရွတ်ပါ့မည်ဘုရားဟု ဝန်ခံလိုက်၏။ သာဓု . . ငါ့တပည့်၊ သာဓု . . ငါ့တပည့်၊ သာဓု . . ငါ့တပည့်ဟု ကောင်းချီးပေး၏။ ထိုတွင် ကျွန်ုပ်နိုးလာ၏။ နာရီကြည့်တော့ ၃ နာရီထိုးနေ၏။ မှတ်တမ်းကို ရေးလိုက်၏။

တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် တနင်္ဂနွေနေ့နံနက် ၃ နာရီထ မျက်နှာသစ် - ပုတီးစိတ် ဘုရားဖူးသွား - ရွှေကြက်ယက်ဘုရား သွားစိတ်၏။ နံနက်၇နာရီလောက် ရောက်သွား၏။ ပုတီ ၁၀၈ပါတ်စိတ်၏။ ပုတီးစိတ်ပြီးလျှင် လက်ယာရစ်ပတ်၊ အရှေ့မုခ်တွင် ဦးသူတော်ကြီးတစ်ပါးနှင့် တွေ့ ဦးသူတော်ကြီးက အရှင်ဘုရားကို မြင်မြင်ခြင်း ကြည်ညိုလှပါသည်။ တပည့်တော်၏ လက်တွေ့အသုံး သော ဂါထာမန္တာန်တော်များ ပေးပါအုံးမယ်ဘုရား။ ဦးသူတော်ကြီးပေးလျှင်လည်း ယူပါ့မယ်။ ပည ဆိုတာ သူ့နေရာနှင့်သူကြတော့ အသုံးဝင်တာချည်းပါပဲ။ ပြောပါဦးသူတော် ရေးမှတ်ထားပါ့မယ်။ ကို

. . ကိုင်း ရေးပါဘုရား . . .

၁။ ဦး အထက်ဒုလာ ဒုလာအထက် ဖြိုးဖြိုးတက်၊

၂။ ဦးစုန်းပင်း နတ်ပင်း၊ ထွက်လည်း ဆရာထွက်။

၃။ ဦးသစ်ရောင်း၊ ဝါးရောင်း၊ ခြောင့်ရောင်တိတိထွက်လည်း၊ ဆရာထွက်။

၄။ ဦးဖွယ်လော၊ ပျာလော၊ အရိုးလော၊ ထွက်လည်း ဆရာထွက်။

၅။ ဦးဇွေဇ်ဂနီနာမ - နင့်အစား၊ နင်ပင်ချ။ ကျဆရာကျ ကျေဆရာကျေ၊ ပြေဆရာပြေ၊ ပျောက်ဆရာပျောက်။ ဤ ၅ပုဒ်ဆုံးမှ ၃၇လုံးရှိသော ပုတီးကိုတပါတ်မန်းပါ၊ ရေတို့- ဆီတို့ကိုမန်းပေး ကိုယ်တော်အပင်းဟူသမျှ ကျ၏။

ကိုယ်တော်လေးကို လက်ဆောင်ကောင်း ဓမ္မဆောင်ပုဒ်ပေးမယ်၊ ယူမလား . . ဘယ်နဲ့ပြေပါလိမ့် ယူချင်တာပေါ့ ဦးသူတော်ရယ်။ ကောင်းပြီရေးထားပါ။ လောကကြီးမှာ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာရှိတယ်၊ ဗြဟ္မာရှိတယ်၊ သိကြားရှိတယ်၊ နတ်ရှိတယ်၊ နတ်သမီးရှိတယ်၊ ယက္ခိုက် ရှိတယ် ဘီလူးရှိတယ်၊ ငရဲရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ ပြိတ္တာရှိတယ်၊ တစ္ဆေရှိတယ်၊ လူ့တိရစ္ဆာန်ခေါ်တဲ့ လူဆင်းရဲ လူအ၊ လူနုံများ ရှိတယ်၊ ဝိဇ္ဇာ ရှိတယ်၊ ဇော်ဂျီရှိတယ်၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များရှိတယ်၊ အဲဒီလို ရှိကြတယ်ဆိုတာကို - လူဆင်းရဲ ၊ လူနုံ၊ လူအများ မသိရှာကြဘူး။ ဘာကြောင့်လဲဆိုတော့ လူဆင်းရဲ အစရှိတဲ့လူများမှာ ကံကလဲဆင်းရဲ အသိဉာဏ်ကလည်း ဆင်းရဲတော့ သူတို့ကို ဘယ်လိုမှ ပြောမရဘူး၊ ဒါကြောင့်သူတို့ကို တိရစ္ဆာန်ထဲထည့်သွင်း ယူရတယ်ကိုယ်တော်လေး။ ဒါ့ကြောင့် ဒီလက်ဘလေး မှတ်လိုက်အုံး -

"ဗြဟ္မာ လူ နတ် ထွက်ရပ်ပုဂ္ဂိုလ် ရှိတယ်ဆို တိရစ္ဆာန်ကို မပြောနှင့်။" အဲဒီဆောင်ပုဒ်အတိုင်း ယုံကြည်မဲ့သော တိရစ္ဆာန်လို လူကပ်များ တွေ့လိမ့်မည်။ တွေ့တဲ့အခါ ဘာမှမပြောနဲ့ ကိုယ်တော်လေး ပစ္စည်းပျက် - ရာထူးပျက်တွေနှင့်လည်း တွေ့လိမ့်မယ်၊ ပုတီးဘဝင်သမား တွေနဲ့လည်း တွေ့လိမ့်မယ် တကယ်လိုလိုလားလားနှင့် ကျင့်ကြံသူများနှင့်လဲ တွေ့လိမ့်မယ်၊ နံမည်ကြီးသူ ကပ်ပြီး စားဝတ်နေရေး ပြေလည်သူများနှင့်လဲ တွေ့ရမည်၊ အပြစ်ပြောပြီး ကြောချင်သူများနှင့်လဲ တွေ့ရမည်။

အဲဒီတော့ သတ္တဝါအမျိုးမျိုးအတွက် ကိုယ်တော်လေးကျင့်သုံးဘို့ရာ ဆောင်ပုဒ်က - "**အလိုက်အထိုက်မျှ ဥပေက္ခာနှင့်ရှု လူသဘောအလိုမလိုက်နှင့်**" အဲဒါဟာ ကိုယ်တော်လေးအတွက် ဓမ္မဆောင်ပုဒ်ပဲ။ ကိုင်း - သွားလိုက်ဦးမယ် ကိုယ်တော်လေး . . ဦးသူတော်ကြီး ပြောသမျှမှတ်ပြီး ကျွန်ုပ်လည်း ရွှေကြက်ယက် ဘုရားမှပြန်လာခဲ့၏။ ကျောင်းသို့ ၁၁ နာရီရောက် နေ့ဆွမ်းစားပြီးပုတီးထိုင်၊ ည တရားပွဲ ဘုရားဖူးသွား။ ထိုနေ့ကပြီးသောပုတီးပတ်မှာ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် ၅ပါတ်၊ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ရိုးရိုး - ၂၉၀။

၁၃၃၀ခု-တန်ဆောင်မုန်းလပြည့်ကျော် ၇ရက် တနင်္လာနေ့၊ နံနက် ၃ နာရီခွဲထ-မျက်နှာသစ် ဘုရားဝတ်တက် ပုတီးစိတ်၊ သမ္မာသမ္ဗုဒ္ဓေါဂါထာ ၇ပါတ်ပြီးတော့ အာရုဏ်တက် တုံးကလေးခေါက်၏၊ မေတ္တာပို့ အမျှဝေ၏။ သာခုခေါ်သောအသံကိုကြားရ၍ အသံလာရာဆီသို့ ကြည့်လိုက်ရာ ဘုန်းတော်

ကြီးတစ်ပါးရပ်ပြီး သာခုခေါ်နေတာမြင်ရ၏။ ကျွန်ုပ်လည်း အံ့အားသင့်စွာ ငေးစိုက်ကြည့်ပြီးနေမိ၏။ ထိုစဉ်ဘုန်းတော်ကြီးက ကိုယ်တော်ကိုးကွယ်ရအောင် "ဒက္ခိဏာသာခါ" ဘုရားတစ်ဆူ ပင့်လာခဲ့တယ်။ ရော့ရော့.ဆိုပြီးလှမ်းပေးလိုက်၏။ ကျွန်ုပ်ယူပြီး ပလ္လင်သုံးဆင့်နှင့်ပုံတော် ၃ပုံပါနေသည်။ သေသေချာချာ စူးစိုက်ကြည့်ပြီး အရှင်ဘုရား ဒီဒက္ခိဏာသာခါမှာ ပါသောပုံတော်များက ဘာအဓိပ္ပါယ်လဲဘုရား . . ဘယ်လိုအစီအရင်နှင့် ပြုလုပ်သလဲဘုရား . .

ကိုယ်တော်လေးသိချင်ရတော့ ပြောပြပါ့မယ်ကိုယ်တော်၊ ဒီဘုရားသမိုင်းက သီရိခေမ္မာသောတမင်းတရားကြီးကို ရှင်မဟာမောဂ္ဂလ ပုတ္တတိဿထေရ်က ထုလုပ်စီရင်ပြီးတော့ ပေးသောဘုရားဖြစ်တယ်ကိုယ်တော်။ "ဘုရားပုံတော်မှာ" ဗောဓိရိုးကြာဖက်ဆောင် ပုံထုရတယ်၊ ပလ္လင်တော်က ၃ ဆင့်ပါရတယ်၊ ပလ္လင် ၃ဆင့်ထဲမှာပုံ ၉ ပုံပါရတယ်။ အခန်းကို ကိုးခန်းခေါ်တယ်-

၁။ ၎င်း ဒက္ခိဏာသာခါဘုရား၌ ပလ္လင်၃ဆင့်ရှိရာတွင် အခန်း၉ခန်း၌ ရုပ်ပုံတခုစီပါရမည်။

၂။ ပဌမခရုသင်းပုံ - အဓိပ္ပါယ်မှာ သိကြားမင်း၏ ဝိဇယုဿခရုသင်းသည် ကြားရာအရပ်ကရန်အောင်၍ ဘေးအတန်တန် ရန်အသွယ်သွယ် ကင်းစေနိုင်သော အဓိပ္ပါယ်ဖြစ်သည်။

၃။ ဒုတိယ-ငုံးရုပ်မှာ ၁၆ ပါယ်မီးကွင်း၍ ထိုနေရာသည် ကမ္ဘာတည်အောင် မီးကွင်းနိုင်ခဲ့သောဘုရားအလောင်းတော် စန္ဒိသူရိယငုံးမင်း ရုပ်ပုံပင်ဖြစ်သည်။

၄။ တတိယ - ရဟန္တာပုံမှာ- ရှင်အင်္ဂုလိမာလပုံဖြစ်သည်။ အလွယ်တကူ မှတ်သားနိုင်ကြောင်းကို ရည်သည်။

၅။ စတုတ္ထ - ပစ္စေကဗုဒ္ဓါပုံမှာ သစ္စာဆိုသဖြင့် ဇမ္ဗူဒိပ်ကျွန်းလုံးအနှောင်အဖွဲ့ လွတ်ကင်းရကြောင်းကိုရည်သည်။

၆။ ပဥ္စမ - သိကြားရုပ်မှာ အလိုအတိုင်း ပြီးစီးအောင်မြင်၍ အမှုကိစ္စဟူသမျှ၌ ပြီးစီးနိုင်ကြောင်းကို ရည်သည်။

၇။ ဆဋ္ဌမ - နေမင်းဒေါင်းရုပ်မှာ နေကိုတိုင်တည်၍ ဆုတောင်းမေတ္တာပို့ပါက အမှုကိစ္စဟူသမျှ အလိုလိုပြီးမြောက်နိုင်ကြောင်းကို ရည်သည်။

၈။ သတ္တမ - လမင်းပုံရုပ်မှာ ကိုးကွယ်သူတို့အား သူခပ်သိမ်းတို့ချစ်ခင်၍ ကျော်စောစေနိုင်ကြောင်းကိုရည်သည်။

၉။ အဋ္ဌမ - ဝိဇ္ဇာဓိုရ်ရုပ်မှာ - ကိုးကွယ်သူတို့အား အတတ်ပညာနှင့် ပတ်သက်လျှင် ကြားကာမြင်ကာမျှ ဖြင့်တတ်မြောက်နိုင်ကြောင်းကိုရည်သည်။

၁၀။ နဝမ - ဗြဟ္မာရုပ်မှာ မေတ္တာတန်ခိုးဖြင့် သူခပ်သိမ်းတို့အပေါ် လွှမ်းမိုးနိုင်ကြောင်းကို ရည် သည်။

၁၁။ ဒသမ - ပလ္လင်တော်အောက်၌ အနောတတ္တအိုင်ပုံမှာ ရေတွေ့သော ကြာပန်းကဲ့သို့ သတ္တဝါအား အမြဲရွှင်လန်းစေနိုင်ကြောင်းကို ရည်သည်။

၁၂။ မဏိတော်ထိပ်၌ကြာ ၉ ဖက် အုပ်ဖုံးထားသည်ကားကိုးတိုင်းကိုးဌာန သာသနာပွင့်လင်း၍ အပယ်တံခါးပိတ်နိုင်သည်ကို ရည်သည်။

ငါးကြင်းပုံကား သာသနာငါးထောင် ရှည်မြင့်အောင် တည်လိမ့်မည်ကို

၁၃။ ရေကန်အတွင်း၌ သည်။

၁၄။ မိုးကိုးချက်ကား - ဘုရားသခင် ဂုဏ်တော် ၉ပါးကိုရည်သည်။ ဂေါတမအနွယ်တော်၌ ခတ္တိယ မဟာသာလမျိုးတို့သည်

၁၅။ သက်န်းတော် သုံးထွန့်ကား - သုံးကြိမ်း တတ်ရကြောင်းကိုရည်သည်။

၁၆။ ကြာဖတ်ဆောင်းဟန် ထုလုပ်သည်ကား - အနောတတ္တအိုင်၊ မန္ဒာကိနီအိုင်၊ ဆဒ္ဒန် မုစလိန္ဒာ အိုင်မှာစ၍ အိုင်ကြီး ခုနစ်အိုင်၌ ရေသုံးသပ်တော်မူစဉ် အိုင်စောင့်နတ်များ ထီးဖြူတော်သဖွယ် ပဒုမ္မာကြာ ၉-ရွက်ဖြင့် ကိုးကွယ်ကြသည် ။ မိုး ၉ ချက်ကား ဓါတ်တော် များ သွန်းရန်ဖြစ်သည်။

ဥက္ကာလုံးမွေ့ရှင်တော်နေရာတွင် ဗနေမ၊ ကပမဝ လေးကွက်အင်းချ၍ ဌာပနာသွတ် ရှင်း တော်တွင် ဂဋေရ၊ ဝဒအက၊ ခဏာဗဆ၊ ယနဋ္ဌမ စမများကိုလေးကွက်အင်းချ၍ အင်္ဂါတော်ကို စပြီးသွတ် -အလည်တွင် ဋ္ဌသညက ဌာပနာပါလေ၊ သိမ် ၉သိမ်ဝင် အနေကဇာ ၉ခါတင် တင် . . သံဃာတော် ၉ပါးဖြင့်ပြုလုပ်ပါ။ ဤနည်းအားဖြင့် ရှင်မဟာမောဂ္ဂလ္လာန် ပုတ္တထေရက သီရိ သောကမင်းကြီးအား စီရင်ပေးခဲ့သောနည်းဖြစ်သည်။ ဇမ္ဗူဒိပ်ကျွန်း အားလုံးကိုထားဘိဦး တစ်ယူဇနာ အောက်တစ်ယူဇနာ အစိုးရ၍ ဘုန်းအလွန်ကြီးခဲ့သည် ကိုယ်တော်လေး . . .။

**"အသားများက"** ဘာသားများနဲ့ထုလုပ်ရပါမလဲဘုရား . . ညောင်သား၊ ထိန်သား၊ လင်း သား၊ ဂန့်ဂေါ်သား၊ သက်န်းနက်သား၊ နံ့သာနီတို့ကို ထုနိုင်ပါတယ်ကိုယ်တော် . . ထို့ပြင်လဲ ရှစ်ဆူ ပွင့်ကြတဲ့ ဗောဓိသစ်မင်းတို့လဲ ထုနိုင်ပါတယ်ကိုယ်တော် သာဓုပါဘုရား သာဓုပါ . . အရှင် ဘွဲ့တော်ကို ဘုရားတပည့်တော်အား သိခွင့်ပေးပါဘုရား - ဦးနာဂိသရလို့ခေါ်ပါတယ် ကိုယ်တော် တံခိုးကြီးဘုရား ပန်းပေါင်းတို့ဖြင့်၄င်း၊ အောင်မြေတို့ဖြင့်၄င်း၊ ထုလုပ်ရင်ကော ရနိုင်ပါသလောဘုရား ရပါတယ် ကိုယ်တော်၊ ကောင်းလဲ ကောင်းပါတယ်ကိုယ်တော်၊ ကျေးဇူးကြီးလှပါတယ်ဘုရား . . ကျွန်ုပ်က ကန်တော့ဝတ်ချလိုက်၏။ ထိုနေရာတွင်ကိုယ်တော် မြတ်ကြီးပျောက်ကွယ်သွားတော့ ဘုရားဖူးသွား ပုတီးစိတ်၊ ပုထိုးတော်ကြီး၊ ဂူကြီး၊အောင်မြေ၊ ကြေးဘုရားကြီး တဆူလျှင် စိတ်ခဲ့၏။ အားလုံး တနေ့တွက်ပုတီးပေါင်းဂါထာ ၁၀ပတ် = ၈၆၀၀၊ ရိုးရိုး၃၆၀ပတ် - ၃၈၈၈၀၊

တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့အင်္ဂါနေ့ **အိပ်မက်** - ကျွန်ုပ်တို့ ဘုန်းကြီး၅ပါး စကားပြောနေကြ၏။ လူဆယ်ယောက်လောက် ဓါးပြတိုက်ကြ၏။ ထိုဓါးပြများက ငွေ၅ကျပ်သာ ဟုတောင်း၏။ငွေ၅ကျပ်မရှိကြောင်း ကျွန်ုပ်ပြော၏။ပစ္စည်းများရှိပါသည် တကာတို့မြင်တဲ့အတိုင်း ကြိုက်တဲ့ပစ္စည်း ယူသွားပါ၊ ငွေကတော့ ၁ကျပ်လောက်တောင်မှ မရှိပါဟုပြော၏။ ဓါးပြများက မကျေ ကြ၍ ကိုယ်တော်တို့လိုက်ခဲ့ကြပါဟု သေနတ်များ ဓါးများဖြင့်ချိန်ပြီးခေါ် သွားကြ၏။ ကျွန်ုပ်တို့ ခေါ်ဆောင်ရာသို့ လိုက်သွား၏။တော်တော်ကျယ်ပြန့်သော ကွင်းပြင်ကြီးအထဲ ရောက်ကြသော ကျွန်ုပ်တို့ နှင့်ပါလာကြသော ဘုန်းကြီးလေးပါးက ဓါးပြများ၏သေနတ်များကို ဖြန်းကနဲဆို ဆွဲယူလိုက် ပစ်လိုက်ကြ၏။ ဓါးပြတွေသေကုန်ကြ၏။ ကျွန်ုပ်ကတော့ အံ့အားသင့်စွာနှင့် ရပ်ကြည့်နေ၏။

ထိုအခိုက် သေနတ်နှင့် လုပစ်ကြသော ဘုန်းကြီးလေးပါးက ကျွန်ုပ်နားလာကြပြီး ကိုယ်တော် ဘာငေးကြည့်နေတာလဲ . . တပည့်တော်တို့က လုလုပစ်ပစ် ပစ်လိုက်တော့ ခါးပြတွေ အငိုက်မိသွားပြီး ကျဆုံးသွားကြတာပါ . . လာကိုယ်တော် သွားကြမယ်ဆို၍ ကျွန်ုပ်လဲလိုက်သွား၏။ တောင်ကြီးတစ်တောင်ရောက်သွား၏။ ထိုဘုန်းကြီးတွင် ပါလာကြသောသေနတ်များ တောင်အောက်ထဲ ချပစ်လိုက်ကြ၏၊ အောက်လဲရောက်သော သေနတ်များ မီးဟုန်းဟုန်းတောက်၍ ကြီးစွာသော မည်းဟီးသံကြီးနှင့်အတူ မီးခိုးကြီးလေးခုအထက်သို့ မတ်စွာထိုးတက်လာကြ၏။ သေနတ်များ ချပစ်သော တောင်ချောက်အောက်ခြေနှင့် ကျွန်ုပ်တို့ရပ်ပြီးနေသော တောင်ထိပ်အကွာအဝေးမှာ ကိုက်ပေါင်း ၁၀၀၀ လောက်ရှိမည်ထင်၏။ ကိုယ်တော်တစ်ပါးက ဒီမီးခိုးတန်းကြီးများကိုင်ဆွဲပြီး ဟိုကမြင်ရတဲ့ တောင်မကြီးကို ကူးသွားကြမယ် . . တို့လေးပါးကတော့ ခဲရင်းမယ်မဟုတ်ဘူး . . ဒီကိုယ်တော်ကတော့ ခဲရင်းမယ်ထင်တယ် . . ကျွန်ုပ်ကလဲ သူတို့ပြောတာ နားထောင်၏။

ဘုန်းကြီးတပါးက တပည့်တော် တာဝန်ထားပါ . . တပည့်တော်နှင့် အတူကူးခဲ့ပါ၊ အရှင်ဘုရားတို့ သုံးပါးသာ ကူးသွားကြပါဟု ပြောသောအခါ . . ထိုဘုန်းကြီး ၃ပါးက မီးခိုးတန်းကြီး ၃ခုကို တစ်ပါးတစ်ခုစီ ဆွဲယူလိုက်ကြပြီး ကြိုးနှင့်လွဲပြီး တဖက်ကိုကူးသကဲ့သို့ ကူးသွာကြ၏။ အကွာအဝေးမှာ တစ်မိုင်နီးနီးရှိမည်ထင်၏။ ကျန်ရစ်သောဘုန်းကြီးတစ်ပါးက သူတို့ကူးသွားကြတာမြင်ရဲ့လား၊ ကိုယ်တော်နှင့် တပည့်တော်ကူးမယ် . . တပည့်တော်ဆွဲသလို မီးခိုးကြိုးကိုသာဆွဲနေဘ် . . ချောက်တွေ လျှိုတွေကပေါ့ပါဘိနဲ့၊ တော်တော်ကြာ ချောက်ထဲကျနေရစ်မယ်ဟု ကျွန်ုပ်ကိုပြော၏။ ထိုအခါ ထိုဘုန်းကြီးက မီးခိုးတန်း ကြိုးကြီးကို ဆွဲယူလိုက်၏။ ကဲကိုယ်တော်လေး ဒီလိုကိုင်ဟုပြောသဖြင့် သူ ပြောသောအတိုင်း ကိုင်ပြီးသောအခါ မီးခိုးတန်းကြီးကို အရှိန်နှင့်တွန်းလိုက်ကြ၏။


မီးခိုးတန်းကြီးများမှာအလွန်လျှင်မြန်စွာ ရွေ့လျားပြီးသွားသောအခါ ကျွန်ုပ်မှာမူ ရင်တဖိုဖိုနှင့်လိုက်ပါသွား၏။ များမကြာမီ တောင်မကြီးပေါ်သို့ ရောက်သွားကြ၏။ ကျွန်ုပ်လဲ တောင်မကြီးပေါ်သို့တက်လိုက်လျှင်၊ တက်လိုက်ခြင်း မီးခိုးတန်းကြီး ပျောက်ကွယ်သွားတော့၏။ ရောက်ရှိနေကြသောဘုန်းကြီး ၃ပါးက ကဲစုံပြီးသွားကြစို့ ဆို၍ ကျွန်ုပ်လဲသူတို့ခေါ်ရာ လိုက်သွား၏။ အဝအတောင် ၁၀၀၊ အမြင့်အတောင် ၂၀၀ လောက်ရှိမည်ထင်ရသော တောင်ဂူဝကြီးတစ်ခုရှေ့မှာ ရောက်လာကြ၏။ ဘုန်းကြီးလေးပါးက သူတို့အချင်းချင်း ပြောနေသည်မှာ အချိန်ကလဲ သိပ်မရတော့ဘူး၊ ဒီအတိုင်းသွား မယ်ဆိုလျှင် နာရီ ၃ပတ်လောက် သွားရလိမ့်မယ်။ အဲဒီတော့ တကာပတ္တကို အကူအညီခိုင်းမှ နာရီဝက် လောက်နဲ့ ရောက်မှာဘဲ။

ဒါဖြင့် ခေါ်ကိုယ်တော်ဟု တပါးကပြောသဖြင့် ဘုန်းကြီးတစ်ပါးက ဂူကြီး လက်ယာဘက်ကနေ ဟေ့ တကာပတ္တဟု ခေါ်လိုက်၏။ ခဏခြင်းပင် ထန်းလုံးလောက်ရှိသော နဂါးကြီးတစ်ကောင် ရောက်လာ၏။ ကျွန်ုပ်လန့်သွား၏။ ဘုန်းကြီးလေးပါးက ကျွန်ုပ်ကိုဝိုင်းရီကြပြီး ကြောက်သလား လာ ဒီနဂါးကြီးကိုစီးပြီး ဒီဂူကြီးထဲဝင်သွားကြရမှာ ကိုယ်တော်လေးက အလည်ကစီး၊ တပည့်တော်တို့လေးပါးက ရှေ့နှစ်ပါးနောက်နှစ်ပါး ညှပ်စီးမယ်ဆိုပြီး ပြောပြောဆိုဆိုနှင့် နဂါးကြီးပေါ်တက်ကြ၏။ ကျွန်ုပ်လဲ ကြောက်ကြောက်နှင့်တက်၏။ အားလုံးစီးမိကြသောအခါ နဂါးကြီးက လေ၏လျှင်သကဲ့သို့ တောင်ခေါင်းကြီးထဲ

ယမ်းစိမ်း ၅ကျပ်၊ လက်ချား ၅ကျပ်၊ ဇဝက်သာ ၅ကျပ် ၎င်းသုံးပါးကို အမှုန့်ပြု၍ ခါတ်လုံးနှင့် ဆေးမှုန့်ကို လေးတူစက်၍ လုံတွင်ထည့်ပိတ်၊ ဇော်ဂျီ ၃ထပ်မံ၍ အဖုံးချော်ရောက် ထိုးပြီးလျှင် မြွှင့်ခါ မြွှင့်ခါထိုး မီးသွေးတစ်ခွက်ထက် မနည်းစေနှင့်၊ အေးသောအခါ ခါတ်လုံးကို ခွဲ၍ယူ၊ ၎င်းအတိုင်း ဖြူးရုပ်ဆောင်း ဆေးနှင့်၁၀လုံး ထိုးပြီးလျှင် ဓာတ်လုံးကိုအလင်းကျို၍ ထောပတ်၊ ဝက်ဆီ ၂မျိုးစပ်၊ ၁၀ကြိမ်ခန့်ရေတွင်လောင်းလေ၊ အလွန်သိဒ္ဓိစင်ကြယ်၏။ စင်ကြယ်ပြီးခါတ်လုံးကို နိဗ္ဗာန်ရောက် တင်ပို့ရန် နိဗ္ဗာန်တင်ဆေး စုဖေါ်နည်းကား၊ လုပ်ထုံးကား ပြဒါးချွတ်ပြီးအစင် ၁၀ကျပ်၊ကန့်မှုန့် ၁၀ကျပ် ကိုလုပ်နည်းမှာ မီးပေါ်တွင် သံဒယ်အိုးကင်း ယူ၍လာလျှင် ကန့်မှုံ့တဝက်ကို ဖြူးကာထည့်၊ ၎င်းကန့်မှုံ့ အဆီပြန်လာလျှင် ပြဒါးတဆယ်ကျပ်သားကိုထည့်၊ ၎င်းအထက်က ကျန်ကန့်တဝက်ကို ဖြူးခါ ဖြူးခါ သံချောင်းနှင့်မွှေ၊ ကောလိကြေလျှင် ၎င်း ၂ပါးပြာကဲ့သို့ ဖြစ်၏။ "ထားဦး"

**စတုပညာ ဖြိုလ်သက်အတိုင်း စုဖေါ်နည်းကား** - ယမ်းစိမ်း ၁၇ကျပ်ကို ဆား ၈ကျပ်၊ ဆပ်ပြာကောင်း ၁၉ကျပ်၊ မဖေါက်ထုံး ၁၀ကျပ်၊ ၎င်း ၅၄ကျပ်သားကို ချက်ရန်နည်းကား၊ ကြွေအိုးတွင် ပထမထုံး မှုန့်ကိုရေဖျော်၍ထည့်ပြီး မယမ်းဆားဆပ်ပြာကိုထည့်၍ ချက်ကော်လိဖြစ်၍ တွဲမိရုံချက်ပြီး အေးမှယူထားဦး" လက်ချားမီးဖေါက်၍ များများထားရမည်။ **"နိဗ္ဗာန်တင်ကတ္တား ဆေးစပ်ဖေါ် နည်းနှင့် လုပ်ထုံးကား"** ကန့်၊ ပြဒါး ပြာအချိန်ရှိသ၍၊ ၎င်းပြာနှင့်ဆတူ စတုပညာသချော်ထည့်၊ ၎င်း၂မျိုး အလေး၊ လက်ချားမီးပေါက်ထည့်၊ ၎င်း၃မျိုးကို ကောလိကျေအောင်ကျိုတ်၍ ထားဦး နိဗ္ဗာန် တင်ကတ္တားဆေးစု ဖေါ်နည်းပြီး၏။သိဒ္ဓိစင်ပြီး ခါတ်လုံးကို နိဗ္ဗာန်ရောက် ကတ္တားဆေးနှင့် ၁၂ဆင့် တက်ရန် အစဉ်ကား ၎င်းခါတ်လုံးကို ၅မတ်သားရှိလျှင် ကတ္တားဆေး ငါးမူးသားထည့်၍လုံပိတ်ထိုဇော်ဂျီ ၃ထပ်မံပြီး မီးရှန်အဖုံးချော်စွဲအောင် ထိုးပြီးမှ မြွှင့်ခါမြွှင့်ခါလှည့်၍ မီးသွေးတခွက်ထက် မနည်းထိုးရမည်။ ချ၍အေးမှယူ၊ ၎င်းခါတ်လုံးကို ကတ္တားဆေးငါးမူးစီထည့် အထက်နည်းဆယ်လုံး စေ့အောင်ထိုး။

၎င်းခါတ်လုံးသည် မည်းနက်၍ နေ၏။ နိဗ္ဗာန်ကတ္တားဆေးနှင့် ၁၀လုံတဆင့်ထိုးပြီး ခါတ်လုံးက တမူးသာမျှယူ၍ ၎င်းခါတ်ကို အလင်းကျို၍ အရေလင်လျှင် ပြာရည်တွင်သွန် ၎င်းနည်း၁၀ကြိမ်သွန် ပြီးမှ ၎င်းခါတ်လုံးက တမူးယူ ၂ပုံခွဲ၊ စက်ဝိုင်းအပြားခတ်၍ထား၊ ၎င်းစက် ၂ခုတွင် စမဗဝ လေးလုံးရေး၊ စမနေ့ကောင်းရက်မြတ် သိဒ္ဓိစုတ်၊ ဝရစုတ်ရက်များကို ရွေးချယ်၍ ကောင်းသောနေ့ နံနက် ၉နာရီ အတွင်းမှာ ဝိဇ္ဇာဒေဝနတ်မင်းနှင့် သြသဒိ ဒေဝနတ်မင်း ၂ပါး၊ သူရဿတီဒေဝီနတ်သမီး ၁ပါး၊ ၎င်း သုံးပါးကိုကွမ်းလှူကတ်၊ပန်းနံ့သာတင်၍ ပင့်ခေါ် ဆုတောင်း ပဌာနာပြုပြီးမှ ပထမအဟိန်းဂါထာရွတ်၍ ရေးရမည်၊ ၎င်းနေ့ ၁၂နာရီအတွင်းမှာ ဓ အက္ခရာ၊ ၎င်းနေ့ ၃နာရီအတွင်းမှာ ဗ အက္ခရာ၊ ၎င်းနေ့ နေဝင်ခါနီး ၆နာရီအတွင်းမှာ ဝ အက္ခရာတို့ကို အဟိန်းဂါထာ ရွတ်ပြီးမှ ရေးရမည်၊ ရေးပုံမှာ -




၎င်းပုံအတိုင်း မူးစေ့ခန့်ပြုလုပ်၍ ၎င်းစက်ကိုညာလက်ရုံး ဗယ်လက်ရုံးတွင် မြှုပ်နှံရန် စီရင်နည်းကား - နံနက်စောစော မြတ်စွာဘုရား ၄ဆူကို ရည်မှတ်၍ ဆွမ်း၊ ရေချမ်း၊ ပန်း၊ မီး တပွဲစီ ၄ပွဲ နိုသျှည်းပေးနည်း၊ ဆရာကို ရည်မှတ်၍ တပွဲ ဝိဇ္ဇာဒေဝ နတ်မင်း၊ သြသဒိဒေဝနတ်မင်း ၂ပါးကို ၂ပွဲ၊ နေနတ်မင်း လနတ်မင်း ၂ပါး ၂ပွဲ၊ စတုမဟာရာဇ် ၄ပါး ၄ပွဲ၊ သူရဿတီ ၁ပွဲ ဤကဲ့သို့ ပွဲစုံစွာ ပြင်ပြီးမှ

မြတ်စွာဘုရားလေးဆူကို ရည်မှန်း၍ သရဏဂုံသီလခံယူပြီးမှ ... "ကျေးဇူးတော်သခင် နိသ ၁၂ဆင့်
ပဋ္ဌာနာပြု၊ မေတ္တာပို့ အမျှဝေရမည်၊ ပြီးမှ နတ်မင်းများပင့်ရန်ကား နေနတ်မင်း၊ လနတ် ဓါတ်လုံ
ပေးတော်မူသော ဆရာကြီး နှင့် ဝိဇ္ဇာဓေဝနတ်မင်း သြသဒိဓေဝနတ်မင်း၊ နေနတ်မင်း၊ လနတ် ဓါတ်လုံ
ပေးတော်မူသော ဆရာကြီး နှင့် ဝိဇ္ဇာဓေဝနတ်မင်း ... နတ်မင်းများအပေါင်းတို့ မြတ် ၁၀တွင်
စတုလောကပါလ နတ်မင်းကြီး လေးပါး၊ သူရဿတိဒေဝီ အစရှိသော နတ်မင်းများအပေါင်းတို့ မြတ် ၁၀တွင်
ဘုရား သာသနာတော်ကို ချီးမြှင့်ပါရန် သာသနာပြုရန် သတ္တဝါများကို ချမ်းသာစေရန် ကယ်တင် ၎င်းကို
ဝိဇ္ဇာခိုရ်အတတ်ကို တတ်မြောက်လို၍ ၎င်းစမကိုမြှုပ်နှံပါမည် အရှင်နတ်မင်းတို့ ကြည့်ရှု စောင့်ရှောက် ယူပြီး
မစတော်မူကြပါကုန်" ဟုဆိုပြီးမှ ဣတိပိသောဂုဏ်တော်ကို တခုလျှင်၃၆အုပ်စုပ်။ ၂ခု ၇၂ ခေါက်စုံ ဓါတ်လ
ကာလစက်ကို ညလက်ရုံးတွင် အလျင်သွင်း၊ နောက်ဘယ်လက်ရုံးသွင်း - ၁။

"စက်တွင် စမရေးသည့်အခါ ရွတ်ရန်အဟိန်းဂါထာကား" စ ကာယောစ ဗုဒ္ဓရုပ် ၊ စကာ ၂။
ကုသလံ၊ တဿနမော ဗုဒ္ဓေါစ၊ စကာယံ၊ ကုသလိတဿ နမော ဗုဒ္ဓေါမ၊ ဗ ကာယောဗ၊ ဗုဒ္ဓ
ဗကာယံ၊ ကုသလံ တဿနမောဗုဒ္ဓေါဗ၊ ဝ ကာယောဝ ဗုဒ္ဓရုပံ ဝကာယံ ကုသလံ တဿန
ဗုဒ္ဓေါဝ။ ၃။

"လက်ျာလမ်းပေါက်အောင်လုပ်နည်းလုပ်ထုံးကား" ပထမနိဗ္ဗာန်တင်ကတ္တာဆေးနှင့် ၁၀
တဆင့်ထိုး ဓါတ်လုံးနှင့် ရွှေလေးတူထည့်ပြီးလုံပိတ်ဇော်ဂျီ ၃ထပ်မံ၍ မီးသွေးလေးပြိုကုန်ထိုးပြီးလျှင်
အေးမှခွဲ၍ယူ၊ ရွှေသည်ထိပ်ဆောင်း၍ ကျိပ်ကြေကျ၏။ ရွှေသေ၏။ (ထားဦး) ဒုတိယနိဗ္ဗာန်ရော ၄။
တင် ကတ္တားဆေးနှင့် အထက်နည်းဆယ်လုံတစ်ဆင့်ထိုး၍ ၂ဆင့်မြောက် ဓါတ်လုံးနှင့်ပြဒါး ချွတ်
စင်စစ် ၁၀ကျပ်သားကို လုံတွင်ထည့် စလောင်းငှားဖုံး၍ လွှစာ ၄ပြည်မီးတွင် ၎င်းလုံကိုထည့်စို ၅။
၎င်းလွှစာ ကုန်ပြန်သော် ၄ပြည် ၄ပြည်ထည့်၍ ၇ရက်စိုက်လျှင် ပြဒါးပြာနုဆိုက်၏။ ထားဦး

"လက်ျာလမ်းပေါက်ရန် ရွှေကျိတ်ကြေနှင့် ပြဒါးပြာတွဲဖုတ် ၊ ဖုတ်နည်းပြစ်နည် ၆။
ကူးနည်းကား" ရွှေကျိတ်ကြေနှင့် ပြဒါးကို လေးတူစက်၍ ကောလီကျေအောင် ကျိတ်ပြီးမှ လုံတွ
ထည်ပိတ် ဇော်ဂျီ၃ထပ်မံပြီးလျှင် တွင်းနှင့်လွှစာ ၄ပြည်မီးထည့်၍ ညီမှ ၎င်းလုံကိုတယ်၊ ၎င်းလုံပေါ ၇။
လွှစာ ၄ပြည်ထပ်၍ ဖုံးအုပ်ရမည်၊ ၎င်းလွှစာများ မီးကျွမ်းကုန်၍ အလွန်အေးမှ လုံကိုဖွင့်ရမည်။ ရွှေပြ
နှစ်ပါးသည် ပြာနုဆိုက်၏။ ၎င်းပြာက တပဲယူ၍ ဘောင်စင် ၁ကျပ်အရည်တွင်ပြစ် နိဗ္ဗာန်ဝင် ရွှေဖြစ်၏ ၈။
လက်ဝဲကို ၎င်းလုပ်နည်း လုပ်ရသည်။ ၎င်းပြာတပဲ ဒန်တကျပ်မှာပြစ်၊ ၎င်းဓါတ်လုံးကို နိဗ္ဗာန်တင် ကတ္တာ
ဆေးနှင့် စိုက်ပြီးလျှင် ပြဒါးပြာနုဆိုက်၏။ ယခုကဲ့သို့ ကတ္တားဆေး ၁၀လုံကြ။ အဆင့်ဆင့် ၁၂ဆင့်တို ၉။
ဓါတ်လုံး နှင့် ပြဒါးစင် ၁၀ကျပ်သားကျစီ မီးစိုက်၍ရသော ပြဒါးပြာများကို ထပ်၍မီးစိုက်ထားရမည် ၁၀
မီးနာနာစိုက်ထားနိုင်လျှင် သာ၍ကောင်း၏။

'ဦးအောင်' လမ်းတွင် ၎င်းပြဒါးကိုအုန်းသီး အလုံး ၃၀ကုန်အောင်စိုက်ပြီးမှ ၎င်းပြဒါးကို ၁ကျ
သားယူ၍ ပျားရည်၁ပိဿာတွင်ထည့်ဖျော်ပြီး နံနက် ည ၁ကျပ်သားစီ နေ့စဉ်စားသုံးသည်။ ၎င်းနည် ၁၁
၁၂ကျပ်သား ပျားရည်တပိဿာကုန်လျှင် သိဒ္ဓိမြောက်ကြောင်းကိုလည်း နောက်ဆုံးတွင် ရေးထားသည်
သိဒ္ဓိဝိဇ္ဇာ ပြီးမြောက်၏။ နိဗ္ဗာန်တင်ကတ္တားဆေးနှင့် ၁၀လုံကြ၊ ၁၂ဆင့်ထိုးပြီးသော် ဓါတ်လုံးသည် ၁၂
အရောင်အထွေထွေ ပေါ်လာပြီး ၎င်းဓါတ်လုံးကို ဖမ်း၍မရပြီ၊ ၎င်းဓါတ်လုံးကို ကတ္တား ဆေး ၁၀လုံကြ

...ဆင့်ထိုးပြီးသော ခါတ်လုံးသည် အသန္တိန္ဒခါတ်ဖြစ်၏။ ရုပ် ၉ပါးအရည်တွင် ၎င်း ခါတ်လုံးကိုထည့် ...ခါတ်လုံးနှိ၍ လာလျှင်ချ၊ ရုပ်ကိုးပါးလုံးပြာနုကြ၏။ ၎င်းရွှေပြာက ဖြရေ၊ နာ - ဘင် - ဒါန် စသောရုပ်ခါတ် ...တွင်ဖြစ်လျှင် သုဝဏ္ဏဖြစ်၏။ နိဗ္ဗာန်တင်ကတ္တားဆေး ၁၀ကြိမ်ထိုးပြီး ခါတ်လုံးက တမူးသားယူ၍ ...၎င်းကိုဆက်လုပ်၍ သိဒ္ဓိတင်ပြီးမှ ၎င်းစက်ကို လက်ဝဲလက်ယာ မြှုပ်နှံပြီးနောက် ဘော်ပြာ - ရွှေပြာတို့ ...ယူပြီးနောက်ကိုမှ အမှတ်ပြုရမည်။ သိဒ္ဓိဆယ့်နှစ်ပါးလမ်းစဉ် နိဗ္ဗာန်တင်ကတ္တားဆေး ၁၀ကြိမ် ထိုးပြီး ခါတ်လုံးနှင့် ပြဒါးပြာချ။

၁။ ၎င်းပြာ ခနသိဒ္ဓိလမ်းပေါက်ပြီး စားရ၏။

၂။ ၎င်းနောက် ကတ္တားအကြိမ် ၂၀ထိုးပြီး ခါတ်လုံးနှင့်ပြဒါးပြချကာ ၎င်းပြာကိုစားရလျှင် ပီယသိဒ္ဓိ မြောက်၏။ ၎င်းခါတ်လုံးအရောင်သည် ဝင်းဝါရှိ၏။ ၎င်းခါတ်လုံး ငုံ၍သွားက သားကဲ့သို့ ချစ်ခင်၏။

၃။ ကတ္တားဆေး အကြိမ် ၃၀ ပြီးခါတ်လုံးသည် နီဝါရောင်ရှိ၏။ သုဝဏ္ဏအဆင်းရှိ၏။ ၎င်းခါတ်လုံး ကို နှုတ်တွင်ငုံ၍ သွားလျှင် ကာယသိဒ္ဓိပြီး၏။ ၎င်းခါတ်လုံးနှင့် ပြဒါးပြာချ၍ ၎င်းပြာကို စားရ လျှင် ကာယသိဒ္ဓိပြီး၏။

၄။ ကတ္တားဆေးအကြိမ် ၄၀ ပြီးခါတ်လုံးငုံ၍သွားက ပထဝီသိဒ္ဓိပြီး၏။ ရှေးနည်းအတိုင်းစီရင်၍ ပြာစားရက ပထဝီသိဒ္ဓိပြီး၏။

၅။ ကတ္တားဆေးအကြိမ် ၅၀ ထိုးပြီး ခါတ်လုံးကို ငုံ၍သွားက ဥဒကသိဒ္ဓိ၊ ရှေးနည်းပြာစားရက ဥဒကသိဒ္ဓိ ပြီး၏။

၆။ ကတ္တားဆေးအကြိမ် ၆၀ထိုးပြီး ခါတ်လုံးငုံ၍သွားက အာကာသသိဒ္ဓိ၊ ၎င်းပြာကို စားက အာကာသ သိဒ္ဓိပြီး၏။

၇။ ကတ္တားဆေးအကြိမ် ၇၀ ထိုးပြီး ခါတ်လုံးငုံသွားက အနုလောမသိဒ္ဓိ၊ ၎င်းပြာစားက အနုလောမ သိဒ္ဓိပြီး၏။

၈။ ကတ္တားဆေးအကြိမ် ၈၀ ထိုးပြီး ခါတ်လုံးကိုငုံသွားက မနောမယသိဒ္ဓိ၊ ပြာစားက မနောမယ သိဒ္ဓိပြီး၏။

၉။ ကတ္တားဆေးအကြိမ် ၉၀ ထိုးပြီး ခါတ်လုံးကို ငုံသွားက ဝေဒတယပိဋကတ္တယသိဒ္ဓိ၊ ပြာစားက ပိဋကတ္တယ ဝေဒတယ သိဒ္ဓိပြီး၏။

၁၀။ ကတ္တားဆေးအကြိမ် ၁၀၀ထိုးပြီး ခါတ်လုံးကို ငုံသွားက ဝိဇ္ဇာမယသိဒ္ဓိ၊ ၎င်းပြာစားက ဝိဇ္ဇာမယ သိဒ္ဓိပြီး၏။

၁၁။ ကတ္တားဆေးအကြိမ် ၁၁၀ ပြီး ခါတ်လုံးကို ငုံသွားက ဝိဇ္ဇာမယ စိန္တာမယသိဒ္ဓိ၊ ၎င်းပြာစားက ဝိဇ္ဇာမယသိဒ္ဓိပြီး၏။

၁၂။ ကတ္တားဆေးအကြိမ် ၁၂၀ ပြီးခါတ်လုံး ငုံသွားက သိဒ္ဓိ၁၂ပါးရ၏။ ပြာစားရက သိဒ္ဓိ ၁၂ပါး ပြီး၏။

မှတ်ချက်- ခါတ်လုံးက သိဒ္ဓိပေါက်သော်လည်း လူကလည်း သိဒ္ဓိပေါက်အောင်လုပ်ရန်
နှစ်ပါးစုံသိဒ္ဓိ မြောက်မှ ခါတ်လုံးမြဲမည်။ ဒါသိ- ဘာကိစ္စကို မမေ့မလျော့ အားထုတ်ရမည်။ အ
ဝိသသာ၊ ခေတ်သုံးပါး တို့၌ ရှိသမျှသော ၁၂ယောက်သော ပုဂ္ဂိုလ်တို့ကို နေ့ညမပြတ် မေတ္တာပို့ရမည်
အထူးအားဖြင့် ဝိဇ္ဇာ၊ ဒေဝနတ်ဩသဒိဒေဝနတ် ၊ စတုလောကပါလနတ်မင်းကြီး ၄ပါး၊ ရက္ခစိုး၊ ဘုမ္မ
အာကာသစိုးနတ်၊ ရေနတ်၊ လေနတ်၊ နေနတ်၊ လနတ်၊ မီးနတ်၊ နက္ခတ်တာယာဂြိုလ်နတ်၊ တောတော
ရေမြေသမုဒ္ဒရာစောင့်နတ်၊ ရွာမြို့တိုင်းစကြာဝဠာစောင့်နတ်များ သတ္တရဘန်တောင်စဉ် ၇ထပ်စော
နတ်များ၊ သီတာ ၇တန်စောင့်သောနတ်များ၊ နတ်ဒေဝီများ၊ နတ်သမီးပါမကျန် ၃၁ဘုံသားအား
မေတ္တာပို့ရမည်။ အမျှဝေရမည်၊ ဂရုဂါရဝ ပြုရမည်။

***အထူးမှတ်ချက်*** - ပထမပြောကစ၍ ၁၂ ဆင့် ထိပြာများကို ပြာ ၁ကျပ်သား၊ ပျားရည် တပိသာ
နံနက် ည ၁ ကျပ်စီ မှန်မှန်ရက်စဉ် မပျက်စားရမည်။ ၁၂ကျပ်သား ပျားရည် ၁၂ပိဿာကုန်လျှ
အဆိုပါ သိဒ္ဓိအစဉ် ၁၂ပါး ပေါက်မြောက်တော့၏။

***အထူးသတိပြုရန်*** - ပြဒါးကို အလွန်သုဒ္ဓိစင်အောင် မရိုးစေး၊ ရှားစောင်းကြီးအစေး၊ သမန်းစေးတို့
ရောနယ်၍ ခြောက်အောင်လှမ်းပြီးမှ ၎င်းပြဒါးဒါသစင်စင်ရှိအောင် ချွတ်ရမည်။ အခြားချွတ်နည်း
တို့နှင့်လည်း စင်စင်ချွတ်ပြီးမှ ချရမည်၊ ကျသည့်ပြာကို နာနာကြပ်ကြပ်ဖုတ်ပြီးမှ စားရမည်။

ပထမဦးအောင်လမ်းတွင် အုန်းသီး ၃၀ကုန်အောင်ဖုတ်ပြီးမှ စားရမည်။ ဒါသ ကုန်သည်ထ
ကုန်အောင် ပြုလုပ်မှကောင်းသည်။ ပြာမသေက လူသေတတ်၏။ ရွှေငွေလုပ်ရန် ကူးပြာမှာ ပြဒါးသ
မစင်သော်လည်း ကိစ္စမရှိ၊ စားရန်ပြာမှာ အထူးစင်ကြယ်မှ ကောင်း၏။ မြင်းခြံမြို့ အနိမ့်တောရကျော
ဦးပရမ အရှင်မြတ်၏ ထွက်ရပ်ကျမ်းတည်း။ ။ ဤတွင်ရွှေပြီး၏။ ဤနည်းလမ်းက ကျွန်ုပ်အလွ
နှစ်သက် အလွန်လည်းတိကျ မှန်ကန်၏။ ယခုခေတ်နှင့်လည်း ကိုက်ညီ၏။ ဘာမှ ခက်ရာခက်ဆ
ကောက်စရာမပါ - ပါရမီရှင်များ လုပ်နိုင်ကြပါစေ။

၁၃၃၀ခု၏ ပြာသိုလဆန်း ၈ရက် ကြာသပတေးနေ့ နံနက်ဘုရားရှိခိုး ပုတီးစိပ်ပြီး ဘုရားဖူ
ဖူးရန် ထွက်လာခဲ့၏။ ကျောက်တော်ကြီးဘုရားသွားရန် ဦးပိန်တံတား အနောက်ဖက်ထိပ်ရောက်တေ
ဘုန်းကြီးတစ်ပါးက ကိုယ်တော် ကျိုက်ထီးရိုးကို ပုတီးပတ် ၁၀၀၀ဖြင့် ပူဇော်စိပ်ကြည့်စမ်းပါ ဘယ်လော
ထူးတယ်ဆိုတာ ကိုယ်တော်သိလာပါလိမ့်မယ်။ ကောင်းပါပြီ တပည့်တော်သွားပြီး စိပ်ကြည့်ပါအုံးမယ်
ပြောပြီး ကျွန်ုပ်လည်း ကျောက်တော်ကြီးဘုရားလာခဲ့၏။ ဘုရားရောက်တော့ ပုတီး ၂၇ပတ်စိပ်၏
ပြီးလျှင်ပြန်တက်ခဲ့၍ တောင်မင်းကြီးဘုရားဝင်ပြီ ၂၇ပတ်စိပ်၏။ ကျောင်းပြန် ရောက်တော့ ဆွမ်းစား
ရေချိုး၍ နေ့အဓိဋ္ဌာန်ဝင်စိပ်၊ ည ဘုရားများသွားစိပ်၊ ထိုနေ့က မီးခါတ်တက်တာ ၈ရက်ရှိသွားပြီဖြစ်
ပုတီး ၆၀၉၆၀၀ ရပြီးခဲ့၏။

ပြာသိုလဆန်း ၉ရက် သောကြာနေ့ နံနက် ၁ချက်လောက်အိပ်မက်၏။ ကိုယ့်ခေါင်းကိုကို
ရိတ်နေ၏။ နောက်ပိုင်း ရိတ်ပြီးတော့ ဦးထိပ်ကိုရိတ်၏။ ငယ်ထိပ်ကို ရိတ်လိုက်တော့ ငါးမူးဝိုင်းလော

ပေါက်ပြီး အသားပါ ပါသွား၏။ သွေးများ ဥနှောက်များထွက်လာ၊ ကျွန်ုပ်က လက်နှင့်ပိတ်ထားလိုက်၏၊ နာလည်း မနာဘဲ တဖြည်းဖြည်းပျောက်၍ ပကတိအတိုင်း ဖြစ်သွား၏။ ကျွန်ုပ်အံ့သြစွာဖြစ်နေတုံး အဘိုးကြီး တစ်ယောက်က မြောက်စူးစူးကလာ၍ အရှင်ဘုရားထိပ်ဆုံးက ပေါက်နေပါပြီကော၊ ကောင်းလိုက်တာ၊ ကောင်းလိုက်တာ စိတ်ချရပါပြီ. . . စိတ်ချရပါပြီ. . . ဘယ်သွားသွား ဘာလုပ်လုပ် ဖြစ်ပါပြီကိုယ်တော်ဘုရားဟုဆိုပြီး ဝတ်ချ၍ မြောက်ဘက်ပြန်ထွက်သွား၏။

ကျွန်ုပ်နိုးလာ၍ နာရီကြည့်လိုက်တော့ ၂ ချက်ခွဲရှိသေး၏။ မျက်နှာသစ်၊ ဘုရားဝတ်တက် ပုတီး စိပ်၏။ တုံးကြီးခေါက်တော့ ပုတီးစိပ်ပြီး၍ ကားဆိပ်လာ၏။ စစ်ကိုင်းကားလာ၍ တက်စီးသွားပြီး ၂၉လမ်းအချိုင်း၊ ထိုကမှ ခြေလျှင်လျှောက် ဘုတာကြီးအရောက်မှာ ၅နာရီထိုး၍ လက်မှတ်ရည်သောက်ပြီး နံပါတ် ၃တွဲတက်၍ ခုံနံပါတ် ၃၆တွင် ထိုင်နေတော့၏။ ပုတီးစိပ်နေလိုက်၏။ ၆နာရီအမြန်ရထား ထွက်တော့၏။ ရထားပေါ် လေးစုရပ်က ကိုထွန်း (ကျွန်ုပ်တို့နှင့် ကျောင်းနေဘက်) နှင့်တွေ့၍ သူက ပေါက်စီကပ်၏။ ပေါက်စီကို ဖဲ့ကြည့်လိုက်တော့ သကြားပေါက်စီဖြစ်သဖြင့် သူကပ်သော ပေါက်စီ၃လုံး စားလိုက်၏။

ထိုနေ့က ဤဟာပဲဆွမ်းဖြစ်၏။ ညနေ ၆နာရီရန်ကုန်ဘုတာကြီးရောက်၊ ဇီနမာရ်အောင် ဆရာတော်ဦးသြဘာသက ကြိုနေ၏။ ကားပါလာကြောင်းပြော၍ ကားစီးပြီး တကာကသူ့တိုက်ပင့် သွား၏။ သူတို့တိုက်ရောက်တော့ အနည်းငယ်ဟောပြောပြီး ပြန်ကြမည်လုပ်တော့ တပည့်တော်တို့ကို ပစ္စည်းလေးပါး တကာမှတ်တော်မူပါဘုရားဟုလျှောက်၍ တကာများနာမည် မေးကြည့်လိုက်သောအခါ ဦးစန်းမောင်- မနုဖြူဒေါ်မမလေးဟုလျှောက်၍ မှတ်ထားလိုက်၏။ ဒီလူတွေ ငါနဲ့ဘယ်လိုအဆက်ပါ သလဲဟု အောက်မေ့နေတုံး - ဦးစန်းမောင်ကို ကုလားဘိုးတော် ဘာဘာကြီးဝင်လာပြီး သူ့သမီးနှင့် မောင်နှမတော်ကြောင်း ဒေါ်မမလေးသမီးတယောက်က နှစ်မဖြစ်ဘူးခဲ့ကြောင်း ဘာဘာကြီးကပြော၏။ ထိုတိုက်ကမှ ရွှေမင်းဝံတိုက် ဆရာတော်ဦးသံဝရကျောင်း ၁၀နာရီပြန် ၁၂နာရီ လောက်ထိ အလ္လာပ၊ သလ္လာပ ပြောကြပြီး အိပ်ကြ၏။


ပြာသိုလဆန်း ၁၁ရက်နေ့ နံနက် ၁ချက်လောက် အိပ်မက်၏။ တောင်မတ်မတ်ကြီး တစ်တောင် ရောက်သွား၏။ တဖက်အဆင်း၊ တဖက်ကအတက်လမ်း ၂လမ်းတည်းရှိ၏။ တောင်ပေါ်ရောက်တော့ အဆောက်အဦးများမှာ တမျိုးတဖုံ ထူးဆန်းစွာ ဆောက်လုပ်ထား၏။ ကြည့်လို့မငြီးနိုင်ပေ။ဘုရားရုပ်ပွား တော်များက ဥဏ်တော် ၅တောင်လောက် လေးဆူကျောခြင်းကပ်ပြီး သီတင်းသုံးနေတော်မူကြ၏။ အသားတော် သင်္ကန်းတော်တို့က စိန်ရောင်များဖြစ်၏။ ရေကန်များလည်း မြစိမ်းရောင် အဆင်းရှိ၏။ အလွန်ဆန်းလှ၏။ ထိုဘုရားများဖူးပြီး ရေကန်များ လှည့်ကြည့်နေတုံး ဘုန်းတော်ကြီးတစ်ပါးနှင့် အဘိုးကြီးတယောက်က နောက်က ရောက်လာပြီး ကျွန်ုပ်ကိုပြောသည်မှာ - ကိုယ်တော်မှာ ပေါက်ပြီး သားပဲ ပေါင်မှာဘုရားပေါ်မှပေါ့ ဟု ပြော၏။

ကျွန်ုပ်က ပေါင်ကို လှန်ကြည့်လိုက်၏။ ပေါင်အရင်းနားမှ ဒူးတိုင်အောင် ဆေးနီနှင့်ထိုးထား သော စမဘုရားသုံးဆူတွေ့ရ၏။ ကျွန်ုပ်က ရပ်နေသော ဘုန်းတော်ကြီးကို အရှင်ဘုရား ဒီမစဘုရား များက ဘာလို့ခေါ်ပါသလဲဘုရားဟုမေးတော့ အဲဒါက ကိုယ်တော်ပဋ္ဌမ်အောင် စမဘုရားများလို့ပြော၏။


ထိုအခိုက် နိုးလာပြီး ဤမှတ်တမ်း ရေးလိုက်၏။ နံနက်၃ခွဲထ ဘုရားဝတ်တက် ပုတီးစိပ်
ရှင်းစားပြီး ရွှေတိဂုံဘုရားခြေလျင်သွားဖူး ပုတီး၄၅ပတ်စိတ်ပြီး နံနက်၉နာရီလောက် ဦးဝင်းတိုက်သွား
ရှင်းစားဦးဝင်း၏ပုတီးစိတ် အတွေ့အကြုံများ ရှင်းပြပြီး နေ့ခချက်ကျောင်းပြန် ည၇နာရီ ရွှေတိဂုံ
ပုတီးစိတ်သွား၊ ဘိုးပြူး ဘိုးပွင့်တို့နှင့်တွေ့၍ ထိုပုဂ္ဂိုလ်ကြီးများက အောက်ပါအင်းများကိုပေးကြ၏။

ဤအတိုင်း ဒေါင်ရွက်ပေါ်တွင်ရေးပြီး ကိစ္စအဝဝ
ဆောင်ရွက်ခိုင်းပါ အလိုဆန္ဒပြီးမြောက်ပါတယ်။





ဤစမအင်းသည် ဒိဗ္ဗစက္ခု အင်းဖြစ်၏။ အကြားအမြင်ရ၏။ ချသောက်ပါ ကိုယ်တော် ၁၀၈ အင်း လောက်ဆိုလျှင် သိသာပါပြီ ။အထွက်နက္ခတ်က စသောက်၊ သတ်သတ်လွတ်စား၊ လူဆိုလျှင် ကံငါးပါးထိမ်းရပါတယ်။ ဘုန်းကြီးကတော့ မလိုပါ၊ ထိုအင်းစသောက်တဲ့နေ့ကစပြီး ဘုရားဂုဏ်အရ တနေ့တအင်း ၁၀၈ရက်သောက် အဓိဋ္ဌာန်နှင့်ပြုလုပ်ပါ။ ၃ခါလောက် အဓိဋ္ဌာန်အောင်လျှင် ဒိဗ္ဗစက္ခု ရတော့တာပဲ ကိုယ်တော်။



ဤစက်ဖြတ်အင်းကို မှုားပြသောနေရာကစ၍ ဆွဲပါ။ စဆွဲသောအခါ ရွတ်ဆိုရန်မှာ သောဘဂဝါ ဣတိပိ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ ဆို၍ ဆွဲပါ။ စက်ဖြတ်အင်းဖြစ်သည်။ ၁ - ဂဏန်း ရေးလျှင် တစ်ဆူသောမြတ်စွာဘုရား၏တန်ခိုးတော် ကုဋ္ဌာသရအကျိုးပေါ် တည်ပါစေသား။ ၂ -ဂဏန်းရေးလျှင် နှစ်ဆူသောဘုရားရှင်တို့၏ တန်ခိုးတော် ၃ - ဂဏန်းရေးလျှင် ရတနာသုံးပါးတို့၏တန်ခိုးတော်။ ၄ - ဂဏန်းရေးလျှင် သံဂိုပမ ဘုရားလေးဆူတို့၏ တန်ခိုးတော်။ ၅ - ရေးလျှင် အနန္တောအနန္တငါးပါး တို့၏တန်ခိုးတော်။ ၆ - ရေးလျှင် ဆဘဏ္ဍာရံသီတို့၏ တန်ခိုးတော်။ ၇ - ရေးလျှင် သူတော်ကောင်းတရား ၇ပါးတို့၏တန်ခိုးတော်။ ၈ - ရေး လျှင် အရိယာပုဂ္ဂိုလ် ၈ပါးတို့၏တန်ခိုးတော်။ ၉ - ရေးလျှင် ဂုဏ်တော် ကိုးပါးတို့၏တန်ခိုးတော်။ ၁၀ - ရေးလျှင် အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၏တန်ခိုးတော်၊ ကုဋ္ဌာသရအကျိုးပေါ် တည်ပါစေသား။ ဤပုဒ်က ၁ မှ ၁၀အထိ နောက်ကလိုက်ပေးရမည်မှတ်။

နေစမကို နေထွက် အာရုဏ်မှ နံနက် ၉ နာရီအတွင်



'နေ' စမ



'လ' စမ

လပြည့်နေ့က စချပါ။ 'လ'စမကို လဆန်း ၁၃ရက် လထွက်မှ လပြည့်နေ့က စချပါ။ လဆန်း ၁၂၊ ၁၄ရက် လပြည့်၊ လပြည့်ကျော် ည ၉နာရီတိုင်အောင် ၁၂၊ ၁၄ရက် လပြည့်၊ လပြည့်ကျော် ၁ရက်၊၂ရက်၊ ၃ရက်တိုင်အောင် လထွက်မှ ၉နာရီအတွင်း ချ လေ။ မျိုသောအခါ နေစမကို နေအာရုံတက်သည်မှ နံနက် ၉နာရီတွင်း မြုပါ။ လစမကိုလည်း လဆန်း၁၃ရက်မှစ၍ လထွက်ချိန်မျိုပါ။ လကွယ်ပိုင်းဖြစ်သော လဆုတ်၅ရက်မှစ၍ လကွယ်သည့်တိုင်အောင် မျိုခြင်းကိုရှောင် နေစမတစ်ထောင်၊ လစမ တစ်ထောင်ပြည့်အောင် မျိုရပါမည်။ မျိုသောရက်အတွင်းမှာ သတ်သတ်လွတ် စား၍ အဖြဟ္မာစရိယာစသော ကံငါးပါးရှောင်ကြည်ရပါမည်။ နေ့စဉ်ပုတီး ၄၅ပတ် အဓိဋ္ဌာန်နှင့်စိပ် ပါမည်။

ဤကဲ့သို့ပြုလုပ်၍ ထောင်ပြည့်အောင်မြင်သွားပါက (အာရောဂျသိဒ္ဓိ) ရပါတော့သည်။ ကာသ မှုလီရေနွေးသာရေတို့ဖြင့် သောက်မျိုရပါမည်။ မိနစ်၃၀တကြိမ် စမတခုမျိုနိုင်ပါသည်။ လထွက်မှလမွန်းတည့် အထိ နေထွက်မှနေမွန်းတည့်အထိ သောက်နိုင်ပါသည်။ ချပြီးသား နေစမများ သူ့ရိယပရိတ် တထော စုတ်ထားရပါမည်။ နေ လ စမ ချသောအခါ **စက္ခုမာ ဓရမာ စိဏ္ဏော စ၊ ဓမ္မညူ ဓမ္မ သာ မိ ကော** **ဗလူ ပေ တော ဗလ ဓဋ္ဌော ဗ၊ ဝရ ဝေါ ဒေ တု မေ ဝ ရံ ဝ** ဆိုပြီး စ-ဓ-ဗ-ဝ ရေးတိုင်း ဆိုရပါမည်။ဤကဲ့ ရေးမှတ်ပြီး ည၉နာရီ ကျောင်းပြန်လာခဲ့၏။

၁၃၃၀ ခု ပြာသိုလပြည့်ကျော်၈ရက် သောကြာနေ့ နံနက်၄နာရီခွဲထ ဘုရားရှိခိုးပုတီးစိပ် ဆွမ်းစားပြီး ရွှေမင်းဝံဆရာတော် ဦးသံဝရက ၅ထပ်ကြီးဘုရား ပေါ်တော်မူဘုရား မဟာမြတ်မုနိ ရွှေတိဂုံ ဘုရားတို့ကို လိုက်ပို့၏။ ပုတီး၉ပတ်စီ စိတ်ခဲ့၏။ နံနက်၁၀ နာရီကျောင်းပြန် ညရွှေတိဂုံပုတီးစိတ်သွား ၆နာရီအချိန် ပုတီး၁၀၈ပတ်စိတ်၊ ဘုရားလက်ယာ ရစ်ပြီးကန်တော့၍ပြန် ရွှေမင်းဝံကျောင်း ၁၀နာရီ ရောက် ခြေလျှင်ပြန်၏။

ပြာသိုလပြည့်ကျော် ၉ ရက် စနေနေ့ နံနက်၄ နာရီထ ပုတီးစိတ် ဘုရားရှိခိုးပြီးဆွမ်းစား ဦးသံဝရ ဦးဩဘာတို့နှင့် ရွှေတိဂုံမူလ ကမ္ဘာအေးဘုရား၊ ၅ဆူကုန်းဘုရားတို့ကို ပုတီး၁၈ပတ်စီစိတ်ကြ၏။ နံနက် ၁၀နာရီ ကျောင်းပြန်၏။ ကျောင်းမှာ ဦးစံမောင်ရောက်နှင့်၍ သူ့ကားနှင့် သူ့အိမ်လိုက် ဆွမ်းစားကြ၏။ နေ့တချက်လောက်မှ ဦးစံမောင်တိုက် လမ်း၅၀မှပြန်ကြ၏။ ကျောင်းမှာဦးဝင်းရောက်နေ၍ ပုတီးအတွေ့ အကြုံများ ဆွေးနွေးကြပြီး နက်ဖြန်နေ့ဆွမ်း သူတို့ တိုက်ကြွရန် ပင့်သွားပြီးပြန်၏။ ကျွန်ုပ်လည်း ကျန်နေသော အဓိဋ္ဌာန်ပုတီးစိတ်၏။ ညရွှေတိဂုံသွား ပုတီးစိတ်၏။ ၄၅ ပတ်စိတ်၏။ အာရုံထဲတွင် မီးပတ်ပတ်လည် လောင်ပြီးနေတာကို တွေ့ရ၏။

ထိုမီးလျှံများမှ အရှင်မြတ်ပုံတော်များ ၄ပါး၊ ၅ပါးလောက်ပေါ်လာ၏။ ထိုနောက် ထိုအရှင်မြတ် များပုံတော်မှ ရှင်တော်မြတ်ဘုရားပုံတော် ဖြစ်သွား၏။ အထက်ကိုယ်တော်မှ မီးအလျှံ အောက်ကိုယ် တော်မှ ရေအလျှံ တဖန်အထက်ကိုယ်တော်မှ ရေအလျှံ အောက်ကိုယ်တော်မှ မီးအလျှံ အပြန်ပြန်ပြောင်း လဲနေ၏။ ကျွန်ုပ်ဖူးမဝနိုင် ဖြစ်နေ၏။ ထိုအခိုက် ပုဂ္ဂိုလ်တယောက် အနားလာရပ်သလို ထင်လိုက်၏။

ပုတီးလည်း ၄၅ ပတ်စေ့လို့ ဝတ်ချပြီး အမှူးဝေ မေတ္တာပို့လိုက်ရော ထိုရပ်နေသောပုဂ္ဂိုလ်က သာဓု သုံးကြိမ်ခေါ်၏။ ကျွန်ုပ်လဲ ထိုပုဂ္ဂိုလ်ကို အရှင်ဘုရား ဘယ်မှာသီတင်းသုံးပါသလဲဘုရား . . မှောက်ဘိုးလို့ ပြောပြီး ကိုယ်တော်ကို ပုတီးစိတ်နည်းပေးရအုံးမယ် မှတ်ထားပါ . . မှန်ပါအမိန့်ရှိပါဘုရား။

| | | |
|---|---|---|
| အရဟံ | မေသိသေတိဌတု | တပါတ် |
| အရဟံ | မေဒက္ခိတောကဏ္ဍောတိဌတု | တပါတ် |
| အရဟံ | မေဝါမကကောတိဌတု | တပါတ် |
| အရဟံ | မေယာနေတိဌတု | တပါတ် |
| အရဟံ | မေဗျိဂေ္ဂတိဌတု | တပါတ် |
| အရဟံ | မေကာယေတိဌတု | တပါတ် |

ဤ၅ပတ်ကို စိတ်ပြီးမှ ကိုယ်စိတ်လိုသော အမိဌာန်ပုတီးကို ဆက်စိတ်ပါကိုယ်တော်။ သာဓုပါဘုရား သာဓုပါ။ ကိုင်း တပည့်တော် သွားလိုက်အုံးမယ်ဆိုပြီး တောင်းကင်ပျံတက်သွား၏။ ကျွန်ုပ်လည်း အံ့အားသင့်စွာ ကြည့်နေပြီး မမြင်ရသည့်အဆုံး ရွှေတိဂုံဘုရားကြီးဝတ်ချ၍ လက်ယာရစ်လှည့်၍ ဖူးမျှော်ပြီး ရွှေမင်းဝံပြန်လာ၏။ ကျောင်းရောက်တော့ နာရီက ည၁၀နာရီခွဲ ဖြစ်နေ၏။ အိပ်ရာထဲဝင်ပြီး အတွေ့အကြုံကို မှတ်ထားလိုက်တော့၏။

ပြာသိုလဆန်း ၁၀ရက် တနင်္ဂနွေနေ့ နံနက်၄နာရီထ၊ ဘုရားဝတ်တက် ပုတီးစိတ် အာရုံဆွမ်းစားပြီး ဦးဩဘာသ၊ ဦးသံဝရနှင့် ကျွန်ုပ်တို့သုံးပါး ဦးဝင်းတိုက်ကို ခြေလျင်လျှောက်သွားကြ၏။ နံနက်ဂနာရီ ဦးဝင်းတိုက်ရောက် လုပ်ငန်းစဉ်အကြောင်း ပြောဟောပြီး ၉နာရီဆွမ်းစား ဂုဏ်တော်ဂါထာ၁၂ ဂါထာကိုရေးပေးပြီး ဆိုတတ်အောင်ချပေး၏။ အနက်ပါပြန်ပေး၏။ တကာကြီးဦးဝင်းမှာလည်း ဂုဏ်တော်ဂါထာပေါင်းချုပ် စာအုပ်ရှိကြောင်းပြောပြီး ထုတ်ပြ၏။ ထိုစာအုပ်များပေးပြီး နေ့တချက်လောက် ကမ္ဘာအေးလာဘုရားဖူး ပုတီး၂၇ပတ်စိတ်ပြီး ကျောင်းပြန်လာ၊ အမိဌာန်ပုတီးစိတ် ညနေ၃နာရီမှာ သမ္ဗာသမ္ဗုဒ္ဓေါ ဂုဏ်တော် မီးခါတ်ပြီးစီးအောင်မြင်၏။ ပုတီးပတ် (၁၉၉၅၇၀၀)ရ၍ မီးခါတ်ပြီးမြောက် အောင်မြင်ကြောင်း ညနေ၆ခွဲ ရွှေတိဂုံဆံတော်ရှင်အား လျှောက်ထားပြီးသိဒ္ဓိတသိန်း နိဂုံးချုပ်အနေနှင့် စိတ်၏။

၁၃၃၀ခု ပြာသိုလဆုတ်၁၁ရက် တနင်္လာနေ့ နံနက်၃ခွဲ ဘုရားဝတ်တက် သိဒ္ဓိဂါထာ ၁၀ပတ်စိတ် သမ္ဗာသမ္ဗုဒ္ဓေါဂါထာလည်း အပိုစိတ်၏။ ၅ နာရီဆွမ်းစားပြီး ရွှေမင်းဝံမှ မန္တလေးပြန်ရန် ဘူတာကြီးလာ ၃တီးအဆင်သင့်ရ၍စီးလာကြ၏။ ၅နာရီခွဲ ဘူတာကြီးရောက် ဦးဩဘာသ၊ ဦးသံဝရတို့ လိုက်ပို့ကြ၏။ ပါလာသော မုန့်စား၊ ရထားထွက် ပျဉ်းမနား ၂ ချက်ရောက်၊ ညနေ ၃ နာရီခွဲ သာစည်ကျောင်းရောက်၏။ ရထားပေါ်တွင် သိဒ္ဓိတစ်သိန်း စိပ်ပြီးသွား၏။

ပြာသိုလဆုတ် ၁၂ရက်၊ နံနက်တချက်လောက်တွင် **အိပ်မက်**၏။ ဘုန်းတော်ကြီး ငါးပါးကြွလာကြပြီး ကျွန်ုပ်ကိုဒူးတုပ်လက်အုပ်ချီ အထိုင်ခိုင်းလိုက်၏။ ကျွန်ုပ်က ထိုင်လိုက်သည်နှင့်တပြိုင်နက် ဘုန်းတော်ကြီးငါးပါးကဝိုင်းပြီး ကျေးကမ္ဘာပြားလိုဟာမျိုး ကြည့်ပြီးရွတ်ဘတ်ကြ၏။ ကျွန်ုပ်သည် အလယ်က ထိုင်လျက် တုန်တုန်သွား၏။ ဂါထာမန္တာန်များလဲ ရွတ်ဘတ်ကြ၏။ ပြီးလျှင် ငါကဂိုဏ်းချုပ် ဆရာတော်ကြီး

ရှင်လာဝိသရခေါ်တယ် . . . ဟောဒီလေးပါးက ဗားလေးဗားဆရာတော်များဖြစ်တယ် မှတ်
ကိုယ်တော် . . . မှန်ပါဘုရား။ တပည့်တော် ဒီဘက်က ဗားမဲ့ဆရာတော်နှင့်ကတော့ ခဏခဏ တွေ့
ပါတယ်။

ကိုယ်တော်ကို တပည့်တော်တို့ ပြောခြင်တာကတော့ ဒီနေ့ကစပြီး ပဌာန်းနှင့် ဂုဏ်တော်တွဲ
စိပ်ပုတီးပါတ် ၉ထောင်ရအောင် ကိုးတောင်ပြည့်စေတီတည်ပြီးမှ ရှေ့ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော် တ
စိပ်ကိုယ်တော်လေး . . မှန်ပါဘုရားစိပ်ပါမယ် . . . ကောင်းမှုတော်ကြီး သွားပြီးအဓိဋ္ဌာန်နော်၊ ယာဉ်
မစီးနှင့် ဘုရားဟောအတိုင်း ခြေလျင်သွားနော် . . ကောင်းပါပြီဘုရား . . . ကိုင်းကိုင်း သွားလိုက် အုံ့
ကိုယ်တော် . . မှန်ပါဘုရား ကြွတော်မူပါဘုရား . . . ကိုယ်တော်ကြီးများလည်း ကြွသွားရော ကျွန်ုပ်လ
အိပ်ယာမှ ငုတ်တုတ်ထိုင်မိရက်သား ဖြစ်နေ၏။ နာရီကြည့်လိုက်တော့ ၃နာရီထိုးပြီးနေ၏။

ကျွန်ုပ်လဲ မျက်နှာသစ်ပြီး ကျောင်းကဦးပဥ္စင်ကိုမှာ၍ ကောင်းမှုတော်ကြီး ခြေလျင်လျှောက်သွ
၏။ လမ်းလျှောက်ရင်း ဂုဏ်တော်နှင့်၂၄ပစ္စည်း တွဲစိပ်တာကျင့်သွား၏။ တပုဒ်လုံးစိပ်တော့ မှားတ
အရဟံသိဒ္ဓိ တလုံး၊ ဟေတုပစ္စယော တလုံးချပြီး ဂုဏ်တော်တစ်ပါးလျှင် ၂၄ ပစ္စည်းတပုဒ်စီနှင့် တွဲ၍
က ၂၄ပတ်ရ၏။ ကောင်းမှုတော်အရောက် ပုတီး၂၂၅ပတ် နာရီပေါင်း ၅ပတ်ကြာ၏။ နံနက် ၇နာ
ထိုးမှ ကောင်းမှုတော်ကြီးရောက်၏။ ပါလာသော ဖယောင်းတိုင် ၃ထုပ်၊ အမွှေးတိုင် ၃ထုပ်၊ ပူဇော်
ပဌာန်း (၉၀၀၀) ပြည့်စေတီတည်ရန် အဓိဋ္ဌာန်လိုက်၏။ အဓိဋ္ဌာန်လည်းပြီးရော သာဓုခေါ်သံများလည်
ကြားရ၏။ ပဌာန်းကို အဓိဋ္ဌာန်စိပ်လိုက်၏။ ပြီးလျှင် ကားစီးပြီးပြန် ကျောင်းနံနက် ၁၀နာရီခွဲရောက်၏
ညနေပိုင်း တောင်မင်းကြီး၊ ကြေးဘုရားကြီး၊ ဂူကြီး ၊ ပုထိုးတော် ၊အောင်မြေဘုရားသွား အဓိဋ္ဌာန်စိ
ည ၁၀နာရီကျောင်းပြန် ပုတီးပတ်ပေါင်း ၅၀၀ရ၏။

ပြာသိုလဆုတ် ၁၄ရက် နံနက် ၁ချက်လောက် အိပ်မက်၏။ ဘုရားကျောင်းစေတီပေါ် တက်၍
ရေချိုးရ၏။ တဘက်ကလည်း ရေအပြည့်နှင့် အိုးများရှိ၏။ မချိုးခဲ့ပေ။ စေတီပေါ် ရေချိုးပြီးနော
ပုဝိုင်းဝိုင်းနှင့် လေယာဉ်ပျံကြီးတစ်စင်း ရပ်လာ၏။ ထိုလေယာဉ်ပျံသည် ယခုခေတ် ပုဂံပြားပျံနှင့်တူ၏
ထိုပုဂံပြားပျံလေယာဉ်ပေါ် တက်သွား၏။ အတွင်းစီးရန် ပြုလုပ်ထားသော နေရာများမှာ ခန်းပေါက် ကတ္တီ
အနီကြီးများ ၅ချပ်ပါတ်ပြီးခင်းထား၏။ တစ်နေရာ တစ်နေရာစီတွင် လက်ထောက်တော့ ချိုင်းအောက်က
ခံသော အလုံးချိုင်းထောက်အုံးများ ချထား၏။ ရွှေကွမ်းအစ်များလည်း ချထား၏။ လူစီးသောအတွင်
နေရာ အကျယ်အဝန်းမှာ အတောင် ၂၀လောက် ပါတ်လည်ရှိမည်ထင်၏။ စက်နေရာ ရှာကြည့်တော
စက်မတွေ့ပါ။

ထိုကဲ့သို့ စီးစမ်းနေစဉ် ကျွန်ုပ်နား ဘိုးတော်တစ်ပါး အဝတ်ဖြူနှင့်လာပြီး ကိုယ်တော်က စက်ရှာနေ
တာလား . . ဒီလေယာဉ်က စက်မရှိဘူး၊ ကိုယ်တော်ဘေးက လေးတောင် ငါးတောင်လောက် အပြားတွေ
တပ်ထားတာမြင်ရဲ့လား . . ထိုအခါ ဘိုးတော်ပြောသော စကားအရလှည့်ပြီး မျက်စိနှင့်ကြည့်လိုက်၏
မြင်ပါတယ်ဘိုးတော် . . . အဲဒီအရွက်များကတော့ လေရွက်တွေဘဲ လေယာဉ်စီးပြီး ပျံတဲ့လေယာဉ်ပျံ
ဆိုတာဒါမှ အစစ်ဘဲကိုယ်တော် . . စက်နဲ့သွားတာမဟုတ်ဘူး၊ လေနဲ့သွားတာ ဟောဒီခလုတ်ဟာ အာဏာ
ကုန်ရှေ့တိုးလိုက်ရင် လေကဲ့သို့ လျင်ပြီးသွားနိုင်တယ်။ အလယ်လောက်ဆွဲထားရင် တနာရီမိုင် ၉၀၀လောက်

သွားတယ်။ နောက်ဆုံးထိအောင် ဆွဲထားရင် တနာရီမိုင် ၅၀၀လောက်သွားတယ်။ ဘိုးတော်ကို မသိလို့ မေးရဦးမယ်၊ ဒီခလုတ်ကို လေကဲ့သို့ လျှင်မြန်ပြီးသွားအောင် ရှေ့တိုးတင်လိုက်တော့ ခန့်မှန်းခြေအားဖြင့် တနာရီမိုင် ဘယ်လောက်သွားပါသလဲဘိုးတော် . . မိုင် ၅၀၀လောက် သွားတယ်ကိုယ်တော် . . လာလာ မှာကြည့် ဒါကအောက်မှာ လူ့လောကကို ကြည့်တဲ့ မှန်ဘီလူးကြည့်ကြည့် ဆိုသဖြင့် ကျွန်ုပ်ကြည့်လိုက်၏။


အောက်က လူများသွားနေတာ အထင်အရှားမြင်တွေ့ရ၏။ မြို့များ၊ ရွာများ၊ တောတောင် ရေများ လဲ ထင်ရှားစွာမြင်ရ၏။ ကျွန်ုပ်ကြည့်သော မှန်ဘီလူးအဝမှာ ခုပေလောက်ရှိ၏။ ဒီလောက်တောင် ထင်ရှားစွာ မြင်ရတော့ နီးကပ်စွာ ပျံနေတာပဲလို့ ယူဆပြီးမေး၏။ ဘိုးတော် ယခုပျံနေသော ပုဂံပြားပျံလေယာဉ်မှာ ဘယ်လောက်အမြင့်က ပျံနေတာလဲဟုမေးသောအခါ ပေရှစ်ထောင်လောက် အမြင့်က ပျံနေတာဟု ပြော၏။ ကျွန်ုပ်သည် အလွန်အံ့ဩသွား၏။ အရှင်ဘုရား ရောက်ခါနီးပြီ သတိပြုဘုရားဟု လျှောက်သဖြင့် သတိရှိစွာ ပုတီးစိပ်ပြီး လိုက်လာ၏။ မှားမကြာမီပင် ကျွန်ုပ်စီးလာသော ပုဂံပြားပျံယာဉ်မှာ ငြိမ့်ငြောင်းစွာ တဖြည်းဖြည်း နိမ့်ဆင်းလိုက်၏။ လူမပြီး အရာဝတ္ထုတခုအပေါ် အောက်ချလိုက်မိသကဲ့သို့ အောက်တွင် တည်ရက်သားလေး ကျနေ၏။

ကျွန်ုပ်တို့လည်း ထိုယာဉ်ပေါ်က ဆင်းကြ၏။ ဆင်းပြီးခြေလှမ်း ၅၀လောက် လျှောက်လိုက်တော့ တံတိုင်းနှင့် ရွှေချထားသော ဘုရားတစ်ဆူနား ရောက်နေကြ၏။ ကျွန်ုပ်နှင့်ပါလာသော ဘိုးတော်များမှာ သုံးယောက်ဖြစ်၏။ ထိုဘုရားပုရဝုဏ်ထဲ ဝင်လိုက်တော့ ငွေပြားများခင်းထားပြီး ရေတံခွန်တိုင်၊ ရွှေတန်ဆောင်း၊ ရွှေပြသဒ်များတွေ့ရ၍ ကျွန်ုပ်အဘို့မှာ အလွန်ထူးဆန်းစွာ တွေ့ကြုံနေရတော့၏။ အားလုံးသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခြင်္သေ့၊ သစ်၊ ကျား၊ ကျေးငှက်၊ ဇော်ဂျီ၊ ဝိဇ္ဇာ၊ နတ်ရုပ်များမှာ ရွှေနှင့်ချည်း ပြုလုပ်ထား၏။ ဘုရားဉာဏ်တော်မှာ ၁၀၈တောင်ရှိတယ်ဟု ဘိုးတော်တစ်ယောက်ကပြောပြ၏။ ကျွန်ုပ်တို့သည် ဘုရားဖူးရန် ရွှေတန်ဆောင်းတစ်ခုထဲ ဝင်လိုက်သောအခါ ထေရ်ကြီးရဟန်းသံဃာတော်များ တွေ့ရ၍ ဘုရားကို အရင်ဝတ်ချပြီးနောက် သံဃာတော်များကိုဝတ်ချ၏။ ထို့နောက်နေရာယူ၍ ထိုင်နေလိုက်၏။ ထိုအချိန်တွင် မထေရ်ကြီးတစ်ပါးက ကိုယ်တော်စိပ်သော ပုတီးကိုပြစမ်းပါဟု ခိုင်းသဖြင့် ကျွန်ုပ်က ပဌာန်းနှင့်ဂုဏ်တော် တွဲစိပ်ပြ၏။ ထိုအခါ သံဃာတော်များ၊ ဘိုးတော်များအားလုံးက သာဓု . . သာဓု . . သာဓု သုံးကြိမ်ခေါ် လိုက်ကြ၏။ ထိုစဉ် ကျွန်ုပ်နိုးလာ၏။ အသံများကြားသယောင်ယောင် ရှိသေး၏။

ပြာသိုလကွယ်နေ့ နံနက် ၁ချက်လောက် အိပ်မက်၏။ သဒ္ဒါကြီး သားရေစာအုပ်ရှိသော စာအုပ်တစ်အုပ် အမည်မသိ၊ ဘုရားတဆူတွင် ကျွန်ုပ်ပုတီးစိပ်နေသော နေရာမှာတွေ့၍ ထိုစာအုပ်ကို လှမ်းကြည့်လိုက်၏။ စာအုပ်က အစမပါ၊ အဆုံးလောက်သာပါတော့၏။ သဒ္ဒါအကြောင်း ရေးထားသော စာရွက်များမှာ နှစ်ရွက်၊ သုံးရွက်လောက်သာပါ၏။ ကျန်စာရွက်များမှာ စိမ်းရင့်၊ စိမ်းဝါ၊ စိမ်းနု၊ အသွေးအရောင်များဖြင့် ခြယ်မှုန်းထားသော ရုပ်ပုံများဖြစ်ကြ၏။ တောတောင်ရှုခင်းကားများ တောင်ပေါ်မှသားရဲ တိရစ္ဆာန်ရှုခင်းကားများ၊ ချောင်းမြောင်းထဲမှာ ငါးလိပ်မကန်း ရှုခင်းကားများ၊ ရေအိုင်ထဲမှာ ကြာမျိုး၊ ပန်းမျိုး ပွင့်ဖူးနေကြသော ရှုခင်းကားများ၊ တောအတွင်းမှာ သူ့နေရာနှင့်သူနေကြသော ကျား၊ ကျားသစ်၊ ကြံ့စသော သားရဲတိရစ္ဆာန်ကားများ၊ သမင်၊ ဆင်၊ ဒေါင်း၊ ကိန္နရီဖိုမ၊ ကြိုးကြာ စသော ကြည့်ရှုဘွယ်ကောင်းသော သတ္တဝါများ၏ ရှုခင်းကားချပ်များ စစ်သားများ ချောင်းမြောင်းခုံကျော် တိုက်ခိုက်နေကြသော ရှုခင်းကားများ၊

နတ်ပြည်လောက ကားချပ်များ၊ လူ့ပြည်လောက ကားချပ်များ၊ ငရဲပြည်လောက ကားချပ်များ၊ ဘုရား
သီတင်းသုံးနေတော်မူသော ကျောင်းတော်ကားချပ်များကို ထိုစာအုပ်ထဲတွင် သူ့ကဏ္ဍနှင့်သူ အစီအ
တွေ့မြင်ရ၏။ အလွန်အံ့သြဘွယ်ရာ ကားများဖြစ်ကြ၏။ ထိုစဉ် ဝုန်းဆိုသော အသံကြား၍ လန့်နိုးလာ၏
အိပ်ယာမှထတော့ ဘာမျှရှာမတွေ့။ ဤနေ့ကပုတီးပတ် ၄၀၀၀ပြီးသောနေ့ဖြစ်၏။ တပို့တွဲလဆန်း ၁ရက်
စနေနေ့ ကျွန်ုပ်မွေးနေ့ဖြစ်၍ သံဃာတော်၁၀ပါးအား နံနက်အာရုဏ်တွင် ယာဂု၊ နှမ်းမနဲနှင့် အကြေ
ကပ်၏။

၁၃၃၀ခု တပို့တွဲလဆန်း ၂ရက် တနင်္ဂနွေနေ့ နံနက်တချက်လောက်တွင် **အိပ်မက်**၏။ နှစ်ဆ
တိုက်ကြီးတစ်လုံးပေါ် ရောက်နေ၏။ အပေါ်ထပ်တွင် အစိမ်းနုရောင်များ သုတ်ထား၏။ ထိုတိုက်၏နံ
များတွင် တောတောင်ပုံများ ပြုလုပ်ထားတာတွေ့ရ၏။ ဤတိုက်က မည်သူ့အတွက်လဲဟု အဘိုးကြ
တစ်ယောက်ကိုမေးရာ ရဲသားအတွက်လို့ပြော၏။ အဘိုးရယ်ရဲသားဆိုတာ ဘာကိုဆိုလိုတာလဲလို့
မေးတော့ ရဲသားဆိုတာ ကိုယ်တော်သေသေချာချာမှတ်ထား . . ဒါနကို ရဲရဲဝံ့ဝံ့ ပြုလုပ်သူတို့ထက် သီလ
ရဲရဲဝံ့ဝံ့ စောင့်ထိမ်းသူတို့ထက်၊ ဘာဝနာကို ရဲရဲဝံ့ဝံ့ ပွားများသူကို ရဲသားလို့ခေါ်တယ်၊ ဟိုဘက်မှာ ဂုဏ်တော်
ကိုးပါးကို သူ့အပိုင်းနှင့် သူ့တက်စဉ်နဲ့သူ စိပ်တဲ့ပုဂ္ဂိုလ်များအတွက် ရှိတယ်လို့ပြော၏။ ကျွန်ုပ်သည် ထိုတို
နေရာများသို့ တမဟုတ်ချင်း အလိုလိုရောက်သွား၏။ အဘိုးကြီးကလဲ နောက်ကလိုက်ပါလာ၏။ ရော
. . ကိုယ်တော် ဂုဏ်တော်အောင်မြင်သော လက်မှတ်လို့ပေး၏။ ထိုလက်မှတ်ယူပြီး လွယ်အိတ်ထဲ
ထည့်ထားလိုက်၏။ ထိုအခိုက် နိုးလာ၏။ ကျွန်ုပ်အိပ်ထဲ နှိုက်ကြည့်တော့ ဇာတာလိုပုံတစ်စောင်တွေ့
၏။ မီးထွန်းကြည့်သောအခါ အောက်ပါပုံအတိုင်းဖြစ်၏။



**ဤအောင်လက်မှတ် ကလနားရွှေကွပ်ပြီး စာလုံးများကို ဟင်းသပြဒါးရေးထပ်ပြီး ဘုရား
လှူထားလိုက်၏။**

တပို့တွဲလဆန်း ၃ ရက် တနင်္လာနေ့ နံနက် ၁ချက်လောက် **အိပ်မက်**သည်မှာ - စင်ကြယ်သော
မိုးပြာရောင်ကြီးကို မြင်တွေ့ရ၏။ ထိုမိုးကောင်းကင်တွင် ကြည်လင်တောက်ပသော ကြယ်ကြီးများလည်း
မြင်တွေ့ရ၏။ ထိုကြယ်ကြီးများသည် လလောက်နီးနီးရှိသော အရွယ်အစားများဖြစ်ကြ၏။ တချို့ ပန်းရောင်
တချို့ကြည်ပြာရောင်၊ တချို့ဟင်္သာပြဒါးရောင်၊ တချို့အစိမ်းရောင်၊ တချို့အဝါရောင်၊ ရောင်စုံကြယ်များ
မြင်ရ၏။ ရုပ်ပုံသဏ္ဍာန်များမှာလည်း တချို့ဆင်ပုံ၊ သမင်ပုံ၊ နဂါးပုံ၊ ကျားပုံ၊ နွားပုံ၊ ကျွဲပုံ စသည်ဖြင့်
သတ္တဝါမျိုးစုံ သဏ္ဍာန်ပီသစွာ ကြယ်များကတန်ဆာဆင်ကြ၏။ ကျွန်ုပ်ကထိုကြယ်များ၏ အရုပ်ပုံသဏ္ဍာန်

များ ကြည့်နေစဉ် အဘိုးကြီးငါးယောက် ရောက်လာကြပြီး ကြယ်တို့၏ အမျိုးအမည်များ အဟောများကို ကျွန်ုပ်အား လာပြောနေကြ၏။ အင်းလိုက်ပြီး နားထောင်နေ၏။ လူတွေကတော့ ကြယ်များကို တသွေးယောင်လောက်သာ မြင်ရပြီး ရုပ်ပုံသဏ္ဌာန်လဲ မထင်နိုင်ရှာကြဘူး။ သင်ယူထားတာတောင်မှ အနည်းယ်သာ သိရှာကြတယ်။ သိဒ္ဓိရှိတဲ့လူကသာ ကြယ်တို့၏သဘောကို ဟုတ်တိုင်းမှန်စွာ သိနိုင်တာဟု အဘိုးတစ်ယောက်က ပြောပြ၏။

ထိုသို့ ကောင်းကင်ကြည့်၍ ပြောနေကြစဉ် မောင်စိန်တင်ဆိုသူက ကောက်ညှင်းဆန်နှစ်အိတ် ထုပ်ပို့ပေးလာ၏။ ကျွန်ုပ်ကလည်း မောင်စိန်တင်ကို ဒေါ်ဥအိမ် ငွေ၄၀ကျပ် ပေးလိုက်စမ်းပါဆိုပြီး ပေးလိုက်၏။ ထိုအချိန်တွင် အဘိုးကြီးတစ်ယောက်က အဲဒါအတိတ်ပဲ ကောက်တတ်ဘို့လိုတယ်ကိုယ်တော် ဟု ပြောပြီးထွက်သွားကြ၏။ ကျွန်ုပ်လည်း နိုးလာ၏။ ဘုရားဝတ်တက်၊ ပုတီးစိပ်မေတ္တာပို့ အမျှဝေပြီး၊ ရာဂုသောက်ပြီး ဘုရားအဓိဋ္ဌာန် ပုတီးဝတ်ထားသည့်အတိုင်း သွားစိပ်၏။ ရွှေဂူကြီးမှာ ပုတီးအပတ် ၁၀၈ပတ် စိပ်ပြီး မေတ္တာပို့အမျှဝေ၍ ခေတ္တမြောက်ဘက်က ကုတင်ကြီးပေါ် အိပ်လိုက်၏။ မှေးကနဲ ဖြစ်သွား၏။ ဘုန်းတော်ကြီး တပါးကန္ဒိုးပြီး ကိုယ်တော်ကို သမ္မုဒ္ဓေကွန်ချာနှင့် အညွှန်းပေးရအုံးမယ်။ ပုတီးသမား ဆိုတာ အတိုက်အခံကများတယ်။ အဲတော့ ဒီကွန်ချာကိုသာ တစ်နေ့တပါတ်စိပ်ကိုယ်တော် အားလုံး အောင်မြင်တယ်ကိုယ်တော် . . မိန့်ပါဘုရားဆိုပြီး အသင့်ပါလာသော စာအုပ်ထဲရေးမှတ်လိုက်၏။ အောက်ပါအတိုင်း ဖြစ်၏။

၁။ ဦ - သဟဿသမ္ဗုဒ္ဓေ အဌ၊ သဥ္စဒ္ဓါဒသဥ္စ၊ ပဥ္စသတသဟဿာနိဟရိ နမာမိသိရသာမဟံ။

၂။ အပ္ပကံ ဝါဠုကံ သံယဥ္စ ဓမ္မဥ္စဂင် အာဒရေန နုဘာဝေနဟိတွာ ဗုဒ္ဓနမော နမတ္တာရာ။

၃။ ခိမံ သဗေ ဥပ္ပဒ္ဒဝေ၊ ဘဂဝါ - သာ - နတိ - နမော။ ဤ ဥပုဒ်ကား အင်းချတာဖြစ်၏။

## အင်းပုံစံကား

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဘွိ | ရ | သ | မ | ဦ | သ | ဟ | ဿ | ဲ |
| ဝဒ | ဝေ | ဟိ | တွာ | ဟံ | အ | ပ္ပ | ကံ | ဓူ |
| န္ဒ | ဂ္ဂ | ဣ | ဝေ | ပု | ဒ္ဓ | -ခ | ဥ | စဓိ |
| မ္ | မ္မ | ဘဘ | မော | ဘ | ဂ | ဒိ | ဣ | ဓ |
| ဖေ | မ္ | ဃ | မ္ | နိ | ဥ | -ခ | ဒ့ | ဟ |
| ဒ | ဗ္ဗ | ဗ္ဗ | ဝွ | နွ | ငင | င | ပ္ပ | ပ |
| ဝမ္ | ဓ | ဒ | ·ဒ | ဝ္ဓ | ဏ | ဏ္ဍ | ဋ | ဏ |
| ဋ္ဋ | ဋ္ဌ | ယင | ပ | ဦ | ဦ | ဓ | ဏ | ဓည |
| ဌ | ဌ | ယ | ဌ | ဦ | ဂ | ဦ | ဌ | ဂ |

ဤအင်းကို စုတ်ရန်ဂါထာများကား -

၁။ ဦး အဌ ဝိသဠ သမ္ဗုဒ္ဓေ၊ သကေသဟ ဒွါဒသဠ။ သဟာသာနိ သတပဠ၊ မဟာသိရသာ နမာမိ

၂။ ဂင် ဝါဠုကာ အပ္ပကာ၊ ဝိနံ နိဗ္ဗုတာ အနန္တံ။ သံယဠစ မေဠ စောသံ၊ မဟာ နမာ အာဒရေန။

၃။ နဘာဝေန နမတ္တာရာ၊ ဥပ္ပဒ္ဒဝေ သဗ္ဗေဟိတွာ၊ အန္တရာယာပိ အနေကာ၊ အသေသတော ဝိနာသန္တု။

## ''အညွန်းပြုလက်ာ''

ခက်မဝါးဖြာ ရောဂါကင်းပြောက်၊ အမှောင့်ပယောဂ ကဝေမသား၊ လူများအန္တရာယ် မတွေ့မညီ ရွတ်တုံဘိလော၊ ရန်ရှိရာပြေး၊ ရန်တွေပပျောက် စိတ်လို့ပေါက်၏။ သိဒ္ဓိမြောက်အောင်၊ ခေါက်တုံထောင် ရာပြန်၊ ဦးခံစိတ်က ပေါက်မြောက်ရ၏။ နဝ အင်းကွက် အချက်မိမိ ချတုံဘိက၊ သိဒ္ဓိသဗ္ဗ တိုင်းရ၏။ အကြမ်းအနု ဉာဏ်ရှုသုံးလေ။ မမောတန်ခိုး ဆတိုင်းတိုးသည်၊ ဉာဏ်မျိုးထက်လှစေကုသော် ။ ။

-----------------

တပို့တွဲလဆန်း ၄ ရက်၊ အင်္ဂါနေ့ နံနက် တချက်လောက်အိပ်မက် - ဟိမဝန္တာတောကြီးလိုလိုတောကြီးထဲ ရောက်သွား၏။ ဘုရားကြီးတစ်ဆူတွေ့၍ ဖူးမျှော်ရန် မော့ကြည့်လိုက်၏။ တိမ်ညွှန့်ထိုးနေ၏။ တက်ရန်လှေခါး လိုက်ရှာတော့ လှေခါးက မြောက်ဘက်ကတွေ့ရသဖြင့် တက်သွား၏၊ ပထမတစ်ခါ လှေခါးထစ် ၇၂ထစ်ဆုံးတော့ နားပြီးကြည့်လိုက်၊ ဘုရားက တိမ်ညွှန့်ထိုးတုံးဖြစ်နေ၏၊ ဒုတိယ တဖန်တက်ပြန်၏။ လှေခါးထစ် ၉၀ လောက်ရှိ၏။ နားရပြန်၏။ မော့ကြည့်လိုက်တော့ ထီးတော်မြင်လာရ၏။ ထိုအခါမှ ဘုရားဘိနပ်တော်အစ တွေ့ရ၏။ တဖန်တက်ပြန်၏။ တော်တော်လေး အားခဲတက်ရ၏။ ဒူးများတောင် တုန်လာ၏။

ဒါပေမဲ့ အလျှော့မပေးပဲ ဆက်တက်၏။ လှေကားထစ် ၁၀၈ထပ်ရောက်တော့ ထီးနားရောက်သွား၏။ အောက်ငုံ့ကြည့်တော့ နွားများ၊ ဆင်များ ခွေးကလေးလောက် တွေ့ရ၏။ ဘုရားအရှေ့ဘက်မှထိုင်၍ ပုတီး၁၀၈ပတ်စိပ်ရန် အဓိဋ္ဌာန်ပြီးစိပ်၏။ ပြီးခါနီးမှာ ကျွန်ုပ်၏ဘေး ဘုန်းတော်ကြီးတစ်ပါး ကြွလာ၍ စာအုပ်ကြီးတစ်အုပ် ချသွား၏။ ပုတီးပြီးတော့ ကောက်ယူပြီး စာအုပ်ကို ဖွင့်ကြည့်လိုက်၏။ ပထမစာရွက်တွင် အပြာနု၊ ပြာရင့်၊ ပန်းရောင်၊ အဝါနုစသော အသွေးတို့ဖြင့် ခြယ်လှယ်ထားသော သွားကြီးများပေါ်နေကြသော လူလိုလို၊ ဘီလူးလိုလို၊ တစ္ဆေလိုလို ၊ တိရစ္ဆာန်များ တွေ့ရ၏။ များစွာသော သတ္တဝါကောင်အရုပ်များလည်း တွေ့ရ၏။ စိတ်ဝင်စားစွာ လှမ်းကြည့်နေတုန်း မိုးထစ်ချန်းသံလိုလို ကြားရ၍ နိုးလာပြီဤမှတ်တမ်းကို ရေးလိုက်၏။ ပဋ္ဌာန်းပုတီးပတ် (၆၅၀၀)ရသောနေ့ဖြစ်၏။

တပို့တွဲလဆန်း ၆ ရက် ကြာသပတေးနေ့ နံနက်တချက်လောက် အိပ်မက်၏။ ဆရာဘုန်းကြီးနှင့် တွေ့၏။ ပုဂ္ဂိုလ်ထူးများနှင့်လည်းတွေ့၏။ ကျိုက်ထီးရိုးဘုရားပုံများလည်း ကပ်နေရ၏။ တပို့တွဲလဆန်း ၇ ရက် သောကြာနေ့ နံနက် တချက်အိပ်မက် မဟာသကျာသာမိ ကြေးဘုရားကြီး ကုန်းတော်ပေါ်မှာ ရေချမ်းအိုး ပြည့်နေ၏။ ကြားမလပ်ပေ။ ထိုရေအိုးများကို တောင်သမန်ဘက်က လူများကစောင့်နေရ၏။ မင်းတပါးပါးက ယတြာဆင်သည်ဟု ကျွန်ုပ်ထင်လိုက်၏။ ဦးရေဆိုသော ဥပသကာကြီးက ဘုရားတောင်ဘက်မုခ်က ရှိခိုးနေ၏။ ကျွန်ုပ်က အရှေ့ဘက်မုခ်ကဝင်ပြီး ရှိခိုး၏။ ပြီးလျှင် ကျောင်းပြန်လာတော့ ကျွန်ုပ်၏ အိပ်ယာအောက်ကလည်း ရေများထွက်ကျနေ၏။ ကျောင်းတွင်း၊ ကျောင်းပြင်၊ ကျောင်းဘေးများက ပိုက်များ၊ မြွန်များထဲမှာလည်း ရေတွေပန်းထွက်နေ၏။ တကျောင်းလုံး ရေပန်းဖြာနေ၏။ ကျောင်းနဘေးက ကျောင်းသား ကိုရင်များကလည်း "အောင်ပါလေသမြေပန်းနှင့် ရေချမ်းကိုလောင်း" ဟု ဆိုနေကြ၏။ ကျွန်ုပ်နိုးလာ၏။ ဤအိပ်မက်က ထူးဆန်းသဖြင့် နာရီထကြည့်တော့ သုံးနာရီတိတိထိုးနေ၏။ အိပ်မက်မှတ်ပြီး မျက်နှာသစ်၊ ဘုရားရှိခိုး၊ ပုတီးစိပ် အမျှဝေလိုက်၏။ ကျွန်ုပ်၏နားထဲတွင် အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု လူထောင်သောင်းလောက်က အော်သံကြားလိုက်၏။

တပို့တွဲလဆန်း ၈ရက် စနေနေ့ည တချက်အိပ်မက် - မာရ်အောင်နှင့် ဆွမ်းစားသွား၏။ အိမ်တစ်အိမ်ရောက်၏။ တကာတစ်ယောက် ငွေရေခွက်တခွက်ကိုင်၍ ကျွန်ုပ်ထံယူလာ၏။ ဘုရားတပည့်တော် ဗိုလ်မှူးကြီးကျော် ခေါ်ပါတယ်ဘုရား . . ဘုရားတပည့်တော်အမေ ဝေဒနာပျောက်ကင်းအောင် (သို့) ပျောက်မည် - မပျောက်မည်သိအောင် ဤရေဖြင့် အဓိဋ္ဌာန်ပြုပါဘုရားလို့လျှောက်၍ ကျွန်ုပ်ကရေခွက်ယူလိုက်ပြီး ပျောက်မှာဖြင့် အလယ်ကရေ ကွဲသွားပါစေသား၊ မပျောက်မှာဖြင့် ဘေးကကွဲသွားပါစေသားဟု မိဋ္ဌာန်လိုက်၏။ ရေကအလယ်က ကွဲသွား၏။ သွားတိုက်လိုက်ဟု ပြောလိုက်၏။

မာရ်အောင်ဆရာတော်က ထိုတကာမကြီးကို ကျော်အောင်စံထား ဆရာတော်ကျောင်း သွားနေပါလား၊ နေခင်း၊ ထိုင်ခင်း၊ ရှုခင်းကောင်းတယ်ဟုပြောတော့ ကောင်းပါပြီဘုရားဟုလျှောက်၏။ ကျွန်ုပ်ဆွမ်းစားပြီး ပြန်လာကြ၏။ ကျောင်းတစ်ကျောင်းဘေးမှာ မဏ္ဍပ်ကြီးရှိ၏။ ဘေးကပွဲခင်းဖြစ်၏။ ပွဲပြီး၍ လူတွေပြန်သွားကြ၏။ ကျွန်ုပ်တို့အလာစောင့်ပြီး မောင်မြညွန့်ဆိုသောလူက ပရိတ်ရွတ်ပေးပါရန် လျှောက်သဖြင့် ထိုမဏ္ဍပ်ထဲ ဝင်ထိုင်လိုက်၏။ တစ်ဖက်လေးပါး ထိုင်လျက်ရှိနေ၏။ ကျွန်ုပ်ဘက်က ငါးပါးဖြစ်၏။ ကျွန်ုပ်က အရှေ့ဘက်က ထိုင်မလိုလိုနှင့် တောင်ဘက်ကဖြစ်၏။ ထိုတွင် ကျွန်ုပ်နိုးလာ၏။

တပို့တွဲလဆန်း ၉ရက် တနင်္ဂနွေနေ့ နံနက် ၁ချက်အိပ်မက် = မိဂဒါဝုန်စေတီတော်တွင် ကျွန်ုပ်ရောက်သွား၏။ စေတီက ကောင်းမှုတော်ပုံနှင့် ဆင်ဆင်တူ၏။ အရှေ့မုခ်ကဝင်၍ ပုတီးထိုင်စိပ်လိုက်၏။ နတ်များ၊ နတ်သမီးများ၊ သိကြားများ၊ ပန်းသွေးရောင်၊ ပြာစိမ်းရောင်၊ အဖြူရောင်၊ အဝါရောင် အဝတ်အစားတို့ဖြင့် ပေါ်လာကြ၏။ ဗုဒ္ဓဝင် ဓမ္မစကြာအခန်း ပန်းချီရေးထားသကဲ့သို့ တွေ့ရ၏။ သံဃာတော်များလည်း မြောက်မြားစွာ ပုတီးစိပ်နေတာတွေ့ရ၏။ ကျွန်ုပ်ကိုယ်ကလည်း ကြွကြွတက်သွား၏။ ပုတီးစိပ်ပြီးတော့ မေတ္တာပို့ အမျှဝေလိုက်၏။ ထိုနတ်များက သာဓုခေါ်ကြ၏။ နိုးလာ၏။ နိုးနိုးချင်း မျက်နှာသစ်ပြီး နာရီကြည့်တော့ နံနက် ၂ချက်ရှိသေး၏။ ဘုရားဝတ်တက် ပရိတ်ပြုပြီး ပုတီးစိပ်လိုက်၏။ ဘုရားသက်တော် အရ ၈၁ပတ် အဓိဋ္ဌာန်စိပ်လိုက်၏။ အိပ်မက်ထဲကလို ကိုယ်ကိုကြွကြွတက်၏။ သူဖြစ်ချင်ရာဖြစ်ဆိုပြီး

 ပြီးပြီဟု အောင်သံပေးသော

ပုတီးကိုသာ အာရုံသွင်းပြီး စိပ်နေ၏။ အောင်ပြီ . . အောင်ပြီ . . ပြီးပြီ . . ပုတီးကိုသာ ... ပုတီးပတ်ပဌာန်းစိပ်တာ (၉၀၉၀) အသံများကြားရ၏။ နေ့စဉ်မှတ်တမ်း ပုတီးစိပ်ပြီးလို့ ကြည့်လိုက်တော့ ပုတီးပတ်ပဌာန်းစိပ်တာ အားလုံးအမျှဝေ ရနေ၏။ သို့ဖြစ်၍ ထပ်ပြီးဘုရားရှေ့တော်တွင် ပြီးစီးအောင်မြင်ကြောင်းလျှောက်ပြီး အားလုံးအမျှဝေ မေတ္တာပို့ပြီး ပဌနာပြုကာသိမ်းလိုက်၏။ ထိုနေ့တစ်နေ့လုံး ဝိဇ္ဇာစရဏ ကိုးဂါထာစိပ်နေ၏။

တပို့တွဲလဆန်း ၁၀ရက် တနင်္လာနေ့ နံနက် ၁ချက်အိပ်မက် - ကျောင်းကြီးတစ်ကျောင်းပေါ် မှာ ရွှေဘီးချထားသော ဘုရားရုပ်ပွားတော် နှစ်တောင်သုံးတောင်လောက်၊ တင်ပလ္လင်ခွေဘုရားများ တစ်ကျောင်းလုံး ပြည့်နေ၏။ ကျောင်းခန်းမအလယ်ခေါင်မှာ မနုသီဟနှင့် အထက်ကပန်းတောင်များပါ သော ဒူးပိတ်လိုအကာများတွေ့ရ၏။ အားလုံး ရွှေချထား၏။ အလျား ၂ခန်း၊ အနံ ၁ခန်းဖြစ်၏။ မြောက် ဘက်အကာက တခန်းလိုနေ၏။ ထိုအခန်းကို အတောင်ဖွဲ့သော် အလျား ၂ခန်းက အတောင်လေးဆယ် ဖြစ်၍ ငါးတောင်ခန်း လေးခန်းဖြစ်၏။ အနံတခန်းနှင့် ပေါင်းသော် ၅ခန်းဖြစ်၏။ အဖုံးများကလည်း ပန်း ပြောက်များထုထားပြီး ရွှေချထား၏။ အလွန်ကြည့်ခြင်ဖွယ် ကောင်း၏။ ဘုရားခန်းများ လှည့်ပတ်ဖူးပြီး ထွက်ရန် အပေါက်ဖက်လာသောအခါ ဦးသူတော်ကြီးက လက်၅ချောင်းထောင်ပြပြီး ၅ပါးပြီးပြီ တပါးတက် လိုက်ပါအုံး၊ ဘာကိုဆိုလိုတာလဲ ဦးသူတော်လို့မေးတော့ - ကိုယ်ဖာကိုယ် ပြန်စစ်ကြည့်ရင် သိပါတယ် ပြော၏။

ကျွန်ုပ်လည်း ဦးသူတော်ကြီးနှင့် ပြောပြီးထွက်လာခဲ့၏။ လမ်းတွင် ဘုရားတဆူနှင့်တွေ့၍ ဝတ်ချပြီ ဖူး၏။ ထိုဘုရား၅ဆူက အောင်ပါစေဆိုပြီး ဆုပေးသွား၏။ နောက်ထပ်ဘုရားတဆူ တွေ့ပြန်၏။ ဝတ်ချပြီ ရှိခိုး၍ ဆုတောင်း၏။ ရှင်တော်မြတ်ဘုရားက ဘာမှမပြောဘဲ ကြွသွား၏။ ကျွန်ုပ်လည်း နိုးလာ၏။ နာရီ ကြည့်လိုက်တော့ ၃နာရီမတ်တင်း ရှိနေ၏။ ထပြီး မှတ်တမ်းရေး မျက်နှာသစ်ပြီး ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော် အတက်ခိုင်းတာကိုးဟု ကောက်ယူပြီး ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်ကို ဓမ္မာခန္ဓာ တက် လိုက်၏။ ပရိကံပြုပြီးပုတီး ၄၅ပတ်စိတ်၏။ ဆံပြုတ်သောက်ပြီး ဘုရားအဓိဌာန်တက်ကြောင်း လျှောက် ထား၍ ဘုရား၅ဆူကို ၂၇ပတ်စီစိတ်ခဲ့၏။ ဘုရား၅ဆူကား တောင်မင်းကြီး၊ ကြေးဘုရားကြီး၊ ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ အောင်မြေတို့ဖြစ်၏။

ထိုနေ့က ဂါထာ ၁၀ ပတ် = ၅၄၀၀
ရိုးရိုး ၂၀၀ ပတ် = ၂၁၆၀၀
ပေါင်း = ၂၇၀၀၀

တပို့တွဲလဆန်း ၁၂ရက် ဗုဒ္ဓဟူးနေ့ နံနက်တချက် အိပ်မက်၏။ ကြေးဘုရားကြီးကို လည်ပင်းတော် ချန်၍ရွှေချထားတာဖူးတွေ့ရ၏။ ထိုကဲ့သို့ ရွှေသက်န်းကပ်ထားသဖြင့် ဖူးရတာ အလွန်ကောင်းမြတ်၏။ အလွန်သပ္ပါယ်နေ၏။ ပိုက်လက်တော်ထဲမှာ ဇမ္ဗူသပြေသီး ၆လုံးလည်းကိုင်ထား၏။ ကျေးဘုရားကြီးက မိန့်တော်မူသည်မှာ - "**သုခ၏အစသည် ဒုက္ခသာတည်း၊ ဒုက္ခ၏အဆုံးသည် သုခဖြစ်တော့၏။** ကြိုးစားလော့" ဤအမိန့်တော်သံကို ဦးထိပ်ရွက်ပန်ဆင်လျှက် ဂုဏ်တော်၁၂လုံးပြည့်အောင် ပွားများ

အားထုတ်ပါမည်ဟု လျှောက်သောအခါ "သာဓု . . ငါ့အရှင် သာဓု . . သာဓု" ဟု မိန့်တော်မူ၏။ ကျွန်ုပ်လည်း ဝတ်ချကန်တော့ပြီး လက်ယာရစ်လှည့်ကာ ပြန်လာခဲ့၏။ ဤတွင် နိုးလာ၏။ အိပ်ယာထပြီး ပုတီးစိပ်၏။ ပုတီးပတ် ၄၅ ပတ်ရသောအခါ တံုးကြီးခေါက်သံကြားရ၏။ ၃ရက်ပေါင်း ပုတီးအရေအတွက် (၆၆၃၆၀)ရ၏။

၁၃၃၀ ခု တပို့တွဲလဆန်း ၁၃ရက် ည ၁ချက်အိပ်မက် - မဟာသက္ကျာသာမိဘုရားကြီးကို ထပ်ပြီး ဂန္ဓကုဋီတိုက် ဆင့်တက်ရန် စီစဉ်နေ၏။ ထိုထဲတွင် ကံကျွေးယောက်ျားတစ်ယောက်က တံပိုးရှေ့ပိုင်းက ရေသုံးပုံး၊ နောက်ပိုင်းက သဲ၊ ထုံး သုံးဒယ် အဝသုံးတောင်ရှိသော တောင်းဒယ်များဖြင့် ထမ်းလာ၍ စပ်မှုံ့ ကန်ထဲထည့်၏။ ရေပုံးထဲမှာရေများက အလိုလိုလျှံကျလာ၏။ ထို့ကြောင့် စပ်မှုံ့စပ်သောကံကျွေး ယောက်ျားက စပ်မှုံ့ဖြင့် ရေများကိုပိတ်နေ၏။ ထိုအချိန်မှာကိုဘိုက ဘုရားကိုလာနေ၏။ ည ညိမ်းညိမ်း အမည်ရှိသော ကလေးမက အောင်ပြီ . . အောင်ပြီ . . အောင်ပြီလို့ ကြွေးကြော်နေ၏။ ထိုအခိုက် ညြဘာ ဆိုသောကိုရင်ကလာပြီး ကျောက်သင်ပုန်းတစ်ချပ်နှင့် ဂဏန်းများတွက်ချက်နေ၏။ ကျောက်သင်ပုန်းကြီး တစ်ချပ်မှာ ဂဏန်းတစ်ဝက်လောက် ပြည့်အောင်တပ်ထားတာ တွေ့ရ၏။ တစ်ဝက်ကတော့ တွက်ချက်ရာ မတွေ့သေးပေ။

ထိုအခါ ကျွန်ုပ်က မင်းစပ်မှုံ့စာရင်း တွက်မှတ်နေတာကလဲ ကျောက်သင်ပုန်းကြီးတောင် တစ်ဝက် လောက် ပြည့်နေပါပကောလားဟု ပြောတော့ စပ်မှုံ့တင်းအရေအတွက် များတာကိုးဘုရားဟု အဖြေ ပေး၏။ ကဲ မင်းကြည့်မှတ်ရစ်ကွာဟုဆိုပြီး ဘုရားထဲသွား ပုတီးစိပ်နေ၏။ တစ်ကိုယ်လုံး တင်ပလ္လင်ခွေရက် အထက်သို့ပြန်တက်သွား၏။ ပုတီး ၄၅ပတ်စေ့ရော ကောင်းကင်မှပြန်ကျလာ၏။ ကျလာသော နေရာက မစင်တောဖြစ်၏။ ကျွန်ုပ်ကိုတော့ နည်းနည်းမှလူးခြင်းမရှိပေ။ ထိုနေရာနှင့် မလှမ်းမကမ်းတွင် ဆရာလိုလို လူတစ်ယောက်က သူ၏ပေဒဝိဇ္ဇာအတတ်နှင့် ကောင်းကင်မှ တိမ်ဖြူတန်းကြီး ပေါ်အောင်လုပ်လိုက်သဖြင့် ပေါ်လာ၏။ ဗျက်ကိုးတောင်လောက်ရှိ၏။ ထိုတိမ်ဖြူတန်း အတွင်းသာ မိုးတဖေါက်ဖေါက်ရွာချ၏။ ကျွန်ုပ်က တကာရဲ့အတတ် တကယ်ကောင်းပါလားလို့ပြောတော့ အရှင်ဘုရားတို့လည်း ရသားဘဲဟု ပြော၏။ ထိုတွင် နိုးလာ၏။

တပို့တွဲလဆန်း ၁၄ရက် ပါတိမောက်အခါတော်အရ အကြိုဖြစ်၍ အစီအစဉ်ပြုလုပ်နေ၏။ ထိုနေ့တွင် ဓမ္မာခန္ဓာပြီးကြောင်း လျှောက်ထား၏။ တောင်မင်းကြီး၊ ကြေးဘုရားကြီး၊ ဂူကြီး၊ ပုထိုးတော် ကြီး၊ အောင်မြေဘုရားများ လျှောက်ထားပြီး ဓမ္မာခန္ဓာသိမ်း၏။ ပဋ္ဌာနပြု မေတ္တာပို့အမျှဝေပြီး သိမ်းလိုက်၏။ တပို့တွဲလပြည့် စနေနေ့ ပါတိမောက်အခါတော်နေ့ဖြစ်၍ နံနက် ၂ချက်က လုပ်သူကိုင်သားများနှိုး ထမင်းနဲ့ ထုံးရန်ဖြစ်၏။ ကျွန်ုပ်က ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်ကို မြေခါတ်အဓိဌာန်တက်၏။ ဝိဇ္ဇာစရဏ သမ္ပန္နော သို့ဒ္ဓိ ၄၅ပတ် စိပ်၏။ အာရုဏ်တက် ကြွလာကြသော သံဃာတော်၁၀၈ပါးတို့အား နှမ်းမနဲ့နှင့်အကြော် ကပ်၏။ ပြီးလျှင် ဩဝါဒပါတိမောက်တော်ကို သုံးကြိမ်ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ပရိတ်များရွတ်ဖတ်၍ ပြန်သွား၏။ နံနက် ၉နာရီမှစ၍ လူပရိတ်သတ်များ ဧည့်ခံကျွေးမွေး၏။ နေ့ ၁၁နာရီထိုး၍ ကျွေးမွေးခံပြီး သော် ပါတိမောက်အခါတော်နေ့ အခမ်းအနားဖွင့်၏။ သီလပေးပြီး ကျွန်ုပ်ကတရားဟော၏။ နေ့တချက် ပြီး၊ ညမှာ မဟာပရိယတ္တိစာရီ ဝတ်အသင်းက ဝတ်ကြီးတက်ကြ၏။

တပို့တွဲလပြည့်ကျော် ၁ ရက် နံနက် ၁ချက် အိပ်မက် - ဝင်းကြည်ကဂဏ်တော်များ ကျွန်ုပ်
ပုတီးစိပ်တာ ဘယ်လောက်အရေအတွက်ရှိပြီ ဆိုတဲ့အကြောင်း ကျောက်သင်ပုန်းတစ်ချပ်ထဲ ဂဏန်းတွက်
နေ၏။ သင်ပုန်းတစ်ဝက် ဂဏန်းများပြည့်နေ၏။ တစ်ဝက်ရောက်တော့ ရှေ့ဆက်လက်မတွက်ဘဲထား၏
ကျွန်ုပ်က ဘာဖြစ်လို့ ရှေ့ဆက်မတက်တာလဲလို့မေးတော့ နောက်မှတွက်မည်လို့ပြော၏။ ကျွန်ုပ်လဲဒါဖြ
လဲ မတွက်ဘဲနေတာပေါ့ကွာဟုပြောပြီး အလုပ်သမားများကို စိစဉ်၍ ဘိုတိုးအိမ်သွား၏။ ဘိုတိုးက
သူ့တပည့်များကို တွေ့သောအပင်ကိုးမျိုးမှ တစ်ပင်ကိုကိုးရွက်စီ ခူးကြိတ်ဆေးတောင့်လုပ်ဟု ပြောထ
သဖြင့် တပည့်နှစ်ယောက်က သူ့အတွေ့အကြုံနှင့်သူ သစ်ရွက်များခူးပြီး ဆေးတောင့်လုပ်ထား၏။ ကျွန်ုပ်ကို
သူ့တပည့်များ လုပ်ထားသောဆေးများ ဘာဆေးများဖြစ်ပါသလဲ ဟုလျှောက်၍ ကျွန်ုပ်ကအားလုံးပြပြီး
ခင်ဗျားအိမ်ထရံမှာ နှစ်လက်မလောက် စာလုံးအဖြူနှင့်ရေးထားတာ တွေ့မြင်ရတယ်။ ဆေးအမည်များ
ကတော့ အိမ်မက်တိမ်ဖြူဆေး၊ တစ်မယ်ကတော့ ဇေယျယန္တမိတ်ဆေးဟု တွေ့ရပါတယ်။ နတ်ဆေး
ဖြစ်ပါတယ်။ ဉာဏ်ရှိသလို သုံးနိုင်ပါတယ်ဟု ပြောလိုက်၏။ သူ့တပည့်များက အလွန်ဝမ်းသာကြ၏
ထိုတွင်နိုးလာ၍ မှတ်တမ်းရေးလိုက်၏။

တပို့တွဲလဆုတ် ၃ ရက် တချက်အိပ်မက် - ရေထဲလှေစီးနေ၏။ ဘုန်းကြီး ၁၀ ပါးလောက်လည်း
ပါ၏။ လှေနစ်သောအခါ ဘုန်းကြီးများကို ရှာပေးရ၏။ ကျွန်ုပ်ကတော့ ဘာမျှကိစ္စမရှိ ကမ်းပေါ်တက်ပြီ
ကုန်းပေါ်က လမ်းမကြီးတစ်ခု လျှောက်သွားရ၏။ ဘေးကမြေစိုထဲမှာ ကားတစ်စင်းက မောင်းလာ၏
မြေထဲဝင်ငုတ်ပြီး လူးလိုက်လှိမ့်လိုက် လုပ်နေ၏။ နောက်တစ်စင်းလဲ ထို့အတူလုပ်နေ၏။ ကားထဲကမောင်း
သူကတော့ သေတော့မှာဘဲဟု ကျွန်ုပ်ကထင်၏။ သို့သော် ဘာမျှမဖြစ်ကြဘဲ ငုတ်လျှိုးလူးလှိမ့်ပြီး မောင်း
ထွက်သွားကြ၏။ ထိုအခိုက်တွင် မြေထဲမှ ပေါက်ကွဲသံကြီးကြား၍ လန့်နိုးလာ၏။ ကျွန်ုပ်က မြေခါတ်နမိတ်
ပြတာဟု မှတ်ချက်ချလိုက်၏။

တပို့တွဲလဆုတ် ၅ရက် ကြာသပတေးနေ့ ည အိပ်မက် - ရွှံ့ ညွှံပုပ်လိုဖြစ်သော စိမ်းညိုရောင်
မြေကြီးချိုင့်ကြီးမှာ နှစ်ဖာလုံလောက် တွေ့မြင်ရ၏။ ထိုမြေကြီးများကို မြေကောင်းဖြစ်ရန် ကားကြီးများ
လှည်းများ၊ အမှိုက်များဖို့နေတာတွေ့၏။ ကျောင်းပြန်လာတော့ ကျောင်းပတ်လည် ရေတွေကြီးနေ၏
ကျောင်းခါးပန်း ထိလုမတတ်ဖြစ်နေ၏။ များမကြာမီ ရေကျသွား၏။ ကျွန်ုပ်၏စိတ်ထဲမှာ ရေကြီးနေတုန်းက
ကြည့်ကောင်း၏။ ရေကျတော့ ကြည့်မကောင်းဟု ထင်နေ၏။ ထိုနေ့က မြေခါတ်ပုတီးမှာ (၂၄၆၄၀၀)
ရသောနေ့ဖြစ်၏။

တပို့တွဲလဆုတ် ၆ ရက်နေ့ တံတိုင်းရှေ့ရွာ ဦးသောင်းအလှူသွား တရားဟော၊ တံတိုင်းရှေ့ရွာ
ရှေ့ကျောင်းအိပ်၊ တပို့တွဲလဆုတ် ၇ရက်နေ့ ညနေ ၄နာရီ အလှူပြီး၍ပြန်လာ၏။ မြေခါတ်ပုတီး (၂၇၃၈၀၀)
ရ၍ ကျောင်းတွင် ည၉နာရီ မြေခါတ်ပြီးကြောင်း လျှောက်ထားပြီး ရေခါတ်တက်။ ဝိဇ္ဇာစရဏသမ္ပန္နော
ဂါထာ ၁၀ပတ် အဓိဋ္ဌာန်စိပ်လိုက်၏။

၁၃၃၀ ခု တပို့တွဲလဆုတ် ၉ရက် ညအိပ်မက် - ကျွန်ုပ်နှင့် ရင်ရင်ခေါ်သော ယောဂီမလေးနှင့်
ရိုက်ထားသောပုံ၊ ရီရီစန်းနှင့်တပုံ၊ ရီရီမြင့်နှင့်တပုံ၊ လက်ကိုပုတီးပတ်ထားပုံ၊ တင်ပလ္လင်ခွေထားပုံ အမျိုး
မျိုးတို့ဖြင့် ရိုက်ထားသောပုံများကို မိန်းကလေးများက ယူပြကြ၏။ အဆင့်တက်ကျောင်းကို

၏။ ထိုဓါတ်ပုံများကိုကြည့်ပြီး ထွက်လာခဲ့၏။ ပိန်းတန်းဘူတာ မီးရထားလမ်းနားရောက်တော့ ဘုန်းကြီးတစ်ပါးနှင့်တွေ့၍ ထိုဘုန်းကြီးက ဦးဝါယမ ကိုရင်များကို သဒ္ဒါသင်ပြီးလ်ချထားပါ၊ တပည့်တော်က ရန်ကုန်သွားမယ် . . အရှင်ဘုရားနှင့် လည်ကြတာပေါ့ဟုပြော၏။ ကျွန်ုပ်ကကောင်းပြီဆိုပြီး ရထားလမ်းအတိုင်း တောင်ဘက်ပြန်လာခဲ့၏။ ဈေးထိပ်သွားရန်ဖြစ်၏။ ရထားလမ်းက အနောက်လမ်းခွဲတစ်ခု တွေ့ရ၏။ ထိုလမ်းခွဲအတိုင်း လိုက်သွားမှဘဲလို့ စိတ်ထဲထင်လိုက်၏။ တောင်ဘက် ချိုးသွားလိုက်၏။ စာကပ်ထားတာတွေ့ရ၏။ ကံတော်ဟုရေးထား၏။ ကံတော်ကနယ်အကျယ်ကြီးဘဲ ဒီနားကတောင်စနေပါလားဟုထင်မိ၏။ ရှေ့ဆက်လျှောက်လာ၏။ ဇယ်ပြစ်နေကြသောသူများနှင့်တွေ့၏။ ကျွန်ုပ်ကခေါင်ဇယ်ကိုမှန်အောင်ပြစ်မယ် အလောင်းအစားလုပ်ကြဆိုသဖြင့် လုပ်ကြ၏။ ရည်မှန်းချက်အတိုင်း ပစ်တိုင်းမှန်၍ တစ်ဖက်ကလောင်းသူများ ရှုံးကြ၏။ ကျွန်ုပ်ဘက်က နိုင်၏။ ထိုစဉ်ရထားကြီး စက်ကုန်မောင်းလာသော အသံကြီး ထွက်လာ၍ ကျွန်ုပ်နိုးလာ၏။ ရေခါတ်ပုတီး (၇၉၂၀၀) ရသောနေ့ဖြစ်၏။ ထုံးစံအတိုင်း ဘုရားများ အဓိဋ္ဌာန်ပုတီးစိပ်၏။

တပို့တွဲလဆုတ် ၁၀ရက် ထုံးစံအတိုင်း အဓိဋ္ဌာန်ဘုရားဖူး ပုတီးစိပ်သွား၏။ နေ့ခါတ်ခန်းထဲ ပုတီးထိုင်နေစဉ် ဇော်ဂျီနောက်က လာရပ်နေ၏။ ထိုင်အရိယာပုတ် ၄၅ပတ်ပြည့်တော့ လျောင်းသောအရိယာပုတ်ဖြင့် ၄၅ပတ်စိပ်၏။ ထိုအချိန်မှာ ခြေရင်းကရပ်နေတာ တွေ့မြင်ရ၏။ ပုတီးပြီး၍ထကြည့်တော့ ဇော်ဂျီနေရာက ငှက်ပျံသွား၏။ အလွန်ထူးခြား၍ မှတ်တမ်းတင်လိုက်၏။ တပို့တွဲလပြည့်ကျော် ၁၂ရက် ကြာသပတေးနေ့ ည အိပ်မက် - တောင်မင်းကြီးဘုရားဖူးသွား၊ ပုတီးစိပ်ပြီးမယ်ဇယ်တန်းဖက် လျှောက်သွားရွှေချပြီးသော ဘုရားရုပ်ပွားတော် ၄ဆူ၊ ၅ဆူ စေတီ၄ဆူ၊ ၅ဆူတွေ့ရ၏။ စေတီ ၂ဆူလောက်က ဘုရားနားမှာရင်း၊ စေတီတွေ့သောနေရာနားမှာ မြေကြီးထဲမှ ရွှေဆင်းတုနှစ်ဆူပေါ်လာ၍ လူနှစ်ယောက်ကို ကျွန်ုပ်က နေ့တွက် ၂ကျပ်ပေး၍အပြင်ခိုင်း၏။

နောက်ထပ် ဆင်းထုတစ်ဆူလည်း အပြင်ခိုင်းပြန်၏။ ကျွန်ုပ်၏ကျောင်းပေါ်မှာ ပြင်နေကြ၏။ ကိုတင်အေးဆိုသူက အုန်းသီးများ၊ ရေအိုးများလာပို့၏။ ကျောင်းအလယ်မှာထား၏။ အုန်းသီးကိုးလုံး၊ ရေအိုးကိုးလုံးဖြစ်၏။ ကျွန်ုပ်နှင့်သိသော ဘုန်းကြီးတစ်ပါးနှင့် ကိုဘိုတို့လာကြ၏။ ကျွန်ုပ်ကကျွန်ုပ်အခန်းထဲခေါ်သွား၏။ ဘုန်းကြီးက ကြီးပုံရ၍ ကုတင်ခေါင်းရင်းဘက်က နေရာပေး၏။ မထိုင်ချေ။ ခြေရင်းဘက်မှာသာထိုင်၏။ ခေါင်းရင်းဘက်က ကျွန်ုပ်ထိုင်၏။ ဘုန်းကြီးကပြောပြသည်မှာ "သူ့မြို့တော်မှာ နန်းနေရာ ဘုရားမြတ်စွာ တည်လတံ့" ဟုပြော၏။

ကျွန်ုပ်က ကောက်ယူသည်မှာ ငါကတော့မန္တလေးမှာ ဘုရားတည်မည်လို့ ကောက်ယူတယ်။ အခုအမိန့်ရှိသော ဘုန်းကြီးကိုရင်တို့က ဘယ်လိုထင်သလဲဟုမေးတော့ အမရပူရမြို့ကို ပြောတာဘုရား . . အခုအမိန့်ရှိသော ဘုန်းကြီးက အရှင်ဘုရားနဲ့ အသိဘုန်းကြီးမဟုတ်ဘူး . . ဘိုးဘိုးအောင်ဟုပြော၏။ ထိုဘုရားကို လိုတာစေပါ အဓိဋ္ဌာန်ပုတီးစိပ်ပါဟုပြော။ ကျွန်ုပ်ကဘိုးဘိုးအောင်ခေါ် အရှင်အရိယာဝံသကို အုန်းသီးတွေ၊ ရေအိုးတွေ ရောက်နေတာက ဘယ်သဘောလဲလို့မေးတော့ အုန်းက နန်း၊ အိုးက ရေချမ်းအိုး သို့ဖြစ်၍ "ဘုန်းတော်ကြီးလို့ သက်တော်ရှည် တို့တတွေ ရေချမ်းအိုးကြီး" တဲ့ကိုယ်တော် . . ဩော် . . သိပါပြီ . . သိပါပြီ။ ကိုင်းသွားလိုက်အုံးမယ်ဆိုပြီး ပျောက်ကွယ်၍ လိပ်ပြာအဖြူလေးနှစ်ကောင် မြောက်တည့်တည့်ပြန်သွား၏။

ကျွန်ုပ်လည်း နိုးလာပြီး ဤမှတ်တမ်းကို ရေးလိုက်၏။

၁၃၃၀ ခု တပို့တွဲလကွယ် ၁၄ရက်နေ့ နံနက် နေ့ဓိဋ္ဌာန်ဝတ်များ ပြီးသည့်နောက် ညနေ ၅နာ မုန့်လောက် ဦးစီကိုခေါ်၍ အမရပူရမြို့ရိုးတောင်ဘက် နေလစေတီနှစ်ဆူသွားပြီး ပုတီးစိပ်ကြ၏။ မုန့်အာရုဏ်ခံ၊ အုဌ်ဇရပ်များက အနောက်ဘက်လှည့်ထား၏။ ဖယောင်းတိုင် ၁၀၈ တိုင် ပူဇော်၏။ ပရိတ်ပြီး ပုတီးစိပ်ကြ၏။ ပုတီးစိပ်လျှင်စိပ်ခြင်း တောင်ဘက်ရုပ်ပွားတော်ကြီး ရောင်လျှံတော်ကို ရွှေပြည်စိုးငှက်ကလေး လာနားပြီး အိပ်တန်းတက်၏။ မြောက်ဘက်ရုပ်ပွားတော်၏ နဖူးတော်တွင် အိမ်မြှောင်တစ်ကောင် က... နေ၏။ ပုတီး ၄၅ပတ် စိပ်ပြီးသည့်တိုင်အောင် မလှုပ်ရှားကြပေ။ သို့နှင့်ပုတီးပြီး၍ မေတ္တာပို့အမျှဝေ... လိုချင်တာစေခဲ့၏။ ထိုဘုရားမှ ပုထိုးတော်ကြီးသွားပြီး ပုတီးစိပ်ကြ၏။ အောင်ပြီ . . အောင်ပြီ . . အော... ကြွေးကြော်သံ ၃ခွန်း ကြားခဲ့ရ၏။ ထိုနေ့က ဝိဇ္ဇာစရဏဂုဏ်တော် ရေခါတ်ပုတီး (၃၂၂၂၀၀) ရေ... နေ့ဖြစ်၏။

တပေါင်းလဆန်း ၁ ရက် နံနက်၁ချက် အိပ်မက် - ကျွန်ုပ်ကျောင်း၏ပတ်လည် ရေကြီးနေ၍ လူများလဲ ရေချိုးနေကြ၏။ ကျွန်ုပ်ကဖေါင်စီး၍ ရေချိုးနေ၏။ ကျွန်ုပ်စီးသောဖောင်ကိုသွားရန် လက်... တအားယက်၍ လှော်လိုက်၏။ ကျွန်ုပ်စီးသောဖောင်ကြီးမှာ ရေနှင့်လွတ်ပြီး အပေါ် ၅တောင်လော... တက်သွား၏။ အောက်ပြန်ကျတိုင်းကျတိုင်း ရေပန်းများဖြာတက်သွား၏။ အနောက်ဘက် ကမ်းခြေရော... တော့ ဘောင်မှကမ်းပေါ် ရောက်သွား၏။ မြွေကြီးတစ်ကောင်နှင့်တွေ့၏။ ကျွန်ုပ်ကခရီးမဆက်ပဲ တန်း... နေ၏။ ထိုအခါ ကျွန်ုပ်စီးလာသောဖောင်ကြီးက ဝက်ကြီးဖြစ်လာပြီး မြွေကြီးဝါးစားလိုက်၏။ နောက် တစ်ကောင်ပေါ်လာပြီး ပေါ်လာသောမြွေကြီးက ကျွန်ုပ်ဘက်ပြေးလာ၏။ ဝက်ကြီးကလိုက်၏။ မြွေကြီး... ကျွန်ုပ်ခြေထောက်အောက် ထိုးပြေးသွား၏။

ကျွန်ုပ်လည်း ကျောင်းပေါ်ပြန်တက်လာ၏။ ကျွန်ုပ်ထိုင်နေသောနေရာတွင် မျက်နှာသစ်ဖလား ကြီးထဲမှာ ရေထည့်ထားတာတွေ့ရ၏။ ကျွန်ုပ်ထိုင်လိုက်သည်နှင့်တပြိုင်နက် ထိုဖလားထဲကရေသည် တစ်ဝက်လောက်ကနေ လျှံကျသွားတာတွေ့ရ၏။ ထိုကဲ့သို့ လျှံကျလိုက် တစ်ဝက်လောက်ရောက်လိုက်နှင့် ၃ခါလောက်ဖြစ်နေ၏။ ထိုကဲ့သို့ကြည့်နေစဉ် ကျွန်ုပ်စိတ်ထဲတွင် ဒါထက် ပင်လယ်ရေတက်၊ ရေကျမြင်ရ လျှင် ပိုကောင်းမည်ဟု ထင်လိုက်သည်နှင့်တပြိုင်နက် ပင်လယ်ကမ်းခြေရောက်သွား၏။ မိန်းမများ ယောကျ်ားများလည်း ရောက်လာကြ၏။ မိန်းမတစ်ယောက်က ပင်လယ်ရေနှင့် အဝတ်ဖွပ်ရတာ ဖြူတယ် ဆိုပြီး သူဝတ်ထားသောအဝတ်များကို ချွတ်ပြီးဖွတ်နေ၏။

ထိုပင်လယ်နားမှာမြို့ကျဉ်းလေးတစ်မြို့ရှိ၏။ ပင်လယ်ကြောင့် ကျဉ်းနေသော မြို့ဖြစ်၏။ ပင်လယ် လှိုင်းလုံးကြီးများကလည်း ထိုမြို့လေးကမ်းခြေမှာ ပြင်းထန်စွာရိုက်ခတ်နေကြ၏။ ပင်လယ်နားလာကြသော မိန်းမ၊ ယောကျ်ားများက အရှင်ဘုရားတတ်နိုင်ပါလျှင် ဤပင်လယ်ရေ နောက်ကိုဆုတ်သွားအောင် ပြုလုပ် ပေးစေချင်ပါတယ်ဟု လျှောက်ကြ၏။ ကောင်းပြီဆိုပြီး ဟဲ့ပင်လယ်ရေ နင်နောက်ကို အလံတစ်ရာ လောက် နောက်ဆုတ်သွားစေဟု အမိန့်ပေးပြီး လက်ကလည်း နောက်သို့သွားရန်ပြလိုက်၏။ ထိုခဏ... ပင်လယ်ရေပြင်သည် လျော့ကျ၍နောက်ဆုတ်သွားတော့၏။ အလံတစ်ရာလောက်မှာ တံတိုင်းကြီး တစ်ခု တန်းပြီးပေါ်လာ၏။ ထိုအခါ လူများက ဒီအကာတံတိုင်းကြီး ဘိုးတော်လက်ထက်က ရှိပါတယ်

ပင်လယ်ရေ ရှေ့တိုးလာ၍ မြုတ်နေတာဖြစ်ပါတယ်။ ယခုမှအရှင်ဘုရား တံခိုးတော်ကြောင့် ပြန်ပေါ် လာရခြင်းဖြစ်ပါသည်ဟု လျှောက်ကြ၏။ တဖန် နောက်ထပ်အလံတစ်ရာ နောက်ဆုတ်လျော့ကျသွားရန် ကျွန်ုပ်ကိုင်သော တောင်ဝှေးဖြင့်ရေကိုရိုက်၍ အမိန့်ပေးလိုက်၏။ အလံတစ်ရာလောက် ကျသွားပြန်၏။ ထိုသို့လျော့ကျသည်နှင့်တပြိုင်နက် ဘုန်းတော်ကြီးကျောင်းကြီးများ၊ မြို့အဆောက်အဦးများ ရာနှင့်ချီပြီး ပေါ်လာတော့သည်။ သူ့နေရာနှင့်သွားလာရန် တံတားအတိုဆက်ကလေးများ ပေါ်လာ၏။ ထိုတံတားတို အဆက်ကလေးများပေါ် ၁၀၀၀အားလောက်ရှိသော မီးလုံးကြီးများလည်းထွန်းလျက် လင်းထိန်ပြီး ပေါ်လာကြ၏။ ထိုအခါကျွန်ုပ်က ဝိုင်းကြည့်နေသောလူများကို အသင်တို့ငါးပါးသီလ ဖောက်ဖျက်ကြသဖြင့် တချိန်ကဤမြို့များကို ပင်လယ်ရေဖြင့် အလွှမ်းခံရတာ။ အဲသည်တော့ ရှေ့မလွှမ်းနိုင်အောင် ငါးပါးသီလမြဲမြံအောင် စောင့်ထိန်းကြဆိုပြီး ငါးပါးသီလကို အမိဋ္ဌာန်ခိုင်းပြီးပေးခဲ့၏။ ကျောင်းကို ကောင်းကင်မှပျံ၍လာခဲ့၏။ ထိုတွင် တုံးခေါက်သံကြား၍နိုးလာပြီး ဤမှတ်တမ်းရေးလိုက်၏။ ရေခါတ် အောင်မြင်ကြောင်းနိမိတ်ဟု မှတ်လိုက်၏။ နံနက် နေ့ ည အဓိဋ္ဌာန်ပုတီးများ ထုံးစံအတိုင်းဘုရားများ သွားရောက်စိပ်၏။

တပေါင်းလဆန်း ၂ရက် တနင်္လာနေ့ စကြာတိုးက ဆွမ်းပင့်၍ သူ့အိမ်ကိုဘုရားဖူးပြန် ဆွမ်းစားသွား၊ အိမ်မက်အကြောင်း နေလဘုရား ပုတီးစိပ်သွားသော အတွေ့အကြုံများအကြောင်း ပြောပြလျှင် ဘိုးတိုးကခေါင်းတုံးနှင့် သစ်ခေါက်ဆိုးဝတ်ထားသော ပုဂ္ဂိုလ်တစ်ယောက်က ပြောသွားပါတယ်။ ဦးဝါယမကို ဆွမ်းပင့်ကျွေးပြီး ငါပြောတဲ့အတိုင်း လျှောက်လိုက်လို့ခိုင်း၍ လျှောက်ပါမယ်ဘုရား ဆိုပြီး လျှောက်သည်မှာ -

**" ငှက်နှင့်အိမ်မြှောင်၊ အတိတ်ဆောင်၊ အိမ်မြှောင်နှင့်ငှက် အတိတ်ထွက် ကျေးမရှား ကျောင်းဆောက် ရှင်ဝါယမပေါက်ပါပကော "** ဟုလျှောက်ခိုင်းပါတယ်ဘုရားဟုလျှောက်၏။

၁၃၃၀ တပေါင်းလဆန်း ၅ရက် ကြာသပတေးနေ့ နံနက်ချက် အိပ်မက် - တိုက်အုပ်ဆရာတော်ဦးဝါယမက တကာတစ်ယောက်ကိုဆေးကျမ်းအဓိပ္ပါယ်ပြောနေ၏။ မဟာသက္ကျာသာမိ ခေါ်ကြေးဘုရားကြီးကုန်းတော် အုဋ္ဌနီမှုန့် ကျိတ်သောနေရာမှာဖြစ်၏။ ဓါတ်ငှပါး အကြောင်းပြောတာဖြစ်၏။ ရေဓါတ်အခန်းရောက်တော့ ရေဓါတ်သဘောကတော့ ကျော်အောင်စံထားခေတ်မှာ ရေဓါတ်သဘော ပိုင်လျှင် အားလုံးနိုင်သွားတော့တာဘဲ ကျော်စံအောင်ထားတို့လို ရေဓါတ်နိုင်အောင် လုပ်ပေ့ါဟုပြောသည်။ ကြေးဘုရားကြီးမှာလဲ ဒုပိကာအရောက် ငြမ်းဆင်ထားပြီး ရေများကို ပုံးများဖြင့်တင်ပေးနေ၏။ ထိုအခြင်းအရာများကိုကြည့်ပြီး ကျောင်းပြန်လာတော့ ကျောင်းစောင့်က သက္ကတဘာသာဖြင့် ဂုဏ်တော်ဂါထာများ ရွတ်ဖတ်နေ၏။ နတ်လဲမြင်ရ၏။ အသံလည်းကြားရ၏။

ထိုဂါထာရွတ်ဖတ်နေရာ ထကြည့်တော့ ပျောက်ကွယ်သွားပြီး တရားဟောပလ္လင် အနောက်ဘက် မှ စ၍ အနောက်ပေါက်ထွက်သော တိုင်ရောက်အောင် ပေစာထုပ်မှ ကြိုးပြာကလေးတချောင်း တန်း ထား၏။ ထိုကြိုးပေါ် နှစ်တောင်လောက်ရှိသော ဒေါင်းကြီးတကောင် လာနား၏။ ကိုယ်မွေးထားသလို ဖြစ်နေ၏။ ဒေါင်းကတော့ ဒေါင်းမီးကွက်များ ရေးရေးသာပေါ်သေး၏။ ကပြီးတော့ တွန်လိုက်သော အသံမှာ ကေကေကနိတ် - ကေကေကနိတ်ဟုတွန်၏။ ကျွန်ုပ်စိတ်ထဲတွင် စောစောက

နိတ်ဆိုတော့ ငါရရှိတွေ့ကြုံတဲ့သဘောတွေ တိတ်တိတ်နေမှာပဲဟု ကောက်ယူပြီးမှတ်ထားလိုက်၏။ ထိုကဲ့သို့မှတ်သားပြီး ကျောင်းအရှေ့ဘက် တောင်သမန်အင်းထဲ လှေလှော်ဆင်းသွား၏။ တဘက်ကမ်းရောက်တော့ ကျောင်းတိုက်ကြီး တစ်ခုတွေ့၏။ ကျောင်းများက အသားကျောင်းမပါ တိုက်ကျောင်းများသာဖြစ်၏။

တိုက်အလုံးပေါင်း ၁၀၀ လောက်ရှိမည်ထင်၏။ ၄ ခန်း ၅ ခန်းတိုက်ကျောင်း အမိုးအနီကြီးထဲတွင် လူမျိုးပေါင်းစုံ စာသင်နေကြ၏။ ရှမ်း၊ ကချင်၊ ကရင်၊ ဂိုမ်းဖေါ၊ ပလောင်၊ လီရှော၊ ပဒေါင်း၊ လီဟူး၊ ချင်း စသော အမျိုးသမီးပေါင်းစုံတို့လည်း ခြေချိတ်ပြီး ကနေကြ၏။ ထိုကျောင်းထဲက မြင်ကွင်းရှုကွက်များကို ကြည့်ပြီး ကျောင်းတကျောင်းကို တက်သွားပြန်၏။ ဖိုထိုးနေကြသော ဘုန်းကြီးများတွေ့ရ၏။ ထိုဘုန်းကြီးများအထည်းကို အစ်ကိုဆိုသော လူတစ်ယောက်က သူ့ခါတ်လုံးကိုထုတ်ပြ၏။ ကျွန်ုပ်တို့ ငိုင်းကြည့်၏။ ခါတ်လုံးက ဖန်ရုံစိတ်များ ဘေးကပေါ်နေ၏။ စမများလည်း ဘေးကပတ်လည်ဝိုင်း၍ပေါ်နေ၏။ ထိုခါတ်လုံးကိုကြည့်ပြီး ထိုကျောင်းပေါ်ကဆင်း၍ကျောင်းနားကဘုရားကိုကြည့်၏။ ဉာဏ်တော် ၂၇တောင်လောက်ရှိ၏။ ထိုဘုရားမှာ စေတီတစ်ဆူလုံး မှဒ်ပါမကျန် ဘုရားရုပ်ပွားတော်ကလေးများနှင့်ပြည့်နေ၏။ ကြည့်လို့လည်း အလွန်ကောင်း၏။

ထိုဘုရားကို သေသေချာချာကြည့်ပြီး ကြည်နူးတာနှင့် ပုတီးဥပတ်ဝင်စိတ်၏။ ဘိုးတော်တစ်ယောက် ဘေးကရောက်လာပြီး ဒါကျောင်းတိုက်ကြီးမှတ်နေလား **“ထွက်ရပ်စဉ်နန်းတော်”**သိလား သေသေချာချာ နှံ့နှံ့စပ်စပ်ကြည့်ပြီး ဘုရားတွေ့လျှင် ပုတီးစိတ်သွား။ ယခုကိုယ်တော်လေး ပုတီးစိတ်နေတဲ့ဘုရားက **ကြံတိုင်းမြောက် ကြံတိုင်းပေါက် မြတ်ရှင်ပင်ဘုရား**လို့ခေါ်တယ်။ ရာဟုထောင့်မှာ တဆူရှိသေးတယ်။ အဲဒီဘုရားက **ကြံတိုင်းအောင်ဘုရား**လို့ ခေါ်တယ်။ ဒီကပြီးလျှင် အဲဒီဘုရား စိတ်သွားဘုံးဟု ပြောပြီးထွက်သွား၏။ ကျွန်ုပ်လည်းပုတီးဥပတ် စိတ်ပြီးသွားသဖြင့် ဘိုးတော်ပြောသော ရာဟုဒေါင့်က ဘုရားကိုသွားဖူး၏။ ဘုရားတည်ထားပုံက တမျိုးဖြစ်၏။ စာဖွဲ့လို့မရပေ။ အလွန်ထူးဆန်း၏။ သမ္မုဒ္ဒေထက်ဆန်း၏။ ဉာဏ်တော်စေတီ အမြင့်၃၀လောက်ရှိမည်ထင်၏။ ကုလားကျောင်းအမြင့်ကလည်း ၃၀လောက်ရှိ၏။ ပေါင်း ၆၀ လောက်ဖြစ်၏။ ပုတီးဥပတ်စိတ်ခဲ့၏။

ပုတီးပြီး၍ဘုရားထဲကထွက်လာတော့ ဘုန်းကြီးတပါးက ကိုယ်တော်ကျောင်းရောက်အောင် ဖြတ်လမ်းကနေ ပို့ပေးမယ် လာ လာဆို၍ ထိုဘုန်းတော်ကြီးနောက်က လိုက်သွား၏။ ထွက်ရစဉ် နန်းတော်ကလဲ ထွက်လိုက်ရော တောတန်းလေးရောက်၏။ တပြလောက်ရှိမည် ထင်၏။ တောတန်းလဲဆုံးရော ကျွန်ုပ်ကျောင်း ရောက်လာတော့၏။ ကျွန်ုပ်သတိရလို့ ကြည့်လိုက်တော့ အိပ်ရာပေါ် ထိုင်လျက်ဖြစ်နေ၏။ ငါဟာအဟုတ်လား အိမ်မက်လားဆိုပြီး စဉ်းစားရင်း ဤမှတ်တမ်းကို ရေးလိုက်၏။ ထိုနေ့က ည ၉နာရီအထိ ပုတီးအရေအတွက်မှာ ၅၂၆၆၀၀ ရ၍ ရေခါတ်ပြီး၍ လေခါတ် အတွက် ၄၀၀၀၀ယူပြီးလျှင် ည ၉နာရီမှာ လေခါတ်တက်၏။

၁၃၃၀ တပေါင်းလဆန်း ဂရက်တနင်္ဂနွေနေ့ နံနက်တချက် **အိမ်မက်**၏။ ရွာတစ်ရွာ၏ အရှေ့ဘက် ထွက်လမ်းကြီး တစ်ခုရှိ၏။ ထိုလမ်းကြီးအတိုင်း တောင်မှမြောက် ကျွန်ုပ်ကဦးဆောင်၍ စစ်သုံးကြောင်းခွဲ တက်ကြ၏။ ကျွန်ုပ်က ရှေ့စစ်သေနာပတိ အဝတ်အစားများနှင့် ခေါင်းဆောင်ချီတက်နေ၏။ ကျွန်ုပ်၏

နောက်ကလည်း ယောဂီများနှင့် ယောက်ျားမိန်းမ ၂၀၀ကျော်လောက်ပါကြ၏။ ကျွန်ုပ်တို့ ချီတက်လာကြသောအခါထိုရွာကလူများကသပြေပန်း၊ ရေချမ်းအိုးများဖြင့် ကြိုဆိုကြ၏။ ကောင်းချီးသြဘာများပေးကြ၏။ ထိုလမ်းကြီးမှ ချီတက်လာကြပြီး ကျွန်ုပ်ကျောင်းတိုက်ထဲသို့ ဝင်ကြ၏။ ကျွန်ုပ်၏ကျောင်းမှာ တင့်တယ်စွာ တန်ဆာဆင်ထား၏။ ကျောင်းအတွင်းမှာလည်း အထက်ကပိတ်ဖြူမျက်နှာကြက်များ ကျက်ထား၏။ ကြာပန်းများ၊ ရွှေဇာ၊ ငွေဇာများဖြင့် မျက်နှာကြက်ကို တံဆာဆင်ထား၏။ အလွန်ကြက်သရေ ရှိလှပေသည်။

ကျွန်ုပ်ထိုင်ဘို့ရာ ရာဇာပလ္လင်ကြီးမှာ ခန်းနားစွာ ပြင်ဆင်ထား၏။ ရွှေအတိပြည့်၏။ ကနုတ္တတံဆိုးဖြူကြီးများလည်း ဝဲယာဧလက်မစီ စိုက်ထောင်ထားကြ၏။ ကျွန်ုပ်တို့ ကျောင်းထဲရောက်ကြသောအခါ ဝတ်ဖြူစင်ကြယ်နှင့် လူများကဦးညွှတ်၍ အရိုအသေပေးနေကြ၏။ ထိုအထဲတွင် ဝတ်ဖြူစင်ကြယ်နှင့် ညာတင်ရွှေစလွယ်နှင့် ဝတ်ဆင်ထားသော ပုဂ္ဂိုလ်၂ယောက်က ကျွန်ုပ်ကိုဦးညွှတ်၍ ရာဇာပလ္လင်သို့ ပင့်သွားပြီး ကျွန်ုပ်ရာဇာပလ္လင်ပေါ်သို့ ထိုင်လိုက်သောအခါ ထိုပုဂ္ဂိုလ်၂ယောက်တို့က ခရုသင်းများမှုတ်ကြ၏။ အမျိုးမျိုးသော အောင်ဂါထာတို့ဖြင့် ရွတ်ဖတ်ပြီး မင်္ဂလာစည်တော်ရွှန်းကြ၏။ အလွန်ကြီးကြယ်ခန်းနားသော အောင်ဘိတ်သိတ်ပွဲဖြစ်၏။ ဝိတ်ဖြူဝတ်ကြသောလူများက ခရုသင်းကိုကိုင်ပြီး သပြေ၊ မြေဇာ၊ အမွှေးနံ့သာရေများဖြင့် ကျွန်ုပ်ကို ပတ်ဖြန်းကြသည်။ ထို့နောက် ခရုသင်းပြိုင်တူ မှုတ်ကြ၏။ ဝတ်ဖြူဝတ်ကြသော ပုဂ္ဂိုလ်ရာကျော်လောက် ဝိုင်းမှုတ်ကြ၏၊ ထိုတွင် ကျွန်ုပ်နိုးလာ၏။ နာရီကြည့်လိုက်တော့ ၃နာရီခွဲနေ၏။ ထိုနေ့က ပုတီးပတ်မှာ ၂၈၃၀၀၀ ဝိဇ္ဇာစရဏဂုဏ်တော် လေခါတ်ဖြစ်၏။

၁၃၃၀ တပေါင်းလဆန်း ၁၃ရက် သောကြာနေ့ နံနက်တစ်ချက်လောက်အိမ်မက်၏။ ကျောင်းတိုက် တတိုက်နားရောက်သွား၏။ ဆိုင်းဘုတ်ကို ဖတ်ကြည့်တော့ ဝရပုဏ္ဏာရာမတိုက်ဟု ရေးထား၏၊ ထိုကျောင်းတိုက်ထဲ ဝင်ကြည့်၏။ အရှေ့ဘက်မျက်နှာတွင် သိမ်တုံးတွေ့ရ၏၊ ထိုသိမ်မှာ၅ထပ်ရှိ၏။ သိမ်၏အရှေ့ဘက်မှာ စေတီကလေးများ ထီးမပါပဲ ယိုးဒယားဘုရားများကဲ့သို့ ထိပ်ချွန်၍ပြေပြစ် ရှုချင်ဖွယ်ဖြစ်အောင် ပြုလုပ်ထား၏၊ အရပ်တော်များမှာ ၅တောင်လောက်ရှိမည်ထင်၏။ ထိုကျောင်းအရှေ့မုခ်မှ ထွက်လာခဲ့ပြီး ကျောင်းပြန်လာတော့ ကျွန်ုပ်၏ကျောင်းတိုက်တောင်ဘက် သီးပင်နေရာတလျှောက်နှင့် ငြိမ်းချမ်းရေးဘုရားမြောက်ဘက်၊ အရှေ့ဘက်မျက်နှာတလျှောက်တွင် ရေများရှိနေ၏။

ကျွန်ုပ်ကျောင်းသွားသော လမ်းလေးက ရေမရှိပဲဖြစ်နေ၍ ထိုလမ်းကလေးမှ ကျောင်းပြန်လာ၏။ ထိုရေများ၏ ဆန်းပြားကျယ်ပုံ တည်ရှိနေသည့်အတွက် ကျွန်ုပ်ပုတီးစိတ်ရာမှ ရထားသောကြိမ်လုံးကိုယူပြီး ရေများကိုကျောင်းပေါ်ကနေ ကြိမ်ဖြင့်ရိုက်ခေါ်၏။ မလာတလာဖြစ်နေ၏။ သို့ဖြစ်၍ ကျောင်းအောက်ဆင်းပြီး ရေများကို ရိုက်ထုတ်လိုက်၏။ အားလုံး ကျဆင်းသွားတော့၏။ ကျွန်ုပ်လည်း ကြိမ်လုံးကြီးထားခဲ့ပြီး ဘုရားဖူး ပုတီးစိတ်ထွက်သွား၏။ လမ်းတွင်ဘုန်းကြီး အပါး၂၀လောက် အခေါင်းကြီးထမ်းလာကြ၏။ ထိုဘုန်းကြီးများသည် ထမ်းလာသောအခေါင်းကြီးကိုချ၍ တပါးနှင့်တပါး ထုကြရိုက်ကြ၏။ သွေးထွက်သံယိုများမြင်ရ၏။ ထိုအထဲမှတပါးက မျှားနှင့်ပစ်မှာဆိုလို့ ကျွန်ုပ်ဘေးက ကြည့်နေကြသူများ ပြေးကြရ၏။ ဦးနိမလလည်းပါ၏။ လှေကားထစ်ကြီးများ တဆင့်ပြီးတဆင့် တက်ပြေးရ၏။ ၁၅ဆင့်လောက်ရော[illegible] သွား၏။ ရထားကျူးတံတားများတွေ့၏။

ထိုတံတားပေါ်တက်ပြီး ခပ်မှန်မှန်လျှောက်သွား၏။ ကျောင်းပြန်ရန် ရထားမေးကြည့်တော့ ဒီအချိန် ရထားမရှိတော့ကြောင်း ပြော၏။ ထိုပြောခဲ့သောနေရာမှာ ဘိနပ်ပျောက်ခဲ့၏။ ထိုနေရာဘိနပ်ရှာရန်သွား၏။ ဘိနပ်ပုံကြီးက တစ်ရာလောက်ပုံထားတာ တွေ့ရ၏။ ကျွန်ုပ်ဘိနပ်ပုံမျိုး ကလေးစီးဘိနပ်တွေ့ရ၏။ ကျွန်ုပ်စီးသောဘိနပ်က ကတ္တီပါအနီဖြစ်၏။ ထိုဘိနပ်ပုံနားရှိသော ဘုန်းကြီးတပါးက ကိုယ်တော်ဘိနပ်တွေ့လားလို့မေး၏။ မတွေ့ကြောင်းပြော၏။ တပည့်တော် ကျောင်းတကျောင်းက တောင်းပေးပါမယ်ပြောပြီး လာကိုယ်တော် သွားတောင်းကြရအောင်ဆို၍ ကျွန်ုပ်လည်းလိုက်သွား၏။ ကျောင်းတိုက်တတိုက် ရောက်သွားကြ၏။ ကျောင်းတိုက်ဆိုင်းဘုတ်ကြည့်လိုက်တော့ "ကျော်အောင်စံနန်းတိုက်" ဟုရေးထား၏။ အထဲဝင်သွားကြ၏။ တထောင်ထွာလောက်ရှိသော မော်တာကြီးနှစ်လုံးနှင့် ရေကန်ကြီးထဲကို တင်နေ၏၊ မော်တာကြီးနှစ်လုံးကလည်း မွှတ်နေအောင်လည်နေ၏။

ထိုနေရာမှတဖန် ကျောင်းတိုက်တနင်္ဂနွေ ထောင့်ဘက်လျှောက်သွား၍ ခြံထားသောစေတီလိုလို ပုံတစ်ပုံတွေ့ရ၏။ သုံးတောင်လောက် ရှိမည်ထင်၏။ အခြုံဖွင့်ကြည့်လိုက်တော့ အလွန်ကျက်သရေရှိသော နတ်ပုံမျိုးဖြစ်နေ၏။ နတ်တော့ဟုတ်မည်မထင်။ ထိုကဲ့သို့ကြည့်နေစဉ် လူတယောက်ရောက်လာပြီး ဒီပုံက ဒေဝရစ်ခေါ်တယ်။ ပျောက်တဲ့ဘိနပ်တောင်းဟု ပြော၏။ ကျွန်ုပ်နှင့် ပါလာသောဘုန်းကြီးက အသင်ဒေဝရစ် ဟောဒီကိုယ်တော် ပျောက်သောဘိနပ်ပေးပါဟု တောင်းလိုက်၏။ ထိုအခါ ကျွန်ုပ်စီးသောကတ္တီပါအနီဘိနပ် သူ့လက်တွင်ရောက်လာ၍ ကျွန်ုပ်အားလှမ်းပေးလိုက်၏။ ထို့နောက်တဖန် အလဲအလှယ် စီးရအောင်ဆိုပြီး နောက်တရံထုတ်ပေးပြန်၏။ နောက်ဘိနပ်စီးရင် လေထဲပျံသွားနိုင်၏။ ကိုယ်ရောက်ခြင်တဲ့ နေရာလဲရောက်၏ဟုပြော၏။ ဒေဝရစ်ပြောတဲ့အတိုင်း ဟုတ်မဟုတ်သိလို၍ နောက်ပေးသောဘိနပ် စီးလိုက်၏။ လေထဲပျံတက်သွားပြီး ကျွန်ုပ်ကျောင်းရောက်သွား၏။ နိုးလာ၏။ တအောင့်ကြာမှာ တုံးခေါက်သံကြား၍ထ မျက်နှာသစ် ဘုရားရှိခိုး ပုတီးစိတ်၊ ထုံးစံအတိုင်း အမိဋ္ဌာန်ဘုရားများ သွား၏။ ထိုနေ့က လေခါတ်ပုတီးမှာ ၅၇၇၄၀၀ ရ၏။

၁၃၃၀ခု တပေါင်းလပြည့်နေ့ နံနက်တချက်လောက် အိပ်မက်- မဟာမြတ်မုနိဘုရာကြီး ရောက်သွား၏။ အရှေ့မျက်နှာက ရေများကြီးနေ၏။ ထိုကဲ့သို့ ရေအလွန်ကြီးနေသောကြောင့် တောင်သူများ နေရာမြုပ်ကုန်၏။ တောင်သူလယ်သမားများ ဘုရာထဲကျောင်းထဲ ရောက်ကုန်ကြ၏။ ဘုရားကြီးထဲမှာလည်း သူတို့တတွေ ပြောင်းနေကြ၏။ ဆုတောင်းစာများလည်း ရှိနေ၏။ ကျွန်ုပ်ကဘုရားကြီး ဂန္ဓကုဋိထဲဝင်ပြီး ပုတီး၂၇ပတ်စီစိတ်၏။ ထိုအတောအတွင်းမှာ ကလေးတယောက်က သူတောင်းစားများကလည်း သံချောင်းများချသွားကြောင်းပြောသံ ပုတီးစိတ်ရင်းကြားလိုက်ရ၏။ ပုတီးစိတ်ပြီး ဘုရားထဲမှထွက်လာ၍ ကြီးနေသောရေများကို ကြိမ်လုံးနှင့် တို့ပြီးအရေးခိုင်ရန် စိတ်ကူးမိ၏။ ထိုရေကြီးနေသော ကြားထဲတွင် လေးပေလောက် ပေါ်နေသော လမ်းကျဉ်းလေးရှိ၏။

ထိုလမ်းကျဉ်းလေးမှ ကတ္တီပါအနီ ပိန်းတန်းဘိနပ်စီး၍ လျှောက်သွား၏။ လေကဲ့သို့လည်း လျှင်စွာ သွားနေရ၏။ ဝါးလုံးတလုံးလည်း လက်ထဲအလိုလိုရောက်လာ၏။ များမကြာမီ ရေပြင်ကြီးဘေးမှ တောင်ကြီးတလုံးစီသို့ ရောက်သွား၏။ ထိုတောင်ကြီးဘေးမှာ မြေးပွဲမြင်ပွဲပြုလုပ်နေကြ၏။ လှေမြင်ပွဲပြုလုပ်ရန် မုန်းကိုမော်တော်ဖြင့် ပြုလုပ်ထား၏။ ၁၂ စီးလှေများဖြင့် ပြိုင်လာကြ၏။ ယာဘက်က ရှုံးသွားကြ၏။

ခွန်းမအပြေးပြိုင်ပွဲမှာ ဝဲဘက်ကရှုံးသွား၏။ ဘောလုံးပွဲမှာ ယာဘက်က နိုင်သွား၏။ ထိုမြင်ကွင်းကိုကြည့်ပြီး ဆက်လျှောက်သွား၏။ ဦးကောင်းခေါ် သော ပုဂ္ဂိုလ်တပါး ပြုလုပ်ထားသော ဂူများပေါ် ကျွန်ုပ်ကလျှောက် သွားပြန်၏။ ဂူများက ၁၀၀ကျော်လောက်ရှိ၏။ ဂူများအဆုံးရောက်တော့ ဆင်းသွား၏။ ကျောင်းငယ်လေး တွေများကြားထဲ ကျောင်းကြီးများတွေ့ရ၏။ ရေများလည်း ကျုံးလိုဝိုင်းထား၏။

ထိုမှဖြတ်လျှောက်ပြီးသွားတော့ ဘုန်းကြီးတပါးနှင့်တွေ့၏။ ထိုဘုန်ကြီးကပြောသည်မှာ ဟောဒီက သွား ဘီလူးမညောင်ပင် ဖြတ်လမ်းဘဲ လိုရင်းခရီးကို ခဏလေးနဲ့ ရောက်သွားလိမ့်မယ်ဆိုပြီး လက်ညှိုး ညွှန်ပြ၏။ ပြသည့်အတိုင်း လျှောက်သွားခဲ့၏။ တော်တော်လေးသွားမိတော့ ကလေးတယောက်တွေ့၏။ ထိုကလေးက လိုရင်းလမ်းကဒီကနေသွားဟု ပြောပြီးလိုက်ပြ၏။ ခဏလေးနဲ့ရောက်သွား၏။ ထိုတွင် ကျွန်ုပ်နိုးလာ၏။ လေခါတ်၏ သဘောလက္ခဏာများဘဲဆိုပြီး မှတ်လိုက်၏။ အိပ်ရာထပြီး ကိုယ်လက် သုတ်သင် ဘုရားရှိခိုးပုတီးစိတ်၏။ အာရုဏ်တုံးခေါက်တော့ ပြီး၏။ ယာဂုသောက်ပြီး ဘုရားဖူးသွား အမိဋ္ဌာန် ပုတီးစိတ်၏။ ပုထိုးတော်ကြီးဘုရား ရောက်သောအခါ ရသေ့တပါးနှင့်တွေ့၍ ဟင်းရိုင်းဖမ်းနည်းပေး၏။ အောက်ပါအတိုင်း မှတ်လိုက်၏။

ကျေး၅။- ဘော၅။- သံနု-၅။ ၎င်းတို့ကိုရောထိုး ၎င်းရောထိုးထားသောအလုံကို လုံထဲထည့် ကန့်နဲ့နဲဖြူး ဟင်းရိုင်းတကျပ်သားချေ၍ ကန့်ပေါ် ကသိပ် ချော်ဟောင်းများကိုလည်း အပေါ် ကသိပ်ထည့် လုံပိတ်၍မီးရှန်ထိုး မီးနာအောင်ထိုးပါ။ ဟင်းရိုင်း ထိပ်ဆောင်၍လာမည်။ အဒေးခံ - ခွာယူ ၎င်းဟင်းရိုင်းကို ချော်နှင့်တမီးထိုး- ဟင်းရိုင်းလုံးရ၏။ သွတ်စင်တမတ်ကို လုံးထဲထည့် ဟင်းရိုင်းလုံးက အပေါ် ကထည့် ချော်ဟောင်းများလဲထည့် မီးရှန်ထိုး နာနာထိုးပြီးသောအခါ ခွဲကြည့် ဟင်းရိုင်းကသွတ်ကို ကုတ်နေမည်။ သွတ်ဝါ၍မိ၏။ ကုတ်နေတာကို မခွာနှင့် ဆက်ထိုးပါ။ ပြုတ်အောင်ထိုး ပြုတ်သွားလျှင် သွတ်သေတော့၏။ အဲဒီသွတ်သေက ရှိ ၃ပါးရတော့၏။ ထိုနေ့ကလေခါတ်ပုတီးအရေအတွက်မှာ- ၅၇၄၆၀၀ ရ၏။

၁၃၃၀ ခု တပေါင်းလဆုပ် ၆ ရက် စနေနေ့ ညတချက်လောက် အိပ်မက်က ပန်းရောင်ဖက်ရှင် ဝတ်ဆင်ထားကြသော နတ်သမီးများမှာ ကြည့်မညီးနိုင်အောင် လှပကြ၏။ မိုးပြာရောင် ဝတ်ဆင်ထားသော နတ်သမီးများမှာ အလွန်တင့်တယ်လှပကြ၏။ ထိုအထဲမှ နတ်သမီးများဘက်ကတယောက် နတ်သားများ ဘက်ကတယောက် တွဲကကြ၏။ တဖြည်းဖြည်းနှင့် အားလုံးပျောက်သွားကြပြီး ကနေသောနတ်သမီး တယောက်သာကျန်ရစ်ပြီး ထိုနတ်သမီးကကျွန်ုပ်ထိုင်နေသော နေရာလာ၍တိုးတိုးလေး နားနားကပ်ပြော သွား၏။ အာရုံကိုမခံမင်နှင့် ဆရာများသားသေတတ်၏ဟုပြော၏။ ထိုနောက်ပြောသောစကားများ မကြားပြား အသံလဲပျောက် သူရောပျောက်သွား၏။ ကျွန်ုပ်ထိုင်နေသောနေရာမှ ထလာသောအခါ ဘုရားကြီးတဆူနား ရောက်လာ၏။ မင်းကွန်း ပုထိုးတော်ကြီးပုံမျိုးဖြစ်၏။ ထိုဘုရား၏ နောက်ဘက်မှ တောကြီးဖြစ်၏။

ထိုတောကြီးထဲမှ ဆင်နီသုံးကောင် ဆင်နက်သုံးကောင်တို့သည် ကျွန်ုပ်ပုတီးစိပ်နေသော ဘုရားကြီး နားမှာ လာကြ၏။ ဘုန်းတော်ကြီးများလည်း မြောက်ဘက်မှ ကြွလာကြပြီး ကျွန်ုပ်ပုတီးစိပ်သောနေရာ နားမှာ ရပ်လာကြ၏။ အပါးနှစ်ဆယ်လောက်ရှိ၏။ ထိုဘုရားကြီး၏ အရှေ့ဘက်မြစ်ဆိပ်မှ ဆတ်ကြီး သုံးကောင် ကျွဲလောက်ရှိ၏။ ကျွန်ုပ်ဘက်လာနေကြ၏။ ကျွန်ုပ်ပုတီးစိပ်ပြီးသော် ဆတ်နှင့်ဆင်တို့

ယှဉ်အရပ်ကြည့်၏။ ဆင်က ဆတ်သတ္တဝါထက် နှစ်ဆကြီးနေ၏။ ဆင်များက ဆယ့်နှစ်ကောင်လော ရှိမည်ထင်၏။ ခွေးအုပ်များ ဆိတ်အုပ်များလဲ တောင်ဘက်မှလာကြ၏။ ထိုကဲ့သို့လာကြသော သတ္တဝါမှ ထဲမှ ခွေးများနှင့် ဆိတ်တို့ကို ကျွန်ုပ်ကဘုရားရင်ပြင်တွင် ဘော်လုံးကစားခိုင်း၏။ ကျွန်ုပ်ပေးသော ဘော်လုံ က ပျော့အိနေ၏။ ဆိတ်အုပ်နှင့်ခွေးအုပ်တို့ ဘောလုံးကစားတာ အတော်ကြည့်ကောင်းနေ၏။

ထိုအခိုက် ဆင်နီသုံးကောင်၊ ဆင်နက်သုံးကောင် တို့က ဝင်လာကြပြီး ဆိတ်ခွေးတို့ ကစားနေသေ ဘောလုံးကိုယူပြီး ဆင်များကစားကြပြန်၏။ တော်တော်ကြည့်ကောင်း၏။ မြောက်ဘက်ကြွလာသေ ဘုန်းကြီးများက ဒီကိုယ်တော် သတ္တဝါများအပေါ် တော်တော် ဩဇာရှိတယ်။ သိဒ္ဓိပေါက်နေတဲ့ ကိုယ်တေ နှင့်တူတယ်ဆိုပြီး ကျွန်ုပ်ကိုပြောနေကြ၏။ ဆင်များ ကစားပြီးသွား၍ ကျွန်ုပ်ကသတ္တဝါများ ပြန်ခိုင်း၏ ထိုစဉ် သမင်လိုကောင်ကြီးရောက်လာပြန်၏။ နွားသီးကင့်နွားသီးဖြစ်၏။ ထိုအကောင်ကြီး မြစ်ဆိ ဘက်မှ တက်လာတော့ လူများကမိန်ကောင်ဆိုပြီး ထုကြရိုက်ကြသဖြင့် အူပေါက်ခေါင်းပေါက် သွေးထွ သံယို ဖြစ်နေ၏။

ထိုအခါ အကောင်ကြီးကို မရိုက်ကြရန် လူတွေကိုတားပြီး ကျွန်ုပ်ကလက်နှင့် ကျောသပ်လိုက်သေ အခါ အကောင်ကြီးက အကောင်းပကတိ ဖြစ်သွား၏။ တောထဲ ပြန်သွားခိုင်းလိုက်၏။ လူအုပ်ထဲက လူတယောက်က တိန်ညင်ကြက်ကို မိန်ကောင်လို့ပြောပြီး မွေးရန်ကျွန်ုပ်ကိုပေး၏။ မိန်ကောင်က တိန်ညင် ကြက်မလိုဖြစ်၏။ ထိုမိန်ကောင်ကို လက်နှင့်သပ်ဂိုက်သော် ဟင်္သာကြီးဖြစ်သွား၏။ ကျွန်ုပ်တက်စီးပြ ကောင်းကင်ခရီးဖြင့် ပျံတက်လာ၏။ ထိုအခိုက်နိုးလာပြီး ဤမှတ်တမ်း ရေးလိုက်၏။ ဝိဇ္ဇာစရဏ ဂုဏ်တော် လေခါတ် ၈၆၆၂၀၀ ပြီးသောနေ့ဖြစ်၏။

တပေါင်းလဆုပ် ၈ရက်နေ့ တနင်္လာနေ့နံနက် တချက်အိပ်မက် - သစ်ပင်တို့ဖြင့်ခမ်းနားစွ ပြုလုပ်ထားသော အဆောက်အဦးတခုတွေ့ရ၏။ ထိုအဆောက်အဦးကြီး ဘေးဘက်ကသစ်ပင် အဆင့်ဆင့် တို့ဖြင့်၄င်း ခမ်းခမ်းနားနား ပြုလုပ်ထားသော ခဲရာခဲဆစ်လှေခါးထစ်များနှင့် တန်ဆာဆင်ထားသော သစ်ခက် လှေခါးကြီးတစ်စင်း တပ်ထား၏။ တက်ကြသောလူများမှာ ခြေကျိုး၊ လက်ကျိုး၊ ပေါင်ကျိုးပြီး လိမ့်က နေတာတွေ့ရ၏။ ဒီလောက်ခဲရင်းတဲ့လှေခါးကို တက်ကြည့်အုံးမယ်ဆိုပြီး တက်ကြည့်၏။ သက်သက် သာသာဖြင့် တက်နိုင်ခဲ့ပြီး တိုက်ကြီးပေါ်သို့ရောက်သွား၏။ ထိုအဆောက်အအုံပေါ်သို့ ရောက်သွား၏ ထိုအဆောက်အဦးကြီးပေါ်သို့ ရောက်သွားတော့ အဝ ၁၀တောင်လောက်ရှိသော ပဒုမ္မာ ကြာဖူးကြီး၏ ဝတ်ဆံပေါ်မှာ နတ်သမီးအဝတ်အစားနှင့် မိန်းကလေးတစ်ယောက်တွေ့၏။ ထိုမိန်းကလေးက ကျွန်ုပ်ကို လက်ယပ်ခေါ်၏။ ကျွန်ုပ်ကသွား၏။ အနားရောက်တော့ ထိုမိန်းကလေးက ကျွန်ုပ်ကို လက်လှမ်းပေး၏။ တော်တော်ကို ချောလှ၍ သူ့လက်ကိုလှမ်းမယူဝံ့ဘဲ ရပ်ကြည့်နေ၏။

ထိုအခါ သူမကတပည့်တော်မကို သေသေချာချာကြည့်တော်မူပါဘုရား . . ဘယ်သူလဲဆိုတာ ပြောပါဟု ပြော၏။ သိသယောင်ယောင်သာရှိ၏။ သေသေချာချာမသိ၍ကျွန်ုပ်ကခေါင်းရမ်းလိုက်၏။ ထိုအခါသူမက ၁၆ ခုနှစ်က ကိုယ်တော်ကျောင်းပေါ် ကြာပန်းခိုင်ကြီးလာလှူတဲ့ မြမယ်တော် သူရသတီပါ မသိသလိုဖြစ်နေတာပေါ့ဟု ကျွန်ုပ်ကပြော၏။ မြမယ်တော်က ဒီအာသာ

ဆင်ယင်ထားသောဘုရားတပည့်တော်မ ဘုံဗိမာန် မည်သူမှမလာနိုင်ပါ။ ယခုကိုယ်တော်လေး ကြွလာ နိုင်တာ ပုတီးပေါက်လို့သာဖြစ်ရမယ်- မှန်း လက်တော်လေးပြစမ်းပါဟု ပြော၏။ ကျွန်ုပ်က ပြလိုက်၏။ ဖြဲခါကြောင့်ကိုး ပေါက်မြောက်အောင်စိတ်နိုင်တဲ့ လက်ကလေးဆိုပြီး ဆက်ခါဆက်ခါ စုတ်လဲစုတ်၊ မိုးလဲနမ်းပါသည်။ ထိုအခါနိုးလာပြီး ဤမှတ်တမ်းရေးလိုက်၏။ ဝိဇ္ဇာစရဏပုတီးလေဓါတ် ထိုနေ့က ၉၁၄၈၀၀ ရ၍- မနက်ဖြန်ခါဆိုလျှင် မီးဓါတ်ပြီးမည်ဖြစ်၏။

တပေါင်းလဆုပ် ၈ ရက်နေ့ လေဓါတ်ပြီး၏။ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်ပုတီး ၉၆၃၄၀၀ ရ၏။ တပေါင်းလဆုပ် ၉ရက် သိဒ္ဓိတသိန်းစိတ် ညအိပ်မက် - ဆင်ဝင်ဘက်နှင့် အိမ်ကြီးတအိမ်ရောက် သွား၏။ မင်းမျိုးပုံသဏ္ဍာန်ရှိသော မိန်းမကြီးတယောက်က ဆယ့်နှစ်ရာသီအရုပ်ပါသော ငွေခါးအိမ်နှင့် ခါးကြိုးတစင်း ရောင်းရန်ထုတ်ပြသည်။ ဘယ်လောက်လဲလို့မေးတော့ ၅၀၀လို့ပြော၏။ ကျွန်ုပ်ကငါးဆယ် နှင့်ဆစ်၏။ ခါးအိမ်ထဲမှထုတ်ပြီး အသွားများအရွက်များကို ကိုင်ကြည့်၏။ အရွက်အနှောင့်များ တဖက်က သဇင်ခွေပန်းများပါ၏။ တဖက်က စာပါ၏။ ခါးတွင်ရေးထားသောစာမှာ "လုပ်ငန်းကြီးအောင်မြင်သူသာ" ဟုရေးထား၏။

ထိုစာဖတ်ပြီး မိန်းမကြီးကိုမေး၏။ တကာမကြီး စာအဓိပ္ပါယ်က ဘယ်လိုလဲဟုမေးတော့ အရှင် ဘုရားမြင်တဲ့အတိုင်းပါဟု လျှောက်၏။ ဒီလိုဆိုလျှင်ခင်ဗျားကို ပိုက်ဆံငါးရာပြောတာမဟုတ်ပါ . . တနေ့ ပုတီးအပတ် ၅၀၀စိတ်သော ပုဂ္ဂိုလ်ကိုပြောပါသည်။ ဒီလိုဆိုလျှင်အရှင်းကြီးပဲ ကျုပ်က တနေ့ပုတီးအပါတ် ၅၀၀တော့ မှန်နေတာပါပဲ၊ အဓိဋ္ဌာန်ရက်များကြတော့ ၅၀၀တောင်မကပါဘူး ၆၇၀လောက်ရအောင် စိတ်ပါတယ်။ ဒါဖြင့်အရှင်မြတ်ကို နှင်းအပ်ပါတယ်။ ကောင်းလှပါပြီတကာမကြီး . . တကာမကြီးအတွက် လက်ဆောင်ရော့ရော့ဟု ကျွန်ုပ်ကပုတီးလေးပေးခဲ့၏။ တကာမကြီးမှာ အလွန်ဝမ်းသာစွာနှင့် ဖြစ်နေ၏။ နောက်တအိမ်ရောက်သွားပြန်၏။ ဆရာမကြီးသွားအုံးမယ်နော်ဟုပြောပြီး ခါးကြိုးကိုလက်ကကိုင်၍ ထွက်လာခဲ့၏။ နောက်တအိမ်ရောက်သွားပြန်၏။ အိမ်ကြီးကတအိမ်လုံး အဖြူသုတ်ထား၏။ ပြူတင်း ပေါက်များ၊ တံခါးမကြီးအပေါက်များ၏ ဇာလီများကိုရွှေချထား၏။ အထဲအခန်း အကာများလည်း အဖြူသုတ် ကလနားပန်းများက ရွှေချထား၏။

ကျွန်ုပ်စိတ်ထဲတွင် အိမ်ဖြူပြူတင်းဆိုတာ ဒါနဲ့တူရဲ့ဟု မှတ်ထင်လိုက်၏။ ရှမ်းလူမျိုးချောချော ကျမိုင်းဆိုသူက ရောက်နှင့်သည်ကိုတွေ့ရ၏။ ကျွန်ုပ်ကိုင်လာသောခါးကြိုးကို မြင်လိုက်ကာရှိသေး ထိုင်ပြီး ဝတ်ချတော့၏။ သူ၏ပါးစပ်ကလည်း "မင်းဘုရားရွှေခက်ဖြန့်မြန်းပြီး၍ အိမ်ဖြူနန်းကို ကြွတော်မူလာခြင်း သည် အလွန်ကောင်းမြတ်သော မင်္ဂလာပါဘုရား" ဟုပြောနေ၏။ ကျွန်ုပ်က ကြောင်အံ့အံ့ဖြစ်နေ၏။ သူကတဖန် ဆက်ပြီးလျှောက်ပြန်သည်မှာ အရှင်မြတ် ဒီအိမ်ဖြူတော်မှာ ရှေ့ခရီးဆက်လျှင် ဘုန်းကြီးများ တွေ့ပါလိမ့်မယ်၊ ဆက်ဆံခြင်း မပြုလုပ်ပါနှင့်ဘုရား။ ထိုဘုန်းကြီးများသည် တကျောင်းနှင့်တကျောင်း မတည့်ကြ၍ အဓိကရုဏ်း ဖြစ်နေကြပါတယ်။ သို့ဖြစ်ပါ၍ ဘယ်မှမဝင်ဘဲနှင့် ဤနေရာက မြန်မြန်ကြွလှမ်း တော်မူပါဘုရားဟု လျှောက်၏။

ကျွန်ုပ်ကလဲ ကျွန်ုပ်ခါးကြိုးကိုလွယ် အကိုကလည်း
ကျွန်ုပ်ကထွက်လာခဲ့ပြီး နောင်တော်ကိုခေါ်၍ ကျွန်ုပ်ကလဲ ကျွန်ုပ်ခါးကြိုးကိုလွယ် အကိုကလည်း

သူ့ငှက်ကြီးတောင် ခါးကြိုးကိုလွယ်ပြီး ခပ်မှန်မှန်သွားကြ၏။ လမ်းတွင်ဘုန်းကြီးများနှင့်တွေ့၏။

ထိုဘုန်းကြီးများ လိုက်မလိုက်၊ ရန်ရှာမရှာအခြေနေကြည့်ပြီး လျှောက်လာခဲ့ကြ၏။ လွတ်လောက်သေ နေရာရောက်တော့ နောင်တော်အိမ်ကို ပြန်ခိုင်းပြီး ကျွန်ုပ်ကလျှောက်သွား၏။ အဆောင်အဦးကြီးတ ထဲရောက်သွား၏။ အဆောင်အဦးကြီးကလဲ ကွေ့ကွေ့ကောက်ကောက် တံခါးပေါက်များကလဲ ကွေ့ကွေ့ ကောက်ကောက်နှင့် အလွန်ဆန်းကျယ်စွာဖောက်ထား၏။ အချို့အပေါက်များက ရေများကျနေ၏။ ဟိုပ ဒီဒီလျှောက်ကြည့်ပြီး ပြန်ထွက်မည်လုပ်တော့ သီလရှင်တပါးက "ရှေ့မှာကျေးတောသားများ တွေ့ လိမ့်မယ်။ ကျေးတောသားများကတော့ ရိုးလဲရိုး၊ စိတ်လဲတိုတတ်ကြပါတယ်။ ထွက်ကြွတော်မူတော့ဘုရား" ဟုပြောပြီး ထိုသီလရှင်က လမ်းလိုက်ပြ၏။ ကျွန်ုပ်ကျောင်းကို ရောက်မှန်းမသိ ရောက်လာ၏။ သီလရှင်က ဒေဝီပုံဖြစ်ပြီး မယ်မြတ်ဖြစ်ကြောင်းပြော၍ ကောင်းကင်ပျံသွား၏။ ကျွန်ုပ်ကလည်း ဒါးကြီးကိုကြည့်ပြီး ကြည်နူး၍ကျန်ရစ်ခဲ့၏။ ထိုတွင်နိုးလာ၏။

သိဒ္ဓိကြောင်းနိမိတ် - ၁၃၃၀ခု တပေါင်းလဆုပ် ၁၀ ရက် ဗုဒ္ဓဟူးနေ့နံနက် အာရုဏ်တက်ချိန် လေခါတ်မှ အပိုတသောင်းယူ၍ မီးခါတ်အဓိဌာန်တက်၏။ ထိုနေ့ကား ပုတီးအရေအတွက်မှာ ဂါထာ အပတ် ၂၀ လုံးရေ ၁၆၂၀၀၊ နိုးရိုးအပတ် ၃၀၀၊ လုံးရေ ၃၂၄၀၀၊ ဝိဇ္ဇာစရဏဂုဏ်တော် မီးခါတ်တက် ကြောင်း ဘုရားအဓိဌာန်သွား တဆူ ၂၇ပတ်စိတ်ခဲ့၏။ ည ၁၀နာရီကျောင်းပြန်။ ၁၃၃၀ ခု တပေါင်းလဆုပ် ၁၁ရက် ကြာသပတေးနံနက် တချက်လောက် အိပ်မက် - ကျွန်ုပ်က လွယ်အိတ်ကြီးလွယ်၍ရန်ကုန်သွား၏။ လက်မှတ်လည်း မယူရဘဲနှင့် ရထားပေါ် ရောက်နေ၏။ ကျွန်ုပ်ထိုင်လိုက်သည်နှင့် တပြိုင်နက် လူတွေက အသီးသီးရထားပေါ်မှ ဆင်းသွားကြ၏။ ထိုကြောင့် ကျွန်ုပ်ကဘာဖြစ်တာလဲဆိုပြီး ဆင်းကြည့်တော့ ရန်ကုန်ဘူတာကြီးရောက်နေ၏။ ရန်ကုန်ဘူတာကြီးတွင် မသိန်းကြည်တို့က ဆရာတော်အိမ်မှာရှိကြောင်း ပြော၍လိုက်သွား၏။ ဆရာတော်နေသော နေရာဝင်ကြည့်တော့ ဆရာတော်ကပုပ်နေ၏။ မသိန်းကြည်က ကျွန်ုပ်ကြည့်နေသော နေရာလာပြီး ဆရာတော်ကြည့်၍ငိုနေ၏။ မသိန်းကြည်တို့ အိမ်နောက်ကလဲ တိုက်အုဋ်မြစ်ချနေ၏။

ထိုအတွေ့အကြုံကြောင့် စိတ်ပျက်ပြီး ရန်ကုန်မှပြန်မလို့လုပ်တုန်း အိတ်ကြီးထဲနှိုက်ကြည့်တော့ ငွေ ၅၀၀ ပျောက်ကြောင်းသိရ၏။ ရှိသ၍ရှာကြည့်တော့ ငါးကျပ်တန်နှင့် ကျပ်တန်ငါးရွက်သာ တွေ့တော့၏။ ဘယ်ကားစီးလျှင် အမရပူရ ရောက်မလဲမေးတော့ အဘိုးကြီး တယောက်က ၆လိုင်းကားစီးလို့ပြော၏။ ရှမ်းကလေးရောက်မယ်လို့လည်း ဆက်ပြော၏။ ရှေ့မှာ ၆လိုင်းကား ရပ်လာသဖြင့်တက်စီး၏။ ပေလမ်း တည့်တည့်ကြီးမောင်း မိနစ်၆၀ တနာရီလောက်မောင်းလျှင် ရှမ်းကလေးရောက်၏။ ဆင်းပြီးပေလမ်း အတိုင်းလျှောက် ဦးပဥ္စင်းတပါးက စက်ဘီးတပ်ထားသော ရထားပျံကြီးစီးလာ ထိုဦးပဥ္စင်းကို ဦးဣန္ဒက ထင်၍ လှမ်းခေါ် ရာမဟုတ်ကြောင်း ထိုဦးပဥ္စင်းကလက်ခါပြ၏။ အခြားဦးပဥ္စင်း ၆ပါးက သူတို့ခေါ် တယ် ထင်လို့ဝိုင်းလာပြီး ထိုဦးပဥ္စင်းများက ဘယ်မှာနေဘူးကြောင်းမေး၍ ဘုရားကြီးငါးနှစ်လောက်၊ မစိုးရိမ် တနှစ်လောက် နေဘူးကြောင်းပြောပြ၏။ သြော် . သြော်ဆိုပြီးသူတို့လဲ ထွက်သွားကြ၏။ ကျွန်ုပ်လဲ ထွက်လာခဲ့၏။

ပုထိုးတော်ကြီးဝင်ဖူး ဘုရားထီးတော်က မီးလျှံကြီးများထွက်နေတာမြင်ရ၏။ ထိုမီးလျှံကို ကြည့်ပြီး ကျောင်းပြန်လာ။ တင်မေက ဇလုံဖြူကြီးသုံးလုံးနှင့် ဆွမ်းအမောက်ကြီးထည့်ပြီး ဟင်းများလည်း ပုံထည့်နေ

ထိုတွင်နိုးလာ၏။ နံနက် ၇နာရီဖြစ်၍ မျက်နှာသစ်ဘုရားရှိခိုး ပုတီးစိတ်ပြီး ပန်းချီလှူရွှေအလှူ အာရုဏ်ဆွမ်း တော်သွား၏။ ထိုနေ့ကပုတီး ၁၀၁၂၀၀ ရ၏။ လှူရွှေအလှူက သင်္ကန်းတစုံ ထီးတလက် ဘိနပ်တရံ တံမြက်စည်းနှ အကြမ်းတချောင်း ဆပ်ပြာတောင့်နှစ်တောင့်၊ ကာပေါ်လိပ်တခဲ၊ သံပုံပြားတချပ်၊ မျက်နှာသုတ် ပုဝါတထည် လှူဒါန်း၏။ တပေါင်းလဆုတ် ၁၂ရက်နေ့အလှူဖြစ်၏။

တပေါင်းလဆုတ် ၁၃ ရက်နေ့ စနေနေ့တချက်လောက် အိမ်မက် - ကျွန်ုပ်ကနေရာတခုမှာ မတ်တပ်ရပ်နေ၏။ ထိုအချိန် မီးဆလိုက်ကြီးနှင့် ထိုးလိုက်တာလို ကျယ်ပြန့်သော အလင်းရောင်ကြီးက ကျွန်ုပ်ကိုထိုးထား၏။ အလင်းရောင်မှ ထွက်၍မသွားပဲ မျက်စိမထိုးမိအောင် လက်ဖြင့်ကာထားရ၏။ ထိုကဲ့သို့ လက်ဖြင့် ကာကွယ်ထားနေစဉ် အလင်းရောင်ပျောက်သွား၍ ဦးလှတင်အိမ် ဆွမ်းခံသွားပြီးပြန်လာ ထိုကရသောဆွမ်းကို ကျွန်ုပ်နှင့်အခြား ဘုန်းကြီးနှစ်ပါး စားကြ၏။ တပါးကကျွန်ုပ်ထဲကို ဆွမ်းဟင်းများ ထည့်ထည့်ပေး၏။ စားပြီးနောက် တန်ဆောင်းကြီးဘက်ထွက်လာကြ၏။ တန်ဆောင်းကြီးထဲ ကားလိပ်အနီ ကတ္တီပါကားကြီး ဆင်ထား၏။ ဇာတ်စင်လိုလည်း ပြုလုပ်ထား၏။

ကျွန်ုပ်တို့ကြည့်နေခိုက် အနီရင်ကွဲ ကားကြီးဖွင့်သွား၏။ ဗန္ဓုလထွက်လာပြီး သူလွယ်ထားသော ဓါးအိမ်ထဲမှ ဓါးကိုဆွဲနုတ်ပြီး အောင်ပြီဟေ့ . . အောင်ပြီဟေ့ ဟု အော်လိုက်၏။ ၎င်းနောက် နတ်စိမ်းထွက် လာကာ ကျွန်ုပ်ဓါတ်ခန်းထဲက မဟာမြတ်မုနိဘုရားကြီး နောက်ခံကားပေါ်လာပြီး ၎င်းနတ်စိမ်းက ရောင်ခြည်တော်ဆိုတာ လောဟိတကိုအမှီ ပြုတာပါဟု ပြောနေတုန်း ပလ္လင်အောက်တည့်တည့်က အဖြူရောင်ကြီး ဆလိုက်ထိုးသလိုပေါ်လာပြီး တဖြတ်ဖြတ်နှင့်တောက်ပနေ၏။ ထိုနတ်စိမ်းကမြင်၍ ပြောတာများကြောင်းသိ၍ ဒူးတဆတ်ဆတ်တုန်ရီကာ လေးဘက်ထောက်၍ ဘုရားစမခဏ်အောက်က နေသွားနေ၏။ထိုတန်ဆောင်းကြီးတွင် တပ်ဆင်ထားသော ကားလိပ်ရှေ့မှ တန်ဆောင်းကြီး တောင်ဘက် ထွက်သွား၏။ အရှေ့ ရေတွင်းဘက် လေးဘက်ထောက်ပြီး ပြေးရင်းပြေးရင်း ခွေးဖြစ်သွား၏။ ကျောင်းက ခွေးနက်ကြီးက ကျားလိုဖြစ်၍လိုက်၏။ ထိုတွင် ကျွန်ုပ်နိုးလာ၏။

တပေါင်းလဆုတ် ၁၄ရက် ညလုံးပေါက် မီးပူဇော်၏။ နံနက် ၁ချက်လောက် အိပ်မက် - တောကြီး များထဲ လျှောက်သွားနေရ၏။ တောင်ကြီးများပေါ်လည်း တက်သွားနေရ၏။ ထိုသွားနေရသော တော တောင်ကြီးများထဲတွင် နတ်အမျိုးမျိုး၊ သားကောင်အမျိုးမျိုး၊ လူအမျိုးမျိုးတို့နှင့် တွေ့ရ၏။ စေတီတိုက်ကြီး တက်ရန်လှေကား သုံးစင်းရှိ၏။ ပထမလှေကားတစ်စင်းကို သက်သက်သာသာနှင့် ရောက်သွား၏။ ဒုတိယ တစ်စင်းဆက်တက်ပြန်၏။ မမောမပန်းပဲနှင့် ရောက်သွား၏။ တတိယတစ်စင်း ဆက်တက်ပြန်ရာ အလွယ် တကူနှင့် ရောက်သွား၏။ လှေကားသုံးစင်းတို့မှာ မတ်ဆောက်၍ ၅၀ကျော်လောက် လှေခါးထစ်များ ရှိကြသော်လည်း သက်သာစွာနှင့်အပေါ်ကို ကျွန်ုရောက်သွား၏။ တိုက်ကြီးပေါ်ရောက်တော့ ကျွန်ုပ် လက်ခလယ်ကို မီးကွင်းဝိုင်းလေးလာပြီးစွပ်၏။ မိန်းကလေးတစ်ယောက်က လာစွပ်၏။ ပထမတော့ လက်စွပ်မှတ်နေ၏။ နောက်မှ မီးဖြစ်ကြောင်းသိရ၏။

မီးများလက်ချောင်းလေးပတ်ပြီး တောက်နေသော်လည်း ကျွန်ုပ်မှာ ပူခြင်းမရှိ ထိုလက်ပတ် နေသော မီးဝိုင်းကွင်းကလေးကို ကျွန်ုပ်က အောက်စိုက်ချလိုက်၏။ သင်္ကန်းပေါ်ကျသွား၏။ ကျ ထားသောသင်္ကန်းမှာ အကွင်းလိုက် ပေါက်ထွက်သွား၏။ ကျွန်ုပ်ပါးစပ်မှလည်း "တောနေတာ

"... နနတေဟိ - ဟိတေနန" ပ
တေတော - တေနမာန - နမာနတေ - တာမာ - တေမ မတေမာတာ - နနတေဟိ - ဟိတေနန" ပ
ရှင်မောဂ္ဂလာန် ဂါထာတော်ကြီးကို ရွတ်နေ၏။ အနားတွင်ရှိသော လူကြီးတစ်ယောက်က ကိုယ်တော်
ကို ဒီဂါထာအစွမ်းကြောင့် လူကိုမလောင်တာပဲဟုပြော၏။ ထိုကဲ့သို့ လူကြီးကပြောနေခိုက် မီးကွင်းလေး
စွပ်သော မိန်းကလေးမှာ အမလေး . . အလိုလေးဟု အော်ပြီးလဲသွား၏။ သူမလေးကိုယ်မှ အနိုးများ
အူထွက်လာပြီး များမကြာခင် အသားတွေပြာကျသွားပြီး အရိုးရုပ်အခြောက်ကြီး ဖြစ်သွား၏။ ကျွန်ုပ်လည်း
ဒီဂါထာရွတ်လို့ဖြစ်တာပဲ ဟုအောက်မေ့ပြီး မရွတ်ပဲနှင့် ရပ်လိုက်ပြီး ကျွန်ုပ်လက်မှာ ပတ်ထားသော စိပ်ပုတီး
ဖြင့် ထိုအရိုးခြောက်ခေါင်းကို စွပ်ပေးလိုက်၏။ မိန်းကလေးဖြစ်ပြီး ပြန်ထလာ၍ ကျွန်ုပ်အား ဝတ်ချကန်တော့
၏။ ထိုတွင်နိုးလာ၏။ ထိုနေ့က ပုတီး ၃၀၇၄၀၀ ရသောနေ့ဖြစ်၏။

တန်ဆောင်မုန်းလဆန်းတစ်ရက် အင်္ဂါနေ့ည **အိပ်မက်** - တိုက်ကြီးတစ်လုံးထဲ ရောက်သွား၏။ ထိုတိုက်ကြီး
က တိမ်ညွန့်ထဲ ထိုးနေ၏။ အပေါ်တက်ရန် အတွင်းမှာသံလှေကား ကွေ့ကောက်တတ်ထားတာ တစ်စင်း
ရှိ၏။ ကျွန်ုပ်ထိုလှေကားဖြင့် အပေါ်တက်သွား၏။ အပေါ်ကိုလွယ်ကူစွာ ရောက်သွားတော့ တစ်ဘက်ခန်း
စည်းဘက်သို့ ကူးသွား၏။ မကူးနိုင်ဘဲဖြစ်နေ၏။ ကျွန်ုပ်ကရပ်ပြီး ဘာလုပ်ရမလဲ စဉ်းစားနေ၏။ ကျွန်ုပ်
စိတ်ထဲတွင် ယခုစိတ်နေသော ဂုဏ်တော်ကို စိတ်မန်းရန်ဆုံးဖြတ်ပြီး ဉာဝကား ဉာဝိဇ္ဇာစရဏ သမ္ပန္နောသို့
ဟု ပုတီးဖြင့်စိပ်မန်း၍ လက်ညှိုးဖြင့်ထိုးပြစ်လိုက်၏။ ခန်းစည်းကြီးမီးလောက်ပြာကျသွား၏။ တိုက်ကြီး
ကိုတော့ မလောင်ချေ၊ ခန်းစည်းဘက် ကျွန်ုပ်ကူးသွား၏။ ပန်းကန်လုံး၊ ပန်းကန်ပြားများ မြောက်မြားစွာ
တွေ့ရ၍ တစ်ဘက်အခန်းတွေမှာ ငုတ်တုတ်ကလေးတွေ ထိုင်ငိုင်နေကြသော ကျောင်းသူအရွယ်လောက်
မိန်းကလေးများ ထောင်လောက်များစွာတွေ့ရ၏။

ကျွန်ုပ်က ထိုမိန်းကလေးများကို ပန်းကန်များဝေပေး၏။ ကျွန်ုပ်ကဝေပေးရသော ပန်းကန်များကို
ကိုင်ပြီးမှ အောက်ဆင်းသွားနိုင်ကြ၏။ ဝေရင်း ဝေရင်းနှင့် ပန်းကန်များကုန်သွား၏။ တဖန် ကျွန်ုပ်အိတ်ထဲ
ပါလာသော မုန့်များကိုဝေပေးပြန်၏။ မလောက်ပေ၊ ကျန်ကလေးမငါးဆယ်လောက်ကို ကျွန်ုပ်က သက်န်းစ
လေးများကိုက်ပြီး ဝေပေးလိုက်၏။ လောက်လောက်ငငရှိ၍ အားလုံးဆင်းသွားနိုင်ကြ၏။ ကျွန်ုပ်လည်း
ထိုတိုက်ကြီးပေါ်မှ ဆင်းပြန်လာခဲ့၏။ နိုးလာ၏။ ထိုနေ့က ပုတီးမှာ ၃၅၆၀၀၀ ရ၏။ ထုံးစံအတိုင်း ဘုရားဖူး
အဓိဋ္ဌာန်ပုတီးစိပ်၊ နံနက်၊ ညသွား၏။

တန်ဆောင်မုန်းလဆန်း ၂ရက် ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်လောက် **အိပ်မက်** - ရထားစီးသွား၏။ ကျွန်ုပ်က
ရှေ့ဆုံးမှ စီးသွား၏။ မောင်းသူက နောက်ကလိုက်၏။ ကျွန်ုပ်စီးသွားသောရထားသည် သံလမ်းပေါ်
မမောင်းဘဲ မြေကြီးပေါ်မောင်းသွားနေ၏။ ကျွန်ုပ်တို့ မြို့ကြီးတစ်မြို့ထဲ မောင်းဝင်လာ၏။ အားလုံးတိုက်တာ
အဆောက်အဦးများသာ တွေ့ရ၏။ မြို့အရှေ့ဘက် မောင်းသွားတော့ ကျောင်းတိုက်ကြီးနံဘေး ရောက်
သွားပြီး ထိုနားတွင် တိုင်လေးတိုင်နှင့် ပြုလုပ်ထားသော စေတီတစ်ဆူကို တိုက်ချလိုက်၏။ အချို့ကိုးယို
ကားယား ဆောက်လုပ်ထားသော အိမ်ပုပ်လေးတွေ၊ အဆောက်အဦးလေးတွေ၊ ခလုတ်ခသင်း ဖြစ်မည့်
ဟာလေးတွေအားလုံး ကျွန်ုပ်စီးလာသော ရထားကြီးက တိုက်ပစ်ရှင်းလင်းလိုက်၏။

ကျွန်ုပ်က ခင်ဗျားဘယ့်နှယ့်လုပ်တာလဲလို့မေးတော့ မောင်သူက အရှုပ်အထွေးရှင်းတာ ဘာမှ
ကိစ္စမရှိဘူး၊ အသာသာနေပါဟုပြော၏။ ထိုကဲ့သို့ တိုက်ရှင်းပြီး အရှေ့ဘက်မောင်းသွားပြန်၏။ လမ်းဘေးက

ခိုးတွေ သစ်ငုတ်တွေအားလုံး တိုက်ပြီးရှင်းလိုက်ပြန်၏။ ရွာတစ်ရွာထဲ ဝင်သွားပြန်၏။ ကိုယ်မကောင်းသူတွေ ကျိုးကန်းသူတွေအားလုံး တိုက်ပစ်လိုက်ပြန်၏။ ခင်ဗျားဘယ့်နှယ် လုပ်တာလဲ မေးတော့ ဝဋ်ကောင်တွေ မို့ရှင်းပစ်တာလို့ပြော၏။ ရှေ့ဆက်မောင်းပြန်၏။ မိန်းမတွေစုနေသော ရွာနားရောက်သွား၏။ အားလုံး ထွက်ကြည့်ကြ၏။ ထိုထွက်ကြည့်သော မိန်းမများကို တိုက်နင်းပြန်၏။ အော်သူအော် - ပြေးသူပြေး ဖြစ်နေကြ၏။ ကျွန်ုပ်က ဒီလူကောင်းတွေကို ဘာလို့တိုက်ပစ်တာလဲဟုမေးတော့ လူတွေကို ဒုက္ခပေးတဲ့ ရုန်းတွေ ဒါကြောင့်မို့ တိုက်ပစ်ရတာလို့ပြော၏။

ကျွန်ုပ်လည်း ခင်ဗျားရပ်တော့ မစီးချင်တော့ဘူးဟု ပြောတော့ ကိုယ်တော်က ဘာမစီးချင်ရတာလဲ၊ ကိုယ်တော့်အတွက် ရှင်းလင်းပေးရတာဟုပြော၏။ ခင်ဗျားဟာက ရှင်းလင်းတာ ကြမ်းလွန်းတယ်ဟု ကျွန်ုပ်ကပြောတော့ ကိုယ်တော့်နှယ်နော် တယ်ခက်တာကိုး၊ ရန်ဆူးရန်ညောင့်ဆိုတာ ကျူပင်ခုတ် - ကျူငုတ် တောင်မကျန်အောင် ရှင်းထားတာတောင် တော်တော်ကြာဟိုကပေါ် ဒီကပေါ် နှင့်ဖြစ်သေးတာဘဲ၊ လိုက်သာလိုက်ခဲ့ပါ ကိုယ်တော် မဝေးတော့ပါဘူး၊ ရှေ့နှစ် မိုင်လောက်သွားမိလျှင် မင်းချပ်ထံရောက်တော့မှာ ပါဟုပြောပြီး ဆက်မောင်းပြန်၏။ အနည်းငယ်မောင်းသွားပြီး ရထားကြီးကို ရေမဆွတ်ပေ၊ ကျွန်ုပ်က အတော်အံ့သြနေ၏။ တစ်ဘက်ကမ်းကူးမိတော့ ပြသာဒ်ကြီးနှင့် အဆောက်အဦးကြီးတစ်ခုက မီးစိမ်းကြီး ပြထားပြီး ဆလိုက်ကြီးထိုးထား၏။ မကြာမီ ထိုအဆောက်အဦးကြီး ရှေ့ရောက်သွား၏။

ဗန္ဓုလအဝတ်အစားနှင့် လူ ၃၀ လောက်က ဒေါင်းအလံများကိုင်၍ ထွက်လာကြပြီး ရထားကြီးကို ဝိုင်းထားကာ အောင်ပြီ . . အောင်ပြီဟု ကြွေးကြော်ကြလျက် ကျွန်ုပ်ရှိရာလာပြီး အလံများပေးကြ၏။ အဆောက်အဦးထဲကိုလည်း ပင့်သွားကြ၏။ ခန်းမကြီးအလယ် ပလ္လင်ပေါ် တက်ရန်ညွှန်ပြ၍ ပလ္လင်ပေါ် ကျွန်ုပ်တက်ထိုင်လိုက်၏။ နတ်သမီးသုံးယောက်လောက်က သက္ကတသံဂါထာများရွတ်ပြီး သပြေ၊ မြေသြဇာ တို့ဖြင့် ရွှေခရုနှင့် ကျွန်ုပ်ကို ရေသွန်းကြ၏။ ကျလာသောရေများက မွှေးကြိုင်၏။ အေးစိမ့်နေ၏။ ဦးထိပ်ပေါ် တွင် ထိုရေများကုန်သွား၏။ ကိုယ်ပေါ်မှာမကျ လာပေ။ ထို့နောက် ပုဏ္ဏားကိုးယောက် သွန်းလောင်းပြန်၏။ စိန္တာမုနိ မန္တာန်တော်ကြီး ရွတ်ဖတ်ပြီးသွန်းလောင်းပြန်၏။ ထို့နောက် ဘုန်းကြီးကိုးပါး သက်နိုးရုံပြီး ရွှေခရုဖြင့် ကျွန်ုပ်ခေါင်းပေါ် သွန်းလောင်းပြန်၏။ ဂါထာမျိုးစုံ၊ ပရိတ်မျိုးစုံတို့ဖြင့်ရွတ်ဖတ်ပြီး သွန်းလောင်းကြ၏။ ထို့နောက် စည်ရွမ်းပြီး နတ်သမီးများ၊ ပုဏ္ဏားများ၊ ဘုန်း◌ော်ကြီးများတို့က အောင်ငွေခရု၊ ရွှေခရုများ တပြိုင်နက်မှုတ်ကြ၏။ ထိုတွင် နိုးလာ၏။ တော်တော်လည်းဆန်းတဲ့ အိပ်မက်ပါလားဟု မှတ်လိုက်၏။ တရားထိုင်နေ

၁၃၃၀ခု၊ တန်ဆူလဆန်း ၃ ရက်နေ့ ကြာသပတေးနေ့ နေ့ ၁၂ နာရီ မိနစ် ၄၀ အချိန် တရားထိုင်နေ စဉ် အလင်းရောင်ကြီးပေါ်လာပြီးလျှင် လူတစ်ရပ်လောက်အမြင့်က မြင်းရုပ်ပုံမျိုး၊ နတ်ရုပ်ပုံမျိုး၊ ဗျိုင်းငှက် ပေါ်မှာ လူကြီးတစ်ယောက် မတ်တတ်ရပ်နေပုံ၊ လုံချည်ကွက်ကျားနှင့် ခေါင်းပေါင်းထား၏။ မြင်း ၁၂ ကောင်ကသောရထားကြီး ရေထဲဖြတ်မောင်း လာကြ၏။ မြင်းခြေထောက်များရေမစို၊ နတ်များက မြင်းခွာ များကို လက်နှင့်ခံထားကြ၏။ ထိုပုံများ ပျောက်သွားပြီး နတ်ပုံအမျိုးမျိုး ပေါ်လာပြန်၏။ ထိုအခါ ကျွန်ုပ်က "ငါနတ်မကိုးကွယ်၊ ဘုရားကိုသာ ကိုးကွယ်၏ သွားကြ သွားကြ" ဟု လက်ညိုးနှင့် ထိုးလိုက်တော့ အရုပ်များ လက်ညိုးတွင် လှုပ်ရမ်းကာပါလာကြ၏။ ပါလာကြသောပုံများမှာ မင်းညီနောင်ပုံ၊ မင်းဖြူရှင်ပုံ၊ ပုဂံနတ်ပုံ၊ ပုခမ်းနတ်ပုံ၊ မဟာဂီရိနတ်ပုံ၊ ဦးရှင်ကြီးပုံ၊ မယ်ဝဏ္ဏာပုံ၊ ငွေဖြူမြတ်လှ၊ မနဲ့လေးတို့ပုံစသည့် အသီးသီးဖြစ်ကြ၏

မေတ္တာပို့အမျှပေးပါ အရှင်မြတ်ဘုရား

ထိုနတ်များက ကျွန်ုပ်ကို ရှိခိုးနေကြပြီး ဘုရားတပည့်တော်တို့အား မေတ္တာပို့အမျှပေးပါ အရှင်မြတ်ဘုရား... ထိုနတ်များပျောက်ကွယ်သွားကြ၏။ ပုတီး လျှောက်ကြ၏။ ကျွန်ုပ်ကကောင်းပြီဟု ပြောလိုက်တော့မှ ထိုနတ်များပျောက်ကွယ်သွားကြ၏။ ပုတီး... ဖြိုလို့ အခန်းထဲကြည့်လိုက်သောအခါ ကိုယ့်အဆင်အပြင်အတိုင်း မြင်ရမှအေးသွား၏။ သို့မဟုတ် သူတို့... ပုံများ ရှိနေမလားလို့ စိုးရိတ်စိတ်မရှိတော့မှ ဟင်းချရတော့၏။

တန်ခူးလဆန်း ၄ရက်၊ သောကြာနေ့ည **အိပ်မက်** - ရေမရှိသော ချောင်းမြောင်းကြီးကို ကျွန်ုပ်... စီးဝင်လာကြ၏။ ချောင်းမြောင်းတစ်ခု... "ပိသရလောပုသဗု" ဟုမန်း၍ခေါ် လျှင် ရေများလျှင်မြန်စွာ စီးဝင်လာကြ၏။ ချောင်းမြောင်းတစ်ခု... ပြည့်လျှံသွား၏။ လူများက ကောင်းချီးပေးကြ၏။ ထိုကဲ့သို့ ပြုလုပ်ပြီးပြန်လာခဲ့ရာ တောကြီးတွေ့... ထိုတောကြီးကိုဖြတ်လာရာ ဆင်ရိုင်းကြီးများနှင့်တွေ့၏။ အကောင်ငါးဆယ်လောက် ရှိမည်ထင်... ကျွန်ုပ်ကို လိုက်ဝှေ့ကြမည်ဟန်မြင်၍ ကျွန်ုပ်က "တိဟံစတောရောထိန်" ဟုရွတ်လိုက်လျှင် ပြေးသွားကြ... ထို့နောက်ခရီးဆက်လာပြန်ရာ လူရိုင်းအုပ်ဟု ပထမတွင်ထင်ရာ နောက်ကျတော့လူဆိုး သူပုန်မှ... ဖြစ်ကြောင်းသိရ၏။ ထိုအခါမှာလည်း ယခင်ဂုဏ်တော်ကွန်ချာတွင်ပါသော တိဟံစတောရောထိန်ကို... ရွတ်ပြီးပုတီးစိပ်၍ သူတို့လူအုပ်ထဲဖြတ်သွား၏။ သူတို့ကရန်မမူကြ၊ တောလဲဆုံးရော နိုင်ငံတစ်နိုင်... ရောက်သွား၏။

ထိုနိုင်ငံက အမျိုးသမီးများက ငန်းသတ္တဝါများစီးပြီး သွားလာလုပ်ကိုင်နေတာ တွေ့ရ၏။ အခြ... သတ္တဝါများဖြစ်ကြသော ဟင်္သာ၊ ဒေါင်း၊ ကြက်၊ ငှက်ကြီးများကို မိန်းမပျိုအသီးသီးတို့စီးပြီး သွားလာ... နေတာတွေ့ရ၏။ ကျွန်ုပ်စိတ်ထဲမှာ သူရဿတီဟာ ငန်းစီးကြောင်း သတ္တမ္ဘ၊ ဟိန္ဒူကျမ်းက ဆို၏။ ဗမာ... ဟင်္သာစီးဟုယူ၏။ ယခုသတ္တဝါတွေကိုစုံလို့ မိန်းမပျိုများစီးနေကြတာ ဘာတိုင်းပြည်ပါလိမ့်ဟု အော... မေ့နေစဉ် ငန်းစီးနေသော လုံးကြီးပေါက်လှကလေးမက ဒေဝီတိုင်းပြည်ခေါ်ပါတယ်ဟု ပြောသွား၏... ရှေ့ခရီးဆက်တော့ ရေပြင်လိုဟာမျိုးကြီးတွေ့ရ၏။ ထိုရေပြင်ကိုလျှောက်သွားရန် တိုင်များစိုက်ထားကြ... စက်များတိုင်စီ တတ်ထားတယ်ဟုထင်ရ၏။ သေသေချာချာလျှောက်သွားကြည့်တော့ အရာဝတ္ထုတစ်... ပေါ်လျှောက်သွားနေရသော သဘောမျိုးဖြစ်နေ၏။ ဆုံးအောင်လျှောက်သွားတော့ ကျွန်ုပ်ကျော... ရောက်လာတော့၏။

ကျောင်းအဝင်မှာ လူတစ်ယောက်က ကျွန်ုပ်ကိုစီးကြိုနေ၏။ ထိုကြိုနေသော ဝတ်ဖြူဝတ်ထား... သော ပုဂ္ဂိုလ်တစ်ယောက်၏ ရင်ဘတ်မှာ ဖြူဝါရောင်စာလုံးများပါသော ရင်ထိုးတပ်ထား၏။ ထိုရင်ထိုးစာမှ... ကိုမြင့်ခိုင် - မခင်မြင့် ဟုရေးထား၏။ ကျွန်ုပ်က စဉ်းစား၏။ ကျားမ အမည်တပ်ထားတာ ဘာသဘောလဲ... အောက်မေ့နေတုန်း ထိုလူကကောက်ယူတတ်ရင် သိမှာပေါ့ဟုပြော၏။ ထိုလူပုဂ္ဂိုလ်လမ်းပြတဲ့ နော... ကျွန်ုပ်လိုက်သွား၏။ ကျောင်းပေါ်ရောက်တော့ ကျွန်ုပ်ထိုင်သောနေရာတွင် ဘုန်းကြီးငါးပါးထိုင်နေ၏... ထိုဘုန်းတော်ကြီးများနဲ့အတူ ကျွန်ုပ်လည်း ဝင်ထိုင်လိုက်၏။ ထိုအခိုက် အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု အော်လိုက်ကြသဖြင့် ထိုအသံကြောင့် ကျွန်ုပ်နိုးလာ၍ ဤမှတ်တမ်းရေးလိုက်၏။

၁၃၃၀ ခု တန်ခူးလဆန်း ၇ ရက်၊ အရှေ့ပန်းတိမ် ကိုသိန်းရွှေတို့ အလှူလိုက်၏။ တရားဟော... ဘုန်းကြီးတစ်ပါးလျှင် သင်္ကန်းတစ်စုံ ဘိနပ်တစ်ရံလှူ၏။ အလှူ့တကာ၏ညီလည်း ရဟန်းခံ၏။ ကျောင်းမှာ... နေ၏။ တန်ခူးလဆန်း ၁၀ရက် ကြာသပတေးနေ့နံနက် တစ်ချက် **အိပ်မက်** - တောင်မင်းကြီး မြတ်စွာဘုရား...

ပုတီးစိပ်နေ၏။ ဘုရားကို လက်ယာရစ်ပတ်တော့ နောက်တော်က တောင်ဘက်ခေါင်း လှည့်နေသော ဆင်ဖြူတော်ကြီးတစ်စီး ဝပ်နေတာမြင်ရ၏။ တောင်မင်းကြီးဘုရားပုံကလည်း တစ်မျိုးဖြစ်နေပြီး ရွှေအတိ ပြီးနေတော့၏။ ပလ္လင်ကြီးကလည်း အတောင်ငါးဆယ်လောက် မြင့်မားနေ၏။

ထိုမြင်ကွင်းကိုကြည့်ပြီး ကျောင်းပြန်လာတော့ ငြိမ်းချမ်းရေးဘုရားကြီးနားမှ ဘုရားတစ်ဆူက ပြုကျ နေ၏။ အင်္ဂတေတခြား၊ အုဋ်ခဲတခြားနှင့် ဖြစ်နေ၏။ ရေများကလည်း ငြိမ်းချမ်းရေးဘုရား ပတ်လည်ဝိုင်း နေကြ၏။ ဘုရားနားတွင် ရေဝိုင်းနေတာဖြစ်၏။ ကျောင်းဘက်လာလိုက်တော့ အနောက်ဆောင်နား ရေရောက်နေ၏။ ကမ်းစပ်နားမှာ ဖောင်ကြီးရှိ၏။ ထိုဖောင်ကြီးပေါ်မှာ ရှေးပုံကျောက်ဆင်းထု ဘုရားကြီး တစ်ဆူ ငါးတောင်လောက် တင်ထားတာတွေ့ရ၏။ အနောက်ဆောင် တောင်ဘက်ကဖြစ်၏။ မီးဆလိုက်လို အလင်းရောင်အဝိုင်းကြီးကလည်း ဘုရားပတ်လည်ဖြာထွက်နေ၏။ ဖောင်ကြီးတဖြည်းဖြည်းနှင့် အရှေ့ဘက် ရွေ့သွား၏။ ဘုရားကြီးကတော့ အနောက်ဘက်လှည့်နေ၏။ ထိုကျောက်ဆင် ရေဘုရားကြီးက "မာန်အောင် ပြည်ညောင်ဘုရား "ဟုပြော၏။ ထိုအခိုက်နိုးလာ၏။ ထိုနေ့က ပုတီးမှာ ၇၉၃၄၀၀ မီးခါတ် ရသောနေ့ဖြစ်၏။

၁၃၃၀ ခု၊ တန်ခူးလဆန်း ၁၁ ရက်၊ နံနက် တစ်ချက်လောက်အိပ်မက် - မုန့်များရောင်းသော ဆိုင်မှ မုန့်လေးမယ်ပြင်ပြီး ကျွန်ုပ်စားရန်ယူလာ၏။ ကျွန်ုပ်ရှေ့ရောက်တော့ စားမည်လုပ်၍ မုန့်များလှမ်းယူ လိုက်သောအခါ သုံးမယ်သာဖြစ်နေ၍ တစ်မယ်လိုတာနှင့် ခေတ္တစောင့်ဆိုင်းနေ၏။ တရုပ်တစ်ယောက်က ကျွန်ုပ်စားဖို့ရန် ပြင်ထားသောမုန့်များကို အရင်စားနေနှင့်၏။ ကျွန်ုပ်လာတော့မှ နေရာဖယ်ပေး၍ အခြား နေရာရွှေ့ထိုင်နေ၏။ ထိုအခိုက် မုန့်ရောက်လာ၍ ကျွန်ုပ်ကစား၏။ ကျွန်ုပ်လည်းမုန့်စားလိုက်ရော ကြည့်နေ ကြသောလူများက ထူးတယ်ဟေ့ - ထူးတယ်၊ ရှားမှရှားပုဂ္ဂိုလ်ပဲဟု ပြောနေကြ၏။ ကျွန်ုပ်လည်း မုန့်စားပြီး ထလာ၍ လမ်းတွင်တံတိုင်းအရံအတားနှင့် တိုက်အိုကြီးတစ်ခုထဲ ဝင်သွား၏။ ထိုအထဲတွင်ရှိသော စစ်သား သုံးယောက်က ပြောင်းထိပ်တစ်လက်မလောက် အကောက်ပါသော သေနတ်များဖြင့် ပစ်ရန်လုပ်ကြ၏။ ကျွန်ုပ်လည်းရှောင်ထွက်လာ၏။ တံတိုင်းအတွင်း သစ်ပင်ကြီးတစ်ပင်နား စစ်သားတစ်ယောက်တွေ့ပြန်၏။ စစ်သားကသစ်ပင်ကို မော့ကြည့်နေ၏။

ကျွန်ုပ်လည်း သူကြည့်ရာကို ကြည့်လိုက်တော့ ပျားအုံကြီးတစ်အုံတွေ့ရ၏။ ထိုစစ်သားက ပျားအုံ ကိုဖွတ်ရန် သေနတ်ဒင်ကို အပေါ်ထောင်လိုက်၏။ ထိုဒင်ထဲမှ မီးလုံးကြီးများထွက်သွားပြီး ပျားအုံကို ဖွပ်မြဖွပ်နေ၏။ ပျားများကိုယူပြီး ဖွပ်လိုက်၏။ ပျားများက သူကိုတုပ်ရန် ဝိုင်းအုံနေကြ၏။ သူကအရေးမလုပ် ဖွပ်မြဖွပ်နေ၏။ ကျွန်ုပ်တစ်ခုလောက်တောင်း၏။ ပန်းကန်ပြားထဲ ပျားသလက်များကိုထည့်၏။ လေးချပ်ငါးချပ်လောက်ရှိ၏။ ကျွန်ုပ်တစ်ခုလောက်တောင်း၏။ ပန်းကန်ပြားထဲ ပျားသလက်များကိုထည့်၏။ အခုကိုယ်တော် သူကမပေး၊ သူကပြောသည်မှာ ဒီလိုဒင်က မီးထွက်သောသေနတ်ရအောင် လုပ်ပြီးဖွပ်ပါ။ အခုကိုယ်တော် လည်း ကျွန်ုပ်လက်နက်ထက်ကောင်းတဲ့ လက်နက်ရနေတာဘဲဟုပြော၏။ ထိုအခိုက်နိုးလာ၏။ ထုံးစံ အတိုင်း အမိဌာန်ပုတီးစိပ်သွား - ကျွန်ုပ်က မီးခါတ်အောင်မြင်ကြောင်းနမိတ်ဟု မှတ်ချက်ချလိုက်၏။

၁၃၃၀ ခု တန်ခူးလဆန်း ၁၂ရက် စနေနေ့ နံနက် ၂ချက်လောက် အိပ်မက် - ကျွန်ုပ်၏ကျောင်းနှင့် ကုဋီအကြား ရေအိုင်ကြီးဖြစ်နေပြီး ကျွဲများရေစိမ်နေကြ၏။ ကျွဲအောက်ကရှိနေသော ရွှံ့နွံများကိုလည်း တွေ့ရ၏။ အတွေ့အကြုံဆန်းတာနှင့်ရပ်ကြည့်နေ၏။ ထိုအခိုက် ကျွန်ုပ်ကြည့်နေသောနေရာမှာ ဘုန်းကြီ

တစ်ပါးရောက်နေပြီး ဒါဘာအဆန်းဖြစ်လို့လဲကိုယ်တော် ကျွဲအပူကောင် အအေးကြိုက်တာပေါ့ . . တစ်ပါးရောက်နေပြီး ဒါဘာအဆန်းဖြစ်လို့လဲ . . အဓိပ္ပာယ်က အရှင်းကလေးပဲ ကိုယ်တော် နံ့ထွက်ကတခြား ရေကတခြား ဖြစ်နေတာဘဲ ဘာအဆန်းလဲ . . အဓိပ္ပာယ်က အရှင်းကလေးပဲ ကိုယ်တော် စိတ်တဲ့နဝင်း တေဇောခါတ်အောင်မြင်ကြောင်း ပြတာဘဲကိုယ်တော်ဟု ပြောပြီးထွက်သွား၏။ ကျွန်ုပ်လည်း ကျောင်းပေါ်တက်လာခဲ့၏။ ကျောင်းတိုင်တွေမှ မီးများထွက်ထွက်လာ၏။ အင်း ဒါတွေက ပိုဆန်းသေး တယ်ဟုဆိုပြီး ကုလားထိုင်ပေါ်ထိုင်လိုက်၏။ ကုလားထိုင်ကြီးအောက်က မီးခိုးလုံးကြီးများ ထွက်လာ၍ ကျွန်ုပ်ထိုင်သော ကုလားထိုင်ကြီး ကောင်းကင်ပျံတက်သွား၏။ ထိုတွင်နိုးလာ၏။ ထိုနေ့က ဝိပ္ပဿနာ သမ္မန္တောဂုဏ်တော် မီးခါတ် ၈၉၀၀၀၀ စိပ်ပြီးသောနေ့ဖြစ်၏။

တန်ဆောင်မုန်းလဆန်း ၁၃ ရက် ညပုတီးစိပ်နေစဉ် တစ်ကျောင်းလုံး နေရောင်မီးချောင်းကဲ့သို့ လင်းနေ၏။ ၁၀၈ ပတ်ထိုင်စိပ်ပြီး လမ်းလျှောက်၍ ၁၀၈ ပတ်စိပ်၏။ ညတစ်ချက်လောက်အိပ်၏။ အာရုဏ်တက်ထ၍ မန္တလေးမြောက်ရွာသစ် တင်မောင်အလှူသွား ဆွမ်းစားပြီး ဦးယုံတို့အိမ် နေ့လည်နားနေ၏။ သုံးနာရီ လောက် အလှူပြီး၍ ကျောင်းပြန်လာရာ ကားပေါ်တွင် စစ်ကိုင်းမီးလောင်ကြောင်း ကြားသိရ၏။ ကျောင်း ညနေ ၄နာရီခွဲလောက် ရောက်၏။

တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညလုံးပေါက် မီးပူဇော်၏။ ညဦးပိုင်း ပုတီးစိပ်နေစဉ် နတ်များ၊ ပုံအမျိုးမျိုး လာကြတာ တွေ့မြင်ရ၏။ ၁၂ နာရီလောက်အိပ်၏။ နံနက်အာရုဏ်ထ ပုတီးစိပ်ပြီး အာရုဏ်ဆွမ်းစား၍ ကျောက်ကာဘုရား ပုတီး၂၇ပတ်စိပ်၊ ပြီးလျှင် ရေလည်ကျောင်းဦးသာသနဆီ ဝင်သွား၏။ စစ်ကိုင်းမီး လောင်ပြင်ကို သွားကြည့်ရအောင်ဟုခေါ်၍ လိုက်သွား၏။ ဒတ်ဆန်းကားနှင့်သွား၏။ နံနက်ကိုးနာရီ လောက်ရောက်သွား၏။ အများ ဘေးအန္တရာယ်ကင်းကြအောင် ပုတီးစိပ်ပြီးပတ်ကြည့်၏။ အမှတ် ၁ အမျိုးသားကျောင်းမှ အရှေ့ဘက်ရထားလမ်းအထိ ဘုတာရုံပါပါသွား၏။ သံတံတားတောင်ဘက် အကုန်လုံးလောင်သွား၏။ မီးလောင်ပြင်ကြည့်သူများ ပွဲဈေးတန်းကဲ့သို့ စည်နေ၏။ ငိုသူများလည်း တွေ့ ရ၏။ အရေးကြီးသောနေရာများ မဝင်ရန်စစ်သားများ စောင့်နေ၏။ ထူပါရုံဘုရားကြီးအရှေ့က အကုန် လောင်သွား၏။ ထူပါရုံဘုရားကြီး ပြင်နေတာ တော်တော်ပြီးနေ၏။ ခါတ်ပေါင်းစေတီတော့ မီးပါသွား၏။ မီးလောင်သည့်ညနေက တောင်မြို့က ထမင်းထုပ်လေးထောင်၊ မန္တလေးက ထမင်းထုပ်တစ်ထောင် ပို့ကြ၏။ ယနေ့နံနက်တွင် တောင်မြို့က သုံးထောင်၊ မန္တလေးက အရေအတွက်မသိခဲ့၊ ထမင်းထုပ်ပို့သော ဂျစ်ကားနှင့် ပြန်လာခဲ့ကြ၏။ ကျောင်း ၁၂ နာရီရောက်၏။

၁၃၃၀ ခု တန်ဆောင်မုန်းလပြည့်နေ့ အင်္ဂါနေ့နံနက် ၁ ချက်လောက် အိပ်မက်၏။ ၅ခန်းလောက် အဆောက်အဦးကြီး ဆောက်လုပ်ရန် တွင်းကြီးခြောက်တွင်း တူးထား၏။ အချင်း ၁၂တောင်လောက်ရှိ၏။ အနက်မှာ ၁၅တောင်လောက်ရှိ၏။ စီတန်းပြီး တူးထား၏။ ကျွန်ုပ်က ၇ခန်း လုပ်ရင်ကောင်းမယ်ဟု ပြော၏။ လူတစ်ယောက်ကဝင်ပြီး ငါးပါးသီလအခြေခံလျှင် သူတော်ကောင်းတရားခုနှစ်ပါး ပြည့်စုံတော့တာဘဲဟု ပြော၏။ ရော့ - ဒီစာအုပ်ကြည့်စမ်းပါဆိုပြီး ကျွန်ုပ်ကိုလှမ်းပေး၏။ ယူကြည့်လိုက်တော့ ခေါင်းစီး ဂါထာပေါင်းချုပ်ဟု ရေးထားသော်လည်း စာအုပ်ထဲမှ စာလုံးများက ဖောက်ထွင်းထား၏။ ကိုင်ကြည့် ဖတ်၏။ ဖတ်နိုင်၏။ နိုးလာတော့ မရတော့။

၁ ရက် ဗုဒ္ဓဟူးနေ့နံနက် ၁ ချက်လောက်အိပ်မက်ရော ဘုန်းကြီးပုံ
တစ်ပါးနှင့်တွေ့၏။ ဘုန်းတော်ကြီးတစ်ပါးက မိန့်သည်မှာ "ကိုယ်တော်လေး မနေ့ကအိပ်မ လှမ်းကြည့် တတ်ရဲ့လား" . . 'အမိန့်ရှိပါဘုရား' . . "ဘုရားဂုဏ်တော်ထဲမှာ ဝိဇ္ဇာစရဏဂုဏ်တော် အလွန်အဖျား၏။ တဲ့ဂုဏ်တော်ဖြစ်တယ်။ ဘယ်လို ဖျက်သလဲဆိုတော့ လူကိုလည်း မီးခဏခဏလောင်တယ်၊ မိန်းမများက လည်း အထူးတလည်ဖျက်ကြတယ်။ လောဘ၊ ဒေါသ၊ မောဟမီးများ ပွားစီးအောင် အမျိုးမျိုးပြုလုပ်ကြ တယ်။ အရင်ကပြီးခဲ့သော ဂုဏ်တော်ငါးပါးနှင့် သရဏဂုံကဏ္ဍပြီးခဲ့လို့သာ ကိုယ်တော်လေးခံနိုင်တာ ဖြစ်တယ်။

တွင်း ၆ တွင်းကတော့ ဂုဏ်တော်ခြောက်ဆင့်မြောက် ပြီးတာပြတယ်ကိုယ်တော် . . ငါးပါးသီလနှင့် သူတော်ကောင်းတရား ၇ပါးဆိုတာက ငါးနှင့်ခွန်ပေါင်း ၁၂ဖြစ်တယ်၊ ကိုယ်တော်ပြီးအောင်စိပ်မယ့် ဂုဏ်တော် ၁၂ပါးကို ပြတာဖြစ်တယ်။ အဲဒီဂုဏ်တော်များ လျှော့လျှော့ရှုရှု စိပ်ပြီးနိုင်အောင် ဒီရှင်ဥပဂုတ္တ ဂါထာ ၇ပုဒ်ကို နေ့တိုင်း တစ်နေ့တစ်ပတ်စီ စိပ်ပေးကိုယ်တော်" ဟု စာရွက်လေးပေးပြီး ပျောက်သွား၏။ ကျွန်ုပ်လည်း နိုးလာ၏။ ကျွန်ုပ်လက်ထဲတွင်လည်း ထိုပုဂ္ဂိုလ်ကြီးပေးသွားသော စာရွက်ကလေးကျန်ရစ်ခဲ့၏။ ကျွန်ုပ်လည်းမဆိုင်းမတွ ထိုစာရွက်ထဲမှ ဂါထာ ၆ပုဒ်ကို မှတ်စုစာအုပ်ထဲ ကူးထားလိုက်ပြီး စာရွက်ကလေး စာအုပ်ထဲ ညှပ်ထားလိုက်၏။ ကိုယ်တော်ကြီးပေးသွားသော ရှင်ဥပဂုတ္တ ၆ဂါထာကား အောက်ပါအတိုင်း ဖြစ်၏။

၁။ ဥပဂုတ္တော မဟာထေရော၊ သမ္ဗုဒ္ဓေဝိဟာပထော။
မာရဉ္စ မာရဗန္ဓဉ္စ၊ တံမေ တသိ အနာဂတော။ ။

၂။ အာဂတော ဒါနိတာ ထေရော မမသိသေ ပတိဋ္ဌိတော။
မာရေန ဇနိတံသမ၊ အဝဒ္ဓေနက္ကဒါနေဝ။

၃။ ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇာတောဝ ဥပ္ပဒ္ဒဝါ။
နာနာဥပ္ပဒ္ဒဝါပိစ၊ အသေသာနံ ဝိနာသန္တု။ ။

၄။ ဥပဂုတ္တော မဟာထေရော၊ သမ္ဗုဒ္ဓေန ဝိရာဂတော။
မာရဉ္စ မာရဖလဉ္စ၊ ခမ္မေသတိ အနာဂတော။ ။
မမသိသေ ပတိဋ္ဌိတော၊ မာရေန သုပိနံကတ္တွာ။ ။

၅။ မဟိဒ္ဓိကံ ဥပဂုတ္တံ၊ ရာဇကုပ္ပဒ္ဒဝံဝိစ။
သဗ္ဗရောဂါဝိရောဓါယ၊ ပရိတ္တံဒေဝ မင်္ဂလံ။

၆။ ဥပဂုတ္တော မဟာဝိရော၊ ဥတ္တမေန မိတိန္ဒရော။
မာရံ မဒ္ဒိတွာနဇိတွာ၊ ခမ္မေသတိ အနာဂတံ။ ။

၇။ တာဒိသောစထေရောသဗ္ဗ၊ အန္တရာယ ဝိခံသတံ။
ယံယံ ဥပ္ပဒ္ဒဝါဇာတိ၊ ဝိခံသေတိအသေသတော။ ။

ကူးယူသောသူများသည် မူရင်းအတိုင်းကူးကြပါ၊ ဤဂါထာ ၇ ပုဒ်သည် မူရင်းအတိုင်းဖြစ်၏။ 

၁၃၃၀ တန်ခူးလပြည့်ကျော် ၆ရက် တနင်္လာနေ့ အာရုဏ်ထပြီး ပုတီးစိပ်၊ ဘုရားဖူးထွက်၊ တောင်မင်းကြီးဘုရား မီးငါးတိုင်ပူဇော် ဂါထာငါးပတ်စိပ်၏။ ဝိဇ္ဇာစရဏ ဂါထာဖြစ်၏။ ကြေးဘုရားကြီးမှ လည်းငါးပတ်၊ ပုထိုးတော်ကြီးမှာလည်း ငါးပတ်စိပ်၏။ အထက်ပစ္စယာပေါ် တနင်္ဂနွေဒေါင့်ကစိပ်၏ စိပ်ပြီးလျှင် အဘိုးကြီးနှစ်ယောက်နှင့်တွေ့၏။ တစ်ယောက်က ၁၉၂၀ ပြည့်နှစ်က ရွှေဘိုကပေါက်မြောက် ကြောင်းပြော၏။ နာမည်မေးကြည့်တော့ အဖေမြင့်လို့ပြော၏။ ပုတီးစိပ်ပုံကို မေးကြည့်တော့ အောက်ပါ အတိုင်းပြော၏။

ဥုံယနုဿ ဆယမပင္။ အသံထွက်ပုံမှာ ယကြီးနုကြီးသကြီး၊ ဆ-ယ-မ-ပ တသံညှင်းနှိုး တတလင်းချိပ် ဟုထွက်ရမည်။ တစ်နေ့ ၁၀၈ ပတ်၊ သတ်သတ်လွတ်စား ကိုးပါးသီလဆောက်တည်၍ သုံးနှစ်အဓိဋ္ဌာန်စိပ်၊ သီလ မကျိုးမပေါက်လျှင် အထက်ပုဂ္ဂိုလ်များနှင့်တွေ့ပြီး အလိုရှိတာမေး၍ ပေးသွားပြီ ရှေ့တက်လမ်းကိုလည်း နည်းပြသွား၏။ ထိုအခါမှ ဆက်ကျင့်လျှင် ရှေ့နှစ်နှစ်လောက်နှင့်ပေါက်တော့၏ဟု ပြောသွား၏။ နောက်တစ်ယောက် အဘိုးကြီးကတော့ အဖေမြိုင်လို့ခေါ်ကြောင်း အရဟံသိဒ္ဓိကိုပဲ တစ်နေ့ ၂၇၀ ပုတီးပတ်ရအောင်စိပ်ပြီး ရက်ပေါင်း ၉၀၀ အဓိဋ္ဌာန်ပုတီးစိပ်တာနှင့် ပေါက်မြောက်ကြောင်းပြော၏၊ ရှောင်ကျဉ်ရတာကတော့ ငါးပါးသီလလို့ပြော၏။

အဓိကအချက်ကတော့ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရန်ကင်းတောင်၊ နေဝင်၊ နေထွက် မှန်းတည့် သိမ်သုံးသိမ်၊ မုံတဝဂူ၊ ပင်းယရွှေဥမင်ဂူ၊ ကျိုက်ထီးရိုး၊ ဦးသီလဂူ၊ ဂူသုံးလုံး၊ သုံးသင်းပြိုင် တောကြီးသုံးတော၊ မြို့ကြီးသုံးမြို့၊ အလယ်မြစ်ချောင်းသုံးခုထိပ်၊ သစ်ကြီးဥပင်အောက် ဤရှစ်ဌာန အဓိဋ္ဌာန် ကိုးရက်စိပ်ပြီးလျှင် ဘုရားတန်ဆိုးကြီး ၄၅ ဆူမှာ တစ်ဆူလျှင် ၄၅ ရက် အဓိဋ္ဌာန်စိပ်ပြီးလျှင် ပေါက်မြောက်တာ ပါပဲကိုယ်တော် ဟုပြော၏။ အဲဒီကိုးဌာနမှာ ပုတီးတနေ့ ဘယ်နှစ်ပတ်စိပ် အဓိဋ္ဌာန်ဝင်ရပါသလဲဟုမေးတော့ အနည်းဆုံး ၂၇၀ဝင်ရကြောင်း၊ ထို့ထက်နဝင်းကိုက်အောင် များနိုင်လျှင် အလွန်ကောင်းကြောင်း ပြောပြ၏။ ထိုကဲ့သို့ အဘိုးနှစ်ယောက်နှင့် ဆွေးနွေးနေကြပြီး ရွှေဂူကြီးဘုရား ဆက်သွား ပုတီးငါးပတ်စိပ်၊ အောင်မြေ ဘုရားလည်း ငါးပတ်စိပ်၍ ကျောင်းပြန်လာခဲ့၏။ ထိုနေ့က ဝိဇ္ဇာစရဏဂုဏ်တော် မီးခါတ် (၁၃၁၁၂၀၀) တစ်သန်းသုံးသိန်းတစ်သောင်းတစ်ထောင်နှစ်ရာ ရသောနေ့ဖြစ်၏။

တန်ခူးလဆုတ် ၇ရက် နံနက် ၁ချက်လောက် အိပ်မက်၏။ လူတစ်ယောက်က ဖျာသုံးချပ်စာ လောက်ရှိသော အုန်းထမင်းများကို ထိုင်စားနေရ၏။ စားသောက်ပြီးနောက် ကြေးဘုရားကြီးရှေ့တော်တွင် ပုတီးစိပ် သွား၏။ အရင်ကဖျက်ပြီးသော တန်ဆောင်းနှစ်လုံးက မူလအတိုင်းတည်ရှိနေကြ၏။ ထို တန်ဆောင်းထဲတွင် ပိတ်များဖြင့် ပြုလုပ်သော မဏ္ဍပ်ကားများ ထူးဆန်းလောက်အောင် ရေးခြယ်ထားမှု ဆင်ထား၏။ အလွန် ကြည့်လို့ကောင်းအောင်ဆင်ထား၏။ ထိုတန်ဆောင်းထဲ ဆင်ထားသော မဏ္ဍပ်ကား များကြည့်ပြီး ကြေးဘုရားကြီး ဂန္ဓကုဋီတိုက်ထဲဝင်ပုတီးစိပ်၏။ ပုတီးစိပ်ပြီးနောက် ထွက်လာသောအခါ ဘုန်းကြီးပြန်ကြွလာတာတွေ့၍ ရပ်ကြည့်နေ၏။ ဘုန်းကြီးများပင့်လာသော ကားတစ်စီးက ကျွန်ုပ်ရှေ့ ရပ်လိုက်သဖြင့် ကျွန်ုပ်က တက်စီးသွား၏။

ကျွန်ုပ်စီးလာသော ကားလေးလည်း အောင်ခြင်းရှစ်ပါး စောင်းတန်းဦးရပ်လိုက်ရော ဘုန်းကြီးပျံအခေါင်းကို လူများကိုင်ဆောင်လာကြပြီး ကျွန်ုပ်တို့ကားရှေ့ ရောက်လာ၏။ စောင်းတန်းဦးက လှမ်းကြည့်တော့ ဦးတေဇိန္ဒကျောင်းမှာ လူများတော်တော်စည်၏။ ကျွန်ုပ်လည်း ထိုကျောင်းနားလျှောက်သွား၏။ အနားရောက်တော့ ပြောသလောက် မစည်ပေ။ ဘုန်းကြီးပျံအခေါင်း ကိုင်ဆောင်လာကြသော လူများက ကျောင်းတောင်ဘက်လမ်းကလေးကနေ သုသာန်ယူသွားကြ၏။ ကျွန်ုပ်လည်း အောင်ခြင်းရှစ်ပါးဘုရားသို့ပြီးပုတီးစိပ်၍ ကျောင်းပြန်လာခဲ့၏။ ကျောင်းအုဋ်လှေကားတက်ခါနီး ကျောင်းခေါင်ပေါ်က အသံကြား၍မော့ကြည့်လိုက်သောအခါ ဘုန်းတော်ကြီးသုံးပါး ကျောင်းအထက် ကောင်းကင်ကရပ်၍ အောင်ပြီ . . အောင်ပြီ . . အောင်ပြီ ဟု သုံးကြိမ်ကြွေးကြော်၍ အရှေ့ဘက်ကောင်းကင် ခရီးမှ ကြွသွားတော်မူကြ၏။ ကျွန်ုပ်လည်းနိုး၍ ဤမှတ်တမ်းကိုရေးလိုက်၏။

တန်ခူးလဆုတ် ၁၁ ရက် စနေနေ့သကြန်အကြိုနေ့ - နံနက် ၁ ချက်လောက်အိပ်မက်၏။ လုံချည်အစိမ်း၊ အင်္ကျီအဖြူဝတ်လာကြသော လူများသည် ကြွေးကြော်သံများကို ကြွေးကြော်၍ ကြေးဘုရားကြီးရှေ့ လမ်းမတောင်မှမြောက်ဘက် ချီတက်သွား၏။ သူတို့၏ကြွေးကြော်သံများမှာ -

၁။ သစ္စာ မေတ္တာရှိကြပါ

၂။ ဗြမ္မာစိုတရားကိုယ်ဝယ်ထား

၃။ တစ်ယောက်ကောင်းစွာကိုယ်ဘို့ရှာ - သတ္တဝါအပေါင်းဆင်းရဲကြောင်း

၄။ တစ်ယောက်ဟောင်းစွာကိုယ့်ဘို့ရှာ - သတ္တဝါအပေါင်း ချမ်းသာကြောင်း

၅။ ဒို့ကိုမထိနဲ့ ကိုယ့်အဘို့ကိုယ်ပြု

ဤကြွေးကြော်သံများ ပျောက်ကွယ်သွားလျှင် ကျောင်းပြန်လာတော့ အုန်းအုန်း၊ ရီရီ၊ နုနုတို့သုံးဦးခေါင်းဆောင်လာကြသော အမျိုးသမီး ၃၀၀ ကျော်လောက် သီလယူရန် သီလတောင်းလာ၏။ ကျွန်ုပ်လည်းနိုးလာ၏။

၁၃၃၀ ခု တန်ခူးလပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ သကြန်အကျနေ့ ပုတီးစိပ်နေစဉ် အာရုံထဲတွင်မီးနီလုံးကြီးလိုထလာပြီး အနက်ရောင်ယောထဘီ အင်္ကျီများဝတ်လာသော ထွားထွားကြိုင်းကြိုင်း ၅၀ကျော်အမျိုးသမီးကြီးတယောက် ပေါ်လာ၏။ ဝတ်ဆင်ပုံက ချင်းလူမျိုးများ ဝတ်ဆင်ပုံဖြစ်၏။ တကာမကြီးကမှိန်မှိန်ရည်ရည်ဖြစ်၏။ ထိုတကာမကြီးက သိဒ္ဓိရှင်ဦးဝါယမ ချမ်းသာပါစေဟုဆိုပြီး ကျွန်ုပ်ကိုကြည့်၍ မေတ္တာပို့နေ၏။ ကျွန်ုပ်လည်း ယခုရှေ့တွင်လာပြနေသောသူက ဘယ်သူပါလဲဟုမေးတော့ အမေရွှေ ပေါက်ကတော်ဖြစ်ကြောင်းပြော၏။ ထိုကဲ့သို့ပြောပြီး ပျောက်သွား၏။ ကျွန်ုပ်လဲ ထိုနေ့ခါတ်ခန်းထဲတွင် ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်ဂါထာ အပါတ် ၂၀ စိပ်နေသော အခါဖြစ်၏။ ထိုနေ့ကအထက်ပါ ဂုဏ်တော် ပုတီး၁၈၇၈၂၀၀ ရသောနေ့ဖြစ်၏။

ညတွင် ၁၀ နာရီခွဲလောက် အလွန်အိပ်ချင်သလိုဖြစ်လာ၍ အိပ်လိုက်၏။ အိပ်မက်သည်မှာသောက်ရေအိုးများတည်ရန် ရေခပ်ဘို့အိုး ရှာမတွေ့၍ ဦးနိမလဆိုသော ကိုယ်တော်တပါးက ကိုယ်တော်အိုးရှာမတွေ့ဘူးလား ထိုနေသောလူများကို အိုးလုပ်ပြီး ရေခပ်လျှင်ပြီးတာပဲ၊ လာ လာ တပည့်တော်

ဒီလူများကို ဖြစ်အောင်လုပ်ပေးမယ်ဆိုပြီး ထိုင်နေသောလူများထဲမှ တယောက်ကို ခါးဖြင့်ကျင်လည်စွာ ခေါင်းကို ဖြတ်လိုက်၏။ ခေါင်းပြတ်သွားပြီး ကျန်နေသောကိုယ်ကြီးကို လည်ပင်းဝကအပေါက်ကြီးလုပ်၍ ပေါင်များကို ဖြတ်လိုက်ပြီး ကိုယ်ကြီးကို ရေခပ်ရန်ပေး၏။ ကျွန်ုပ်ကလည်း လက်နှစ်ဖက်ဆိုင်းကြီးအဖြစ် ပြုလုပ်ပြီး ထိုခေါင်းဖြတ်၊ ခြေဖြတ်ကိုယ်ကြီးဖြင့် ရေခပ်ရန်ယူသွား၏။

ရေတွင်းရောက်တော့ ရေများလောင်းထည့်နေတုံး ဗြုန်းဆိုလူတယောက် နှိုးလိုက်သလိုဖြစ်ပြီး နိုးလာတော့၏။ နိုးလာတော့ ဘုန်းတော်ကြီးထာပါးက ကိုယ်တော်သကြိန်အကျနေ့ ကုန်ဆုံးလို့ သကြိန်အကြတ်နေ့ ၁၂နာရီ ၁၀မိနစ်ဖြစ်နေပြီ။ ပုဂ္ဂိုလ်ကြီးများ ဒီမှာစည်းဝေးကြရအောင် လာတော့မှာပဲ မြန်မြန် နေရာများ ခင်းကျင်းပါဆိုသဖြင့် ကျွန်ုပ်လည်း အဆင်သင့်ခင်းထားသော ဖျာများအပေါ် နေယာထိုင်ခင်းများ ခင်းထားလိုက်၏။ နေရာလည်းခင်းပြီးရော အရှင်မြတ်၃၀ကျော်နှင့် ဘိုးတော်တို့ရောက်လာပြီး ညီလာခံ ပြုလုပ်ကြ၏။ ကျွန်ုပ်ကဘေးနားကထိုင်နေ၏။ ထိုညီလာခံ ဤကြွရောက်ကြသော ပုဂ္ဂိုလ်ကြီးများမှာ-

| | | |
|---|---|---|
| ၁။ ယက္ကန်းစင်တောင် ဦးသြဘာသ | ၂။ ရေတိမ်ဆရာတော် | ၃။ ရှင်နာဂိသာရ |
| ၄။ ရှင်ကောဏ္ဍည ဆံရှည် | ၅။ ဗားမဲ့ ဆရာတော် | ၆။ အရှင်ပဏ္ဍိ |
| ၇။ ရှင်ခဏ္ဍဇောတိ | ၈။ ရှင်ပညာဇောတ | ၉။ ရှင်မေဓါဝီ |
| ၁၀။ ရှင်အရိယာဝံသ | ၁၁ ဗားတမွတ်ဆရာတော် | ၁၂။ ဗားမြိုက်ဆရာတော် |
| ၁၃။ ဗားတမော့ ဆရာတော် | ၁၄။ အရှင်ကောဝိဒ | ၁၅။ ရှင်အရိယာဓမ္မ |
| ၁၆။ ရှင်တေဇောသာရ | ၁၇။ ရှင်ခန္တီ | ၁၈။ ရှင်ခေမာ |
| ၁၉။ ရှင်ဓမ္မရိန္ဒ | ၂၀။ ရှင်မုနိန္ဒ | ၂၁။ ရှင်အင္ဂဝေါဏ |
| ၂၂။ ရှင်သိဒ္ဓိဝရ | ၂၃။ ရှင်ကုသလရိယ | ၂၄။ ရှင်လာဟိသာရ |
| ၂၅။ ရှင်ဉာဏိသာရ | ၂၆။ ရှင်ဓမ္မိသာရ | ၂၇။ ရှင်ဝိဇယ |
| ၂၈။ ရှင်ဝါယမိသာရ | ၂၉။ ရှင်ကုသလ | ၃၀။ ရှင်ကေတုမာလာ |
| ၃၁။ ရှင်ဝါယမ -ကျွန်ုပ် | ၃၂။ ရှင်ဝိမလ | ၃၃။ ဘိုးမေတ္တာ |
| ၃၄။ ဘိုးသစ္စာ | ၃၅။ ဘိုမင်းခေါင် | ၃၆။ ဘိုးဘိုးအောင် |
| ၃၈။ ကျားရှာခြုံဆရာကြီး | ၃၉။ ဘိုးတော်စံ | ၄၀။ ဘိုးပြုံး |
| ၄၁။ ဘိုးအေး | ၄၂။ ဘိုးဝင်း | ၄၃။ ဘိုးမင်း |
| ၄၄။ ဘိုးခင် | ၄၅။ ဘိုးတင် | |

**ဤညီလာခံအစည်းအဝေးကြီး ဆုံးဖြတ်ချက်များမှာ -**

၁။ တတိယကမ္ဘာစစ် ကာကွယ်ရန် အောင်သိဒ္ဓိဓါတ်ကျောင်းတော်စေတီမြတ်ကြီး တည်ထားရေး အတွက် ဤကျော်အောင်စံထားတိုက်အတွင်း နေရာသတ်မှတ်၍ အောင်ပန္နက်ရိုက်ထားကြရန်။

၂။ ဤနေ့မှစ၍ အောင်ပန္နက်ရိုက်ထားသောနေရာတွင် အလှည့်ကြဖြင့် ဥပုဒ်နေ့များတွင် ရုပ်ပွားမဲ နာမ်ပွားမဲပုတီးများ စိပ်ပေးကြရန်။

၃။ ဤ ၄၅ ဦးသော ပုဂ္ဂိုလ်များက အောင်မြေများ အောင်ခါတ်များ ဆေးပေါင်းအင်းပေါင်း ဂါထာ မန္တာန်ပေါင်းများ သက်ဆိုင်ရာဌာနများမှ ယူဆောင်လာကြပြီး ကျော်အောင်စံထားဆရာတော် လေးအား အောင်သိဒ္ဓိဘုရားရှင်တွင် ဌာပနာဘို့ အပ်နှင်းကြရန်။

၄။ ပင်မပုဂ္ဂိုလ် အရင်ညီလာခံမှာ သတ်မှတ်ထားသော ၂၇ ဦးမှတို့၍ ၁၀၈ ဦးတိုင်အောင် အတည်ပြု ကြရန်။

၅။ ပင်မပုဂ္ဂိုလ် ပါရမီရှင်များအဖြစ် ခံယူကြမည့်သူများမှာ ဗုဒ္ဓကိုသက်ဝင်ယုံကြည်၍ တရားထိုင်သူ ဂုဏ်တော်ပွားများသူဖြစ်ရခြင်း၊ ငါးပါး၊ ရှစ်ပါး၊ ကိုးပါးသီလများ အခါအားလျော်စွာ စောင့်ထိန်းပြီး သတ်သတ်လွတ်စားခြင်း၊ အမိဌာန်ဝင်ခြင်းစသော စရဏတို့ ရှိရမည်ဖြစ်ခြင်း၊ ထို့ပြင် အသောက် အစား၊ ကစားကျူးခြင်း၊ ပဉ္စာနန္တရိယကံကျူး လွန်ခြင်းတို့မှလွတ်စေရမည်။ ထိုအချက်များဖြင့် ပြည့်စုံပါက မည်သည့်လူမျိုးဖြစ်ဖြစ် ငါးရာမှ ငါးထောင်အထိ အနည်းဆုံးလှူဒါန်းပြီး ပင်မပုဂ္ဂိုလ် အဖြစ် ခံယူနိုင်ခြင်း။

*မှတ်ချက်* - ကျန်ဘုရားတွင် မွန်းမံချယ်လှယ်သော အဆောင်အယောင်ပစ္စည်းများက ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ် လှူဒါန်းနိုင်ခြင်း။

*အထူးမှတ်ချက်* - ပင်မပုဂ္ဂိုလ်များ၏ မိသားစုများကို ရုပ်ပုံဆွဲ၍ ဤဘုရားကြီးတွင် အများကြည့်ရှု နိုင်ရန်ပြထားခြင်း သို့မဟုတ် ကျောက်စာကမ္ပည်း ထိုးထားရမည်။

ဤကဲ့သို့အချက်ကြီး ငါးချက်ဆုံးဖြတ်ကြပြီး ညီလာခံကြီးသိမ်း၍ အောင်သိဒ္ဓိဘုရား နေရာထိအောင် ပန္နက်ရိုက်ရန်ကြွကြပြီး နေရာသတ်မှတ် ပန္နက်ရိုက် ပုတီးစိပ်မေတ္တာ ပို့တော်မူကြသည်။ နှစ်ချက်ကျော်မှ အားလုံးအောင်မြင် ပြီးစီးပါသည်။

၁၃၃၀ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် သင်္ကြန်အကျတ်နေ့ အစည်းအဝေးပြီးတော့ မအိပ်တော့ပဲ ပုတီးထိုင်စိပ်ပြီး နံနက်အာရုဏ်လာတော့ ဘုရားဖူးသွား၊ တောင်မင်းကြီးပုထိုး စေတီတော်ကြီး၊ ဂူကြီးနဂါးရုံ အောင်မြေ၊ ကြေးဘုရားကြီးနံနက် ၇ ခွဲ ကျောင်းပြန်ရောက် ဆွမ်းစဉ်များသွား သီလပေး။ ထိုနေ့က ပုတီး အရေအတွက်မှာ ၁၉၅၉၂၀၀ ဖြစ်သည်။ ၁၃၃၀ ခု တန်ဆောင်မုန်းလကွယ် ၁၄ ရက် အင်္ဂါနေ့-သင်္ကြန် အတက်နေ့- နံနက် ၁ ချက်အချိန်တွင် ဗားလေးဗားနှင့် ရှင်နာဂိသာရ၊ ရှင်ဉာဏိသာရ၊ ရှင်လာဘိသာရ၊ ရှင်ဓမ္မသာရ၊ ရှင်တေဇိန္ဒသာရ အရှင်မြတ် ၉ပါးတို့ ကြွလာတော်မူ၍ ကျွန်ုပ်ကိုခေါ်ပြီး ကျွန်ုပ်ဓါတ်ခန်းထဲ ပုတီး၄၅ ပတ်စီစိတ်ကြ၏။ ထိုနေ့ အောင်သိဒ္ဓိဓါတ် ကျောင်းတော်စေတီမြတ်ကြီးနေရာ ၄၅ ပတ် ပုတီးစိတ်ကြ၏၊ နံနက် ၃နာရီမှ ပြီးစီးကြပြီး ကြွသွားတော်မူကြ၏။ ကျွန်ုပ်လည်းမအိပ်တော့ဘဲ ပုတီးဆက်စိပ်နေ၏။ အာရုဏ်ဆွမ်းစားပြီး ဆွမ်းစဉ်များလိုက် ပရိသတ်များဧည့်ခံနေ၏။ ညနေဘုရားသွားဖူး ပုတီးဆက်စိပ်၏။ ည ၈နာရီကျောင်းပြန် ည ၉ နာရီမှာ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်- ၂၀၃၀၂၀၀ ရ၍ မီးခါတ်ပြီးစီး ကြောင်းလျှောက်ထားပြီး ၃၁ဘုံသားတို့ အမျှဝေပဌာနာပြု၍ မီးခါတ်သိမ်း၏။

၁၃၃၀ ခု လဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့ နှစ်ဆန်းတစ်ရက်နေ့ဖြစ်၍ "မင်္ဂလာအခါတော်နေ့"ကျင်းပ၏။ သံဃာ ၄၅ပါးဆွမ်းကပ် - မင်္ဂလာသုတ် ၇ခေါက်ရွတ်ကြပြီး မေတ္တာပို့အမျှဝေ တရားဟောပြီးသိမ်း၏။ လဘက်ရည် မုန့်က ၁၆မျိုးနှင့် လ္ဘက်ရည်ကပ်ကြ၏။ သံဃာတစ်ပါးလျှင် ငွေဝတ္ထု ၉ကျပ်၊ ဖယောင်းတိုင် တစ်ထုပ်စီ လှူဒါန်းလိုက်၏။ ထိုနေ့ညနေတွင် ကျွန်ုပ်နောင်တော်ကို ဗိုလ်ကညက အိပ်မက်ထဲတွင် ပုဆိုး ဒေါင်စင်းများဝတ်၍ ရင်ဖုံးအကျီနှင့် ခေါင်းတုံးပြောင်ပြောင်ကြီးကြီး လုံးလုံးဘိုးတော် တစ်ယောက် အရှင်ဘုရားကို စောင့်နေရကြောင်းပြော၏။ ထိုနေ့က သိဒ္ဓိတစ်သိန်းစိတ်သော နေ့ဖြစ်၏။

၁၃၃၁ ခု လဆန်း ၂ ရက် ကြာသပတေးနေ့ သိဒ္ဓိတစ်သိန်းပြီး အောင်ဂါထာများစိတ်နေ၏။ နေ့ ၁ ချက်လောက် ပုတီးစိပ်နေစဉ် လစ်ကနဲဖြစ်သွားခိုက် ကျွန်ုပ်၏ ကျောင်းအောက်မှာ ဖျာကြမ်းများအပြည့် ခင်းထားတာတွေ့ရ၏။ ထိုခင်းထားသော ဖျာများကို လျှောက်ကြည့်ပြီး ကျောင်းအောက်က ထွက်လာ တော့ တံတိုင်းအရှည်ကြီး ၂သွယ်တွေ့ရ၏။ ဒူးလောက်တံတိုင်း ယာဘက်က အတောင် ၂၀လောက်မြင့် သော ကုလားကျောင်းခံ စေတီများရွှေချထား၏။ ရွှေတိဂုံစေတီပုံများ ရွှေတဝင်းဝင်းနှင့် တော်တော်များများ စီတန်း တည်ထားတာတွေ့ရ၏။

ထိုဒူးတံတိုင်း ဝဲဘက်က ကောင်းမှုတော်ကြီး၊ ဘုရားကြီးနှင့် ကုလားကျောင်းခံ ရွှေစေတီများ စီတန်းပြီး တည်ထားတာတွေ့ရ၏။ နောက်ဆုံးစေတီမှာ အထက်ကြာမှောက်ကြာလန် ပျက်စီးနေတာ တွေ့ရ၏။ ၎င်းဒူးတိုက်တံတိုင်းလေး လမ်းတလျှောက်သွားတော့ ဆုံးခါနီးလောက်မှာ တံတိုင်းလေးဝဲယာမှ ရေများဖြင့် ပြည့်နေ၏။ ရွှံ့နွံရေများဖြစ်၍ လျှောက်သွားလို့မရ။ ဘေးနားကကပ်သွားရ၏။ တစ်ခါခါလမ်း သာ၍ဆင်းသွားရ၏။ သို့သော် ခြေထောက်မှာ ရွှံ့နွံများမလူးကပ်ပေ။ လမ်းဆုံးသွားတော့ ကျွန်ုပ်ကျောင်း ပြန်ရောက်လာ၏။ ကျောင်းထရံနားမီးတောက်နေတာမြင်ရ၍ ထရံကိုင်ကြည့်တော့ပူနေတာနှင့် ရေနှင့် အငြိမ်းခိုင်း၏။ မီးမလောင်ပေ။ ထိုတွင် ပြန်သတိရလာပြီး ပုတီးဆက်စိတ်၏။ ဘုရားများဖူး ပုတီးစိတ် အောင်ဂါထာ ၄၅ပုဒ်ကို တစ်ပုဒ်တစ်ပါတ်စီစိတ်၏။

ကဆုန်လဆန်း ၃ ရက်၊ သောကြာနေ့နံနက် ၁ ချက်လောက် ကျွန်ုပ်အိပ်နေရာတွင် ဘုန်းတော်ကြီး တစ်ပါးကြွလာပြီး "ထထကိုယ်တော် . . ဒီပုရပိုက်ထဲကအတိုင်း တရားဂုဏ်တော်၊ သံဃာဂုဏ်တော် များကိုဘုရားဂုဏ်တော်လို ရိုးရိုးနှင့် ကွန်ချာရေးရမယ်။ အဲဒါ ကိုယ်တော်ရဲ့ ဒုတိယတာဝန်ပဲ ရော့ ရော့' ဟုပုရပိုက်တစ်ဆူပေး၏။ ပေးသောပုဂ္ဂိုလ်ကို သေသေချာချာကြည့်တော့ ဗားမဲ့ဆရာတော်ဖြစ်နေ၏။ ဆရာတော်ပြောပြချက်များကို မှတ်သားထားပြီး အာရုဏ်တက်တော့ ဘုရားရှိခိုးပုတီးစိတ်၊ ယာဂုသောက် ဘုရားသွား အပြန်ဆွမ်းစားပြီး တရားဂုဏ်တော် ၆ပုဒ်ကိုစရေး၏။

| | | | |
|---|---|---|---|
| ၁။ | ဘဂဝတာ ဓမ္မော သွက္ခာတောသိဒ္ဓိ | - | တလုံးချ |
| ၂။ | ဓမ္မောသံဒိဋ္ဌိကော သိဒ္ဓိ | - | တလုံးချ |
| ၃။ | ဓမ္မောအကာလိကော သိဒ္ဓိ | - | တလုံးချ |
| ၄။ | ဓမ္မောဧဟိပဿိကော သိဒ္ဓိ | - | တလုံးချ |
| ၅။ | ဓမ္မောဩပနေယျိကော သိဒ္ဓိ | - | တလုံးချ |

ဓမ္မောပစ္စတ္တံ ဝေဒိတဗ္ဗော သိဒ္ဓိ - တလုံးချ

မှတ်ချက်။ ။ ဤတရားဂုဏ်တော် ၆ ပါးကို နောက်ဆုံးတွင် သိဒ္ဓိတတ်၍တစ်ပါးတစ်လုံး ပုတီးပါတ် ပါး ၉၉၀ကျော်လျှင် ဓမ္မာခန္ဓာ ရှစ်သောင်းလေးထောင်ပြည့်၏။ တပါးလျှင် ဓမ္မခန္ဓာရှစ်သောင်း လေးထောင်ပြည့်အောင် အနည်းဆုံး အဓိဋ္ဌာန်စိတ်ပါ။ ထိုထက် စွမ်းနိုင်ပါက ခါတ်ကြီးလေးပါး တက်စိပ်ပါ။ သိဒ္ဓိကြီး ၄ပါး ဇကံမုချ ရနိုင်ပါ၏။

**တရားဂုဏ်တော်ကွန်ချာ** -

၁။ သွာတာကောဟိနေဝေ ၂။ ကွာခအေပယျိဒိ ၃။ တောမ္မေါကာသိကောတ

၄။ ဘသံလိကောပဗ္ဗော ၅။ ဂဒိတောဩစ္စဝိ ၆။ ဝဋ္ဌိဓပတ္တည။

**"တရားဂုဏ်တော်ကွန်ချာအကျိုးပြလက်ာ"**

၁။ သွာစ ဝေပိတ် နှစ်ကိုပ်ရှစ်သျှင် မြပင်ကျိမ်းဝပ် ဘေးရန်ရပ်၏။

၂။ ကွာစ ဒီဆုံး စုံးနှင့်ကဝေ တန္တေပြိတ္တာ ဝင်လာနှောက်က မန်းပါရေအေး တိုက်ကာကျွေးလော မနေးလျှင်စွာ ပျောက်ကင်းရာ၏။

၃။ တောစ တဆုံး မျက်လုံးအမြင် တထောင်ဝင်၏။

၄။ ဘစ ဗွောပိတ် ချစ်စိတ်ရှိရာ ဆိသာမန်းမှုတ် လိမ်းသုတ်နဖူး အထူးကညာ မနေသာပြီ။

၅။ ဂစ ဝိပိတ် အတိတ်ကရန် ပျောက်ပျက်ပြန်၍ ရန်မာန်အပေါင်း ထောင်းထောင်းညက်ကျေ ကွဲပို့ လေ၏။

၆။ ဝစ ညပိတ် လူစိတ်မရှိ ရူးတုံ့ဘိက ဘတ္တအစား မန်းခါပေးကျွေး ပျောက်ရေးမခက် ဤခြောက်ချက် သည် ထက်မျက်တရား ဂုဏ်တော်တံခိုးတည်း။ ဗားမဲ့ဆရာတော်ညွှန်ကြား၍ ကျော်အောင်စံထား ဆရာတော်ရေးသားသည်။

၁၃၃၁ ခု ကဆုန်လဆန်း ၄-၅-၆ ရက်နေ့များ၌ အောင်သိဒ္ဓိဂါထာများစိပ်၍ ကွန်ချာများရေးသား နေရ၏။ ကဆုန်လဆန်း ၇-၈-၉ ရက်နေ့များ၌ အောင်သိဒ္ဓိဂါထာများစိပ် မဟာသကျာသာမိဘုရား၊ ကဆုန် ညောင်ရေပွဲတော် သံဃာဒါနဆွမ်းကြီးလောင်းအတွက် သံဃာများပင့် ပွဲတော်အတွက်စီမံနေရ၏။ ထိုအထဲ အားလပ်ချိန် သံဃာဂုဏ်တော်ကွန်ချာ ဆက်ရေး၏။ ထိုမဟာသကျာသာမိ ကဆုန်ညောင်ရေပွဲတော် အဝင်နေ့မှာ သံဃာ၅၀၀ ဆွမ်းလောင်း၏။ အလည်း၊ ပန်းတိမ်၊ ရှမ်းခေါင်း၊ နန်းမတော်၊ စစ်ကိုင်းစု မောင်းတန်း၊ လေးစု၊ ရွာသစ်၊ မြို့ကစု၊ ပုရန်၊ ဒိုးတော်စသောအရပ်တို့မှဒရင်း သပွတ်ပင်၊ စာတိုက်တန်း ဝသော အရပ်တို့မှဒရင်း ဟင်း၊ ငှက်ပျော၊ ဆွမ်းတော်စသည်များ ဝိုင်းဝန်းကူညီကြပြီး လှူဒါန်ပူဇော်လာကြ၏။

ဆက်ရေးသော သံဃာဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော သိဒ္ဓိ။

၂။ ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော်သိဒ္ဓိ။
၃။ ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော်သိဒ္ဓိ။
၄။ ဘဂဝတော သာဝကသံဃော သာမိစိပ္ပဋိပန္နော်သိဒ္ဓိ။
၅။ ဘဂဝတော သာဝကသံဃော အာဟုနေယျောသိဒ္ဓိ။
၆။ ဘဂဝတော သာဝကသံဃော ပါဟုနေယျောသိဒ္ဓိ။
၇။ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျောသိဒ္ဓိ။
၈။ ဘဂဝတော သာဝကသံဃော အဥ္ဇလိကရဏီယျောသိဒ္ဓိ။
၉။ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညခေတ္တံ လောကဿသိဒ္ဓိ။

ဤသံဃာဂုဏ်တော် ကိုးပါးကိုလည်း တပါးလျှင်ပုတီးတလုံးချ အပတ် ၉၀၀ ပြည့်လျှင်ခွဲခွ ရှစ်သောင်းလေးထောင် အပိုနှင့်တကွ ပြည့်မြောက်တော့၏။ ရှေးနည်းအတူ ကျန်သံဃာဂုဏ်တော်ရှစ်ပါး မွေခန္ဓာ ၈၄၀၀၀ ပြည့်အောင် အဓိဋ္ဌာန်ပြီးစိပ်ပါ။ ဒါထက်စိပ်ပွားနိုင်ပါက ခါတ်ကြီးလေးပါ ပြီးအောင်စိပ် ဤကဲ့သို့ စိပ်နိုင်ပါလျှင် လောကကြီးတခုလုံးကို ဖြစ်ခြင်တာ အားလုံးဖြစ်နိုင်ပါ၏။

**သံဃာဂုဏ်တော်ကွန်ချာ၏ အကျိုးပြလက်ခါကို ဗားမဲ့ဆရာတော်ညွှန်ပြသည့်အတိုင်း ရေးသားပြပါအုံးမည်။**

၁။ သုစ ဏီဆုံး ဆယ်လုံးအက္ခရာ ကာယမှာလျှင် လွန်စွာကောင်းလှ ဆယ်ကွက်ချ၍ သုံးကြလို ပြီးကုန်ပါ၏။ မန်းခါမှုတ်ခါ ပက်ဖြန်းခါလည်း မှန်စွာကင်းပျောက် စေတိုင်းပေါက်၏။
၂။ ပွစ ယျောပိတ် တံဆိပ်အက္ခရာ ဆယ်လုံးစာကား မနလာဘ် ချွေရံလွန်ပေါ သဘောအလို မ သိမြင် ထင်လေသမျှ ပြောတိုင်းရ၏။ ရွှေပြား ငွေပြား အင်းချထားလည်း လာဘအမျိုး မိုးသို့ရွေ
၃။ ဋိစ အပိတ် ဂုဏ်ဟိတ်ကြီးထွား မိန်းမများကို ရေးသားကွမ်းရွက် လိုအချက်ကိုရေးလျှက်ပြီး ကြိမ်တရာ ပြန်စုတ်မန်းမှုတ်ပြီးခါ ကျွေးလေပါက ကညာမိန်းမ ထိမ်းမရပြီး ရှေးနည်းမှိုသုံး ပ ဉာဏ်ရှင်း မဆုံးလျှင်တည်း။
၄။ ပစ နပိတ် လာဘ်ဟိတ်ကြီးမား ဘေးရန်ရှား၍ ကြီးမားတေဇာ ဂုဏ်ဟိတ်ဖြာသည် မှန်စွာတန် အထက်တိုး ဘေးမျိုးရန်ပေါင်း အောင်မြင်ကြောင်းတည်း။
၅။ န္နောစ တ္တပိတ် ဂုဏ်ပေါင်းဟိတ်က များစွာလွန်ကြီး သစ်သီးကြီးငယ် လိုရာရွယ်၍ထိုးပ ညှိုးကျွေ ကျရှိမှန် - တန်ပြန်ပေါက်ရောက် အံ့လောက်မခန်း နည်းစုံပြွမ်း၏။
၆။ အစ ရံပိတ် အတိတ်အနာဂါတ် မြင်လတ်တန်ခိုး သိဒ္ဓိတိုး၏။ မှုမျိုးစုံစွာ ပြီးကုန်ရာရှင့်။
၇။ ဂစ ပုပိတ် ထိပ်ထက်အက္ခရာ ဆယ်လုံးစာကို မှန်စွာရွတ်ဖတ် မန်းမှုတ်လတ်က အမြတ်ထိပ်ခေ လုပ်တိုင်းအောင်၏။
၈။ ဝစ ညဆုံး ဆယ်လုံးအက္ခရာ တန်ခိုးမှာကား ထင်စွာသိလို အကြောင်းကိုလျှင် မှန်ပင်သိ ကိစ္စဟူသမျှ သိကုန်ကြ၏။

တောစ ခေပိတ် စိတ်တွင်မနော အာရုံသဘောကို ရပ်လော - ရပ်လော မိန့်ချက်ပြောက ရပ်
၉။ ကုန်ရ၏။
သာစ ဏ္ဍံပိတ် အတိတ်ရစ္ဆေစာ ဆယ်လုံးမှာကား ရိပ်ခွါရိပ်ထွက် အချက်မိမိ ရတုံးဘိ၏။
၁၀။
၁၁။ ဝစ လောပိတ် ကျစ်လစ်အကွာရာ ဆယ်လုံးစာပင် ပတ်လျှင်တထောင် ပြီးအောင်စိပ်က မာရ်ရန်
ပ၏။ လိုတရာရာ ရောက်ကုန်ပါ၏။
၁၂။ ကစ ကပိတ် ဖက်မြိတ်တွင်ချ မှိုင်းခံစာသား စီရင်ထားက တိုက်လာခိုက်လာ မရရာတည်း ထိုပြင်
သူမိုက် ဆယ်နှစ်ပိုဒ်ရွေစာ စီရင်ပါမူ ပွဲမှာသုံးပွဲ သီးလဲတို့တူ မီးမှုမခြား မှုံငါးကျော်ချက် စုံတွာဖက်၍
ဖြူလျှက်ပိတ်မှာ ဇတောင်သာတည်း ပွဲမှာပြည့်စုံ ခင်းပြီးတုံးက လုပ်ပလိုရာ သိဒ္ဓိလာသည် မကွာ
နေ့ည ရွတ်ပတည်း။
၁၃။ ဗုဒ္ဓံသံ ကွန်ချာစုရုံးခါဖြင့် မီးမှာပူဇော် လိုရာသော်ပြီးစီး လာဘ်ကြီးမိုးရွာ လွန်ချမ်းသာသည် မှန်စွာ
နေ့ည ထွန်းလေတည်း။

## “ သံယာ့ဂုဏ်တော်ကွန်ချာ ”

၁။ သုသံသာ ဂဋ္ဌိယ အဝ ဟုဏီ။ ၂။ ပွယော ဝဝ ပဒိဌတော ဏောယျော။
၃။ ဋ္ဌိဥက တောန္တော ဒံပုသာယောအ။ ၄။ ပဇုသံသာ ဘစရိဝ ဒနု။
၅။ န္တောပွယော ဝ ဂတ္တာ သကက္ခိတ္တ။ ၆။ အဋ္ဌိညာက ဝရိ ပုသံ ဏောရုံ။
၇။ ဂပယ သံတော ပဂ္ဂယောယျောပု။ ၈။ ဝန္တောပွယော သာရိလာ အာအည။
၉။ တော ဘ ဋ္ဌိသာဝ သာဇဟုဠ္စခေ။ ၁၀။ သာဂပမိ ကယုသာကော လိတ္တံ။
၁၁။ ဝဝ န္တော ပိသံဂါ ဘယျော ကလော။ ၁၂။ ကတော ဘပွယော နိဂ ပါရက။

## “ ပဋ္ဌာန်းကွန်ချာကြီး ”

၁။ ယော အစ္စ ဇာနိစ္စ တမ္ဘရ နတ္တတ္ထိပ။ ၂။ တုမိယော တဿယော ပပ ပပ ပပစ္စ။
၃။ ပပ သပယ ပုစ္စစ္စ စ္စစ္စစ္စစ္စယော။ ၄။ စ္စတိ မစ္စပရေ ယောယော ယောယောအ။
၅။ ယေါပန ယေါစ္စ ဇာအာ ဝိက္ကံ မဝိ နဝိ။ ၆။ အာစ္စန္တ အယေါ တသော ပါဒဂ္ဂ ပတ္တိဂ။
၇။ ရယော ရည ဥပ ဝက ရိပ ယုပတ။ ၈။ မ္ဘ အပမ ပစ္စ နပ ယစ္စတ္တစ္စပ။
၉။ ကာနစ္စည နိယေါပစ္စ ပယော ပယောစ္စ။ ၁၀။ ပန္တယေါ ပဿ ပစ္စ ယေါစ္စ သစ္စဝိယေါ။
၁၁။ စ္စရသစ္စ ယဋ္ဌာယေါ အာယေါမ္ဘယောဂဟော။ ၁၂။ ယေါပ ဟယေါ ပဇာကဟါ ဈာယုအတတိ။
စ္စရသစ္စ ယဋ္ဌာယေါ အာယေါမ္ဘယောဂဟော။ ပိဋကတ် ကျွမ်းကျင်သူထံ နည်းခံဖတ်ပါ။

မဟိဒ္ဓိပဋ္ဌာန်းကွန်ချာကြီး ၁၂ပုဒ်ပြီး၏။ ပိဋကတ် ကျွမ်းကျင်သူထံ နည်းခံဖတ်ပါ။

## " ပဋ္ဌာန်းကွန်ချာကြီး အကျဉ်းပြလင်္ကာ "

၁။ ဟေ စ ပ ဆုံ ဆယ့်သုံးလုံးရှိ သိဒ္ဓိကာယ ပြည့်စုံလှ၏။

၂။ တု စ န္တ ဆုံ အမုန်းမရှိ သိဒ္ဓိပိယ ပြည့်စုံလှ၏။

၃။ ယော ဆုံး ပ အစ ဓနသိဒ္ဓိ ပြည့်စုံဘိ၏။

၄။ န္တ စ အဆုံး ဆယ့်သုံးလုံး အက္ခရာ အဟာရာသိဒ္ဓိ မြောက်တုံဘိ၏။

၅။ ယောစ ပိအဆုံး အသုံးအာယု သိဒ္ဓိမှုက ပြီးကုန်ကြ၏။

၆။ အာ အစ ဂ အဆုံး အသုံး အာဟောသ သိဒ္ဓိရ၏။

၇။ တ ဆုံ ရ စ ဓါတ်ရပထဝီ သိဒ္ဓိမှီ၏။

၈။ မ္မ အစ ပ အဆုံး ဆယ့်သုံးလုံး ဝဏ္ဏ ဥဒကသိဒ္ဓိ ပေါက်တုံဘိ၏။

၉။ ကာ အစ ပ အဆုံး ၁၃ လုံး သဘောတေဇော သိဒ္ဓိပေါက်တုံဘိ၏။

၁၀။ ပန် အစ ယော အဆုံး ၁၃ လုံး သဘော ဝါယောသိဒ္ဓိ မြောက်တုံဘိ၏။

၁၁။ ဟော အဆုံး န္တ အစ မနောမယသိဒ္ဓိ ပေါက်တုံဘိ၏။

၁၂။ ယော အစ တိ အဆုံး ၁၃ လုံး အက္ခရာ ထိုရွှေစာသည် စိန္တာမယသိဒ္ဓိ ရတုံးဘိ၏ ။ အသိကျယ်ပြန့် ဥာဏ်လည်းဆန့်မှ ရကြလေရာ မျိုးလေးဖြာတို့ သေချာမှတ်သား အမြွက်ထားအံ့၊ ဗုဒ္ဓကွန်ချာ ရှစ်ကြောင်းစာကို ရှစ်ပုဒ်ဆို၍ ထိုရှစ်ပုဒ်တွင် တပုဒ်လျှင်ကို ဗုဒ္ဓဘုရား အာရုံထား၍ မမှားစေတီ ကိုးထောင်တည်ပွား ရဖြားပုတီးပါတ် ပြည့်လတ်ကိုးထောင် စေ့အောင်ပွားသော် စေတီပေါ်၏၊ ထိုရောစေတီ တင်ချီအနေကဇာ ကိုးပုဒ်စာကို ကိုးဖြာပါတ်ရ စိပ်ပပုတီးတင်ပြီး အနေကဇာ မှတ်တုံပါလော တဖြာထို့အတူ ပွားမှုနောက်တပါး ဤသို့အားဖြင့် ဘုရားကွန်ချာ ရှစ်ဆူသာတည်း-တရားမှာမူ ခြောက်ဆူရေတွက် ဤသို့တက်လော၊ တချက်သံယာ ဆယ့်နှစ်ဖြာဆူရေ ကွန်ချာ ပေတည်း တက်လေရှေ့တူ ဆယ်နှစ်ဆူရ တင်ကအနေကဇာ ပြီးတုံပါက တက်ရ ပဋ္ဌာန်း ကွန်ချာလမ်းကို တက်ငြမ်းကိုမှီ ပွားသည်ရှိသော် သိဒ္ဓိပေါ်လိမ့် တောင်တော်ကိုးလုံး မိဋ္ဌာန် သုံးရန် မနောသန့်လျှက် ဆုံးနဝင်းသက်ဖြင့် နေထွက် - နေဝင် မွန်းတည့်ယှဉ်၍ သိမ်လျှင်ကိုးလုံး ဂူကိုးလုံးနှင့် ပေါင်းရုံးအညီ စေတီပုထိုး၉၉တည်း သာမျိုးဆင်ခြင် မိဋ္ဌာန်ဝင်ခါ - ငါးဖြာ - ရှစ်ဖြာ ကိုးဖြာသီလ လုံအောင်ရလော့၊ တဝတလီ ဝစီနှုတ်ပိတ် နေဆိတ်မှန်မှန် ဘာဝနာသံဖြင့် နိယံမပြတ် ပွားတုံလတ်သော် သိဒ္ဓိပေါ်လာ တန်ခိုးဖြာ၏။ ပညာရှိများ သတိထား၍ နည်းအားမှန်စွာ ပွားများ ပါလျှင် လူတွင်မက နတ်မျှသား ဖြပွားလားသို့ သက်ကားအာယု ထင်တိုင်းပြုကာ နေတုံပါလျှင် ဘယ်မှာဘုရား လွယ်ချိမ့်တည်း -

မန္တာန်မဟာသိဒ္ဓိ ဝိဇ္ဇာလမ်းကြီးပြီး၏။

၁၃၃၁-ခု ကဆုန်လဆန်း ၁၂ ရက် တနင်္ဂနွေနေ့ - သိဒ္ဓိဂါထာများစိပ်နေ၏။ နေ့အဓိဋ္ဌာန်ပုတီးစိပ်နေတုန်း အိပ်သလိုဖြစ်သွားစဉ် အင်းအစီအရင်များ အောင်မြင်မှုအတွက် စီရင်နေတာမက်၏။ ထို့နောက် "ရသေ့ကိုယ်ရုံ သုံးပုံပုံ တပုံအမြဲခေါက်ထား တပုံလူဝတ်ထား သိသူဉာဏ်ဖြင့်ပွား" ဟူသောအသံလဲကြားရ၏။ ထိုအသံကြားရာဆီသို့ ကြည့်လိုက်တော့ လမ်းသုံးသွယ်တွေ့ရ၏။ လမ်းနှစ်လမ်းက ရှင်းနေ၏။ တလမ်းက အိမ်များရှိ၏။ လမ်းသုံးသွယ်မှာ အရှေ့လမ်း၊ အလယ်လမ်း၊ အနောက်လမ်းဖြစ်၏။ ကျွန်ုပ်က အရှေ့လမ်းကသွား၏။ တော်တော်သွားမိလျှင် သီလရှင်နှစ်ယောက် ကားစောင့်နေတာတွေ့ရ၏။ ညအချိန်လည်းဖြစ်၏။ အပျိုအရွယ် သီလရှင်တစ်ယောက်က ကျွန်ုပ်ကြည့်နေတုန်း အိမ်တစ်လုံးပေါ်တက်ပြီးအိပ်၏။ သီလရှင် အိုအိုကြီးတစ်ယောက်က ရပ်စောင့်နေ၏။ သူတို့ စောင့်အိပ်နေသော အိမ်နောက်က အိမ်တလုံးရှိသေး၏။

ကျွန်ုပ်ထိုအချင်းအရာကို ကြည့်နေစဉ် ကိုစံမြရောက်လာ၏။ ကိုစံမြနှင့်ကျွန်ုပ် နောက်ကအိမ်ထဲဝင်ရန် တံခါးသွားဖွင့်ဝင်တော့ အိမ်ကနောက်ပိုင်းက ဟာလာကြီးဖြစ်နေ၏။ အခြားနေရာတခုမှာ တဘက်က အဆောက်အဦးရာများ ကုန်းမြင့်များတွေ့ရ၏။ အမိုးမရှိ အကာသာရှိသောအိမ် တဲတလုံးထဲ ကျွန်ုပ်တို့က ဝင်သွားပြီးလျှောက်ကြည့်တော့ လူတွေများများတွေ့ရ၏။ ထိုအထဲမှာ လူတစ်ယောက်က ကိုယ်တော်ဖုတ်သောပြာကို ရက်ကြာကြာဖုတ်ပေးရင် စွမ်းမှာဘဲဟုပြော၏။ ထို့နောက်ဆက်ပြောသည်မှာ ငါးယလဲ ပွဲတွေ့နည်းဟာ အကောင်းဆုံးပဲဟုပြောတော့ ကျွန်ုပ်ကဘာပြောတာလဲဟုမေးလျှင် ကြံဖန်ကောက်ပါလားဟု ပြောပြီးထွက်သွား၏။ ထိုအခိုက်ကျွန်ုပ်လည်း သတိရလာ၏။ ပုတီးဆက်စိပ်၏။

ကဆုန်လဆန်း ၁၃ ရက် တနင်္လာနေ့ ၃ နာရီထ မီးပူဇော် ပုတီးစိတ်၏။ အဓိဋ္ဌာန် ဘုရားဖူးသွားရန် ဘုတာကြီး လက်မှတ်သွားဝယ်၏။ လက်မှတ်ကုန်ပြီပြော၍ မှောင်ခိုကဝယ်ခဲ့၏။ ၂၅ ကျပ်ပေးခဲ့ရ၏။ ညစောစော ၁၀ နာရီလောက်အိပ်ယာဝင်ရာ **အိပ်မက်** ၏။ အလျား ၁၀ တောင်၊ အနံ ၁၀ တောင်၊ စောက် ၁၀ တောင် အရပ်ရှိသော ရာဇာပုလ္လင်ကြီးသည် စိန်ကွက်များဖော်ထားခြင်း၊ ပန်းအရုပ်များမပါ ရွှေအတိပြည့်နေ၏။ စိတ်ထဲကတော့ အလွန်ကောင်းတဲ့ပလ္လင်ကြီးပဲဟု မှတ်လိုက်၏။ ပါးစပ်ကတော့ ရှေးရိုးစဉ်လာအရဆိုလျှင် ပန်းများပါတာကောင်းတယ်ဟု ပြောမိ၏။

ထိုအခြင်းအရာများသည် ကျွန်ုပ်၏ကျောင်းပေါ်မှာ တွေ့ရတာဖြစ်၏။ ထိုပုလ္လင်ကြီးကို ကြည့်ပြီးသွားတော့ ဦးကုဏ္ဍိယကျောင်းဟု ရေးထားသော ကမ္ပဋ္ဌာန်းကျောင်းလေးတွေ့ရ၏။ ကျန် ၂ကျောင်းက ရေးမထားပေ။ ထန်းရွက်မိုး တဲကျောင်းလေးများလဲ တွေ့ရ၏။ ဆက်လျှောက်သွားတော့ ကျောင်းတစ်ကျောင်းတွေ့၏။ ထိုကျောင်းနောက်သွားတော့ ကုဋီထဲဝင်ရာ ကြွေကန်ထဲ ကျင်ငယ်များရှိနေ၍ ကျွန်ုပ်က ရေများဖြင့် ဆေးကြောသုတ်သင်ပြီး ထွက်လာခဲ့၏။ ကျွန်ုပ်လာတာမြင်တော့ ကျောင်းပေါ်က ဘုန်းကြီးက ဆင်းလာပြီး 'ရော့ ရော့ - ကိုယ်တော် အခြားပညာများ ပျက်စေလိုလျှင် ပြန်ချ၍ ခုနှစ်ချက်တိုက်ကိုယ်တော်' ဟု ပြော၍ မှိုင်းခံနှင့်ချထားသော စမပေး၏။ ထိုစမကား -

'သံကုံပမယျ - နမဗမ - လကမစ - ယမဝသမအဉ' ဟူ၍ ဖြစ်၏။ ဤစမကို ယူခဲ့၏။ 'တောင်ပေါ်က စေတီလေး တက်ပုတီးစိတ်အုံး' ဟူသောအသံကြီးကြား၍ လန့်နိုးလာ၏။ နာရီကြည့်လိုက်တော့ ၂ ချက်ခွဲနေ၏။ အိပ်ရာထ၊ မျက်နှာသစ် မီးစိုက်ထားသော လုံများကြည့်၊ ချောများတွဲနေခွဲ- သွတ်သံပဒါလုံး

လုံးခွဲရှာတော့မှ ဖင်ထဲကတွေ့ရ၏။ ဂူအောင် မှာချောကွာနေတာတွေ့ရ၏။ ဆေးဒါန်လုံးမှာ မတွေ့- ဦးစီးခေါ်ပြီး ကားဆိပ်သွား ကားစီး ၂၉လမ်းဆင်း - ငှင်းခြေလျှင် နေတာဖြစ်၏။ ၃နာရီခွဲ ဦးစီးအိမ်သွား - ဦးစီးခေါ်ပြီး ကားဆိပ်သွား ကားစီး ၂၉လမ်းဆင်း ဦးစီးပြန်လွှတ်လိုက်၏။ ရထားက ဘူတာကြီးသွား ၅ နရီဘူတာကြီးရောက်-လက်ဘက်ရည်များသောက်ပြီး ဦးစီးပြန်လွှတ်လိုက်၏။ ရထား ဘူတာကြီးသွား ၅ နရီဘူတာကြီးရောက်-လက်ဘက်ရည်များသောက်ပြီး - တောင်ငူ ၁ချက်ရောက်။ ရန်ကုန် ၆နာရီထွက်၏။ သာစည် ၉နာရီရောက်၊ ပျဉ်းမနား ၁၁နာရီရောက် - တောင်ငူ ၁ချက်ရောက်။ ညနေ ၆နာရီရောက် - ဘုန်းကြီးဦးဩဘာသ လာကြို၊ ထိုမှရွှေတိဂုံ ခြေလျှင်သွားဘုရားဖူး ပုတီးစိပ်၊ ငှင်း မာရ်အောင်ဆရာတော် သီတင်းသုံးသော ဗိုလ်စိန်မှန်လမ်း ကိုခင်မောင်တိုက်သွား မာရ်အောင်ဆရာတော် များနှင့်တွေ့ပြီး ရွှေမင်းဝံလာကြသည်။ ည ၉နာရီ ရွှေမင်းဝံရောက် ဆရာတော်များနှင့်စကားပြောပြီး ၁၁နာရီ လောက်မှာ အိပ်ကြသည်။

၁၃၃၁ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ 'ဗုဒ္ဓနေ့' အထိမ်းအမှတ်အဖြစ် နံနက် ၃နာရီခွဲထပြီး မျက်နှာသစ် ရွှေတိဂုံဘုရားလာ လေးနာရီရောက် လောကဝိဒူဂုဏ်တော် ဗုဒ္ဓဟူးအရပ်မှနေ၍ ဓမ္မခန္ဓာ ရှစ်သောင်း လေးထောင်စိပ်ရန် အဓိဋ္ဌာန်ပြုပြီး ၁၀၈ ပတ်စိပ်၏။ ၅ နာရီခွဲတော့ဖြို၍ မေတ္တာပို့အမျှဝေ၏။ နံနက်လင်း တော့ ဇဟန်းဈေးဆင်းပြီး စပယ်ပန်းတထောင်၊ ဇွန်ပန်းတထောင်၊ သပြေညွန့်တထောင်နှင့် နှင်းဆီပန်း ဖလ်ပြာပန်းတထောင်၊ အုန်းညွန့်တထောင်တို့ကိုကပ်ပြီး ရွှေတိဂုံဘုရားကို အနန္တာ၊ ဂဗ္ဘော၊ စရေ၊ ဝံသေ အရ ခါတ်ဖက်ပြီးလှူဒါန်း၍ ပုတီး ၁၀၈ပတ်စိပ်ပြန်၏။ ဖယောင်းတိုင်မီးတထောင်ကိုလည်း ပူဇော်၏၊ တိုင်းသူပြည်သားအတွက် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် အရပ်ရှစ်မျက်နှာကနေ ဦးသာ၊ စိန်ပန်း ဒန်းလှ၊ ကိုရှာ မိတ်ဖက်အရ ရေချမ်းအိုးတထောင် ကုန်းတော်ပေါ်က ဇောခိညောင်များ ရေသွန်းလောင်း လှူဒါန်း၏။ ဆုတောင်းပဋ္ဌာန်ပြု၍ မေတ္တာပို့အမျှဝေ၏။

ကျွန်ုပ်ကအမျှဝေလိုက်လျှင် ပုဂ္ဂိုလ်နှစ်ယောက် နောက်ကနေ သာဓုခေါ်၏။ လှည့်ကြည့်လိုက်တော့ တယောက်ကထွားထွား တယောက်ကအနေတော် ပန်းနုရောင်ခေါင်းပေါင်း တိုက်ပုံအင်္ကျီအဖြူ ပန်းနုရုံ အဖြူသုံးရောင် ဒေါင်စင်းတောင်ရှည်လုံချည် ပုဆိုးများဝတ်ထားကြ၏။ အသွေးတူ ဝတ်ထားကြ၏၊ အမည်များမေးကြည့်တော့ ဘိုးတော်ပြူး၊ ဘိုးတော်အေးတို့ ဖြစ်ကြောင်းပြောကြ၏။ ထိုပုဂ္ဂိုလ်များနှင့် တနင်္ဂနွေဒေါင့် ခေါင်းလောင်းကြီးဇရပ်တွင် ဆွေးနွေးမေးမြန်းစရာရှိတာ ဆွေးနွေးမေးမြန်း၍ပြီးလျှင် ပုဂ္ဂိုလ် နှစ်ယောက်လည်း သွားကြ၏။

ကျွန်ုပ်တို့လဲ ဦးတုံးဇရပ် ဆွမ်းစားလာကြ၏။ ဆွမ်းစားပြီး အရှေ့ဘက်ထွက်လာတော့ ရေကြည် တော် တန်ဆောင်းအနောက်ဖက် အပေါက်နားမှာ ဘိုးဥတ္တမနှင့် ဘိုးကိတ္တိတို့တွေ့၏။ လူများအခေါ် ရာကျော် ထိုပုဂ္ဂိုလ်ကြီးများ၏ ညွှန်ကြားချက်များကိုမှတ်သားပြီး ထိုပုဂ္ဂိုလ်ကြီးများနှင့်အတူ ရေကြည်တော် တန်ဆောင်းတွင် ရွှေတိဂုံဘုရားဖက်လှည့်ပြီး ပုတီးစိပ်ရန်ထိုင်ကြ၏။ ထိုတွင်းတောင်ဘက်မှ ဘိုးပြူး ဘိုးပွင့်တို့ ဝင်လာကြပြီး ကျွန်ုပ်တို့ ၅ ယောက် ပုတီး ၂၇ပတ် လောကဝိဒူဂုဏ်တော် စိတ်ကြပြီး အသီးသီးပဋ္ဌာန်ပြု၍ ကိုယ့်ဌာနကို ပြန်လာကြ၏။ ထိုနေ့က လောကဝိဒူ ပုတီးအရေအတွက် လုံးရေ ၃၆၅၄၀ ရ၏။

၁၃၃၁ ကဆုန်လဆုတ် ၁ ရက် နံနက် ၁ ချက်လောက် အိပ်မက် သည်မှာ အထပ်ပေါင်းများစွာဖြင့် ဆောက်လုပ်ထားသော ပြာသာဒ်တိုက်ကြီးတစ်ခုတွေ့ရ၏။ ထိုပြာသာဒ်ပေါ် တက်သွား၏။ ကျောင်းသူ ကျောင်းသားအရွယ်လောက် လူများပိုင်းပြီးကန်တော့ကြ၏။ ထိုနောက်ခေါင်းပေါင်းစနှင့် လူကြီးများ

...န်တော့၏။ ကျွန်ုပ်က ကန်တော့ခံပြီး ထိုတိုက်ပေါ်မှဆင်း၍လာ လူများကဝိုင်း၍ အလိုရှိတာများမေးမြန်း လျှောက်ထားကြ၏။ ကျွန်ုပ်ကသူတို့ မေးသမျှဖြေကြားပြီး ကျောင်းပြန်လာ၏။ ထိုတွင်နိုးလာ၏။ နံနက် ...နာရီလောက် မာရ်အောင်ဆရာတော် ဦးညြဘာသ၊ ရွှေမင်းဝံဆရာတော်၊ ကျွန်ုပ် ပေါင်းလေးပါး ဦးဝင်း ...က် ဆွမ်းစားသွားကြ၏။ ထိုကအပြန် ရွှေတိဂုံဘုရားဝင်ဖူးပြီး ဓမ္မစကြာရွတ်၍ ပူဇော်ပြီး ကျောင်းပြန်ကြ၏။

ကဆုန်လပြည့်ကျော် ၂ ရက် ရွှေမင်းဝံမှာ အာရုဏ်ဆွမ်းစားပြီး နေ့ဦးမောင်မောင် ဒေါ်ခင်လှ တိုက်နံပါတ် ၁၀၇ ဗိုလ်တထောင်ဘုရားလမ်းမှာဆွမ်းစား၊ ထိုကရွှေတိဂုံဘုရားလာ ပုတီးစိပ်၏။ ထိုနေ့က ဓမ္မခန္ဓာ ၈၄၀၀၀ ပြီးသောနေ့ဖြစ်၏။ ကဆုန်လပြည့်ကျော် ၃ ရက် စနေနေ့ အာရုဏ်ထပြီး နံနက်ငါးနာရီ ရွှေတိဂုံလာ ပုတီးစိပ်၊ မြေခါတ်တက်၊ အဓိဋ္ဌာန်စိပ်ပြီးသောအခါ ကမာရွတ် ဂျူးလူမျိုး အိမ်ဆွမ်းစားသွား ရှစ်နာရီလောက်ဆွမ်းစားပြီး ပဲခူကားဆိပ်လာ ကားစီးနှစ်ချက်ခွဲပဲခူးရောက် ကလျာဏီသိမ် ရွှေသာလျောင်း မဟာစေတီဘုရားရှင်များကိုရောက်သော် လောကဝိဒူ မြေခါတ်အဓိဋ္ဌာန်တက်ကြောင်း လျှောက်ထားပြီး ဘုရားတဆူ ၂၇-ပတ်စီစိတ်၍ပြန်လာကြပြီး ရွှေမော်ဓောဝင် အဓိဋ္ဌာန်ပြုစိတ်၊ ၎င်းကမှ ရွှေဘုန်းဆင့် ကျောင်းသွား တညအိပ်၊ ရွှေမော်ဓောဘုရား ည ၇ နာရီလောက်သွား ပုတီး ၁၀၈ပတ်စိပ် ကျောင်းပြန်အိပ် ကြပြီး ၄နာရီပဲခူးဘူတာလာ ရထားစီး။

လဆုတ်လပြည့်ကျော် ၄ ရက်နံနက် ၇ နာရီရောက်၏။ ရွှေတိဂုံဘုရားဝင်ဖူး ပုတီးစိတ် ၉နာရီ ရှမ်းဝိုင်းအိမ်ဆွမ်းစားပြီး ကျောင်းပြန်၊ ညရွှေတိဂုံဘုရားပုတီး ၁၀၈ပတ်စိတ်၊ လောကဝိဒူဂုဏ်တော် ၄ရက် အတွက်ပုတီး ၂၁၉၇၀၀ရ၏။ ၁၃၃၁ခု ကဆုန်လပြည့်ကျော် ၅ ရက်တနင်္လာနေ့ အာရုဏ်ထ ဝတ်တက် ပုတီးစိတ်ဆွမ်းစား၊ နေ့ဆွမ်းလဲ ရွှေမင်းဝံမှာစား ညနေ ၃နာရီလောက် ၁၁ လမ်းထိပ် အာယုဆေးတိုက်ပိုင်ရှင် အမှတ် ၂၂၀ ကျုံးကြီးလမ်း လမ်းမတော်မှာ ခေတ္တသွား၊ ထိုက ရွှေတိဂုံသွား ပုတီးစိတ် ၁၀၈ စိတ်၊ ည ၉ နာရီမှ ဘုရားမှကျောင်းပြန်အိပ်။

ကဆုန်လပြည့်ကျော် ၆ ရက်အင်္ဂါနေ့အာရုဏ် ရွှေမင်းဝံမှာစား၊ နေ့ဦးဝင်းအိမ် ဆွမ်းစား-၎င်းက ရွှေတိဂုံဘုရားဖူး ပုတီးစိပ်၊ ပုတီး ၂၅၁၅၈၀ ရရှိ၍ မြေခါတ်ပြီးကြောင်း လျှောက်ထား ၊ ကဆုန်လဆုတ် ၇ရက် ဗုဒ္ဓဟူးနေ့ အာရုဏ်ထပုတီးစိပ် နေ့ ဖဆပလကွက်သစ် ဆွမ်းစားသွား ၎င်းကဆယ်ရက်နေ့ ထွက်မည် ရထားလက်မှတ်ယူပြီး ဆူးလေဘုရားလာ ပုတီးစိပ်၊ ထိုဆူးလေဘုရားတွင် လောကဝိဒူဂုဏ်တော် ရေခါတ် တက်ကြောင်း အဓိဋ္ဌာန်တက်စိတ်၊ ၄၅ပတ်စိတ်ပြီးလျှင် ကြို့ကုန်း ဝိဇယျာသိပ္ပံကျောင်းက ပင့်ထား၍ သွားပြီး ညအိပ်၏။ ကဆုန်လဆုတ် ၈ ရက် အာရုံဆွမ်း ၎င်းမှစား၊ နေ့ဆွမ်း ဒေါ်တင်လှအိမ်စား - ရွှေတိဂုံဝင်ပြီး ပုတီးစိတ်။ ညနေ၅နာရီ ကျောင်ပြန် အလ္လာပ သလ္လာပ ပြောကြပြီး ည၁၀နာရီခွဲလောက်အိပ်။

ကဆုန်လဆုတ် ၉ ရက်နေ့နံနက် တချက်လောက်အိမ်မက် - ရေပေါ်မှာတင်ပလ္လင်ခွေ၍ ထိုင် နေရ၏။ ရေထဲမှာ ဘယ်လိုလုပ်လုပ် လူကိုရေမစိုစွတ်ကြောင်းမက်၏။ ကဆုန်လဆုတ် ၉ရက် အာရုဏ်ဆွမ်း စားပြီး သုံးဘီးနှင့် ဗိုလ်တထောင်ဘုရား၊ ၉ထပ်ကြီး ၊ ကမ္ဘာအေးသိမ် ၊ လှိုင်ဂူတော်၊ ကျိုက်ကဆံ ဘုရာများ ဖူးပြီး နေ့ဆွမ်းဒေါ် ရှမ်းဝိုင်းအိမ်စားပြီး ဦးဝင်းအိမ် နံနက်ဖြန်ပြန်မည်အကြောင်း နှုတ်ဆက်၍ ရွှေတိဂုံဘုရား ဝင်ဖူး ပုတီး ၁၀၈ပတ်စိတ် ကျောင်းပြန်။ ထိုညကရွှေမင်းဝံကျောင်း သဘော်ဦးဘုရား ၊ ရောင်ခြည်တော် ဝင်ဖူး ပုတီး ၁၀၈ပတ်စိတ် ကျောင်းပြန်။ ထိုညကရွှေမင်းဝံကျောင်း သဘော်ဦးဘုရား ၊ ရောင်ခြည်တော် လွှတ်တာ ဖူးခဲ့ရ၏။ ထို့အတူ ကျိုက္ကဆံဘုရား၊ ရွှေတိဂုံ ဘုရားများလည်း ရောင်ခြည်တော် လွှတ်ကြောင်း လွှတ်တာ ဖူးခဲ့ရ၏။

၁၇ နိုင်သီးနေတာ သွားကြည့်ခဲ့၏။ ဘုရားများ
ကြားသိရ၏။ သာကေတမှာလဲ ငှက်ပျောတစ်ပင်ထဲက ၁၇ နိုင်သီးနေတာ သွားကြည့်ခဲ့၏။ ဘုရားများ
ကြားသိရ၏။ သာကေတမှာလဲ ငှက်ပျောတစ်ပင်ထဲက ၁၇ နိုင်သီးနေတာ သွားကြည့်ခဲ့ရ၏။

ကဆုန်လဆုတ် ၆ရက်နေ့ကစ၍ ရောင်ခြည်တော် လွှတ်ကြောင်းသိခဲ့ရ၏။ ... ပုတီးစိတ်၊ ၄ နာရီခွဲ ဘူတာကြီး

ကဆုန်လဆုတ် ၁၀ရက် နံနက် ၃ နာရီခွဲထ၊ ဘုရားရှိခိုး ပုတီးစိတ်၊ ၄ နာရီခွဲ ဘူတာကြီး လိုက်ပို့ကြသော သံဃာများ နှုတ်ဆက်
၅နာရီလောက်ဘူတာကြီးမှာ လက်ဘက်ရည်သောက်ကြပြီး လိုက်ပို့ကြသော သံဃာများ နှုတ်ဆက်
ရထားပေါ်တက်၏။ ဘုန်းကြီးများလည်းပြန်သွားကြ၏။ ရထားလဲ ၆နာရီထွက်၏။ လမ်းတစ်လျှောက်
ပုတီးစိတ်လာ၏။ နေ့ ၁၁း၁၅နာရီတောင်ငူရောက်၊ ၁ချက်ခွဲပျဉ်းမနားရောက်၊ ၄နာရီလောက်တွင် သာစည်
ရောက်၏။ လမ်းတွင် ရန်ကုန်ကဒကာမကြီးတစ်ယောက်က ဆွမ်းကပ်၏။ မန္တလေးဘူတာကြီးတွင် ၆နာရီ
ရောက်၏။ ကျောင်းကို ၇နာရီရောက်၏။ ထိုနေ့ကပုတီးစုစုပေါင်းမှာ ၂၅၁၃၂၀ ရ၏။

ကဆုန်လဆုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့၃နာရီလောက်မီးပူဇော်ဘုရားရှိခိုး အဓိဋ္ဌာန်ပုတီးစိတ်
နေ့ပုတီးစိတ်နေစဉ် နားထဲမှာပြောသော အသံတစ်သံ ကြားရ၏။ ပြောသွားသောစကားမှာ ဓါတ်ဘဲက
ကစား၊ အင်းဘဲကစားကစား၊ ဂါထာဘဲရွတ်ရွတ် အားလုံးရရှိနေပါပြီဟု ပြောသွား၏။ နေ့ ၂ချက်လော
ဗိုလ်မှူး ကတော် ဒေါ်ရင်ရင်မေတို့လာကြ၏။ ပုတီးစိတ်ကြ၏။ ၄နာရီလောက် ပြန်သွားကြ၏။ ကျွန်ုပ်လည်း
ညနေ ၆ နာရီလောက် ဘုရားဖူးထွက် မိဋ္ဌာန်ပုတီးစိတ်၏။ ကဆုန်လဆုတ် ၁၂ရက်နံနက် အာရုဏ်
ကိုယ်လက်သုတ်သင်ပြီး ပုတီးစိတ်၊ မီးပူဇော်၊ လေးစု ဆွမ်းစားသွား ကိုသွင်က အောင်မြေပုတီးစိတ်
ဤဂါထာပြောသွား၏ ဟုလျှောက်၏။ ဂါထာကား-

**စဂါရဝေါစနာထဿ။ သဂါရဝေါစနာထဿ။**

ထိုဂါထာ၏အဓိပ္ပါယ်မှာ လူနတ်တို့၏ရှိသေခြင်းနှင့်တကွ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာ
ဘုရားဟု အဓိပ္ပါယ်ရကြောင်း ပြောပြလိုက်၏။ ကဆုန်လဆုတ် ၁၃ ရက် အင်္ဂါနေ့နံနက် ၁ချက်လော
အိပ်မက် ၏။ ဓါတ်လုံးဆန်းတလုံး ဘုန်းတော်ကြီးတပါးက ပေးလာ၏။ ရေမြောင်းကြီး တခုထဲမှာလည်
တည့်တည့်လျှောက်သွားနေရ၏။ တော်တော်လေးသွားမိလျှင် ကွေ့သလိုလို ဖြစ်သွားသေး၏။ ဆက်သွား
သော် ရေမြောင်းကြီးဆုံးသွားပြီး ဗိမာန်ကြီးတခုတွေ့၏။ ဗိမာန်ကြီးတခုထဲလဲ ဝင်သွားရော ပလ္လင်
တွေ့၍ကျွန်ုပ်ကတက်ထိုင်လိုက်၏။

ထိုအခါနတ်ကညာများ ရုတ်တရက်ပေါ်လာကြပြီး ဝိုင်းဖြိုးကကြ၏။ ကောင်းကင်ကလဲ နတ်ကိုယ်
တပိုင်းသာ မြင်ရသောနတ်က သူ့လက်ထဲမှာ ကိုင်ထားသောလက်ယာရစ် အောင်ငွေခရုဖြင့် ရေသွန်း
ကျွန်ုပ်ခေါင်းပေါ်သွန်းချ၏။ ရေပန်းကလေးများဖြာပြီးကျလာ၏။ အလွန်အေးမြ မွှေးကြိုင်၏။ ထို
နိုးလာ၏။ နာရီကြည့်လိုက်တော့ ၃နာရီလောက်ဖြစ်၏။ ထပြီးကိုယ်လက်သုတ်သင်၍ ပုတီးစိတ်
တက်ပြီး ယာဂုသောက် ဘုရားဖူးထွက်၏။ ထိုနေ့ကပုတီးပတ် ကြည့်လိုက်တော့ ၄၇၅၈၀၀ ရနေသ
ရေခါတ်ပြီးကြောင်း ပြသောအိပ်မက်ဟု ကောက်ယူလိုက်၏။

ကဆုန်လဆုပ် ၁၄ ရက် ဗုဒ္ဓဟူးနေ့ ပုတီးအရေအတွက် ၅၄၇၉၆၀ ရ၍ ည ၁၀ နာရီခွဲလော
အပို ၆၀၀၀ ယူ၍လေခါတ်တက်၏။ ကဆုန်လကွယ်နေ့ နံနက်တစ်ချက်လောက်အိပ်မက်၏။
နှစ်လက်မလောက်ရှိသော အလည်ခေါင်တွင် အပေါက်ပါသော သံပြားဝိုင်းကလေးများ တပုံကြီးတွေ့
ထိုသံပြားဝိုင်းကလေးများကို ကြည့်ပြီး အင်း . . ငါပြည့်ဝဝကြီး ပေါက်မြောက်တာပဲဟု ပါးစပ်က

ရွက်ပြီး ပြောလိုက်တော့ ထိုသံပြားဝိုင်းကလေးတွေက မှန်တယ် . . မှန်တယ်၊ အောင်ပါပြီ . . အောင်ပါပြီဟု ဗိုင်းတော်ကြ၏။ သူတို့က အောင်ပြီဆိုပေမယ့် ငါအလုပ်လုပ်မှ အောင်သည်ထက်အောင်မှာ စိတ်သဲက အောင့်မေ့ပြီး အနောက်ဆောင်ခါတ်ခန်းထဲ ပုတီးစိတ်ရန်ဝင်သွား၏။ အဓိဋ္ဌာန်ပြုပြီး ပုတီးစိတ် ၍ ဘုရားကိုအာရုံပြုလိုက်တော့ ပန်းအိုးတင်ထားသော ကလပ်ပလ္လင်ကြီးပေါ် ရွှေတိဂုံစေတီကြီးကို ဖူးတွေ့ ရ၏၊ ရွှေများလည်း ဝင်းမှည့်နေ၏။ လောကဝိဒူ ဂုဏ်တော်ဂါထာကိုဆိုပြီး ပုတီးစိတ်တော့ ငါ၏ချစ်သား သိချင်တာကို အာရုံပြုလှူင်ရပြီ ရွှေတိဂုံဘုရားကြီး မိန့်တော်သံကိုကြားရ၏။ ထိုအခိုက် နိုးလာ၏။

နယုန်လဆန်း ၁ရက်သောကြာနေ့ နံနက်တချက်လောက် အိပ်မက် - မြသိန်းတန်ဘုရားက ကျွန်ုပ်ကို ဝစ်သူကြီးအဝတ်အစားဝတ်ပေးရန် လူတယောက်ကို ခိုင်းနေ၏။ ထိုအခိုင်းခံရသော လူတယောက် က မှန်ကြီးတချပ်ယူလာပြီး ဒီမှန်ကြီးကိုကြည့်နေပါဟုပြော၍ ကျွန်ုပ်ကကြည့်နေ၏။ ကျွန်ုပ်ပုံမှန်ထဲ ပေါ်နေ၏။ ထိုမှန်ထဲပေါ်သော ကျွန်ုပ်ပုံကို ခေါင်းကနေမှင်တန်ဖြင့် လိုက်ထပ်နေ၏။ ခေါင်းပိုင်ထပ်ပြီး သွားလျှင် ကျွန်ုပ်ခေါင်းမှ ဗန္ဓုလခမောက် ဆောင်းပြီးသားဖြစ်နေ၏။ တကိုယ်လုံးမှန်တွင်ပေါ်သောပုံကို ထပ်ပြီးသွားလျှင် ကျွန်ုပ်တကိုယ်လုံး အိမ်ရှေ့မင်းဝတ်သော ဗန္ဓုလအဝတ်အစား ဝတ်ဆင်ပြီးသားဖြစ်နေ၏။ နဝရတ်စီချယ်ထားသော ဆောင်ခါးလည်း လွယ်ပြီးသားဖြစ်နေ၏။ ထိုအခါမြသိန်းတန်ဘုရာက "ဒါနှင့် မတင်းတိမ်နဲ့ ကျန်ဂုဏ်တော်များလဲ ဆက်ပြီးစိတ် ရှေ့တဆင့်ငါပေးအုံးမယ်"ပြောသောအခါ ဆက်စိပ်ပါမည့် အကြောင်း မြသိန်းတန်ဘုရား ရှေ့တော်တွင် အဓိဋ္ဌာန်ပြုလိုက်၏။ ဘုရာက သာဓု . . သာဓု . . သာဓု သုံးကြိမ်ခေါ်၏။ ထိုတွင်နိုးလာ၏။

နယုန်လဆန်း ၂ ရက် ညတချက်လောက်အိပ်မက် -အရှင်နန္ဒိယကလက်မှတ်ပါသဖြင့် လေယာဉ် ပေါ်တက်ခွင့်ပြု၏။ ကျွန်ုပ်ကလည်းပါတော့ ကျွန်ုပ်ကိုပါတက်ခွင့်ပြု၏။ လေယာဉ်ကအမိုးမပါ။ ထိုင်ခုံများက လူတွေပြည့်နေ၏။ လေယာဉ်ထွက်ရန် အမိန့်ပေးသောသူက လေယာဉ်ကိုမောင်းတံပေါ်တင်၍ ရှေ့တိုး နောက်ဆုတ် မောင်းတံကြီးကိုပြုလုပ်နေပြီးမှ လေယာဉ်ကိုအရှိန်နှင့် လွှတ်လိုက်၏။ လေယာဉ်ကြီး ထိုးတက် ပျံသွားတော့ ကျွန်ုပ်နှင့်အရှင်နန္ဒိယတစ်စင်း ကျန်လူများက တစ်စင်းဖြစ်နေ၏။ လူများစီးကြသော လေယာဉ် က နောက်ကျနေရစ်၏။ ကျွန်ုပ်တို့စီးသောလေယာဉ်က လေကဲ့သို့လျှင်မြန်ပြီး တိမ်ညွန့်ထဲ ထိုးတက်သွား၏။

အပြာရောင်ကောင်းကင်ကြီးလဲဆုံးရော ကျယ်ပြန့်သော ဘုံဗိမာန်ရှိသော နေရာအပြင်ကြီးပေါ် လေယာဉ်ကျသွား၏။ အရှင်နန္ဒိယက 'လာလာ. . . ဒါဟာတာဝတိံသာနတ်ပြည်ဆိုတာဖြစ်တယ်။ သိကြားမင်းနှင့် ကိုယ်တော်ကို မိတ်ဆက် ပေးရအုံးမယ်ဆိုပြီး သူကလမ်းပြခေါ်သွား၏။ ဘုံအဆောင်ဆောင် များထဲမှာ နတ်သမီးများက ကျွန်ုပ်တို့ကို ထွက်ကြည့်ပြီး လက်အုပ်များချီပြီး ရှိခိုးနေကြ၏။ သိကြားမင်းက ရှေ့ကကြိုနှင့်နေ၏။ ကြွတော်မူကြပါဘုရား ဆိုပြီးလက်အုပ်ချီ၍ နေရာကိုညွှန်ပြ၏။ ကျွန်ုပ်လဲသိကြားမင်း ညွှန်ပြသော ပလ္လင်ပေါ်တက်ထိုင်လိုက်ကြ၏။ ထိုအခါ သိကြားမင်းက "ပရာဘဝသုတ်တော် ရပါသလား ဘုရား" ဟုမေး၍ ကျွန်ုပ်ကရကြောင်းပြန်ဖြေ၏။ "နိဒ္ဒါသီလီ အပုဒ်ဟောပါဘုရား" ဆို၍ ကျွန်ုပ်ကဟော၏။

နိဒ္ဒါသီလီ-သဘာသီလီ-အနုဋ္ဌာတာစ၊ ယောနရော-အလသော-ကောဓပညာနေ

တံပရာဘဝတော - မုခံ = အအိပ်လည်းကျူး၏။ ပွဲလမ်းသဘင်လဲ ကြည့်ရှုကျူး၏။ ထကြွလုံ့လ လဲမရှိ၊ အကြင်သူသည် - ပျင်းလည်းပျင်း၏။ ထင်ရှားသောအမျက်လည်းရှိ၏။ ထိုသူသည် ပျက်စီးခြင်း

အကြောင်းတည်းဟု ကျွန်ုပ်ကပောတော့ သိကြားမင်းကသာစုသုံးကြိမ်ခေါ်၏။ ဘယ်အလုပ်မဆို ဒီအတိုင်း ချည်းပါဘုရား ဟုလျှောက်ထားပြီး နတ်ပြည်ကိုနှံ့အောင်လိုက်ပြ၏။ နတ်ပြည်ကြည့်ရင်းကြည့်ရင်း ကျွန်ုပ်ကျောင်း ရောက်လာ၏- ကျွန်ုပ်လဲနိုးလာ၏။ ထိုနေ့က ပုတီးခုရက်ပေါင်း ၂၅၃၈၀ ရသောနေ့ဖြစ်၏။

နယုန်လဆန်း ၆ ရက်ဗုဒ္ဓဟူးနေ့ နံနက် တချက်လောက်**အိပ်မက်** - ပန်းရောင်နှင့်အဖြူရောင် ရောယှက်နေသော နှင်းဆီလိုလို စဓဗဝ ၄လုံးထပ်ပုံ ရွှေချည်နှင့်ဖေါင်းပွခြင်းမရှိပဲ ယက်ထားတာတွေ့ရ၏။ ထိုအဝတ်ကိုကိုင်ကြည့်ပြီး မေးတော့- ဒီအဝတ်က သူရဿတီအတွက်ဟုပြော၏။ ထိုဖြေသောလူက အရှင်ဘုရားလို ပုတီးစိတ်သော ပုဂ္ဂိုလ်များတော့တွေ့ရမှာပါ - လူဆိုရင်တော့ ဥပါးသီလစောင့် ပုတီးစိပ် သက်သက်လွတ်စားဆိုရင် ပုတီးအားကောင်းသောအခါတွေ့နိုင်ပါတယ်။ မိန်းမနဲ့ယောကျ်ားနဲ့ နေတဲ့ လူများတော့ မတွေ့နိုင်ပါ။

ကျွန်ုပ်ကဒါဖြင့် သူရဿတီဓါတ်စီးတယ် ဆိုတဲ့ လူများကတော့ ဘာသဘောလဲ လို့မေးတော့ ဒါက လမိုင်းနတ်တွေ လှည့်ကွက်ပါ။ လမိုင်းရှုး၊ နတ်ရှုးတွေက အကြားအမြင် ပောနေကြသောခေတ် ဘုရား၊ ကိုယ်တော်လဲ အဲလိုမပောပါနဲ့ အဲလိုပောဒါကို ကျေနပ်နေရင် မပေါက်မြောက်တော့ဘူးမှတ် ဟုပြောပြီး ထိုလူကကြည့်ကြည့်ဆို၍ သူလက်ညိုးညွှန်ရာ ကြည့်လိုက်တော့ သူရဿတီ ကောင်းကင် က လာနေကြောင်းတွေ့ရ၏။ သူရဿတီက ကိုယ်တော်လေး ပုတီးကိုသာစိပ်နေနော် " မြင်တိုင်းလဲ **မကြည့်နဲ့ ကြားတိုင်းလဲမထောင်နဲ့ သိတိုင်းလဲမပြောနဲ့** အဲဒီသုံးခွန်းမှတ်ထားပါ။ ဒီဂါထာကိုလဲ အရှင်ဘုရား ကျက်ထားပါ။

> အွမ်-မ် မန္တိပတ်မာ၊ ဟမ်-မ် ဂတေဂတေ။ ပါရဂတေ- ပါရဆန်ဂတေ၊ ဗောဓိဆွာဟ။
>
> အွမ်-မ် အရဟံ- ဗုဒ္ဓေါ- ဓမ္မော-ဂိုနော- သံဃော။ မာတာ၊ ပိတော- အာဂရိယဂုဏော၊ ဆဒ္ဒိတော ကွဟိတော။

သူရဿတီရွတ်ပေးသောဂါထာကို သူရွတ်ပြသောအသံအတိုင်း လိုက်ရေးပြီးထားလိုက်၏။ ကိုယ်တော်လေးက ရေထားပေမဲ့ မေ့ခြင်မေ့နေအုံးမှာ စာရွက်ပေးပေးဆိုပြီးပေးလိုက်၏။ စာရွက်ပေါ် ရေးပေးသွား၏။ "သူရဿတီလဲ ပျောက်ကွယ်သွား၏"။ ကျွန်ုပ်လဲ တုံးကြီးသံကြားတာနဲ့ နိုးလာ၏။ ဤအိမ်မက် မှတ်တမ်းရေးလိုက်၏။ ဂါထာကား မမှတ်မိသလိုဖြစ်၍ ရေးတော့ပေးသွားတာပဲဆိုပြီး ဘေးနား က မှတ်တမ်းရေးရန်ထားသော စာအုပ်ထဲ လှမ်းလျှောရှာ၏။ ထိုစာအုပ်ထိပ်ဆုံးမှာ ဤဂါထာရေးထားတာ တွေ့ရ၍ အလွန်အံ့သြပြီး ဤအိပ်မက်အစဉ်ထဲ ထည့်ရေးလိုက်ပါ၏။ ၇ရက်တွက်ပုတီးမှာ ၅၀၄၀၂ ရ၏။

နယုန်လဆန်း ၇ ရက် ကြာသာပတေးနေ့ နံနက်ကစ်ချက်လောက် **အိပ်မက်**- တောကြီးတတော ထဲ ရောက်သွား၏။ အလွန်သာယာ၏။ ရေအိုင်ကြီးများလည်းရှိ၏။ တောကျေးငှက် သတ္တဝါကြီးငယ်တို့ ကွန့်မြူးနေကြ၏။ ထိုရေအိုင်ကြီးဘေးမှာ ပတ်ပြီးလျှောက်သွားတော့ ကလပ်ပုံအဆောက်အဦးကြီး တစ်ခု တွေ့ရ၏။ အဆောက်အဦးကြီး၏ဧရိယာမှာ အလျှား၊ အနံ အတောင်၂၀၀ လောက်ပတ်လည်ရှိမည် ထင်၏။ အမြင့်လည်း ထိုလောက်မြင့်မည်ထင်၏။ ထိုအဆောက်အဦးကြီး ပတ်လည်မှာလည်း ကျောင်းများ

ပုံစံအမျိုးမျိုးဖြင့် အကြီး၊ အသေး ၅၀လောက်ရှိမည်ထင်၏။ နေသူများကတော့မရှိကြပါ။ ကလပ်အဆောက်အဦးကြီးပေါ် ကျွန်ုပ်ကတက်ကြည့်၏။ အဆင့်တိုင်းလိုလို ဆန်းကျယ်သော ပန်းဆွဲများဖြင့်တန်းဆာဆင်ထား၊ ရွှေစိန်ချယ်ထား၏၊ နတ်ရုပ်များမှအပ ဘာရုပ်မှမတွေ့ရပေ။

အထက်ထပ်ထိအောင် တက်သွားတော့ မတ်တော်မူ - မန္တလေးခေတ်ပုံစံ လူနှစ်ရပ်လောက်ရွှေသားဘုရား တစ်ဆူတွေ့ရ၏။ ထိုဘုရားကိုဖူးပြီး ပုတီးစိတ်၏။ အဆောက်အဦးကြီး အတွင်းပတ်လည်တူရိယာသံများ ကြားလာရ၏။ တော်တော်ကျယ်ကျယ်ကြားရ၏။ လှောင်ပြောင်သလို ရယ်သံများလည်းကြားလာရ၏။ ထိုအသံများကို ဂရုမစိုက်ဘဲ ပုတီးကိုသာ ဆက်စိတ်နေ၏။ ကိုယ်တော်လေးက အိမ်ခြေကြီးတခွဲသားလောက်နဲ့ တယ်ပြီးကြိုးစားစိတ်နေပါလား တပည့်မလေးတို့ကို ရှုစားတော်မူပါအုံးဘုရားဟုပြောနေသော မိန်းမများ၏အသံကြားလာရ၏။ အသံရှင်များ ဆယ်ဦးထက်မနည်း ရှိမည်ထင်၏။ ကျွန်ုပ်စိတ်ထဲတွင် အဖျက်တွေဘဲဟု ယူဆပြီး ဆက်စိတ်နေ၏။

ပုတီးပတ်ပြီးခါနီးလောက် ဘုရားက မိန့်တော်မူသည်မှာ 'ချစ်သား . . လူသူမရှိသောနေရာ ဖြစ်ပြီးဘုရားရုပ်ပွားတော်ရှိသော နေရာဖြစ်ပေမဲ့ အခြေအနေ သဘောတရားများလေ့လာပြီး စိတ်သင့်မှစိတ်ပါ။ ချစ်သား . . ဒီနေရာဟာ သိုက်နန်းရှင်တို့ရဲ့ နေရာဖြစ်တယ်။ သတိပြု၍ ပုတီးစိတ်လော့' ဟု ဘုရားမိန့်သံလရပ်ရော ကျွန်ုပ်လဲ ပုတီးပတ်ပြီးပါတော့သည်။ ပုတီးပတ်ပြီးတော့ ဘုရားကိုဝတ်ချပြီး မေတ္တာပို့အမျှဝေလိုက်၏။ ရီသံများကြားလာရပြန်၏။ ကျွန်ုပ်သည်ထိုရီသံများကို ဘယ်လိုမှပဓာနမပြုဘဲ ထိုကလပ်အဆောက်အဦးကြီးပေါ်က ဆင်းလာခဲ့၏။ အထပ်ထပ် လှေခါးပေါ်များတွင် ပေါင်လုံးလောက် မြွေကြီးများကန့်လန့်ဆီးနေကြ၏။ ကျွန်ုပ်က ထိုမြွေကြီးများကို ဂရုမစိုက်ဘဲ ကျော်လွှားပြီး ဆင်းလာခဲ့၏။ အောက်လဲရောက်ရော ဘိုးတော်တစ်ပါးက အသင့်စောင့်နေတာ တွေ့ရ၏။

ကျွန်ုပ်က အားတက်သရောသွားပြီး ဘိုးတော်နာမည်က ဘယ်လိုခေါ်ပါသလဲဟု မေးသောအခါဘိုးခင်လို့ ခေါ်ပါတယ်။ ဒီနေရာဟာ တော်တော်ကြမ်းတဲ့ နေရာဖြစ်လို့ ကိုယ်တော်လေးကို လာစောင့်နေတာပါ။ လာလာကိုယ်တော်လေး ကျွန်ုပ်လဲလိုက်သွား၏။ မြစ်ကြီးတစ်ခုနား ရောက်ကြ၏။ ဘိုးခင်ကရေပေါ် လမ်းလျှောက်သွား၏။ ကျွန်ုပ်ကလည်း ဘိုးခင်ခြေရာအတိုင်းထပ်ပြီး လမ်းလျှောက်လိုက်သွား၏။ တဘက်ကမ်းလည်းရောက်ရော ကျွန်ုပ်လည်းနိုးလာ၏။ နာရီကြည့်တော့ ၃နာရီခွဲလောက်ရှိ၏။ နယုန်လဆန်း ၁၃ရက်နေ့ လောကဝိဒူ ပုတီး ၁၀၁၀၁၀၀ရ၍ လေဓာတ်ပြီးကြောင်း လျှောက်ထားပြီး သိဒ္ဓိတသိန်းစိတ်၏။

နယုန်လပြည့် "မဟာသမယနေ့" ကျင်းပ၏။ သံဃာ ၉၀ မုန့်ဟင်းခါးကျွေး၏။ လူ ၅၀၀ ကျော်မုန့်ဟင်းခါးကျွေး၏။ ရန်အောင်မြင်ဆရာတော်က မဟာသမယသုတ် အနက်ရွတ်၏။ ကျွန်ုပ်က သီလပေးတရားဟော၏။ ညနေ၄နာရီမှာ ပြီးစီးအောင်မြင်သွား၏။ ည ၇နာရီမှာ အပို ၂၅၀၀၀ ယူ၍ မီးခါတ်တက်၏။ ပုထိုးတော်ကြီး၊ ဂူကြီး၊ အောင်မြေ၊ ကြေးဘုရားကြီး၊ တောင်မင်းကြီးဘုရားတို့ကို မီးခါတ်အဓိဋ္ဌာန်တက်ကြောင်းလျှောက်ပြီး ဘုရားတဆူလျှင်ပုတီး ၂၇ ပတ်စီစိပ်၏။ ည ၁၀ နာရီမှ ကျောင်းပြန်ရောက်၏။

နယုန်လဆုတ် ၃ ရက် တနင်္လာနေ့နံနက် တချက်လောက် အိပ်မက် - ရထားတစင်း ခုတ်မောင်းသွား၏။ မြို့တမြို့ အဝင်ကြတော့ရပ်နေ၏။ နောက်တစင်းက အရှိန်နှင့်မောင်းလာ၍ တွန်းပေး၏။

ထိုရပ်နေသောရထားပေါ် ကျွန်ုပ်တို့ပါ၏။ နောက်ရထားကတွန်းပေးမှသွားနိုင်၏။ ထိုအိမ်မက်ကို ကောက်ချက်ချလျှင် နက်ဖြန်သွားမဲ့ ခရီး ရထားနှင့်သွားမည်ဖြစ်သောကြောင့် ရထားပျက်မည့် အကြောင်းဟု ကောက်ယူလိုက်၏။

နယုန်လဆန်း ၄ရက် အင်္ဂါနေ့ ၄နာရီ ဆီမီးပူဇော်ပုတီးစိပ်၊ ပိန်းတန်းဘူတာ ၆နာရီရထား လက်မှတ်ယူ ၆ ခွဲရထားထွက် ၇ နာရီခွဲရွာတောင်ရောက်၏။ ရထားပျက်နားနေ၊ ထိုနောက်ကောင်းမှ တော်ကြီးဘူတာ ရထားတခါပျက် နားပြင်၊ နံနက် ၉နာရီခွဲ ညောင်ပင်ဝန်းရောက် ရှေ့ဆက်လက်မခုတ်နိုင်၍ မန္တလေးက ရထားစောင့်နေရ၏။ နေ့ ၁၂ နာရီခွဲ ရထားလာ၍ ထိုရထားကိုပြောင်းစီး မုံရွာ ၂ ချက်ရောက် ၂ နာရီနှင့်မိနစ် ၂၀ ညောင်ပင်ကြီးဆိပ်ကမ်းဘက် မော်တော်စီး၊ သုံးနာရီခွဲမော်တော်ထွက် လေးမတ်တင်း ညောင်ပင်ကြီး ဆိပ်ကမ်းရောက်၊ ညနေ ၅ နာရီခွဲထိ ကားစောင့်မလာ၍ ညောင်ပင်ကြီးက ဓမ္မိကာရာမကျောင်း တညအိပ် အာရုံဆွမ်းစားပြီး ကားဆိပ်လာ။

၁၃၃၁ ခု နယုန်လဆုတ် ၅ ရက်ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ပခုက္ကူကားထွက် ညနေလေးနာရီ ပခုက္ကူရောက်၊ ဆိုက်ကားစီး၍ ကိုမိုးနှောင်းအိမ်လာ ၅ နာရီ ၁၅ မိနစ် ကိုမိုးနှောင်းအိမ်ရောက်နား၊ ည ၇ နာရီခွဲသီဟိုရှင်ဘုရား မြင်းလှည်းဖြင့်သွားဖူး ပုတီး ၅၄ပတ်စိတ်ခဲ့၏။ ကိုမိုးနှောင်းအိမ်ပြန်အိပ်၊ ကဆုန် လဆုတ် ၆ ရက် နံနက်အာရုဏ်ထ ဘုရားရှိခိုး ပုတီးစိပ်ပြီးဆွမ်းစား နံနက် ၆ နာရီခွဲကားမမှီ၍ ပေါက်လမ်း ဆိုက်ကားနှင့်သွား ကားစောင့်၊ ကိုးနာရီကားစီး ၁၁ ခွဲရေပြာရောက် ဆွမ်းစား၊ နေ့ဆွမ်းစားပြီး ရေပြာမှ ပေါက်သွားမည့်ကားစောင့် ၁၂ နာရီ ၁၅ ပေါက်သွားမည့်ကားစီး ၂ ချက် ပေါက်တဖက်ချောင်းထိပ်ရောက် ကားက သဲနစ်နေ၍ ခြေလျင်လျှောက်၍ လောကဒီပဘုရားသွား နှစ်မိုင်လောက်ရှိ၏။ ဘုရားနားက ရွှေပေါက်ပင်ကျောင်း ခေတ္တနားပြီး ဘုရားတက်ဖူးပုတီး ၄၅ ပတ်စိပ်၏။ ပုတီးစိပ်နေတုံး မိုးကြီးလေကြီးရွာ၍ ကျွန်ုပ်တို့ မိုးစိုကြ၏။ ညနေသုံးနာရီခွဲကျော်ကျော် စွန်းလွန်းရိပ်သာသွား ရေချိုးပြီးနား အဝတ်လှမ်း၊ ၅ နာရီ ခွဲ ဦးကျော်ဦးအိမ်သွား၊ ဦးဘေကြီးတို့နှင့်တွေ့၍ ဘုရားအကြောင်း ဆွေးနွေးပြီး ရန်အောင်မြင်ကျောင်း အိပ်၏။ ထိုနေ့က ပုတီးမှာ ၂၁၂၅၆၀ ရ၏။

နယုန်လဆုတ် ၇ ရက်နေ့ နံနက်အိပ်မက် - ငါးရှဉ့်လိုလို အကောင်သုံးတောင် လောက်ရှိ၏၊ ခေါင်းမပါ နှစ်ဘက်လုံးအမြီး လိုလိုတွေ့ရ၏။ ကျွန်ုပ်နားလာ ဒုတ်နှင့်ကော်ပစ်လဲမရ၍ ကျွန်ုပ်က မေတ္တာပို့ နေ၏။ ကျွန်ုပ်နားကပ်လာ၏။ လက်ကိုထိမိ၏။ ဘာမှမလုပ်အသာလေးနေ၏။ ပိုးလို အကောင်နှစ်ကောင် လဲ ပျံလာကြပြန်၏။ ကျွန်ုပ်က မေတ္တာပို့နေ၏။ ကျွန်ုပ်ဘေးနား ရစ်ဝဲရစ်ဝဲ လုပ်နေပြီးပျံသွားကြ၏။ ထိုနေရာ လျှောက်သွားတော့ အခြားသတ္တဝါပုံတမျိုးနှင့် နှစ်ကောင်တွဲလဲ တွေ့သေး၏။ ဇရပ်ပျက်ကျောင်း ပျက်ကြီး များ ပုံထားတာတွေ့ရ၏။ အဝတ်နက်ဝတ်သော အသားဖြူဖြူထွားထွား မိန်းမကြီးတယောက်က ဒီကျောင်း ပျက် ဇရပ်ပျက်များ ကိုယ်တော်ပြင်လျှင်ရပါတယ်။ ခုနင်ကတွေ့တဲ့ သတ္တဝါတွေက တပည့်တော်တို့ အဖွဲ့ တွေပါ။ တပည့်တော်က အမေရွှေ ပေါက်ကတော် ခေါ်ပါတယ်။ အရှင်ဘုရားကိုလည်း တပည့်တော်တို့က ကြည်ညိုလေးစားပါတယ်၊ စောင့်ရှောက်ပါ့မယ် တပည့်တို့ကိုလည်း မေတ္တာပို့အမျှဝေတော်မူပါ။ ကောင်းပါပြီတကာမကြီး။ သွားပါအုံးမယ်ဘုရား။ ကျွန်ုပ်လည်းနိုးလာ၏။ နာရီကိုကြည့်တော့ ၃ခွဲနေ၏။ ရန်အောင်မြင် ဘုန်းကြီးထနေ၍ ကျွန်ုပ်ကလည်းထ ပြီး ဘုရားရှိခိုးပုတီးစိတ်၏။ အာရုံဆွမ်း၊ နေ့ဆွမ်းစားပြီ

ကျော်ဦးတို့အဖွဲ့ လူကြီး ၁၈ယောက်လောက်နှင့် လောကဒီပ ဘုရားအကြောင်း ဆိုင်ပြီ . . အောင်ပြီ . .
နောက်နေ့ မြို့လုံးကျွတ်အစည်းဝေးရန် ပြုလုပ်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီမှ-

နယုန်လဆန်း ၈ရက် လောကဒီပဘုရားအတွက် စည်းဝေးပွဲကြီးပြုလုပ်၏။ ဘုံးသော ဆင်ဖြူ အစည်းအဝေးပြုလုပ်ရာ ၃ နာရီမှအစည်းအဝေးသိမ်း၏။ ဂေါပကအဖွဲ့မှာ ဆရာရင်- ဥက္ကဋ္ဌ၊ မြို့တော်ကြီး အတွင်းရေးမှူး၊ ဦးဘောကြီး၊ ဦးဘိုကြီး၊ ဦးအုန်း၊ ဦးဘကြွား၊ ဦးစိုးမော်၊ ဦးရှိန်ကြီး၊ ဦးဘငွေ သိမ်းသောတကာများက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြ၏။ ထိုနေ့က ဦးကြွား-ဒေါ်မိတို့က ဧယျာ တောင်ပေါ် ဆွမ်းစားပင့်၍ နေ့ဆွမ်းစားကြ၏။ ညမှာ ဦးဖိုးမော်တိုက် တရားဟော၏။ လောကဒီပ ဘုရားမှာ နံနက်သွား၍ ပုတီးစိတ်၏။

၁၃၃၁ ခု၊ နယုန်လဆုပ် ၉ ရက် တနင်္ဂနွေနေ့- နံနက်တချက်လောက်အိပ်မက်- ဦးကျော်ဦးက ကျွန်ုပ်၏ခေါင်းကို ဂျေးချစ်ရာဖြင့် ဂိုးချစ်ပေး၏။ ခေါင်းမှာပြောင်ပြီးစိမ်းနေ၏။ ဂိုးများလည်း အလိပ်လိပ် ကျကျ၏။ ခေါင်းကိုရေလောင်းပြီး လောကဒီပဘုရားသွား၏။ ဘုရားကလည်း ရောင်ခြည်တော်များ လွှတ်နေ၏။ ဘုရားကယခုပုံအတိုင်း မဟုတ်တော့ပဲ မဟာဗောဓိပုံဖြစ်နေ၏။ ဘုရားဝတ်ပြုနေတုန်း မိန်းကလေးနှစ်ယောက် ရောက်လာကြပြီး အရှင်ဘုရားမြင်တဲ့ ဘုရားကြီးကတော့ ဒီနယ်မှာမရှိသလောက် ပါပဲဘုရား တပည့်တော်တို့လည်း ကိုးကွယ်ရာဖြစ်တာပေါ့ ဘုရားဟုလျှောက်နေ၏။

တကာမလေးတို့က ဘယ်ကလဲဟုမေးတော့ ဒီကုန်းပေါ်မှာနေပါတယ်. . တပည့်တော်နာမည်က နန်းမြစော၊ ဒီညီမကတော့ နန်းလှစောလို့ ခေါ်ပါတယ်ဘုရား။ အဲဒီလိုဆိုတော့ နင်တို့က ဥစ္စာစောင့်လေး တွေပေါ့။ မှန်ပါတယ်ဘုရား။ ဘယ်လောက်ကြာပြီလည်းလို့မေးတော့ ဒီပေါက်မြို့ဟာ ဒီအရှေ့ဘက် မြောင်းခင် အနောက်ဘက်မှာနေတုန်းက ဒီလောကဒီပဘုရားမှာ ဥစ္စာစောင့် ဖြစ်နေရတာပါဘုရား။ ဩ . . ကြာလှပြီကိုး . . မှန်ပါတယ်ဘုရား အနှစ် ၂၀၀ လောက်ရှိပါပြီဘုရား သွားခွင့်ပြုပါအုံးဘုရား။ ကောင်းပြီ။ ကျွန်ုပ်လည်း ဘုရားဖူးပြီးဆင်းလာ၏။ ထိုတွင်နိုးလာ၏။ ထိုနေ့က ဦးဝေမူတို့အိမ် အာရုံဆွမ်းစား လှည်းနှင့်ပြန်ရန် ထွက်လာတော့ ဦးကြွား- ဒေါ်မိ တို့က တားနေပြန်သဖြင့် တည ဒေါ်မိတို့အိမ်မှာအိပ်၏။ ညနေ လေသာဆောင်ကဘုရားသွားဖူး ပုတီး ၂၇ ပတ်စိတ်ခဲ့၏။ ည ၇နာရီလောက် လောကဒီပဘုရား ပရောင်းတိုင် ၁၀၈ တိုင်ပူဇော် ပုတီး ၄၅ ပတ်စိတ်။ အပြန် ဦးကြွား- ဒေါ်မိ တို့အိမ်တရားဟော ည ၁၀ နာရီ မှတရားပြီး၏။ ထိုနေ့က ပုတီးမှာ ၃၅၅၁၀၀ ရ၏။ ၉ ရက်တွက်ဖြစ်၏။

နယုန်လဆုပ် ၁၀ ရက် ညအိပ်မက်- ရေချိုးပြီး သင်္ကန်းလဲရန်ယူလိုက်၏။ သင်္ကန်းကဟောင်းပြီး အပေါက်အပေါက်များဖြစ်နေ၏။ ဝတ်မလုံတော့၍ တဘက်အဖြူကြီးဝတ်လိုက်၏။ ကျွန်ုပ်ကလည်း အဖြူ ဝတ်ရတာကို ကျေနပ်၏။ နံနက်ဦးကြွားအိမ်က ဆွမ်းစားပြီး ၈ ခွဲလှည်းနှင့်ကားဂိတ်လာ ဦးဘောကြီး လိုက်ပို့၏။ ၁၂ နာရီမှာ ဂျစ်ကားလာ၍ ဦးဘောကြီးကတင်ပေးလိုက်၏။ ပခုက္ကူသို့ ညနေ ၃-နာရီရောက်၏။ သီဟိုဠ်ရှင် ဘုရားဝင်ဖူး ပုတီး ၁၀၈ပတ်စိတ်ပြီး မြင်းလှည်းငှား၍ ကိုမိုးနှောင်းအိမ်သွား တညအိပ်-

၁၃၃၁ ခု-နယုန်လဆုပ် ၁၁ ရက် အင်္ဂါနေ့ အာရုဏ်ထဘုရားရှိခိုး ပုတီးစိတ်ပြီး ကိုမိုးနှောင်းအိမ် ဆွမ်းစား နံနက် ၈ နာရီလောက် ကြည်းရွာမြင်းလှည်းနှင့်သွား၏။ ၉ နာရီရောက်၏။ ကြည်းရွာနှင့်ပခုက္ကူ ၄ မိုင် ၅ဖာလုံရှိ၏။ ပခုက္ကူနှင့် ပေါက် ၄၇မိုင်ရှိ၏။ မုံရွာ၊ ညောင်ပင်ကြီး နှင့် ပခုက္ကူ ၇၅မိုင်ရှိ၏။ ကြည်းရွာ

ပုတီးစိတ်၊ ညနေ၅ နာ...
မခင်စော့အိမ် နေ့ဆွမ်းစား၏။ ကိုရွှေအုံးအိမ်သွား ၄င်းမှ ရွှေသိမ်တော်သွား ပုတီးစိတ်၊ ညနေ၅ နာ... ကိုရွှေအုံးတို့အိမ် အာရုံဆွမ်း... ရွှေသိမ်တော်မှပြန်၍ ကိုရွှေအုံးတို့အိမ်အိပ်။ နယုန်လဆုပ် ၁၂ ရက် ကိုရွှေအုံးတို့အိမ် အာရုံဆွမ်း... နေ့ဆွမ်းဦးကျော်အေးအိမ်စား၊ ကြည်းရွာဘုန်းကြီးကျောင်းသွား ရေချိုးပြီး ရွှေသိမ်တော်ပုတီးသွား... ၁၀၈ စိတ်၊ ပုတီးစိတ်နေတုံး မွန်မွန်ရီရီ တကာမကြီးတယောက် ရှေးအဝတ်အစားနှင့်လာပြီး ဝတ်ချ... အမည်နေရပ်မေးတော့ သူ၏အမည်က ဒေါ်ဆိတ်- ဒီသိမ်မှာနေကြောင်းလျှောက်၏။

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ လောက်က ဒီနယ်မှာ သူအုပ်ချုပ်ခဲ့ကြောင်း၊ မြို့စားကတော်ဖြစ်ကြော... ဝန်... ယခုဒီဘုရားမှာ စောင့်နေရကြောင်း လျှောက်၏။ သူ့ကိုလည်းမေတ္တာပို့ အမျှပေးပါဟုလျှောက်၍ ဝန်... လိုက်၏။ ဘုရားလေးတစ်ဆူ လှူသွား၏။ အကျွတ်အလွတ်ဘုရားဟု လျှောက်သွား၏။ ၁၃၃၁ ခု နယု... လဆုတ် ၁၃ရက် ကြာသာပတေးနေ့ ရွှေတန်းတစ်ဘုရားဖူး ရဲမေယောက်ျားကလိုက်ပို့၏။ နံနက် ၆ နာ... ကြည်းရွာကထွက် ၈ နာရီရွှေတန်းတစ်ဘုရားရောက်၊ သရက္ခန်ဘုရားငါးဆူတို့တွင် တဆူအပါအဝင်ဖြစ်၏... ပုတီး ၂၇ပတ်စိပ်ခဲ့၏။ သရက္ခန်ဘုရားမှာ လက်လေးသစ်လောက်ရှိ၏။ ပလ္လင်ဘေးနှစ်ဘက်က ဆင်... ကောင်စီ၊ ရှေ့တည်တည်က ဆင်ခြောက်ကောင်၊ ထောင့်တဖက်စီကတကောင်စီ အားလုံးပေါင်း ဆ... ၁၄ ကောင်ရှိ၏။ ဆင်အရပ်မှာ ၅ လက်မလောက် ရှိမည်ထင်၏။

ပုတီးစိပ်ပြီးဘုရားဝိုင်း ရှောက်ကြည့်တော့ မြောက်ဘက်တန်ဆောင်းထဲမှာ မိန်ကလေးတယော... တွေ့၏။ သူမလေးကလာပြီး ဝတ်ချ၏။ ဒီဘုရားမှာနေကြောင်း ညီအမသုံးယောက် ရှိကြောင်းလျှောက်... နာမည်မေးကြည့်တော့ အေးရ - အေးလှ - အေးခတို့ဖြစ်ကြောင်း ရှေးယခင် ဗမာမင်းလက်ထက်... ကွမ်းရွာမှာ သူဌေးကတော်ဖြစ်၍ ဤဘုရားဆင်ကိုး ရွှေဂူသရက္ခန်ဘုရားများကို ပူဇော် ဝတ်ပြုရန် အာ... များ ဆောက်ခဲ့ကြကြောင်း သားသမီးများစွဲလမ်းသောကြောင့် ဤကဲ့သို့တဝ ရောက်ရကြောင်းလျှောက်... ကျွန်ုပ်ကိုသူမတို့အတွက် မေတ္တာပို့အမျှဝေရန်လျှောက်၍ ဝင်ခဲ့ပြီးမေတ္တာပို့ အမျှဝေခဲ့၏။ ထိုဘုရားတွ... အထူးက ခြင်္သေ့ကြီးနှစ်ကောင်မှာ အာရုံခံပြာသဿဒ် ထုပိကာတွင် တပ်ထားသော ထီးနှင့်အညီ ဖြစ်... ကြောင်း မင်းကွန်းခြင်္သေ့ကြီးများ ဖင်ပိုင်းသာကျန်တော့၍ ဗမာပြည်ရှိခြင်္သေ့ထဲတွင် သူအကြီးဆုံးဖြစ်... ရွှေတန်းတစ်ဘုရားမှ ၉နာရီခွဲပြန်၏။ ကြည်းရွာ ကိုရွှေအုန်းတို့အိမ် ညအိပ်။

၁၃၃၁ခု နယုန်လဆန်း ၁၄ ရက် သောကြာနေ့ အာရုံဆွမ်းစားပြီး နံနက်ခြောက်နာရီ ကြည်းရွာ... ရွှေအုန်းတို့က လှည်းနှင့်လိုက်ပို့၏။ ကွေ့ထောင့်မကေသီအမေအိမ်ရောက် နာရီကြည့်တော့နံနက် ၉ နာရီ... နေ၏။ ထိုအိမ်မှာဆွမ်းစားရေချိုးပြီး နေ့တရေးအိပ်၏။ ညတရားဟော။ ၁၄ ရက်ပေါင်း ပုတီးအရေအတွ... ၅၃၆၈၉၀ ရ၏။ နယုန်လကွယ် စနေနေ့ နံနက်တချက်လောက် **အိပ်မက်** - ကျွန်ုပ်ကမင်းသား အဝတ်... အစားနှင့်ဖြစ်နေ၏။ မင်းသားအဝတ်အစားနှင့် ဖြစ်နေရခြင်းမှာ ကိုယ်တော်ကို လောကသဘောတရ... ပြချင်လို့ဟု အဘိုးကြီးတယောက်ပြော၏။ ပြောပြောဆိုဆိုနှင့် အဘိုးကြီးက လာ လာ ဟုခေါ်သွား၏... ကျွန်ုပ်လည်းလိုက်သွား၏။ ၁၈ နှစ် ၂၀ အရွယ်ရှိမင်းသမီး အဝတ်အစား နှင့် မိန်းမပျိုများ ဝဲယာစီတန်း... ကျွန်ုပ်တို့လာတာကို ကြိုနေကြ၏။ မင်းသမီးပေါင်း ငါးရာကျော်လောက် ရှိမည်ထင်၏။ မင်းသမီးလေးမျ... အတန်းပြီးဆုံးသွား၏။ ယောက်ျား ၂၀ - ၂၅ နှစ်အရွယ် လက်သုံးတော် အဝတ်အစားနှင့် ရှေ့တန်း... လေးတော်ကိုင် အလယ်လောက်မှာလှံကိုင် နောက်ဆုံးတန်းမှာဒါးကိုင် လူဦးရေ ၁၀၀၀ လောက်ရှိမ...

င်၏။ ဝဲယာ ၅၀၀စီဖြစ်၏။ ကျွန်ုပ်တို့သွားတော့ ဦးညွတ်လက်အုပ်ချီပြီး အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု သံပြိုင်အော်၍ ကောင်းချီးပေးကြ၏။

ကျွန်ုပ်နှင့်အဘိုးကြီးတို့ ယောက်ျားတန်းဆုံးသောအခါ ကြိုးတန်ဆာများဆင်ထားသော ဆင်ဖြူတော်ကြီးတွေ့၏။ အဘိုးကြီးက ကိုယ်တော်လေးစီးရန် ဆင်ဖြူတော်ပဲ စီးတော်မူဟုပြော၍ ဆင်ဖြူတော်ကြီး ဝပ်ပေးသောအခါ ကျွန်ုပ်ကတက်စီးလိုက်၏။ အတန်းထဲတွင်မပါသော ကျက်သရေရှိလှသော မင်းသမီးနှစ်ယောက်က လက်ပြ၍ ဆင်ဖြူတော်ကြီးက ရပ်နေ၏။ မင်းသမီးနှစ်ယောက် ဆင်ဖြူတော်ပေါ် တက်လာကြပြီး ကျွန်ုပ်ထိုင်သော ခုံနောက်နားက သူတို့နှစ်ယောက် ဝင်ထိုင်လိုက်၏။ ဆင်ပေါ် ချင်း ပေါင်းကာတွင် ကျွန်ုပ်ကရှေ့က နောက်နားက မင်းသမီးနှစ်ယောက် ဆင်ဦးစီးမပါပေ။ ထိုကဲ့သို့ ဆင်ပေါ် စီးမိကြသောအခါ အောက်ကရှိနေသော အဘိုးကြီးက သပြေပန်းနှင့် ငွေရမ်းပြလိုက်သောအခါ လက်သုံးတော် လူပျိုတော် ၁၀၀၀တို့နှင့် မင်းသမီးလေး ၅၀၀တို့က စကြာမင်းကြီး ချီတော်မူပါဟု သံပြိုင်သုံးခွန်း အော်ကြ၏။ ထိုအခိုက် နိုးလာ၏။ ဤအိမ်မက်ဆန်းကို မှတ်တမ်းတင်လိုက်၏။

အာရုဏ်ထ ဘုရားရှိခိုး ပုတီးစိပ်၊ ဒေါ်ဖွားဆက်တို့အိမ် ငါးနာရီခွဲလောက်ဆွမ်းစားပြီး နေ့ မထွန်းတို့အိမ် ဆွမ်းစား၊ ညနေကွေတောင့် မြောက်ရွာကိုထွန်းတို့အိမ် အိပ်။ ပဉ္စမဝါဆိုလဆန်း ၁ ရက်၊ တနင်္ဂနွေ aeYeHu ß cJ ßV mu အိမ်မက် - ပြောင့်ပြောင်းနေသော ပုရပိုက်အခေါက်ရွှေများကို အဝတ်ဖြူဝတ်ဆင်ထားသော လူကြီးသုံးယောက်က အင်တုံကြီးထဲ ထည့်နေ၏။ ထိုအထဲမှတဖန် ထိုရွှေများကို နယ်ဖတ်ယူကြပြီး စတုရန်း၁၀တောင်လောက်ရှိသော မြေကွက်ကြီးပေါ်တွင် ရွှေများကိုနှန်းဆွဲ၍ မြန်မာပြည်မြေပုံလို မြေပုံဆွဲ၍ မြေပုံပုံစံပြုလုပ်နေကြ၏။ သူ့လိုင်းကြောင်းနှင့်သူ ရေးဆွဲနေကြပြီး လူရုပ်ပုံများ အဆောက်အဦးပုံများ မြို့၊ ရွာ၊ အိမ် ၊ တဲ၊ တိုက်ပုံစံများ ပြုလုပ်နေကြ၏။ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းလိုင်းများ လဲပါ၏။ မြေပုံကြီး ရွှေနန်းကြီးဖြင့် ဆွဲလို့ပြီးမှာ သုံးပုံတစ်ပုံလောက် အလိုမှာ ရပ်ထားလိုက်ကြ၏။ ကျွန်ုပ်နှင့်လူများကလဲ စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြ၏။ အဘိုးကြီးသုံးယောက်က လူများနှင့်မဆိုင် ကိုယ်တော်လေးနှင့်ဆိုင်၏။ ကိုယ်တော်လေး အပြီးသတ်ပေတော့ဟုပြောပြီး ထွက်သွားကြ၏။ ကျွန်ုပ်လည်း ထိုမြေပုံကို အပြီးသတ်ရန် ဆက်ဆွဲနေ၏။ ထိုတွင်နိုးလာ၏။

နံနက်အာရုဏ်ဆွမ်းစားပြီး ကိုထွန်းတို့က ဆင်ကျိုးရွှေဂူ သရက္ခန်ဘုရားကို လိုက်ပို့၏။ ဘုရားသို့ ၈ နာရီလောက် ရောက်သွား၏။ ဘုန်းတော်ကြီးတပါးက သရက္ခန်ဘုရား သိတင်းသုံးတော်မူသော တိုက်ကို တံခါးဖွင့်၍ အတွင်းခေါ်သွား၏။ အတွင်းကြတော့ မီးခံသေတ္တာဖွင့်၏။ ထိုအထဲမှထုတ်လိုက်တော့ ရွှေဆင်းတုကြီး တတောင်လောက်ဖူးတွေ့ရ၏။ သရက္ခန်ဘုရား ဤရွှေဆင်းတုဘုရားကြီးထဲ ဌာပနာထားကြောင်း ပြောပြ၏။ ကျွန်ုပ်လဲဘုရားရှေ့တော် မီး အမွှေးတိုင်များပူဇော်ပြီး လောကဝိဒူဂုဏ်တော် ၂၇ပတ် စိတ်လိုက်၏။ ပကတိသရက္ခန်သားဘုရားလေးပုံစံ ပုတီး ၉ ပတ်ရတော့ ပေါ်လာ၏။ အာရုံမြဲပြီး စိတ်၏။ ၂၇ပတ်စေ့တော့ မျက်လုံးဖွင့်ပြီး ဝတ်ချလိုက်မှ ပျောက်ကွယ်သွား၏။ ထိုဘုရားသည် သရက္ခန်သားဘုရား စစ်ကြောင်းသိခဲ့ရ၏။ ပုတီးစိတ်ပြီးပြန် ကိုထွန်းတို့အိမ် နံနက်၁၀နာရီ ရောက်၏။ ဆွမ်းစား၊ ရေချိုး၊ ပုတီးစိတ်၊ အပန်းဖြေ ညတရားပေဟာ။

ပထမဝါဆိုလဆန်း ၂ရက်တနင်္လာနေ့ အာရုံဆွမ်းစားပြီး ပုတီးစိပ်ရာ နေ့ဆွမ်းကို ကိုထွန်းတို့ ... ကိုထွန်းတို့ ... ဆွမ်းစားပြီး ... ဘယ်လက်မပေါ် လိပ်ပြာအဝါတစ်ကောင် လာနားနေ၏။ ညထိုင်စကားပြောနေကြစဉ် ၉ နာရီလောက် ဘယ်လက်မပေါ် လိပ်ပြာအဝါတစ်ကောင် လာနား၏။ ညတော့ အရှင်မြတ်တပါးနှင့်တွေ့မည်ဟု။ ၁၃၃၁ခု ပထမဝါဆိုလဆန်း ကျွန်ုပ်က ကောက်ချက်ချလိုက်၏။ ညတော့ အရှင်မြတ်တပါးနှင့်တွေ့မည်ဟု။ ၁၃၃၁ခု ပထမဝါဆိုလဆန်း ၃ရက် အင်္ဂါနေ့ နံနက်၃နာရီ ခွဲလောက်ထပြီး ကိုယ်လက်သုတ်သင်၍ ဘုရားရှိခိုး ပုတီးစိပ်၏။ ကျွန်ုပ်၏ ဘေးနားတွင် အရှင်မြတ်တစ်ပါး လာရပ်၏။ ကျွန်ုပ်ကားစိတ်ဖြင့် ဘယ်ကပါလဲ ဘာကိစ္စရှိပါသလဲ မိန့်တော် မူပါလို့ လျှောက်ထားတော့ ပခန်းကြီးဘုရား ဆရာတော်ဥတ္တမလို့ခေါ်တယ်။ လာတဲ့အကြောင်းက ပခန်းကြီး မြို့စား အယုလွဲ၍ နတ်စိမ်းဖြစ်နေတယ်။ ပခန်းစည်သူရှင် ဘုရားတောင်ဘက် ညောင်ပင်ကြီးမှာနေတယ်၊ နောက်တစ်ခါ ကြွလာပါလျှင် သူ့ကိုကိုယ်တော် ချွတ်ပေးစမ်းပါ။ မှန်လှပါဘုရား. . . ချွတ်ပေးပါ့မယ်၊ နောင်နှစ်လောက်လာပြီး သို့မဟုတ် ဆောင်းတွင်းလောက်လာပြီး ချွတ်ပါ့မယ်ဘုရား။ သာဓုကိုယ်တော် . . သာဓု။ အရှင်ဘုရားက သူနှင့် ဘယ်လို အဆက်ရှိပါသလဲဘုရားဟု မေးသောအခါ ညီတော်တယ်ဟု ပြော၏။ ကဲ. . . ကိုယ်တော် အလုပ်ဆက်လုပ် တပည့်တော်သွားအုံးမယ်ဆိုပြီး ပျောက်ကွယ်သွား၏။

နံနက်အာရုဏ်ဆွမ်းကို ကိုထွန်းတို့အိမ်၊ နေ့ဆွမ်းကို မထွန်းယောက်ျားတို့အိမ်ဆွမ်းစား ညနေ ကိုထွန်းကို ငမျှားကြီးဦးထိအိမ် လှည်းနှင့်လိုက်အပို့ခိုင်း၏။ ဦးထိတို့အိမ် ညနေ၅ ခွဲရောက် ညတရား ဟောပြီး ပုတီးစိပ်အိပ်၏။ ပဌမဝါဆိုလဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့ နံနက်တချက်လောက် အိပ်မက်၏၊ ရွှေဆောင်း တန်းကြီးထဲ သွားနေရ၏။ ဘေးကလူတွေလဲ ကျွန်ုပ်ကိုကြည့်နေကြ၏။ ဘုရားကြီးစောင်းတန်းလို့ ထင်ရ၏။ ထိုစောင်းတန်းကြီး ဆုံးသွားတော့ ၅ဖါလုံလောက်ရှိသောကျောင်းတိုက်တံတားကြီးတွေ့ရ၏၊ အလယ် လောက်မှာဗျက်နှစ်ပေ အလျှားခုနှစ်ပေလောက်ရှိသော ဆိုင်းဘုတ်ကြီးတခု ရွှေစာလုံးဖြင့် စာရေးထား တာတွေ့ရ၏။ ထိုစာက အောင်မြေရွှေဘုံဌာန ဟုရေးထား၏။ ထိုဆိုင်းဘုတ် အခံဆေးတို့က ဖြူ - ဝါ- ပန်းရောင်သွေးတို့ဖြင့် ရောင်စုံရှက်၍လက်ပြီးတောက်နေ၏။

ထိုကဲ့သို့ ဆိုင်းဘုတ်ကိုကြည့်နေတုံး တင်ပလ္လင်ခွေ ၇လက်မလောက် ဘုရားလေးတဆူ ကောင်းကင် ကကြွလာပြီး “ငါ ဤငမျှားကြီးရွာ တောင်ဘက်ကျောင်းမှာနေ၏။ ငါဘုရားနှင့် တွေ့ခြင်လာခဲ့” ဟု မိန့်တော် မူပြီး ကြွသွား၏။ ထိုတွင်နိုးလာ၏။ ပုတီးစိပ် အာရုဏ်တက်လျှင် မျက်နှာသစ်ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး နံနက် ၆ နာရီလောက်ဆွမ်းစားပြီး ဦးထိကိုခေါ်၍ ရွာတောင်ဘက်က ဘုန်းကြီးကျောင်းသွား၏။ ကျောင်းပေါ် ရောက်လျှင် ဘုန်းတော်ကြီးအားဝတ်ချပြီး ဘုရားဖူးခွင့်ပြုရန် လျှောက်ထားပြီး ဘုရားခန်းဝင်ဖူး ဘုရားခန်း ထိပ်တွင် ညကကြွလာသောဘုရားလေး စာတိုက်ထဲ သီတင်းသုံးနေတာတွေ့ရ၏။ သင်္ကန်းလေးဖြင့် ခြုံ ထား၏။ မဏိတော်ပေါ် ကြာဖက်ဆောင်းထားတာ ထူး၏။ ကျန်ကိုယ်အင်္ဂါများမှာ ဗောဓိရိုးဘုရားနှင့် မခြားနားပေ။ ဘုရားသမိုင်းကို ဆရာတော်အား လျှောက်ထားကြည့်တော့ သဲအင်းသာသနာပိုင် စီရင် ကိုးကွယ်သော ဒက္ခိဏာသာခါဘုရားဟု မိန့်၏။

ထိုဘုရားတွင် မှိုကိုးချက် ထည့်သွင်းထား၏။ ဘုရားဌာပနာ ဓါတ်တော်အစစ်များ ပါရှိကြောင်း ဓိဋ္ဌာန်ကြည့်သဖြင့် သိခဲ့ရ၏။ ထူးကဲသောဘုရားပါပေ။ ထိုဘုရားကို နေကဇာဖြင့်ကန်တော့ပြီး ပုတီး ၂၇ပတ်စိတ်၏။ ပြီးလျှင် ဆရာတော်အားလျှောက်ထားပြီး ပြန်လာခဲ့၏။ ထိုနေ့ကဆွမ်း ဦးထိအိမ်စား၏။ ၁၉ ရက်ပေါင်း ပုတီးအရေတွက် ၈၀၈၆၃၀။ ညနေ ဦးထိတို့သားအဖ ကျွဲထောင့်မြောက်ရွာ ကိုထွန်းတို့အိမ်

လိုက်အပို့နိုင်း၏။ ညကိုထွန်းတို့အိမ် အိပ်။ ပဌမဝါဆိုလဆန်း ၅ရက် အာရုဏ်ဆွမ်းစား၊ နေ့ဆွမ်း ကိုထွန်းတို့အိမ်စားပြီး ကွေ့ထောင့်ရွာ ဒေါ်ဖွားဆက်အိမ်သွား၊ ညအိပ် တရားဟော အိပ်မက်၏။ ခုတင်ကြီးနှစ်လုံး ပေါလစ်ပြောင်နေအောင် သုတ်ထား၏။ အရောင်တောက်ပသော လကြီးလို ခြင်ထောင်ပုံဆင်ထား၏။ တင့်တယ်ဆန်းပြားလှ၏။ ထိုသားနားသန့်ပြန့် ကောင်းမွန်သော ခုတင်ကြီးနှစ်လုံးအပေါ်မှာ ကျွန်ုပ်က ထိုင်၍ဘုရားရှိခိုး ပရိတ်ရွတ် မေတ္တာပို့နေ၏။

ထိုကဲ့သို့မေတ္တာပို့နေခိုက် ဒေဝီတပါးရောက်လာ၏။ အမည်ကိုမေးတော့ ကေသီလို့ပြော၏။ ဤနေရာတော်ကို အရှင်ဘုရားအတွက် တပည့်တော်ပြင်ထားပါတယ်ဟု လျှောက်၏။ ထိုနောက်ကေသီဒေဝီက ကြွတော်မူပါ။ အဆောက်အဦးကြီး၏ ခန်းနားပုံပြပါအုံးမည်ဆိုပြီး လိုက်ပြ၏။ ပန်းချီကားမျိုးစုံ၊ တသာ၊ ကျီး၊ ကြက်တူရွေး၊ ဘုတ်၊ လင်းပြိုင်ငှက်၊ ဘူတောင်ညို၊ သိမ်း၊ စွန် သတ္တဝါမျိုးစုံတို့ကို အဆောင်အဦးကြီးတွင် ရန်ကြ၏။ ထိုအဆောက်အဦးကြီးက တောင်ကြီးတလုံး၏ ခြေရင်းနားမှာဖြစ်၏။ ပန်ချီကားများ မရမ်းရောင်အောက်ခံဖြစ်၏။ အဆောက်အဦးကြီးအတွင်းမှာလဲ မရမ်းရောင်ခြယ်ထား၏။ တောင်ကြီးမှာလဲ မရမ်းရောင်ပြေးနေ၏။ တောင်ရိပ်ကြောင့်ရေများမှာလဲ မရမ်းရောင်ဖြစ်နေ၏။ ကေသီဒေဝီနှင့် ကျွန်ုပ်တို့ အဆောက်အဦးကြီးပေါ်မှ ဆင်းလာကြပြီး ရေစပ်သွား၍ ရှုခင်းများကိုကြည့်ကြ၏။

ကျွဲဆင်၊ သမင်၊ ဒရယ်၊ ကျား၊ ယုံ မြောက်တို့ ကစားနေကြ၏။ တကောင်နှင့်တကောင် မကိုက်ကြ ထူးဆန်းစွာဖြစ်နေ၍ ကေသီဒေဝီအားမေးလျှင် အရှင်မြတ် မေတ္တာကြောင့်ပါဘုရား ဟုလျှောက်၏။ “မေတ္တာပို့ပါ . . မေတ္တာရှိပါဘုရား” အဓိဋ္ဌာန်ပြုပါ သစ္စာရှိပါဘုရား “အခွင့်အရေးသမားကို ရှောင်ပါ၊ ဝေဖန်ရေးသမားကို ဖယ်ပါဘုရား၊ ဘုရားမပါလျှင် စကားမပြောပါနှင့်ဘုရား၊ တရားမပါလျှင် နှလုံးမသွင်းပါနှင့်ဘုရား၊ သံဃာမပါလျှင် အလှူမပေးပါနှင့်ဘုရား” တပည့်တော်ဟာအရှင်ဘုရား၏ လွန်ခဲ့သောဘဝ ၅၀က မယ်တော်ဖြစ်ခဲ့ဘူးတဲ့အတွက် ယခုတပည့်တော်နေသော ဟိမဝန္တာက ရတနာဝိမာန်ကြီးကို ခေါ်ပြီးပြ၍ ဤစကားများကို လျှောက်ထားရခြင်းဖြစ်ပါတယ်ဘုရား . . တပည့်တော်မ လိုက်ပို့ပါမယ်. . ကြွတော်မူပါဘုရား။ ဒေဝီနောက် လိုက်သွား၏။ ကျွန်ုပ်ကျောင်းပြန်ရောက် နိုးလာ၏။

ပထမဝါဆိုလဆန်း ၇ရက် စံမောင်အိမ် နံနက်ဆွမ်းစား၏။ နေ့ဆွမ်း ဦးခင်မောင် - မကြင်မြိုင်တို့ အိမ်စား၏။ ဓမ္မခေါ် မထွန်းတို့အိမ်အိပ် - ညတရားဟော အိပ်။ ပထမဝါဆိုလဆန်း ၈ ရက် အဖွားဆက် အိမ်ကလှည်းနှင့် မော်တော်ဆိပ်လာ၏။ ၆ နာရီရောက်။ ၆နာရီ ဆယ့်ငါးမိနစ် မင်းဒင်မော်တော်စီး ၆ကျပ်ပေးရ၏။ မြင်းလှည်းလမ်းမှာတော့ မြင်းခြံဆိပ်ကမ်းလောက် ဆိုးသောလမ်း ဗမာပြည်ရှိမည်မထင်။ နံနက် ၉နာရီ ကားဂိတ်ရောက် ဝင်းမော်တော်ယာဉ်ဖြင့် အမြန်ကားစီး လူတစ်ယောက်လေးကျပ်၊ ကုန်ခ ခြောက်ကျပ်ပေးရ၏။ ညနေ ၃နာရီ မန္တလေးရောက်၏။ လေးနာရီ တောင်မြို့ရောက်၏။ ကျောင်း ကျွန်ုပ်ရောက်သံကြား၍ ကိုဘိုလာပြီး လေးစုရပ် မြေကိစ္စလျှောက်၏။

နောက်တစ်နေ့ ကိုထွန်းမောင်၊ ကိုသယ၊ ဦးလူမြတို့လာပြီး မြေကိစ္စလျှောက် - ဤမြေကိစ္စသည် ၁၃၂၈ ခု ပထမဝါဆိုလဆန်း ၅ ရက်ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီခွဲ လေးစုမမှာရဲ့ ဝတ္တကမြေအကြောင်းကို လျှောက်ထား၍ မြို့နယ်သံဃာတော်များက ပွဲ့ပါဆရာတော်ဦးပဏ္ဍိ၊ တောင်လေးလုံးဆရာတော်ဦးဇာဂရ၊ မဂ်လာဆရာတော် ဦးသာဂရ၊ ကျောင်းအောင်စံထားဆရာတော် ဦးဝါယမ ကျွန်ုပ်တို့လေးပါးကို လွှဲအပ်ကြ

ဆောင်ရွက်နေ... တာဝန်ယူ၍ ကျွန်ုပ်က ဝတ္တကမြေကို ထိုလေးစုရပ် ... သည်မှစ၍ ယခုနှစ်များတိုင်အောင် ထိုလေးစုရပ် ဝတ္တကမြေကို ကျွန်ုပ်က တာဝန်ယူ၍ ဆောင်ရွက်နေ သည်မှစ၍ ယခုနှစ်များတိုင်အောင် ဒေါ်သေးတင်ထံမှ ဝယ်ယူသည် ပေးသည်။ ထိုမြေ၏အကြောင်း အမြွက်ကား - ထိုမြေကို ပဌမ ဦးမြို့က ဒေါ်သေးတင်ထံမှ ဝယ်ယူသည် ဦးမြို့ထံမှ သူကြီးဦးဖေအုံးတို့က ထပ်ယူတာ ၅၃နှစ်ရှိကြောင်း ခိုင်လုံစွာ အထောက်အထားများနှင့် တွေ့ ပေးသည်။

သို့အတွက် အထက်သို့ စာတင်၍ ကျွန်ုပ်နှင့်လေးစုရပ် ရွာလူကြီးများက ကြံ့ကြံ့ခံ၍ ခံစစ်ခုခံသော ကြောင့် ဤနှစ်တွင် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ခဲ့ရပေသည်။ ဤသည်ကား သာသနာပြုလိုက်ခြင်း တစ်ရပ်ပေတည်း။ အဘယ်ကြောင့် သာသနာပြုသည်ဟု ဆိုရပါသော် - ဘုရား၏ဝတ္တကမြေသည် မင်းသော မှ မသိမ်းကောင်းကြောင်း လာပေသည်။ သာမကပြုရသည်ရှိသော် ဒွတ္တပေါင်မင်းကြီး သာသနဝတ္တ မြေသိမ်းမိ၍ မျက်လုံးကွယ်ကြောင်း ရာဇဝင်၌လာပေသည်။ သာသနာ့မြေတို့ကို သိမ်းယူဖမ်းဆီး မရှိမသေပြုလုပ်သူတို့မှာ အပါယ်လားကြောင်း ကျမ်းဂန်များမှာ လာပေသည်။ ထို့ကြောင့် သတ္တဝါတို့၏ အပါယ်လားရမည့် ဘေးကိုမကျရောက်စေရန် သာသနာပြုလိုက်ခြင်းဖြစ်၏။

၁၃၃၁ခု ပထမဝါဆိုလဆန်း ၁၀ရက်၊ မန္တလေးဘုရားကြီးသွားဖူး၍ မန္တလေးကဘုရားများ ပုတီး စိပ်၏။ ဘုရားကြီးအာနန္ဒာ - ကုသိန္နာရုံ - သကျသီဟ - အိမ်တော်ရာ - ဘုရားများကိုပုတီး ၂၇ ပတ်စီစိပ်၏။ ကျောင်းနေ့တစ်နာရီ ရောက်၏။ လိုင်းကားများမှာ ရန်ကုန်လိုင်းကားများကဲ့သို့ လူများကျပ်နေတာ တွေ့မြင် ခဲ့ရ၏။ အရင်က ဤကဲ့သို့မကျပ်ပေ၊ ညနေပိုင်းတောင်မြို့က ပုထိုးကြီး၊ ဂူကြီး၊ ရွှေဘုံသာအောင်မြေ မဟာသကျသာမိ ဘုရားများကို ပုတီး ၂၇ပတ်စိပ်၏။ ည ၁၀နာရီမှ ကျောင်းပြန်ရောက်၏။ ထိုနေ့က ပုတီးပတ်မှာ ၂၅ရက်တွက် စုစုပေါင်း ၁၀၃၇၄၉၀ ရ၏။

ပထမဝါဆိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်လောက် **အိပ်မက်၏။** ဘိုးဘိုးအောင် ကျောင်းကိုလာပြီး ငှက်ပျောသီးမှည့် ၂လုံးကျွေး၏။ ကျွန်ုပ်ကစားပြီး ဒီငှက်ပျောသီးများမှာ ဘယ်လိုတန်ခိုး ရှိပါသလဲလို့ မေးသောအခါ သရဏဂုံအဆင့် ပြီးတုံးကကျွေးသော ငှက်ပျောသီးမှာ ကာယသိဒ္ဓိအတွက် သိဒ္ဓိစခန်းတုန်းကကျွေးသော ငှက်ပျောသီးမှာ သျှိသုံးပါးအတွက် - ယခုကျွေးသော ငှက်ပျောသီးများမှာ အာရောဂျ သိဒ္ဓိအတွက်ဖြစ်ပါတယ်ဟု ပြော၏။ ဘိုးဘိုးအောင်က ထိုကဲ့သို့ ပြောနေတုန်းပင် ဘိုးတော်သွင် ဆိုသော အရပ်အမောင်းကောင်းကောင်း အသားဖြူဖြူခန့်ခန့် ပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး အရှင်မြတ် ကို လောကဝိဒူဂုဏ်တော် ခါတ်ကြီးလေးပါးအောင်မြင်၍ ဘိုးတော်များက ပူဇော်သောအနေနှင့် မကိုင်ရသေး ပူဇော်ကြပါတယ် . . ယူတော်မူပါဘုရားဟုလျှောက်၍ ကျွန်ုပ်ကလှမ်းယူလိုက်၏။ ထို့နောက် ကျွန်ုပ်ထိုင် နေသော ညာဘက်ဘေးမှာ ချထားလိုက်၏။

ဘိုးတော်သွင်က ကျွန်ုပ်နားလာပြီး ဘုရားတပည့် ဆင်မြန်းပေးပါရစေဆိုပြီး ကျွန်ုပ်၏ခေါင်းကို စွပ်ပေးပြီး အောင်ဂါထာများရွတ်၍ သပြေ၊ မြေဇာညွန့်တို့ဖြင့်ထည့်ထားသော လက်ယာရစ်ခရုဖြင့် ရေသွန်း ဖြန်းပေး၏။ ဘိုးတော်သွင် ကျွန်ုပ်ဦးထိပ်သွန်းလောင်းနေခိုက် ဘိုးတော်များပေါ်လာပြီး ဝိုင်း၍ လက်ယာ အောင်ငွေခရုများဖြင့် သွန်းဖြန်းပေးကြပြန်၏။ ဂါထာမန္တာန်များလည်း ရွတ်ဘတ်သရဇ္ဈာယ်ကြ၏။ ဖြူ ရွှေရောင်၊ မြရောင်၊ ပတ္တမြားရောင် ၃ရောင်တောက်ပနေသော အဝတ်ကြီးဖြင့် ကျွန်ုပ်ကိုယ်ပေါ် ကို လွှမ်းခြုံ လိုက်ကြ၏။ ခေါင်းသာဖေါ် ထားကြ၏။ စပါယ်၊ နှင်းဆီ၊ သရဖီ၊ ရင်ခတ်၊ ဇွန်ပန်း တို့ဖြင့်လည်း ဒူးမြှ

တက်ကြဖြန့် ပူဇော်ကြ၏။ အရပ်လေးမျက်နှာမှလည်း စည်တော်သံများ၊ ခရုသင်းသံများကြားရ၏။ ထိုတွင်နိုးလာ၏။

ပထမ ဝါဆိုလဆန်း ၁၂ရက် ကြာသပတေးနေ့ ညအိပ်မက် - ကောင်းကင်ပြာရောင်ခံသော ဆန်းကျယ်သော ပုံသဏ္ဌာန်ရှိသော စာရွက်ကြီးပေါ်၌ စာအစီအကုံး၊ အရေးအသား သတ်ပုံမမှန်သော စာများဖြင့် ရေးသားထားတာတွေ့ရ၏။ ထိုစာများက **"လောကကြီး၌ လူမိုက်လူယုတ်မာများကို ကြောက်ဘို့ရန်ကောင်း၏။ ထို့ထက်မင်းယုတ်မာကိုကြောက်စရာကောင်း၏။ ထိုထက်မင်းယုတ်မာ၏ မင်းမှုထမ်းများကို ကြောက်စရာကောင်း၏။ ထို့ထက်သူတော် သူမြတ်လုပ်နေပြီး အကျင့်ပျက်ရခြင်းက ပိုမို၍ကြောက်စရာကောင်း၏။ သတိပြုကြလော့"** ကျွန်ုပ်သည် ဤစာရွက်ကြီးပေါ်မှ ရေးထားသော ဤစာကိုဖတ်ပြီး တုန့်ကနဲဖြစ်သွား၏။ ထို့နောက် တစ်ရွက်ပြီးတစ်ရွက် လှမ်းကြည့်လိုက်၏။ နောက်ဆုံးအရွက်တွင် ရေးသူဦးသံဝရဟု ရေးထားတာတွေ့ရ၏။ ကျွန်ုပ်ဘက်က နေသော ဤစာရွက်သည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားတော့၏။ ကျွန်ုပ်လည်းနိုးလာ၏။ ဤမှတ်တမ်းကိုလည်းရေးလိုက်မိ၏။

ပထမ ဝါဆိုလဆန်း ၁၃ရက် ညအိပ်မက် - ဦးရွှေနုနှင့် ဦးရွှေခင်တို့ လှေပြိုင်ကြရာတွင် အပြေးပြိုင်သည်မဟုတ် အနေးပြိုင်ကြခြင်းဖြစ်၏။ ဦးရွှေနုလှေပေါ်က ကညာပျိုနှစ်ယောက်သည် နှင်းဆီပန်းများ၊ ဂန္ဓမာပန်းများ၊ ချယားစွယ်တော်၊ စပါယ်ပန်းများ၊ သီကုန်းနေကြလျက် လှေတဆုံး အတန်းကြီးပြုလုပ်ခါ ကျန်ပန်းများကို ကောင်းကင်သို့ လေထီးဖြင့်ပစ်တင်၍ လှေလမ်းတစ်လျှောက် ကောင်းကင်မှ ပန်းကုန်းများ ချထားကြ၏။ ထိုပန်းတန်းကြီးများ အကြားအကြားမှာ ကြေးစည်ကလေးများ ညပ်ပြီးဆွဲခြထား၏။ ဦးရွှေခင်လှေကလည်း ထိုနည်းရင်း ပြုလုပ်၏။ ကမ်းနားကလူများကလဲ ကြည့်နေကြ၏။

ထိုကြည့်နေကြသော လူအုပ်ထဲမှာ ကျွန်ုပ်ရှေ့တန်းကပါနေ၏။ တဖြည်းဖြည်းနှင့် လှေကလေးနှစ်စင်းသည် ကျွန်ုပ်ဆီသို့ ဦးတည်လှော်လာကြ၏။ ကျွန်ုပ်နှင့်တည့်တည့် ကမ်းခြေဆိုက်လိုက်၏။ ဦးရွှေနုက လှေဆိုက်လျှင်ဆိုက်ခြင်း အောင်ပြီဟုအော်လိုက်၏။ ဦးရွှေခင်ကလည်း သူ့လှေဆိုက်လျှင်ဆိုက်ခြင်း ကောင်းပြီ . . ကောင်းပြီလို့ အော်လိုက်၏။ ထိုလူနှစ်ယောက်တို့ အဝတ်အစားမှာ ဦးရွှေနုက ကတ္တီပါအဖြူရောင်၊ ဦးရွှေခင်က ကတ္တီပါအဝါရောင်များ ဝတ်ထားကြ၏။ ထိုကဲ့သို့ အောင်ပြီ ကောင်းပြီလို့အော်ပြီး လှော်တက်များကိုတန်း၍ ကျွန်ုပ်ရှေ့ရောက်လာကြခါ ဝတ်ချပြီးလျှင် အရှင်မြတ် လှေပေါ်ကြွပါဟု ပင့်၍ လှေပေါ်လည်း ကျွန်ုပ်ထိုင်လိုက်ရော နိုးလာတော့၏။

ပထမ ဝါဆိုလဆုတ် ၁၀ရက်နေ့ အစိဋ္ဌာန်ပုတီး ဓါတ်ခန်းထဲစိပ်နေစဉ် လစ်ကနဲဖြစ်သွားပြီး မြင်တွေ့ရသည်မှာ အနောက်ဆောင်တစ်ဆောင်လုံး ရေများဖြင့်ပြည့်နေ၏။ ဒူးဆစ်လောက်နက်၏။ ငါးများရေထဲကူးသွားနေကြတာ တွေ့မြင်ရ၏။ ကြည်စိမ်းနေ၏။ ရေထဲကို လက်နှိုက်ယူလိုက်လျှင် ကြေးနီပြားသုံးပြားလောက်ပါ၏။ တပြားက အင်္ဂလိပ်ဘုရင်မပုံဖြစ်၏။ တပြားက ညာလက်ဖြင့် စိန်ချွန်းလေးကို ဆုပ်ကိုင်ထား၏။ တပြားက ကတုံးပုံ ဝေလာပုံဖြစ်၏။ ထိုကြေးနီပြားများကိုယူ၍ အရှေ့ခန်းကိုသွား၏။ ထိုအခန်းက ရေမရှိပေ။ ကျွန်ုပ်က ဤအဆောင်မှာလည်း ရေလာအောင်အနောက်ဆောင်ထဲတွင် ထားခဲ့သော ဖယောင်းတိုင်ထုပ် အယူခိုင်းပြီး ကျွန်ုပ်နောက်တွင် ပါလာကြသောလူများကို မီးအထွန်းခိုင်း၏။

ဖယောင်းတိုင်များမှာ အများကြီးဖြစ်လာ၍ နေရာအနှံ့အပြား မီးထွန်းခိုင်း၏။ ရေပေါ်လဲမီးထွ
လို့ရ၏။ အားလုံးအဆောင်တိုင်း မီးလင်းပြီးရေများပြည့်နေ၏။ အနက်ကတော့ ဒူးဆစ်လောက်ရှိ
လူများက အလွန်အံ့ဩစွာ လာရောက်ကြည့်ရှုကြ၏။ ကျွန်ုပ်ကအနောက်ဆောင် ဓါတ်ခန်းထဲပြန်သွာ
ရေထဲကို နှိုက်ယူလိုက်သောအခါ အင်းသုံးအင်းပါလာ၏။ ပါးစပ်ထဲထည့်လိုက်၏။ ပါးစပ်ထဲမှာ
ပျောက်သွား၏။ လူများက အံ့ဩစွာကြည့်နေကြ၏။ လူများကြည့်နေစဉ် အခန်းထဲမှထွက်လာပြီး ဘိုးတေ
အေး၊ ဘိုးတော်ချမ်းတို့က ကျွန်ုပ်ပန္နက်ချပေးသော ဘုရားကိုကြိုးများဆွဲ၍ အုဋ္ဌစီနေကြ၏။ ထိုတွ
နိုးလာ၏။

ဒုတိယဝါဆိုလဆန်း ၁ရက် - အဓိဋ္ဌာန်အတိုင်း ဘုရားဖူးသွား၊ ပုတီးစိပ်၏။ ရန်အောင်မြင်ဘုရ
တွင် ပုတီး ၂၇ပတ်စိပ်ပြီးသောအခါ ဘုန်းကြီးတစ်ပါးက ကိုယ်တော်ဓါတ်ထိုးသလားဟုမေးလျှင် ထိုးကြေ
ပြော၍ ကိုယ်တော်ကိုသွတ်ဖမ်းနည်းနှင့် သံဖမ်းနည်းပေးရအုံးမယ် . . ပေးပါဘုရား တပည့်တော်မှတ်ထ
ပါမယ်ဟုပြောပြီး အိပ်ဆောင်စာအုပ်ကိုထုတ်၍ထိုဘုန်းကြီးပြောသမျှ အောက်ပါအတိုင်း ရေးမှတ်
လိုက်၏။ ပဋ္ဌမ = သွတ်ကို ဆီမီးတောက် ၃နှင့် ကျောက်သံရောကျိုပ်ပြီး အထက်အောက်နှပ်၍ သုံးလုံးထို
ထို့နောက် 'ထိ၊ ထ၊ မိ၊ မျှော်၊ ရှောက်နှင့်ဖျော်၊ သွတ်သော်အခိုးငြိမ်း' ဆိုသည့် လင်္ကာအတိုင်း -

၁။ ထိကရုံး၊ ၂။ ထနောင်း၊ ၃။ မိကျောင်းနွယ် ၄။ မျှော်ချင်

ဤလေးပါးအမျှ ရှောက်ရည်နှင့်ကျိုပ်၊ နာနာဖိထိုး၊ ၇ လုံးထိုးပြီး ချော်နှင့် သုံးလုံးထိုး၊ ထိုကဲ့
ထိုးပြီးလျှင် သွတ်မှာအခိုးမီးတောက်ငြိမ်း၏။ ထိုနောက် သဖန်းချိပ်နှင့်ထိုး သွတ်သေ၏။ သံဖမ်းနည်း
သံကောင်းကောင်းကို သပြေညိုခေါက် အမှုန့်ပြုချ - ၄လုံးထိုး၊ သပြေညိုနှင့်မထိုးခင် ရှေးဦးစွာ သံသပ်ကြိ
အခေါက်နှင့် ၂ - ၃ လုံးထိုးပြီးမှ သံပြေညိုနှင့်ထိုး၊ ထို့နောက် တောကြက်မောက်ပြာနှင့် ခြောဖြစ်အော
၂၇လုံးထိုး၊ ပြီးလျှင်ခြောသေနှင့်ထိုး၍ ရွှေကျွေးတန်ကျွေး၊ လမ်းကြီးတက် - သံပန်းငြိမ်းသည်၊ သံတွယ်လွ
စသည်ကြည့်ပြီးမှကျွေးပါ။ သံသေတပြေဝ ဖြစ်လာပါမည်။ ဉာဏ်သမာဓိရှိပါ။ ထိုကဲ့သို့ရေးမှတ်ပြီး ကျော
ပြန်။ ထိုနေ့က ပုတီးပတ် ၃၂ ရက်တွက် ပေါင်း ၁၉၄၈၉၅၀ အရေအတွက် ရသောကြောင့် မီးဓါတ်ပြီးကြော
ဘုရားလျှောက်၍ မေတ္တာပို့အမျှဝေပြီး မီးဓါတ်သိမ်း၏။

ဒုတိယဝါဆိုလဆန်း ၂ ရက်၊ ၃ ရက်နေ့များတွင် သိဒ္ဓိတစ်သိန်းပြီးအောင် စိပ်လိုက်၏။ ညအိ
မက်၏။ လောကကြီးတွင် ပညာဟူ၍ မြင်ရုံကြားရုံနှင့် တတ်နေ၏။ နိုင်ငံခြားဖြစ်ကြသော ကမ္ဘာအရပ်ရပ်
ပညာများပါ တတ်နေကြောင်း လူတွေကကျွန်ုပ်ကို ပြောဆိုချီးမွမ်းနေကြ၏။ ဒုတိယ ဝါဆိုလဆန်း ၄
နေ့မှစ၍ ဒုတိယဝါဆို လပြည့်နေ့တိုင်အောင် ဂုဏ်တော်ကိုးပါးသိဒ္ဓိတက်၍ တစ်ပါးလုံးရေ ၁၀၀၀
နေ့စဉ် ၁၀၀၀ ပြည့်စေတီ တည်နေ၏။

ဒုတိယဝါဆိုလပြည့် "ဓမ္မစကြာအခါတော်နေ့" ကျင်းပပြီး ည ၉နာရီတွင် အနုတ္တရောပုရိသ
သာရထိ ဂုဏ်တော်ကို ဓမ္မခန္ဓာတက်စိပ်၏။ တောင်မင်းကြီး၊ ကြေးဘုရားကြီး၊ ပုထိုးတော်ကြီး၊ ရွှေ
နဂါးရုံ အောင်မြေဘုရားများထံ ထိုဂုဏ်တော်ကို ဓမ္မခန္ဓာစိတ် သစ္စာဓိဋ္ဌာန်ပြု၏။ ညအိပ်မက် - ကလေးမှ
ဘက်လဲ အလုပ်ကိစ္စကို ကျွန်ုပ်ကဆောင်ရွက်ပေး၏။ လူကြီးများဘက်ကိုလဲ ကျွန်ုပ်ကဆောင်ရွက်ပေ

ရသို့ ဆောင်ရွက်ပေးပြီး လမ်းလျှောက်သွားရာ ဆန်းပြားသောအဆောက်အဦးများ နေရာဌာနများသို့ ရောက်သွား၏။ ထိုအဆောက်အဦများတွင် ပဌာန်းအင်းတော်ကို မှန်ဦးဖျားမှနေ၍ ခြခြထားကြတာ တွေ့ရ၏။

**ပဌါန်းအင်းတော်က အောက်ပါအတိုင်းဖြစ်၏။**

| | | | | | |
|---|---|---|---|---|---|
| | | ၁ | ၂၀ | | |
| | ၂၀ | ၈ | ၃ | ၁၆ | |
| ၁၁ | ၂ | ၁၅ | ၂၄ | ၁၉ | ၄ |
| ၂၂ | ၇ | ၁၂ | ၉ | ၁၄ | ၁၇ |
| | ၁၀ | ၂၃ | ၁၈ | ၅ | |
| | | ၆ | ၃ | | |

မြင်းသေမြင်းကိုက် ခြထားခြင်းဖြစ်၏။ ထိုအင်းချထားသော အဆောက်အဦးကြီး၏ မုခ်ဝထဲမှာ ဘုန်းတော်ကြီးတစ်ပါး ထွက်လာပြီး၊ ဤအင်းဟာ အကွယ်အကာကိုယ်ခံအင်းဖြစ်၍ အဆောက်အဦးများ ရန်သူမျိုးငါးပါးဘေးရန်မှ လွတ်နိုင်ကြောင်း ပြောပြ၏။ ထို့ပြင် ဆိပ်ဖြူခရီးလမ်းပြီးကြောင်း စပါယ်ခရီး လမ်းကိုလဲပြီးစီး အောင်မြင်၍ ကိုယ်တော်အား ဤလက်မှတ် ၂စောင်ကို ပေးအပ်ပါတယ်ဆိုပြီး ကျွန်ုပ်ကို လက်မှတ် ၂စောင်ပေး၏။

ထိုလက်မှတ်များက စတုရန်းပါတ်လည် ၉လက်မလောက်ရှိ၏။ ပုံစံကတော့ တောတောင်ရေမြေ သမုဒ္ဒရာများပေါ်မှာ ဆင်ဖြူကြီးရပ်နေ၏။ ကကြိုးတံဆာများလဲပါ၏။ ကျောပေါ်မှာ စပါယ်ပန်းပွင့်ကြီး တင်ထား၏။ စပါယ်ဝတ်ဆံထဲမှ ဂုဏ်တော် ၃ပါးစလုံးက ကြည်လင်တောက်ပသော အရောင်များဖြင့် ရေးထား၏။ အရောင်ခြည်လက် သဘောမျိုးဖြစ်၏။ လက်မှတ် ၂စောင်ယူပြီးပြန်လာ၏။ ထိုတွင်နိုးလာ၏။

နံနက်ဆန်ပြုတ်သောက်ပြီး တောင်မင်းကြီးဘုရား ပုတီးစိပ်၍ အနောက်ဘက်စောင်းတန်းက ပြန်တော့ ရှဉ့်ကလေးကို ရှဉ့်ကြီးကလိုက်နေ၏။ ရှဉ့်ကြီးမမှီဘဲနေ၏။ ဂူကြီးဘုရားစိပ်ပြီး မေတ္တာပို့နေစဉ် တောက်တက်ကလေးကို တောက်တက်ကြီးကလိုက်၏။ မမှီပေ။ ကျောင်းရောက်ဖို့ခဏ်းဝင်တော့ လင်းမြွေကအရေလဲနေ၏။ ကျွန်ုပ်စိတ်ထဲတွင် ဤဂုဏ်တော်ကတော့ တစ်မျိုးပဲလို့ အားရကျေနပ်ပြီး ကျွန်ုပ်အတွေးနှင့် ကျွန်ုပ်ကျေနပ်နေ၏။

ဒုတိယ ဝါဆိုလပြည့်ကျော် ၂ရက် နံနက်၁ချက် အိပ်မက် - လက်ကိုမြွေကပတ်ပြီး ကိုက်နေ၏။ ကျွန်ုပ်ကလည်း ပုတီးမပြီးသေးတာနှင့် အောင့်ခံနေ၏။ ပုတီးပြီးခါနီးတွင် မြွေကနဂါးဖြစ်ပြီး ကောင်းကင်ပျံတက်သွား၏။ ကိုက်သောနေရာမှာ ဘာမှမဖြစ်၊ ပုတီးစိပ်ပြီး ဘုရားတစ်ဆူသွားတော့ ထူးဆန်းသော လက်ဝတ် လက်စားပစ္စည်းများတွေ့ရ၏။ ထိုဘုရားဘွဲ့တော်က "အဌအဝဘုရား" ဟု ရေးထား၏။ ပုတီးစိပ်ပြီး ကျောင်း ပြန်လာတော့ ကျောင်းပေါက်တွင် ကြေးနန်းကြိုးကြီးတွေ့၍ လက်နှင့်ကိုင်ကြည့်လိုက်၏။ ထိုအခါ ကြေးနန်း ကြိုးကြီးက ကျောင်းတိုက်တောင်ပေါက် အကျိုတန်းလမ်းမှ တောင်ဘက်တည့်တည့်ကြိုးနှင့်ထွက်သွား၏။ အသက်ရှိသလိုဖြစ်၍ ကျွန်ုပ်ကအံ့သြနေ၏။ ထိုကဲ့သို့ဖြစ်သဖြင့် ကိုင်ထားသော ကြေးနန်းကြိုးကြီးကို ချပစ်လိုက်၏။ ကျောင်းထဲပြန်ဝင်လာတော့ ယုန်ကလေးများပြေးလာကြပြီး ကျွန်ုပ်ပခုံးပေါ်တက်လာ၏။ ကျွန်ုပ်ကဖမ်းပြီး ပွေ့ယူလိုက်၏။ ယုံနှစ်ကောင်လုံး ငြိမ်ပြီးလိုက်လာကြ၏။ ထိုတွင် နိုးလာ၏။

ဒုတိယဝါဆိုလဆန်း ၄ ရက် စနေနေ့တွင် အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်တော် ဓမ္မ
ရှစ်သောင်းလေးထောင်ပြီး၏။ ပြီးစီးအောင်မြင်ကြောင်း ဓါတ်ခန်းထဲတွင် ဘုရားကိုလျှောက်ထား၍ မေ
ပို့အမျှဝေလိုက်၏။ သာဓုခေါ်သော အသံများကြားရ၏။ ည ၁၁နာရီလောက်တွင် အိပ်၏။ ဒုတိ
ဝါဆိုလဆန်း ၅ရက် နံနက် ၁ ချက်လောက် အိပ်မက်၏။ စပါးတောမြောက်ဘက် ရွှေစေတီ ရှစ်ထော
ဂုဏ်တော် ၃ တောင်လောက်ရှိ၏။ စပါးတောဘုရားကြီးကို ရွှေချနေကြ၏။ ဘုန်းကြီးတစ်ပါးက စေတီ
ကြာမှောက် - ကြာလံနားတွင် သံပြားဝိုင်းတပ်ဆင်ပြီး တထောင့်တကြိုး ရှစ်ထောင့်ရှစ်ကြိုး တပ်ဆ
ဆွဲနေ၏။ ဘုန်းကြီးချပေးသော အပေါ်ကကြိုးများကို အောက်ကလူများက သံတိုင်များတွင် ချည်နေကြ
ကြိုးချည်နေကြသော လူများကို ကျွန်ုပ်မေး၏။ ဒီတိုက်က စပါးတောတိုက် မဟုတ်လားဟု မေး
မဟုတ်ပါဘူး၊ စံပွယ်တောတိုက်လို့ ခေါ်ပါတယ်။ သေသေချာချာ လျှောက်ကြည့်ပါဦး၊ ရှေးကအ
စည်ကားပါတယ်။ ယခုတော့ ဘုရားလောက်တင် ပြင်နိုင်တော့တယ်။ ကျောင်းများ မပြင်နိုင်တော့ပါ
ပြော၏။

ကျွန်ုပ်လည်း ကျောင်းတိုက်ကြီးကို လျှောက်ပြီးကြည့်၏။ ရှေးကပုံနှင့် အုဌ်တိုက်ကြီးများ၊ ကျော
ဆောင်ကြီးများကို ခမ်းနားစွာ ဆောက်လုပ်လှူဒါန်း ထားကြသော်လည်း ယခုတော့ ပျက်စီးနေကြပေ၏
ထိုတိုက်ထဲတွင် အလယ်ခေါင်မှ ရှစ်ထပ်ရှိသော ကြီးကျယ်ခမ်းနားသော တိုက်ကြီးတစ်လုံးကို တွေ့ရ၏
ကျွန်ုပ်အပေါ်ထပ် ထိအောင်တက်သွား၏။ အပေါ်ထပ်တွင် လူများပြည့်ကျပ်နေ၏။ ထမီအနီ၊ အ
အဖြူဝတ်ဆင်ထားကြသော မိန်းမရှစ်ယောက် ကပြနေကြ၏။ တူရိယာသံမှာလည်း ငြိမ့်ငြောင်းသာယ
လှ၏။ ကချေသည် အမျိုးသမီးများ၏ ဆင်ယင်ထုံဖွဲ့ပုံမှာလည်း အငြိမ့်မင်းသမီးများကဲ့သို့ဖြစ်၏။ ကကွ
များမှာ ယိမ်းကသလိုကကြ၏။ အတီးနှင့်အက ရပ်လိုက်သည်နှင့်တပြိုင်နက် ပရိတ်သတ်က အော
. . အောင်ပြီ . . အောင်ပြီဟု အော်လိုက်ကြ၏။ ထိုကကြသော မိန်းကလေးရှစ်ယောက် ထိုင်ရာမှ
လိုက်သည်နှင့် တပြိုင်နက် အနီရောင်ဖြန့်ထမီများ မဟုတ်ကြတော့ဘဲ အစိမ်းနုရောင်များ ဖြစ်နေကြ၏

ကျွန်ုပ်က ဤကပွဲတွင်ကြည့်နေစဉ် လူတစ်ယောက်က အနားလာပြီး ဒါဟာလူ့ပြည်မဟုတ်
နတ်ပြည်ကိုယ်တော် . . နတ်ပြည်ဖြစ်နေတော့လဲ ဘာဆန်းလို့လဲတကာကြီး . . နတ်ဆိုတာ လူကဖြစ်သွ
တာဘဲ၊ ဘုရားတောင်မှ လူကဖြစ်သွားတာ မဟုတ်ပါလားဟု ကျွန်ုပ်ကပြောလိုက်တော့ ထိုလူက ဒီ
အသိရှိရင်လဲ အာရုံထိမ်းနိုင်ပါတယ်လေဟုပြောပြီး ကျွန်ုပ်နားကထွက်သွား၏။ ကျွန်ုပ်လည်း ရှေ့ဆ
မကြည့်တော့ဘဲ ပြန်ဆင်းလာ၏။ အောက်ထပ်ရောက်တော့ ဘုန်းကြီးတစ်ပါးနှင့်တွေ့၍ ထိုဘုန်းကြီး
ကိုယ်တော်ကျောင်းပြန်မှာလား တပည့်တော်တို့ဆီလိုက်မှာလားဟု ပြောသဖြင့် ကျောင်းပြန်မှာပါဟုပြော
ကျောင်းပြန်လာခဲ့၏။ လာရင်း လာရင်းနှင့် ရေဆိပ်တစ်ခုရောက်၊ လှေကလေးတစ်စင်းတွေ့၍ လှေပေါ်
တက်တက်ခြင်း တစ်ဖက်ကမ်းရောက်သွား၊ ကမ်းပေါ်တက်၍ကျောင်းလာ ထိုတွင်နိုးလာ၏။ ဒုတိယဝါဆို
လဆန်း၅ရက် တနင်္ဂနွေနေ့ အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်တော် ပုတီး ၉၄၀၀၀ ရ၍ ဓမ္မခန္ဓာပြည့်
သဖြင့် နံနက် ၉နာရီတွင် မြေဓါတ်တက်၏။ ထိုနေ့ရသော ပုတီးပတ် ၃၀၀၊ ဂုဏ်တော်ဆူရေပေါင်း ၃၂၉၀
ရ၏။

ပုထိုးတော်ကြီးဘုရား၊ ရွှေဂူကြီးဘုရား၊ ရန်အောင်မြင်၊ သက်တော်ရ အောင်မြေ၊ ကြေးဘုရားကြီး၊ တောင်မင်းကြီးဘုရားများထံ မြေခါတ်အဓိဋ္ဌာန်တက်၏။ ဒုတိယဝါဆို လဆန်း ၇ရက်၊ အင်္ဂါနေ့နံနက် လောက် အိပ်မက် - ပစ္ဆိမာဝန်ကျောင်းက ဦးပညာဝံသ၊ ဥတ္တရာဝန်ကျောင်းက ဦးသာသနတို့က ကိုယ်စီကိုင်ကြလျက် ကျောင်းပေါ်ကခုန်ချကြပြီး ဘာဂျီဆိုသောကုလားကြီးနောက် လိုက်ကြ၏။ ကုလားကြီးကလည်း ကျွန်ုပ်ကျောင်းပေါ်တက်လာပြီး အနောက်ဆောင်ထဲ ဝင်ပြေးလာ၏။ ထိုဘုန်းကြီး နှစ်ပါးကလည်း အနောက်ဆောင်ထဲဝင်လိုက်ပြီး ဓားနှင့်ထိုးခုတ်ကြ၏။ ထွန်းလှိုင်ကလည်း ကုလားကြီး ကိုဓားယူပေး၏။ နှစ်ယောက်နှင့်တစ်ယောက်ဖြစ်၍ ကုလားကြီး ဓားထိသွားကြောင်း ထွန်းလှိုင်ကပြော၍ ကျွန်ုပ်ကအနောက်ဆောင်ထဲ ဝင်ကြည့်တော့ ကုလားကြီး အလောင်းလဲမတွေ့ ဘုန်းကြီးများလည်းမတွေ့ ကျွန်ုပ်လိုက်ရှာ၏။

မသိန်းနှင့်တွေ့၍ ကိုယ်တော်နှစ်ပါးနှင့် ကုလားကြီးကိုမေးတော့ သူတို့ကချိတ်လုပ်ပြီး ရန်ဖြစ်ကြတာပါဘုရား . . ယခုသူတို့ အရှေ့ဘက်ထွက်သွားပါတယ်ဘုရား . . ကျွန်ုပ်လည်း မသိန်းပြောတဲ့ အတိုင်း အရှေ့ဘက်လိုက်ရှာ၏။ အရှေ့ဘက်က မင်းဒင်ရွာရောက်၏။ မင်းဒင်ရွာတည်ပုံမှာ ဘေး ပတ်လည်က အိမ်များဝိုင်းဆောက်ထား၏။ အပြင်ဘက်ကအပိုင်းမှာ လူသာမန်တို့အိမ်နေရာ အတွင်းထပ် အပိုင်းမှာ စားနိုင်သောက်နိုင်သောလူတို့၏ ပျဉ်ထောင်ကာ အိမ်နှစ်ထပ်ဖြစ်၏။ အတွင်းထပ်အပိုင်းမှာ တိုက်များဖြစ်၏။ အလယ်တည့်တည့်မှာ ဘုရားဝတ်ကျောင်းတော် ဇရပ်ဖြစ်၏။ တစ်ထပ်တစ်ထပ် အပိုင်း တွင် အိမ်ခြေသုံးရာကျော်လောက် ရှိမည်ထင်၏။ ဆောက်လုပ်ထားကြပုံလည်း စနစ်တကျရှိလှ၍ ကျွန်ုပ်က နှံ့နှံ့စပ်စပ်လျှောက်သွားပြီး ရှေ့ဆက်သွားတော့ ကိုစံမင်းအောင်ဆိုသော ပုဂ္ဂိုလ်ကြီးက တရားပြပြီး မင်းဒင်ရွာ ယောကျ်ားမိန်းမတို့ တရားထိုင်နေကြသော ဝတ်ကျောင်းတော် ရွာလည်ဇရပ်တိုက်ကြီးတွေ့၏။

ထိုတိုက်ကြီးနာမည်က "ထွက်ရပ်နန်း အောင်ပန်းရိပ်သာ"ဟု ကမ္ပည်းတင်ထား၏။ ထိုဆိုင်း ဘုတ်ကို ကျွန်ုပ်က စိတ်ဝင်စားစွာ ဖတ်ကြည့်ပြီးလျှင် ခရီးဆက်မည်လုပ်တော့ ထိုရွာလယ်ဇရပ်ထဲမှ လူ နှစ်ယောက်ထွက်လာကာ ဆရာတော်ဦးဝါယမတို့က ဘယ်ကများပေါက်လာ ကြပါသလဲဘုရားဟုပြော၏။ နောက်တစ်ယောက်က ပြောပြန်သည်မှာ ဝိဇ္ဇာဘဲဗျာ သူလာချင်ရင် ဘယ်ခက်ပါမလဲ ဟုပြော၏။ ထိုလူ၂ ယောက်က ကြွပါအုံးဆရာတော်ဟု ပင့်သဖြင့်လိုက်သွား၏။ ခဲတုံးများဖြင့် ပြုလုပ်ထားသော ပလ္လင်ပေါ် ထိုင်ရန် ညွှန်၏။ ကျွန်ုပ်တက်ထိုင်လိုက်၏။ ပူသလိုဖြစ်နေ၏။ ခဲပလ္လင်က ဓါတ်ဘယ်နှစ်မျိုးနှင့်များ စပ်ထားလို့ ပူနေရတာလဲဟု စိတ်ထဲမှာအောက်မေ့၏။

ထိုအခါ ဦးစံမင်းအောင်က ခဲပလ္လင်မဟုတ်ဘူးဘုရား။ ပဥ္စလောဟာ ဓါတ်ငါးမျိုးစပ်ပြီး လုပ်ထားတာ ပလ္လင်ဘုရား မပေါက်မြောက်သေးသူ ဤပလ္လင်ပေါ် မထိုင်နိုင်ဘူး။ ဤရွာကိုလဲမရောက်နိုင်ဘူး။ သို့အတွက် ကိုယ်တော်ကို စမ်းကြည့်တာပါဟုလျှောက်၏။ ထိုပလ္လင်ပေါ်ထိုင်ပြီး ၅ပါးသီလပေး၍ ပလ္လင်ပေါ်မှဆင်းပြီး ကျောင်းပြန်ရန်လာတော့ ဦးစံမင်းအောင်က အရှင်မြတ်ခရီးပန်းလာပါတယ် - သို့အတွက် တပည့်တော်က ဖြတ်လမ်းကို လိုက်ပြပါ့မယ်ဆို၍ လမ်းလိုက်ပြ၏။ လမ်းမကြီးပေါ် သွားနေရ၏။ လမ်းမကြီးက ဆင်ခြေလျှော ဖြစ်၍ တော်တော်ခြေထိန်း သွားနေရ၏။ တောင်အဆင်းကဲ့သို့ဖြစ်၏။ ခြေလှမ်း ၅၀လောက်လည်း သွားမိ

ရော လမ်းလည်းဆုံးသွား၏။ လမ်းဆုံးသွားသည်နှင့်တပြိုင်နက် ကျွန်ုပ်ကျောင်းဝိုင်းထဲ ရောက်သွား၏၊ ထိုတွင်တုံးခေါက်သံကြား၍ နိုးလာ၏။ အိပ်ရာက နိုးလျှင်နိုးခြင်း ဤမှတ်တမ်းကို ရေးလိုက်၏။

ဒုတိယဝါဆိုလဆန်း ၈ ရက် ဗုဒ္ဓဟူးနေ့ ညအိပ်မက် - မတ်စောက်မြင့်မားသော လှေခါးကြီးကို ကျွန်ုပ်တက်နေရ၏။ လှေခါးထစ်များမပါ။ မတ်စောက်သော တောင်ကိုတက်ရသလို တက်ရ၏။ အတော် တွယ်တွယ်ကပ်ကပ်နှင့် တက်နေရ၏။ တော်တော်လေးတက်မိတော့ လှေခါးထစ်များပေါ် စာအုပ်မျိုးစုံ ထောင်ထားတာတွေ့ရ၏။ ထိုစာအုပ်များကိုကျော်တက်၏။ အထက်ရောက်သွား၏။ အထက် ရောက် တော့ ဝတ်ဖြူစင်ကြယ် ဝတ်ထားသောပုဂ္ဂိုလ်၊ အဝါဝတ်သောပုဂ္ဂိုလ်များ၊ ပြာနုရောင်ဝတ်သောပုဂ္ဂိုလ်များ အနီရောင်ဝတ်သောပုဂ္ဂိုလ်များတို့က အောင်ပြီ . . အောင်ပြီဟု အော်သံပေး၍ ရောင်ခြည်လက်ပါသော တိမ်ညွှန့်ထဲမှ ထွက်နေသောစေတီ နှစ်ဘက်မှ လ၊ နေ တံဆိပ်ပါသော အထက်နားမှ ရွှေဝါကွပ်သော အလံဖြူကိုပေးကြ၏။ ထိုအောင်လံကြီးယူပြီး ကျွန်ုပ်ပြန်ဆင်း၏။ လှေခါးများ၏ အောက်အစွန်းက ဝါးလုံးများပေါ် နင်းပြီး ဆင်းလာ၏။ ထိုတွင် နိုးလာ၏။

မှတ်ချက် - ကျွန်ုပ်က အဓိဋ္ဌာန်ပုတီးစိတ်ပြီးလျှင် အားလပ်ချိန် စာအုပ်ကြည့်နေသောကြောင့် စာမကြည့်ဘဲ နှင့် အားလပ်ချိန်မထားဘဲ ပုတီးကိုသာ ဆက်စိတ်ရန်ပြသည်ဟု မှတ်ချက်ချလိုက်၏။

ဒုတိယဝါဆိုလဆုပ် ၉ ရက် ကြာသာပတေးနေ့ ညအိပ်မက် - ကျွန်ုပ်ကျောင်း ဆရာတော်ကြီးများ ပုံတော်ထားသော အခန်းထဲမှာ တတောင်လောက်ရုပ်ပွားတော်ကြီးများ ရွှေတွေဝင်းလို့ စီတန်းပြီးသိတင်း သုံးနေတာတွေ့ရ၏။ အရှေ့ဘက်အခန်းထဲမှာလည်း ဘုရားများကို ဓာတ်မီးများ ပူဇော်ထားကြ၏၊ ဓာတ်မီးများက မီးလုံးမီးချောင်း ၁၀၀ ထက်မနည်းပေ။ အခန်းပြည့် ပူဇော်ပြီးထား၏။ ပုတီးကိုလဲ ကိုးပတ် လောက်စိပ်လိုက်၏။ ပုတီးစိပ်ရင်း တင်ပလ္လင်ခွေလျက် ကောင်းကင်သို့ ကျွန်ုပ်ကိုယ်တက်သွား၏။ ပြန်ကျ သောအခါ မဟာမြတ်မုနိဘုရားကြီး အရှေ့တန်းနှင့် မဝေးလှသော နေရာမှာကျ၏။ ထိုအခါကျွန်ုပ်က ဆိုက်ကားစီးပြီး မြေလမ်းအတိုင်း ဘုရားကြီးအရှေ့မုဒ်သွား၏။ ဘုရားကြီးသွားမြေလမ်းက ပြုလုပ်နေတုံး ဖြစ်၏။ စောင်းတန်းရှေ့ရောက်တော့ ဆိုက်ကားမှဆင်းပြီး စောင်းတန်းထဲလျှောက်သွားပြီး ဘုရားဖူး၏၊ ထိုတွင်နိုးလာ၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၁၉၆၄၀၀ ရသောနေ့ဖြစ်၏။

ဒုတိယဝါဆိုလဆုတ် ၁၁ ရက်စနေနေ့ ပုတီးအရေအတွက်မှာ ၂၇၈၄၀၀ ရ၍ မြေခါတ်ပြီးစီး အောင်မြင်သောနေ့ဖြစ်၏။ ည ၁၁နာရီတွင် အပို၁၀၀၀၀ယူ၍ ရေခါတ်တက်၏။ ညအိပ်မက် - ယင်တော် ရပ်ရောက်သွား၏။ ညွှန့်ညွှန့်ဆိုသောမိန်းကလေးနှင့်တွေ့၍ ထိုမိန်းကလေးကပြောသည်မှာ တပည့်မက ရေကာတာအနေနှင့် မြေခုံကြီးပြုလုပ်ထားပါတယ် . . အရှင်ဘုရားကြည့်တော်မူပါအုံးဘုရား။ ဒီမြေခုံကြီး အသားသေသွားအောင် ရေလောင်းဒင်ဆောင့်လုပ်ပေးလိုက်ပါ ဟုကျွန်ုပ်ကပြောသောအခါ သူမက လုပ်သားများကိုခေါ်ပြီး ကျွန်ုပ်ပြောသလိုလုပ်ကြ၏။ ကျွန်ုပ်ကလည်းဝင်ပြီး လုပ်နည်းကိုင်နည်းပြ၏။ ပြီးစီးသည်နှင့်တပြိုင်နက် ရေများတိုးလာသဖြင့် ကျွန်ုပ်ကျောင်းသို့ လှေကလေးဖြင့်ပြန်ခဲ့ရ၏။ ထိုတွင် တုံးခေါက်သံကြား၍ နိုးလာ၏။ ရေခါတ်နိမိတ်ဖြစ်ကြောင်း ဟုကောက်ယူ၏။

ဒုတိယဝါဆိုလဆုတ် ၁၄ရက် အင်္ဂါနေ့ နံနက်တချက်လောက် အိပ်မက်၏။ မော်လမြိုင်မြို့ ရောက်သွား၏။ နေရာတိုင်းမှာလိုလို သန့်သန့်ရှင်းရှင်းဖြစ်နေ၏။ ကျွန်ုပ်ရောက်ဖူးသော မော်လမြိုင်မြို့ နှင့်မတူပေ။ ကောင်းသောမြို့ထိပ်ကြသော နေရာကွက်လပ်ကြီးတခုတွင် ကိုးခန်းပတ်လည်ရှိသော တိုက်ကြီး သုံးလုံးတန်းပြီး တည်ဆောက်နေ၏။ မြောက်ဘက်ဆုံးတိုက်အမိုးပေါ်မှာ သုံးတောင်လောက် စေတီရှစ်ဆူ ရုပ်ပွားတော်လေးများဖြင့် ရံပြီးတည်ထားတာတွေ့ရ၏။ ကျိုက်သန်လန်ဘုရားပေါ်ကနေကြည့်တော့ ထိုတန်းနေသော တိုက်ကြီးသုံးလုံးနှင့် မြို့ကိုလေယာဉ်ပေါ်က ကြည့်သကဲ့သို့ လှပစွာမြင်တွေ့ရ၏။ ဝင်းခြံများ လည်း ပန်းခြံသဖွယ်တင့်တယ်စွာ ကာရန်ပြင်ဆင်ထားကြတာမြင်တွေ့ရ၏။ တိုက်အားလုံးက အနီရောင် များ ဖြစ်ကြ၏။

ထိုကဲ့သို့ မြို့မြင်ကွင်းကိုကြည့်နေစဉ် ဘုန်းတော်ကြီးတပါးက ဘုရားတောင်ဘက်က လျှောက်လာပြီး ခေါ်သွား၍လိုက်ပါသွား၏။ ဘုရားခြေရင်းရောက်လျှင် ပင်လယ်ဆိပ်ကမ်းကြီးတွေ့၏။ ကမ်းခြေတွင် သုံးပင်တိုက်သင်္ဘောကြီး ဆိုက်ကပ်ထား၏။ ထိုသင်္ဘောကြီးကို လတ်ညှိုးထိုးပြပြီး ကိုယ်တော်အဲဒီသုံးပင်တိုက် သင်္ဘောဖြင့် တဘက်ကမ်းကို ကိုယ်တော်နှင့်တပည့်တော် ကူးသွားရမယ် လာ လာ သင်္ဘောကြီးဆီ သွားရအောင်ဆို၍ ကျွန်ုပ်ကလိုက်သွား၏။ ဘုန်းတော်ကြီးက လက်ခုပ်တီးလိုက်သဖြင့် သုံးပင်တိုက် သင်္ဘောကြီးဘေးက လှေကလေးက ကျွန်ုပ်တို့ထံလှော်လာပြီး တင်ခေါ်သွား၏။ သင်္ဘောကြီးနံရံနား ရောက်တော့ ထောင်ထားသောလှေကလေးကို ဘုန်းကြီးကရှေ့ကနေတက် ကျွန်ုပ်ကနောက်ကနေ လိုက် တက်သွား၏။ သင်္ဘောပေါ်ရောက်ကြ၏။

ကျွန်ုပ်တို့နှစ်ပါး ထိုင်ခုံများပေါ် ထိုင်လိုက်ကြ၏။ ထိုအခါ ဘုန်းတော်ကြီးစကား စပြောသည်မှာ ကိုယ်တော်လေးလောကတွင် မြို့လမ်းထက်တောလမ်း ခက်၏။ တောလမ်းထက်ရေလမ်း ခက်၏။ ရေလမ်း ထက်လေလမ်း ခက်၏။ လေလမ်းထက်မီးလမ်း ခက်တယ်။ မီးလမ်းထက် ယခုကိုယ်တော်လေး စိပ်တဲ့ပုတီး လမ်းက ခက်တယ်။ ယခုဒီသင်္ဘောကြီးဟာ မီးကြောင့်မို့ ရေဆူအခိုးဖြစ် လှေ၏တွန်းကန်အားကြောင့် ဘီးလဲရေယက်ပြီး ခရီးဆက်သွားနိုင်တယ်။ အဲဒီသဘောပေပဲ အင်း ပြောပြောဆိုဆိုနဲ့ ဟိမဝန္တာကမ်း ခြေတောင်ရောက်ပြီကိုးဟု ဘုန်းတော်ကြီးက ပြောလိုက်တော့မှ ကျွန်ုပ်ကထပြီး ကြည့်လိုက်တော့ မြင့်မား သောတောင်ကြီးများ အုပ်ဆိုင်းလျက်ရှိသော တောကြီးဘေးမှာ သင်္ဘောကြီးဆိုက်ကပ်နေ၏။ ဘုန်းတော် ကြီးက ဆင်းရန်ပြသဖြင့် ကျွန်ုပ်ဆင်းလိုက်၏။ နှစ်ယောက်သား တောကြီးထဲလျှောက်သွားရာ ထိုတွင် နိုးလာ၏။

ဒုတိယဝါဆိုလကွယ် ဗုဒ္ဓဟူးနေ့နံနက် တစ်ချက်လောက် အိပ်မက်၏။ ကိုထွန်းတို့ အလှူကြွရန် ဘုန်းကြီးများ ပုထိုးတော်ကြီးဘုရားထဲ စုနေကြ၏။ ဘုန်းကြီးတစ်ပါးလျှင် သင်္ကန်းတိစီဝရိတ်နှင့် ဝတ္ထု ၁၀ကျပ်စီ လှူမည့်အကြောင်း ဒါယကာတစ်ယောက်ကလျှောက်နေ၏။ ဘုန်းတော်ကြီးများက ၁၀ တောင် ပတ်လည်လောက်ရှိသော ခုတင်ကြီးအပြည့် ထိုင်နေတော်မူကြ၏။ ဦးပုဆိုသော ဒါယကာက ဦးဆောင်၍ သံဃာတော်များ ဆွမ်းကျွေးရန် ထမင်းအိုး၊ ဟင်းအိုးကြီးများ သယ်ဆောင်လာကြ၏။ တင်ဝင်းက ကြေးအိုး ကြီးများနှင့် ထမင်းချက်ယူလာကြ၏။ ကြေးအိုးကြီးရှစ်လုံးရှိ၏။ ဆီလိုလျှင် ထည့်ရန်ယူလာကြသော အပို ကြေးအိုး ရှစ်လုံးလဲပါသေး၏။ လိုက်ကရားကြီးများလဲပါ၏။ ဘုန်းကြီးများအတွက် ဆွမ်းပြင်နေ၏။ ကျွန်ုပ်က

ဆီများထည့်ထားသော ကြေးအိုးကြီးထဲမှ ဆီကိုခပ်ယူပြီး လိုက်ကရားကြီးထဲထည့်ပြီး ဆွမ်းပွဲပြင်ထား ပန်းကန်လွတ်ထဲ ဆီများလိုက်ပေးနေ၏။ ဆီများကို ကျွန်ုပ်စစ်ပြီးယူလာ၏။ အခြားဟင်းများကို ဘုန်း များက မစားကြ၊ ကျွန်ုပ်ထည့်ပေးထားသော ဆီကိုသာဆမ်းပြီး စားတော်မူကြ၏။ သံဃာတော်များ ပိုသောဆီများကို ကျွန်ုပ်ကမီးပူဇော်၏။ ထိုမီးပူဇော်ထားသော ဆီမီးတောက်များထဲမှ ရေပန်းများ ကြ၏။ အံ့သြကြပြီး ဘုန်းကြီးများ၊ လူများဝိုင်းကြည့်နေကြ၏။ ထိုတွင်နိုးလာ၏။ ထိုနေ့ကပုတီး အတွက်မှာ ၁၃ ရက်ပေါင်း ၂၀၀၀၈၀ ဖြစ်၏။

ဝါခေါင်လဆန်း ၁ ရက် ကြာသပတေးနေ့ ည **အိပ်မက်၏။** တိမ်များအဖြူတက်လာလို အညိုတက်လာလိုက် အနက်ရောင်တိမ်ခိုးများ တက်လာလိုက်နှင့် တမိုးလုံးဖြူရောင်၊ ညိုရောင်၊ အန ရောင် တိမ်ခိုးများဖြင့် အုပ်ဆိုင်းထားပြီး မိုးရေလေပါ သဲသဲမဲမဲ ရွာချနေ၏။ ထိုကဲ့သို့ ရွာနေစဉ် ကျေ တံခါးပေါက်ကိုဖွင့်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်၏။ တိမ်ခိုးရောင် ၃ ခုတို့သည် တဖြည်းဖြည်း သူ့အုပ်စုနှင့်သူ ပြယ်ပြီးပျောက်ကွယ်သွားကြ၏။ ကြည်လင်သန့်ရှင်းသော မိုးပြာရောင်ကောင်းကင်ကြီး ရှိတော့၏။ သို့သော် မိုးကတော့ သဲသဲမဲမဲ ရွာနေတုန်းပင်ဖြစ်၏။ ခဏကြာသော် မိုးစဲသွား၏။ မိုးစဲသွား ကြောင်များ၊ ခွေးများ၊ ကြက်များ၊ နွားများ၊ ဝက်များ၊ ငှက်များ၊ ရှဉ့်များတို့သည် ရာထောင်ချီပြီး သူ့အုပ် သူ့အုပ်စုနှင့်သူ ကစားမြူးတူးနေကြ၏။

တဖြည်းဖြည်းနှင့် မိုးရေများ နိမ့်ရာမှမြင့်ရာသို့ စီးဆင်းနေကြပြီးလျှင် ခမ်းခြောက်သွားတော့ ထိုအခါ နေရာအနှံ့အပြားတို့၌ သက်တန့်များပေါ်လာကြ၏။ တချို့သက်တန့်က ကွေးကွေး၊ တ သက်တန့်ကဖြောင့်ဖြောင့်၊ တချို့သက်တန့်က ဗူးနွယ်လို လိမ်ကောက်ကောက်ဖြစ်၏။ ထိုကဲ့သို့ လော ဓါတ်ကြီး၏ အဖြစ်ဆန်းများကို ကြည့်နေစဉ် နိုးလာ၏။ နာရီကြည့်လိုက်တော့ ၁၂နာရီသာသာလော ရှိသေး၏။ ဘုရားမီးထွန်းပြီး ပုတီး ၂၇ပတ်စိပ်၍ ပြန်အိပ်၏။ အာရုံကြမှထ၍ ဝါခေါင်လဆန်း ၇ရက် ဗုဒ္ဓဟူးနေ့ ၁၀ရက်အတွက် ပုတီးပတ်အရေအတွက်မှာ ၅၃၂၇၂၀ ရ၍ ရေဓါတ်ပြီးစီး အောင်မြင်ကြော သိ၍ အပို ၃၀၀၀၀ ယူပြီးလျှင် ည ၁၀ နာရီအချိန် ကျောင်းကဓါတ်ခန်းထဲ အနုတ္တရောပုရိသ မမွှသာ ဂုဏ်တော် လေဓါတ်တက်လိုက်၏။

၁၃၃၁ ခု ဝါခေါင်လဆန်း ၈ ရက် ကြာသပတေးနေ့ နံနက်တစ်ချက်လောက် အိပ်မက်၏။ ရှေ့က မီးရထားခေါင်းမဲကြီး အမြန်ခုတ်မောင်းလာ၏။ ကျွန်ုပ်က မီးရထားလမ်းဘေးက ရှောင်နေလိုက်၏။ ထိုမီးရထားလမ်းဘေးက နေရာမှာ ဘုံ ၉ ဆင့်ရှိသော သံပြဿဒ်ကြီးတခုရှိ၏။ ထိုပြဿဒ်ကြီးမှာ အောက် ကအုဋ္ဌဘိနပ် စတုရန်းကျကျ ခံရန်ဖြစ်သော်လည်း ၃ချိုး ၂ချိုးသာခံထား၏။ အိပ်ရာကနိုးတော့ ထိုအိပ်မက်ကို ကောက်ချက်ချထားလိုက်၏။ အမြန်ခုတ်လာသော မီးရထားက လေဓါတ်ပြတာဖြစ်၏ ပြဿဒ်က ရရှိသော သိဒ္ဓိဖြစ်၏ဟု ကောက်ချက်ချလိုက်၏။ မနက်မှာ တောင်မင်းကြီး၊ သတ္တဌာန၊ သမ္ ၂ကျိပ်ရှစ်ဆူ ဘုရားများထံ အဓိဋ္ဌာန်တက်၏။ ညနေတွင် ပုထိုးတော်ကြီး၊ ဂူကြီး၊ နဂါးရုံအောင်မြေ မ သကျသာမိ ဘုရားများထံ လေဓါတ်အဓိဋ္ဌာန်တက်၏။

ဝါခေါင်လဆန်း ၉ ရက် သောကြာနေ့ ၁ချက်လောက် ဓါတ်ခန်းထဲတွင် အဓိဋ္ဌာန်ပုတီးစိပ်နေ ဖြတ်ကနဲတုန်လှုပ်သွားပြီး လေဖျက်သောကမ္ဘာကြီးကဲ့သို့ ကြောက်မက်ဖွယ်သော၊ ကြီးမားသော မြ

သုံ့ကြီးဖြင့် နီညိုမဲမှောင်သော လေကြီးကကျနေ၏။ ကျွန်ုပ်၏ခန္ဓာကိုယ်လဲ ပျောက်လွင့်နေ၏။ ပတ်ဝန်း ကျင်က ပုဆိုး ၁ပတ်လောက်၊ ၂ပတ်လောက် လုံးပတ်ရှိသော သစ်ပင်ကြီးများလည်း မှုံ့မှုံ့ညက်ညက် ဖြစ်ပြီးကျေကုန်၏။ ထိုအခါ ကျွန်ုပ်အသိစိတ် ဖြစ်လာသည်မှာ သေခြင်းသေပစေတော့ အရဟံသိဒ္ဓိ ဂုဏ်တော်ဖြင့်ခံမည်ဆိုပြီး စိတ်ထဲတွင်စိတ်နေရတော့၏။ တုန်လှုပ်ခြောက်ခြားနေ၏။ လေနီကြမ်းကြီး တိုက်ခတ်နေတာ နာရီဝက်လောက် ကြာမည်ထင်၏။ တဖြည်းဖြည်း လေငြိမ်သွားတော့ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ပြီးတော့မှ ရှိသေးကြောင်းသိရ၏။ အလွန်ထူးဆန်းသော ဖြစ်ရပ်ပါလားဟု မှတ်ချက်ချလိုက်၏။ လေဓါတ် ပြင်းထန်သောသဘောဟု မှတ်ချက်ချလိုက်၏။

ဝါခေါင်လဆန်း ၁၀ ရက် စနေနေ့ ည အိပ်မက် - ကျွန်ုပ်၏ကျောင်း ကုဋီတံတားအနောက်ဘက် ရုပ်သေးစင် ဆောက်ထားတာတွေ့ရ၏။ ရုပ်သေးစင်က အရှေ့ဘက်လှည့် ဆောက်ထား၏။ လူကြည့် စင်များလဲထိုးထား၏။ ကျွန်ုပ်က ကုဋီနားနီး၍ ရွှေ့ရန်ပြောသော်လည်း ဒီနေရာကောင်းပါတယ် ဆိုပြီး မရွှေ့ပြောင်းကြပေ။ ထိုအိပ်မက်ကို ကောက်ယူသည်မှာ ရုပ်သေးနှင့်ကောက်လျှင် ဝံသေလေဓါတ် ဖြစ်၏။ ရုပ်စင်နှင့်ကောက်လျှင် စရေဓါတ်ဖြစ်၏။ လျှင်မြန်သောအကျိုးရ၏။ သေးစင်ကောက်ယူလျှင် ဆွေသား ဖြစ်၏။ ထို့ကြောင့်လေဓါတ် လျှင်မြန်စွာ အောင်မြင်ပြီး နမိတ်ကောင်းကဲ့သို့ ဖြစ်မြောက်ကြောင်း ပြသော နမိတ်ဖြစ်၏။

ဝါခေါင်လဆန်း ၁၂ ရက်၊ ညအိပ်မက် - နေကြီးက မီးအနီရောင်လို လင်းထွက်နေ၏။ နေပြောက် ထိုးသောနေရာတိုင်း အနီရောင်များဖြစ်၏။ သစ်ပင်များ၊ ရေများလဲအနီရောင်သာဖြစ်နေ၏။ နေကြီးက ဘယ်ဆန်းပါကလားဟု အောက်မေ့နေစဉ် ဇော်ဂျီများအလိုလို ကောင်းကင်ကကျလာပြီး ကျွန်ုပ်ကို ဝိုင်းပြော ကြသည်မှာ "ကိုယ်တော်ဟာ အလွန်သတ္တိကောင်းတယ်၊ ဂုဏ်တော် ၁၂ ပါးကို ဓါတ်ကြီး လေးပါးပြီးအောင် စီးရန် အဓိဋ္ဌာန်ကြီး ပြုထားတယ်။ ခုဆိုလျှင် ဂုဏ်တော် ၉ဆင့်တောင်ပြီးစီး အောင်မြင်သွားပြီ၊ ရှေ့မှာ ၃ ဆင့်လောက်လိုတော့တယ်၊ ကိုယ်တော် သတ္တဝါများကို ကယ်တင်ရမယ် . . ကိုယ်တော့်လို အမှန်လမ်းစဉ် ပြပေးမှ အတုယောင်တွေပျောက်မယ်၊ တစ်ခုတော့ အရှင်ဘုရားကို သတိပေးချင်ပါတယ်၊ မြဲမြဲမှတ်ထားပါ ကိုယ်တော် . . "အကောင်းလုပ်နေရင် အဆိုးများနှင့်တွေ့ရမယ်၊ အဆိုးလုပ်နေရင် အဆိုးများနှင့် တွေ့ရန်မလို၊ အကောင်းလုပ်ပြီးသွားလဲ အဆိုးများနှင့်တွေ့ဦးမှာဘဲ၊ အဆိုးက ဘယ်တော့ကုန်မှာ လဲလို့မေးရင် နိဗ္ဗာန်ရောက်ရင် ကုန်မှာဘဲဟုမှတ်" ပြောပြီးဇော်ဂျီများ ပျောက်ကွယ်သွားကြ၏။

နေမင်းသည်ဇော်ဂျီများ ပျောက်ကွယ်သွားသည်နှင့်တပြိုင်နက် ပကတိအလင်းရောင်ဖြစ်သွား၏။ ထိုအခါ ဘိုးတော်များ ဝတ်ဖြူစင်ကြယ်နှင့် ကောင်းကင်ကလာကြပြီး ကျွန်ုပ်အနား ဝိုင်းလာကြပြန်၏။ ကျွန်ုပ်က ဘိုးတော်များကို ကြည့်ပြီးအံ့သြနေ၏။ ထိုအခါ ဘိုးတော်များပြောသည်မှာ "အရှင်ဘုရား သတိပေးရအုံးမယ် သတ္တဝါတစ်ဦးတစ်ယောက်၏ ပဋ္ဌာန်းဆက်ကို သိမြင်သော်လည်း မပြောပါနှင့်ဘုရား၊ သဒ္ဓါပဋ္ဌာန်းဆက် ပြောပေးလျှင်တော့ ကောင်းပါသေးတယ်ဘုရား" ကျွန်ုပ်ကထပ်မေးလိုက်သည်မှာ - "သဒ္ဓါပဋ္ဌာန်းဆက်ကတော့ ရှင်းပါတယ်ဘိုးတော် . . ကာမပဋ္ဌာန်းဆက်ဆိုတာ ဘာကိုပြောတာလဲ" . . "ဩ အရှင်ဘုရား . . ကာမပဋ္ဌာန်း ဆက်ဆိုတာ ဘယ်သူဟာ ဘယ်တုံးကဘာဖြစ်ပြီး ဘယ်သူ၏မယား၊ လင် စသည်ဖြင့်ပေါ့ဘုရား" . . သိပါပြီ။ ကိုယ်တော်ကိုနောက်တစ်ခု မှာခြင်းသေးတာက "သူများသိ

အသိဉာဏ်ရှင်ဖြစ်အောင် ပြုလုပ်ပါ" ..
သလောက် အသိနှင့်မရပ်ပါနှင့် သူများထက်ပိုသိသော အသိဉာဏ်ရှင်ဖြစ်အောင် ပြုလုပ်ပါ" .. ကျွန်ုပ်လည်း တုံးခေါက်
ကောင်းပါပြီဘိုးတော် ဤကဲ့သို့ပြောကြားပြီး ဘိုးတော်များပျောက်ကွယ်သွား၏။ ၂၃၉၆၀၀ ရ၏။
သံကြားတာနဲ့ နိုးလာ၏။ ထိုနေ့က ၅ရက်ပေါင်း ပုတီးအရေအတွက်မှာ ၂၃၉၆၀၀ ရ၏။

ဝါခေါင်လဆန်း ၁၃ ရက် အင်္ဂါနေ့ ညအိပ်မက် - ကုလားလို လူမဲကြီးပိုင်သော အဆောက်အဦ ကြီးထဲတွင် ရောက်သွား၏။ ကျွန်ုပ်ရောက်သွားလျှင် အခြားသူများအတွက်ခိုင်း၏။ ကျွန်ုပ်ကိုလက်ရုံးကြီးထဲ ... ကုလားအဘိုးကြီးက ဘာမှမပြောသဖြင့် ကျွန်ုပ်ကနေရာ ခေါ်၏။ ကျွန်ုပ်က ကုလားအဘိုးကြီးထံ သွား၏။ ကုလားအဘိုးကြီးက ဘာမှမပြောသဖြင့် ကျွန်ုပ်ကနေရာ အနှံ့အပြား လျှောက်ကြည့်၏။ တောင်ဘက် ခန်းမကျယ်ကြီးအတွင်းမှာ ပလ္လင်ဖြင့်ထားသော ကြေးဘုရား ၅ဆူ ဖူးတွေ့ရ၏။ အင်္ဂလိပ်ကပြားမများက ဘုရား ၅ဆူကို ရှိခိုးနေကြ၏။ ထိုမြင်ကွင်းတို့ကိုကြည့်ပြီး နောက်တခန်း လျှောက်ကြည့်တော့ ကျားတွေ အကောင် ၂၀ လောက်တွေ့၏။ ကျားတွေက ကျွန်ုပ်ကို ဘုရားကျောင်း၊ ဘုရားကျောင်းဘိနပ်ချွတ်ဟုပြော၏။ ကျွန်ုပ်ကချွတ်လိုက်၏။ ထိုအဆောက်အဦးမှ ဆင်းလာပြီး အင်းဇောင်းလျှောက်လာ - နိုးလာ၏။

ဝါခေါင်လဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့ "မေတ္တာအခါတော်နေ့" ကျင်းပရန် စီစဉ်နေ၏။ အဓိဋ္ဌာန် ပုတီးပတ်များ ထုံးစံအတိုင်းသွားပြီးစိပ်၏။ ဝါခေါင်လပြည့်နေ့ နံနက် ၁နာရီ အချိန် အိပ်မက် - ဓါတ်မီးကိစ္စ အတွက်နှင့် ရန်ကုန်သွားရ၏။ ရန်ကုန်ရောက်တော့ ကားလေးနှင့်ခေါ် သွား၏။ တောင်တစ်တောင်နား ရောက်တော့ တောင်ပေါ် တက်၊ တောင်ထိပ်လေးဆင့်တိုက်နားရောက် ထိုတိုက်ကြီးပေါ် တက်၏။ တိုက်ပေါ် တက်ရန်နေရာ သံလုံးများနှင့်ဆက်ပြီး အုပ်ထား၏။ ထိုဟာကို ဖွင့်ပေးမှတက်နိုင်၏။ မတက်နိုင်၍ တချို့ လူများပြန်သွား၏။ ကျွန်ုပ်က တက်ရန်နေရာကို သေသေချာချာလေ့လာတော့ လှေခါးလဲမဟုတ်၊ ဓါတ်လှေခါးလဲမဟုတ် လူသွားလမ်းတစ်ခု ထောင်ထားသလိုရှိ၏။

ထိုနေရာကနေတက်၏။ ကျွန်ုပ်တက်လာတော့ သံလုံးကွန်ချာအုပ်ထားသောဟာကြီး အလိုလို ပွင့်ထွက်သွား၏။ ထိုတိုက်ကြီးကို တက်သောအချိန်တွင် ကျွန်ုပ်ကသင်္ကန်းမဟုတ်၊ အကုန်လုံး တစ်ကိုယ်လုံး အဝါရောင်ပိုး အဝတ်အစားကို ထိုလူများကဲ့သို့ ဝတ်စားထား၏။ အဝတ်အစားက တပတ်နွမ်းဖြစ်၏။ တိုက်ကြီးပေါ် ရောက်တော့ လူတွေက စည်းဝေးရန် ပြင်ဆင်နေကြ၏။ ကျွန်ုပ်လဲ ထိုအထဲဝင်ထိုင်လိုက်၏။ အစည်းအဝေးပရိတ်သတ်က ကျွန်ုပ်ကိုဦးညွှတ်ရှိခိုးကြ၏။ ဘုရားထူးကြ၏။ အစည်းအဝေး စတော့မည် အကြောင်း လူတစ်ယောက်က ကြေငြာ၏။ ကျွန်ုပ်ထပြီး ဇယန္တောဂါထာ ရွတ်လိုက်၏။ ပြီးဆုံးသည်နှင့် တပြိုင်နက် သာဓုခေါ်ကြ၏။ နောက်တစ်ယောက်က ဂါထာများရွတ်၏။ ပြီးလျှင် သာဓုခေါ် လိုက်ကြ၏။ ထိုသို့ အစည်းအဝေးလာသူများ အသီးသီးပြုလုပ်ကြပြီး ပြီးဆုံးသည်နှင့်တပြိုင်နက် အောင်ပြီ အောင်ပြီဟု ၃ ကြိမ်ခေါ်ပြီး အစည်းအဝေးသိမ်းလိုက်၏။

ထိုနေရာမှ ပြန်လာတော့ ဇနဝင်းစေတီတွေ့၍ ဝင်ဖူး၏။ ကျွန်ုပ်တည်သော စေတီဖြစ်နေ၏။ စေတီလေးသာဆိုရတယ်၊ တောင်ထိပ်တစ်ခုလုံး တည်ထားသဖြင့် အတောင် ၅၀ လောက် ရှိမည်ထင်၏။ ထိုဘုရားဖူးပြီး ဆင်းတော့လမ်း ၃ လမ်းတွေ့ - တလမ်းအကြမ်း ၂ လမ်းက အကောင်းဖြစ်၏။ အကောင်း ယာဘက်လမ်းက လျှောက်လာ၏။ မြေပေါ် နေရာမလပ် မီးလုံးများထွန်းထား၏။ မျက်စိစူး၍ မှိတ်လိုက် ဖွင့်လိုက် လုပ်သွားရ၏။ တော်တော်သွားမိတော့ ထိုမီးလုံးများကြည့်၍သွားနိုင်၏။ ထိုအခါ အောင်ပြီ..

အောင်ပြီးမှ နောက်ကအော်၍လန့်နိုးလာ၏။ နာရီကြည့်တော့ ၃နာရီထိုးနေ၏။ ထပြီး ပုတီးစိပ်၊ အာရုံ တက်လျှင် ပုတီးစိပ်ပြီး၍ မေတ္တာပို့လိုက်၏။ အမျှဝေလိုက်၏။ အိမ်မြှောင်များက အကောင် ၉၀ -၁၀၀ လောက် ဝိုင်းပြီး စုတ်ထိုးကြ၏။ ဦးပဥ္စင်းကိုရင်များ တကာ - တကာမအချို့မှာ အိပ်နေရာက လန့်နိုးကြ၏။

မေတ္တာအခါတော်နေ့အတွက် စီရင်ပြီးပြင်ဆင်ကြ၏။ နံနက် ၉နာရီ မုံ့ဟင်းခါးကပ်ပြီးလျှင် ဖွက်ရည်ကပ်၏။ မုံ့ ၉ မျိုးနှင့်ကပ်၊ သံဃာ ၅၄ ပါး မေတ္တာသုတ်တော် ၃ ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြ၏၊ ၁၂ နာရီမှာ တရားဟော၏။ ၃ နာရီလောက်မှာ ပြီး၏။ ညနေဘုရားဖူးသွား အဓိဋ္ဌာန်ပုတီးစိပ်၏။ ပုထိုးတော်ကြီးဘုရားရောက် ပုတီးစိပ်၏။ ပုတီးစိပ်လို့ ၉ပတ်လောက်ရခါရှိသေး ကြက်ဖကြီးတစ်ကောင်က ဝဲဘက်ကနေလာပြီး တွန်နေ၏။ အချိန်က ည ၇ နာရီလောက်ရှိ၏။ ကြက်များ အိပ်တန်းတက်နေချိန်တောင် ကျွန်ုပ်နားလာပြီး တွန်နေသဖြင့် အံ့သြနေရ၏။ ပုတီး ၂၇ပတ်စိပ်ပြီး မေတ္တာပို့အမျှဝေနေတုန်း ကြက်ဖကြီး တောင်ထဲထွက်သွား၏။ အောင်မြေဘုရား ၉နာရီလောက်ရောက်၍ ပုတီးစိပ်၏။ ခွေး ၃ကောင် ကျော နောက်က လာထိုင်နေကြပြီး အူနေကြ၏။ ပုတီး၂၇ပတ်စိပ်ပြီးခါနီးမှ ပြေးသွားကြ၏။ ထူးဆန်းသော အတွေ့အကြုံများဟု မှတ်ထားလိုက်၏။ ထိုနေ့ ပုတီးပတ်မှာ ၃၈၂၁၆၀ ရ၏။

ဝါခေါင်လပြည့်ကျော် ၃ ရက် တနင်္ဂနွေနေ့ ညအိပ်မက် - ကျောင်းအနောက်ဘက်က ကွင်းထဲ ကျွန်ုပ်က တောင်တောင်မြောက်မြောက် ရပ်ကြည့်နေတုန်း တောင်ဘက်က ဘုန်းကြီးတစ်ပါး ကြွလာ၏။ သပွါယ်၏။ ထိုဘုန်းကြီးက ကျွန်ုပ်ကိုလှမ်းပြောသည်မှာ ပစ္ဆိမာဝန်ကျောင်းပေါ်မှာ ဘုရားရှိတယ်မဟုတ် လား ရှိပါတယ် . . လိုချင်တယ်ကိုယ်တော်ဟု ပြော၏။ ငါ့ကို ဘုရားတောင်းတာ ကောင်းသားပဲဟု စိတ် ထဲတွင် အောက်မေ့လိုက်၏။ ထိုဘုန်းကြီးက ကျောင်းဘက်လာပြီး သီးပင်နားကပ်ထိုင်နေ၏။ ကိုရင်များက ဘုန်းကြီးကျိုးကြီးဟဆိုပြီး ခဲနှင့်ထုကြမည်လုပ်၍ ကျွန်ုပ်ကဟန့်ထားလိုက်၏။ ကျွန်ုပ်က ထိုဘုန်းကြီးနား ကပ်၍ အရှင်ဘုရားဘယ်က ကြွလာပါသလဲဟုမေး၏။ ဘာမှပြန်မဖြေ သုံးလေးခွန်းမေးတာတောင် မပြော သဖြင့် အင်္ဂလိပ်လို ပြောလိုက်၏။

ဟောင်းအာယူ တပည့်တော်က ဦးကုသလပါ . . အရှင်ဘုရားနှင့်တွေ့ရအောင် လာတာပါဟု ပြော၏။ ကျောင်းပေါ် ကြွဘို့ပင့်တော့ ခြေ ၂ဘက်ပုတ်ပြ၏။ မိန်းကလေးတစ်ယောက်က မြောက်ဘက် ကလာသဖြင့် မိန်းကလေးကိုခေါ်ပြီး ထိုဘုန်းကြီးကို ကျွန်ုပ်တို့ခေါ် သွားကြ၏။ ကျောင်းပေါ် ရောက်တော့ ဦးပဥ္စင်း၊ ကိုရင်များက ရှင်သာရိပုတ္တရာကိုယ်တော်မြတ်လဲ ဒီလိုဖြစ်ရတာပဲဟု ပြောကြ၏။ ကျောင်းပေါ် ရောက်တော့ ထိုဘုန်းကြီးခြေကျိုးတာပျောက်သွား၏။ ထိုအဖြစ်ကိုကြည့်ပြီး ဒီလိုပြတဲ့သဘောက လေခါတ် သဘောပဲဟု ကျွန်ုပ်ကပြောလိုက်၏။ တုံ့သံကြား၍ နိုးလာ၏။ ဝါခေါင်လပြည့်ကျော် ၈ရက် သောကြာနေ့ နံနက် ၂ ချက်လောက်အိပ်မက် ၏။ ကျောင်းကြီးတစ်ကျောင်း၏ အလယ်ပေါ်မှာ ဘီရိုဆန် တံခါးရွက်များ ကပ်ထား၏။ ထိုကျောင်းကြီးအမိုးကို ရေနံဆီများဖြင့် ဆေးနေကြ၏။ ထို့ပြင် ရေများဖြင့်လဲ ဆေးနေကြ၏။ ကျောင်းအမိုးက ဆေးစိမ်းသုတ်ထားတာဖြစ်၍ ကျွန်ုပ်ကထိုသူများကို ကျွတ်မကုန်ဘူးလားဟုပြောတော့ ပိုစင်တာပေါ့ဟုပြောကြ၏။

ထိုကျောင်းကြီးအတွင်း ဝင်ကြည့်၏။ တင်ဆွေဆိုသော လူတစ်ယောက်က ကျွန်ုပ်နားလာပြီး ထိုင်တော်မူအုံးဘုရားဟု လျှောက်၍ထိုင်နေ၏။ ပန်းကန်မျိုးစုံယူလာ၏။ တင်ဖေက သူယူလာသော

ပန်းကန်မျိုးစုံကို လူတယောက်အား အနက်သုတ်လိုက်ဟု ခိုင်း၏။ လူတစ်ယောက်က သုတ်၏၊ သုတ်ပြီး သောပန်းကန်များ ကျွန်ုပ်ကယူကြည့်တော့ မဲနက်မှောင်နေ၏။ တင်ဖေကို ဒီပန်းကန်များဘာကြောင့် သုတ်ခိုင်းရတာလဲဟု မေးမလို့ကြည့်လိုက်တော့ သူမရှိတော့ချေ၊ ကျွန်ုပ်ကတင်ဖေကို ထပ်ရှာပြီးမတွေ့ရ ကျောင်းပြန်လာ၏။ ကြွက်ကလေးများ၊ ကြောင်ကလေးများက အတူတူကစားနေကြ၏။ ကျွန်ုပ်လာတော့ ရှိနိုးကြ၏။ ထိုတွင်နိုးလာ၏။ နံနက်ဘုရားဖူး၊ ပုတီးစိပ် အပြန်ရထားလမ်းဘေးတွင် လူကြီးတစ်ယောက်နှင့် တွေ့၍ ထိုလူကြီးက ရော့ ကိုယ်တော် လိုရာသုံးဟု စာရွက်တစ်ရွက်ပေး၏။ စာရွက်ကို ဖြန့်ကြည့်လိုက်ရာ အင်းတစ်ခုတွေ့ရ၏။ ထိုအင်းကား -

| | |
|---|---|
| ၁ | ၆ |
| ၇ | ၄ |

ဓါတ်လုံးကို ၉ လုံးပေါက် ထိုအင်းပေါ်၏။ စဗေ၀ဂါထာနှင့် တစ်ထောင် စုပ်၊ သိဒ္ဓိတင်လိုရာသုံးဟု ရေးထား၏။ ၁၆ရက်ပေါင်း ထိုနေ့ကပုတီး အရေအတွက် မှာ ၇၆၂၃၂၀ ရ၏။

၁၃၃၁ ခု ဝါခေါင်လပြည့်ကျော် ၁၃ ရက် ဗုဒ္ဓဟူးနေ့ ၂၀ ရက်ပေါင်း ပုတီးအရေအတွက် ၉၉၉၉၂ ရ၍ လေဓါတ်ပြီးသောနေ့ဖြစ်၏။ ထိုနေ့ညအိပ်မက်၏။ ဆံထုံးက အငြိမ့်မင်းသမီးထုံးပုံမျိုးနှင့် ပန်းနုရောင် ခါဆိုက် အင်္ကျီပန်းရင့်ရောင်၊ ရွှေချိပ်ထမီ ၀တ်ဆင်ထားသော ၂၀လောက်အရွယ် မိန်းကလေးတစ်ယောက် ကျွန်ုပ်၏နောက် လိုက်လာ၏။ ကျွန်ုပ်လဲ သူမကိုအရေးမစိုက်ဘဲ သွားမြဲတိုင်းသွားနေ၏။ စေတီတော်ကြီး တစ်ဆူရောက်တော့ ဝင်ပြီးကျွန်ုပ်က ပုတီးစိပ်နေ၏။ သူမကလဲ ကျွန်ုပ်၏ဝဲဘက်ကနေ ပုတီးစိပ်နေ၏၊ ပုတီးစိပ်ပြီးတော့ မေတ္တာပို့အမျှဝေလိုက်၏။ သူမလေးကပဲ သာဓုခေါ်၏။

ကျွန်ုပ်က ကလေးမနာမည်က ဘယ်လိုခေါ်ပါသလဲ ဟုမေးတော့ စန္ဒာဒေဝီလို့ ခေါ်ပါတယ်ဘုရား ဟုလျှောက်၏၊ အခုဘုရားဘွဲ့တော်ကို သိပါသလားဟု မေးတော့ "နေတစ်ထောင် လတစ်ထောင်ဘုရား ဟုခေါ်ပါတယ်ဘုရား . . ဟုလျှောက်၏။ ဒီနေရာ ဘာခေါ်ပါသလဲ။ ဇမ္ဗူဒီပါ ကျွန်းဦးထိပ်လို့ ခေါ်ပါတယ် ဘုရား။ ဒီလိုဆိုတော့ ဇမ္ဗူသပြေပင်ရင်းနှင့် မဝေးတော့ဘူးပေါ့။ မှန်ပါဘုရား . . ၁၅ ယူဇနာလောက်ပဲ ဝေးပါတော့တယ်၊ ဒီလိုဆိုတော့ ကျွန်းဦးထိပ်ဘုရားဆိုလဲ မမှားဘူးနော်၊ တစ်ချို့က ဒီလိုခေါ်ကြပါတယ် ဘုရား . . တစ်ချို့ဆိုတာ ဘယ်သူတွေကိုပြောတာလဲ စတုလောကပါလ ဘိုးဘုရားတို့၊ မဟေသွာရ မဟာပိန္နဲ၊ ကုန္ဒသောမ၊ ဝရုဏာစသော ဘတော်ဘုရားများတို့ကလဲ ဒီလိုခေါ်ကြပါတယ်ဘုရား၊ ကလေး မလေး အသက်က ဘယ်လောက်ရှိပါသလဲ၊ နတ်သက်ဆိုတော့ ဆယ်နှစ်သမီးလောက်ပါဘုရား၊ လူသက် နှင့်ကျတော့ ဘယ်လောက်ရှိပါသလဲ အနှစ် ၃၀၀၀ နီးပါးရှိပါပြီဘုရား၊ အရှင်ဘုရားနှင့် တပည့်တော်မက ရေစက်ရှိပါတယ်၊ တပည့်မနေရာကို အရှင်ဘုရားကြွတော်မူပါဦးဘုရား . . ကောင်းပါပြီ တကာမကြီး အရေးတည့်တည့်သာ ကြွတော်မူပါဘုရား . . ကျွန်ုပ်စိတ်ထင် အလှမ်း ၂၀လောက် သွားလိုက်ရသည် ထင်၏။ ရွှေဗိမာန်ကြီး မုခ်ဦးရောက်သွား၏။ မိန်းကလေး လေးငါးဆယ်လောက်က သခင်မဘုရားနှင့် အရှင်မြတ်တို့ ကြွချီတော်မူလာပြီဆိုပြီး ပြာပြာသလဲ ခြေဆေးပေးခြင်း၊ ခြေသုတ်ပေးခြင်း၊ ခြေများကိုဆီမွှေး ဖြင့်နယ်ပေးခြင်း စသည်တို့ပြုစုကြ လေသည်။

မိန်းလေးတစ်ယောက်က လမ်းညွှန်ပြီး ကျွန်ုပ်ကို ပင့်သွားလေသည်။ ရှေ့ဝိမာန်အခန်းကျယ်ကြီးထဲ ရောက်တော့ သလွန်ပေါ်က နေရာပေး၍ ကျွန်ုပ်ထိုင်လိုက်ပါသည်။ စန္ဒာလည်း ကျွန်ုပ်ရှေ့တည့်တည့်က ထိုင်ပြီး ကန်တော့လာ၏။ စန္ဒာကန်တော့သည်နှင့်တပြိုင်နက် အားလုံးကလေးမ တစ်ထောင်လောက် ကန်တော့ကြ၏။ ဩကာသဆို၍ကန်တော့သဖြင့် ကျွန်ုပ်ကလူတွေလိုပါလားဟု အောက်မေ့မိ၏။ သူမတို့ ကန်တော့ပြီးလျှင် ကျွန်ုပ်ဆုပေး၍ ရပ်လိုက်၏။ ထိုအခါစန္ဒာက ကိုးပါးသီလတောင်း၍ ကိုးပါးသီလကို အနက်နှင့်တကွပေး၏။ ပြီးဆုံးသောအခါ စန္ဒာကအလွန်ကျေနပ်ပြီး ကျွန်ုပ်ခြေမကို သူမပါးစပ်နှင့် စုပ် တော့၏။ နမ်းလည်းနမ်း၏။ ထိုကဲ့သို့ စန္ဒာပြုလုပ်နေစဉ် ကလေးများက နံ့သာပန်း၊ နံ့သာရေတို့ဖြင့် ကျွန်ုပ်နှင့် စန္ဒာကိုပက်ဖြန်းပူဇော်ကြ၏။ ဒီလိုပူဇော်ခြင်းဟာ ငါတစ်သက်တော့ ဒီတစ်ခါ ပထမဦးဆုံးနှင့်နောက်ဆုံး ဖြစ်မှာဘဲဟု စိတ်ထဲတွင် အောက်မေ့လိုက်၏။ ထိုတွင်နိုးလာ၏။ သက်နိုးများတောင် မွှေးနေသေး၏။ အဟုတ်လား အိပ်မက်လားဟု ထင်ယောင်မှားဖြစ်မိ၏။

ဝါခေါင်လကွယ်နေ့ ည ၁၀ နာရီ ၄၅ နစ်အချိန် ဓါတ်ခန်းထဲတွင် အနုတ္တရောပုရိသ ဓမ္မသာရထိ ဂုဏ်တော် မီးဓါတ်အဓိဋ္ဌာန်တက်၏။ ထိုညက ဂါထာဆယ်ပတ်ရ၏။ တော်သလင်းလဆန်း ၁၀ ရက်နေ့မှ စ၍ စစ်ကိုင်းဗျာဒိတ်ပေးဘုရားတွင် တစ်ကြိမ်ထိုင်လျှင် ၁၀၈ ပတ်နှင့် တစ်နေ့သုံးကြိမ်ထိုင်၍ သတ်သတ် လွတ်စားပြီး အဓိဋ္ဌာန်ဝင်လိုက်၏။ အထူးဆန်းဆုံးက ဗျာဒိတ်ပေးတွင် အဓိဋ္ဌာန်ပုတီးစိပ်သော နေ့မှစ၍ ပြီးဆုံးသော နေ့တိုင်အောင် ၂၀ရွယ်ရှိ ခင်ခင်အုန်းဆိုသော မိန်းကလေးက နေ့စဉ်လာ၍ ညနေပြန်ချိန် ၄ နာရီခွဲလောက်မှာ ငွေငါးမတ်လမ်းစရိတ်အဖြစ် လာလာလှူ၏။ နေရပ်မိဘများမှာ မေးလို့မရ၊ နံနက် ၆ နာရီသွား၊ ညနေ ၄ နာရီခွဲ ပြန်ပြန်လာ၏။ကားခက အသွားအပြန် တစ်ကျပ်ပေးရ၏။

ညနေ ၆ နာရီမှ ကျောင်းမဝင်တော့ဘဲ ပုထိုးတော်ကြီး ၊ ဂူကြီး၊ အောင်မြေ နဂါးရုံ မဟာသကျသာမိ ဘုရားများ မီးဓါတ်အဓိဋ္ဌာန်တက်၍ ပုတီး ၂၇ပတ်စီစိပ်၊ ည ၁၀ နာရီမှ ကျောင်းပြန်ရောက်၏။ ညအိပ်မက်- အင်္ဂလိပ်မကြီးတစ်ယောက်က ဗမာမလေးပုံဆွဲနေ၏။ ထိုကလေးမလေး ဝတ်ထားသော ဂါဝန်ကို အနားကအဖြူ အလင်းရောင်ထင်နေ၏။ ကျွန်ုပ်လည်း ထိုအင်္ဂလိပ်မကြီးကို ကျွန်ုပ်ပုံဆွဲပေးရန် ပြော၏။ တစ်ဆယ်ပေးလျှင် ဆွဲပေးမယ်ပြော၍ ကျွန်ုပ်က တစ်ဆယ်ထုတ်ပေး၏။ ကျွန်ုပ်ပုံကို ဆွဲတော့၏။ ကျောင်းမှ ချိတ်ဆွဲထားသော ကိုယ်တစ်ဝက်ပုံနှင့် ထပ်တူဖြစ်နေ၏။ နိုးလာတော့ ထိုအိပ်မက်အရ အနုတ္တရောပုရိသ ဓမ္မသာရထိ ဂုဏ်တော်ကို ၁၀ပတ်စိပ်လိုက်၏။ ပြီးတော့ ပြန်အိပ်၏။

တော်သလင်း လဆန်း ၂ ရက် နံနက် ၂ နာရီလောက်တွင် အိပ်မက် ပြန်၏။ တောင်တစ်လုံးအပေါ် ရောက်သွား၏။ ဘုန်းကြီးကျောင်းတွေ့၍ ဝင်ကြည့်တော့ ဦးပဉ္ဇင်းသာဆိုသောဘုန်းကြီးက ကျွန်ုပ်ကို ဘန်ကောက်ယောဂီရောင် လုံချည်ဝတ်ပေး၏။ အင်္ကျီကလည်း ယောဂီရောင်စိန်ကတ္တီပါ၊ ထိုင်မသိမ်း ဝတ်ပေးပြီး စလွယ်လက်အောက်နား ကပ်ဖော့လုံးများ ဝတ်ဆင်ပေးပြီး လျှပ်စစ်ဓါတ်စက်ရုံကြီးထဲ ခေါ် သွား၏။ ထိုအထဲမှာလည်း ကြီးကျယ်ခမ်းနားသော မဏ္ဍာပ်ကြီးနှင့် အလှူပေးနေကြ၏။ ကျွန်ုပ်ကထို မဏ္ဍာပ်ကြီးထဲ ရောက်သွားတော့ လူများဝိုင်းပြီး ကန်တော့ကြ၏။ ဦးချိန်ခင်ဆိုသော လူတစ်ယောက်က လုံချည်က ကျွန်ုပ်ဝတ်သော ယောဂီရောင်မျိုး ဝတ်ထား၏။ ထိုသူက ကျွန်ုပ်ကိုလာ၍ ဦးထိပ်ကို အောင်ခရု

ဖြင့် ရေသွန်းလာ၏။ ထိုတွင် စည်တော်ကြီးများ တီးကြ၏။ တုံးသံကြား၍ ကျွန်ုပ်နိုးလာ၏။ ထိုနေ့က ၂ရက်တွက် ပုတီးမှာ ၉၄၀၅၀ ရ၏။ ဗျာဒိတ်ပေးဘုရားအမိဋ္ဌာန် ၂ ရက်ရ၏။

တော်သလင်းလဆန်း ၄ ရက်၊ တနင်္လာနေ့ နံနက် ၁ ချက်လောက်အိပ်မက်၏။ ပန်းပဲတန်းရပ် အရှေ့ဘက်က အမြောက်များနှင့် ပစ်ခတ်ကြ၏။ ဦးကြီးသန့်အိမ် အရှေ့ဘက် အမြောက်ဆံများကျလာ၏။ အမြောက်ဆံများက တစ်ပေလောက်ရှည်၏။ ကျတိုင်းကျတိုင်း အမြောက်ဆံများသည် မီးများရဲနေကြ၏။ လူများက ကြွင်းထဲအောင်းနေကြ၏။ ကျွန်ုပ်က အမြောက်ဆံများကျလာတာကို ရပ်ကြည့်နေ၏။ စိတ်ထဲတွင် ကူးမိသည်မှာ ငါ့ပတ်လည်ကျနေသော အမြောက်ဆံများကောက်ယူပြီး တစ်ဘက်ကိုပစ်လိုက်လျှင် သူတို့သေကုန်မှာဘဲဟု အောက်မေ့လိုက်၏။ မီးရဲနေသော အမြောက်ဆံများကောက်ယူပြီး ကျွန်ုပ်က စုပုံထားလိုက်၏။ အမြောက်ဆံများစုပုံပြီး လာရာဘက်သို့ ကြည့်လိုက်တော့ အမြောက်ပစ်သောသူများ မတွေ့ရချေ၊ ထိုအိပ်မက်အရ မီးဓါတ်လက္ခဏာဖြစ်၏ဟု ကောက်ယူလိုက်၏။

ထိုနေ့က နံနက် ၄နာရီခွဲမှ စ၍မိုးရွာ၏။ ၇ နာရီခွဲမှ တိတ်၏။ မိုးရွာထဲ ဗျာဒိတ်ပေးဘုရားသွား၏၊ ၇ နာရီ ဗျာဒိတ်ပေးဘုရား ရောက်၏။ တော်သလင်းလဆန်း ၄ ရက် တနင်္လာနေ့ ပုတီးထိုင်စိပ်နေစဉ် မှေးကနဲဖြစ်သွားပြီး အိပ်မက် သည်မှာ ပဲမျိုးပေါင်းစုံ များစွာစုပုံထား၏။ ထိုပုံကြီးသည် တစ်ပြပတ်လည် လောက်ရှိ၏။ တမဟုတ်ချင်း မီးထလောင်၏။ တစ်နာရီအတွင်းလောက်မှာ နည်းနည်းသာကျန်၏၊ ဝါးလုံးများ၊ ဝါးခြမ်းများမီးရှို့ရန် စုပုံထားသော အပုံကြီးမှာလည်း တပြပတ်လည်လောက်ရှိ၏။ ကျွန်ုပ်၏ ကျောင်းပေါ်ကိုလည်း မီးနှစ်နေရာလောင်၍ ထငြိမ်းဖို့သွားတော့ လောင်သောနေရာ မတွေ့ရပေ၊ ထိုစဉ် လူတစ်ယောက်က လာပုတ်သလိုဖြစ်ပြီး သတိရလာ၏။ ပုတီးဆက်စိပ်၏။

တော်သလင်းလဆန်း ၅ အင်္ဂါနေ့ ညအိပ်မက် - ပါးစပ်ထဲက သလိပ်၊ တံတွေးများ ထွေးပစ်မည် လုပ်တော့ ဘုန်းကြီးနှစ်ပါး ရောက်လာပြီး စကားပြောနေသဖြင့် တံတွေးမထွေးဘဲ ငုံထားရသေး၏။ ပြီးမှ ထွေးပစ်လိုက်၏။ သလိတ်တံတွေးများက လွှက်ရည်ပန်းကန် နှစ်လုံးနီးနီးရှိ၏။ ဘုန်းကြီးတစ်ပါးနှင့် မိန်းကလေးတစ်ယောက် ကျွန်ုပ်ကျောင်းရောက်လာကြပြီး ကျွန်ုပ်ရှေ့ထိုင်ကာ ခြေတို့လက်တို့နှင့် စကားပြော နေကြ၏။ ထိုမိန်းကလေးက အရာရှိကြီးတစ်ယောက်၏ မိန်းမဟုသိရ၏။ ဘုန်းကြီးကထိုမိန်းမကို မလိုလား သော စကားများပြောနေ၏။ မိန်းမကဘုန်းကြီးကို ချစ်ကြိုက်တဲ့စကား ပြောနေ၏။ သူတို့က ကျွန်ုပ်ရှေ့ထိုင်ပြီး စကားပြောနေကြသဖြင့် ကျွန်ုပ်က ကျင်ကြီးစွန့်ချင်သော်လည်း အောင့်နေရ၏။ မအောင့်နိုင်တော့သဖြင့် မစင်လုံး ထွက်ကျလာ၏။ သူတို့ရှိနေသဖြင့် ဟန်နှင့်နေရသေး၏။ သူတို့သွားကြတော့မှ သင်းပိုင်ဝတ်ပြီး ခါချလိုက်၏။ အသားလဲမလူး၊ သင်္ကန်းလဲမလူးပဲကျသွား၏။ တံတွေးပုပ်များ ထွေးရတုန်းကလည်း ပါးစပ် ထဲမှာ ဘယ်လိုမှမနေဖြစ်၏။ အံ့ဩစရာကောင်းသော အိပ်မက်ပါပေ။

တော်သလင်းလဆန်း ၇ ရက် ကြာသပတေးနေ့ ညအိပ်မက် - အင်းများချထားသော နေရာက စာရွက်ကိုကပ်ကျေးဖြင့် ကိုက်ယူထားကြ၏။အနားတွင်ရှိသော မိန်းကလေးတစ်ယောက်ကို ဒီအင်းများ ဘယ်သူ ကိုက်ယူထားတာတုံးလို့မေးတော့ ဝေ့လည်ကြောင်ပတ်လုပ်နေ၏။ မဖြေအမှန်မပေး၊ ကျွန်ုပ်က အနားတွင်ရှိသော စက္ကူထပ်ကလေးကို ဆွဲယူလိုက်၏။ ၁၂ ပုံတွဲ ဘုရားဓါတ်ပုံများရောင်းသော ဓါတ်ပုံ စက္ကူလိုအထပ်ကို ကျွန်ုပ်ကတစ်ခုဆီ ဆွဲလှန်ကြည့်နေ၏။ တစ်ချပ်ပြီးတစ်ချပ် လှန်ကြည့်လိုက်တော့ ငါးခ

မြောက်အချပ်တွင် ဣမ ဟု ရေးထားသော စာပါလာ၏။ နောက်တစ်ချပ်လှန်လိုက်တော့ ရဟန္တာပုံက ဖောင်းကြွပုံ ရွှေရောင်ဖြစ်၏။ ဦးတော်ဘေးနားက သပိတ်တစ်လုံး ရဟန္တာပုံတစ်ပုံ ဖြစ်၏။ တစ်ပုံပြီးတစ်ပုံ ဆွဲလှန်ကြည့်လိုက်တော့ တင်ပလ္လင်ခွေ ထိုင်နေပုံက ထလာပြီ နောက်ဆုံး ရပ်တော်မူပုံဖြစ်သွား၏။ ဣမ ဆိုတဲ့ စာကိုလည်း လူပြည့်ဘဲဟု ကောက်ယူ၏။ ရပ်တော်မူရဟန္တာက တို့ပြသော အဓိပ္ပါယ်သိလောဟုပြော၏။ ထိုတွင် နိုးလာ၏။ ပုတီးသိဒ္ဓိစခန်း ရနိုင်ကြောင်း ပြသောနမိတ်ဖြစ်၏။

တော်သလင်းလဆန်း ၈ ရက် အရှေ့ပန်းတိမ် မောင်လွန်းပြေ ရဟန်းခံလိုက်ပြီး ကျောင်းပြန်လာ၊ ဦးတင်မြင့်ဇနီး ဒေါ်ရင်ရင်မေ ရောက်နှင့်နေ၍ ဧည့်ခံစကားပြောပြီး နေ ၂ချက်လောက် ကျောင်းမှဝါပန်၍ ညအိပ် ဗျာဒိတ်ပေးဘုရား ပုတီးသွားစိပ်၏။ လမ်းစရိတ်လှူသော တကာမလေးရောက်လာ၏။ အရှင်ဘုရား ဒီကနေ့ နောက်ကျတယ်နော်၊ ခင်ခင်အုန်းက ကြွနိုးကြွနိုးနဲ့ တော်တော်မျှော်နေတာဘုရားဟု ဆိုပြီးကျွန်ုပ်ကို ရှိခိုး၏။ ကျွန်ုပ်ကလည်း ရဟန်းခံရှိလို့နောက်ကျကြောင်းပြောပြီး ပုတီးထိုင်ရန် ဟန်ပြင်လိုက်၏။ ထိုအခါ ခင်ခင်အုန်းကပြောသည်မှာ အရှင်ဘုရားက ဒီကနေ့မိုးအလင်း ပုတီးစိပ်မယ်ဆိုတော့ တပည့်တော်မက အထူးကုသိုလ်ရတာပေါ့ဆိုပြီး ဝတ်ချ၍ထွက်သွား၏။ ကျွန်ုပ်လည်း ပရိက်ယူပြီး ပုတီးစိပ်တော့၏။ ပုတီး ၂၇၀ ပြည့်တော့ ခဏနား၏။

နာရီကြည့်လိုက်တော့ ည ၇ နာရီခွဲနေ၍ ဖယောင်းတိုင်များ၊ အမွှေးတိုင်များပူဇော်၊ ပရိတ်တော် ဂါထာမန္တာန်များ ရွတ်ဖတ်ပြီး ပုတီး ၂၇၀ ပတ် အဓိဋ္ဌာန်စိပ်ပြန်၏။ ည ၁၀ နာရီ သံချောင်းခေါက်သံကြား ပြီးနောက် ခြေသံများကြားရ၏။ ခြောင်းဟန့်သံလည်း ကြားရ၏။ လူနှစ်ယောက်လောက် အသံဖြစ်၏။ ကျွန်ုပ်ကလည်း ပုတီးသာဆက်စိပ်နေ၏။ ည ၁၂ နာရီခွဲမှာ တစ်ခါကြားရ၏။ ၂ ချက်မှာတော့ လှိုင်အတွင်း က အကောင်တစ်ကောင် ပျံနေသံလိုကြားရ၏။ ပုတီး ၂၇၀ ပြည့်တာနဲ့ ခေတ္တနားနေပြီး ဘုရားပတ်လမ်း လျှောက်၊ မေတ္တာပို့အမျှဝေ၏။ ၁၀၈ပတ် အဓိဋ္ဌာန်စိပ်၏။ သုံးနာရီတွင် ဗျာဒိတ်ပေးဘုရား လှိုင်အတွင်း ကျောဘက်နံရံတွင် ဘိုးတော်တစ်ယောက်ပုံ၊ အထက်ပိုင်းတစ်ဝက်ပုံ ပေါ်လာ၏။ အလင်းရောင်ပေါ် လာပြီးမှ ဘိုးတော်ပုံပေါ်၏။ တဖြည်းဖြည်းနှင့် တစ်ကိုယ်လုံးပုံပေါ်လာ၏။ ကျွန်ုပ်ပုတီးစိပ်သောအနား လာပြီး စာရွက်လေးတစ်ရွက် ချပေးသွား၏။ နံနက် ၅ နာရီခွဲတွင် ပုတီးပတ်စေ့၍ ပြီးစီးအောင်မြင်သဖြင့် မေတ္တာပို့အမျှဝေပြီး ဘိုးတော်ချပေးသွားသော စာရွက်ကလေးကို ကောက်ယူပြီးဖတ်ကြည့်၏။ အောက်ပါ အတိုင်းတွေ့ရ၏။

### " အောင်သိဒ္ဓိဂါထာတော်များ "

အဂ္ဂိသိသာ-နလာတေဗုဒ္ဓမေဝစ၊ စတုကာရံအဟံဗုဒ္ဓံ၊ ရာဇကောဓံဝိနာသန္တု၊
သဗ္ဗကောဓံဝိနာသန္တု၊ ဣတ္တိကောဓံဝိနာသန္တု၊ သွားဟုံဟုံ။
ဣဒ္ဓိမာ ပညာဝါဣတိ၊ ဣဒ္ဓိပိသောတိဂုဏာဝါ။
ဣဒ္ဓိယောတေ ပသညတော၊ ဣဒ္ဓိလောကေ သုပူဇိတော။
ဣဒ္ဓိယာဣဒ္ဓိသမ္ပန္နော၊ ဣဒ္ဓိဝဏ္ဏော၊ တထာဂတော။

ဣန္ဒြိယာ-သေ-ဇာ-တေဝုဋ္ဌေါ ဣန္ဒြိယာပနတေနမော။

**အဓိပ္ပါယ်-** ဘုန်းတန်ခိုးအာဏာကြီး၏ ရန်အပေါင်းအောင်၍ လူနတ်ဗြဟ္မာတို့ ချစ်ခင်လေးမြတ်၍ လာ[ရော]ကုန်၏။

**ဣန္ဒြိကိုးပါး ဂါထာတော်ကြီး-**

ဗောဓိတေဇော ဗောဓိပညာဏော၊ ဗောဓိပညောဗောဓိသရော။ ဗောဓိမူလောဗောဓိသေ[ယျ] ဗောဓိဂေါဏ္ဍော ဗောဓိနာမော။ ဗောဓိဝရော၊ ဗောဓိစဏ္ဍော၊ ဗောဓိအဂ္ဂေါ၊ ဗေဓိသာရော။ ဗောဓိနေ[ယျ] ဗောဓိပေတိ။ ဗောမှဲမေဒေတုဇယိသရော။

**မှတ်ချက် -** ဉာဏ်ပညာအလွန်ကြီးသောဂါထာတော်၊ ဣန္ဒြိတဂါထာ တော်ကြီးလည်းခေါ် ၏။

တော်သလင်းလဆန်း ၉ ရက်နေ့ နံနက်ကိုးနာရီတွင် ဗျာဒိတ်ဘုရားမှ ပြန်လာပြီး ယာဥ်[တော်] စကြဝဠာတံတားအနောက် ဘိုးတိုးအိမ် မုန့်တီဆွမ်းစား၍ ကျောင်းပြန်လာ၏။ စရက်ပေါင်းပုတီး အ[ရေ] အတွက် ၄၂၆၆၉၀ ရ၏။ ညအိမ်မက်- မှိုပွင့်ကြီးသဏ္ဍာန်လိုရှိသော မြေခုံအမြင့်ကြီးပေါ် ရောက်နေ၏၊ အောက်ငုံ့ကြည့်လိုက်တော့ လူများက ကလေးအရွယ်လောက်ရှိ၏။ ကျွန်ုပ်ရောက်ရှိနေသော မှိုပွင့်ကြီးပေါ် ရဟန်းတပါးရောက်လာပြီး ကိုယ်တော်ဒီမြင့်ကွင်းကို ကြည့်ထားပါ အောက်လူတွေက ကလေးအရွယ် လောက်တွေ ဖြစ်ကုန်ပြီမဟုတ်လော . . မှန်ပါတယ်ဘုရား။ အဲဒါ သတိရှိရမယ်။ အခုခါ ကိုယ်တော်က မြင့်မြတ်သော အသိပညာဉာဏ် ရရှိနေပြီး လူများကတော့ ကလေးအသိဉာဏ်လောက်ပဲ ရှိသေးတယ်၊ အဲဒီတော့ အရာရာမှာမေးတောင်မှ ပြောသင့်မှပြော၊ ခေါ်သင့်မှခေါ်၊ သွားသင့်မှသွား ကျွေးတောင်မှ စားသင့်မှစားကိုယ်တော် ကလေးများဆိုတာ မသိတတ်ဘူး၊ သိတက်တဲ့လူကြီးက ကြည့်ရှောင်ရတယ် ကိုယ်တော် . . မှန်လှပါဘုရား။ လာကိုယ်တော် တနေရာ သွားကြအုံးစို့။

တောင်ထိပ်ကြီးပေါ် ရောက်သွားကြ၏။ ကျွန်ုပ်ခေါ်သွားသော အရှင်မြတ်က လောကဓါတ်ကြီး တခုလုံးမှာ ဒီတောင်ထိပ်လောက် မြင့်သောနေရာ မရှိတော့ဘူးကိုယ်တော် . . ဒီနေရာရောက်ပြီးတဲ့ပုဂ္ဂိုလ် များဟာ အောက်ပြန်ပြီး မကျနိုင်တော့ဘူး။ ဒါဟာ သရဖူတောင်ထိပ်လို့ ခေါ်တယ်။ အောက်မှာကြည့်စမ်း ဗြဟ္မာပြည် ၂၀၊ နောက် နတ်ပြည်ခြောက်ထပ်၊ နောက်လူ့ပြည်၊ သူ့ထက် အထွဋ်အထိပ်ရောက်တာက နိဗ္ဗာန်ဘုံပဲ ရှိတော့တယ်ကိုယ်တော် . . ကျွန်ုပ်လဲ အရှင်မြတ်ပြောတဲ့အတိုင်း အောက်ကြည့်လိုက်၏၊ ဗြဟ္မာပြည်ကတော့ ထင်ထင်ရှားရှားမြင်ရ၏။ နတ်ပြည်ကတော့ စုလစ်မွန်းချွန် ပြာသဒ်များလောက် သာမြင်ရ၏။ လူ့ပြည်ကတော့ခပ်ဝါးဝါး တောတန်းတောင်တန်းများသာ မြင်ရ၏။ ထိုတွင်နိုးလာပြီး အိပ်မက် ၁ရွှာန်ပြားကျယ်လှပုံကို တွေးနေပြီး ဤမှတ်တမ်းကိုရေးလိုက်၏။

တော်သလင်းလဆန်း ၁၀ ရက်နေ့ ညအိပ်မက် -သိမ်ကြီးဈေး အရှေ့ဘက်ထိပ်လမ်းမက တောင် ဘက်မျှော်ကြည့်လိုက်၏။ ကောင်းကင်က ကြယ်တာရာများ ရာထောင်သောင်းသိန်းချီပြီး အရှေ့လောက ဓါတ်သို့သွားနေကြ၏။ ၎င်းနောက်ငါးကြင်းများလဲ ကောင်းကင်ပြည်မှ အရှေ့ဘက်သွားနေကြ၏၊

ငှင်းနောက် ထမိအနီနှင့် လှပတင့်တယ်၍ နုပျိုသောမိန်းကလေးများလဲ ရာထောင်ချီပြီး အရှေ့လောက ဓါတ်သို့သွားကြ၏။ ငှင်းနောက် ဘိုးတော်များလဲ ဝတ်ဖြူစင်ကြယ်များဝတ်လျက် တမိုးလုံးပြည့်မျှ စမများ ဝိုင်းရံလျက် အရှေ့လောကဓါတ်သို့ ကောင်းကင်မှသွားကြ၏။ ထိုတွင်နိုးလာ၏။

တော်သလင်းလဆန်း ၁၁ရက် တနင်္လာနေ့ နေ့ပုတီးစိပ်နေတုံး လစ်ခနဲဖြစ်သွားခိုက် ကျောင်း ပေါ်ကနေ နားထောင်ကြည့်တော့ အကျီတန်းလမ်းမက ပွဲကနေပြီး မင်းသမီးသီချင်းဆိုနေသော အသံ ကြားရ၏။ ထိုကနေသောအသံမှ ဘီလူးမပြည်ကထွက်သော အခန်းဖြစ်၏။ ကျွန်ုပ်က စဉ်းစားသည်မှာ ငါလျှောက်ကြည့်စဉ်တုံးက ဇာတ်ခုံတို့ကားလိပ်တို့လဲမမြင်၊ ဇာတ်ခုံဆောက်ဘို့ရန် နေရာလဲမရှိ ဘယ်လိုနဲ့များ ဇာတ်ကနေပါလိမ့်ဟု တွေးမိ၏။ ထိုတွင်သတိရလာ၍ ဆက်စိပ်၏။ ထိုနေ့က ပုတီးပတ် ၅၂၉၃၀ ရ၏။ တော်သလင်းလဆန်း ၁၂ ရက်နေ့ ပုတီးစိပ်နေစဉ် လစ်ခနဲဖြစ်သွားပြီး အာရုံပေါ်လာသည်မှာ မယ်တော် သူရဿတီထားသောနေရာတွင် အဝတ်အစိမ်းရောင် ကတ္တီပါကြီးအုပ်ချထား၏။

ထိုအပေါ်မှာ ပန်းများ၊ ပန်းအိုးများတင်ထား၏။ ထိုဟာဘာလဲဆိုပြီး လှန်ကြည့်လိုက်၏။ အခေါင်း ဖြစ်နေ၏။ သေသေချာချာကြည့်တော့ သေတ္တာခေါင်းကြီးဖြစ်နေ၏။ ကျွန်ုပ်က ဒီအခေါင်းကြီးက ကျောင်း အလယ်ခေါင်ထားတဲ့ဥစ္စာ ဒီကိုဘာလို့ ရောက်လာပါလိမ့်လို အောင့်မေ့၏။ ကျွန်ုပ်၏ခြေရင်းနေရာတွင် သူရဿတီနေရာ ဖြစ်နေ၏။ ထိုနေရာသည် အနောက်ဆောင်ထဲဖြစ်၏။ ဘယ်လိုသဘောလဲဟု စဉ်းစား နေစဉ် နားနားလူတယောက်က ကပ်ပြောနေသော အသံတသံပေါ်လာသည်မှာ သေထွက် . . သေထွက် ဟု ပီပီသသကြီးပြောသွား၏။ ထိုတွင်သတိရလာ၏။ ဆက်ပြီးပုတီးစိပ်၏။ တော်သလင်းလဆန်း ၁၃ရက် ဗုဒ္ဓဟူးနေ့ ဘုရားများအဓိဋ္ဌာန်ပုတီး လျှောက်စိပ်ရာတွင် တောင်မင်းကြီးဘုရားမှာ ဘုန်းကြီးတပါးနှင့် တွေ့၍ စာရွက်တခုပေး၏။ ထိုစာရွက်ကို ဖြန့်ကြည့်လိုက်တော့ အောက်ပါအတိုင်းတွေ့ရ၏။

| | | | | |
|---|---|---|---|---|
| သံ | ဂုံ | ပ | မ | ယျ ကြ |
| ဂုံ | ပ | မ | ကြ ယျ | ငြိ |
| ပ | မ | ကြ ယျ | ငြိ | ဝံ |
| မ | ကြ ယျ | ငြိ | ဝံ | ဟဇ၁ |
| ကြ ယျ | ငြိ | ဝံ | ဟဇ၁ | နှ |

**အင်းဆ** - နမောဗုဒ္ဓါယျမပဂုံသံဥုံခံ တထောင်စုတ် ကမ္ဗဝါပြား၊ ရွှေပြား၊ ငွေပြားလက်ဖွဲ့ဆောင် စုန်းတိုက်၊ နတ်တိုက်၊ တစ္ဆေတိုက် အတိုက်ဟူသမျှ တိုက်လို့မရ - သူရဲပူးလျှင် ရေစိမ်တိုက် ပျောက်၏။ သုံးကြိမ်တောင်းပန် မရလျှင်လက်ဖွဲ့အဆုံးခံ မီးထဲထည့် (သို့) ရေနွေးအိုးထဲထည့်လျှင် ဆွေခုနှစ်ဆက်ပြုန်း၏။ သတိထားပါလေ။

| | | | | |
|---|---|---|---|---|
| | ၆ | ၇ | ၂ | |
| ၃ | ၇ | ၈ | ၇ | ၇ |
| ၅ | ယ | နံ | ဋ | ၅ |
| ၄ | ၄ | ဏ | ၂ | ၂ |
| | ၄ | ၆ | ၄ | |

**အင်းဆံ** - သင်ဗိုင်း- ချိ - သက်လုံ - တို့ကိုမေး လုံလှဆို - နင်တကယ်လောမေး - မြင်းသွားချ အပင်းဟူသမျှကို မိုင်း[illegible] တွင်ချ၍ပြာပြုတိုက် အကုန်ကျ၏။ မီးထွန်းလိုလျှင် လူမ[illegible] သက်စေ့ချည်မျှင်ကို မီးဇာလုပ် ဆီနှစ်ကျပ်သားနှင့် မီးထွန်း ပါလေ လုပ်သူမခံနိုင်ပြီ။ သတိရှိပြီးလုပ်ပါ။

ဤစာရွက်ဖြန့်ဖတ်နေတုံး ဆုံးသွားသောအခါ စာရွက်ကလေးခေါက်ပြီး အိပ်ထဲထည့်၍ ပေးသောဘုန်းကြီးကို ဟိုဟိုဒီဒီ ကြည့်ပြီးရှာတော့ မတွေ့လိုက်တော့ ဘယ်ထွက်သွားမှန်း မသိရပေ။

တော်သလင်းလပြည့်နေ့ နေလည်အဓိဋ္ဌာန် ပုတီးစိပ်သောအခါ သွားဖုံးအပူတိုး၍ရောင်လာ၏။ တော်သလင်းလဆုတ် ၁ရက်နေ့ကြတော့ ဆွမ်းမစားနိုင်၊ ပုတီးစိပ်တော့မပျက်ပေ ၁၅ရက်ထိ ပုတီးအရေအတွက်မှာ ၇၁၆၁၃၀ တော်သလင်းလဆုတ် ၇ရက်တွင် ဆွမ်းစားလို့ရလာ၏။ ဝါးလို့မကောင်းသေး တော်သလင်းလဆုတ် ၈ရက်နေ့ ပျောက်သွား၏။ အဘိဓမ္မာအခါတော်နေ့အတွက် စည်းဝေးကြ၏။ နယ်က သံဃာများအတွက် ဆွမ်းကျွေးတာဝန်ယူ လ္ဘက်ရည်ကို ကျွန်ုပ်ကတိုက်ရန်ဖြစ်၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၂၂ရက်ပေါင်း ၈၉၆၅၅၀ ။ **ညအိပ်မက်** - အရှင်ဓမ္မိကကျောင်းကြီးက မီးရောင်စုံထွန်းညှိထား၏။ အမျိုးမျိုးဆန်းပြားသော ပုံတို့ဖြင့်ထွန်းထား၏။ အံ့မခန်းဖြစ်၍ လူများစည်ကားစွာ ဝိုင်းကြည့်နေကြ၏။ ထိုမီးရောင်စုံများကိုကြည့်ပြီး ကျောင်းပြန်လာတော့ ကျောင်းပတ်ဝန်းကျင်က ပြစ်မှုကျူးလွန်သူများက ဝန်ချတောင်းပန်လာကြ၏။ ကျွန်ုပ်ကျောင်းတိုက်အတွင်းက ပစ္ဆိမာဝန်ကျောင်းကလဲ မီးတဆောင်ထွန်းညှိထား၏။ ကျွန်ုပ်ကျောင်းကို မီးထောင်ပြည့်ထွန်းရန် ဆီများမီးအိမ်များ ယူဆောင်လာကြ၏၊ ထိုတွင်နိုးလာ၏။ ကောက်ချက်ချလိုက်၏။ တေဇောဓါတ်၏ ထက်မျက်သောလက္ခဏာ-

တော်သလင်းလဆုတ် ၁၀ ရက် **ညအိပ်မက်** - ဆယ်နှစ်ဆင့်တိုက်ကြီးပေါ်တွင် ဘုန်းတော်ကြီးများနှင့် ကျွန်ုပ်က ခွဲထွက်လာ၏။ ကျွန်ုပ်တွင်ပါလာတာ သုံးလေးယောက်ထင်လို့ မေးကြည့်တော့ ဆယ့်နှစ်ယောက်ပါလာကြောင်း ပြောပြ၏။ အင်း တော်တော်ပါသေးသားပဲဟု အောင့်မေ့လိုက်၏။ ကျွန်ုပ်ကျောင်းရောက်တော့ ဆယ့်နှစ်ယောက်သောသူများနှင့် ရှေ့ဘာတွေဆက်လုပ်ကြမယ် ဆိုတဲ့အကြောင်း စည်းဝေးတိုင်ပင်နေကြ၏။ ထိုစဉ် ဆယ်နှစ်ဆင့်တိုက်ပေါ် တွေခဲ့ကြသောဘုန်းကြီးများက လာကြပြီးကန်တော့၍ ဆယ်နှစ်ဆင့်တိုက်ကြီးကို အရှင်ဘုရားအား အပ်လှူပါကြောင်းလျှောက်၏။

ထိုအခါကျွန်ုပ်က ဆယ်နှစ်ဆင့်တိုက်ကြီးကို အပေါ်ထပ်က ၁။ အရဟံ ၂။အထပ်က အ-ရဟံ ၃။ အထပ်က အရ -ဟံ- ၄။ က သမ္မာသမ္ဗုဒ္ဓေါ ၅။ က ဝိဇ္ဇာစရဏသမ္ပန္နော ၆။ က သုဂတော ၇။ က လောကဝိဒူ ၈။ က အနုတ္တရော ပုရိသဓမ္မသာရထိ ၉။ က သတ္ထာဒေဝမနုဿာနံ ၁၀။ က ဗုဒ္ဓေါ ၁၁၊ က ဘဂဝါ ၁၂။ သုဂတောဟု အထပ်များကို အမည်ပေးပြီး ထိုအထပ်များတွင် ထိုဂုဏ်တော် အနည်းဆုံး တစ်နေ့လျှင် အပါတ် ၃၀ပွားများနိုင်မှ နေရမည်ဟု စည်းမျဉ်းဆွဲပြီး ထိုဘုန်းကြီးများကို ပြော လိုက်၏။ ထိုအခါ ဘုန်းကြီးများက ဒါထက်လျှော့ပါအုံး ၉ပတ်လောက်သာ ထားသင့်ပါတယ်ဟု ပြောသဖြင့် ကျွန်ုပ်က အပါတ်၉၀မှ ပုတီးတစ်လုံးမျှ မလျော့နိုင်ကြောင်း ပြောသောအခါ ဘုန်းကြီးများက ထွက်သွားကြပြီး ထိုအထဲမှ ၉ပါးလောက် ကျန်ရစ်တော့၏။ ထိုကျန်ရစ်သော ဘုန်းကြီးများနှင့် ကျွန်ုပ်နောက်လိုက်လာကြသော ၁၂ ဦးသော ပုဂ္ဂိုလ်တို့ကို ထို ၁၂ဆင့်တိုက်ကြီး အပ်လိုက်၏။ ၁၂ ယောက်သော ပုဂ္ဂိုလ်များ ကြည့်လိုက်သော်လည်း ကျွန်ုပ်ထံ ၁၂ယောက်ပဲ ကျန်ရစ်ခဲ့သေး၏။ ထူးဆန်းသောအိပ်မက်ဟု မှတ်လိုက်၏။

တော်သလင်းဆုတ် ၁၂ ရက် **ညအိပ်မက်** - ဘုန်းကြီးများကစီတန်းပြီး ရှေ့ကကြွတော်မူ၏။ နောက်က အောင်သပြေပန်းအိုးများဖြင့် စစ်သားများက စီတန်းပြီးလိုက်ကြ၏။ ရှေ့ကဘုန်းတော်ကြီးများကို ဆွမ်းဟင်းလောင်းကြ၏။ ကျွန်ုပ်အလှည့်ကြတော့ ဆွမ်းဟင်းကုန်သွား၍ အောင်မြေအထွက်၊ ရွှေဘုံသာ

အတွက် ယပ်နှစ်ချောင်းလှမ်းလှူ၏။ ယပ်များကိုငွေကပ်မထား။ ထိုယပ်နှစ်ချောင်း မွေးကြိုင်နေ၏။ ထိုယပ်များတွင် စန်းသိန်း စန်းသိန်းဟုရေးထား၏။ ရွှေစာလုံးများဖြစ်၏။ ဒီအိပ်မက်ကတော့ ဆန်းလှချည့်တကားဟု မှတ်ချက်ချလိုက်၏။

သီတင်းကျွတ်လဆန်း ၁၃ရက်နေ့ သောကြာနေ့နံနက် ၉နာရီအချိန် ပုတီးအရေအတွက် ၄၁ရက်ပေါင်း ၁၉၃၀၁၅၈ ရ၍ မီးခါတ်ပြီးကြောင်း ပုထိုးတော်ကြီး၊ တောင်မင်းကြီး၊ ကြေးဘုရားကြီး၊ ရွှေဂူကြီး၊ အောင်မြေဘုရားများ လျှောက်ထား၍မီးခါတ်သိမ်း မေတ္တာပို့အမျှဝေ ပဋ္ဌာနာပြု။ ထိုနေ့ကစ၍ အဘိဓမ္မာအခါတော်နေ့အတွက် စီစဉ်၏။ သိဒ္ဓိတသိန်းလည်း စိပ်၏။ သီတင်းကျွတ်လပြည့်နေ့မှာ သတ္တာဒေဝမနုဿာနံ ဂုဏ်တော်ကိုတက်ရန်ဖြစ်၏။ ထိုနေ့ကသိဒ္ဓိတသိန်းစိတ်နေစဉ် အရှုးလိုလိုလူတယောက် ရောက်လာပြီး အောင်ပြီ . . အောင်ပြီဟု ကြွေးကျော်၍ စာရွက်တရွက်ပေးပြီး ထွက်သွား၏။ ထိုစာရွက်ကို ဖတ်ကြည့်တော့ အောက်ပါအတိုင်းတွေ့ရ၏။

## ဥစ္စာသိုက်ကို မြင်နိုင်သောအင်းတော်

| | | | |
|---|---|---|---|
| | ၇ | ၃ | |
| ၅ | ၀ | ၀ | ၆ |
| ၀ | ၅ | ၀ | ၂ |
| | ၄ | ၃ | |

**အင်းဆံ** - တောသူ - တောင်ဆံ - ကျွန်းဘောင် ပြင်းတန်လေးပြစ်တင် . ဤအင်ဆန်လက်ာ အတိုင်းဂဏန်းသွင်း၍ ဤဂါထာများဖြင့် အင်းကိုရန်ပါ။ ဂါထာများဖြင့် တထောင်စုတ်ပါ။ စုတ်ရန်ဂါထာများကား-

ဥုံကုဒ္ဒိဝိဓ - ဒိဗ္ဗသောတ - ပရစိတ္တ - ဝိဇာနာနာ - ပုဗ္ဗေနိဝါသနုဿတိ ဒိဗ္ဗစက္ခု - အာသဝက္ခယညာဏ်အဟံ မမ အာဒိပ္ပေါ-ချော်း အာသဝက္ခယညာဏ်ထဗုဒ္ဓသဝဏ္ဏာဘာသတိ ဓမ္မသ ဝဏ္ဏာဘာသတိယသံဃသဝ ဝဏ္ဏာဘာသတိထ သိမ်ဝင်သပိတ်ကွဲ အလားတူသိမ်ဝင်ပြီး ရွှေပြားငွေပြားတွင်ချ၍ မျက်နှာအုပ်ကြည့်၊ ရေထဲမြေထဲ၌ရှိသော ဥစ္စာများကို မြင်နိုင်၏။ နှစ်အင်းချ တအင်းက အထက်ပါအတိုင်းပြု။ နောက်တအင်းက သီရသို့ (လ) ဝိနာသန္တု အသေသတော ဂါထာကို လက်ယာရစ်ရံ -၎င်းအရံဂါထာနှင့် တထောင်စုတ် မြေတွင်းနှင့်ရှိသော ရွှေ ငွေအိုး တို့ကိုမြင်ရ၏။ ညာဘက်မျက်လုံးများ စီးကြည့်ပါ- သို့သော် မမြင်ပါလျှင် လူပြောင်း၍ ကြည့်ခိုင်းပါ၊ မိစ္ဆာနတ်တို့ လှည့်ဖြားပြတတ်၏။ ပညာနှင့်ပြုလုပ်ပါ - ဆိုင်ရာကို တင်သပါ - ဆရာလုပ်သူက သီလသမာဓိရှိပါ-

သီတင်းကျွတ်လပြည့်နေ့ နံနက်၉ နာရီ ဘုရားသက်တော်အရ သံဃာ၈၀ - ပါးဆွမ်းကပ်၏။ ၈၀ပါးထဲမှ ၄၅ပါးက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ရွတ်ဖတ်၍ အခန်းအနားဖွင့်၏။ ထိုနောက်ကျွန်ုပ်က ၉ပါးသီလပေး တရားဟော၏။ ညနေ ၃နာရီမှ ပြီး၏။ ည မဟာပရိတ္တစာရီ ဦးကျော်ငြိမ်းဝတ်သင်း မီးအလင်းဝတ်တက်၍ ပူဇော်ကြ၏။ ထိုနေ့ညတွင် သတ္တာဒေဝမနုဿာနံ ဂုဏ်တော်ကို ဓမ္မာခန္ဓာ ရှစ်သောင်းလေးထောင်စိပ်ရန် အဓိဋ္ဌာန်တက်၏။ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့တွင် အပူများ၏။ ညက

ထိုနေ့က ဆွမ်းမစားဘဲ ယာဂုသောက်နေ၏။ သတင်းကျွတ်လပြည့်ကျော် ပုတီးစိပ်မပျက် ။ ထိုနေ့က ဆွမ်းမစားဘဲ ယာဂုသောက်နေ၏။ သတင်းကျွတ်လပြည့်ကျော် ၁၅ရက် သောကြာနေ့ ညအိပ်မက် - ၂၀အရွယ်လောက် ကလေးမကလေးက ရိုရိုသေသေနှင့် ဆေး တိုက်၏။ ထိုဆေး၏ပုံသဏ္ဍာန်မှာ ဖျံပတ်ကလေးလိုဟာမျိုးနှင့် မြူစွမ်ကလေးများလိုဟာမျိုး ချေ ထည့်ပြီးလာတိုက်၏။ ကိုယ်တော်လေး ရက်တပါတ်လောက်တော့ခံရမယ်၊ ဘာမှမစိုးရိမ်ပါနှင့် မယ်တို့ နိုတယ် ဘိုးဘိုးတို့လဲရှိတယ်ဟု ပြောသွား၏။ အဖျားက မကျသေး။

သီတင်းကျွတ်လဆုတ် ၆ရက်နေ့တွင် ပွဲ၍ဖျား၏။ ဖျားရင်း ပုတီးစိပ်နေ၏။ မျက်စိထဲတွင် မိုတ်ကြည့်ကြည့် ဖွင့်ကြည့်ကြည့် နတ်အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး သစ်ပင်အမျိုးမျိုးမြင်ရ၏။ ည ၇နာရီ ၁၂နာရီအတွင်းဖြစ်၏။ လဆုတ် ၇ရက်၊ နံနက်တချက်လောက်မှာ နတ်များလာကြောင်း အိပ်မက်၏ ဖျားလို့ စာမရေးနိုင်တော့ အိပ်မက်အကြောင်း မမှတ်နိုင်၊ ည ၉နာရီလောက်တွင် အိပ်မက်ထဲမှာ ဆုတော် ပြည့်လဲ သွားရမည်လို့ပြောသွား၏။ သီတင်းကျွတ်လဆုတ် ၈ရက်နေ့မှာ သက်သာလာ၏။ နံနက်အာရုဏ် ချိန်တွင် မျက်နှာသစ်ပြီး စေတီတော်များတွင် ပုတီးစိပ် နံနက် ၉နာရီလောက်တွင် ဆွမ်းနဲနဲ စားနိုင်လာ၏။ ၉ရက်ပေါင်း ပုတီးအရေအတွက်မှာ ၇၆၆၀၀ ရ၏။ သီတင်းကျွတ်လဆုတ် ၉ရက်နေ့ အဖျားပျောက်၏။

သီတင်းကျွတ်လဆုတ် ၁၄ရက်နေ့ ညအိပ်မက် - ဓမ္မာရုံကြီးမြောက်ဘက်တွင် ၁၂ခဏ်း- ၉ခဏ်း လောက်ရှိသော အစိမ်းနုရောင်ချယ်ထားသော တိုက်ကြီးတစ်လုံး ခန်းနားစွာ တည်ဆောက်ထားတာ တွေ့ရ၏။ ၎င်းအပြင် ဆွမ်းစားကျောင်းနားမှာ ရွှေဝါရောင်၊ နီညိုရောင်တို့ဖြင့် ပဆစ်ကွက်လို ခြယ်သုတ် ထားသော အနံ ၄ခန်း၊ အလျား ၉ခန်းရှိသော တိုက်ကြီးတစ်လုံးကိုလည်း တွေ့ရ၏။ ထိုနှစ်လုံးတို့တွင် အစိမ်းနုရောင်တိုက်ကြီးပေါ် ရှေ့ဦးစွာတက်ကြည့်၏။ တိုက်ကြီးအတွင်းထဲရောက်တော့ နံရံများ မျက်နှာ ကြက်များ တိုင်များတို့တွင် စဝဗဝ နသညက ယမဗမ အက္ခရာများကို လေးကွက်အင်းချပြီး ရေးထား၏။ ထိုအင်းများက တခါတခါ ရောင်ခြည်လက်ကလေးများ ထွက်ထွက်လာကြ၏။

ထိုကဲ့သို့ ဖြစ်နေစဉ် ဟိုထောင့်ကလိုလို၊ ဒီထောင့်ကလိုလို အရှင်မြတ် အရှင်မြတ်ဟု ခေါ်သံကြား ရ၏။ ခေါ်သံကြားရသော နေရာသို့သွားကြည့်ပါသော်လဲ လူမတွေ့ရ။ လျှောက်ကြည့်လို့ ဘာမျှမတွေ့သဖြင့် အောက်ဆင်းလာပြီး ရွှေဝါရောင်၊ နီညိုရောင် ပဆစ်ကွက်ချယ်ထားသော တိုက်ပေါ် သို့ တက်ကြည့်ပြန်၏။ အထက်ရောက်လျှင် ကိုယ်တော်လေး ကြွပါဆိုသောအသံကြား၏။ ကြားရာဘက်သို့ တက်ကြည့်ပြန်၏ ဘာမျှ မတွေ့ရ။ နံရံများ၊ မျက်နှာကြက်များ ၊ တိုင်များကြည့်လိုက်တော့ ဒေဝီစမရုပ်များ ၊ အဝါရောင်ပေါ် ဟင်းသားပြဒါးရောင်နှင့် ရေထားတာတွေ့ရ၏။

ထိုစမဒေဝီများက သဏ္ဍာဒေဝမနုဿာနံ သိဒ္ဓိ - သဏ္ဍာဒေဝမနုဿာနံ သိဒ္ဓိ လို့ မျက်နှာကြက်က စမဒေဝီရုပ်က ဆိုကြ၏။ နံရံကအရုပ်များကတော့ ရှစ်သောင်းလေးထောင်၊ ရှစ်သောင်းလေးထောင်ဟု ဆိုကြ၏။ တိုင်က စမဒေဝီရုပ်များက အောင်ပြီ . . အောင်ပြီ ဟုဆိုကြ၏။ ကျွန်ုပ်စိတ်ထဲတွင် အင်း ၇ရှစ်ဆန်းကြယ်ပါကလား ပေါက်မြောက်ပါပြီ ကိုယ့်ကိုကိုယ် အထင်မသေးပါနဲ့ ဟု ပြောသွား၏။ ထိုတွင် နိုးလာ၏။ ထိုနေ့က သဏ္ဍာဒေဝမနုဿာနံဂုဏ်တော် ပုတီးအရေအတွက် ၁၃၀၆၀၀ ရ၏။ ည ၉နာရီ ခမ္မခန္ဓာ ပြီးစီးအောင်မြင်ကြောင်း လျှောက်ထားပြီး မေတ္တာပို့အမျှဝေ၍ အိပ်၏။ တန်ဆောင်မုန်းလဆန်း ၁ရက် တနင်္လာနေ့ နံနက် အာရုဏ်တက်အချိန်တွင် အပို ၄၀၀၀၀ ယူ၍ မြေခါတ်တက်၏။ သဏ္ဍာဒေဝ

မနုဿာန် ဂါထာဆယ်ပတ်စိပ်ပြီး တောင်မင်း၊ ပုထိုးတော်ကြီး၊ ရွှေဂူကြီး အောင်မြေ၊ ကြေးဘုရားကြီးများ မြေခါတ်အဓိဋ္ဌာန် တက်ခဲ့၏။

တန်ဆောင်မုန်းလဆန်း ၈ရက် တနင်္လာနေ့ နံနက်တချက်လောက် အိပ်မက်၏။ အဆောက်အဦးကြီးတစ်ခုပေါ် တရား့ရှစ်ကွက် စက်လက္ခဏာတော်များကို ရွတ်ဆိုပြီး ကျွန်ုပ်ကဆေးရေး နေရ၏။ ထိုကနေ ဆေးရေးပြီးပြန်တော့ တနေရာကိုသွား၏။ ကျောင်းတိုက်ကြီးလိုလို နေရာရောက်၏။ ထိုကျောင်းတိုက်ကြီးထဲမှ အလယ်ကျောင်းကြီးကို ကျွန်ုပ်နှင့် ကိုရင်တပါး ကြီးလှေခါးများဖြင့် အထက်ထပ်ကို အမြန်တက်ကြ၏။ အထက်ရောက်ခါနီးမှာ အတော်အားယူတက်ကြရ၏။ လေးငါးထစ်လောက် အရောက်အသာကလေးတက်ရ၏။ အပေါ်သို့ရောက်လျှင် ခေတ္တအိပ်ကြသေး၏။ ကျွန်ုပ်တို့ကို လိုက်ရှာသူများကို အပေါ်ကနေမြင်ရ၏။

အိပ်ပျော်ခါနီးမှေးခနဲ ဖြစ်သွားလျှင် ပစ်တိုင်းထောင်ပုံလူက ကျွန်ုပ်နားလာရောက်နေ၏။ ပစ်တိုင်းထောင်ကပြောသည်မှာ သင့်နာမည်ဘယ်လို ခေါ်ပါသလဲလို့ ပါဠိုလိုမေး၏။ ကျွန်ုပ် ဦးဝါယမလို့ ပြန်ပြောလိုက်သောအခါ ဩ ကျွန်ုပ်ရှာနေသော ဦးဝါယမကိုးဟုပြောသော် အတူအိပ်နေသော ကိုရင်လေးက လန့်နိုးလာပြီး ဆင်းပြေးတော့၏။ ပစ်တိုင်းထောင်က ကလေးများဟာမိုက်သကိုးဟု ညည်း၏။ ကိုယ်တော်တို့လို သိဒ္ဓိအောင်ပြီးသော ပုဂ္ဂိုလ်များက ဖာသိဖာသာမနေပါနဲ့ သတ္တဝါများအတွက် ဓါတ်ယတရာခြေပြီး ပုတီးစိပ်ပေးပါဟုပြော၏။ ကျွန်ုပ်ကလည်း ကောင်းပါပြီဟုဝန်ခံ၏။ ၄၁ခု - ၄၂ခု ၄၃ ခုနှစ်များတွင် သတ္တဝါများအတွက် သနားဖို့ကောင်းတယ်နော် - ကိုယ်တော်အမိန့်ကျသော ဓါတ်ဘုရားကြီး မြန်မြန်တည်ပါ။ ဒါဘဲမှာချင်ပါတယ် ကဲသွားပါအုံးမယ်ကိုယ်တော်ဆိုပြီး ကောင်းကင်တက် ပျောက်သွား၏။ ကျွန်ုပ်လဲနိုးလာ၏။ ထိုနေ့က ပုတီးအရေအတွက် ၄၅၃၆၂၀ ရ၍ မြေခါတ်ပြီးကြောင်းသိ၍ လျှောက်ထားပြီး မေတ္တာပို့အမျှဝေ၏။

တန်ဆောင်မုန်းလဆန်း ၉ရက် နံနက် ၇နာရီအချိန် မြေခါတ်မှာ အပို ၂၀၀၀၀ နှစ်သိန်းယူ၍ ရေခါတ်တက်၏။ **ညအိပ်မက်** - ကျွန်ုပ်၏မယ်တော် အိမ်ထဲမှာ အမေဂျမ်းသမီး မမကြီးတို့ ရေနွေးအိုးကြီးများ တလုံးပြီးတစ်လုံး ကြိုနေကြ၏။ ရေနွေးသုံးလုံး ဆူနေ၏။ ရေဆူနေပုံမှာ နဂါးပွက်တောင်မှ နဂါးပွက်သလို ဆူနေ၏။ မယ်တော်အိမ်နှင့်ကပ်လျက် တိုက်ပျက်ကြီးတစ်လုံးရှိ၏။ ထိုတိုက်ပျက်ကြီးကို ပြန်ပြီး ပြုပြင်ထား၏။ နောက်ထပ် ထိုတိုက်ပျက်ကြီးနား ကပ်လျက်တစ်လုံး အသစ်တည်ထား၏။ ထိုအထဲမှာ ဆရာဘုန်းကြီးက နေမကောင်းသဖြင့် ကိုရင်များပြုစုနေကြ၏။ ကျွန်ုပ်ကို ဆရာဘုန်းကြီးက လက်ရပ်ခေါ်၍ သွားသောအခါ ဆရာဘုန်းကြီးက သူ့ကို ဓါးနှင့်ခုတ်ဘို့၊ ဒုတ်နှင့် ရိုက်ဘို့ပြော၏။ ကျွန်ုပ်ကမလုပ်ပဲ မသိအောင် ရှောင်ထွက်ခဲ့၏။ အပေါက်စရောက်တော့ မှောင်နေ၍ အလင်းရောင်ကို မှန်းပြီးထွက်ခဲ့ရ၏။ အပြင်ရောက်တွင် တောင်ငုံးတချောင်းတွေ့၏။ လဲမလိုဖြစ်နေ၍ မလဲအောင်ထောင်ထားခဲ့၏။ အပြင်ရော ... တော့ ရေမြင်ကြီးတွေ့၏။ အောင်စကြာကြီး တစင်းလဲတွေ့၏။ အောင်စကြာကြီးဘေးနားက ရေတွေက ကောင်းကင်ဖြာတက်လာကြပြီး ကိန္နရီ ကိန္နရာကနေကြသော ပုံများဖြစ်လာ၍ ကျွန်ုပ်အံ့ဩပြီး ရပ်ကြည့်၏။ ကျွန်ုပ်ကို ဝိုင်းကနေကြသော ကိန္နရီ ကိန္နရာ ရေရုပ်များမှာ အဟုတ်ဖြစ်လာပြီး ကျွန်ုပ်ကို ဝိုင်းကနေကြ၏။

များလက်ထဲမှ ရေပန်းများ ထွက်ထွက်လာ၏။ ထိုတွင်နိုးလာ၏။ ထိုနေ့မှစ၍ နဂါးရုံဘုရား အဓိဋ္ဌာန်ပုတီး ၁၀၈ ပတ်အဓိဋ္ဌာန်စိပ်၏။

၁၃၃၁ခု တန်ဆောင်မုန်းလဆန်း ၁၀ရက် ဗုဒ္ဓဟူးနေ့ နံနက်တချက်လောက် အိပ်မက်၌ ကျောင်းခန်းမကြီး အနောက်ဘက်၊ အနောက်ဆောင်အဝင်ပေါက်နံရံမှာ အလယ်ကခွေချထား၏။ ၆ကွက် အင်း ၂အင်းလဲ ချထား၏။ ထိုအထဲမှာထွက်၍ ကျောင်းခန်းမကြီးအရှေ့နား လျှောက်သွားတော့ ဦးကုဏ္ဍ ကွေးကွေးကလေး အိပ်နေ၏။ ရေများလဲ ကျောင်းအရှေ့ဘက်က ကြီးနေ၏။ ရသေ့တပါးက မြောက်က ကျောင်းပေါ်တက်လာ၏။ ကျွန်ုပ်ရှိရာလာပြီး ဝတ်ချ၍ထိုင်နေ၏။ ကျွန်ုပ်က ဦးရသေ့ ဘယ်ကိုသွားမလို့ ဘာကိစ္စရှိပါသလဲလို့ မေးတော့ အရှင်ဘုရားကျောင်းပေါ်မှာ သိကြားမင်းအိပ်နေတယ် မဟုတ်လား ဘုရား . . မအိပ်ပါဘူး ဦးရသေ့အိပ်ပါတယ်ဘုရား . . ဟိုနားမှာလေ ကွေးကွေးလေးအိပ်နေတဲ့ ဦးပဥ္စင်းဟာ သိကြားပဲဘုရားဟု လက်ညှိုးထိုးပြ၏။

ရသေ့က လက်ညှိုးထိုးပြလိုက်သည်နှင့်တပြိုင်နက် အိပ်နေတာ ဦးကုဏ္ဍကမှတ်တာ အခုတော့ သိကြားမင်းဖြစ်နေတာကိုးဟု အောက်မေ့လိုက်၏။ အရှင်ဘုရားကျောင်းပေါ်က ၆ကွက် ၂အင်း ကူးယူပါရစေဘုရား . . ကျွန်ုပ်ကပေးပါတယ် ဦးရသေ့ . . သို့သော် သက်ဆိုင်သောပုဂ္ဂိုလ်များကို အခွင့်တောင်းပြီး ကူးယူပါ . . သာဓုပါအရှင်ဘုရား . . သာဓုပါ . . ရသေ့လဲ သွားကူး၏။ ကျွန်ုပ်ကြည့်စဉ်တုန်းက အင်းကွက်များသာ ရေးထားတာတွေ့ရ၏။ ရသေ့ကူးတော့ အင်းဆံများပါပေါ်နေ၏။ အင်းဒါလဲ တမျိုးပဲဟု အောက်မေ့လိုက်၏။ ထိုတွင်နိုးလာ၏။ အိပ်မက်ထဲကအင်းများ ပုံစံမှာ အောက်ပါအတိုင်းဖြစ်၏။

| | | | | | |
|---|---|---|---|---|---|
| ခ | ဂ | င | ဋ | ဌ | ဍ |
| ည | က | စ | ဇ | ဃ | ပ |
| ဈ | ဇ | ဆ | ဒ | ထ | တ |
| ဒု | ပ | ဖ | လ | ဝ | သ |
| ရ | က | ဗ | ဤ | နု | ဟ |
| ယ | မ | ဘ | ဣ | အာ | အ |

| | | | | | |
|---|---|---|---|---|---|
| အ | အာ | ဣ | အ | အာ | ဣ |
| အဲ | ဋ | ဤ | အဲ | သ | ဤ |
| ဧ | ဦ | ဥ | ဧ | ဦ | ဥ |
| အ | အာ | ဣ | အ | အာ | ဣ |
| ဘဲ | ည | ဤ | အဲ | က | ဤ |
| ဧ | ဦ | ဥ | ဧ | ဦ | ဥ |

နဂါးရုံဘုရား အဓိဋ္ဌာန် ၂ရက်မြောက်နေ့ ထိုနေ့ပုတီးအရေအတွက်မှာ (၃၀၂၆၈၀)ရ၏။

တန်ဆောင်မုန်းလဆန်း ၁၄ရက် တနင်္ဂနွေနေ့ ညအိပ်မက်၏။ ပုဂ္ဂိုလ်ကြီးတယောက်က ပုတီးကိုင်ထားသော လူတစ်ယောက်ကို မင်းတို့ပုတီးအကြောင်းသိရဲ့လားဟု မေးတော့ ထိုလူကမသိပါဘူးဟု ဖြေ၏။ မသိရင်ငါပြောမယ် သေသေချာချာမှတ်ထားပါ။ ကောင်းပါပြီဘုရား၊ "အဖြုဟ္မာစရိယာ သိက္ခာပုဒ် ဆောက်တည်ပုတီး စိတ်သောသူများမှာ - ဖေါက်ပြန်လျှင် ရှုံးတယ်ကွဲ့မှတ်ထားပါ၊ ကာမေသု မိစ္ဆာစာရ - သိက္ခာပုဒ်ဆောက်တည်ပြီး ပုတီးစိပ်တဲ့သူများမှာ ဖေါက်ပြန်လျှင် ရှုံးလျှင်ရှုံး၊ မရှုံးလျှင် စီးပွားဥစ္စာပျက်စီး ဉာတိဗျသန - ဘောဂဗျသန တွေနဲ့တွေ့တယ်တဲ့၊ ဂတိ၊ သစ္စာ တည်တည်ကြည်ကြည်နှင့် စိတ်သော

သူများကြတော့ တို့တွေကစောင့်ရှောက်ပါတယ်ကွယ် . . ဂတိနှင့်သစ္စာသည် လူ့လောကကြီးတခုလုံး၏ ကျွှာသယ ရွှေအိုးကြီးဘဲကွဲ့ . . ရွှေအိုးကြီးဘဲ" ဟု ပြော၏။

ထို့နောက် ထိုပုဂ္ဂိုလ်ကြီးက ကျွန်ုပ်စီလှည့်လာကာ ကိုယ်တော်ပွားများတာ ဂုဏ်တော်ဘယ်နှစ်ပါး။ ခုတ်ကြီးလေးပါး ပြီးစီးအောင်မြင်သွားပါပြီ။ ဂုဏ်တော် ၉ပါး ပြီးစီးအောင်မြင်လုနီးပါပြီ၊ ရှစ်ပါးကတော့ ပြီးစီးအောင်မြင်ခဲ့ပါပြီ။ ကြာရဲ့လားကွယ့် ကိုယ်တော်မြတ်ကလေး ပြောတာ. . ကြားပါတယ် ဘိုးဘိုးဟု ထိုလူကပြော၏။ ဘိုးဘိုးက ဆက်ပြီးပြောပြန်သည်မှာ - ပုတီးဆိုတာ ကိုယ်တော်လေးလို ဥဒ္ဓနှင့်စိပ်ရတာ မို့ကွဲ့ တနှစ်နှစ်နှစ်လောက်စိပ်ပြီး ဆရာလိုလို သမားလိုလိုလုပ်တာဟာ စားလမ်းသမားတွေကွဲ့၊ စားလမ်း သမားတွေ ပုတီးနဲ့တော့ မယားကျွေးမှု၊ သားကျွေးမှုမလုပ်ချင်ပါနဲ့ ထို့ဆိုပြီး ဘိုးဘိုးထွက်သွားတော့ ထိုလူက ကျွန်ုပ်ကို ဝတ်ချကန်တော့ပြီး မျက်နှာအောက်ချကာ လေးတွဲ့သော ခြေလှမ်းများဖြင့် သွားနေ၏။ ကျွန်ုပ်လဲ ကျောင်းပြန်လာ၏။ ထိုတွင်နိုးလာ၏။ နိုးလာသောအခါ ထိုအိပ်မက်ကို ကျွန်ုပ်ကသတိပေးသော အိပ်မက် ဟု မှတ်ချက်ချလိုက်၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၅၀၀၄၈၀ ရ၍ သတ္တာဒေဝမနုဿာနံဂုဏ်တော် ရေခါတ်ပြီးစီး အောင်မြင်သောနေ့ ဖြစ်၏။

တန်ဆောင်မုန်းလပြည့် တနင်္လာနေ့ အာရုဏ်တက်ချိန်တွင် ရေခါတ်မှအပို ၂၀၀၀၀ ယူ၍ လေခါတ် တက်၏။ နံနက်ပိုင်း ကျောက်တော်ကြီး၊ တောင်မင်းကြီး၊ အောင်ခြင်းရှစ်ပါး၊ သမ္ဗုဒ္ဓေ၊ သတ္တဌာန၊ ဆုတောင်းပြည့် ဘုရားရှင်များထံ လေခါတ်အဓိဋ္ဌာန်တက်၏။ ညနေပိုင်း ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ အောင် မြေ ၊နဂါးရုံ ၊ ကြေးဘုရားကြီးတို့ထံ လေခါတ် အဓိဋ္ဌာန်တက်၏။ နဂါးရုံဘုရား ၁၀၈ပတ် ပုတီးအဓိဋ္ဌာန် စိပ်နေစဉ် နားထဲမှာ 'ဖုဋ္ဌသဂါထာကို သုံးဆယ့်နှစ်ကွက်အင်းချ သမ္ဗုဒ္ဓေတစ်ထောင်စုပ် ဗုံး - သေနတ် အမြောက်ပြီး၏'ဟု ပြောသွား၏။

တန်ဆောင်မုန်းလပြည့်ကျော် ၂ရက် ဗုဒ္ဓဟူးနေ့ည ၈နာရီ နဂါးရုံဘုရား နောက်ဆုံးနေ့ ပုတီးစိပ် နေရာတွင် ထိုဘုရားနား မသမာသူအချို့က ခဲများဖြင့်ထုကြ၏။ ၁၅မိနစ်လောက် ကြာကြာထု၏။ ကျွန်ုပ်က ပုတီးပတ်အဓိဋ္ဌာန် မစေ့သေး၍မထ၊ အားလုံးပုတီးပတ် ပြီးဆုံးအောင်မြင်သွား၍ မေတ္တာပို့အမျှဝေပြီး ပြန်မလို့လုပ်သောအခါ ထိုလူတစ်စုရောက်လာပြီး ကျွန်ုပ်တို့ကို သူတို့မှားမိကြောင်း ဝန်ချတောင်းပန် လာကြ၏။ ပုတီးသေသေချာချာ ထိုင်စိပ်နေသောသူများကို ခဲနှင့်ထုပြီးမှ မှားတယ်ဆိုတာလဲ အင်း . . မှားပေ မှာပဲဟု အောက်မေ့လိုက်၏။ ကျွန်ုပ်နှင့်ပါလာသော ဦးစီကြီးကတော့ မင်းတို့ကထုရင်လဲ မှန်အောင်ထု ကြရောပေါ့ကွာဟု ပြော၏။ ထိုသူများက တောင်းပန်ပြီး ပြန်သွားကြ၏။ ကျွန်ုပ်လဲ နဂါးရုံဘုရား အဓိဋ္ဌာန် ပြီးသောနေ့၏ အတွေ့အကြုံကို မှတ်တမ်းတင်ထားလိုက်တော့၏။

တန်ဆောင်မုန်းလဆုတ် ၄ရက် သောကြာနေ့ ညအိပ်မက် - လူငါးယောက်နှင့် ကျွန်ုပ်ဘုရားဖူး သွားကြ၏။ ရေရှိသော ချောင်းတစ်ခုနားရောက်လျှင် လေးဆယ်အရွယ်လောက်ရှိသော မြတ်မာလာ လက်ခံ က ဆယ့်ခြောက်နှစ်အရွယ်လောက်ရှိသော လှသူဇာဒေဝီကလေးကို ကျွန်ုပ်အားဆက်သ၏။ လက်ခံ ယူဆောင်သွားကာ တိုက်ကြီးတစ်လုံးနားရောက်တော့ ကျွန်ုပ်နှင့်ပါလာသော လူငါးယောက်ကို အောက်မှာ အစောင့်ထားခဲ့ပြီး ကျွန်ုပ်တို့နှစ်ယောက် အပေါ်တက်သွားကြ၏။ အပေါ်ရောက်တော့ မနန်းကြင်၊ မစောရင် တို့ ညီအမနှစ်ယောက် ဆီးကြိုနေကြ၏။ အစောင့်တစ်ယောက်လဲရှိ၏။ ထိုအပေါ်ထပ်တွင် ရထားပျံက

ကျွန်ုပ်ရှေ့ကျလာ၍ မနန်းကြင်တို့ ညီအမနှစ်ယောက်နှင့် သူတို့အစောင့်တစ်ယောက်ပါ ရထားပုံပေါ် ခေါ်ပြီး ကျွန်ုပ်နှင့် လှသူဇာတို့ ရထားပျံစီးသွားကြ၏။

မနန်းကြင်က ရထားပျံပေါ်ကနေ ပေါ်ပဟိုတိုက်နန်း ဆောင်ကြီးနှင့် "ရွှေပြည့်အောင်" စေတီတော် မြတ်ကြီးဟာ အရှင်မြတ်နေရာမြတ်ပါဘုရားဟု လျှောက်သဖြင့် ကျွန်ုပ်က ရထားပျံကို ထိုအနားအကျခိုင်းပြီး တိုက်နန်းကြီးထဲ ဝင်ကြည့်၏။ အပြင်ဘက်က ပတ္တမြားရောင်ဖြစ်သော်လဲ အထဲကျတော့ ရွှေများအားလုံး ချထားတာတွေ့ရ၏။ တိုက်နန်းကြီးအဝင်ဝတွင် မာလာဒေဝီရောက်လာ၏။ မရှေးမနှောင်းပင် ဒေဝီဂုဖော် တို့လဲရောက်လာ၏။ ကေတုမာလာက ကျွန်ုပ်နှင့်လှသူဇာကိုလက်ညှိုးထိုးပြီး ကိုယ်တော်လေးကို လှသူဇာ အား မဘုရားက ဆက်သလိုက်ပါတယ် ညီမတော်တို့ . . ဤကဲ့သို့ ပြောလိုက်လျှင်ပင် ဒေဝီ ဂုဖော်တို့က ကျွန်ုပ်ကို မကျေနပ် သောအမူအရာဖြင့် ကြည့်ကြ၏။

ထိုကဲ့သို့ ကြည့်နေစဉ် ကျွန်ုက လှသူဇာကိုခေါ်၍ ရွှေပြည့်အောင်စေတီတော်ကို သွားဖူးပြီး ပုတီး ဥပတ်စိပ်၏။ လှသူဇာကိုလဲ အစိပ်ခိုင်း၏။ နောက်ကပါလာသော နန်းကြင်တို့ကိုလဲ အစိပ်ခိုင်း၏။ စိပ်ပြီး ကြသောအခါ ဘုရားစေတီကြီးမှ လက်တော်ထွက်လာပြီး ကျွန်ုပ်ခေါင်းကို အောင်ပါပြီ . . အောင်ပါပြီ . . အောင်ပါပြီ ဆို၍ သုံးခါသပ်၏။ ဝတ်ချပြီးပြန်လာခါ တိုက်နန်းကြီးပေါ် တက်နေလိုက်တော့၏။ ထိုတွင် နိုးလာ၏။ အိပ်မက်ထဲကလဲ မဟုတ် တစ်တစ်ခွခွကြီးပါလားဟု မှတ်ချက်ချလိုက်၏။ တန်ဆောင်မုန်း လဆုတ် ၈ရက်၊ အင်္ဂါနေ့ ဆရာတော်ကြီးများ နှစ်ပတ်လည်ဆွမ်းကျွေးပွဲ ပြုလုပ်၏။ သံဃာများ ၁၂ မုန့်ဟင်းခါးဆွမ်းကပ်၏။ လူ၂၀၀လဲကျွေး၏။ မုန့်အချိန် ၅၀ကုန်၏။ ထိုနေ့က ပုတီးအရေအတွက် ၈ရက် ပေါင်း ၅၀၃၈၄၀ ရ၏။

တန်ဆောင်မုန်းလဆုတ် ၁၂ရက်စနေနေ့ ညအိပ်မက်၏။ ရှေ့ကျောင်းကြီးတစ်ကျောင်းမှ ဘုရား ရုပ်ပွားတော်များ ပုံတော်အမျိုးမျိုးတွေ့ရ၏။ ဆင်ဖြူများလဲတွေ့ရ၏။ နန်းမြင့်လဲတွေ့ရ၏။ မန္တလေးနန်းမြို့ အဝိုင်းလို ပုံသဏ္ဌာန်နှင့် လေးထောင့်ပုံသဏ္ဌာန်များ တွေ့ရ၍ ကျွန်ုပ်က နန်းမြင့်အဝိုင်းပေါ် တက်သွားတော့ ကုလားထိုင်လိုလို လက်တင်အောက်တွင် ရွှေပွတ်လုံးများနှင့် တန်ဆာဆင်ထားသော သဥ္ဇာလီတစ်ခုကို ဖုံသုတ်ပေးပြီး ကျွန်ုပ်ကိုအထိုင်ခိုင်း၏။ ထိုသို့နေစဉ် ကျွန်ုပ်၏ညာခြေဖဝါးက တစ်လက်မလုံးလောက် ဘုကြီးထနေတာတွေ့ရ၏။ နန်းမြင့်အနောက်ဘက် အကာနံရံက သေနတ်သံကြားလိုက်၍ သေနပ်ပစ်လို့ အလန့်တကြား ပြေးကြသဖြင့် ကျွန်ုပ်တကိုယ်လုံး ပျောက်ကွယ်သွားသလို ဖြစ်သွား၏။ ထိုအိပ်မက်ကို လေဓါတ်အောင်မြင်ကြောင်း နိမိတ်ဟုမှတ်လိုက်၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၇၄၅၇၆၀ ရ၏။

တန်ဆောင်မုန်းလကွယ်နေ့ ညအိပ်မက် - စုံထောက်များနှင့် ဦးဝင်းလာ၏။ မိန်းကလေးများလဲ ဖိးလိမ်းပြီးလာကြ၏။ ကျွန်ုပ်၏ကျောင်းပေါ် တက်၍ ကျွန်ုပ်ကိုဝတ်ချကြ၏။ ဝတ်ချကြပြီး အရှင်ဘုရား တပည့်တော်တို့ကို တူမောင်းပို့စမ်းပါဘုရားဟု လျှောက်သဖြင့် ဦးဝင်းနှင့်ကလေးမတို့ကို ခေါ် သွား၏။ ၁၅မိုင်မျှ မိုးရောက်တော့ ဦးဝင်းနှင့်မိန်းကလေးများက အမြန်သုတ်သွားကြ၍ မှီအောင်အတော်လိုက်ရ၏။ တူမောင်းရောက်တော့ ဆရာတော်ကျောင်းအောက်ကလိုလို ဖြတ်သွားလိုက်တော့ ရေဆိပ်တွေ့၏။ ကလေးမကလေးများက အိမ်သာမေး၍ ပြလိုက်၏။ သူတို့ အိမ်သာတက်နေတုန်း ကျွန်ုပ်ကျောင်းပြန်လာ၏။ ထိုတွင်နိုးလာ၏။

နတ်တော်လဆန်း ၁ ရက် ပုတီးအရေအတွက်မှာ (၉၇၇၇၂၀)ရှိ၍ လေခါတ်ပြီးသောနေ့ဖြစ်၏။ နတ်တော်လဆန်း ၂ ရက် ၇ နာရီခွဲအချိန် ခါတ်ခန်းထဲတွင် သဏ္ဍာဒေဝမနုဿာနံ ဂုဏ်တော်ကို မီးခါတ်တက်၏။ ဘုရားများသွား၍ မီးခါတ်တက်ကြောင်း အဓိဋ္ဌာန်၏။ ညနေဘုရားများ အဓိဋ္ဌာန်သွားစိပ်၏။ ညအိပ်မက်၏။ ကျောင်းတိုက်ကြီးတစ်တိုက်မှာ ဆရာတော်က ဝိနည်းအချိုင်း၍ ကျွန်ုပ်ကဝိနည်းချပေး၏။ ကျွန်ုပ်ဝိနည်းချပေးနေစဉ် ဆရာတော်ကြွလာ၍ ယေဝုဋ္ဌာမပစာယန္တိဂါထာနှင့် အဘိဂါဒန သီလိသဂါထာကို နိဒါန်းအဖြစ်ပို့ချရန် ညွှန်ကြားသဖြင့် ကျွန်ုပ်ကညွှန်ကြားချက်အတိုင်း စာပို့ချပြီးပြန်လာ၏။ တဖန်တချရန် သွား၏။ သွားလမ်းမှာ အရပ်ရှည်ရှည်၊ အသားဖြူဖြူ မိန်းမကြီးတစ်ယောက်က နေ့စဉ်နှင့်အမျှ "အာဋာနာဋိယ" သုတ်ကိုမမေ့ပါနှင့် စုံးကဝေနိုင်ပါတယ်ဘုရား . . ထိုသုတ်တော်က အချုပ်ဖြစ်ပါတယ်ဘုရားဟုပြော၏။ ကောင်းပြီ တကာမကြီးဟုဆိုပြီး ဆက်လာတော့ သူမကပဲ ကျွန်ုပ်ကို ပြူစားရန် ပြုလုပ်နေတော့၏။

ထိုအခြေအနေကိုသိ၍ ကျွန်ုပ်က ခေါင်းပြတ်စေလို့ အမိန့်ပေးသည်နှင့်တပြိုင်နက် သူမခေါင်းပြတ်သွား၏။ ထိုခေါင်းကို ကျွန်ုပ်နားယူထားလိုက်၏။ အားလုံးကိစ္စပြီးမှ သူမခေါင်းကို ပြန်ဆက်ပေးရန် ယူထားခြင်းဖြစ်၏။ ကျွန်ုပ်က သံဃာများနှင့် စာချနေစဉ် အလစ်မှာသူမခေါင်းက ကြောရိုးကလေးနှင့် နီးကပ်သွားပြီးပြန်ဆက်၍ ထလာပြန်၏။ ကျွန်ုပ်ကသိ၍ လက်နှင့်ပုတ်ပြီးလျှင် အမိန့်ပေးလိုက်ပြန်တော့ ပြတ်သွားပြန်၏။ စာချပြီး ခဏကြာတော့ သူမခေါင်းကိုကြည့်တော့ ဒီအတိုင်းရှိသေး၏။ ကျွန်ုပ်သင်းပိုင်ကို ပြင်ဝတ်လိုက်တော့ သင်းပိုင်နား လောက်များတက်နေတာတွေ့ရ၏။ ခေါင်းပြတ်ကိုလဲ ပြန်ဆက်ပေးလိုက်၏။ ထိုနောက် ကျောင်းပြန်လာ၏။ ကျောင်းကကွန်တိုင်လေးလုံး ထိပ်မီးလုံးအုပ်၍ထွန်း၏။ မီးလုံးနီပြီး လင်းလာ၏။ အောက်ငုံ့ကြည့်တော့ မီးနီရောင်များ သာတွေ့ရ၏။ ဤအိပ်မက်ကား မီးခါတ်နိမိတ် အောင်မြင်ကြောင်း လက္ခဏာပြခြင်းဖြစ်၏။

နတ်တော်လဆုတ် ၆ ရက် တနင်္လာနေ့ ညအိပ်မက် - ကျောင်းအလယ်ခန်းမကြီးတွင် လှပမြိုင်ဆိုင်ဝေဆာနေသော အဖြူရောင်၊ ပန်းရောင်၊ အသွေးပန်းပွင့်များနှင့် ပန်းအိုးများ ခန်းနားစွာ ပြင်ဆင်ထား၏။ ကြည့်လို့ အလွန်ကြက်သရေရှိ၏။ ထိုအပြင်အဆင်များက ကျွန်ုပ်ကိုပူဇော်ထားခြင်းဖြစ်၏။ ထိုကဲ့သို့ အပူဇော်ခံပြီး ရန်ကုန်သွားရန် လက်မှတ်ခံ၏။ မန္တလေးအတွက်လည်း တစ်စောင်ခံ၏။ လေး[illegible]ပ်ခွဲပေးရ၏။ လက်မှတ်ကို စာရေးထားသည်မှာ "ရွှေမြို့" စီးရန်ဖြစ်၏။ လက်မှတ်က စာဖတ်နေတုန်း က[illegible]တစ်ယောက် စာရွက်လိပ်ကျသွား၏။ ကျွန်ုပ်က ကောက်ယူကြည့်တော့ "ရာပြည့်ပွဲတော်"ဟုရေးသော ရှု[illegible]ပုံတွေ့ရ၏။ ထိုနေ့က ၅ရက်ပေါင်း ပုတီးအရေအတွက်မှာ ၄၁၃၄၃၀ ရ၏။

နတ်တော်လဆန်း ၈ရက် ဗုဒ္ဓဟူးနေ့ ညအိပ်မက် - ဒန်းကျွဲသီးလို အသီးရှည်ရှည်ကလေး လေးခုကို ဘုန်းကြီးတစ်ပါးက ကျွန်ုပ်ကိုပေးသွား၏။ ယူလိုက်ပြီး ကျွန်ုပ်ရှေ့တွင်ချထား၏။ ထိုအသီးများကို ကျွန်ုပ်ကြည့်နေစဉ်မှာ တစ်လက်မလောက် ပိုးကောင်ကလေးများ ဖြစ်သွားကြ၏။ ရာလောက်ရှိ၏။ [illegible] သက်နီးပေါ်လည်း တက်လာကြ၏။ ထိုအိပ်မက်ကို နဝင်းခါတ်အောင်မြင် ရှင်သန်လာကြောင်းပြသော နမိတ်ဟုကောက်ယူ၏။ နတ်တော်လဆန်း ၉ရက် ညအိပ်မက် - ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးသော ကျောင်းရောက်သွား၏။ ဦးပဉ္စင်းလေးတပါးလဲ ရှိ၏။ ကျွန်ုပ်က ဆရာတော်ကြီးအား ဝတ်ချပြီးထိုင်နေတော

ဦးပဥ္စင်းလေးက နေရာခင်းပေး၏။ ထို့နောက်ဦးပဥ္စင်းလေးက ပုလင်းဖြူတစ်လုံး ယူလာပေးသဖြင့် ကျွန်ုပ်က လှမ်းယူလိုက်၏။ ဘုန်းတော်ကြီးကပြောသည်မှာ - အဲဒီပုလင်းက ကျေးပြာပဲ ခါတ်များကိုပေါက်က ဖြစ်တယ်ဟုမိန့်၏။ ကျွန်ုပ်က ပြန်ရန်လမ်းကို ဘုန်းတော်ကြီးမေးတော့ ဒီလမ်းကသွားလျှင် တောင်ပြို ပန်းချီဆရာအိမ်ပေါက် ရောက်သွားလိမ့်မယ်ဟုပြော၍ သွားကြည့်တော့ ကျွန်ုပ်လာခဲ့သော လမ်းမဟုတ် လမ်းကဖြစ်လိုက် ပျက်လိုက်၊ ကောင်းလိုက် မကောင်းလိုက်နှင့် တွေ့ရ၏။

နတ်တော်လဆန်း ၁၀ရက် သောကြာနေ့ ညအိပ်မက် - အရှေ့ဘက် ဘုရားဆောင်ရှေ့မှ ဖြူဖြူချောချောလှလှ မိန်းကလေးတစ်ယောက်က ကျွန်ုပ်ကို တိုးတိုးခွေ့ခွေ့၊ ပွတ်သီးပွတ်သပ် လုပ်နေ၏၊ ကျွန်ုပ်က နင့်အမေက ဘယ်သူလဲလို့မေးတော့ မကံမြင့်လို့ပြော၏။ ထိုစဉ်လူတစ်ယောက်က တက်လာပြီး တူမောင်းဆရာတော် ရန်ကုန်သွားမှာ ၂ ရက်လောက်လိုတော့တယ်ဟု ပြောသွား၏။ ကျွန်ုပ်က ကျောင်း ပေါ်က ဆင်းလာခဲ့တော့ အချင်းခြောက်လက်မလောက် ရှိသော အတောင်အားဖြင့် ၅၀လောက် ရှိမည်ထင် ရသော မြွေကြီးတစ်ကောင်က ကျွန်ုပ်ရှေ့ကနေ တွန့်တွန့်ပြီးပြေးသွားနေ၏။ ကျွန်ုပ်လဲ လန့်နိုးလာ၏၊ ပုတီးတိုးတက်ကြောင်း လက္ခဏာဟု ကောက်ယူ၏။

နတ်တော်လဆန်း ၁၁ ရက် ညအိပ်မက်- အိမ်ကြီးတစ်အိမ်မှာ ရွှေပလ္လင်နှင့် ရွှေပြသာဒ်ကြီး ဆောက်လုပ်ထားတာ တွေ့ရ၏။ ကျွန်ုပ်ပါးစပ်က ဒါမျိုးများနှင့် အလှူလှူရလျှင် ကောင်းမှာဘဲဟု ပြောမိ၏၊ ထိုမဏ္ဍပ်ကြီးကိုကြည့် ရှေ့ဆက်သွားတော့ ဘုရားကြီးတဆူရောက်၏။ ကုလားကျောင်းကနေ အပေါ် တက်နိုင်သော လမ်းရှိ၏။ အခြားလူများက မုခ်လှိုင်ကတက်၊ နံရံကတက်နှင့် တက်နေကြ၏။ ကျွန်ုပ်ကလဲ နံရံကတက်မလို့ လုပ်သေး၏။ ထို့နောက်မှ မုခ်လှိုင်ပေါက်က တက်သွား၏။ အလယ်လောက် ရောက်တော့ ဆင်ရုပ်များ၊ ရုပ်ပွားတော်များက ရုပ်လုံးပေါ်တည်ရှိနေကြ၍ မဝင်နိုင်၊ မတက်ဖြစ်၏။ ဘေးကဖြတ်တက် ရ၏။ ကုလားကျောင်းပေါ်ရောက်တော့ အနောက်ဘက်ကကြည့်လျှင် ကုလားကျောင်းထက်မှ စေတီကြီးမြင်ရ၏။ ထိုစေတီကြီးဖူးပြီး ထိုဘုရားပေါ်မှတွေ့သော လူတစ်ယောက်ကို မာရ်အောင်ဘုန်းကြီး ကျောင်း အပြခိုင်း၏။ ထိုလူကပြ၏။ အဝေးကလှမ်းကြည့်တော့ စေတီကလေးများ ရေးရေးမြင်တွေ့ရ၏၊ ထိုစေတီပေါ်မှ ခြသေ့်ရုပ်ကို အသက်သွင်းပြီး ကျွန်ုပ်ကတက်စီး၍ မာရ်အောင်ဘုန်းကြီး ထံသွား၏။ ထိုတွင် နိုးလာ၏။

နတ်ကြက်လဆန်း ၁၂ရက် တနင်္ဂနွေနေ့ ဘုရားများ အဓိဋ္ဌာန်ပုတီးစိပ်သွားသောအခါ ပုထိုးတော် ကြီးဘုရားကျွန်ုပ် ဘုန်းကြီးတပါးနှင့်တွေ့၍ ဂါထာများပေး၏။ ထိုဂါထာကား -

၁။ လဗိန်မာန်၊ ယုန်ရုပ်ဆုတောင်းဂါထာတော်

စိရံကာ ယေါဋ္ဌိတော ဟောတု၊ သမ္ပတ္တိဝါ - ပိသဗ္ဗဒါ။

ဣမိနာ နုဘာဝေနိဟ၊ ကပ္ပဋ္ဌိဝါ - ဘယံသမေ။

၂။ လ ဗိမာန် ယုန်ရုပ်ရှိခိုးဂါထာတော်

ဗုဒ္ဓကုံရော သသရာဇာ၊ ကာယံ အသိဋ္ဌိ မတ္တနော၊ ပဋိဂ္ဂဟာဿ အဂ္ဂိမှိ၊ ပတိတ္ထာဝ သဇိဝကံ။

၃။ ဥလ္လုရာဇာ ပဒေသဗ္ဗုတံ၊ နရမရုဟိတာယတံ။ လိခိတံ - တံဘိဝန္ဒာမိ၊ မေဒနိယာဝ ဝါသဝေါ။

**အသန်လံရှိခိုး ဂါထာတော်**

၄။ ချာတေ - ချာတေ တိချာလံတော၊ ဘိဇံ ဘိဇံ ဘိဝန္ဒိယ။ ခံပါ ခံပါ ဟ သဗ္ဗဒါ။

သန္တံ သန္တံဝ အာဒရေ။

ဤဂါထာလေးပုဒ်ကို အရေးရှိကသုံးကိုယ်တော် . . အင်းချသုံးရွက် ပုတီးစိပ် လိုရာဖြစ်စေတယ် ကိုယ်တော်ဟု ပြော၍ပေးသွား၏။ ထိုနေ့က ပုတီးအရေအတွက် ၆၅၃၉၀ ရ၏။ ၁၁ရက်ရသော အရေအတွက်ဖြစ်၏။ နတ်တော်လဆန်း ၁၃ရက် တနင်္လာနေ့ နံနက် ၃နာရီထ မျက်နှာသစ်ပြီး ကားဆိပ်လာ ကားစီးမန္တလေးသို့ လေးနာရီရောက်၊ မြင်းခြံကားစီး နံနက် ၅နာရီ မြင်းခြံကားထွက်၏။ မြင်းခြံ နံနက် ၈ နာရီ ခွဲရောက်၏။ မော်တော်ဆိပ်မြင်းလှည်းနှင့်သွား၊ မြင်းလှည်းခ ၂ကျပ်၊ မော်တော် ၁၀ ခွဲထွက်၊ ပခုက္ကူ ၁ ချက်ခွဲရောက်၊ လမ်းစရိတ်အားလုံးပေါင်း ဦးစီနှင့် ၂ယောက်တွက် ၂၂ကျပ်ကုန်၏။ ကိုမိုးနှောင်းအိမ်တည်း ညနေ သီဟိုဠ်ရှင်ဘုရား၊ ရွှေဂူဘုရား၊ ဖောင်တော်ဦးဘုရား ပုတီးစိပ် ည ၈နာရီ ကိုမိုးနှောင်းအိမ် ပြန်ရောက်၏။ နတ်တော်လဆန်း ၁၄ရက် အင်္ဂါနေ့ နေ့ဆွမ်းစားပြီး ၁၁ခွဲ ပေါက်ကားဂိတ်လာ၊ နေ့ ၁၂နာရီ ကားစီး၊ ကားပေါ်တွင် နံကပ်ရွာတူမောင်းကိုက်နေစဉ်က သမဂ္ဂဖြစ်ခဲ့ကြသော ဦးကုသလနှင့်တွေ့၏။ သူ့ရွာခေါ်၏။ အချိန်ရလျှင် အပြန်ဝင်ခဲ့မည်ဟု ပြောရ၏။ ညနေ ၄နာရီ ပေါက်မြို့ ဦးကြွား - ဒေါ်မိ အိမ်ရောက်၊ ည ရန်အောင်မြင်ကျောင်းအိပ်။

နတ်တော်လပြည့်ကျော် နံနက် ၅ နာရီလောက် လွှက်ရည်သောက်ပြီး နံနက် ၆နာရီခွဲလောက် လောကဒီပ ဘုရားဖူး ပုတီးစိပ်၊ အစည်းအဝေး ဘုရားမှာလုပ်၏။ အားလုံးပြီးစီး အောင်မြင်သွား၏။ ဦးဘေးကြီးပင့်၍ ဇေယျသုခတောင်ပေါ် ဆွမ်းစားတရားဟော၏။ ည ဦးစိုး၊ မေရီတို့တိုက်ဟော။ နတ်တော်လဆုတ် ၄ရက် တနင်္ဂနွေနေ့ နံနက် ၁ချက်လောက် အိပ်မက် - "အောင်တော်" ရပ်ဟု ရေးထားသောနေရာ ရောက်သွား၏။ မအောင်ကြည်အမည်ရှိသော ၁၀အရွယ်ရှိ နွဲ့နွဲ့နှောင်းနှောင်း ဖြူဖြူ ဖွေးဖွေး မင်းသမီးလိုဝတ်ထားသော ကလေးမလေးနှင့်တွေ့၏။ မအောင်ကြည်က ရှိခိုးလျှောက်သည်မှာ တပည့်တော်မ၏ညီမ မအုံ့ကြည်လေးကို မြင်ဘူးပါသလားဘုရား . . မမြင်ဘူးပါဘူး။ [illegible] လာပါ လိမ့်မယ် ဘုရား . . ဟောဟိုမှာ ပြေးရင်း ဆိုရင်းလာနေပါပြီဘုရား . . သူမညွှန်ပြရာ လှည့် [illegible] လိုက်၏။ အုံ့ကြည်ဆိုသည့်အတိုင်း အုံ့လောက်အောင် ကြည်လင်ကြော့ရှင်းသော ရုပ်လက္ခဏာနှင့် ပြည့်[illegible]ပေ၏။

ကျွန်ုပ်အနားရောက်တော့ ဝတ်ချပြီးထိုင်နေ၏။ မအောင်ကြည်ကလျှောက်သည် . . အရှင်ဘုရားတို့အရပ် လိုက်ပို့ပါဘုရား . . အေး. . အေး လာသွားကြစို့ ပန်းဘဲတန်းရောက်သွား၏။ ကျွန်ုပ်တို့မိဘ အိမ်တစ်အိမ်သာလူရှိတော့၏။ ကျန်အိမ်တွေ လူမရှိကြ။ အရပ်အရှေ့မျက်နှာ မြောက်ဘက်ပေါက် ထွက်သွားကြတော့ အထက်က သစ်ပင်ခွဲများသာ နေရေးမြင်ရပြီး တိမ်နီရောင်ကြီးလို လင်းကနဲ လင်း၂ခါ မြင်လိုက်ရ၏။ ထိုအလင်းရောင်ကြောင့် ငှက်များ၊ လူများ၊ လှုပ်ရှားသွားလာနေတာ မြင်လိုက်ရ၏။ နောက်ကပါလာကြသော အောင်ကြည်နှင့်အုံ့ကြည်တို့က တပည့်တော်မတို့ ဆုတောင်းပြည့်ဘုရား လိုက်ပို့စမ်းပါဘုရား . . လာ လာ သွားကြစို့ဆိုပြီး ခေါ်လာ၏။ ဆုတောင်းပြည့်ဘုရားပေါ် ရောက်လျှင်

ဒေါင်ကြည်မက လက်ယာဘက်ကထိုင်၏။ ဖွံ့ကြည်မက လက်ဝဲဘက်ထိုင်၏။ ကျွန်ုပ်က သူမတို့အလယ်ကထိုင်ဖြစ်နေ၏။

ဘုရားရှိခိုး၊ ပုတီးစိပ်ကြပြီး သူမနှစ်ယောက် မြိုင်တူဆုတောင်းသည်မှာ ဘုရားတပည့်တော်မ တို့နှစ်ယောက် ဖြစ်လေရာရာသံသရာ၌ အရှင်ဘုရား၏ ပါရမီဖြည့်ဘက်ဖြစ်ရပါလို၏ဘုရားဟု ဆုတောင်းကြသောအခါ ကျွန်ုပ်က အင်း . . တကယ်လာတဲ့ ဟာမလေးတွေပါလားဟု အောက်မေ့ပြီး ဆုတောင်းပြည့်ဘုရားမှ ပြန်ဆင်းလာခဲ့ကြ၏။ ကျောင်းရောက်တော့ အနောက်ဆောင်ထဲတွင် ဓါတ်မီး၉လုံး ထွန်းထားတာ တွေ့ရ၏။ သပြေပင်ကွက်ကိုလဲ မြစ်ငယ်ရေနီတွေ ပြည့်လျှံနေတာ တွေ့ရ၏။ မဒေါင်ကြည်နှင့် မဖွံ့ကြည်တို့ ညီအမနှစ်ယောက်က ဟောဟိုမှာကြည့်စမ်းပါ၊ ရေနီတွေထဲ မိစိန်ခြယ်နှင့် မိစိန်လင်းတို့ ညီအမ ကိုယ်တုံးလုံးနှင့် ရေချိုးနေလိုက်ကြတာ ဒီကောင်မတွေက ဘယ်လိုဟာတွေလဲ ပြောနေသဖြင့် ကျွန်ုပ်ကသူမတို့ပြောနေသောဘက်ကို ကြည့်လိုက်၏။ ထိုတွင်နိုးလာ၏။ ထိုအိပ်မက်လက္ခဏာကား အံ့ဩလောက်အောင်မီးဓါတ်အောင်မြင်နေကြောင်း ပြသောလက္ခဏာဖြစ်၏ဟု ကောက်ယူ၏။

နတ်တော်လဆုတ် ၆ရက် အင်္ဂါနေ့ လောကဒီပ ဘုရားမြောက်ဘက် ဘိနပ်တော်ကစဖျက်၏၊ အုဋ်မြစ်မချဘဲ မြေပေါ်တည်ထားကြောင်းတွေ့ရ၏။ ကျောင်းကြီး ၊ ရပ်ဈေး၊ ရုံကြီးရပ်စသော ပေါက်မြို့ရပ်များက အုဋ်တင်၂ဖိုလောက် ဘုရားပေါ်ရောက်၏။ ၁၃၃၁ခုနှစ် နတ်တော်လဆုပ်၇ရက် ဗုဒ္ဓဟူးနေ့ လောကဒီပဘုရားပန္နက်ချ၍ အုဋ်မြစ်ကျင်းစတူး၏။ ထိုနေ့က ပုတီးအရေအတွက် ၁၂၄၀၉၀ ရ၏။ ၂၁ ရက်ပေါင်းအရေအတွက်ဖြစ်၏။ ရန်အောင်မြင်ဆရာတော်က ပေါက်မြို့နယ်ရွာများမှ ကျောက်သေးများအလှူခံလာသဖြင့် လှည်းအစီး ၁၀၀ကျော်က လှူကြ၏။ ည ဦးစိုးမော်တိုက် တရားဟော၏။

နတ်တော်လဆုပ် ၈ရက် ကြာသပတေးနေ့ ညအိပ်မက်မှာ- ရုပ်သေးစင်ပေါ် အရုပ်မျိုးစုံချိတ်ဆွဲထားတာတွေ့ရ၏။ ပိတ်ကာထားသောအပြင်ဘက် မြက္ခင်းတွင် မြင်းဖြူကြီးတစ်ကောင်က အတွင်းမှအပြင်ဘက်ထွက်လာကာ နောက်မြင်းနီနှစ်ရုပ်ကလဲ ထွက်ကကြ၏။ လူများကမဆွဲကြ။ မြင်းနီကတော့မြင်းဖြူကဝင်သွား၏။ ထိုရုပ်သေးစင်များနှင့် အရုပ်များကိုကြည့်ပြီး ထွက်လာတော့ ကျွန်ုပ်ကကောင်းကင်ပျံပြီး ကောင်းကင်ကသွား၏။ ဘီလူးလိုလူကြီးကလဲ မှောက်ရက်ကြီး လက်ကားယားယား ခြေကားယားနှင့်ကောင်း[illegible] ပျံလာတာတွေ့ရ၏။ အတော်ကြီးခိုင်၏။ ဆယ်တောင်လောက် အလျားရှိမည်ထင်၏။ ကျွန်ုပ်က[illegible]ကြီးဘူးပျံကြီးကို ကပ်လိုက်သွား၏။ တော်တော်သွားမိတော့ ကျွန်ုပ်ကတက်စီးသွား၏။ အမရပူရဘော်လုံးကွင်းနားရောက်တော့ ထိုဘီဘူးပျံကြီး ဒီနေရာမှာ ပွဲကျင်းပအုံးမှာ ကိုယ်တော်ဖာသာ သွားတော့လို့ပြောသဖြင့် ခြေလျင်ဖြင့်ကျောင်းပြန်လာခဲ့၏။ ထိုတွင် နိုးလာ၏။

နတ်တော်လဆုတ် ၁၁ရက် တနင်္ဂနွေနေ့ မြောက်ဘက်မှနေ၍ လောကဒီပဘုရား စီမင်းကွန်ကရစ်[illegible]၏။ စီမင်း ၃တစ်ပေရှိ၏။ ဗျက် ၄ပေရှိ၏။ အုဋ်မြစ်ကျင်းအနက် ၆ပေ ရှိ၏။ ဘိနပ်တော်အလျား ၂၇ပေ[illegible]နံနက်၈နာရီအချိန်က စချ၏။ နေ့ဆွမ်း ဦးကြွား + ဒေါ်မိအိမ်စားပြီး ၁၂နာရီ လေဆိပ်သို့လာ၏။ [illegible]ကျော်ဦး၊ ဦးဘရင်၊ ဦးဘေကြီး၊ ဦးရှင်ကြီး၊ မညာဏ၊ မဗု၊ ဒေါ်စောရွှေ ကျောင်းဆရာမများ လိုက်ပို့ကြ၏။ ပါက်လေဆိပ်မှ တစ်ချက်စီး ကျောက်ထု-ပခုက္ကူဆင်းပြီး မန္တလေးသို့၂ချက်ခွဲ ရောက်၏။ တောင်မြို့သို့

၃နာရီခွဲရောက်၏။ ညနေ ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ အောင်မြေ၊ ကြေးဘုရားကြီးများ အဓိဋ္ဌာန်ပုတီးစိပ် ကျောင်းသို့ ည၁၀နာရီ ပြန်ခဲ့၏။

နတ်တော်လဆုတ် ၁၃ရက် အင်္ဂါနေ့ နံနက်တစ်ချက်**အိပ်မက်** - တိုက်ကြီးတစ်တိုက်ပေါ် ဉာဏ်တော် ၁၈တောင်လောက်ရှိသော တင်ပလ္လင်ခွေတစ်ဆူ၊ ရဟန္တာတစ်ဆူ၊ မဏိတော်ပြုတ်နေ၍ ပြင်မည်ဟု မှတ်ထားခဲ့ပြီး ကျောင်းပြန်လာ၊ ကျောင်းတွင်ကိုယ်တော်ရွှေက သူ့ခါးနှင့်သူ တစ်တောင်ဆစ် ခုတ်မိ၍ ဟက်တက်ပြဲသွား၏။ သို့သော် သွေးများမထွက်လာ ဖုံများသိပ်နေ၏။ ထိုတွင်နိုးလာ၏။ မီးခါတ် နိမိတ်ဟု ကောက်၏။ နတ်တော်လကွယ် ဗုဒ္ဓဟူးနေ့ ပန်ချီဆရာလှရွှေနှင့် မုံရွာသွား သမ္ဗုဒ္ဓေဖူး၊ ပုတီး ၁၈ ပတ်စိပ် မောင်လှရွှေက မဟာဗောဓိစေတီပုံဆွဲ နေ့ ၁၂ နာရီ သမ္ဗုဒ္ဓေမှပြန် ကျောင်း ၆နာရီခွဲရောက် အသွားအပြန် လမ်းစရိတ် ၁၂ကျပ်၊ စားစရိတ် ၆ကျပ် နှစ်ယောက်ပေါင်းအတွက်။

ပြာသိုလဆန်း ၂ရက်နေ့ ရန်ကုန်သွားရန်ပြင် လက်မှတ်သွားဝယ်၊ ၂၀ ကျပ်နှင့် ၅၀ပြားပေးရ၏။ ပြာသိုလဆန်း ၃ရက် စနေနေ့ နံနက် ၄နာရီထ၊ ကားဂိတ်လာကားစီး မန်း ၂၉လမ်း ၅နာရီရောက်၊ ဘူတာကြီး ခြေလျင်လာ လှက်ရည်သောက်၊ ၆မတ်တင်း ရထားတက်စီး ၆နာရီရထားထွက်၊ ၈နာရီ ခွဲ သာစည်ရောက်၊ ပျဉ်းမနား ၁၁ နာရီရောက်၊ တောင်ငူ ၁၂ နာရီခွဲရောက်၊ ရန်ကုန်ဘူတာကြီး ညနေ၆နာရီရောက် သုံးဘီးဖြင့် ရွှေမင်းဝံကျောင်းတိုက်လာ ၆ ခွဲရောက်၏။ ည ရွှေတိဂုံသွား ပုတီး ၁၀၈ပတ်စိပ်၊ ပြာသိုလဆန်း ၅ရက်နေ့ ပုတီးအရေအတွက် ၁၉၅၆၁၇၀ရ၍ မီးခါတ်ပြီးကြောင်း ရွှေတိဂုံဘုရား လျှောက်ထား၍ မီးခါတ်သိမ်း၏။ ဗိုလ်တစ်ထောင်၊ ဆူးလေ၊ ကမ္ဘာအေး၊ ၆ထပ်ကြီး၊ ၅ထပ်ကြီး ၊ ၉ထပ်ကြီးဘုရားများ မီးခါတ်ပြီးကြောင်း လျှောက်ထားပြီး သိဒ္ဓိစိတ်ခဲ့၏။

သတ္တာဒေဝမနုဿနံဂုဏ်တော် မီးခါတ်ပြီးသဖြင့် အောင်မြင်ခြင်းအထိမ်းအမှတ် မီး၊ ရေ၊ ပန်း အမွှေးတိုင်ရာပြည့်စီ ဘုရားငါးဆူ လှူဒါန်း၍ ၃၁ ဘုံသားတို့အမျှဝေ၏။ လှူဒါန်းသော ဘုရားငါးဆူမှာ ရွှေတိဂုံ၊ ဗိုလ်တစ်ထောင်၊ ငါးထပ်ကြီး၊ ကိုးထပ်ကြီး၊ ကမ္ဘာအေးဘုရားများဖြစ်၏။ ပြာသိုလဆန်း ၇ရက် ဗုဒ္ဓဟူးနေ့ နံနက်ငါးနာရီ သိဒ္ဓိတစ်သိန်းစိပ်ပြီး၍ ရွှေတိဂုံဘုရားတွင် ဗုဒ္ဓေါဂုဏ်တော် ဓမ္မာခန္ဓာ ရှစ်သောင်း လေးထောင် တက်စိပ်၏။ ဦးသြဘာနှင့်သွား ရွှေတိဂုံသွားကြ၏။ မီးရာကျော်၊ ပန်းရာကျော်၊ ရေရာကျော်၊ ရွှေရာကျော်၊ အမွှေးတိုင်ရာကျော်လှူဒါန်းပြီး အဓိဋ္ဌာန်တက်၍ ဗုဒ္ဓေါဂုဏ်တော် ၁၀၈ပတ် [illegible] ပုတီး စိပ်ပြီးလျှင် မေတ္တာပို့အမျှဝေပြီး အရှေ့ဘက်တံဆောင်းမှ ထလာကြသောအခါ တကာတ[illegible]က်က မလိုင်မုန့်လုံး ၉၀ လာလှူ၍ ဘုရားကပ်ပြီး အချို့စား၊ အချို့ကို ကြွလာသော သံဃာနှစ်ပါးလှူပြ[illegible]ကျွက် မြောင်းက ရီရီနုတို့အိမ် ဆွမ်းစားကြ၏။

ပြာသိုလဆန်း ၈ရက် နံနက် တစ်နာရီတွင် **အိပ်မက်** ၏။ ထွက်ရပ်ပေါက် ထွက်ရပ်ပေါက်ဟု ပြောကြပြီး လူတွေကနောက်က လိုက်လာကြ၏။ ဒီလူတွေ ဘယ်သူ့ကိုပြောနေကြတာလဲဟု လှည့်လိုက် သောအခါ ကျွန်ုပ်ကိုပြောနေတာ တွေ့ရ၏။ လူတွေက ထိုကဲ့သို့ပြောပြီး နောက်ကလိုက်လာကြပေ ကျွန်ုပ်ကရှေ့ကနေ အမြန်သုတ်သွား၏။ လမ်းတွင် ဆင်ဖြူတော်သေးသေးလေးတွေ့၍ အသက်သွင်းပြီး စီးလာခဲ့၏။ စီးနေစဉ် ဆင်ဖြူတော်က ကောင်းကင်ပျံတက်ပြီး တောအထပ်ထပ်၊ တောင်အထပ်ထပ် ကျော်ဖြတ် သမုဒ္ဒရာများလဲကျော်ဖြတ်ပြီး ကျွန်ုပ်ကျောင်းကိုပို့၏။ ကျောင်းရောက်တော့ ဦးဘေကြီးက

ပေါက်ကြွရန် ၂ ခါလာပင့်၏။ အဘိုးကြီးတစ်ယောက်ကလည်း ပတ္တမြားကျောက်ကို ရေခွက်လုပ်ထား သောခွက်နှင့် ဆေးလာတိုက်၏။ ဆေးသောက်ပြီး ဆင်ဖြူတော်ပေါ် ပြန်တက်မည်လုပ်တုန်း နိုးလာ၏။ ထိုနေ့ကား ပုတီးအရေအတွက်မှာ ၁၂၄၀၈၀ ရ၏။ နေ့တစ်ချက် ရွှေမင်းဝံ တရားဟော၏။ မန္တလေးပြန်ရန် လက်မှတ်ဝယ်ခိုင်း၏။ ည ရွှေတိဂုံပုတီးစိပ် ခြေလျှင်သွား၏။

ဧပြီလဆန်း ၉ ရက်သောကြာနေ့တွင် ကီလီလမ် ဦးခင်မောင်အိမ်ဆွမ်းစားပြီး ဘုန်းကြီးဦးသြဘာ နှင့် ဘုရားများဖူးပြီး ပုတီးကိုပတ်စိပ်၏။ ဗိုလ်တစ်ထောင်၊ ဆူးလေ၊ ငါးထပ်ပြီး၊ ကိုးထပ်ကြီး၊ ကမ္ဘာအေး၊ ကျိုက်ဝိုင်း၊ ကျိုက်ကလို့ ကျိုက်ကလဲ့ ရွှေဘုန်းပွင့် ရွှေတိဂုံ ဘုရားများဖူး၏။ ည ၉ နာရီ ရွှေမင်းဝံ ပြန်အိပ်၏။ ဧပြီလဆန်း ၁၀ရက် နံနက်၄နာရီထ ငါးနာရီ ရွှေမင်းဝံမှထွက် ဘူတာကြီးငါးခွဲရောက် ရထား ၆နာရီ ထွက်၏။ မန္တလေး ညနေ ၆နာရီရောက်၏။ မညာဏနှင့် ပုပုလေးတို့က ဘူတာကြီးမှ ကြိုနေကြ၏။ မညာဏတို့ တည်းခိုသော အိမ်လိုက်သွားပြီး စီစစ်စရာရှိတာ စီစစ်ခဲ့ပြီး ကျောင်းပြန်။ ည ၈ နာရီ ရထားဖြင့် အမရပူရမှ မန္တလေးပြန်၊ မညာဏတို့တည်းသော ဒေါ်ဝင်းမေတို့အိမ် အိပ်၏။

ဧပြီလဆန်း ၁၁ရက် နံနက်လေးခွဲ မြင်းခြံကားဂိတ်လာ၊ မန္တလေးမှ ငါးနာရီဆယ့်ငါးထွက်၊ မြင်းခြံ ၉နာရီရောက်၏။ မော်တော်ဆိပ် ၁၀နာရီရောက်၊ ပခုက္ကူနေ့ ၂ချက်ရောက်၊ ဒေါ်သန်းညွန့်အိမ် အိပ်။ မနက် ၉ - ၂၀လောက် ကားနှင့်လာ၊ ပေါက်မြို့သို့ နေ့ ၂ချက်ရောက်၏။ သီဟိုဠ်ရှင်ဘုရားဖူး၍ ပုတီး ၁၀၈ပတ် စိပ်ခဲ့သေး၏။ ရန်အောင်မြင်ကျောင်းတည်း၍ လောကဒီပဘုရားသို့ နေ့စဉ်နံနက် ညသွား၊ ပရိသတ်များဧည့်ခံ၊ လောကဒီပဘုရားပွဲတော်က ၈ရက်မှ ဧပြီလပြည့် အပြီးဖြစ်၏။ ဧပြီလဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့ ညတစ်ချက်လောက် လောကဒီပဘုရားမှာ ဘိုးတော်တစ်ပါးနှင့် ရဟန်းပုဂ္ဂိုလ် သုံးပါးကြွလာ ကြပြီး ထွက်ရပ်သဘောကို ဆွေးနွေးကြ၏။ ဆွေးနွေးကြပြီးနောက် ပုံတောင်ပုံညာဘက် ခေါ် သွားပြီး ပုံတောင်ပုံညာပေါ်က အောင်ဓါတ်စေတီတွင် ပုတီးစိပ်ကြ၏။ ဆေးသုံးခွက်တိုက်၏။ ပဌမဆေးက ချဉ်စပ် ဖြစ်၏။ ဒုတိယဆေးက ချိုဆိမ့်ဖြစ်၏။ တတိယဆေးက ဖန်ချိုဖြစ်၏။ ပုတီး ၂၇ပတ် ပုံတောင်ပုံညာပေါ်က အောင်ဓါတ် စေတီပေါ်စိပ်ပြီးလျှင် ပြန်လာခဲ့၏။ လောကဒီပဘုရားသို့ နံနက် ၃နာရီခွဲရောက်၏။

၁၃၃၁ ခု ဧပြီလပြည့် ကြာသပတေးနေ့ လောကဒီပဘုရားမှာ မြို့နယ်သံဃာ ၆၃ပါးဆွမ်းကြီး လော[illegible]စ်ပါးလျှင် စာရေးတန် သပိတ် ၁၂လုံးစီရ၏။ တစ်ပါးတစ်ပါး ဆွမ်းဟင်းအလှူတ် ၃၀၀တန် လော[illegible]ကြ၏။ နံနက် ၉ နာရီတွင် အားလုံးပြီးစီးအောင်မြင်၍ ကျွန်ုပ်ကတရားဟော ရေစက်ချပေး၏။ ဧပြီလပြည့်ကျော် ၃ရက် တနင်္ဂနွေနေ့တွင် ဘုရားပုံတော်အတည်ပြုရေး နေ့တစ်ချက်တွင် အစည်းအဝေး လုပ်၏။ မဟာဗောဓိစေတီပုံနှင့် ကျောက်ဆင်းတုရုပ်ပွားတော် ၁၀၈ဆူ ဗောဓိစေတီတွင် တည်ရန် ဆုံးဖြတ်ပြီး ရှင်းတမ်းပြ အစည်းအဝေးပွဲ သိမ်းလိုက်၏။

ဧပြီလပြည့်ကျော် ၄ ရက်နေ့တွင် လောကဒီပဘုရားသွား ပုတီး ၁၀၈ ပတ်စိပ်ပြီး ကျောင်းကုန်း[illegible] ဆရာငွေးကြီးအိမ် ဆွမ်းစား ၁၀ နာရီသွား၏။ ၎င်းက ရန်အောင်မြင်ကျောင်းပြန်၊ ညနေ လောကဒီပဘုရား ပုတီး ၁၀၈ ပတ်စိပ်၊ ဦးကြွား - ဒေါ်မိအိမ် ပြောင်းအိပ်၊ ညတရားဟော ၁၁နာရီအိပ်။ ဧပြီလဆုတ်၅ရက် နံနက် ၁ချက်လောက် အိပ်မက်၏။ လောကဒီပဘုရားရောက်နေ၏။ အမေရွှေ ပေါက်ကတော်နှင့် တွေ့၍ ဒီနယ်မှာ သူအုပ်ထိုးတဲ့အကြောင်း ဦးမင်းကျော်တို့ကလဲ ကူညီကြောင်းလျှောက်၏။ အရှင်ဘုရားတို့ တည်နေ

သော လောကဒီပဘုရားကိုလဲ တပည့်တော်တို့ စောင့်ပါမည်ဟုလျှောက်၏။ လောကဒီပတောင်မှ ဆင်းလာတော့ ကာတောင်ရောက်သွား၊ ကာတောင်ဘုရားမှာ ပုတီးစိပ်နေစဉ် မြွေကြီးတစ်ကောင်က လက်ယာဘက်လက်မောင်းကို ပတ်နေ၏။

ကျွန်ုပ်ကလဲ အသာလေးနေရ၏။ ဘယ်ဘက်လက်က စိပ်နေ၏။ ပုတီးစိပ်လို့ ပြီးခါနီးမှာ ဘိုးတော်တစ်ပါး ရောက်လာ၏။ မြွေကြီးကလဲ ဘိုးတော်တစ်ပါးဖြစ်သွား၏။ ပုတီးပြီးတော့ ဘိုးတော်များကို နာမည်မေးကြည့်တော့ ဘိုးသစ္စာနှင့် ဘိုးမေတ္တာတို့ဖြစ်ကြောင်း ပြောကြ၏။ ဘိုးသစ္စာက ကိုယ်တော်စိပ်နေသော "ဗုဒ္ဓါ" ဂုဏ်တော်ဓမ္မခန္ဓာနှင့် မြေခါတ်၊ ရေခါတ်တောင် ပြီးလောက်နေပြီ ကိုယ်တော်အလုပ်များ နေတာနဲ့ ရှေ့မတက်ရသေးဘူး၊ ရှေ့ဆက်ပြီး တက်အုံးကိုယ်တော်ဟုပြောသဖြင့် ကောင်းပါပြီဟုဝန်ခံပြီး ဘိုးတော်တို့ ယခုဘယ်မှာနေတာလဲ ဟုမေးတော့ ပုံတောင်ပုံညာမှာ အဓိဋ္ဌာန် ၁၀၈ ရက် လာဝင်တာပါ ပြီးလျှင်တော့ ဒေးစွန်ပါ မြစ်မှာဘဲဟုပြော၏။ တပည့်တော်တို့ သွားပါအုံးမည်ဆို၍ ဦးညွှတ်ပျောက်ကွယ်သွားကြ၏။ ကျွန်ုပ်လည်း နိုးလာ၏။

သုံးနာရီခွဲထ ဘုရားရှိခိုးပုတီးစိပ်ပြီး အာရုဏ်ဆွမ်းစား၊ လောကဒီပဘုရားဖူး၊ ပုတီး ၁၀၈ ပတ်စိပ်၊ ဘုရားမှာဖျက်လိုက်တော့ ဘုရားခါတ်တော်များနှင့် ရဟန္တာခါတ်တော်များရ၏။ ကျောက်ဖျာကြီးက ဌာပနာ တိုက်ပိတ်ထား၏။ ထိုကျောက်ဖျာကြီးအပြင်ဘက် မြေအိုးလေးထဲမှာ တွေ့ရ၏။ ဘုရားမှ နံနက်၁၁နာရီ ပြန်လာ၊ ဦးကြွားအိမ်ဆွမ်းစား နေ့တစ်ချက်မတ်တင်း လေယာဉ်ကွင်းလာ၊ ရောက်ခါနီး လေယာဉ်ဆိုက်လာ သဖြင့် အမြန်သွားရ၏။ လေယာဉ်ခ ၃၈ ကျပ်ပေးရ၏။ ကျောက်ထု - ပခုက္ကူဆင်းပြီး မန္တလေးသို့ ညနေ ၃နာရီရောက်၏။ ၁၀လိုင်းကားပိတ်ထားသဖြင့် လေယာဉ်ကွင်းမှ ဘုရားကြီးခြေလျင်လာ ပုတီး ၂၇ပတ်စိပ်၊ ၁လိုင်းကားဖြင့် ဈေးချိုသွား၊ ၎င်းက ၈ လိုင်းကားစီး၍ တောင်မြို့ပြန် ကျောင်းလေးနာရီခွဲ ရောက်၏။ ပုတီးအရေအတွက်ကို စစ်ကြည့်တော့ ၁၃ရက်ပေါင်း ၈၇၀၅၆၀ ရနေ၍ အောက်ပါအတိုင်း ၃ဆင့် ပြီးနေကြောင်းသိရ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ၈၇၀၅၆၀ | | ၇၈၆၅၆၀ | | ၅၄၆၅၆၀ | |
| ဓမ္မခန္ဓာ | · | ၈၄၀၀၀ | မြေခါတ် = | ၂၄၀၀၀၀ | ရေခါတ် = | ၄၈၀၀၀၀ | |
| | | ၇၈၆၅၆၀ | | ၅၄၆၅၆၀ | | ၁၆၆၅[illegible] | |

ထို့ကြောင့် ဓမ္မခန္ဓာ မြေခါတ် - ရေခါတ် - ပြီးနေကြောင်းသိ၍ ညနေ ပုထိုးတော်[illegible] အောင်မြေ ကြေးဘုရားကြီးတို့ ဓမ္မခန္ဓာ၊ မြေ၊ ရေခါတ်များပြီးကြောင်း လျှောက်ထား ပုတီး ၂၇ ပတ်စိစိပ်ခဲ့၏။ မေတ္တာပို့အမျှဝေခဲ့၏။ ကျောင်းခန်းတွင်လည်း လျှောက်ထား၍ မေတ္တာပို့အမျှဝေပြီးအိပ်၏။ ပြာသိုလပြည့် ကျော် ၆ရက် ဗုဒ္ဓဟူးနေ့ အာရုံတက်ချိန် လေခါတ်အဓိဋ္ဌာန် ခါတ်ခန်းထဲတွင် တက်၏။ ပြာသိုလဆုတ်၇ရက် နံနက်တစ်ချက် **အိပ်မက်** ၏။ ၁၂ တွဲပန်းချီကားချပ်ကြီးကို ကောင်းမြတ်သောနေရာ ချိတ်ထားရန်ပေး ထိုပန်းချီကားချပ်ကြီးတွင် သူ့အကန့်နှင့်သူ အကန့်အကန့် လေးများပါလာ၏။ ထိပ်ဆုံးအပိုင်း အကန့်တွင် ရွှေဘောင်းဆောင်းပြီး ရွှေပုဆိုးနှင့် ရွှေဒုရင်တပ်သော အင်္ကျီရှည်ကြီးဝတ်ထားသော သတ်တော်ရှည် အမတ်ကြီးနှင့် အခြွေအရံများပုံဖြစ်၏။

နောက်အခန်းများမှာ တန်ခိုးကြီးဘုရားပုံတော်များ၊ တောတောင်ရှုခင်းများ ဖြစ်ကြ၏။ ထိုပုံများ ပါသော ပန်းချီကားချပ်ကြီးကို အောင်သိဒ္ဓိဘုရားကြီးထဲ ဆွဲချိတ်ထား၏။ လူအများက ထူးဆန်းသော ပုံကြီးဆိုပြီး လာကြည့်ကြ၏။ ထိုကြည့်သောလူများက ဒီပုံများတွင် ဒို့တော့ သက်တော်ရှည်အမတ်ကြီး အကြိုက်ဆုံး အကောင်းဆုံးဘဲဟု ပြောနေကြ၏။ ထိုအထဲတွင် ဘုန်းကြီးတစ်ပါးရောက်လာပြီး ဒီပုံမျိုးဟာ သာမာန်လူတို့ မချိတ်ဆွဲ မပြသနိုင်ဘူး၊ အလွန်ခရီးရောက်ပြီး ပေါက်မြောက်သူသာ ပြသထားနိုင်တဲ့ပုံမျိုး ဖြစ်တယ်တကာတို့ဟု ပရိတ်သတ်ကြားလောက်အောင် အသံကျယ်ကျယ်နှင့် အော်ပြောနေ၏။ ထိုတွင်နောက် လာ၏။ နေ့လည်ပုတီးထိုင်တော့လည်း လစ်ခနဲဖြစ်သွားခိုက် ခေါင်းရင်းက ဘုန်းတော်ကြီးနှစ်ပါး လာထိုင်ပြီး ပုတီးစိပ်နေကြ၏။ ဘုန်းတော်ကြီးနှစ်ပါး၏ အမည်ကိုမေးတော့ အရှင်အာစာရ၊ အရှင်အာသာဟု ပြောသွားကြ၏။

ပြာသိုလဆုတ် ၉ရက်နေ့တွင် နေ့ပုတီးထိုင်စဉ် ဘုန်းတော်ကြီးတစ်ပါး မတ်တပ်လာရပ်၏။ ကျွန်ုပ် စိတ်ထဲတွင် ဖျူးဆိုလန့်သွားသေး၏။ သို့သော်ချက်ခြင်း အကြောက်အလန့်ပြေသွား၏။ ဘွဲ့နာမည်ကို မေးတော့ ဘားမဲ့ဆရာတော် အရှင်မဟာနန္ဒသာရထေရ် ဖြစ်ကြောင်းမိန့်၏။ စိတ်ထဲကနေ အရှင်မြတ်ကို လျှောက်၏။ အရှင်မြတ်တို့ ဘားလေးဘား ကြွလာတော်မူကြပြီး ရဟန်းရှင်လူများ ကိုးကွယ်ရအောင် ဓါတ်ပုံ အရိုက်ခံတော်မူပါဟု လျှောက်သောအခါ ကောင်းပြီဟုပြောပြီး ပြာသိုလကွယ်နေ့ နေ့မွန်းတည့်အချိန်မှာ စောင့်ဟု ပြောသွား၏။ ဘားမဲ့ကြွသွားပြီးနောက် အဓိဋ္ဌာန်ပုတီးပြီးအောင် ဆက်စိပ်၏။ ထိုနေ့က ပုတီးပတ် အရေအတွက်မှာ ၃၂၄၇၂၀ ရ၏။ ထိုနေ့ည အိပ်ရာနိုးတော့ ပါးစပ်ထဲတွင် ဝါယုလာရမယ်- အာယု လာရမယ်ဟု ရေရွတ်မိနေ၏။ ဒါလဲ တစ်မျိုးပေ -

ပြာသိုလဆုတ် ၉ ရက်ည **အိပ်မက်** ၏။ မြစ်ချောင်းကြီးတစ်ခုတည်း ရေဆင်းချိုးနေစဉ် ဘီးလူးကြီး တစ်ကောင် ဘွားကနဲပေါ်လာ၍ ကျွန်ုပ်အခြေအနေကို စောင့်ကြည့်နေ၏။ ထိုဘီလူးက လျင်သောအဟုန် ဖြင့် ကျွန်ုပ်ကို လှမ်းအုပ်လိုက်၏။ ကျွန်ုပ်ကခဲများကို ဗုဒ္ဓေါဂုဏ်တော်မန်း၍ပစ်လိုက်၏။ ဘီလူးကြီးပက်လက် လန်သွား၏။ ကျွန်ုပ်က မလှုပ်နိုင်အောင်ဆက်ပြီး အုဋ်ချပ်ကြီးများဖြင့် ဖိချလိုက်၏။ ဘီလူးကြီးပြားချပ် သွား၏။ ရေထဲဖိထားခဲ့၏။ လူများထိုဘီလူးရုပ်ကောင်ကို မဆယ်ယူနိုင်ရန် စီရင်ထားခဲ့၏။ ယူသူများလဲ ပြ[illegible] [illegible]၏။ ရေကျသွားတော့ ကြည့်တော့မရှိတော့ချေ။ လေခါတ်အောင်မြင်ကြောင်း နိမိတ်ဟု [illegible]ကြ ပြာသိုလဆုတ် ၁၁ရက် တနင်္လာနေ့ **အိပ်မက်**၏။

[illegible]အရှင်ဥတ္တရနေသော ကျောင်းကြီးတစ်ကျောင်း ရောက်သွား၏။ ထိုကျောင်းကြီးကို ထောက်တိုင် များဖြင့် ဘေးများကထောက်ထားကြ၏။ ၁၂ ဇကလောက်ကြီးကျယ်၏။ ကျောင်းကြီး အနောက်ဘက် တံတိုင်းကြီးရှိ၏။ အသွားလမ်းအပြန်လမ်းအခြေအနေ ဟိုဘက်ဒီဘက်ထွက်ကြည့်တော့ ရာဟုဒေါင့် မြောက်၊ အနောက်ဘက်ကရေများ ပတ်လည်ဝိုင်းနေတာ တွေ့ရ၏။ ဟိုတစ်ဘက်ကမ်းခြေမှာ ဘုရားပုထိုး [illegible]တီများတွေ့ရ၏။ ထိုအခြေနေများ ကြည့်နေစဉ် ရှင်ဥတ္တရကြွလာပြီး - အရှင်ဘုရားကို မဟာအဂ္ဂအဖွဲ့ကြီး အောင်လက်မှတ် နှစ်စောင်ပေးအပ်ကြပါသည်။ အရှင်မြတ်လက်ခံတော်မူပါဟု ၁၈ လက်မပတ်လည် ရှိသော ရွှေစာလုံးကြီးများဖြင့် ရေးထား၏။

စာမေးပွဲအောင်လက်မှတ်လို့ ခေါင်းစီးကို ရွှေစာလုံးကြီးများဖြင့် ရေးထား၏။ အောက်ကပုံများကြည့်လိုက်တော့ ဆင်ကိုးကောင်ခံ ရွှေဆင်းတုဘုရားများ၊ မြင်းသုံးကောင်ခံရွှေဆင်းတု ဘုရားနှစ်ဆူပါသော လက်မှတ်တစ်စောင်၊ နောက်တစ်စောင်က ခြင်္သေ့ခံရွှေဆင်းတုဘုရား၊ လိပ်ခံရွှေဆင်းတုဘုရား၊ ဖါးခံရွှေဆင်းတုဘုရား၊ ဘုရားသုံးဆူပါသော လက်မှတ်တစောင်ဖြစ်၏။ ထိုဘုရားများအောက်တွင် "တေဇောဒိတေဇိန္ဒါ မဟိဒ္ဓိအရှင်ဝါယာမ" ဟု ရေးထား၏။ ကျွန်ုပ်သည် ထိုလက်မှတ်များကို သေသေချာချာကြည့်ပြီး အလွန်အားရ ကျေနပ်နေ၏။ ထိုစဉ် ဘုန်းတော်ကြီးတစ်ပါး ကြွလာပြီး "လက်မှတ်ရပေမဲ့ ကိုယ်ကလဲ လုပ်ဘုံးမှ" ဟုပြောသွား၏။ ထိုတွင် လန့်နိုးလာ၏။

ပြာသိုလဆုတ် ၁၂ ရက် ညအိပ်မက် ၏။ မစန်းဆိုသော နတ်သမီးလေးနှင့် ဖဲရိုက်ကြ၏။ စန္ဒာဒေဝီက ဖဲဝေပေး၏။ သူငါးချပ် ကျွန်ုပ်ငါးချပ်ဝေ၏။ စန္ဒာက ၁၀ ပွင့်ပါသော ညင်းဖဲအနက် ချပေး၏။ ကျွန်ုပ်က လက်ထဲတွင်ရှိသော ၁၀ပွင့် ညင်းဖဲနှင့် ပြန်ရိုက်၏။ ရိုက်ပြီးကျွန်ုပ်ဘက် ယူထား၏။ စန္ဒာက ကုလားဖဲအနက် ချပေးပြန်၏။ ကျွန်ုပ်က ကုလားဖဲအနီနှင့် ပြန်ရိုက်၏။ စန္ဒာက အနက်ချည်းချပေး၏။ ကျွန်ုပ်က ကျန်ရှိနေသေးသော ကုလားအနီ ၂ချပ်ရ - ဖဲတစ်ချပ်တို့ဖြင့် သူချပေးသမျှ ရိုက်ယူ၏။ စန္ဒာ့ဖဲအားလုံးက အနက်ချည်းဖြစ်၏။ ထိုအိပ်မက်အရ - မိန်းမဘက်ကတော့ ဆယ်နိုင်သွား၏ဟု ကောက်ယူလိုက်၏။

ပြာသိုလဆုတ် ၁၃ ရက် ညအိပ်မက် - အတီးစုဇရပ်နား ရေတွေကြီးနေ၏။ မစင်ကျင်းကြီးများ ရေထဲပါလာကြ၏။ လူများကတော့ ထိုရေကို လိုလိုလားလား နှစ်နှစ်သက်သက် ချိုးနေကြ၏။ ကျွန်ုပ်က လူများချိုးနေတာမြင်သဖြင့် မနှစ်သက်၍ ဇရပ်ရေသရောက်မှ ကျလာသောရေများကိုသာ ချိုးနေ၏။ ထိုကဲ့သို့ရေချိုးနေစဉ် လူတစ်ယောက်နစ်ကြောင်းအော်ကြ၍ ကျွန်ုပ်ကဆယ်ပေးလိုက်၏။ ကျွန်ုပ်ကူဆယ်ပေမဲ့ မစင်များမလူးကပ်ပေ။ ဆယ်၍ပါလာသောသူမှာ မိန်းကလေးဖြစ်၏။ ကုန်းပေါ် ရောက်တော့ ထိုရေနစ်နေသော မိန်းကလေးကို အခြားသော မိန်းကလေးတစ်ယောက်ထံ ပေးအပ်လိုက်၏။ ထိုမိန်းကလေးက ပြုစုနေစဉ် ၁၆နှစ်အရွယ်လောက် မိန်းကလေးတစ်ယောက်ရောက်လာပြီး ကျွန်ုပ်ဘက်သို့လှည့်ပြီး အရှင်ဘုရား ဒီမိန်းမကိုဆယ်ခဲ့တာ တော်ပါသေးရဲ့ မိန်းမကအသေဖြစ်နေလို့. . . မိန်းမကသာ အရှင်ဘုရား ဖက်ထားရင် မစင်လူးတာကမှ သက်သာအုံးမှာဘုရားဟု ပြောပြီးသွား၏။ ထိုတွင် နိုးလာ[illegible]င်း ဒါလဲ မှတ်စရာဘဲဟု ကောက်ချက်ချလိုက်၏။

နံနက်ငါးခွဲက မုံရွာသွား သမ္မာဒွေနှင့်မြို့ပေါ်က ဘုရားများဖူးကြ၏။ ဘုရားများဖူးပြီး [illegible] ကိုဝင်းဖေက သွား၏။ မြောက်ကတို့ဆိပ်ရပ် ဖြစ်၏။ ထိုမှ ဘူတာလာ၊ ရထားခ ၃ ကျပ် ၅၀ ပြားပေးရ၏။ ကြာသပတေးနေ့ ဘုရားကြီး ဘူတာလိုက်ပို့၏။ ည ၈ နာရီ တောင်မြို့ရောက်၏။ ပြာသိုလဆုတ် ၁၄ ရက် ကြာသပတေးနေ့ ဘုရားကြီး ဘူတာလိုက်ပို့၏။ ည ၈ နာရီ တောင်မြို့ရောက်၏။ တပို့တွဲလဆန်း ၁ရက် မွေးနေ့ ၄၅ တာ ၂၅၀၀ ဗိမာန်သို့ ရှစ်သောင်းလေးထောင် ဘုရားများသွားဖူး၏။ တပို့တွဲလဆန်း ၅ရက် ဗုဒ္ဓဟ[illegible] ဖြစ်၍ ဆွမ်းခံသံဃာတော်များ ဘယာကျော် ၁၀၀၀ ဆွမ်းလောင်း၏။ တပို့တွဲလဆန်း ၅ရက် ဗုဒ္ဓဟ[illegible] ဖြစ်၍ ဆွမ်းခံသံဃာတော်များ ဘယာကျော် ၁၀၀၀ ဆွမ်းလောင်း၏။ ဘုရားများလျှောက်ထားပြီး မေတ္တ[illegible] ၁၅ရက်တွက် ပုတီးအရေအတွက် ၉၉၇၂၆၀ ရ၍ လေဓါတ်ပြီးကြောင်း ဘုရားများလျှောက်ထားပြီး မေတ္တ[illegible] ၁၅ရက်တွက် ပုတီးအရေအတွက် ၉၉၇၂၆၀ ရ၍ လေဓါတ်ပြီးကြောင်း ဘုရားများလျှောက်ထားပြီး မေတ္တ[illegible] အမျှဝေပြီး လေဓါတ်သိမ်း၏။ တပို့တွဲလဆန်း ၆ရက် ကြာသပတေးနေ့ နံနက်အာရုဏ်တက်ချိန် ဓါတ်ခန်းတွင် မီးဓါတ်အဓိဋ္ဌာန်တက်၏။ တောင်မင်းကြီး၊ ဆုတောင်းပြည့်၊ ကြေးဘုရားကြီး၊ ပုထိုးတော်ကြီး၊ ဂူကြီး၊ အောင်မြေ၊ နဂါးရုံဘုရားများ အဓိဋ္ဌာန်တက်၏။ ဗုဒ္ဓေါဂုဏ်တော် အဓိဋ္ဌာန်တက်၍ အထူးဂရုစိုက်ရ၏။

တပို့တွဲလဆန်း ၉ ရက် တနင်္ဂနွေနေ့ နံနက် ၆ နာရီခွဲ ကျောင်းမှ အရှေ့ပန်းတိမ်ရပ်မှ ကိုဝင်းခေါ်ပြီး သင်ပန်းကုန်း ဦးကြွက်အိမ်သွား၊ ဦးကြွက်ခေါ်၍ကိုကောင်းလဲလိုက်လာ၏။ ကျွန်ုပ်၊ ဦးကြွက်၊ ကိုကောင်း၊ ကိုဝင်း ကျွန်ုပ်တို့လေးယောက် ငါးနံပါတ်ကားကြုံနှင့် မန္တလေးသွား၊ ဈေးချိုရောက် ၂ ကားစီး မရမ်းခြံဆိပ်လာ၊ မော်တော်စီး ၈နာရီခွဲစီး ၁၀ နာရီခွဲ ကိုကျော်တို့ မင်းကွန်းဆေးရုံရောက်၊ ဆွမ်းစား၊ လှည်းနှင့်မဗ္ဗနာဒချောင် စသော ချောင်များသွားပြီး မင်းကွန်းဘုရားကြီး၊ မြတ်သိန်းတန်ဘုရား၊ စက်တော်ရာဘုရား၊ မဟာဗောဓိဘုရား၊ ပုတီး၂၇ပတ်စီစိတ်ပြီး ၃ နာရီခွဲ မော်တော်စီးပြီးပြန်လာ - လေးခွဲမန်းရောက် - တောင်မြို့ငါးနာရီရောက်၏။ ထိုနေ့က ပုတီးအရေအတွက် ၂၄၈၁၆၁ ရ၏။ တပို့တွဲလဆန်း ၁၀ ရက် ညအိပ်မက် ၏၊

အစိမ်းအဝတ်အစားနှင့် အနီရောင်ဝတ်စားထားသော ဘီလူးနှစ်ကောင် စစ်ခင်းတိုက်ခိုက်ကြ၏၊ ရှေးဦးတော့ တစ်ယောက်တစ်လှည့်စီ ကျနေကြ၏။ ဓါးရေးတွင်မှာလည်း ထိုးခုတ်နေကြပုံမှာ အလွန်ကြည့်ကောင်း၏။ အလည်ပိုင်းရောက်တော့ အနီဘီလူးက ထိုးစစ်ဖြင့် တိုက်ခိုက်ထိုးခုတ်နေသဖြင့် အစိမ်းဘီလူးမှာ ကျလုမတတ် ဖြစ်နေ၏။ ထိုကဲ့သို့ အစိမ်းဝတ်ဘီလူး ကျလုမတတ်ဖြစ်နေခိုက် နောက်ကမီးခိုးလုံးကြီးထလာပြီး အစိမ်းရောင်ဘီလူး အားတက်သွားပြီး ခံစစ်မှထိုးစစ်အဖြစ်သို့ တိုက်လာ၏။ အစိမ်းရောင်ဘီလူးက ထိုးစစ်ဆင်၍ တိုက်သောအခါ အနီရောင် ဘီလူးမှာ ခံစစ်အဖြစ်ခံနေရသော်လည်း အလွန်ပန်းလှသော အသွင်အပြင် ပေါ်နေပေ၏။ တဖြည်းဖြည်းနှင့် အစိမ်းရောင်ဘီလူးက ဖိတိုက်သဖြင့် အနီရောင်ဘီလူးမှာ မခံနိုင်တော့ လက်မှဓါး လွတ်ကျသွားတော့၏။ ထိုအခါ အစိမ်းဘီလူးက အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု အော်ပြီး အနီရောင်ဘီလူးကို ဖမ်းသွားတော့၏။ ဤအိပ်မက်လည်း ထူးဆန်းခြင်းတစ်မျိုးပဲ၊ 'ဗုဒ္ဓါ' ဂုဏ်တော် မီးခါတ်အောင်မြင်ကြောင်း ပြသောနိမိတ်ဖြစ်၏။

တပို့တွဲလပြည့် "ပါတိမောက်အခါတော်နေ့"ကျင်းပ၏။ သံဃာ ၈၁ပါး မုန့်ဟင်းခါးကပ် လူ ၁၅၀ ကျော်လဲကျွေးရ၏။ တပို့တွဲလဆုတ် ၂ ရက် တနင်္လာနေ့ ညအိပ်မက်- မြို့ကြီးနှင့်ခြားသလို ဖြစ်နေသော ချောင်းကလေးတချောင်းရှိ၏။ ထိုချောင်းကလေးကို တံတားလေးဖြင့် ကူးဖြတ်ရန်ထား၏။ တံတားလေးဟိုဘက်ကရွာတစ်ရွာရှိ၏။ ထိုရွာကိုကျွန်ုပ်က ကူးဖြတ်ရောက်သွား၏။ ရွာဝင်ဝင်ခြင်း အိမ်ကြီးတစ်အိမ်တွေ့၍တက်သွား၏။ လှေခါးဆင့်တစ်ရာကျော်လောက် တက်ရ၏။ ထိုလှေခါးဆင့်များအကြား ရှေ့ခေတ်ကတ[illegible] နတ်ဘုရားများတွေ့ရ၏။ ပုံအမျိုးမျိုး ဟန်ပန်အမျိုးမျိုး လက်နက်အမျိုးမျိုး ကိုင်ဆောင်လ[illegible]များဖြစ်၏။ ထိုပုံများကိုကျော်လွှားပြီး ကျွန်ုပ်ကတက်သွား၏။ အိမ်ကြီးပေါ်ရောက်တော့ ပု[illegible]နှင့် ဝတုပ်တုပ် မိန်းမကြီးတယောက်တွေ့၏။ ထိုမိန်းမကြီးက အရှင်ဘုရားက တယ်စွမ်းပါလား နတ်ဘုရားများဟာ အလွန်တန်ခိုးကြီးတယ်။ ဘယ်သူမှ ဒီလှေခါးကြီးကို ကျော်မတက်နိုင်ဘူး။ အခု ကိုယ်တော်ရောက်အောင် တက်နိုင်ခဲ့တယ်။ ကိုယ်တော်မှာ ဘာဆေးစွမ်းရှိသလဲ။ တကာမ ငါ့မှာဗုဒ္ဓါဂုဏ်တော်စိပ်နေတာပဲရှိတယ်။ ဤကဲ့သို့ ကျွန်ုပ်ကပြောလိုက်လျှင် အမယ်လေး အမယ်လေးဆိုပြီး လဲကျ၍ [illegible]ကိုယ်မှာ မီးထလောင်နေတော့၏။ ကျွန်ုပ်က ထိုလောင်နေသောမီးများကို လက်ဝါးဖြင့် ကာပြလိုက်တော့ မီးများရပ်သွား၏။ မိန်းမကြီးလဲ လူးလဲထလာပြီး ဝတ်ချနေတော့၏။ ဘုန်းကြီးတဲ့အရှင်မြတ်ပါဘုရား . . ဘုန်းကြီးတဲ့အရှင်မြတ်ပါဘုရားဟု ဆို၍ ဝတ်ချနေ၏။ ထိုတွင်နိုးလာ၏။ ဤအိပ်မက်လဲ မီးခါတ်သဘော ဖြစ်၏။

တပို့တွဲလဆုတ် ၉ရက် တနင်္လာနေ့ အိပ်မက် - အနောက်ဆောင်ထဲမှာ ဓါတ်ရထားပုံလို မီးဖိုကြီး ရှိနေ၏။ ထိုမီးဖိုကြီး၏ ခေါင်းတိုင်ထဲမှာ မီးတောက်များထွက်နေ၏။ ထိုမီးဖိုကြီးပေါ် တယ်ထားသော အိုးကြီးထဲကလဲ ထွက်နေ၏။ တော်တော်မြင့်၍ ပေ ၂၀ လောက်ရှည်သော ခေါင်းတိုင်ထိပ်ကလဲမီးတွေ ထွက်နေ၏။ လူတယောက်က ထိုအပေါ် တက်ငြိမ်း၏။ ငြိမ်းလို့မရဖြစ်နေ၍ ပိုက်လုံးကြီးကိုယူလိုက်ပြီး ပိုက်လုံးနှင့်ပက်ငြိမ်း၏။ ထိုကဲ့သို့ မီးငြိမ်းပြီး ကိုယ်မှာပူနေတာနဲ့ မြစ်ထဲရေချိုးပြီး ကူးသွား၏။ မြစ်ရေကလဲ အတော်စီး၏။ ဆန်ကူးနေရ၏။ ရေမစီးသောနေရာကျမှ စိတ်ချလက်ချကူးသွားရ၏။ တစ်ဘက်ကမ်း ရောက်တော့ တောတောင်ရှုခင်းများ အလွန်ဆန်းကြယ်စွာမြင်ရ၍ လျှောက်သွား၏။

တောင်ပူစာလေးပေါ် တက်ကြည့်လိုက်တော့ တောင်ကိုကပ်ပြီးတွယ်ထားသော လှိုင်များထဲတွင် ဘိုးတော်ရုပ်များ၊ ရဟန်းရုပ်များ၊ နတ်ရုပ်များ လှပတင့်တယ်စွာ ပြုလုပ်ထားကြ၏။ ကြည့်လို့မငြီးနိုင်အောင် ဖြစ်၏။ ထိုနေရာမှ လျှောက်သွားတော့ သုံးထပ်အမြင့်ရှိသော ဖိုဝင်းတောင်လိုတောင်ကို ကပ်ထွင်းထား သော နေရာတစ်ခုရောက်သွား၏။ အလွန်ဆန်းကြယ်စွာ ပြုလုပ်ထား၏။ အထက်ဆုံးအမြင့် အထက်ထပ် တွင် အလယ်ခေါင်မှ ဆယ်တောင်ပတ်လည်လောက် တောင်ကြောကြီးကို တူးကြ၏။ ဦးဝဆိုသောပုဂ္ဂိုလ် ကြီးက အစောင့်နှစ်ယောက်ရှိတယ်။ ထိုအစောင့်များက ခေါင်းပြတ်ကြီး တစ်လှည့်စီကိုင်ပြီး နေကြတယ်လို့ ပြော၏။ တူးနေတုန်းစဲစဲ ဘေးကလူများမြင်မှာစိုး၍ ရပ်လိုက်ပြီး ရှေ့ဆက်မတူးကြတော့ချေ။

ကျွန်ုပ်လည်း ထိုနေရာကထွက်လာမည်ဆိုတော့ ခွေးကျားကြီးတစ်ကောင်က ဘယ်ခြေမျက်စိ ကိုငုံထား၏။ ကိုက်တော့ မကိုက်ချေ၊ ကျွန်ုပ်ကလန့်ပြီး မောင်း၏။ ခွေးကျားကြီးက မသွားချေ၊ ငုံမြဲတိုင်း ငုံထား၏။ ကျွန်ုပ်လည်း ခွေးကျားကြီးက မလွှတ်သဖြင့် လက်ထဲတွင်ပါလာသောစိပ်ပုတီးနှင့် နှစ်ချက် သုံးချက်ရိုက်လိုက်၏။ ထိုအခါ ခွေးကျားကြီးပြေးသွား၏။ ကျွန်ုပ်လည်းလျင်မြန်စွာ ထိုအဆောက်အဦး ကြီးထဲမှထွက်လာ၏။ အပြင်ရောက်လျှင်ရောက်ချင်း ကျွန်ုပ်ကပြေးတော့၏။ ထိုတွင်နိုးလာ၏။ အိပ်ယာထ လာတာတောင် မောနေ၏။ ဗုဒ္ဓေါမီးဓါတ်ကလည်း အိပ်တဲ့နေရာမှာတောင် ဒုက္ခပေးတာပဲဟု ထင်မှတ် လိုက်၏။

တပို့တွဲလဆုတ် ၁၁ရက် ဗုဒ္ဓဟူးနေ့ နေ့ပုတီးစိပ်နေသောအခါ ဘိုးတော်တပါးကြ... ပြီး ပုတီး စိပ်ရန် ပတ်ရေတွက်ပုံ အက္ခရာများပြောပြနေ၏။ အက္ခရာကောက်ဂဏန်းများလဲ ပြော... လည်း ပုတီးစိပ်နေတုံးဖြစ်၍ မမှတ်မိလိုက်တော့ချေ။ ဘိုးတော်ပျောက်ကွယ်သွားတော့ ကျွ... ရှိသော မဟာမြတ်မုနိဘုရားကြီး ပုံတော်ကိုအာရုံစိုက်ပြီး ပုတီးစိပ်လျှင် မဟာမြတ်မုနိဘုရားကြီး မျက်လုံး တော်ထဲက မီးလျှံများထွက်နေ၏။ ပဌမတော့ ကြောက်လန့်သေးသည်။ နောက်တော့ မလန့်တော့ချေ။ စိတ်တင်းပြီး ဘုရားလှူပြီးထားတဲ့ခန္ဓာကိုယ်ပဲ သေသေကြေကြေလို့ စိတ်တင်းထားလိုက်၏။ မျက်လုံးတော် ထဲကမီးလျှံမှာ တဖွားဖွားနှင့်ဖြစ်လိုက် လက်ပြီးတောက်လာလိုက်နှင့် နာရီဝက်လောက်ကြာ၏။ နာရီ... လောက်ကြာမှ ပျောက်ထွက်သွား၏။ ညနေလေးနာရီထိုးတော့ ပုတီးအဓိဋ္ဌာန်ပြီး၏။ ဗုဒ္ဓေါမီးဓါတ်... ပြင်းလွန်းကြောင်း မှတ်ချက်ချလိုက်၏။

တပေါင်းလဆန်း၄ရက် ဗုဒ္ဓဟူးနေ့ ညအိပ်မက် - တောင်မင်းကြီးဘုရား ရှေ့တော်က တောင်မင်း ကြီးဘုရားထက် ငါးတောင်လောက်ငယ်သော ရွှေဆင်းတုကြီးတဆူ ဖူးတွေ့ရ၏။ ထိုရှေ့တွင် ပုတီးစိတ်၏။

ပုတီးပတ် ဥပတ်လောက်ရတော့ မြွေအနီတစ်ကောင် ကျွန်ုပ်၏တင်ပလ္လင်ခွေပေါ် ရောက်လာပြီး ခွေနေ၏၊ ပုတီးစိတ်ပြီးတော့ နံဘေးနားမှာရှိသော လူတွေထဲပစ်လိုက်၏။ လူတွေက ရိုက်ကြမည်လုပ်တော့ မရိုက်ရန် တားရ၏။ မြွေနီလေးလဲ လွတ်ရာပြေးသွားရ၏။ ကျွန်ုပ်လဲပြန်လာတော့ ဘုန်းကြီးကျောင်းကြီးတစ်ကျောင်း တွေ့၍ဝင်ကြည့်၏။ ကျောင်းကြီးက ရှေးကျောင်းကြီးဖြစ်၏။ ပြသာဒ်ကြီးများအလယ်ပေါ် ဘုံအဆင့်ဆင့် များနှင့် ခမ်းနားစွာတည်ဆောက်ထား၏။ ကျောင်းဆင်ဝင်ထိပ်တွင် ဆိုင်းဘုတ်ကပ်ထားသည်မှာ "ရန်အောင်မြင်ကျောင်းတော်" ဟု ကပ်ထား၏။ ကျောင်းပေါ်ကြည့်၏။

ဘုရားဆောင်ခန်းရောက်တော့ ဘုရားရုပ်ပွားတော်ကြီးက သက်တော်ထင်ရှားကဲ့သို့ "ချစ်သား ဝါယမ လာ တရားနာလော့"ဟု မိန့်တော်မူသဖြင့် တရားနာ၏။ ဘုရားရှင်က ဓမ္မစကြာသုတ်တော်၊ မင်္ဂလသုတ်တော်၊ ပရာဘဝသုတ်တော်များကို ဟော၏။ ဤသုတ်တော် ၃ သုတ်လဲဆုံးရော ဘုရားရှင်လဲ ရုပ်ပွားတော် ပြန်ဖြစ်သွားတော့၏။ ထိုကျောင်းပေါ်မှ မြတ်စွာဘုရားကို ရှိခိုးပြီးဆင်းလာ၏။ ထိုတွင်နိုးလာ၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၁၇၁၈၁၀၀။ အထက်ပါအိပ်မက်အရ ဓမ္မစကြာသုတ်၊ မင်္ဂလသုတ်တို့က လူသိများ၏။ လူသိနည်းသော ပရာဘဝသုတ္တန် ပါဠိတော်နှင့် မြန်မာပြန်ကို ရေးလိုက်ဦးအံ့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဧဝံမေသုတံ၊ ဧကံသမယံ- ဘဂဝါ-သာဝတ္ထိယံ ဝိဟာရတိ။ ဇေတဝနေ၊ အနာထ ပိဏ္ဍိကဿ အာရမေ၊ အထခေါ်အညတရာ ဒေဝတာ၊ အဘိက္ကန္တာယ ရတ္တိယာ၊ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ၊ ဩဘာသေတွာ။ ယေနဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ၊ ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ အဋ္ဌါသိ၊ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ၊ ဂါထာယ အဇ္ဈဘာသိ။

၁။ ပရာဘဝန္တံပုရိသံ၊ မယံပုစ္ဆာမ ဂေါတမံ။
ဘဝန္တံပုဋ္ဌု၊ မာဂမ္မ၊ ကိံပံပရာဘဝ တောပုခံ။
၂။ သုဝိဇာနောဘဝံဟောတိ၊ ဒုဝ္ဝိဇာ နောပရာဘဝေါ။
[illegible]မောဘဝံဟောတိ၊ ဓမ္မဒေါသီပရာဘဝေါ။
၃။ [illegible]ကြ[illegible]ဟတံဝိဇာနာမ၊ ပထမောသောပရာဘဝေါ
[illegible]ကိုယံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။
၄။ အသန္တဿပိယောဟောန္တိ၊ သန္တံနကုရုတေပိယံ။
အသန္တံဓမ္မံရောစေတိ၊ တံပရာဘဝတောမုခံ။
၅။ ဣတိဟေတံဝိဇာနာမ၊ ဒုတိယောသောပရာဘဝေါ
တတိယံဘဂါဗြူဟိ၊ ကိံပရာဘဝတောမုခံ။
၆။ နိဒ္ဒါသီလီသဘာသီလီ၊ အနုဋ္ဌါတာစယောနရော
အလသောကောဓပညာဏော၊ တံပရာဘဝတောမုခံ။

၇။ ဣတိဟေတံဝိဇာနာမ၊ တတိယောသောပရာဘဝေါ။
စတုတ္ထံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၈။ ယောမာတရံဝါ ပိတရံဝါ ဇိဏ္ဏကံဂတယောဗ္ဗနံ။
ပဟုသန္တောနဘရတိ၊ တံပရာဘဝတောမုခံ။

၉။ ဣတိဟေတံဝိဇာနာမ၊ စတုတ္ထောသောပရာဘဝေါ
ပဉ္စမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၁၀။ ဣတိဟေတံဝိဇာနာမ၊ ပဉ္စမောသောပရာဘဝေါ
ဆဋ္ဌမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၁၁။ ပဟုတဝိတ္တောပုရိသော၊ သဟိရညောသဘောဇနော
ဧကောဘုဉ္ဇတိသာဓုနိ၊ တံပရာဘဝတောမုခံ။

၁၂။ ဣတိဟေတံဝိဇာနာမ၊ ဆဋ္ဌမောသောပရာဘဝေါ
သတ္တမံဘဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၁၃။ ဇာတိထဒ္ဓေါဓနထဒ္ဓေါ၊ ဂေါတ္တထဒ္ဓေါစယောနရော
သဉ္ဉတိ အတိမညေတိ၊ တံပရာဘဝတောမုခံ။

၁၄။ ဣတိဟေတံဝိဇာနာမ၊ သတ္တမောသောပရာဘဝေါ
အဋ္ဌမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၁၅။ ဣတ္ထိဓုတ္တောသုရာဓုတ္တော၊ အက္ခဓုတ္တောစယောနရော
လဒ္ဓံလဒ္ဓံဝိနာသေတိ၊ တံပရာဘဝတောမုခံ။

၁၆။ ဣတိဟေတံဝိဇာန၊ အဋ္ဌမောသောပရာဘဝေါ
နဝမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၁၇။ သေဟိဒါယေတိ သန္တုဋ္ဌော၊ ဝေသိယာသုပဒိဿတိ
ဒုဿတိပရဒါရေသု၊ တံပရာဘဝတောမုခံ။

၁၈။ ဣတိဟေတံဝိဇာနာမ၊ နဝမောသောပရာဘဝေါ
ဒသမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၁၉။ အတီတ ယောဗ္ဗနောပေါသော၊ အာနေတိတိမ္ဗရုတ္ထနိံ။
တဿာဣဿာနသုပတိ၊ တံပရာဘဝတောမုခံ။

၂၀။ ဣတိဟေတံဝိဇာနာမ၊ ဒသမောသောပရာဘဝေါ။
ဧကဒသမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

၂၁။ ဣတ္ထီသောဏ္ဍိဝိကိရဏီ၊ ပုရိသံဝါဝိတာဗိသံ။
ဣဿရိယသ္မိံထပေသိ၊ တံပရာဘဝတောမုခံ။
၂၂။ ဣတိဟေတဝိဇာနာမ၊ ဧကာဒသမောသောပရာဘဝေါ
ဥါဒသမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။
၂၃။ အပ္ပဘောဂေါမဟာတဏှော၊ ခတ္တိယေဇာယတေကုလေ
သောစရဇ္ဇံပတ္ထယတိ၊ တံပရာဘဝတောမုခံ။
၂၄။ ဧတေပရာဘဝေလောကာ၊ ပဏ္ဍိတောသမဝေက္ခိယ
အရိယောဒဿနသမ္ပန္နော၊ သလောကံဘဇတေသိဝန္တိ။
ပရာဘဝသုတ္တံနိဋ္ဌိတံ

## ''ပရာဘဝသုတ်တော်မြန်မာပြန်''

ဘုရားတပည့်တော်သည် မြတ်စွာဘုရားထံတော်မှ ဤသို့ကြားနာ မှတ်သားလိုက်ပါသည်။ အခါ တပါး၌ မြတ်စွာဘုရားသခင်သည် သာဝတ္ထိမြို့တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်း အပ်သော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ မထင်ရှားသောနတ်သား တယောက်သည် သန်းခေါင်ယံအချိန်၌ ဇေတဝန်ကျောင်းတော်ကြီးကို မိမိ၏ကိုယ် အရောင်အဝါတို့ဖြင့် ထိန်လင်းစေ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျှက် ဂါထာဖြင့်လျှောက်ထားသည်မှာ-

၁။ **အမေး** - ဂေါတမနွယ်တော်ဖွား ရှင်တော်မြတ်ဘုရား တပည့်တော်နတ်များသည် အရှင်ဘုရား၏ ထံတော်မှောက်သို့ လူတို့၏ ပျက်စီးကြောင်းတရားများကို မေးလျှောက်အံ့သောငှာ ရောက်လာ ကြပါသည်။ လူတို့၏ပျက်စီးကြောင်း သဘောတရားများကား အဘယ်အရာများ ဖြစ်ပါသနည်း ...တ[illegible]" ...ဘုရား ...

...လာ...[illegible] - 'အိုနတ်သိကြား . . . ပဋိသန္ဓေဉာဏ်ထက်သန်၍ သိလွယ် မြင်လွယ်သောသူသည် ...ကြီးပွားချမ်းသာ၏။ ဝါ ကြီးပွားချမ်းသာတတ်သည်- ပဋိသန္ဓေဉာဏ်မရှိ၍ အသိအမြင်ကင်းသော သူသည် ဆုတ်ယုတ် ပျက်စီးတတ်ပေသည်။ ထို့ပြင်လည်း အမှန်တရားကို လိုလားမနှစ်သက်သော သူသည် ပျက်စီးဆုတ်ယုတ် တတ်ပေသည်။

၃။ **ရှင်တော်မြတ်ဘုရား-** ရှင်တော်မြတ်ဘုရား ဖြေဆိုမိန့်ကြားတော်မူသည်ဖြစ်၍ လူတို့၏ပျက်စီး ဆုတ်ယုတ်ကြောင်း ပထမအချက်ကို သိမှတ်ကြရပါပြီ - ဒုတိယမြောက်ပျက်စီး ဆုတ်ယုတ်ကြောင်း ကို မိန့်ကြားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားပါသည်ဘုရား ...

၄။ **နတ်သား-** အကြင်သူသည် သူတော်ကောင်းသဘောတရား မရှိသောသူတို့၏ ချစ်ခင်ပေါင်းသင်း တတ်၏။ သူတော်ကောင်း သဘောတရားရှိသောသူကို မချစ်ခင်မပေါင်းသင်း ရွံမုန်းတတ်၏။

လူယုတ်လူမိုက်တို့၏ ဒုစရိုက်အယုတ် သဘောတရားကိုသာလျှင် နှစ်သက်မြတ်နိုး၍ကောင်းနိုးနိုး ထင်မှတ်၏။ ထိုသို့သဘောတရားသည် ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်၏။

၅။ **မေး** - မြတ်စွာဘုရား - ဒုတိယ ပျက်စီးဆုတ်ယုတ်ကြောင်းကိုသိကြားပြီး တတိယမြောက်ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား . . .

၆။ **ဖြေ** - နတ်သားအကြင်သူသည် အအိပ်ကြီး၏။ ပွဲလမ်းသဘင် လိုက်စားကြည့်ရှုခြင်းများ၏။ လုံ့လဝီရိယ အလွန်နည်း၏။ ပျင်းရိပေါ့လျော့၏။ ဒေါသကြီး၏။ ထိုသူသည် ပျက်စီးဆုတ်ယုတ် ကြောင်း ဖြစ်ပေသည်။

၇။ **မေး** - တတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိကြရပါပြီ၊ စတုတ္ထမြောက် ပျက်စီးဆုတ် ယုတ်ကြောင်းကို ဆက်လက်၍မိန့်ကြားတော်မူပါဦးမြတ်စွာဘုရား . . .

၈။ **ဖြေ** - နတ်သား- အကြင်သူသည် အသက်အရွယ် အိုမင်းကြပြီဖြစ်သော မိဘတို့ကို ပြုစုလုပ် ကျွေးမွေးစောင့်ရှောက်ခြင်းငှါ စွမ်းဆောင်နိုင်သော အင်အားရှိလျှက် မိဘတို့ကိုမပြုစု မလုပ်ကျွေး မစောင့်ရှောက်သည်ဖြစ်အံ့။ ထိုသူသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေ၏။

၉။ **မေး** - စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း သိမှတ်ကြရပါပြီ၊ ပဉ္စမမြောက်ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ ဟောကြားတော်မူပါဦး မြတ်စွာဘုရား . . .

၁၀။ **ဖြေ** - နတ်သား- အကြင်သူသည် ပြဟ္မဏကိုငှင်း၊ ရဟန်းတော်ကိုငှင်း၊ ရှေးဘုန်းရှေးကံ အလွန် နည်းပါး၍ တောင်းရမ်းစားသောက်ရသော သူမျိုးကိုငှင်း "အလိုရှိသောပစ္စည်းကို တောင်းခံရန် ဘိတ်ကြားထားပြီးနောက် အလှူခံလာသောအခါ မလှူပဲ" လိမ်လည်လှည့်ပတ်တတ်၏။ ထိုသူ သည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေ၏။

၁၁။ **မေး** - ပဉ္စမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို မှတ်ကြရပါပြီ။ ဆဋ္ဌမမြောက်ပျက်စီး ဆုတ်ယုတ် ကြောင်းကို ဆက်လက်၍ ဟောကြားတော်မူပါဦး မြတ်စွာဘုရား . . .

၁၂။ **ဖြေ** - နတ်သား- အကြင်သူသည် များပြားသောရွှေ ငွေ၊ ကျောက်သံပတ္တမြားလည်းရှိ၏။ များပြား သော ငွေကြေးပိုက်ဆံလည်း ရှိ၏။ စားဖွယ်သောက်ဖွယ် အသွယ်သွယ်တို့လည်း ပြည့်စုံပေါများ၏။ "ယင်းသို့လျှင် ဥစ္စာကြေးငွေ၊ ဆန်ရေစပါး၊ စားနပ်ရိက္ခာ စသည်တို့ဖြင့် ပြည့်စုံ[...]လျှင် မိမိ၏သားမယားကိုသော်လည်း မဝေငှမပေးမကျွေးပါ" မိမိတယောက်တည်းသ[...] သုံးဆောင်လေ့ရှိ၏။ ထိုသူ၏တယောက်တည်းသာ စားသောက်သုံးဆောင်လေ့ရှိ[...] တရားသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

၁၃။ **မေး** - ဆဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ၊ သတ္တမမြောက်ပျက်စီး ဆုတ်ယုတ်ကြောင်း ဆက်လက်၍ဟောကြားတော်မူပါဦး မြတ်စွာဘုရား . . .

၁၄။ **ဖြေ** - နတ်သား- အကြင်သူသည် အမျိုးဂုဏ်မာန်တက်၍ ခက်ထန်သောစိတ်ရှိခြင်းငှါ ပစ္စည်း[...] တက်၍လည်း ခက်ထန်သောစိတ်ရှိ၏။ မိဘဘိုးဘွားစသော အဆက်အနွယ် ဂုဏ်မာန်တက်[...] လည်း ခက်ထန်သောစိတ်ရှိ၏။ ဤဂုဏ်ဤမာန်တို့ကြောင့် မိမိဆွေမျိုးဉာတိကိုသော်လည်း

မထိမဲ့မြင် မခန့်မငြားပြုတတ်၏။ ထိုသူ၏မာန်တက်၍ မထိမဲ့မြင်ပြုခြင်း သဘောသည်လည်း
ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။
ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ - အဌမမြောက်ပျက်စီး

၁၅။ **မေး** - သတ္တမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား . . .
ဆုတ်ယုတ်ကြောင်းကိုလည်း ဆက်လက်၍မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား . . .

၁၆။ **ဖြေ** - နတ်သား အကြင်သူသည် တဏှာစရိုက်အားကြီး၍ မိန်းမလိုက်စားမှုများ၏။ ကဲလွန်၏၊
အရက်သေစာ အသောက်အစား ကဲလွန်များပြား၏။ ဖဲရိုက် မြင်းလောင်းစသော အလောင်းကစား
လွန်မင်းအားကြီး၏။ ထိုလူမျိုးသည် ရှာဖွေ၍ရသမျှသော ဥစ္စာပစ္စည်းတို့ကို ဖြုန်းတီးဖျက်ဆီး၏၊
ထိုသူ၏ ဆိုခဲ့ပြီးလွန်ကဲခြင်း သုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင်ဖြစ်သည်။

၁၇။ **မေး** - အဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ရပါပြီ - နဝမမြောက် ပျက်စီးဆုတ်ယုတ်
ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား . . .

၁၈။ **ဖြေ** - နတ်သား - အကြင်သူသည် မိမိ၏လက်ရှိမယားနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိပဲ မိန်းမပျက်
တို့နှင့် ပျော်ပါးကျူးလွန်၏။ သူတပါးတို့၏ မယားတို့နှင့်လည်း စည်းဖောက်ကျူးလွန်၏။ ထိုသူ၏
မိန်းမပျက်တို့နှင့် ကျူးလွန်ပျော်ပါးခြင်း- သူတပါးတို့၏မယားတို့နှင့် ကျူးလွန်ခြင်း သဘောတို့သည်
လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင်ဖြစ်သည်။

၁၉။ **မေး** - နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ၊ ဒသမမြောက် ပျက်စီးဆုတ်
ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦးမြတ်စွာဘုရား . . .

၂၀။ **ဖြေ** - နတ်သား- နုနယ်ပျိုမြစ်သောအရွယ်ကို ကျော်နင်း၍ယိုယွင်းရင့်ရော်သော ယောကျ်ား
တို့သည် တည်သီးလုံးလောက် သားမြတ်ရှိ၍ ပျိုမြစ်နုနယ် အရွယ်လှသော မိန်းမပျိုကို ထိမ်းမြားသိမ်း
ပိုက်သည် ဖြစ်အံ့၊ ထိုအဘိုးအို၏ဇနီးငယ်၌ စိတ်မချနိုင်သော ကြောင့်ကြမှု၊ စိုးရိမ်မှု - ယောကျ်ား
တပါးတို့၌ ဖြူစွခြင်းကသာတရားစုသည် ငြိမ်ဝပ်စွာကိန်းအောင်းနေသည် မရှိနိုင်ပေ၊ သို့ဖြစ်၍
သက်ကြီးရွယ်အိုလျှင် အပျိုအငယ်ဇနီးကို ယူဆောင်ထိမ်းခြင်းသည်လည်း ပျက်စီးဆုတ်ယုတ်
ကြောင်းပင် ဖြစ်ပေသည်။

၂၁။ **မေး** - ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြရပါပြီ၊ ဧကာဒသမမြောက်
ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ဟောကြားတော်မူပါဦး မြတ်စွာဘုရား . . .

၂၂။ **ဖြေ** - နတ်သား - အသောက်အစား၊ အပျော်အပါးလွန်ကျူးအားကြီး၍ မိန်းမကိုဖြစ်စေ
ယောကျ်ားကိုဖြစ်စေ၊ ထိုပြင်ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်ထိမ်းသိမ်းမှုကို မပြုတတ်၊ ပစ္စလက်ခတ်
ဖရိုဖရဲထားတတ်သော ယောကျ်ားကိုဖြစ်စေ မိန်းမကိုဖြစ်စေ၊ မိမိကိုယ်စား ပစ္စည်းဥစ္စာ ရောင်းဝယ်
ဝယ်တာတို့၌ အကြီးအကျယ်အဖြစ်ဖြင့် လွှဲအပ်ထားခြင်းလည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေ
သည်။

၂၃။ **မေး** - ဧကာဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြပြီးပါပြီ၊ ဒွါဒသမမြောက်
ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ဟောကြားတော်မူပါဦး မြတ်စွာဘုရား . . .

၂၄။ **မေး** - သိကြားနတ်သား- အကြင်သူသည် မျိုးရိုးအားဖြင့် မင်းမျိုး၌ဖြစ်၏။ စည်းစိမ်ဥစ္စာမူကား နည်းပါး၏။ ဥစ္စာများစွာ အလိုရှိ၏။ ဘုရင်မင်းအဖြစ်ကိုလည်း လိုချင်တောင်းတ၏။ ထိုသို့ ပစ္စည်းဥစ္စာနည်းလျက် အလိုရမ္မက်ကြီးခြင်း၊ ဆင်းရဲနွမ်းပါးသော မင်းမျိုး၌ဖြစ်လျက် ဘုရင်မင်းအဖြစ်ကို လိုချင် တောင်းတခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင်ဖြစ်သည်။

၂၅။ **နိဂုံးစကား**- သိကြားနတ်သား အသိဉာဏ်ရှိသောသူသည် - ယခုငါဘုရားဟောကြား ညွှန်ကြားတော်မူခဲ့သော ပျက်စီးဆုတ်ယုတ်ကြောင်း ပရာဘဝသဘောတရားတို့ကို ဆင်ခြင်၍ သန့်ရှင်းသော ဉာဏ်အမြင်နှင့် ပြည့်စုံ၏။ ထိုသူသည် ချမ်းသာယာသော နတ်ပြည်သို့၎င်း၊ အသခ်တဓါတ် မြတ်သောနိဗ္ဗာန်သို့၎င်း ရောက်သည့်တိုင်အောင်၊ ကြီးပွားချမ်းသာလေတော့သတည်းဟု ဖြေဆိုဟောကြားတော်မူသော ပရာဘဝသုတ္တန်တရားတော်ကို မြတ်စွာဘုရား ထံတော်မှောက်မှာ ဟောကြားနာယူ မှတ်သားလိုက်ရပါသည် အရှင်ဘုရား . . . ဟု ဤသို့ အရှင်အာနန္ဒာက လျှောက်ထားလေသတည်း။

## ပရာဘဝသုတ္တန် မြန်မာပြန်ပြီး၏။

## ၁၃၀၉ခုနှစ် ဝါဆိုလပြည့် ကျော်အောင်စံထား ပဋ္ဌာန်းငယ်ပြန်ဆိုသည်။

၁၃၃၁ - ခုနှစ် တပေါင်းလဆန်း ၇ ရက် စနေနေ့ညအိပ်မက်မှာ နဂါးဘုရားတောင်ဘက် အုတ်လှေကားကြီးများဖြင့် ရှေးကျောင်းတိုက်ကြီးတစ်ခု တွေ့ရ၏။ ထိုကျောင်းတိုက်ကြီး အတွင်းဝင်သွားတော့ ကျောင်းအကြီးဆုံးကြီး တစ်ကျောင်းပေါ်တွင် ကျွန်ုပ်တက်သွား၏။ အလယ်ခန်းမဆောင်ကြီးရောက်လျှင် ပလ္လင်ကြီးတစ်လုံးပေါ်မှာ ၁၂ တောင်လောက်ရှိသော လျှောင်းတော်မူ မြတ်စွာဘုရားကြီးကို ရဟန်းတော်တစ်ပါးက ဝတ်ဖြည့်ပေးနေပုံ ဖူးတွေ့ရ၏။ ပလ္လင်တော်အောက်ခံခုံပေါ်တွင် လူမျိုးပေါင်းစုံတို့၏ နတ်ရုပ်များတွေ့ရ၏။ ဆန်းဆန်းပြားပြားဖြစ်၍ သေသေချာချာကြည့်နေတုံးပင် လျောင်းတော်မူ မြတ်စွာဘုရားကြီး သက်ဝင်လာပြီး ကျွန်ုပ်နောက်လိုက်လာ၏။ ထိုရဟန်းတော်က ကားအဖြူလေး စောင့်နေပါ ... ယ်အရှင်ဘုရား အဲဒီကားဖြူလေးနဲ့ စီးသွားတော်မူပါဟုပြောသဖြင့် ကျွန်ုပ်ကားဖြူလေးပေါ် စီးရန်သွား ... တော်က တိုက်ကလေးထဲဝင်သွားတော့ ဘုရားရှင်ကိုပင့်ပြီး ကားဖြူလေးပေါ် တက်ကြ၏။ ...

ဘုရားနှင့်ကျွန်ုပ်က နောက်ကစီးကြ၏။ ရဟန်းတော်က ရှေ့ကစီး၏။ ကားထွက်လာတာ ... ကျောင်းတိုက်ကြီးတစ်တိုက်အရောက် ဘုရားကြွရန် ကျွန်ုပ်ကတံခါးဖွင့်မည်လုပ်တော့ တံခါးကဖာသာပွင့်သွား၏။ ဘုရားရှင်က ဆင်းသွား၏။ ကျွန်ုပ်ကလဲ ဆင်းလိုက်၏။ ရှေ့ကစီးလာသော ရဟန်းတော်ကလဲ ဆင်း၏။ ဘုရားရှင်က ကျွန်ုပ်လက်ကိုဆွဲပြီး 'ခမထဘိကၡဝေမေတ္တာဘာဝေထ၊ ဝုပိုဝိဘဝိဿတိ' ... မိန့်တော်မူပြီး ကောင်းကင်မှ ကြွသွားတော်မူ၏။ "ဘုရားရှင်မိန့်တော်မူသော စကားအဓိပ္ပာယ်မှာ ချစ်သ... ရဟန်း သီးခံလော့။ မေတ္တာကို ပွားများပါ။ ကြီးပွားစည်ပင်ခြင်း ဖြစ်ပါလိမ့်မယ်" ဘုရားရှင်ကြွသွားတော်မူလျှင် ရဟန်းတော်နှင့် ကျွန်ုပ်လာကြ၏။

ထိုရဟန်းတော်က ကျောင်းပေါ်ရောက်တော့ သူပါလာသော ရွှေဓါတ်လုံးကို ဒကာတစ်ယောက်အား ရေစိမ်တိုက်၏။ ဓါတ်လုံးကိုရေစိမ်လိုက်တော့ ရေကဆူလာ၏။ ကျွန်ုပ်ကိုလည်း ဓါတ်လုံးပါလာသလား မေး၍ ပါကြောင်းပြောပြီး ပေးလိုက်၏။ သူ၏ရေစိမ်ထားသော ရွှေဓါတ်လုံးကို ရေစိမ်တိုက်ပြီး ထိုရဟန်းတော်လက်တွင် ကျွန်ုပ်ဓါတ်လုံးနှင့်အတူ ဆုပ်ကိုင်ထား၏။ တဖန်ကျွန်ုပ်ကို ထိုဓါတ်လုံးနှစ်လုံး ဆုပ်ကိုင်ထားခိုင်း၏။ ဖြန့်ကြည့်ဆိုတော့- ဖြန့်ကြည့်လိုက်တော့ သူ့ဓါတ်လုံးသာရှိတော့၏။ ကျွန်ုပ်ဓါတ်လုံးမရှိတော့ ကျွန်ုပ်ကနမြောနေ၏။ သူ့ဓါတ်လုံးကို ပေးလိုက်၏။ သူ့ဓါတ်လုံးပေးလိုက်တော့ ကျွန်ုပ်ဓါတ်လုံးကိုလဲ သူ့လက်ထဲမှပြန်ပေး၏။ ကျွန်ုပ်က ဝမ်းသာသွား၏။

ကျွန်ုပ်ကဓါတ်လုံးယူပြီး ထိုကျောင်းတိုက်ကြီးမှထွက်လာ၊ လမ်းဝဲယာမှာလဲ လမ်းဘေးကမြေပေါ်မှ မီးများထွန်းထားကြ၏။ ဓါတ်တိုင်များကလဲ မီးလုံးများထွန်းထား၏။ ကျွန်ုပ် မျက်နှာချင်းဆိုင်လာနေသော ကားမီးကလဲ ဖွင့်လိုက်ပိတ်လိုက်လုပ်နေ၏။ ထိုတွင် ဦးဣန္ဒကက ဘယ်ကလာတုံးလို့ မေးလိုက်သည်နှင့် တပြိုင်နက် နိုးလာ၏။ မီးဓါတ်ပြီးကြောင်း ပြတာဟုကောက်၏။ တပေါင်းလဆန်း ၈ရက် တနင်္ဂနွေနေ့ ညနေ၆နာရီလောက် မီးဓာတ်ပြီး၏။ ပုတီးအရေအတွက်မှာ ၂၀၂၁၆၀ ရှိ အပို့နှင့်တကွပြီး၏။ ထိုနေ့က ဗုဒ္ဓါ ဂုဏ်တော် ပြီးသောနေ့ဖြစ်၍ တောင်မြို့ရှိ ဘုရားများကို မီးရာပြည့်စီ ပူဇော်၏။ ဘုရားကိုးဆူ ပူဇော်၏။ ဘုရားကိုးဆူမှာ ၁။ တောင်မင်းကြီးဘုရား ၂။ အောင်ခြင်းရှစ်ပါးဘုရား ၃။ ဆုတောင်းပြည့်ဘုရား ၄။ ကျောက်တော်ကြီးဘုရား ၅။ ကြေးဘုရားကြီး ၆။ နဂါးရုံဘုရား ၇။ကျောက်တော်ကြီးဘုရား ၈။ ရွှေဂူကြီး ဘုရား ၉။ အောင်မြေရွှေဘုံဘုရားများဖြစ်၏။

တပေါင်းလဆန်း ၉ ရက်နေ့မှ ဘုရားများ မီးပူဇော်တာ ပြီး၏။ ထိုနေ့ ညအိပ်မက် - ကံကော်ရိပ်တွင် သံဃာ ၅၀၀ ဆွမ်းကြီးလောင်းရန် ကျွန်ုပ်က ပင့်ထား၏။ သံဃာများ ဇရပ်ကြီးနှစ်လုံးပေါ် အပြည့်ကြွရောက် သီတင်းသုံးနေကြ၏။ ကျွန်ုပ်ကဆွမ်းလောင်းရန် အစီအစဉ်ပြီးပြီလားဟု မေး၏။ ပြီးကြောင်းလျှောက်၏။ ဆွမ်းလောင်းဘို့ရာ စီစဉ်ထားတာတွေ လိုက်ကြည့်တော့ အစိမ်း၊ အနီ၊ အပြာ၊ အဝါလုံချည်သွေးများ ဝတ်ဆင်ထားကြသော မိန်းကလေးများ ဒန်ပေါက်ဆွမ်းလောင်းရန် ဟန်ပြင်နေကြ၏။ အဝတ်ဖြူ ဝတ်ထားကြသော လူကြီးများက ပေါက်စီနှင့်ကန်စွန်းဥများ လောင်းရန်ပြင်နေကြ၏။ ကျွန်ုပ်က ထိုအစီအစဉ်များ [illegible]ာများလက်မှတ်ပေး၏။ လက်မှတ်အစောင်တိုင်းမှာ ပေါက်လက်မှတ်ဟု ရေးထား၏။ [illegible]ကျိုးဆောင်ချုပ် ဆရာတော်ဦးဝါယမဟု ရွှေစာလုံးနှင့်ရိုက်ထား၏။

[illegible]က်သံဃာများ၊ လူအချို့ ဆွမ်းလိုက်ခံ၏။ လူများနောက်က မောင်မောင်ဆိုသော ၁၃နှစ်သားလေးက မြသပိတ်နှင့်ဆွမ်းလိုက်ခံ၏။ ကျွန်ုပ်ကမောင်မောင် ဘယ်သူ့အတွက်လဲဟု မေးတော့ အရှင်ဘုရား အတွက်ဟု ပြော၏။ မောင်မောင့်နောက်က သူ့အရွယ်လောက် အရိုးရုပ်ကလေး လိုက်လာ၍ ကျွန်ုပ်ကမလိုက်ရန် ထိုအရိုးရုပ်ကလေးကို မန်မဲထုတ်လိုက်၏။ ထိုတွင်နိုးလာ၏။ ဗုဒ္ဓါမီးဓါတ်က တော်တော်ထက်မြက်ကြောင်း [illegible]ချက် ချလိုက်၏။ တပေါင်းလဆန်း ၁၄ ရက် စနေနေ့ သိဒ္ဓိတစ်သိန်းနှင့် အောင်သိဒ္ဓိဂါထာပေါင်း ၁၀၈ ဂါထာ စိပ်ပြီးသွား၏။ တပေါင်းလပြည့် "ဗုဒ္ဓပူဇနီယနေ့" တွင် နံနက် ၇နာရီ အောင်မြေရွှေဘုံဘုရားမှာ ဘဂဝါဂုဏ်တော် ဓမ္မခန္ဓာအဓိဋ္ဌာန်တက်စိပ်၏။ ရွှေဘုံသာဘုရား၊ အောင်ပန်းဘုရား၊ ရွှေကြက်ယက်ဘုရား၊ အောင်ချမ်းသာဘုရား၊ ရွှေရင်ရဲဘုရား၊ အောင်မြင်မှန်ကင်းဘုရားများထံတော်ကိုလည်း အဓိဋ္ဌာန်တက်၏။

ဖယောင်းအလင်းတိုင် ကိုးတိုင်စီပူဇော်တက်၏။ ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ တောင်မင်းကြီး၊ ကျောက်တော်ကြီးဘုရားများ ထံလည်း အဓိဋ္ဌာန်တက်၏။

တပေါင်းလဆန်း ၁ ရက်နေ့ နံနက် ၁ ချက်လောက် အိပ်မက် ၏။ အနောက်မျက်နှာ အကျီတန်းအရပ်ပေါ်လောက်က အစိမ်း၊ အဝါရောင် အနည်းကျဉ်းသာပါသော အနီရောင်ပေါ်နေသော သက်တန့်ကြီးများ မြင်တွေ့ရ၏။ သက်တန့်ပေါင်း ၁၀၀ကျော်လောက် ရှိမည်ထင်၏။ အနောက်အရပ်က ပေါ်ပြီးလျှင် တောင်ဘက်အရပ်၊ အရှေ့အရပ်၊ မြောက်ဘက်အရပ်များကလည်း မြင်တွေ့ရပြန်၏။ ပတ်ချာလှည့်ဝိုင်း၍ မြင်တွေ့ရပေ၏။ အရပ်လေးမျက်နှာ သက်တန့်ရောင်ကိုင်းကြီးများ ရောယှက်နေ၏။ ဤသည်ကား ဘဂဝါဂုဏ်တော်၏ ထူးခြားချက်ဟု မှတ်လိုက်၏။ တပေါင်းလဆုတ် ၂ရက် အင်္ဂါနေ့ ဘဂဝါဂုဏ်တော်ပုတီးအရေအတွက် ၁၄၄၉၆၀ ရ၍ အပို ၆၀၉၆၀ ။ ၆၀၉၆၀ ယူပြီး မြေခါတ် ည ၁၀နာရီအချိန်တက်၏။

တပေါင်းလဆုတ် ငါးရက်နေ့ နံနက် ၁ ချက်လောက် အိပ်မက် - ကျွန်ုပ်လမ်းသွားလျှင် မြေနုံးများက အလိုလိုပြန့်သွားပြီး ညီနေ၏။ ချိုင့်ဝှမ်းများကလည်း ဖို့တက်ပြီး ညီနေ၏။ မြေခါတ်ပြီးကြောင်းနမိတ်ဟု ကောက်၏။ ထူးခြားချက်တစ်မျိုးပင်၊ ထိုနေ့က ပုတီးအရေအတွက် ၂၄၈၁၆၀ ရ၍ အပိုနှင့်တကွမြေခါတ်ပြီးကြောင်း ဘုရားများလျှောက်ထားပြီး မေတ္တာပို့အမျှဝေ၏။ ည ၁၂နာရီတွင် အိပ်၏။ ဤနေ့တွင် အရှေ့လောကခါတ်က ကြယ်တံခွန်ကြီး ထွက်နေတာမြင်ရ၏။ က အရေးဖြစ်၏။ ၁၃၄၅ ခုနှစ်အတွင်း ကမ္ဘာစစ်ဖြစ်နိုင်ကြောင်း ဟောချက်တွေ့၏။ တပေါင်းလဆုတ် ၆ ရက်နေ့တွင် အာရုဏ်တက်ချိန် ကျောင်းတွင်ရေခါတ်တက်၏။ နံနက်ဘုရားဖူးသွား၍ ဘုရားများထံတော်လည်း ရေခါတ်တက်၏။ ထိုနေ့တွင် ကျောက်ကာ ဦးလင်းဘုရား ပုတီးသွားစိပ်တော့ အမရပူရမြို့ လွတ်လပ်ရေးကျောက်တိုင်စိုက်ရန် ရုံးထဲတွင် အုဋ္ဌမြစ်ချတာတွေ့ခဲ့ရ၏။ ကျွန်ုပ်က ၂၂ နှစ်မြောက် လွတ်လပ်ရေးကျောက်တိုင်ဟု မှတ်လိုက်၏။

တပေါင်းလဆုတ် ၁၃ရက် အင်္ဂါနေ့ ညအိပ်မက်၊ ဆရာဘုန်းကြီး ပျံလွန်တော်မူခါနီးဖြစ်၍ တကာ၊ တကာမများက ငိုနေကြ၏။ လူများက ကျောင်းအပြည့်ဖြစ်၏။ ကျွန်ုပ်ကလည်း ဝမ်းနည်းနေ၏။ ကျောင်းမြောက်ဘက် ဇေယျသိဒ္ဓိဘုရားကြီးပတ်လယ်လည်း ရေတွေဝိုင်းနေ၏။ ရေတွေကဝိုင်း၊ ဆရာဘုန်းကြီးပျံလွန်ခါနီး၊ လူတွေကငိုဖြစ်နေကြတုန်း ဘုန်းကြီးတစ်ပါးရောက်လာပြီး ပရိတ်များ၊ ဂါထာမ[illegible]နေ၏။ ထိုအခိုက် ငိုနေသောလူများထဲမှ လူနှစ်ယောက်က ဓါးများဖြင့် တစ်ယောက်နှင့်တစ်ယေ[illegible] ကြမည့်အသွင်ဖြစ်နေ၍ ကျွန်ုပ်ကရှောင်ထွက်သွား၏။ ဥတ္တရာဝန်ကျောင်းပေါ် တက်သွား[illegible] တစ်ပါးနှင့်တွေ့ပြန်၏။ ထိုဘုန်းကြီးက ကျွန်ုပ်လက္ခဏာကိုကြည့်၏။ ဒီကိုယ်တော်မှာ ထီးရိုးကြောင်းကြီးက[illegible] ထင်ရှားစွာပါ၍ မွဲနေတယ်လို့ပြော၏။

ထိုကဲ့သို့ပြောသောအခါ အနီးတွင်ထိုင်နေသောဘုန်းကြီးက ဇောက်ထိုးပြောလျှင် ခေါက်ချိုးနားလည်ရတယ်ကိုယ်တော် . . ဒီလိုပုဂ္ဂိုလ်မျိုးက ဒီအတိုင်းပြောတာဘဲဟု အဖြေပေး၏။ ထိုကျေ[illegible] ဆင်းခဲ့ပြီး ဆရာကျောင်းပြန်လာ၊ ကျောင်းအုဋ္ဌလှေကားတက်လိုက်တော့ လူတစ်ယောက်က အရှင်ဘုရ[illegible] ဆရာက မပျံတော်မူပဲနှင့် လှေကလေးဖြင့် ရေထဲလှော်သွားပြီး လူတွေကမ်းနားက ဝိုင်းကြည့်နေကြတယ်ဟု ဖြေ၏။ ကျွန်ုပ်လည်း ထိုလူနှင့်အတူ သွားကြည့်၏။ ဟုတ်၏။ ဆရာဘုန်းကြီးက လှေကလေးနှင့်လှော်သွား၏။ ရေလယ်ကနေ ကျွန်ုပ်ကိုလှော်ရင်း လှမ်းကြည့်ပြီးပြောသည်မှာ "ငါတော့ ကိုယ့်အတွက်သာ

ကိုယ်ကြည့်တဲ့ ဒီလူတွေနဲ့ မနေချင်လို့ သွားပြီ၊ ဟော့ ဝါယမ . . မင်းလည်းဒီလူတွေနဲ့ ရောရောနှောနှော နေရစ်ဦးတော့” ဟုပြောပြီး ပျောက်ကွယ်သွား၏။ ထိုတွင်နိုးလာ၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၁၈ ရက်ပေါင်း ၅၂၇၉၂၀ ရှိ၍ ရေခါတ်မှအပို ၄၀၀၀၀ ယူ၍ ည ၁၀ နာရီခွဲတွင် လေခါတ်တက်၏။

တပေါင်းလဆုတ် ၁၄ ရက် တနင်္ဂနွေနေ့ **ညအိပ်မက်** - ကျွန်ုပ်၏ကျောင်းမှ ကောင်းကင်ပျံတက်သွားပြီး ကျွန်ုပ်ကသီးပင်မှ ကျီးပေါင်းများအရွက်ကို စားနေ၏။ တစ်ဖန် သပြေပင်ဘက်သို့ ပျံတက်သွားပြီး သပြေကျီးပေါင်း အရွက်များကို စားနေ၏။ တစ်ဖန်ကုက္ကိုလ်ပင်ဖက် တက်သွားပြီး ကုက္ကိုလ်ရွက်များ စားနေ၏။ တစ်ဖန် မကျီးကျည်းပေါင်း၊ ညောင်ကျည်းပေါင်း၊ ထိန်ကျည်းပေါင်းအပင်များဆီသို့ ပြန်တက်သွားပြီး ကျည်းပေါင်းရွက်များကိုစား၏။ အရသာမှာ အလွန်စိမ့်လှ၏။ ထိုကဲ့သို့စားပြီး ကောင်းကင်ကို ပေါ့ပါးလျင်မြန်စွာ တက်သွားပြီး ကောင်းကင်မှ ရွှေဘုံဗိမာန်ကြီးအတွင်းထဲသို့ ကျွန်ုပ်ကဝင်သွား၏။ ရွှေနန်းတွင်း အသုံးဆောင်များလည်း မြောက်မြားစွာတွေ့၏။ ရွှေဥသျှောင်တော်တစ်ခု ရွှေတိုင်ကြီးမှာ ကပ်ချိတ်ထားတာ တွေ့ရ၏။ ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်များပုံပါသော ပန်းချီကားချပ်တစ်ခု တွေ့ရ၏၊ ထိုကားချပ်ထဲတွင် အလယ်ကရုပ်ပွားတော်ကြီး၊ မဏိတော်မပါ။ ထိုရုပ်ပွားတော်ကြီး၏ ယာဘက်ဘေးက ရုပ်ပွားတော်သုံးဆူက မျက်လုံးတော်သုံးလုံးမှာ ကြယ်ကဲ့သို့အရောင်တောက်ပနေ၏။ ထိုရွှေဘုံ ဗိမာန်တော်ကြီးအတွင်းထဲမှ ပစ္စည်းများကိုကြည့်ပြီး ကောင်းကင်မှကျောင်းပြန်လာ၏။ ထိုတွင်နိုးလာ၏။ လေခါတ်နမိတ်ဟု မှတ်ယူ၏။


တပေါင်းလကွယ်နေ့တွင် **ညအိပ်မက်**၏။ ငယ်စဉ်ကတွေ့ခဲ့သော အပျိုလေးများ အဖွားအိုအရွယ်နှင့်တွေ့ရ၏။ တချို့လည်း သီလရှင်အဝတ်နှင့် တွေ့ရ၏။ ငယ်စဉ်က ကျွန်ုပ်နှင့်တွေ့ခဲ့ရသော အမေအရွယ် အဒေါ်အရွယ်များကို မေးကြည့်တော့ သေသွားကုန်ကြကြောင်း ပြောကြ၏။ ကျွန်ုပ်စိတ်ထဲတွင် ဝမ်းနည်းလာ၏။ သီလရှင်များကလည်း ငိုကြ၏။ ထိုအခါ ဝမ်းနည်းရက်နှင့် ကျွန်ုပ်က သီလရှင်များ၊ အဖွားအိုများကို ဆုံးမစကား ပြောကြားသည်မှာ **“သက်ရွယ်ယိုယွင်း ပျိုရခြင်းက အိုခြင်းနောက်ဆုံးပါတကား - နုနယ်ရုပ်ဆင်း လှပခြင်းက အိုခြင်းနောက်ဆုံးပါတကား၊ လှပနေခြင်း ဖြစ်တုံလျှင်က ပျက်ယွင်းနောက်ဆုံး[illegible]ပါတကား - မာန်မူတက်ကြွ ရှိလွန်းကလည်း အောက်ကျနောက်ဆုံး ပါတကား။** ခြွေရံ[illegible] **[illegible]တယ်ခြင်းက ပျက်ခြင်းနောက်ဆုံးပါတကား”** ဆိုတဲ့အတိုင်းပဲ မငိုကြနှင့် တရားနှင့်သာ [illegible]ဖြေပေးပြီး ပြန်လာခဲ့၏။


လမ်းလာခဲ့ရင်း အတွေးပေါ်လာသည်မှာ ပူဆွေးတယ်၊ ငိုကျွေးတယ်ဆိုတာ သဒ္ဒါရုပ်တွေဘဲ၊ ဒါတွေဟာ ဖြစ်ပြီးပျက်သွားတာတွေပဲ။ လွမ်းမှု့ ဆွေးမှု့ သေကြေမှု့တို့ဟာ ဘာကြောင့်ဖြစ်သလဲလို့ ဆိုရင် မတည်မြဲလို့ ဖြစ်ကြရတဲ့သဘောပဲ၊ အဲဒီတော့ ဒါကရုပ်ဖြပ်ကြီးကို တည်မြဲတဲ့သဘောကိုရှာပြီး အိုလွယ်[illegible]တဲ့ ဇီရဏတေဇောကို တာနိုင်တဲ့ဆေး၊ အင်း၊ ဓါတ်၊ မန္တာန်တစ်ခုခုကို ရအောင်ရှာကြံမှ တော်မယ်ဟု [illegible]စားလာ၏။ ထိုတွင် နောက်က အသံတသံပေါ်လာ၏။ ဒီအကြံမှန်တယ် . . ဟုတ်တယ် . . လုပ်ပါ ကြိုးစားပါ . . ရနိုင်ပါတယ်ဟု ပြောဆိုလိုက်သော အသံကြားရ၏။ ထိုအခိုက်နိုးလာ၏။ ထူးဆန်းစွတကား ဆိုပြီး ဤမှတ်တမ်းကို ရေးမှတ်လိုက်ရပေ၏။ ထိုနေ့ကနံနက် ၇ နာရီ မန္တလေးဘုရားကြီး ပုတီးစိတ်သွား၏။


ပုတီး ၄၅ပတ်စိတ်ပြီး တနင်္ဂနွေထောင့်ဘက် ဘုရားကြီးကျောင်းတော်တွင် စွဲကပ်နေသော ပျားအုံကြီးကို မြင်ခဲ့ရ၏။ လူများကြည့်နေကြ၏။ နောက်တနေ့သွားတော့ မတွေ့တော့။

၁၃၃၂ ခုနှစ် တန်းခူးလဆန်း ၃ရက် ကြာသပတေးနေ့ **ညအိပ်မက်** - အင်းဝက ဗားကရာတိုက် ကျောင်းဟောင်းကြီးပေါ် တက်သွား၏။ အရှေ့ဘက်ခြမ်း အရှေ့ဧည့်ခန်းဆောင်ပေါ် တက်သွား၏။ ပလ္လင်တော်ပေါ်တွင် ဉာဏ်တော်တစ်တောင်ထွာလောက် ရုပ်ပွားမြတ်ကို ဖူးတွေ့ရ၏။ ထိုရုပ်ပွားတော် တစ်ဆူလုံးလည်း အင်းတွေပြည့်နေ၏။ နောက်မှာပါလာကြသော ဦးစီတို့လူသိုက်ကို ထိုအင်းများအကူးခိုင်း၏။ ထိုရုပ်ပွားတော်မြတ် ပါးစပ်တော်ကလည်း ဂါထာများရွတ်ဖတ်နေ၏။ ကျွန်ုပ်ကိုလည်း ချပေး၏။ ဘုရားကနှုတ်တိုက်ချ ကျွန်ုပ်ကနှုတ်တိုက် လိုက်ဆို၏။ ကျွန်ုပ်က အလွတ်ရတော့၏။ ထိုအခါဘုရားက ဝါယမတန်ခိုးကြီး ဒုံးမယ် အဲဒီဂါထာများ မပြတ်ရွတ်သွားကြတော့လို့ မိန့်တော်မူသဖြင့် ထလာခဲ့ကြ၏။ ထိုတွင်နိုးလာ၏။ ဂါထာများ၊ အင်းများကို အောက်ပါမှတ်မိသ၍ ရေးပြလိုက်ပါ၏။

တန်းခူးလဆန်း ၅ရက် စနေနေ့ **ညအိပ်မက်** - ကမ္ဘဋ္ဌာန်းပြဘုန်းကြီးက အင်္ဂလိပ်ဘုန်းကြီး အဝတ်အစားနှင့် တွေ့ရ၏။ တရားရကြောင်းလည်း ထိုကမ္ဘဋ္ဌာန်းဘုန်းကြီးကပြော၏။ အင်္ကျီပါးဝတ်ထားသောမိန်းမပျိုက ထိုဘုန်းကြီးကိုရင်းနှီးစွာ ဆက်ဆံနေ၏။ ဘုန်းကြီးကခေါင်းကိုင်လိုက် ပါးလက်နှင့်ပွတ်လိုက်နှင့်လုပ်နေ၏။ ကျွန်ုပ်က မကြည့်ခြင်တာနဲ့ မြောက်ဘက်လျှောက်သွား၏။ မြစ်ကြီးတခုတွေ့ရ၏။ တဖက်ကမ်းကူးရန် လှေလိုက်ရှာ၏။ မတွေ့၍ သိကြားမင်းခေါ်ပြီး လှေတောင်းလိုက်၏။ သိကြားမင်းက လှေဖန်ဆင်းပေး၏။ တက်ကအဝိုင်းကြီးဖြစ်၏။ ထိုတက်တွင် ဝ၊ ယ၊ မ စမများလည်းပါ၏။ ထိုတက်နှင့် လှေစီးပြီးလှော်သွား၏။ လှေဦးက လင်းထိန်နေသော မီးတိုင်လည်းပါ၏။ ထိုမီးတိုင်အလင်းရောင်ရောင်ခြည်လက်များက စမလေးကွက်အင်းများဖြစ်ပြီး ထွက်ပေါ်လာကြ၏။ မှတ်ချက် - တန်ခူးလဆန်း ၃ ရက် ညအိပ်မက် နှင့် ယခုအိပ်မက်တွင် ပေါ်လာကြသောအင်းများကို တပေါင်းတည်းဖော်ပြလိုက်ပါ၏။







| | |
|---|---|
| ဝ | မ |
| ဒ | ယ |

| ယမဝ | နဏဒ | ဋ္ဌသက |
|---|---|---|
| ဧက္ကေဏ္ဍ | ၁၂၃၄<br>၅၆၇၈ | ပဘမ |
| ကသစ | စိမေရု | ဧသောဥတ္တိ |

| | |
|---|---|
| ဗ | မ |
| မ | န |

၁၃၃၁ ခု တန်ခူးလဆန်း ၇ရက် တနင်္လာနေ့ ပုတီးအပတ်အရေအတွက် ၅၅၈၄၈၀ ရ၏။ ထိုနေ့က သင်္ကြန်အကြိုနေ့ဖြစ်၏။ အာရုဏ်တက်အချိန်တွင် စွယ်တော်လာပို့၏။ စွယ်တော်မှာ ကမ္ဘည်းစာလည်း ပါ၏။ နေ့တွင် ထိုစွယ်တော်ကို အရောင်တင်ပြီး စွယ်ကြုပ်လုပ်ရန် ဦးထွန်းအောင်ကို ခိုင်းလိုက်၏။ တန်ခူးလဆန်း ၈ ရက် အင်္ဂါနေ့ သင်္ကြန်အကျရက်ဖြစ်၏။ အာရုဏ်ချိန်မှစ၍ ရသောအင်းများကို တမိုးလျှင် ၁၀၈ အင်းချ၏။ အလိုရှိသောအခါ သုံးရအောင်ဖြစ်၏။ ဤနှစ်တွင်စ၍ ရေသဘင်များ တောင်မြို့တွင် လုပ်၏။ ကံတော်ရပ်၊ အိုးတော်ရပ်၊ ရေတွင်းညီနောင်ရပ်၊ ကွမ်းဘွဲ့ရပ်၊ သင်ပန်းကုန်းရပ် တို့ဖြစ်၏။ တန်ခူးလဆန်း ၉ရက် ဗုဒ္ဓဟူးနေ့ သင်္ကြန်အကျတ်နေ့ဖြစ်၏။ အင်းများချ၏။ ဆားဆေးလည်းချက်၏။ ဆားဆေးကိုချက်လိုက ဆားကိုအရက်ချက်သလို ချက်ရ၏။ ထိုဆားထဲတွင် အင်းတရာနှင့် ပရိတ်တော်ပြာ ပဌာန်း ပညာဝါပြောတို့နှင့် ရောချက်ရ၏။ ရောဂါ ၇၉ပါးလောက်နိုင်၏။ စုန်း၊ ဖုတ်လည်းနိုင်၏။ ဝါးချက်ဆရာတော် နည်းဟု ကျော်အောင်စံထား ဆရာတော်ကြီးက မိန့်တော်မူသွား၏။

သင်္ကြန်အတက်ရက် တန်ခူးလဆန်း ၁၀ ရက် ကြာသပတေးနေ့ဖြစ်၏။ ဆားဆေးချက်ပြီး၏။ ဦးစီလာချက်ပေး၏။ နည်းကို ကျွန်ုပ်ကပြောပြ၏။ သင်္ကြန်တွင်း ၃ရက် ပုတီးအရေအတွက် ၇၁၅၆၄၀ ရ၏။ ၁၃၃၂ ခု တန်ခူးလဆန်း ၁၁ ရက် သောကြာနေ့ "မင်္ဂလာအခါတော်နေ့" ကျင်းပ၏။ သံဃာတော် ၄၅ ပါး မုံ့တီဆွမ်းကပ်၏။ လူ ၁၅၀ လောက်လဲကျွေးမွေး၊ နေ့ ၁၂နာရီ အခန်းအနားကျင်းပ၏။ ညနေ ၃နာရီခွဲမှ ပြီးစီးအောင်မြင်သွား၏။ အမရပူရမြို့တွင် နှစ်ဆန်းတစ်ရက်နေ့၌ ရွာများက ရွာဦးရွာဒေါင့်ကနေ သံဃာတော်များပင့်၍ ပရိတ်ရွတ်ကြ၏။ ဆင်စွယ်ပွတ်တိုက်နယ်၊ ဈေးချိုတိုက်နယ်၊ လေးစုတိုက်နယ်၊ အိုး တော်တိုက်နယ်များ ပရိတ်ရွတ်လိုက်၏။ ညနေ ၄ နာရီမှ ည ၈ နာရီ ကျောင်းပြန်ရောက်၏။

**ညအိပ်မက်-** ပုထိုးတော်ကြီးဘုရားတောင်ဘက် သကျာသီဟဘုရားကွင်းထဲမှ လှမ်းကြည့်လိုက် လျှင် တောင်သမန်အင်းစောင်းဘက်တွင် မှုံပြပြဖြစ်ပြီး ကောင်းကင်မှတိမ်တိုက်များ တက်နေ၏။ ထိုအထဲ တွင် လေယာဉ်ပျံကြီးပေါ်ထွက်လာပြီး မြောက်မှတောင်သို့ပျံသွား၏။ ကျွန်ုပ်လည်းလိုက်ပျံသွား၏။ ကျောက်တော်ကြီးဘုရားမှာဆင်းပြီး ဘုရားဖူးပုတီးစိပ်၏။ ပုတီးစိပ်ပြီး၍ မျက်လုံးဖွင့်ကြည့်တော့ ကျောက် တော်ကြီး[illegible]ရားမဟုတ်တော့ဘဲ တောင်ထိပ်ပေါ်တည်ထားသောဘုရားတဆူဖြစ်နေ၏။ ကျွန်ုပ်ထို [illegible]လာတော့ နတ်များ၊ နတ်ဘီလူးများ ထိုဘုရားကိုဖူးရန် ပန်းနံ့သာများလက်စွဲလျက် လာနေ [illegible]ကြ[illegible]ပေါက် ရောက်နေကြ၏။

ကျွန်ုပ်ကိုမြင်တော့ ကျွန်ုပ်ကိုသူတို့ကိုင်လာသော ပန်းများကိုတစ်ဝက်ခွဲလှူ၏။ ကျွန်ုပ်က အလှူ ခံပြီး ထိုဘုရားကို ပြန်လှူခဲ့၏။ ထိုဘုရားမှ ပြန်ထွက်လာ၏။ သိကြားမင်းအဖွဲ့များ ဗြဟ္မာမင်းအဖွဲ့များနှင့် အထွက်တွင် တွေ့ကြပြန်၏။ ကျွန်ုပ်ကိုမြင်လျှင် သိကြားမင်းက သူ့အဖွဲ့သားအားလုံး ကန်တော့ကြ၊ [illegible]န်တော့ကြ ပုဂ္ဂိုလ်ထူး . . အသင်နတ်များတို့ ဖူးထိုက်ခဲတယ်ပြောပြီး အဖူးခိုင်း၏။ ဖူးကြ၏။ ထို့အတူ [illegible]ဗြဟ္မာမင်းအဖွဲ့ကလဲ ဖူးကြ၏။ ရတနာပန်းတောင်းထဲထည့်၍ သိကြားဗြဟ္မာတို့ ယူလာကြသော ပန်း နံ့သာများကို ကျွန်ုပ်အားတစ်ဝက်ခွဲလှူ၏။ ကျွန်ုပ်ကအလှူခံပြီး ထိုဘုရားကိုလှူပြန်၏။ ထိုတွင် နိုးလာ၏၊ ဘဂဝါဂုဏ်တော်၏တန်ခိုးဟု မှတ်ချက်ချလိုက်၏။

၁၃၃၂ ခု တန်ခူးလဆန်း ၁၃ရက် တနင်္ဂနွေနေ့ ပုတီးအရေအတွက် ၈၃၆၀၀၀ ရ၏။ ထိုနေ့ ည အိပ်မက်၏။ ဦးနိမလနှင့် ကျွန်ုပ်ဘုရားဖူးသွားကြ၏။ စန္ဒာမုနိဘုရား၊ ပုဂံဘုရားများ၊ မာရ်အောင်စသော ဘုရားများ တစ်ဆူနှင့်တဆူ လမ်းချင်းဆက်သွယ်နေ၏။ ထို့ကြောင့် ဘုရားဖူးသွားရ လွယ်နေ၏။ သို့သော် လမ်းသုံးသွယ်ပူးနေကြ၍ ပဌမခေါက်တော့ မျက်စိလည်နေ၏။ ဒုတိယခေါက်မှာ လမ်းမှန်ရောက် သွား၏။ မျက်စိမလယ်တော့ပေ။ ထိုလမ်းများမှ ဘုရားများဖူးပြီး ပြန်လာ၏။ လမ်းတွင် ရွာကြီးများ ဖြတ်ကျော်လာခဲ့ရ၏။ တစ်ရွာတစ်ရွာလျှင် အိမ်ခြေ (၁၀၀၀၀)လောက်ရှိမည်ထင်၏။ ထိုရွာကြီးများ တစ်ရွာနှင့်တစ်ရွာအကူးတွင် သစ်ပင်ကိုင်းကြီးများက တောင်မြောက် ၂ မိုင် ၃ မိုင်လောက်တန်းနေကြ၏။ အခက်အလက်အရွက် အသီးအပွင့်များ ဝေဝေဆာဆာဖြစ်၏။

ထိုသစ်ပင်ကိုင်းတန်းကြီးများထဲတွင် မီးခိုးများထွက်၍ထွက်၍ တက်လာနေ၏။ မီးခိုးများကလဲ အထက်တက်သွားသည်မှာ မျက်စိအမြင်မဆုံးနိုင်၊ သစ်ပင်ကိုင်းကြီးများအတန်းကလဲ မျက်စိအမြင်မဆုံး နိုင်၊ ထိုသစ်ပင်ကိုင်းတန်းကြီးများ ကြည့်ရင်းကြည့်ရင်း ရွာကြီးများဖြတ်လျှောက်ရင်းလျှောက်ရင်း လေပွေ ကြီးကတိုက်လာပြီး ကျွန်ုပ်အထက်မြောက်ပါသွား၏။ ပြန်ကျလာတော့ ကျောင်းရောက်နေ၏။ ထိုတွင် နိုးလာ၏။ လေဓါတ်သဘောဟု ကောက်လိုက်၏။ ထိုနေ့ပုတီးက ၉၃၉၅၂၀ ရ၍ လေဓါတ်ပြီးကြောင်း အဓိဋ္ဌာန်ချ သိဒ္ဓိတစ်သိန်းစိပ်၏။ နံနက်အာရုဏ်ကက်စိပ် ည ၁၁ နာရီတွင် သိဒ္ဓိတစ်သိန်း ပြီး၏။

၁၃၃၂ ခု တန်ခူးလပြည့် အင်္ဂါနေ့ နံနက်အာရုဏ်တက်ချိန် မီးဓါတ်တက်။ ထိုညအိပ်မက်၏။ မြစ်ကြီးအတွင်း ဖေါင်ကြီးစီးသွားရ၏။ လူများကလည်း ထိုဖေါင်ပေါ် ၄ - ၅၀လောက်ပါ၏။ ရေလည် ရောက်တော့ ဖေါင်ဦးပိုင်းက မီးလုံးကြီးများ တက်တက်လာ၏။ ဖေါင်လဲလောင်တာ မဟုတ်ပေ။ လူများက မီး - မီးလို့ အော်ကြ၏။ ကျွန်ုပ်က ဖေါင်လောင်တဲ့ မီးမဟုတ်ပါဘူး။ ဒီမီးက သိဒ္ဓိတန်ခိုးအကြောင်းပြတာဟု ပြောပြ၏။ ထိုအခါလူများ ငြိမ်သွားပြီး ဖေါင်ဦးမှ မီးလုံးကြီးသည် ဖေါင်ပဲ့သို့ရင်း ကူးလူးဆက်ဆံ အပြန်ပြန် အလှန်လှန် သွားနေကြ၏။ လူတွေကအံ့သြပြီး ကြည့်နေကြ၏။ ကမ်းခြေတွင်ရှိသော အရပ်ထဲက လူများကလဲ အရှင်မြတ်များကြွလာကြပါပြီ လှူစရာရှိတာလှူကြပါဟု ကြွေးကြော်နေကြ၏။ ထိုတွင် နိုးလာ၏။ မီးဓါတ်သဘော ကောက်ယူ၏။

တန်ခူးလဆုတ် ၅ ရက်နေ့တွင် ပေါက်ရွှေပေါက်ပင်ဆရာတော်နဲ့ ဦးဝါရိန္ဒတို့ ကို မုံ နံနက် ၈ခွဲမုံရွာရောက်၏။ သမ္ဗုဒ္ဓေဈေးတွင် ဆွမ်းဆိုင်ဆွမ်းစားကြပြီး ဘုရားဖူးကြ၏။ ဘု ရစ် ၃ ပတ်ပတ်ပြီ ပုတီးစိပ်၏။ ထို့နောက် အရှေ့မျက်နှာထိုင်ပြီး ပုတီးစိပ်၏။ ပုတီးစိပ်နေစဉ် အာရုဏ်ပေါ် လာသည်မှာ - ကိုတင်ဦးက ဝမ်းနည်းဝမ်းသာအသံဖြင့် ဒီရောက်လာတာအလှူ လှူရန် အဓိဋ္ဌာန်အောင် မြင်တာပဲဟုပြော၏။ ဘိုးတော်လေးဆိုသူကလဲ ဒီသမ္ဗုဒ္ဓေဘုရားထက် ဘုရားပေါင်း ၅ ဆလောက်ရှိတဲ့ ဘုရားကြီးတည်နိုင်ရပါလို၏ ဟုဆုတောင်းနေ၏။ ထိုဘိုးတော်လေးကပဲ ဒီကိုယ်တော်က ထူးတဲ့ကို တော်ဟု ဘေးကလူတစ်ယောက် ပြောသွားတာ ကြားလိုက်ရ၏။ ပုတီး ၁၀၈ ပတ်ပြီးတော့ သမ္ဗုဒ္ဓေဘုရ မှ ထွက်လာပြီး လျှောက်ကြည့်ကြ၏။ ထိုမှ ဘူတာကိုမြင်းလှည်းနှင့် လာကြ၏။ ရထားလက်မှတ်ဝယ် တစ်ချက်ခွဲ ရထားဆိုက် စီးလာကြ၏။ တောင်မြို့သို့ ၇ခွဲညနေဆိုက်၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၃၁၃၅၆၀ ရ၏။

တဆက်တည်း ပါသွားမည်ဖြစ်ပါ၍ အဓိကဖြစ်သော သာသနာပြုရေးကို ပဌမရှေးဦးစွာ လျှောက်ထား တင်သွင်းပါမည်ဘုရား . . . ။

ရှင်တော်မြတ်ဘုရားက သာသနာပြုရေးကို ဝိနည်းမဟာဝါမှာ - ချစ်သားရဟန်းတို့ လူအများ တို့အား မဂ်အစီးအပွား ဖိုလ်အစီးအပွား နိဗ္ဗာန်အစီးအပွားဖြစ်ရန်၊ လောကသားအပေါင်းတို့အား သနားစောင်မကြည့်ရှုကြရန်၊ နတ်လူတို့၏ ကောင်းသော အကျိုးစီးပွား ရရှိဘို့ရန် အရပ်ဒေသ အနှံ့ အပြား လှည့်လည်သွားကြကုန်လော့။ ချစ်သား ရဟန်းတို့ အစလယ်အဆုံး သုံးပါးလုံးကောင်းမြတ်ဖြူ စင် အနက်အဓိပ္ပါယ်နှင့်တကွ ပုဒ်ဗျည်းပါမကျန် စင်ကြယ်ကောင်းမြတ်လှတဲ့ လောကဒါနတရား သီလ တရား သမထတရားတို့ထက် မြင့်မြတ်သောကြောင့် ဗြဟ္မစရိယခေါ် လောကုတ္တရာ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားမြတ်ကို ထင်ရှားစွာပြကြပါကုန်။ မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်းကို ဖွင့်ပြ ကြပါကုန်။ ကိလေသာဆိုတဲ့ အညစ်အကြေးမြူနဲ့သူတွေ ရှိကြပါတယ်။

တရားစစ်တရားမှန် တို့ကို မကြားမနာကြရတဲ့ အတွက် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား များမှ ဆုတ်ယုတ်နေရှာကြတယ်။ မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်းပိတ်ဆို့နေကြတယ်။ ကြားနာရလို့ ရှိပါလျှင် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို သိလွယ်၊ မြင်လွယ်၊ ပေါက်ရောက်လွယ်ကြ ပါလိမ့်မယ် လို့ ရှင်တော်မြတ် ဘုရားက သာသနာပြုရေးတွင် မိန့်ခွန်းတော်စကားထားတော်မူခဲ့တာကို အလေး အနက်ပြုကြပြီး လောကီနယ်ပါယ်မှ လောကုတ္တရာနယ်ပါယ်ထဲရောက်အောင် သာသနာပြုနိုင်ဘို့ အထူး လိုအပ်ပါတယ်။ ထွက်လမ်းမှ မဂ်လမ်းရောက်အောင် ဝါ စူဠဂန္ထာရီမှ မဟာဂန္ထာရီ၊ မဟာဂန္ထာရီမှ အရိယာဂန္ထာရီ ဝါ စူဠဝိဇ္ဇာ မဟာဝိဇ္ဇာမှ အရိယာဝိဇ္ဇာ ဖြစ်အောင် သာသနာပြုကြဘို့ လိုအပ်လှပါတယ်။ သို့သော် ပုထုဇဉ် အန္ဓတို့မှာတော့ အရှင်မြတ်ဘုရားတောင် ညီးညူတော်မူပါတယ်။

" ဝိဘင်းပါဠိတော်မှာ တမေန် ဘိက္ခဝေ၊ ဗာလ် ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အပဿန္တံ အဇာနန္တံ ကိန္တိ ကရောမိ ချစ်သား ရဟန်းတို့ အရူး အကန်း၊ ပညာမျက်စိမရှိ အမှန်ကိုမမြင်မသိနိုင်တဲ့ ထိုသတ္တဝါ မိုက် သာသနာတော်၏ အမှိုက်သရိုက်များကို ဘယ်လိုလုပ်ပြီးတော့ အသုံးချရတော့မှာလဲလို့" ဟောတော် မူချက်ကို ထောက်လျှင် သတ္တဝါလား၊ ဝေနေယျလားဆိုတာ ရှေးဦးစွာ စီစစ်တတ်ဘို့ လိုပါတယ်။ သတ္တဝါနဲ့ ဝေနေယျကို ရှင်းပြပါအုံးမယ်။ သတ္တဝါဆိုတာက ဘယ်လိုနည်းလမ်းတွေနဲ့ ဟောပြ ချွတ်သော်လည်း မိမိစွဲလမ်းနေတဲ့ အယူစွဲကို မစွန့်လွှတ်နိုင်ဘဲ ဖားကို မြွေခဲသလို အစွဲသန်တဲ့ ဝါဒရူး ပုဂ္ဂိုလ်မျိုးကို သတ္တဝါလို့ ခေါ်ဆိုရပါတယ်။

"ဝေနေယျဆိုဒါက ဘုရား၊ တရား၊ သံဃာ အစစ်အမှန်များကို ပြည့်ပြည့်မဲ့ ပုဂ္ဂိုလ်နဲ့ မတွေ့မှီက လမ်းစစ်လမ်းမှန်ကို ညွှန်ပြမဲ့ပုဂ္ဂိုလ်နဲ့ မတွေ့ခင်က ယူမိယူရာ စွဲမိစွဲရာ၊ မိဘရိုးရာအလိုက် စွဲလမ်းလို့ လာပေမဲ့ မှန်ရာကို ကျကျနန၊ အာဂမယုတ္တိ ဒေသနာယုတ္တိတွေနဲ့ ပြည့်ပြည့်မဲ့ ပုဂ္ဂိုလ်ကောင်းနှင့် တွေ့ကြုံ ရတဲ့အခါ မမှန်မကန် ဖေါက်ပြန်စွဲလမ်းတာတွေကို ပါယ်ခွာစွန့်ပစ်ပြီး အစစ်အမှန်ကို ယူနိုင်တဲ့သူမျိုးကို ဝေနေယျလို့ ခေါ်ဆိုရပါတယ်။ အဲဒါကြောင့် ဝေနေယျနှင့်သတ္တဝါကို လက်ဦးခွဲခြားပြီး သာသနာပြု သွားရမှာ ဖြစ်ပါတယ်။ သာသနာပြုရေးတွင် အဓိကအချက်ကြီး ငါးပါးသိထားကြရပါမယ်။ ထိုအချက် ကြီးများက ၁။ ကိလေသန္တရာယ် ၂။ ကမ္မန္တရာယ်၊ ၃။ ဝိပါကန္တရာယ် ၄။ အာဏာဝိတိက္ကမန္တရာယ်

သီလရှိလျှင် သမာဓိကိုနိုင်၏။ သမာဓိကိုနိုင်လျှင် စိတ်ကိုနိုင်၏။ စိတ်ကိုနိုင်လျှင် နတ်ကိုနိုင်၏။
နတ်ကိုနိုင်လျှင် ဓါတ်ကိုပိုင်၏။ ဓါတ်ကိုပိုင်မှ မနောပေါက်၏။ မနောပေါက်မှ ပညာရောက်၏။
ပညာရောက်မှ ဝိဇ္ဇာပြီး၏။



**အာဟာရသိဒ္ဓိနည်း** အထက်အောက်မီးထိုး ပြာကျတော့ - သစ်ရွက် ၃ရွက် ၄ရွက်

နာ တစ်ကျပ်၊ ထုံး နှစ်ကျပ် အထက်အောက်မီးထိုး ပြာကျတော့ - သစ်ရွက် ၃ရွက် ၄ရွက် ... အာဟာရသိဒ္ဓိ ပြီးစီး၏။ နိဂုံးအနေနှင့် လောက်နှင့် ထိုပြာတစ်ခွေးလောက် ထည့်စား တစ်ရက်တွက် အာဟာရသိဒ္ဓိ ပြီးစီး၏။ နိဂုံးအနေနှင့် ပုတီးပွားများသူတိုင်း တွေ့ရမည်မှာ အောက်ပါအတိုင်းဖြစ်၏။

အိမ်မြောင်စုတ်ထိုးခြင်း၊ အမွှေးတိုင်အနံ့များ ဘုရားဘက်သွားခြင်း၊ မြွေတွေ့ခြင်း၊ တောက်တဲ့ ဇီးကွက် စသောအသံများ ကြားရခြင်း၊ အိပ်မက်တွင် သစ်သီးစားရခြင်း၊ အစာစားရခြင်း၊ လှေစသော ရေယာဉ်တခုဖြင့် ချောင်းမြစ်စသည်ကို ကူးဖြတ်သွားရခြင်း၊ ညတွင် တံခါးပိတ်ထားသော အခန်းတွင် ဖြစ်စေကာမူ လိပ်ပြာ ဖျူ - ဝါ စသည်တို့တွေ့ရခြင်း၊ **ခြေသံကြားရခြင်း**၊ လူရိပ်သဏ္ဍာန်မြင်တွေ့ရခြင်း **စသည်တို့တွေ့ကြုံ**ရပါလျှင် ပုတီးအခြေခံစခန်း အောင်မြင်ပြီမှတ်ပါ။ ထိုကမှ တန်ခိုးကြီးဘုရားများ တော **တောင်များ** နေရာထူးများတို့ သွားရောက်၍ ပုတီးအလုပ်အားထုတ်ပါ။ ပုဂ္ဂိုလ်ထူးများဖြင့် တွေ့ရမည်။ တွေ့နိုင်ပါသည်။

ကျွန်ုပ်ရေးလိုသည်ကား အခြားအခြားဘာသာများက ဝီရိယလုံ့လအားဖြင့် နည်းအမျိုးမျိုးတို့နှင့် သာသနာပြုနေကြချိန်တွင် ကျွန်ုပ်ဘက်ကလဲ ကျွန်ုပ်ရေးမှတ်တာထက် ဆထက်တန်ပိုး သာသော လက်တွေ့သမထ နည်းလမ်းများ၊ လက်တွေ့မဂ်ရောက် ဖိုလ်ဝင်ပြီး၍ ရရှိခံစားသုံးဆောင် နေရသော ဝိပဿနာနည်းကောင်းများကို တိတိကျကျ ဒီလိုကျင့်ရင် ဒီလိုအသိဉာဏ်ရတယ်၊ ဈာန်ရတယ်၊ မဂ်ရတယ် ဆိုသော ဝိပဿနာဘက်ကဆရာများ ပေါ်ထွက်လာနိုင်ပါစေဆိုတာ ဆုတောင်းပြီး ကျွန်ုပ် မှတ်စုကျမ်းကို နိဂုံးချုပ်လိုက်ရပေ၏။

**အာသီသ**

လူသေလူဖြစ် **အယူဝါ**ဒများလျှင်မြန်စွာ ကွယ်ပျောက်ပါစေ။

ငရဲ တိရိစ္ဆာန် ပြိတ္တာ **အသူရ**ကာယ် အပါယ်ဘုံမရှိဆိုတဲ့ အယူဝါဒသမားများ လျှင်[illegible]ပျောက်ကွယ်ပါစေ။

နတ်ပြဟ္မာမရှိဆိုတဲ အယူ**ဝါဒသမား**များ လျှင်မြန်စွာ ပျောက်ကွယ်ပါစေ။


**ဘုရား**ဟောမြွက် ခမ္မစက် နေထက်လင်းပါစေ -

**သူတော်**တရား အမှောင်တား ဝင့်ကြွားနိုင်ပါစေ -

အမှန်ကိုဖေါ် အမှားသော် ခုနေ့ပျောက်ပါစေ ။

**သိသာရန်**

ကျိုက်ထီးရိုးဘုရား အဓိဋ္ဌာန်စခန်း အလောင်းတော်ကဿပ အဓိဋ္ဌာန်စခန်းများ၏ အတွေ့အကြု ကို နောင်အချိန်ရလျှင် ရေးသားပါအုံးမည်။



ကဆုန်လပြည့်ကျော် ၆ရက် အင်္ဂါနေ့ ညနေ ၃ နာရီတွင် ဘဂဝါဂုဏ်တော် သိမ်းသောအနေမျိုး သိဒ္ဓိတစ်သိန်းစိပ်ကာ ပြီးစီးအောင်မြင်သောနေ့ ဖြစ်၏။ ကျောင်းတိုက်အတွင်း ဘုရားများမီးတစ်ထောင် လျှ၏။ ကျောင်းပေါ်ကဘုရားများလဲ မီးမိုးအလင်းပူဇော်၏။ ထိုညတွင် ဘုန်းတော်ကြီးတစ်ပါးကြွလာ ပြီး အရှင်ဘုရားကို အောင်ဆုပေးသောအနေဖြင့် ဓါတ်ပြဒါးရှင်လုံး ထိုးနည်းပေးရအုံးမယ်ကိုယ်တော် မှတ်ထားပါ။ **"ပြဒါးရှင်လုံးစီရင်နည်း"** - သွပ် ၁ကျပ်၊ သံ ၁ကျပ်၊ ပြဒါး ၁ကျပ်၊ နာ ၄ကျပ်နှင့် မီးကစား၊ ၁ကျပ်ခွဲကျန်လျှင် သွတ်၊ သံနှင့်ရော။ ထို့နောက် နာ၆ကျပ်သားရော ရွှေ ၁ကျပ်ထည့် ၎င်းနောက် မင်းရှော့ ၎င်းငြေကျပ်စီကို သမ္ဘာရာရည်နှင့်ကျိုပ်ပြီး ၂ နေလှမ်းပြီးလျှင် အားလုံးရောထိုး၊ ကျေကုန်ပြီ ...ဘဝေတွေ့ရမယ် ပြဒါးရှင်ဖြစ် - သတိရှိပါ။

## ထိုခြေနင်း ပလုပနည်း

ရွှေ ၁မတ်သားကို မင်းလေးပါး တစ်မတ်စီထည့်၍ သမ္ဘာရာရည်နှင့်ကျိုပ်၍ နေလှမ်းပြီးလျှင် ၎င်းရွှေနှင့်ထိုး၊ ၎င်းရွှေနက်သေမည်၊ ချိုပ်ဖြစ်သွားမည်။ လက်နှင့်ချေကျေ၏။ ၎င်းကို ကျေး ၁ကျပ် အရော ဘုရားများဖြစ် ကိတ်ဖြစ်၏။ ၎င်းရွှေကို ဓါတ်ပြဒါးရှင်လုံးကို ကျွေးနိုင်သမျှကျွေး ဓါတ်၏ပြဒါးရှင်လုံးက စကား မဂ္ဂါလာလိမ့်မည်။ သူပြောတိုင်းလုပ်ပါလေ။ သစ္စာဂတိရှိပါ။ ဥပါးသီလမြဲပါ။ သတ်သတ်လွတ်စားပါ။ ပုတီးတစ်နေ့ကို အနည်းဆုံး တစ်ရာရှစ်ပတ်ရအောင်စိပ်ပါ၊ မိန်းမနှင့် မကောင်းကွာနိုင်သ၍ ဤပြဒါးရှင်လုံးကို မလုပ်ပါနှင့် - အထူးသတိပြုပါ -

ပုံတော်၊ စတုလောကပါလနတ်မင်းကြီး ၃ယောက်လက်ဖြင့်ကိုင်ထားသောပုံ၊ ဆင် ၉ ကောင်ခံ၊ မြင်း ၉ ကောင်ခံ၊ ကျွဲ ၉ ကောင်ခံ၊ နွား ၉ ကောင်ခံ၊ ဆိတ် ၉ ကောင်ခံ၊ သမင် ၉ ကောင်ခံ၊ ကျား ၉ ကောင်ခံ၊ ဘီလူး ၉ ကောင်ခံ၊ ဝိဇ္ဇာ ၉ ရုပ်ခံ၊ ဇော်ဂျီ ၉ ရုပ်ခံ၊ လူ ၉ ယောက်လက်ဖြင့် ခံသောပုံ၊ ဖား၊ ခြသေ့်၊ ကြက်၊ ငှက်၊ ကျေး၊ မိချောင်း၊ မြွေ၊ နဂါး၊ ဂဠုံ ၉ ကောင်စီခံသော ဘုရားပုံများတော် ဖူးတွေ့ရ၏။ ပုံတော်များက လူထက် ၂ဆကြီး၏။ ထိုပုံတော်အလိုက် အောက်ကသတ္တဝါများ အလိုက်ရှိကြ၏။

ကျွန်ုပ်လဲ ကျေနပ်အောင်ဖူးပြီး ပုတီး ၈၁ပတ်စိပ်၍ပြီးသောအခါ ဒီဘုရားများပုံတော်အတိုင်း တစ်နေ့ကြတော့ ငါထုကိုးကွယ်မည်ဟု စိတ်ထဲတွင် အောက်မေ့လိုက်၏။ ထိုအခါ ဘုရားခံသော အရုပ်များ၊ သတ္တဝါများက သာဓု . . သာဓု . . သာဓုဟု သုံးကြိမ်ခေါ်ကြသော အသံများသည် ဘုရားလိုဏ် အတွင်း ပဲ့တင်ထပ်သွားတော့၏။ ဘိုးတော်ရုပ်၊ အရှင်မြတ်တို့အရုပ်၊ ဝိဇ္ဇာဇော်ဂျီရုပ်များက အသံထွက် လာပြီး တပည့်တော်တို့ ကူညီပံ့ပိုးမယ် ပြုလုပ်တော်မူပါဟု ဆိုကြ၏။ ဗြဟ္မာသိကြားရုပ်များကလဲ ထို့အတူ ကူညီမည့်အကြောင်း အသံထွက်ပြီး ပြောဆိုကြ၏။ထိုဘုရားကျောင်းတော်ထဲတွင် မီးနီဆလိုက်ကြီးများ၊ မီးစိမ်းဆလိုက်ကြီးများ၊ မီးဝါ၊ မီးပြာဆလိုက်ကြီးများ ထိုးထားကြ၍ထိုဘုရားတွင် အလွန်ကြည်ညို သပ္ပါယ်လှပါသည်။ ဤကဲ့သို့ အတွေ့အကြုံမျိုး တသက်တွင် ဒီတခါ ပဌမဆုံးဖူးတွေ့ မြင်ရခြင်းဖြစ်၏ဟု မှတ်ချက်ချလိုက်၏။

ဘဂဝါ ဂုဏ်တော်၏ မီးခါတ်သဘောမှာ အလွန်ထူးဆန်းလှပါပေ၏။ ထိုနေ့က ပုတီး ၁၉၇၈၂၀၀ ရှိ၍ မီးခါတ်ပြီးသောနေ့ဖြစ်၏။ ဘုရားများအောင်မြင်ကြောင်း လျှောက်ထားမေတ္တာပို့အမျှဝေ၏။ ၁၃၃၂ခု ကဆုန်လပြည့်ကျော် ၄ရက် တနင်္ဂနွေနေ့ သိဒ္ဓိတစ်သိန်းစိပ်၏။ ကဆုန်လပြည့်ကျော် ၅ရက် တနင်္လာနေ့ နံနက် ၁ ချက်လောက်အတွင်း အိပ်မက်၏။ သက်တော် ၃၀ အင်းကို ဘိုးဘိုးအောင်က ပြ၏။ ထိုအင်းရဲ့သဘောသွားကို ဘိုးကျူးကို လက်ထပ်ပြပေးရန် စေခိုင်းသွား၏။ အင်းပုံစံမှာ ပတ်ဝိုင်း ကဲ့သို့ဖြစ်၏။ ၎င်းအဝိုင်းထဲတွင် ငှက်ဆယ်မျိုး ၂ကောင်စီတွဲလျက် ပါကြ၏။

ငှက်ဆယ်မျိုး အမည်မှာ -

၁။ ပါတီကုလာ
၂။ တူတယ်ဆော
၃။ ဦးဒေါင်းကြီးလျှာ
၄။ ဇာမဏီ
၅။ ဥဒေါင်းဖိုမ
၆။ ကြက်ဖိုမ
၇။ ကျေးဖိုမ
၈။ ကျီးဖိုမ
၉။ သာလိကာဖိုမ
၁၀။ ဂျိုးဖိုမ။

သက်တော် ၃၀ အင်းမှာ တစ်ဖက်ပါအတိုင်းဖြစ်၏။

...ရှိ၏။ မနဲ့ကလေးကပြောသည်မှာ ကိုယ်တော်

သပ်သပ်ယပ်ယပ် ကြည့်ကောင်း၏။ ၁၃ နှစ်အရွယ်လောက်ရှိ၏။ ... ပြောပြီးဝတ်ချ၍ ထွက်သွားပြန်၏။ ကိုယ့်အလုပ်ကို ကိုယ်မပျက်စေနဲ့ လူ့အလိုနတ်မလိုက်နိုင်ဘူးဟု ပြောပြီးဝတ်ချ၍ ထွက်သွားပြန်၏။ ကိုယ့်အလုပ်ကို ကိုယ်မပျက်စေနဲ့ လူ့အလိုနတ်မလိုက်နိုင်ဘူးဟု မှတ်ပြီးရေးထားလိုက်၏။

နိုးလာ၏။ ဤအိပ်မက်တွေကလဲ တစ်မျိုးဘဲကိုဟု မှတ်ပြီးရေးထားလိုက်၏။

၁၃၃၂ ခု ကဆုန်လပြည့် "ဗုဒ္ဓနေ့" ကျင်းပ၏။ သံယာ ၅၄ပါး နန်းကထိတိုက်၏။ လူ ၂၀၀ လောက်လဲကျွေးမွေး၏။ မုန့်ငါးမျိုးနှင့်လဲ ကျွေးမွေး၏။ နေ့ ၁၂ နာရီ ကျွေးမွေးဧည့်ခံပြီး၍ ဗုဒ္ဓနေ့အခမ်းအနားဖွင့်၏။ ညနေ ၄ နာရီလောက်မှ ပြီးစီးအောင်မြင်သွား၏။ ကဆုန်ညောင်ရေ မဟာသကျာသင်ဘုရားပွဲ ကဖြစ်၏။ ကဆုန်လပြည့်ကျော် ၂ ရက်နေ့ ပွဲပြီးရက် ဖြစ်၏။ ကဆုန်လပြည့်ကျော် ၂ ရက်နေ့ည အိပ်မက်၏။ လေယာဉ်ပျံ ၂ စင်းကွင်းမှာ ဆိုက်ထား၏။ တစ်စင်းကို ကျွန်ုပ်ကတက်စီး၏။ ၂စင်းလုံး ပျံတက်ကြ၏။ တစ်စင်းကပျံတက်လို့မရ။ ကျွန်ုပ်စီးသောအစင်းသာ တက်လို့ရ၏။လေယာဉ်ပျံမှ မီးများကို ကျွန်ုပ်က ဖွင့်ပေး၏။ လေယာဉ်ပျံမှ ကျွန်ုပ်ဖွင့်ပေးလိုက်သော မီးများမှာ အောက်မှ မြို့ရွာတို့သည် ထိန်လင်းထိန်၍နေ၏။ မြို့ရွာရှိလူများမှာ ကျွန်ုပ်စီးသောလေယာဉ်မှ မီးကိုအားကိုးကြရ၏။ လေယာဉ်မောင်းသောသူက စက်ခန်းပေါက်မှ ထွက်လာရန်ကြိုးစားနေ၏။ ချိပ်ကောက်နှင့်တံခါးကို ချည်ထား - မထား ဟိုလိုက်ဆွဲကြည့် ဒီလိုက်ဆွဲကြည့် လုပ်နေ၏။

လေယာဉ်လမ်းတစ်လျှောက်လုံး ကြေးနန်းများလဲသွယ်တန်းထား၍ ဆက်ပျံရမလို၊ မပျံရမလို ဖြစ်နေ၏။ ကျွန်ုပ်က လေယာဉ်မောင်းသူကို ကြေးနန်းများကြားမှ ပျံရင်ဖြစ်နိုင်ကြောင်း ပြောတော့မှ ဆက်ပျံ၏၊ ကွင်းထဲတွင်ဆင်း၏၊ ကျွန်ုပ်ကဆင်းလာပြီး ကျောင်းပြန်လာ၏။ ကျောင်းပေါ်က မီးချောင်းမှာလဲ မီးလင်းနေကြ၏။ ထိုတွင် ဇာတ်ကသံကြားရ၍ နိုးလာ၏။ နာရီကြည့်တော့ ၁၂နာရီဖြစ်၏၊ အိပ်ယာထဲတွင် ပုတီးစိပ်နေ၏။ နံနက် ၂ ချက်လောက်တွင် အိပ်ယာဘက်ဘေးက လင်းလိုက်၊ မှိတ်လိုက်နှင့် မီးအနီလုံးကလေး ဇီးဖြူသီးလုံးလောက် တွေ့ရ၏။ ဒါကဘယ်လိုလဲဟု စဉ်းစားပြီးကြည့်နေ၏၊ နာရီဝက်လောက်ကြာတော့ ပျောက်သွား၏။ မီးထွန်းပြီးထကြည့်တော့ ဘာမှမတွေ့ချေ၊ နံနက်၂နာရီ လောက် အိပ်ရာထဲတွင် ပုတီးစိပ်၊ လင်းပိုင်းဖြစ်၍ ပြန်ပြီးမှေးအိပ်နေခိုက် **အိပ်မက်သည်။**

[illegible]အင်္ကျီဝတ်ထားသော ရှေးပဒ္မုလဝတ်နှင့် လူတစ်ယောက်က ဟင်္သာခြေနင်းတစ်စုံ ကျွန်ုပ်အား[illegible]။ ၎င်းခြေနင်းအတွင်း ဖဝါးခံပြင်ထဲမှာ ပူသောအခဲ တစ်ဖက်တစ်ခုစီပါ၏။ စမ်းကြည့်တော့ [illegible]တွေ့ရ၏။ ထိုဟင်္သာခြေနင်းကို စီးရန်စွတ်လိုက်၏။ ပဌမတော့ ပူသလိုလိုရှိ၏၊ [illegible]လောက်ကြာတော့ အေးမြသွား၏။ လမ်းသွားကြည့်တော့ မြေနှင့်ခြေနင်းနှင့် မထိပဲသွားနေရ၏၊ ထိုခြေနင်းစီးပြီး တန်ခိုးကြီးဘုရားလျှောက်ဖူးပြီး ပုတီးစိပ်မှပဲဟုအောက်မေ့ပြီး သက်န်းလဲရန် သက်န်းများချွတ်၏။ သက်န်းက ၃ထပ်လောက်ဝတ်ထားတာဖြစ်၍ အပေါ်ထပ်ချွတ်လိုက်၏။ မြန်မြန်ပြီးရန် အောက်၂[illegible]ကို တခါထဲချွတ်လိုက်၏။ ချွတ်လို့မရပေ။ ၂ထပ်လုံးချွတ်မရ။ ထို့ကြောင့် ဝတ်ပြီးသော သက်န်းများ[illegible]ဘုရားများလျှောက်ဖူး၏။

မင်းကွန်းမြသိန်းတန်ဘုရားပုံမျိုး၊ ထိုမြသိန်းတန်ဘုရားထက် ဆယ်ဆလောက်ကြီးမည် ထင်ရသော ဘုရားကြီးထဲဝင်ဖူး၏။ အထက်ထပ် ဂန္ဓကုဋိတိုက်ကြီးထဲတွင် ဘုရားပုံတော်များမှာ ဖြဟ္မာကိုးယောက်လက်ဖြင့် ကိုင်ထားသောဘုရားပုံတော်၊ သိကြားကိုးယောက်လက်ဖြင့် ကိုင်ထားသော ဘုရား

ကဆုန်လဆန်း ၆ရက် မဟာသက္ကာသာမိဘုရား ကဆုန်ညောင်ရေ၊သံဃာဒါန ဆွမ်းကြီးလောင်းပွဲအတွက် သံဃာ ၅၀၀ အပင့်ခိုင်း၏။ ၁၃၇၂ ခု ကဆုန်လဆန်း ၈ ရက် ဗုဒ္ဓဟူးနေ့ **ညအိပ်မက်** ဦးပိန်တံတားကြီး၊ ထိုတံတားကြီးတစ်ခုပေါ်သို့ ကျွန်ုပ်ကလျှောက်သွား၏။ အဆုံးနားလောက်ရောက်၏။ အဆုံး၏ တံတားကြီးကို ဟင်္သာပြဒါးများဖြင့် သုတ်ထား၏။ ကျယ်ပြန့်သော အခင်းပြင်ကြီးများရှိ၏။ အဆုံး၏ လက္ခဏာ သဘောကိုပြသကာ ဆောက်လုပ်ထားသော အခြင်းအရာဖြစ်၏။ တော်တော်ခန်းခန်းနားနား ကြီးကြီးကျယ်ကျယ် ဆောက်လုပ်ထားသည်။ မင်းဆောက်သော အဆောက်အဦးကဲ့သို့ တင့်တယ်လှ၏။ တံတားကြီးအဆုံးမှာ သင်္ကြန်စာဆိုပြီး စာကပ်ထား၏။

ဝမ်းဘဲ ဟင်္သာ မြစ်ကိုပစ်၍ ချောင်းကိုရှာ ရေသာများ၍ငါးမတွေ့၊ မူရင်းပစ်၍ ပေါင်းစုံရှာ လူသာပန်း၍ နည်းလမ်းမတွေ့၊ လူသာများ၍ ကြားမစေ့ဟု ရေးထား၏။ ထိုစာကိုစိတ်ထဲတွင် မှတ်ခဲ့ပြီး ကျောင်းပြန်လာ၏။ ကျောင်းရောက်တော့ ဘိုးတော်များက အရှင်ဘုရားကို မြင့်မြတ်သော ဤအောင်ဆုကို အပေးခိုင်းလို့ပါဘုရား . . လက်ခံတော်မူပါဟုလျှောက်၍ ဘိုးတော်များပေးတာကို လက်ခံလိုက်၏။ လက်ထဲရောက်တော့ သေသေချာချာကြည့်တော့ ပတ္တမြားတုံးကြီး ဖြစ်နေ၏။ ထိုကဲ့သို့ ကြည့်နေစဉ် ဘိုးတော်တစ်ယောက်က ဤပတ္တမြားက "မနောမယပတ္တမြား" ခေါ်ပါတယ်ဘုရား . . အရှင်မြတ်အလိုရှိတော်မူရာ သုံးနိုင်ပါတယ်ဘုရားဟု လျှောက်ထား၏။ ကျွန်ုပ်လဲ ထိုပတ္တမြားရတနာကို ယူပြီး ခါတ်ခန်းထဲ ကလပ်ပေါ်တွင် တင်ထား၏။ ထိုတွင်နိုးလာ၏။

ကဆုန်လဆန်း ၁၀ ရက် သောကြာနေ့တွင် ကဆုန်ညောင်ရေသွန်းပွဲ အဝင်နေ့ဖြစ်၏။ ညနေ ၄ နာရီလောက် လေကြီးကျ၏။ ကျွန်ုပ်၏ကျောင်းတိုက်ထဲမှ သပြေပင်သုံးပင် ကျိုးကျ၏။ သရက်ပင် ၄ပင် ကျိုးကျ၏။ မိုးသီးများ ဂုံညှင်းလောက်ပါလာ၏။ မိုးကြီးလဲ ရွာချ၏။ အုန်းကျွတ်ဆောင်ကွဲ၏။ မြို့ထဲလဲ အိမ်များပျက်၏။ ပွဲလည်းမကဖြစ်တော့၊ ကဆုန်လဆန်း ၁၁ရက်နေ့တွင် သံဃာ ၅၀၀ ဆွမ်းကြီးလောင်း၏။ ကဆုန်လဆန်း ၁၂ ရက် တနင်္ဂနွေနေ့ **ညအိပ်မက်** - မမကြီးဆိုသော ကလေးမလေးက သင်္ကြန်စာ စာရွက်ကြီးပေး၏။ စာရွက်ကြီးကို ဖြန့်ကြည့်လိုက်တော့ စစ်ဗြူဟာခင်းပုံများ ရေးထား၏။ ကျောဘက်ကို ကြည့်လိုက်တော့ ကျွန်ုပ်၏လက်ရေးဖြင့် ရေးထားသောစာများကို တွေ့ရ၏။ [illegible]များက "တစ်၊ သုံး၊ သုံး၊ သုံး၊ တဆယ်ရ၏။ ကယ်ဆယ်ရန်ဖြစ်၏။ တစ်သုံးသုံးလေး ဆယ့်တစ်[illegible] တမီးငြိမ်းရန် ဖြစ်၏။ တစ်သုံးလုံးပေါင်းလျှင် သုံးဖြစ်၏။ လောကကြီးသုံးပါး၌ ရတနာသုံ[illegible] အဓိက ရေးထား၏။

အမေဂျမ်းက ဆွမ်းပင့်၏။ ဘုရားတပည့်တော်မကို လွှဲထားခဲ့လို့ ဘုရားတပည့်တော်မက ဆွမ်းစားပင့်ရတာပါဘုရား၊ တောင်သမန်ကိုလွှန်းတို့အိမ်က နက်ဖြန်ဆွမ်းစား ကြွပါတဲ့ဘုရား၊ ကိုလွှန်းတို့အိမ်ကတော့ ညစ်ပတ်တယ်ကိုယ်တော် ကြွချင်မှကြွပါ၊ သို့ပေမယ့်လေ လူဆင်းရဲအိမ် ညစ်ပတ်နေတဲ့ လူထက် ပစ္စည်းတော်တဲ့လူများက အခွင့်အရေးယူပြီး သူတို့ဘို့တဘို့ကြည့်၊ ဘုန်းကြီးဘယ်လိုနေဆို အလျှုလေးအတန်းလေး အလိုက်အထိုက်နဲ့လာလာပြီး အတွက်ခိုင်းကြတဲ့ လူတွေလောက်မဆိုးပါဘူး ကိုယ်တော် သူတို့ထက်စာတော့ တော်ပါတယ်ဆိုပြီး အမေဂျမ်းက ရှေ့မိန်းမကြီးများ အဝတ်အစားကြီးနဲ့ ကျွန်ုပ်ကိုဝတ်ချ၍ ထွက်သွား၏။ မမနဲ့ရောက်လာပြန်၏။ ကြက်တောင်စီးနှင့် ရွှေဖျင်အကျီထဘီနှင့်

ယွန်းထည်နှင့်လုပ်ထားသော စေတီပုံထဲ

၁၃၅၂ခု ကဆုန်လဆန်း ၄ရက် ညအိပ်မက် - ယွန်းထည်နှင့်လုပ်ထားသော စေတီပုံထဲ... ကျန်အဆင့်များတွင် ... အောက်ဆုံးအဆင့်မှ ထူးဆန်းသောပုံရှိသော အရာဝတ္ထုထည့်ထားပြီး ... ဝိုင်းကန်တော့ကြ၏။ ထိုအထဲ... အမျိုးမျိုးထားကြ၏။ ထိုယွန်းထည်အစ်စေတီကြီးဖြင့် ကျွန်ုပ်ကိုလူများ ... နဲနဲစားလိုက်၏။ ထိုပုံ... ဘိုးတော်ပုံလို လူတစ်ယောက်က ထောပတ်ထမင်း၊ ငှက်ပျောသီးလှူ၍ နဲနဲစားလိုက်၏။ ထိုပုံ... ပေးသော အုန်းထမင်းနှင့် ငှက်ပျောသီးမှာ တောင်ပုံရာပုံဖြစ်၏။ ကျွန်ုပ်လဲ ပရိသတ်များကန်တော့... ထွက်လာခဲ့၏။ လမ်းတွင် မဟာဗောဓိဘုရားပုံ တစ်ဆူတွေ့၏။ မှန်များလဲစီထား၏။ ထိုဘုရား... ပုတီးဝင်စိပ်၏။ ပုတီးစိပ်နေစဉ် ကျွန်ုပ်၏ကိုယ်မှ ကိုယ်ပွားများ ၄၅ ပုံလောက်ရှိ၏။ ကျွန်ုပ်၏ရုပ်ပုံ... အလင်းရောင်များ ဖြာထွက်နေကြ၏။ ကျွန်ုပ်ပါးစပ်ကလဲ "ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုဘ၊ အောင်... ဘူဘိ၊ ဖါလနေ၊ အောင်ပ၊ ကုလား၊ ဆွေသား၊ နောင်ရင်း၊ မိတ်ဖက်ခြင်း ဓါတ်ရင်းကိုသိ ပေါက်တုံ... ဟု ဆိုနေ၏။

ထိုကဲ့သို့ဖြစ်ပြီး ပုတီးစိပ်ပြီး၍ ကျောင်းပြန်လာ ကျောင်းမြောက်ဘက် ဘုရားကုန်းတော်ကြီး... အလွန်သာယာနေ၏။ ကျောင်းအနောက်ဘက် အုဋ်လှေကားအဆင်းမှာ ခဲကျိုးများပုံထား၏။ ခဲ... မရှိသော ကျောင်းအိုကြီးလဲကျနေတာ တွေ့ရ၏။ ထိုကဲ့သို့မြင်နေစဉ် တဖြေးဖြေးလူများ ရောက်လာ... ရှင်းလင်းလိုက်ကြ၍ ကွင်းပြင်ကြီးဖြစ်သွား၏။ ထိုကွင်းပြင်ထဲတွင် အရှင်နှစ်ပါးနှင့် ဘိုးတော်နှစ်... ပေါ်လာကြ၏။ ထိုပုဂ္ဂိုလ်များက ကျွန်ုပ်ကိုအရှင်မြတ် ဗီမြေညီသော ကွင်းပြင်ထဲ ကြွပါလို့ခေါ်၍ သွား... ဘိုးတော်တစ်ပါးက ငါးယောက်ပေါင်းတော့ အောင်သိဒ္ဓိဓါတ်ကျောင်းတော်စေတီမြတ်ကြီး ဖြစ်ရမယ်ဆို... မြေကြီးကိုတောင်ဝှေးနှင့် သုံးချက်လောက် ဆင့်ဆောင့်လိုက်၏။ လေးဘက်နံရံကြီး မြေမှပေါ် ထွက်လာ... တစ်မျက်နှာအပေါက် ၉ပေါက်စီနှင့် ထီးဖြူကြီးအုပ်မိုးထားသော အဆောက်အဦးပေါ် ထွက်လာ၏။ အလွန်ခမ်းနား၏။ ကျယ်၏။ ရှုလို့မငြီးနိုင်ပေ။

ကိုယ်တော်ကြီးအတွင်းမှာလဲ ရုပ်ပွားတော်လေးများ ရွှေတဝင်းဝင်းနှင့် မြင်တွေ့ရ၏။ အလယ်... ခေါင်တွင် ကြားခံထားသော ဗောဓိရုပ်ပွားတော်ကြီးတစ်ဆူ ဖူးတွေ့ရ၏။ အလွန်သပ္ပါယ်၏။ ထိုပုဂ္ဂိုလ်ကြီး... ၄ပါးက ကျွန်ုပ်ကိုပြောသည်မှာ "အရှင်မြတ် တတိယကမ္ဘာစစ်မီးလျှံ ဗမာပြည်သို့ မကျရောက်... အောင်" ... တာဝန်ပေးခဲ့ပြီးမဟုတ်လား . . ဤနေရာမှာတည် ဤပုံအတိုင်းပြုလုပ်ပါ" ကောင်းပါပြီ... လော့ ... ကြီးမြတ်တို့ - အရှင်မြတ် တစ်ထောင်သုံးရာသုံးဆယ်လေးခုနှစ်တွင် တပေါင်းလပြည့်နေ့မှ... ... ၁၃၃၅ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဘုရားပွင့်တော်မူသောနေ့တွင် အုဋ်မြစ်ချပြီး စတည်... ရမယ်အရှင်မြတ် - ကောင်းပါပြီဘိုးတော်တို့ အရှင်မြတ်တို့ "အရှင်မြတ် ဤဆောင်ပုဒ်ကိုလည်း နှီးသော... စာထဲထည့်ပြီး ဝေငှပါ" လာမည့်ကပ်တွင် - ဘုန်းကြီးကျန်လျှင် ဘုရား၊ လူကျန်လျှင် သိကြား... ... ရှိစွာန်ကျန်လျှင် ပတ္တမြား အဓိပ္ပါယ်ကား - ဘုရားဂုဏ်တော်ပွားသော ဘုန်းကြီးသာကျန်မယ်... ... ကြားလို ကျင့်ဝတ်ကျင့်သော သူသာကျန်မယ်။ အမတေရှိသော တိရစ္ဆာန်သာကျန်မယ်လို့ ဆိုလို၏... တပည့်တော်တို့ နှစ်၊ လ၊ ရက် နည်းတော့မှ အရှင်မြတ်ထံ လာခဲ့အုံးမယ်ဟု ပြောပြောဆိုဆိုနှင့် ပျောက်... ကွယ်သွား၏။ ကျွန်ုပ်လဲနိုးလာပြီး အဟုတ်လိုလို၊ အိပ်မက်လိုလို ဤအဖြေကို မှတ်တမ်းတင် ရေးသား... လိုက်၏။ ထိုနေ့က ပုတီးအရေအတွက်မှာ ၁၁၀၀၀၂၀ ရ၏။ စနေနေ့ဖြစ်၏။

ဘုန်းဘုရားကြီးအတွက် ဆွမ်းကျွေးပွဲ ပြုလုပ်သဖြင့် ထိုတောင်ပေါ်မှာ စည်ကားသိုက်မြိုက်နေ၏။ ဘူတာ ထိုတောင် များကို ခြေလျင်လာကြရသဖြင့် ခရီးပန်း၍ ၉နာရီလောက်မှာ အိပ်ကြ၏။ ကျွန်ုပ်ကပုတီး အဓိဋ္ဌာန်ကျန်သေး၍ ၄၅ပတ်စိတ်၏။ အာရုံထဲတွင်ဘုန်းဘုရားကြီးခေါ်သော ဦးကောသလ္လရုပ်ပုံတော် ပေါ်လာ၏။ ဖြူဖြူဖွေးဖွေးဝဝ ပုတ္တဲ့ဘက်ပါ၏။ ထိုဆရာတော်ဘုရားကြီးကို ကျွန်ုပ်က ပုတီးအသံဖြင့် ဖူးမြ ကြည်တော့ အသေထွက် ထွက်သွားတာဖြစ်၏။ ပရိတ်ကိုအမိကထားပြီး ကျင့်သွားသော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ကြောင်းသိရ၏။ ကျွန်ုပ်လည်း သာဓုခေါ်မိ၏။

ကျွန်ုပ်ပုတီးစိတ်လို့ပြီးတော့ ထိုဆရာတော် ဦးကောသလ္လအရှင်မြတ်က ကျွန်ုပ်ရှေ့တွင် ပေါ်လာ ပြီးကိုယ်တော်ကို ဝွယ်ရုံကောင်းတဲ့ ရေမန်းပေးရအုံးမယ်ဆိုသဖြင့် ကျွန်ုပ်က ထိုပုဂ္ဂိုလ်ကြီးပေးသော ရေမန်း အောက်ပါအတိုင်း မှတ်သားလိုက်၏။ "ဉုံကပ္ပိယံရောဟိ-ကပ္ပိယံ ဘန္တေ-ဗုဒ္ဓဖဲ ဓမ္မံလွဲ သံယံ့ခံ ၃၃အုပ်မန်း ဆီ၊ ရေ စသည်အသက်အောင့်ပြီး ၇ခါမန်းထားသောရေကို မျက်စိစပ်ရောဂါ ရှိလျှင်ကျန် မျက်စိနာလည်း ပျောက်၏။ ပုတီးစိတ်ပြီး ရေမန်းဂါထာမှတ်၍ ပြီးမှမေတ္တာပို့ အမျှဝေပြီး အိပ်၏။

ပြာသိုလပြည့်ကျော်၅ရက် အင်္ဂါနေ့နံနက်၄နာရီထ မျက်နှာသစ်ပုတီးစိတ် လက်ဘက်ရည် သောက်ပြီး ဝေပုလ္လတောင်ပေါ်က ရွှေစေတီကို ဆွမ်းတော်ကပ်ကြ၏။ ၎င်းမှ၂၉ဆူ မဟာဗောဓိ သထုံမြို့ထောင့်ဘုရား ၎င်းကမှ နေမင်းဘုရား၊ လမင်းဘုရား၊ ကျောက်ထပ်ကြီးဘုရားဖူး၊ ပုတီး၉ပတ် စိတ်ပြီး ပြန်ဆွမ်းစား - ၁၀နာရီခွဲ ရှေ့ခရီးဆက်ကြ၏။ မြသိန်းတန်ဘုရားဖူး ပုတီး၉ပတ်စိတ်၊ သထုံမြို့ ဟောင်းအတိုင်းလျှောက်၍ ယက္ကန်းသည်မတောင်၊ ၎င်းတောင်က ဓါတ်ပေါင်းဘုရား ပုတီးစိတ်၉ပတ် နေသူရိန်ကျောင်း ဦးအာလောက ထံ ဦးသံဝရကဝင်၍ ကျွန်ုပ်လည်း ခေတ္တဝင် ထိုကမှ အရပ်ထဲလျှောက် မြင်းလှည်းငှား တယောက်၇၅ပြား ပေးရ၏။ မရန်းကုန်းဘူတာအထိ လိုက်ပို့၏ ၁၂နာရီခွဲဘူတာရောက် ရထားက ၁ချက်ခွဲရောက် တက်စီး၂ချက်ထွက် ရန်ကုန်ညရနာရီရောက်သည်။ ရွှေမင်းဝံသို့ ဂနာရီမှာ ရောက်ကြ၏။

၁၃၃၀ ခု ပြာသိုလဆုတ် ၆ရက် ဦးဝင်းအိမ် ဆွမ်းစား နံနက်ရနာရီဖြစ်၏။ ဦးဩဘာသ၊ ဦးသံဝရ တို့လည်းပါ၏။ ဆွမ်းစားပြီး ရွှေတိဂုံဘုရားသွား ပုတီးစိတ်ကြ၏။ ဘုရားမှ - ၁ချက်ကျောင်းပြန် ညနေ၅ နာရီလောက် ရွှေတိဂုံဘုရားခြေလျှင်သွား၏။ ဘုရား၅ခွဲရောက်၏။ တနင်္ဂနွေထောင့်ဘက်က သုဂတော သိဒ္ဓိ ဂုဏ်တော်၂၇ပတ်စိတ် မေတ္တာပို့အမျှဝေ၏။ ပြီးလျှင် ဘုန်းတော်ကြီးတပါးက အရှင်ဘုရားကို စီးချဂါထာ ပေးရအုံးမယ်။ ရေးကိုယ်တော် တပည့်များကို နည်းပေးရတာပေါ့ ကိုယ်တော်အတွက်ကတော့ မလိုတော့ ပါဘူး၊ လိုတာပေါ့ဘုရား၊ မိန့်ပါဘုရား။ ဉုံဂဏ္ဌအမုံမို့ဩကာသေတိဌာဟိ၊ ဤမန္တာန်ဖြင့် အရပ်ရှစ်မျက်နှာ လက်ညှိုးထိုးပြီး စည်းချပ၊ သူခိုး မဝင်နိုင်ပါဘူး၊ ဤကဲ့သို့ ရေးမှတ်ပြီး ဘုရားကို လက်ျာရစ် လှည့်၍ပူဇော်ပြီး ရွှေမင်းဝံ ပြန်လာ၏။

ပြာသိုလဆုပ်၇ရက် နံနက် ၁ချက်လောက်အချိန် အိပ်မက်၏။ ကျွန်ုပ်၏ခေါင်းမှာ အဖြူ အလင်း ရောင်ကြီးများ ၃ခုတန်း၂ဖျားလောက် တက်နေ၏။ လောကဓါတ်ကြီးတခုလုံးကို ထိုအလင်းရောင် သုံးခု သုံးခု ဆလိုက်ထိုးသကဲ့သို့ ပါနေ၏။ ကျွန်ုပ်ဘယ်သွားသွား ထိုအလင်းရောင်ကြီး ဖြင့် သာလင်းနေသည်၊ အလင်းပေးနေရသည်ဟု ထင်၏။ ကျွန်ုပ်သွားသော နေရာတိုင်းမှာ လူများက ပူဇော်ကန်တော့ကြ၏။

တခုလုံး ဖြာထွက်နေသော်လည်း ကျွန်ုပ်ကို ကာထားသလို ဖြစ်နေ၏။ ထိုကဲ့သို့ဖြစ်နေစဉ် ရဲရဲနီသော နေလုံးကြီးသည်ထိုးတက်လာ၏။ ထိုနေလုံးကြီးနောက်မှ လမင်းကြီးလည်း ထိုးတက်ပေါ်ထွက်လာ၏။ လမင်းကြီးသည် နေလုံးကြီးနှင့် ရင်ဘောင်တန်းမိသောအခါ နေလုံးကြီးမှိန်သွား၏။ နောက်တဖန် လကြီး တစင်းထွက်လာပြန်၏။ ပထမထွက်နှင့်နေသော လမင်းကြီးနှင့် ရင်ဘောင်တန်းမိသောအခါ နေလုံးကြီး သည် မှိန်သည်ထက်မှိန်သွားပြီး အောက်ပြုတ်ကျသွား၏။

ဘုရားပေါ်ရှိသောလူများက လနှင့်နေပြိုင်ကြတာ နေရှုံးသွားပြီဟေ့ဟု အော်ပြော နေကြ၏။ ထိုနောက် လနှစ်စင်းတို့သည် အရှေ့လောကခါတ်ကတစင်း၊ အနောက်လောကခါတ် က တစင်း၊ ၂စင်းပြိုင်တူ တည်နေကြ၏။ လူများတို့က တယ်ဆန်း ဟ . . . ရှေ့လည်းလထွက် အလင်းရောင်ပေး အနောက်ကလည်း လထွက် အလင်းရောင်ပေးဆိုတော့ ဧကန်တတော့ နေကျဆုံးလို့ဖြစ်ရမယ်ဟု ပြောနေ ကြ၏။ ကျွန်ုပ်လည်း ပုတီးစိတ်နေတာပြီး၍ သူတို့ပြောပြနေရာဘက်သို့ လှည့်ကြည့်လိုက်၏။ တော်တော် ထူးဆန်းစွာ ဖြစ်နေတဲ့အကြောင်း မှတ်ထားလိုက်၏။ ဒီအရေးအခင်း အတွေ့အကြုံဟာ ဘာအဓိပ္ပာယ် ရှိပါသလဲဟု ကျွန်ုပ်စိတ်ထဲတွင် စဉ်းစားနေစဉ် အဘိုးကြီးတယောက်လာပြီး ၁၃၃၉-၄၀တွင် အဖြေပေး လိမ့်မယ် စဉ်းစားမနေ နှင့် ကိုယ်လုပ်ရမဲ့ဟာသာ ဆက်လုပ်ပါဟုပြောသဖြင့် ကျိုက်သလွန်ဘုရားကြီးကို လက်ကျာရစ် တပါတ်လှည့်ပြီး မြောက်ဘက်လျှောက်သွား၏။

ကျယ်ပြန့်သောနေရာသမံသလင်းပေါ်မှာ ရှုတ်နေသောအမှိုက်များကို လူများက ရှင်းနေကြပြီး အမှိုက်ပုံများကို ကျွန်ုပ်က မီးဒုတ်နှင့်မီးရှို့နေရာ အမှိုက်ပုံများအချို့ပြာဖြစ်သွား၏။ မစင်များနှင့် ရောနေ သော အမှိုက်ပုံများမှာ မီးရှို့တော့ အနည်းငယ်သာလောင်၏။ သို့ဖြစ်၍ မစင်ပါသော အမှိုက်ပုံအချို့ကို ကျွန်ုပ်က ဆက်လက်ပြီး မရှို့ဘဲနေ၏။ ဘုရားကုန်းတော်ပေါ်မှ ဆင်းလာခဲ့၏။ နိုးလာ၏။ ကျွန်ုပ်လည်း ဤမှတ်တမ်းကို ရေးလိုက်၏။ နာရီဝက်လောက်ကြာတော့ တုံးခေါက်သံ၊ ကြေးစည်သံကြား၍ ထပြီး မျက်နှာသစ် ပုတီးစိတ် အာရုဏ်ဆွမ်းစားပြီး ၆နာရီ တောင်ပေါက်ကျောင်းမှ ထွက်လာ၏။ နံနက် ၆နာရီ၂၀ သဘော်ဆိပ်ရောက် တက်စီး - မော်တော်ခ ပြား ၃၀ပေးရ၏။

နံနက်ရနာရီခွဲ မုတ္တမဘူတာရောက် ရထားထွက်မည့်အချိန် မေးကြည့်တော့ ၉နာရီမှဆို၍ ကျွန်ုပ်က မုတ္တမမြသိန်းတန်ဘုရားသွားပြီး ပုတီး၂၇ပတ်စိတ်လိုက်၏။ ဦးသံဝရတို့က ဘူတာမှာနေရစ် ခဲ့၏။ ကျွန်ုပ်မှာ တောင်ပေါက်ကျောင်းမှစ၍ ဘိနပ်သဲကြိုးပြတ်ကာ ထားပစ်ခဲ့သောကြောင့် ဘုရားသို့ ဘိနပ်မပါဘဲသွား၏။ ပုတီး၂၇ပတ်ပြည့်၍ ဘူတာပြန်လာ၏။ နာရီကြည့်တော့ ၈နာရီခွဲ ဦးသံဝရတို့က ရထားတွဲပေါ်မှ လက်ရပ် ခေါ်၍ တက်သွား၏။ ၉နာရီထိုးလျှင် မုတ္တမရထားထွက်၏။ မရန်းကုန်း နေ့ ၁ချက်ခွဲရောက်။ မရန်းကုန်းမှ ဦးမောင်မျှင်ဆိုသော ဦးသံဝရတကာအိမ် ခေတ္တနား၏။ ၎င်းမှ မြသပိတ် တောင်သွား၏။ ညနေ၅ နာရီ ရောက် ဘုရားတက်၊ ပုတီး၉ပတ်စိတ် ၆နာရီပြန်ဆင်း ဝင်းကရွာကြီးပတ်၍ ဝေပုလ္လတောင်သွား၏။ ညလည်း ဖြစ် မှောင်လဲမှောင်ဆိုတော့ လမ်းမှားနေကြ၍ တွေ့သူကို လမ်းမေးရ၏။ ည၇နာရီလောက်မှ ဝေပုလ္လတောင် ရောက် - တက် - ၇နာရီ၂၀လောက် တောင်ပေါ်ရောက်၏။

ဦးသံဝရ၏ရဟန်းတကာမကြီး ဒေါ်ကြင်လှိုင်တို့နှင့်တွေ့၍ စကားပြောကြပြီး ပြင်ထားသော နေရာများမှာ အိပ်ရန်အသီးသီး နေရာယူကြ၏။ ဦးသံဝရ ရဟန်းအမကြီး ဒေါ်ကြင်လှိုင်တို့က နက်ဖြန်

ပြာသိုလပြည့်ကျော် ၂ရက် စနေနေ့ ဇန်နဝါရီ၄ရက် လွတ်လပ်ရေးနေ့ ဖြစ်၏။ နံနက်၆နာရီ
ကျိုက်ထီးရိုးဆံတော်ရှင်အား ဝတ်တွားကော်ရော်ပူဇော်ကန်တော့ပြီး ပြန်လာခဲ့ကြ၏။ ကင်ပွန်းစခ
သို့ ၁၀နာရီခွဲရောက်၏။ ဆွမ်းစား ရေချိုးကြပြီး၁၂နာရီ၁၅ ကားစီး၍ကျိုက်ထိုလာ ၁ချက်ရော
ရှေ့ခရီးဆက်ရန် ကားစောင့် ၂ချက်လောက် သထုံထွက်ရန် ကားလာ၍ တက်စီးကြပြီး လိုက်သွား
သထုံ၃နာရီ ၄၅မိနစ်ရောက် ရွှေစာရံဘုရား ပုတီး၂၇ပတ်ဝင်စိတ်၊ ထိုဘုရားတွင်အာရုံထဲမှာ ကျော
ခန်းတခုထဲမှာ ၆လက်မလောက် တင်ပလ္လင်ခွေ ဘုရားရုပ်ပွားတော်များ လေးမျက်နှာ မှန်သေတ္တာ များ
ကိုးကွယ်ထားတာ တွေ့ရ၏။ ဆုရေ ၈၀လောက်ရှိမည်ထင်၏။ ထိုဘုရားများ အာရုံပေါ်ပြီး နေ
ပုတီးပတ်ပြည့်၍ မေတ္တာပို့အမျှဝေကာ ထလာကြ၏။

ရွှေစာရံဘုရား အနောက်ပေါက်မှာ မုတ္တမသွားမည့်ကားက အရံသင့်ဖြစ်နေ၍ တက်စီးကြ
လာကြ၏။ မုတ္တမသို့ ညရနာရီ ရောက်ကြ၏။ မြသိန်းတန်ဘုရား ပုတီး၉ပတ် ဝင်စိတ်ခဲ့၏။ ညဖြစ်
မော်တော်မရှိတော့ကြောင်း ဆိပ်ကမ်းကပြောသဖြင့် အခြေအနေကို စောင့်ကြည့်နေကြ၏။ ထိုအခိုက
ကြံသကာလာပို့သော မော်တော်လာ၍ပြန်ပြီး မော်လမြိုင်ပြန်ပြီးသွားမှာလား မေးတော့ကြံသကာမျ
ချပြီးလျှင် သွားမည်ဖြစ်ကြောင်းပြော၍ တက်စီးပြီးစောင့်နေကြ၏။ ကြံသကာများ ချပြီးတော့ မော်တေ
ထွက်၏။ မော်လမြိုင်သို့ ည ၈နာရီခွဲ ရောက်၏။ ရွှေမင်းဝံဆရာတော်၏အသိ တကာကြီးတိုက်ဝ
တိုက်က တောင်ပေါက်ကျောင်းကို ည ကိုးနာရီလောက် သူတို့ကားဖြင့် လိုက်ပို့၏။ မော်လမြိုင် တော
ပေါက်ကျောင်းသို့ ရောက်သောအခါ သထုံရွှေစာရံဘုရားမှာ အာရုံပေါ်သောအတိုင်း ဘုရားမျ
ကျောင်းကံများတွင် မှန်ကျောင်းဆောင်များဖြင့် အထက် ၈ပေအမြင့်လောက်မှာ ခန့်ညားသပ်ရပ်စွ
ပြုလုပ်ထားတာ တွေ့ရ၏။ တောင်ပေါက် ဆရာတော်ကို မေးကြည့်တော့ ဆရာကြီးတစ်ယောက်က
ဤဘုရားများကို စီရင်ပေးကြောင်း လျှောက်ထား၏။

ကျွန်ုပ်လည်း ပရိတ်တော်များ၊ ဂါထာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး မေတ္တာပို့အမျှဝေ၍
၁၀နာရီခွဲလောက်မှာ အိပ်၏။ ပြာသိုလဆုတ် ၃ ရက် နံနက် လေးနာရီထ ဘုရားဝတ်တက် ပုတီးစိ
နံနက် ၆နာရီလောက်မှာ တောင်ပေါက်ကျောင်းမှာဆွမ်းစားပြီး ကျိုက္ခမီကား ၇နာရီတက်စီး။ ၈ နာရီ
မုဒုံရောက်၏။ ၈ခွဲသံဖြူဇရပ်ရောက်၊ ကိုးနာရီမှာ စက်စဲပင်လယ်ဆိပ်ကမ်းသာ ရောက်၏။ နံနက်
၁၀နာရီမှာ ကျိုက္ခမီရေလယ်ဘုရားရောက် နေ့ဆွမ်းစားပြီး ပုတီး၁၀၈ပတ်စိပ်။ ထိုအနားက ဆက်ဝှက်
တော်ကြီးဘုရား၊ ကျိုက်မရောဘုရားများကို ပုတီးကိုးပတ်စီ စိပ်ခဲ့၏။ ၁ချက်ကားပြန်ထွက်လမ်းမှာ ကျောက်တစ်လုံးဘုရား၊ မုဒုံကန်
ပြန်ရောက်ခေတ္တနားပြီး ကျိုက်သံလန်ဘုရား၊ မဟာမြတ်မုနိဘုရား၊ ခေါင်းဆေးကျွန်း ဘုရားများပုတီး
ကိုးပတ်စီစိပ်ပြီး ကျောင်းပြန်။ တောင်ပေါက်ကျောင်း ၉နာရီပြန်ရောက်၏။ ၅နာရီ တောင်ပေါက်ကျောင်း
ဂုဏ်တော် - တသန်းသုံးသိန်းကိုးသောင်းတစ်ထောင်တရာလေးဆယ် ရသောနေ့ဖြစ်၏။ ထိုနေ့ကမီးခါတ် သမ္မာသမ္ဗု

ပြာသိုလဆုတ်၄ရက် တနင်္လာနေ့ ညတချက်လောက်အိပ်မက်၏။ ကျိုက်သလ္လန်ဘုရားပေါ
အရှေ့ဘက်လှည့်၍ ပုတီးစိတ်နေ၏။ ကျွန်ုပ်က အနောက်ဘက်က အရှေ့လှည့်ထိုင်ပြီး စိတ်နေသော
ကြောင့် စေတီလုံးကြီးမှာ အရှေ့မှ ဝင်းလက်ဖြာထွက်နေသော အလင်းရောင်တို့သည် ဘုရားကုန်းတော်

ဆွမ်းစား လွှတ်ရည်သောက်ပြီး ရွှေဘုံဆင့်ဘုရားအတွက် ရာဟုထောင့်မှထိုင်၍ ပုတီးအဓိဋ္ဌာန် ၄၅ ပတ်စိတ်၏။ ဘုရားက တည်နေတုံး ဖြစ်၏။ နေ့ ၁၂နာရီခွဲလောက် ဦးကျင်သိန်းကားလာ၍ ရန်ကုန်ပြန်လိုက်သွား၏။ ၄နာရီခွဲလောက် ဒေါ်ရှမ်းဝိုင်းအိမ်ရောက်၏။ မာရ်အောင်ဆရာတော်ထံဝင်၍ ဆိုမှအောင်သိဒ္ဓိကုန်တက်ကြည်ပြီး ရွှေမင်းဝံကျောင်းပြန် ည၇နာရီ ရွှေတိဂုံသွားပုတီး ၂၇ပတ်စိပ် ကျောင်းပြန် ည ၁၁နာရီလောက်အိပ်ကြ၏။ ၁၃၃၀ ခု ပြာသိုလပြည့်နေ့ နံနက်သုံးခွဲထ ဘုရားဝတ်တက် ပုတီးစိပ် ၄၅ပတ်ရ၏။ အာရုံဆွမ်း ရွှေမင်းဝံကျောင်းမှာစား မနက်ကိုးနာရီ ဒေါ်ရှမ်းဝိုင်းအိမ် ဆွမ်းစား သွား၊ ထိုကမှ ရွှေတိဂုံသွားနေ့ ၁၂နာရီရောက် ပုတီး ၂၇ပတ်စိပ်ပြီး ကျိုက်ထီးရိုးဘုရား သွားမည့် အကြောင်း လျှောက်ထားပြီး ရွှေမင်းဝံကျောင်းပြန် ညနေ ၅နာရီလောက် ကျိုက်ထီးရိုးသွားရန် ပြင်ဆင်ကြပြီး ၆နာရီလောက်ဘူတာကြီးနားက မော်လမြိုင်ကျောင်း သွားအိပ်ကြ၏။

ပြာသိုလပြည့်ကျော် ၁ရက် သောကြာနေ့ နံနက်သုံးနာရီထ ပုတီးစိပ် ရှိခိုးပြီး သုံးနာရီလေးဆယ် ဘူတာကြီးလာ ရထားနေရာမှာ ရွှေမင်းဝံဆရာတော်၏ ကိုရင်ဦးပဥ္စင်းနှစ်ပါးတို့က နေရာယူထား ကြသဖြင့် အဆင်သင့်ဖြစ်၍ လေးနာရီရထားတွဲပေါ် တက်ကြ၏။ လေးနာရီခွဲ ရထားထွက်၏။ ရထားက ကျိုက်ထို ဘူတာအရောက် လေးကျပ်ခုနှစ်ဆယ်ငါးပြားပေးရ၏။ ကျိုက်ထိုဘူတာကို ရှစ်နာရီခွဲ ရောက်၏။ ကားကအဆင်သင့်ဖြစ်၍ကားတက်စီး ကားခ ၇၅ပြားပေးရ၏ ၉နာရီ၁၅ ကင်ပွန်းစခန်းရောက် ဆွမ်းစားပြီး ၁၁ နာရီခွဲလောက် စတက်ကြ၏။ ညနေငါးနာရီ ကျိုက်ထီးရိုးဘုရား ရောက်၏။ ကျွန်ုပ်နှင့်ပါကြသူများမှာ ရွှေမင်းဝံဆရာတော် ဦးသံဝရ ကိုရင်လေးတပါး ပေါင်းသုံးပါးဖြစ်၏။

ဘုရားရောက်ကြလျှင် သိမ်ထဲမှာတည်းကြ၏။ ကျွန်ုပ်သည် လွန်ခဲ့သော ၁၃၁၇နှစ် တပို့တွဲ လဆန်းတရက်မှ တပေါင်းလဆန်း ၁၅ရက် (တပေါင်းလပြည့်)တိုင်အောင် ၄၅ ရက်တိတိ ဤကျိုက်ထီး ရိုးသိမ်ထဲမှာ အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်နေခဲ့သောနေရာဖြစ်၍ ထိုအထဲကို အမှတ်တရ တည်းခိုခြင်းဖြစ်၏။ ထိုအချိန်က လင်းထင်တို့ ဘုရားတဝိုက် မင်းမူနေသောအခါဖြစ်၏။ ကျိုက်ထီးရိုးတောင်ပေါ်မှ ဘုန်းကြီး တပါးထဲနေကြခြင်းမရှိကြ။ ကျွန်ုပ်အဓိဋ္ဌာန်ပြီးခါနီးမှာ ကျိုက်ထိုကဘုရားလူကြီးနှင့် တပ်မတော်သားတို့ တက်ပြီး သိမ်းပိုက်စောင့်ရှောက်လာကြတာကို တွေ့ခဲ့ရ၏။

မှတ်ချက်။ ။ ကျိုက်ထီးရိုးဘုရား အဓိဋ္ဌာန်ဝင်ချိန် အတွေ့အကြုံမှတ်တမ်းကို အခါ ရေးပါအုံးမည်။

ဘုရားရောက်ကြသောအခါ နာရီဝက်လောက် အနားယူပြီး ပုတီး၁၀၈ပတ် အဓိ [illegible] ၏။ ည၈နာရီမှာပြီး၍ အိပ်ကြ၏။ ၁၂နာရီလောက်ထ၍ ပုတီး၁၀၈ပတ် အဓိဋ္ဌာန်စိတ်ပြန်၏။ ၂ချက်လောက် မှာ ပုဂ္ဂိုလ်တပါးအနားတွင် လာစိတ်နေတာသိလိုက်၏။ ၄နာရီလောက်မှာ ထိုပုဂ္ဂိုလ် စိတ်ပြီးသွားကြောင်း သိလိုက်၏။ ကျွန်ုပ်သည် အဓိဋ္ဌာန်နှင့်မို့ စကားမပြောလိုက်ရ။ ထိုပုဂ္ဂိုလ်ကြီးကတော့ "ကျိုက္ခမီထိအောင် အရောက်သွား အနည်းဆုံး ပုတီးအဓိဋ္ဌာန် ၁၀၈ပတ်စိတ်ခဲ့" ဟု အသံဝါကြီးနှင့် ပြောသွားတာ ကြားလိုက် ရ၏။ ဦးသံဝရတို့လည်း ထလာကြပြီး ဘုရားရှိခိုး ပုတီးစိတ်ကြ၏။ ကျိုက်ထီးရိုးဘုရားမှာ ဂုဏ်တော်၁၂ ပြီးအောင် ခါတ်ကြီး၄ပါးနှင့် စိတ်မည်ဖြစ်ကြောင်း အဓိဋ္ဌာန်ခဲ့၏။

သော်လည်း ရှင်တော် အထွဋ် အမြတ်လကျာ် ရှင်သာရိပုတ္တရာ ပညာဆွေးနွေး အာယုဘ
မနေးခုနစ်ရက် ထွက်သည့် ဇာတာ ဟောသောအခါ၌ ကြောက်စွာမောင်ရှင် တုန်လှုပ်ကြ
အသျှင်ဂေါတမ သုံးလူတလျှင် ဝေငှမေတ္တာ ဖျမ်းမျှသောခါ၌ ဖွယ်ရာတစီး မရှိကိစ္စ ရှ
အသက်ထို့ထက်စည်းစိမ် ရိပ်ငြိမ်စံပ ရသည်ချမ်းသာ ထွဋ်ချာပရမေ သုံးလူမျိုးဆွေ မေ
ရေဖြင့် ဖျမ်းပေထုံထ ဘုရားရှင်ဂုဏ် တရားတော်ဂုဏ် သံဃာတော်ဂုဏ် ရတနာသုံးပါး
ကိုးပါးလုံးရုံ၍ ကင်းတုံရောဂါ အနာခပင်း - ကိုယ်တွင်းအန္တရာယ် ပျောက်လတ္တံ့သေး၊ ချမ်း
ပေး၏။ ထို့ကြောင့်ရကား သူတော်ကောင်းတွင် ရှိသောရောဂါ နင်တို့ဘာသာ မနေ
စုန်းနှင့်ဖုတ်ပြိတ် ကြက်ငှာမာတရား နတ် ၃ပါတ် တစ္ဆေရှိလေနတ်များ နတ်အပြားတို့ မကေ
သောဒသာ မကောင်းသောကြမ္မာ ထွက်လေလျှင်စွာ နင်တို့ဘာသာ မနေရရာ ပြေ
လျှင်စွာ နင်တို့ကြမ္မာ မနေရရာ ပြေးနမော သုဂတော အရဟံ ဗုဒ္ဓေါဘဂဝါသိဒ္ဓိ ဇေ
ဇေယျတု ဇေယျတု ပြေး ဒူရေ - ဒူရေ - ဒူရေ သွာဟ။

**သံကောက်ကြီး မန္တရားပြီး၏။**

ရှေ့မင်းတို့ မတရားပြုသောအခါ ဟူးရာတို့ရွတ်ဖတ်ရ၏။ နမောတဿ ၅လုံး ကောက်စုံ
ပြုလိုက်ဦးအံ့။

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဘ | ရာ | သ | မော | ဝ | တော | ဒ္ဓ | ဿ | အ | မ္မာ | န | ဂ | ဟ | မ္ဗု | တ | ခကာ | သ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | ဘ | ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဒ္ဓ | မ္ဗု | သ | မ္မာ | သ | တော | ဟ | ရ | အ | တော | ဝ | ဂ | ဘ | ဿ | တ | မော | န | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဟ | ဿ |
| ဟ | ဿ | ထ | တော | န | တော | ဘ | မ္ဗု | အ | မ္မာ | သ | ဂ | ဒ္ဓ | ရ | တ | မ္မာ | ဝ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

၁၃၃၀ ခု ပြာသိုလဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၅နာရီထ မျက်နှာသစ် ဘုရားဝတ်တ
နံနက်ဆွမ်းစားပြီး ၇နာရီလောက် ရွှေဟင်္သာဘုရားသွားဖူးပြီး ပုတီး ၂၇ ပတ်စိတ် စောင်းတန်းအတ
လျှောက် ရွှေမောဓောဘုရားကြီးသွားလမ်းတွင် ဒေါ်စာရီကျောင်းခေတ္တဝင် ၈ ခွဲလောက်ဘုရားကြီ
ရောက် ရွှေမောဓောဘုရားကြီးမှာ ပုတီး ၄၅ပတ်စိတ်၊လက်ယာရစ်တပတ်ပြီးမှ အင်္ဂါထောင့်က
စိပ်၏။ ပုတီး ၄၅ပတ်ပြည့်တော့ ဘုရားရှိခိုး အနေကဇာတင်နေတုံး လူတယောက်ရောက်လာ
အရှင်ဘုရားဆရာတော်များ ဆွမ်းစားဘို့ရန် စောင့်နေကြပါတယ်ဟုလျှောက်၍ မေတ္တာပို့အမျှဝေ
ပြန်လာခဲ့၏။ နာရီကြည့်လိုက်တော့ ၁၀ နာရီခွဲနေ၏။ ရွှေဘုံဆင်ကျောင်း ရောက်တော့ ထိုအကြောင်း
လျှောက်တော့ ဆရာတော်များက လူလွှတ်၍ အလျှောက်မခိုင်းကြောင်း အမိန့်ရှိ၏။

ရထိ ဘဂဝါသိဒ္ဓိ ဇေယျတု ဇေယျတု ဇေယျတု ဩြောင်းဒူးရေ - ဒူးရေ - ဒူးရေ သွားဟ။

၈။ ဩြောင်း နမော - အရဟံ သမ္မာသမ္ဗုဒ္ဓေါ - ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဓမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဘဂဝါသိဒ္ဓိ၊ ဘုရား တရား သံဃာ ရတနာသုံးပါး ဦးထိပ်ထား၍ မဟာ ထဂလိ၊ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟ ဏီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏ၊ ဖုဿ၊ အဿလိဿ ၊ မာဃ၊ ပြုပ္ပါဘရ ဂုဏ္ဏီ၊ ဥတ္တရာဘရ ဂုဏ္ဏီ၊ ဟဿဒ၊ စိတြ၊ သွာတိ၊ ဝိသာခ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုပ္ပါသဠ်၊ ဥတ္တရာသဠ်၊ သရဝံ၊ ဓနသိဒ္ဓိ၊ သတ္တညိဿို ဖီးတာပါလော၊ သူရိယာ နေမင်း၊ လေးကျွန်းသနင်း၊ အရောင်ချင်း၏။ ပြိုဟ်မင်းရှစ်ပါး သူတော် အားကို ဖိတားအရေး ယူပါသေးလော၊ ဘေးရောဂါကို ချမ်းသာခုပင်၊ ပျောက်စေခြင်း၏၊ ဩြောင်းနမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဓမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဘဂဝါ သိဒ္ဓိ ဇေယျတု ဇေယျတု ဇေယျတု - ဩြောင်း ဒူရေ - ဒူရေ - ဒူရေ - သွာဟ။

၉။ ဩြောင်း နမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ - ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဓမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါ သိဒ္ဓိများသည် ချမ်းသာ ဖြစ်လေရာသည်။ စမခန်နှင့် ယမခန် မိတ္တုရာဟု တူကြောင်း သံဒေါင်းစန်းလင် တက်သက်စုန်ဆန် သွားဟန်မာရစက် ပါဒ်ခိုက်၍ ကြင်းပျက်နဝင်းပျက် ဒသာပျက် စနေ အင်္ဂါတထုပ်၊ တထဝါ ဗီလာတထူး၊ ကြယ်ဦး အဿဝဏီ အညီစွယ်ဖျား၊ နဂါးမလွတ် ဥပါဒ်ကာက မိတ္တုစသား ပါပဂြိုဟ်စီး ရှည်လတ်သောအခါ အတာသကြိန် ဝရုံမပြောင်း ဒိန္နက်သဲ ကရပတ် ပဥ္စပ္ပတ်နှင့် ဆပ္ပတ်ရက်ယုတ် ကိန္နယုတ် တပင်တိုင် ရက်ဆိုင်ဗီလာ ရွေ့မှာရာဟု အင်းပြုစီမံ နာမ်မြှုတ် ရုပ်ထား တိုက်ခိုက်များနှင့် အောက်လမ်းဆေးစု ခိုက်မှုလွတ်ကြောင်း အလောင်းတဖော် သူတော် မြတ်ကို ဖီးတားမေတ္တာ ရေသီတာသို့ ချမ်းသာအေးမြ ငြိမ်းစေရ၍ ဖျင်းမှုများစွာ ဥစ္စာခပင်း စီးစိမ်လင်း၍ နတ်မင်းဂြိုဟ်စင် ပေးစေခြင်း၏။ ဖြင်းမှုဆေးဝါး မန္တတရားနှင့် ဘုရားမြတ်လှ ဂေါတမ ပညာမဟုတ်ပါလော့၊ တို့ကြောင့်ရကား သူတော်ကောင်းတွင် ရှိသည်ရောဂါ မနေရရာ စုံးနှင့် ဖုန်ပြိတ် ကြက်ငှာ မာကြာ မာတြိ ဇော်ဂနီ ဇော်ဂနက် ယက္ခိုက်စွက်၍ ဥပါဒ်တစ္ဆေ ရှိလေနတ်များ နတ်အပြားတို့ မကောင်းသောဒသာ မကောင်းသောကြမ္မာ ထွက်လေလျှင်စွာ နှင်တို့ဟာသာ ပြေးလေလျှင်စွာ နှင်တို့ဘာသာ နှင်တို့ကြမ္မာ မနေရရာ၊ ဩြောင်း နမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဓမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ သိဒ္ဓိ ဇေယျတု ဇေယျတု ဇေယျတု ဩြောင်း ဒူရေ - ဒူရေ - ဒူရေ သွာဟ။

၁၀။ ဥုံ နမောသုဂတော အရဟံ ဗုဒ္ဓေါ ဘဂဝါ သိဒ္ဓိ - နေမင်း သူရိယာ လမင်းစန္ဒရာ ရာဟု ဗုဒ္ဓဟူး ရှဉ်ပူးအင်္ဂါ သောကြာ စနေရှည်ထွေတချက် ဒွါဒသ စန်းလင် အသက် အာယုသွားမှု လည်ခြင်း၊ ကိုးနဝင်းနှင့် ကြင်းသုံးစု အာယုသုံးချက် သုံးပိုင်းပျက်၍ စန်းလင်မတော် ရှိငြား

စန္ဒာလမင်း လေးကျွန်းသနင်း အရောင်ချဉ်း၏။ နတ်မင်းနှစ်ပါး သူတော်အားကို ဖိတား အရေး ယူပါသေးလော ဘေးရောဂါကို ချမ်းသာခုပင် ပျောက်စေခြင်၏။ ဩင်း နမော - ဇေယျတု ဇေယျတု - ဩင်း ဒူရေ - ဒူရေ - ဒူရေ - သွာဟ။


၃။ ဩင်း နမော အရဟံသမ္မာသမ္ဗုဒ္ဓေါ - ဘဂဝါသိဒ္ဓိ၊ စဆဇဈည - ညကား အဂ္ဂိ ကြမ်းကြုတ် စွာသည် သစ္စာလေးပါး တရားမင်းဟောသည့်တရား၊ တန်ခိုးအားဖြင့် အနာရောဂါ ဘေး ခွာ၍ ချမ်းသာရကြောင်း သူတော်ကောင်းကို၊ လျှင်ကြောင်းလွတ်စေခြင်သတည်း၊ ဩင်း နမော - ဇေယျတု ဇေယျတု ဇေယျတု - ဩင်း ဒူရေ - ဒူရေ - ဒူရေ - သွာဟ။


၄။ ဩင်း နမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာရဏ သမ္ပန္နော ဘဂဝါသိဒ္ဓိ - ယရလဝ ဝကား ဆင်ပေါက်လှစွာမြောက်၏။ သောမဂြိုလ်မွန်း ခိုက်ရန်မလို ကိုယ်ကိုဆုံးမ ဂြိုလ်ဗုဒ္ဓလည်း ဘေးမှ ကွယ်ရှောင်း သူတော်ကောင်းကို လျှင်ကြောင်းလွတ်စေခြင်သတည်း။ ဩင်း နမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဓမ္မ သာရထိ သတ္တာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါသိဒ္ဓိ၊ ဇေယျတု ဇေယျတု ဇေယျတု-ဩင်း ဒူရေ - ဒူရေ - ဒူရေ - သွာဟ။

၅။ ဩင်းနမော အရဟံသမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တ ရောပုရိသ ဓမ္မသာရထိ သတ္တာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ သိဒ္ဓိ - ပဖဗဘမ - မကား ကဲလောင်းကောင်းသည်အမှန် ခင်ပွန်းမှန်လျှင် ကြာသပတေးဂြိုလ်ကောင်း၊ ခွာရှောင်းဘေးက လွတ်စေသတည်း၊ ဩင်နမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော ဘဂဝါသိဒ္ဓိ - ဇေယျတု ဇေယျတု ဇေယျတု ၊ဩင် ဒူရေ - ဒူရေ - ဒူရေ - သွာဟ။ လောကဝိဒူ ဘဂဝါသိဒ္ဓိ ယရလဝ - ရကား ရာဟုကြီးတဲ့ဂြိုလ်မင်း၊ ဂြိုလ်ခပင်းလည်း ပြင်းသည် ခွန်အားနေလနှစ်ပါး ဂြိုလ်နတ်သားကား ဖိထားလက်ညှိုး တန်ခိုးအာဏာ ခိုက်စေရသာ မျက်အားပြေရုံ လွတ်ပေထုံမှ ချမ်းသာရကား ရာဟုဂြိုလ်မင်း တားခြင်းအရေး ယူပါလေးလော ဘေးရောဂါကို ချမ်းသာခုပင် ပျောက်စေခြင်၏။ ထိုကြောင်းရကား သူတော်ကောင်းတွင် ရှိသည် ရောဂါ စုန်းနှင့်ဖုတ်ပြိတ္တာ ကြက်ငှက်မာတြာ ဥပါတကာ ရှိလေနတ်များ နတ်အပြားတို့ မကောင်းသောတသာ မကောင်းသောကြမ္မာ ထွက်လေလျှင်စွာ နင်တို့ဖါသာ မနေရရာ ပြေလေလျှင်စွာ နိုင်ထိုကြမ္မာ မနေရရာ ဩင်းနမော - အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ ဘဂဝါသိဒ္ဓိ ဇေယျတု ဇေယျတု ဇေယျတ - ဩင်း ဒူရေ ဒူရေ - ဒူရေ - သွာဟ။

၆။ ဩင်း နမော အရဟံ သမ္မာသဗ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော


၇။ ဩင်း နမော အရဟံ သမ္မာသဗ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတောလောကဝိဒူ အနုတ္တရော ပုရိသဓမ္မသာရထိ-ဘဂဝါသိဒ္ဓိ-ဟ-သ-သကားသောကြာ-ဂြိုလ်ကာထက် ရောင်ဝါကြီးကျယ် ဂြိုလ်ငယ်အဟုတ်၊တထုတ်အရေးဆုလတ်ပေး၍ ငြိမ်းအေးချမ်းစေခြင်းသတည်း-ဩင်နမော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတောလောကဝိဒူ အနုတ္တရောပုရိသ ဓမ္မသာ






ခေါင်းစီးအင်း

ဇဝံအစိန္တိယာ ဗုဒ္ဓါ ဗုဒ္ဓါ ဓမ္မာအစိန္တိယာ အစိန္တ ယေ ပသန္နာနံ ဝိပါကော ဟောတု အစိန္တိယော။ ဤဂါထာကို လက်ဝဲဘက်တခြမ်းရံ လကျာ်ဘက်ခြမ်းလည်း ဤဂါထာကိုပင့်ရံပါ။




ကိုယ်ထည်အင်း

အောက်ခံပလ္လင်အင်း

## ''သင်္ဘောကော်ကြီး ဓန္တရားကား''

၁။ ဩောင်နမော ဘဂဝါ သိဒ္ဓိ၊ အအာ၊ က္ကဘ၊ ဥဥ၊ ဇကျဲ၊ ဩဩော် အထောကြံဆ သူရိယ စတေ တနင်္ဂနွေနတ်သားကား ထိပါးပူဆာ မပူလေရာ သူမြတ်မှာကို ငြိမ်စွာအရေး ယူပါစေသတည်း ၊ ဩောင်နမော ဇေယျတု ဇေယျတု ဇေယျတု၊ ဩောင်း ဒူရေ - ဒူရေ - ဒူရေ သွာဟ။

၂။ ဩောင်နမော အရဟံဘဂဝါသိဒ္ဓိ - ကခဂဃင - ငကား တနင်္လာကောင်းမြတ်စွာသည်

"၅လုံးကောက်လက်ာ"

ကျမ်းကြီးကျမ်းလေး အစတွင်ရေးသား
စီကုံး ၁၈ဂါထာစစ်ကို သီကုန်း၍ထား
မမှားရေတွက် ငါးလုံးကျ ဖျက်ပြီးလျှင်
အောက်ကွက်မှာသွင်း နည်းရင်းမူလာ
တထာယူလေ ရှေးနည်းပေတည်း
မသွေထက်အောက် ခယစေါက်သတ္တ
အင်းပြုမှလျှင် ထားမှုအကွရာ ခုနှစ်ကြောင်းစာကို
ဖြူဝါထည့်သွင်း မီးမြှင်းထိုးက
ကျနသေချာ ပေါ်လာရုပ်ရှင်
ရှေ့တိုင်ပင်တည့် တသွင်ထူးခြား
ဆယ့်နှစ်ပါးသိဒ္ဓိ ရရှိအဖုံဖုံ ဘေးမျိုးလုံသည်
ရွှေဘုံနိဗ္ဗာန် ထွက်လမ်းတည်း။

နမောတဿဖြင့် ရတနာဒီပံဖယောင်းတိုင်လုပ်ပြီး စီရင်ပုံကို ပြလိုက်ပါအံ့။ သေချာကျနစွာ ပြုလုပ်ကြပါကုန်၊ ၁၀ကျပ်၊ ၂၀ကျပ်ရရုံမျှဖြင့် မလုပ်ပေးကြပါနှင့်။

တစ်ဖက်ပါအတိုင်း နမောတဿ ၇လုံးကောက်ဖြင့် ဖြစ်စေ၊ ၅လုံးကောက်ဖြင့်ဖြစ်စေ၊ ရွှေပြား ငွေပြားတို့၌ အင်းကွက်ရေး၍ အခါကောင်း ရက်ကောင်းတွင် ဘုရားရှေ့တော်၌ အင်းဆံသွတ်ပြီးလျှင် လက်ဖွဲ့လုပ် ဆောင်လိုဆောင်၊ နံ့သာငါးပါးရေ မွှေးသောရေ စသည်တို့၌ ၇ကြိမ်လောင်းပါလျှင် နတ်သား၊ နတ်သမီး၊ စာမရီ၊ ငှက်ရုပ်၊ ဆရာရုပ်၊ ဘုရားရုပ်၊ ဝိဇ္ဇာရုပ်စသည် ရုပ်ရှင်တခုခု ပေါ်လာတတ်သည်။ ထိုသို့ပေါ်လာလျှင် ထိုက်သည့်အားလျော်စွာ အာယုဝဍ္ဍနထိအောင် အကျိုးပေးနိုင်ပါ၏ သီလ သမာဓိ ရှိပါစေ။

ငင်းပြင် ဤနမောတဿကို ပြခဲ့သည့်အတိုင်း ရတနာဒီပံ အင်းမီးတိုင်စီရင်၍ အကြံအစည်ဟူသမျှကို အောင်မြင်စေရန်ငင်း၊ စုံးပူး နတ်တိုက်အစရှိသည်တို့ကိုငင်း အသုံးပြုကြပါလေ။ ကုနည်းကား ဘုရားတပွဲ၊ သိကြားတပွဲ၊ ပေါက်ပုဂ္ဂိုလ်များတပွဲ ၃ပွဲ ၉မျိုး ၁၈မျိုးစုံစွာပြင်၍ ခေါင်းရင်းကတတိုင်၊ ခြေရင်းက တတိုင်၊ အမိန့်အာဏာပေး၍ထွန်းရမည်။ အနာရောဂါကြီးလျှင်လည်း ဤနည်းအတိုင်း ကုလေ။ သံကောက်ကြီး မန္တရားဖြင့် ရွတ်ဖတ်ပါက အထူးသဖြင့်ပိုမို၍ ကောင်း၏။ ဉာဏ်ရှိတိုင်းသုံးပါ

ဇိဝကဆရာ ပေါ်လာလေက ချမ်းမြေ့ရစေ၍
သပွါယ်စင်ကျ ဓမြတိုက်ကျွေး
ဘေးမျိုးခပ်သိမ်း ပျောက်ကင်းငြိမ်း၏။
ဟိန်းဟိန်းဆူကျော် ဂဠုန်ပေါ်က
မှန်သမျှမြွေ အဆောင်ကောင်ရုပ် မလှုပ်ဝံ့ဘူး
ထူးသည့်ဂဝံ ထက်မွန်တကြောင်း
ကြာဖက်ဆောင်း မျက်နှာဖုံး သုံးခြင်တိုင်းသုံးကြရော့
မြို့လုံးမသိ အန္တိရိပ်ဝင် ထားလျှင်လက်နက်
မထွက်မရှ ကာယသိဒ္ဓိ ပြီးပြည့်အောင်မြင်
အမှန်ပင်တည့် ပြည်၏သခင် ဘုရင်ပေါ်က
မနုဿတို့ မြင်ကကြောက်ရွံ့ အဖွန့်ရှည်စွာ
စီးပွားမှာလည်း တိုးလာပြန့်ပွား
ရေနဂါးပုံ ပေါ်လာတုံက လိုသမျှမှန် ဧကန်ရ၏။
စူဠမဓု ရုပ်စုံကိုစုပြီးလျှင် ဂုရုအာစရိ
သတ်ပုံကိုထည့်လိုက်မည် တြိန်လျှား
သုံးကွက်သား၍ အင်းကားသွင်းရန်
အင်းဆံအက္ခရာ ဘဂဝါမုက္ခပါ၌
သုံးမြတ်ပရိတ် တံဆိပ်ထွက်လာ
ယေပုဂ္ဂလာ အဋ္ဌသတ် သံယာအက္ခရာ
ကွက်မှာသုံးခု ညီစွာပြုထား မြင်းသွားချခါ
လယ်မှာသေစေ ထည့်သွင်းလေမှ
ဂန္ဓပဥ္စ လောင်းလေပြန်က မရဏံထိုဓါတ်
မှတ်ကြမသွေ ယူလေတပဲ ဘော်ခဲတဆယ်
ကြံ့ဝယပစ်က သုဝဏ္ဏဧကန် ဖြစ်ရပြန်၏။
ထိုသည့်ရုပ်သေ သက်ရှည်စေမှု့ အကြောင်းပြု၍
ပြာနုဆိုက်အောင် ဉာဏ်ရောင်အစဉ်
စီရင်ကုန်ကြ သုံးဆောင်ရမူ သယမ္ဘူဘုရား
ဟောကြားမြွက်တိုင်း ရုပ်ပိုင်းနာမ်ပိုင်း
စက်ဝိုင်းသံသရာ အဏ္ဏဝါမှ
လွတ်ကုန်ရသည် မုတ်ချကိုယ်ကျိုး အစစ်တည်း။

ကြံကြံစီကြ ဆယ်ဝသိဒ္ဓိ စွမ်းကုန်ညှိ၍
အင်္ဂါလုပ်ရ ခါးပတ်အင်းအိုင်
မြိုင်မြိုင်ဦးထပ် အရပ်ရပ်မန္တာန် ကြံစီမံလည်း
သန့်သန့်ပြဒါးသေ ပြဒါးရှင်
ထိုပြင်ပြာရိုက် ဘာဂီလိုက်ကြ
နိုက်နိုက်မတွေ့ တွေ့ပင်တွေ့ငြား မသုံးစားလောက်
တောင်မြောက်လိုလို ကြောင်လိုလိုနှင့်
ထိုထိုသိပ္ပ မလိုက်ကြရန်
အရဟံထေရ်မြတ် မိန့်လတ်သေခြာ
သာသနာသည် ရှည်ပါစေဟု အကြောင်းပြု၍
ဂရုမေတ္တာ ထားခဲ့ရှာသည် ကျမ်းမှာအစ
နမောကဟု ဟောပြတရား သုံးပါးပိဋကတ်
ကျမ်းကုန်တတ်လည်း တိမတ်ထင်လင်း
ပျက်ယွင်းမရှိ စွမ်းသတ္တိ ၁၈လုံး
သီကုန်း၍ထား သတ်ကား ရေတွက်
ကျလုံးကိုဖျက်ထိ၍ အောက်ကွက်မှာသွင်း
နည်းရင်းမူလာ တထာယူလေ
သီကုံပေမှ ဟောဠဥဒ္ဓ နှစ်ကြောင်းမှန်သည်
ဘွဲ့ရန်အင်းကား - အလျား ၁၈
သားလစ်ပြီးနောက် ခရစောက်စတု
အင်းမှာပြု၍ ထားမှုအက္ခရာ လေးကြောင်းစာကို
ဆေးမှာထည့်သွင်း မီးမြှင့်ထိုးက
ကျနသေချာ ပေါ်လာရုပ်ရှင်
အသွင်ထွေပြား ဘီလူးခါးထမ်း
အခဏ်းခဏ်းထွက် လက်ရှစ်ဖက်နှင့်
မပျက်သေချာ ပေါ်ထွက်လာလျှင်
တုဘက်မရှိ အန္တိဆာယာ ကိုသာမက
နောက်ကတပည့် ငါးရာရှိလည်း
ပကတိကွယ်သည် သူရသတိ
စန္ဒီမယ်လျှ နတ်မိန်းမပေါ် ချစ်သော်များလှ

| | | |
|---|---|---|
| ပဌမနေ့အဓိဋ္ဌာန် | ၂၇ ပတ် | ၂၇ ရက်အဓိဋ္ဌာန်စိတ်။ |
| ဒုတိယအဆင့် | ၃၆ ပတ် | ၃၆ ရက် အဓိဋ္ဌာန်စိတ် |
| တတိယအဆင့် | ၄၅ ပတ် | ၄၅ ရက် အဓိဋ္ဌာန်စိတ် |
| စတုတ္ထအဆင့် | ၅၄ ပတ် | ၅၄ ရက် အဓိဋ္ဌာန်စိတ် |
| ပဥ္စမ အဆင့် | ၆၃ ပတ် | ၆၃ ရက် အဓိဋ္ဌာန်စိတ် |
| ဆဋ္ဌမ အဆင့် | ၇၂ ပတ် | ၇၂ ရက် အဓိဋ္ဌာန်စိတ် |
| သတ္တမ အဆင့် | ၈၁ ပတ် | ၈၁ ရက် အဓိဋ္ဌာန်စိတ် |
| အဋ္ဌမ အဆင့် | ၉၀ ပတ် | ၉၀ ရက် အဓိဋ္ဌာန်စိတ် |
| နဝမအဆင့် | ၁၀၈ပတ် | ၁၀၈ရက် အဓိဋ္ဌာန်စိတ် |

ဤနဝမအဆင့်ဆုံးလျှင် မဟာဗိုဒ်စခန်းပြီး၏။ ဤမဟာဗိုဒ်စခန်းမှာလည်း သတ်သတ်လွတ်စား၊ မီးလွတ်စားပြီး ဝစီပိတ်နေပြီး စိတ်ပွားရမည်ဖြစ်၏။

**"ဒေးစွန်ပါဆရာတော်၏ကျင့်စဉ်"**ကိုပြောပြသည်မှာ- အ၊သော၊မာ၀ (လ) ဇ၊ဏ၊ခ၊ရာ။ ၂၈ဆူ စမဂါထာများကို တဆူဖွဲ့ဂါထာတပုဒ်လျှင် တနေ့တစ်ရာရှစ်ပတ် ၁၀၈ ရက်အဓိဋ္ဌာန်စိတ်တာပါဘဲ၊ ၁၈ဆူ မြောက်ရွှေမော်ဓော်ဖွဲ့ဂါထာ အဓိဋ္ဌာန်စိတ်နေသောအတွင်းမှာ ပေါက်မြောက်တာပါဘဲဘုရား ဟုမိန့်၏။

**မှာထားချက်**- ထိုနှစ်ကျိပ်ရှစ်ဆူဂါထာများကို နောက်မှာရေးပြထားသည်။ **"ဘိုးမေတ္တာကပြောပြသည်မှာ"**-မေတ္တာသုတ်ကို တနေ့တစ်ရာရှစ်ခေါက် ရက်ပေါင်း ၁၀၀၈ရက် အဓိဋ္ဌာန်ပြီးစိတ်တာနဲ့ ပေါက်လာတာပါဘဲ။ **"ဘိုးသစ္စာကပြောပြသည်မှာ"** ဓမ္မစကြာသုတ်တော်ကို တနေ့လျှင် တစ်ရာ့ရှစ်ခေါက် ပုတီးတပတ်စိတ်ပါတယ် ဝတ်မပျက်အောင်ဆိုပြီး ရက်ပေါင်း ၁၀၈၀ အဓိဋ္ဌာန်စိတ်ပြီး ပေါက်လာတာပါဘဲဟု ပြောကြ၏။

ဘားမဲ့ဆရာတော်ဘုရားကြီးက သာစုသုံးကြိမ် ခေါ်၏။ ကျွန်ုပ်ကလည်း သာစုဒုကြိမ် ခေါ်၏။ ထိုကဲ့သို့ အသီးသီးသာစုခေါ်ကြပြီး အသီးသီးကြွသွားကြ၏။ ကျွန်ုပ်လည်း အိပ်ရာမှနိုးလာ၏။ နာရီကြည့်တော့ ၃နာရီထိုးပြီးစဖြစ်၏။ ဤအိပ်မက်လိုလို အဟုတ်လိုလို ဖြစ်ရပ်တခုကို ချက်ခြင်း ဤမှတ်တမ်းကို ရေးလိုက်၏။ အထက်ပါအိပ်မက်အရ နမောတဿဂါထာ အသုံးလင်္ကာကြီးကိုငင်း၊ ၂၈ ဆူ စမဂါထာများကိုငင်း၊ ရှေ့ပုရပိုက်မူအတိုင်း နောင်လာနောင်သားတို့ မှတ်သားစေရန် ရေးလိုက်ပါဦးအံ့-

## "နမောတဿအကျိုးပြလင်္ကာကြီး"

ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သား
တောင်မင်းပဗ္ဗတံ ကျွန်းရံနှစ်ထောင်
လူ့ဘောင်လောက အနန္တမှာ

## ၇ လုံးကောက်ပုံစံ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နံ | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မှာ | သ | မ္ဗူ | ဒ္ဒ | သ |
| ဝ | မှာ | တ | ရ | ဒ္ဒ | ဂ | သ | မော | အ | မ္ဗူ | ဘ | တော | နံ | တော | သ | ဿ | ဟ | သ |
| သ | တော | တ | မ္ဗူ | ဟ | ဂ | နံ | မှာ | အ | ဿ | ဒ္ဒ | တော | ဝ | မော | သ | ရ | ဘ | သ |
| နံ | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မှာ | သ | မ္ဗူ | ဒ္ဒ | သ |

၂ လုံးတွဲပြီး ပုတီးတလုံးချ တပါတ်စိပ်၊ ၂လုံးတွဲ ၉ပုဒ်ရှိသောကြောင့် ဆုံးလျှင် ၉ပတ်ရ
ဒုတိယပုဒ်လည်း ထို့အတူစိပ်လျှင် ၉ပတ်ရ၏။ ပေါင်း ၁၈ပတ်ဖြစ်၏။ နမောတဿ ရိုးရိုးကလဲ ၂လုံး
နှင့် စိပ်သော် ၉ပတ်ရ၏။ ပေါင်း ၉သုံးလီ ၂၇ရ၍ သတ္တဗီသဖြစ်၏။ ၂၇ပတ်ပေါင်း တစ်နေ့လျှင်၅ကြိ
ပထမအခိဌာန်စိပ်၊ ဒုတိယအခိဌာန်က ၁၀၈ပတ်၊ တခါထိုင် တနေ့လျှင် ၁၀၈ပတ် ၅ကြိမ်ထိုင်၊ တတိ
အခိဌာန်က နမောတဿ အစအဆုံး တလုံးချ၊ တပတ်စီ၏ ၇လုံးကောက်အစအဆုံး တလုံးချ တပ
စိပ်၊ ဒုတိယ ၇လုံးကောက်လည်း တလုံးချ၊ တပတ်စိပ်ပေါင်း ၃ပတ်၊ ၎င်း၃ပတ်မှ တစ်စုံခေါ်၏။တ
၂၇ပတ်အခိဌာန် ၇ လည်း ထို့အတူရက်နဲ့ ပုတီးပါတ်ကိုက်အောင် အခိဌာန်ရသည်ချည်း မှတ်
ဒုတိယ ၅၄ပတ်၊ ပဥ္စမ ၃၂၄ပတ်၊ ဤအဆင့်မှာ ပေါက်မြောက်နိုင်၏။ ငါးပါးသီလလုံပါ၊ သတ်သ
လွှတ်စားပါ၊ သိဒ္ဓိစခန်းဖြစ်၏။

## မဟိဒ္ဓိစခန်း အတွက် ၅လုံးတွဲစိပ်ပုံ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နံ | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မှာ | သ | မ္ဗူ | ဒ္ဒ | ဿ |
| ဘ | ရ | သ | မော | ဝ | တော | ဒ္ဒ | ဿ | အ | မှာ | နံ | ဂ | ဟ | မ္ဗူ | တ | တော | သ | ဿ |
| ဝ | မှာ | တ | ရ | ဒ္ဒ | ဂ | ဿ | မော | အ | မ္ဗူ | ဘ | တော | နံ | တော | သ | ဿ | ဟ | ဿ |
| ဒ္ဒ | ဘု | သ | မှာ | သ | တော | ဟ | ရ | အ | တော | ဝ | ဂ | ဘ | ဿ | တ | မော | နံ | ဿ |
| သ | တော | တ | မ္ဗူ | ဟ | ဂ | နံ | မှာ | အ | ဿ | ဒ္ဒ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| ဟ | ဿ | သ | တော | နံ | တော | အ | မ္ဗူ | အ | မှာ | သ | ဂ | ဒ္ဒ | ရ | တ | မှာ | နံ | ဿ |
| နံ | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မှာ | သ | မ္ဗူ | ဒ | ဿ |

၇လုံးကောက်ကဲ့သို့ ၂လုံးတွဲ မစိပ်ရပဲနော(လ)ဒ္ဒဿ။ တလုံးချဘရသမော(လ)သဿ တလုံး
ဝမှာ(လ)ဟဿ တလုံးချ ဒ္ဒဘု(လ)နဿ တလုံးချ၊သတော(လ) ဘဿ-တလုံးချ၊ ဟဿ(လ
ဝဿ-တလုံးချ၊ နမောတဿ(လ)သမ္ဗူဒ္ဒဿတလုံးချပေါင်း ၇ပုဒ် ၇လုံးချပြီး လှည့်စိတ်သွားရပါမည်
၇လုံးကောက်ကိုလည်း ဤနည်းကဲ့သို့ စိတ်မည်ဆိုလည်း စိတ်နိုင်ပါသည်။

ဘက်က ကုန်းမြင့်မြင့်က တပည့်တော်တည်ခဲ့သောဘုရား၊ ယခုတော့ပျက်စီး၍ ကုန်းနှင့်ဘုရားငုတ်တို ရာလေးသာ ရှိတော့တယ်ဟုပြော၏။ တဖန် ဘုရားအရှေ့မျက်နှာကရပ်ပြီး ဟိုနားက အိမ်များနေရာမှာ ကျောက်မိကျောင်းကြီးနေတဲ့ ရေကန်နေရာပေါ့ကိုယ်တော်။ တပည့်တော် အဲဒီကျောက်မိကျောင်းကြီး ကို ဂါထာမန္တာန် အင်းများဖြင့် အနိုင်ယူပြီး ကျောက်မိကျောင်း၏ ခံတွင်းထဲမှ ကြေးပုရပိုက်ကိုယူ၍ ထိုအထဲမှပါသော အင်းများကို အသုံးပြုသဖြင့် တပည့်တော် ပေါက်မြောက်ရတာပါဟု စည်ကာပတ်ကုံး ပြောနေတုန်း ဟော . . . ရွှေအောင်ရွှေးဆရာတော်တောင် ကြွလာပါပြီကောဟု ဗားမဲ့ဆရာတော်က ပြောလိုက်သဖြင့် ကျွန်ုပ်ကကြည့်လိုက်ပြီး ထိုဆရာတော်ကြီးကို ဝတ်ချကန်တော့လိုက်၏။

ထို့နောက် ဘိုးမေတ္တာ၊ ဘိုးသစ္စာတို့လည်းရောက်လာကြ၏။ ထိုအဖိုးများက ဘုရားကိုကန်တော့ ပြီး ရိုသေစွာထိုင်နေကြ၏။ ထိုအခိုက် ရွှေကြဲစစ်များဖြင့် ပြုလုပ်ထားသော တောင်ဝှေးကို ကိုင်ဆောင် ထားသော ဘုန်းတော်ကြီးတစ်ပါး ရောက်လာ၏။ ဒေးစွန်ပါဆရာတော်ပါလား၊ ကြွပါဘုရား ကြွပါ. . ကြွပါဟု ဗားမဲ့ဆရာတော်က နှုတ်ခွန်းဆက်စကား ပြောကြားလိုက်သဖြင့် ကျွန်ုပ်က မှတ်သားထား လိုက်၏။ ရွှေအောင်ရွှေးဘုရားကုန်းတော် တနင်္ဂနွေထောင့်မှာ ဗားမဲ့ဆရာတော်၊ ရွှေအောင်ရွှေး ဆရာတော်၊ ဒေးစွန်ပါဆရာတော်၊ ဘိုးမေတ္တာ၊ ဘိုးသစ္စာတို့နှင့် တပည့်ငါးယောက်ပေါင်း ဆရာတော် လေးပါး၊ ဘိုးတော် ၇ပါးတို့ စုဝေးမိကြတော့၏။

ထိုအခါတွင် ဗားမဲ့ဆရာတော်ဘုရားက အထက်ဗမာပြည်မှ ကျော်အောင်စံထားဆရာတော် ကြွလာခိုက် ဗဟုသုတရပြီး မှတ်မှတ်သားသား ကျန်ရစ်ခဲ့ရအောင် အရှင်ဘုရားတို့ကျင့်စဉ်ကို မိန့်တော် မူကြပါဘုရားဟု ပြောလိုက်သောအခါ "ရွှေအောင်ရွှေးဆရာတော်က" တပည့်တော်ကတော့ နမော တဿဂါထာကို ၇လုံးပိုက်၊ ငါးလုံးပိုက်ကောက်ပြီးပုတီးစိပ်၊ ၎င်းအတိုင်း ရတနာဒီပံလုပ်ပြီး ဘုရားမီး ပူဇော်၊ အဓိဋ္ဌာန်ကြီးများဝင် ဒါနဲ့ပေါက်မြောက်တာပါပဲဘုရားဟု ဗားမဲ့ဆရာတော်ကို လျှောက်၏။ ထိုအခါကျွန်ုပ်က အဲဒီနည်းကို တပည့်တော်အားမစပါဘုရား၊ ကောင်းပြီ၊ ကျော်အောင်စံထား ဆရာတော် ရေးမှတ်ပါ၊ တပည့်တော်ပြောပါမယ်ဆိုသဖြင့် ဆရာတော်ကြီး ပြောတော်မူသည့်အတိုင်း ကျွန်ုပ်က အောက်ပါအတိုင်း မှတ်ထား၏။

နမောတဿ ဂါထာ၏ စာလုံးများကို ရေးတွက်လိုက်လျှင် ၁၈ လုံးရှိ၍ နဝင်းကြေဖြစ်၏။ နဝင်းကြေလျှင် ဆေးဖြစ်၏။ ၇လုံးကို တစ်လုံးကောက်၊ ၁၈ခါပြန်လျှင် တစ်ကြောင်းရေး၊ ၎င်းအရပြန် ၍ကောက် ၃ခါပြန်၍ကောက်သော် "နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဖြစ်၏။ ထို့အတူ ငါးလုံးကို တစ်လုံးကောက်၊ ၁၈ခါပြန်၍ရေး၊ ၎င်းရသော ၁၈လုံးကို တဖန် ငါးလုံးကိုတခါ ကောက်၊ ထိုကဲ့သို့ ၆ခါပြန်လျှင် "နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓ" ပြန်၍ဖြစ်၏။

လက်တော်တန်းပြီး လက်ဖဝါးပေါ် မတ်တော် ဒူးအထောက်မှာ တင်ပလ္လင်ခွေ စမဘုရားတဆူက လက်တော်တန်းပြီး လက်ဖဝါးပေါ် မတ်တော် ဒူးအထောက်မှာ တင်ပလ္လင်ခွေ စမဘုရားတဆူက အဘိုးကြီးက အဲဒါပေါက်မြောက်တဲ့ အမှတ်အသ စမဘုရား တစ်ဆူတင်ထားသောပုံကို မေးပြန်တော့ အဘိုးကြီးက အဲဒါပေါက်မြောက်တဲ့ အမှတ်အသ ကိုယ်တော်ဟု ပြောပြီး ကျွန်ုပ်နားက ထွက်သွားကြ၏။ ကျွန်ုပ်လည်း တောင်ပေါ်က ဆင်းပြန်လာခဲ့ ကျိုက်ထီးရိုး ဘုရားရောက်နေ၏။ နိုးလာ၏။ နာရီကြည့်လိုက်တော့ ၃ နာရီထိုးနေ၏။ ထမျက်နှာသ ဘုရားရှိခိုး၊ အဓိဋ္ဌာန်ပုတီးစိပ်ပြီး ဆွမ်းစား သံချောင်းခေါက်သံကြားရ၍ ဦးသြဘာသ ဆွမ်းစား ပင့်လာသဖြင့် လိုက်ပြီးစား၏။

ရွှေမင်းဝံမှ နံနက် ၇ခွဲ ကားစီးပြီး ဘီပီအိုင်ဝင်း တိုက်နံပါတ် ၁၊ အခန်း နံပါတ် ၃၊ ဒေါက်တ ဒေါ်ခင်မြင့်စိန်အိမ် သီတင်းသုံးတော်မူသော မာရ်အောင် ဆရာတော်ကြီးထံသွား ၎င်းက မင်းဓမ္မတော ဆွမ်းစားသွား၊ ပရိတ်ရွတ်၊ နေ့၁၂နာရီပြန်၍ ဝန်ကြီးဦးဝင်းအိမ် စမိုင် ညာဏစာဂီရိပ်သာ ကျောင်းအ သမိုင်းမြို့သွား၊ ၎င်းက ရွှေတိဂုံဘုရားသွားဖူး၊ ပုတီးစိပ်၊ ရွှေမင်းဝံပြန်၊ ညနေ ၅ထပ်ကြီးဘုရား၊ ၆ထပ်ကြ ဘုရားများဖူး ပုတီးစိပ်၊ ည ၉နာရီ ရွှေမင်းဝံပြန်၊ ပြာသိုလဆန်း ၁၂ရက် ရွှေမင်းဝံမှ အာရုဏ်ဆွမ်းစား ရွှေတိဂုံသွား ပုတီးစိပ်၊ နံနက် ၉နာရီ ဦးဝင်းတိုက် ဆွမ်းစားသွား၊ ၎င်းက ဝိဇ္ဇာမဟိဒ္ဓိ ဆရာကျော် ပင့်ထား၍ သူ့အိမ်သွား၊ ၂၃ - ၂၅ မင်္ဂလာသိဒ္ဓိ လမ်း - ဥတ္တလစ်ရပ်ကွက်ဖြစ်၏။ ၎င်းက ရွှေတိဂုံသွ ပုတီးစိပ် ည၁၀နာရီ ရွှေမင်းဝံရောက်၏။

ပြာသိုလဆန်း ၁၃ရက် အင်္ဂါနေ့ အာရုဏ်ဆွမ်း ရွှေမင်းဝံမှ စား၍ နံနက် ၉နာရီ အမြတ်တော် အယူခံမင်းကြီး ဦးလှထွန်း - ဒေါ်တင်လှတို့၏ သမီးအိမ် ဆွမ်းစားသွား၊ ၎င်းမှ ဦးကျင်သိန်း၊ ဒေါ်ရှမ် ဝိုင်းတို့ကားနှင့် အင်းတကော်သွား၊ သာသနာပြု မဟာဗောဓိကျောင်း ဘုန်းတော်ကြီး ဦးဇာဂရထံဝ လွှတ်ရည်သောက်ပြီး ပဲခူးသွား - ရွှေမော်ဓော ဘုရားဖူး ပုတီးစိပ်၊ ကလျာဏီသိမ်၊ ရွှေသာလျောင်း ဘုရားများဖူး ရွှေဘုန်းဆင့်ကျောင်းသွား၊ ညနေ ၅နာရီရောက်၏။ အလ္လာပ သလ္လာပပြောဆိုကြပြ ည ၁၁နာရီ အိပ်၊ ထိုနေ့က မီးခါတ်တက်စိပ်နေတာ ၁၄ရက်ရှိ၍ ပုတီး ၉၉၀၂၀၀ရတဲ့အကြောင်း ရွှေမော်ဓောဘုရားကို လျှောက်ထားခဲ့၏။ ဂုဏ်တော် ၁၂ပါးလုံး ပြီးအောင်စိပ်မည့် အကြောင်းလည် အဓိဋ္ဌာန်ပြုခဲ့၏။

၁၃၃၀ခု ပြာသိုလဆန်း ၁၄ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁ ချက်လောက် **အိပ်မက်**၏။ ဗားမဲ့ဆရာ တော်ဘုရားက သူနေခဲ့သော ကျောင်းနေရာနှင့် ဘုရားများလိုက်ပြ၏။ သူအင်းပုရပိုက်ရသော ကန် နေရာကိုလည်းပြ၏။ ကျွန်ုပ်လည်း ဆရာတော်ပြသော နေရာများ မှတ်ထားလိုက်၏။ ထို့နောက် ဗားမဲ့ ဆရာတော်က ဒီပဲခူးမြို့က ထွက်ရပ်စခန်းမှာ တော်တော်များများ ထွက်ကြတယ်ကိုယ်တော်၊ ဘုန်းတော် ကြီးများထဲက ၄၀ ကျော်လောက်၊ လူပုဂ္ဂိုလ်များထဲက ၂၀ ကျော်လောက် ထွက်ကြတယ်။ ထိုအထဲမှာ ရွှေအောင်ရွှေးဆရာတော်၊ ဒေးစွန်ပါဆရာတော်၊ ဘိုးသစ္စာ၊ ဘိုးမေတ္တာတို့က လူသိအများဆုံး ဖြစ်ကြ တယ်။ ထိုပုဂ္ဂိုလ်များနဲ့တွေ့ရအောင် ရွှေအောင်ရွှေးဘုရား သွားရအောင်ကိုယ်တော်ဆိုပြီး ကျွန်ုပ်ကို ခေါ်၍ လိုက်သွား၏။

ထိုဘုရားရောက်တော့ ဘုရားကို သေသေချာချာလှည့်ကြည့်သောအခါ ဖောင်းရစ်အထက်က စာတွေပျက်စီးနေ၏။ ထိုကဲ့သို့ဘုရားဖူးနေတုန်း ဗားမဲ့ဆရာတော်ဘုရားကပြောသည်မှာ ဟိုအနောက်

| | | | | | |
|---|---|---|---|---|---|
| ၁။ နာကောင်း | ၃ကျပ် | ၄။ သွပ်ဖြူကောင်း | ၃ကျပ် | ၇။ ဘော်စင် | ၃ကျပ် |
| ၂။ ဘင်ကောင်း | ၃ကျပ် | ၅။ သံကောင်း | ၃ကျပ် | ၈။ ပြဒါးမီးစင် | ၃ကျပ် |
| ၃။ ငွတ်ကောင်း | ၃ကျပ် | ၆။ ဒန်ကောင်း | ၃ကျပ် | | |

ငင်းရှပ်နှစ်ပါး အချိန် ၂၄ကျပ်သားအနက်၊ တွဲဘက်ရန်နည်းကား - ငွတ်နှင့်သံကိုလုံ ဇော်ဂျီကို သုံးထပ်မံ၊ မီးသွေးတပြည်တခွက်ကုန်၊ နာနာထိုး အေးမှုခွဲ၍ယူ၊ ငင်းခါတ်တင် ကြေးနီကို မီးသွေးတပြည်ကုန် နာနာထိုး အေးမှုခွဲပြီးလျှင် ဘော်ကိုထည့်၊ နာနာထိုး အေးမှုခွဲယူထား၊ နာနှင့် မီးဝင်ကို အလင်းကျို၊ အေးမှုခွဲယူ၊ ငင်းခါတ်နှစ်ပါးကို ကောလိကြေ၍ ကျိပ်ကြေကြရန် လုပ်ထုံး လုံတွင် အောက်ကဘက်နှင့် သွတ်ဆွဲပြီးလျှင် နာပြဒါးတွဲပြီးငင်းထည့်၊ ငင်းအထက်က ငွတ်၊ ဒန်၊ ဘော်တွဲပြီးထည့်ပြီးမှ လုံပိတ်၊ ဇော်ဂျီ ၃ထပ်မံ၍ မီးသွေးနှစ်ပြည် သုံးပြည်ကုန်အောင် လုံခိုင်နို့ နာနာထိုး အေးလျှင်ခွဲ၍ယူ၊ ငင်းရှပ်ခါတ်နှစ်ပါး ကောလိကြေ၍ ထုလိုက်လျှင် ကျိတ်ကြေဖြစ် ငင်းခါတ်မှာ အချိန်မလျော့ ၂၄ပုံ ပုံ၍ထား အထက်ကချုပ်ပြီး မီးရပ် ပြးဒါးလုံးကို ရုပ်ခါတ်ရှ ကြိတ်ကြေတပုံနှင့်လုံပိတ်၊ ဇော်ဂျီ ၃ထပ်မံ၍ မီးနာနာ တပြည်ထိုး။

လုံခွက်ကိုနာနာထိုး၊ အေးမှုယူ၊ ငင်းလုံခိုင်လျှင် စလောင်းဖွင့်၍ချက် အရည်လယ် သံချောင်းနှင့်မွှေ ပြာထွက်၏။ ငင်းကို ပြာချော်ဖြစ်အောင် လက်ချားမီးပေါက်နှင့် ယမ်းစိမ်းနည်း ထည့်ပြီး ပေါက်၍ချက်၊ ခါတ်လုံးကစားပြီးလျှင် ပြာချော်ဖြစ်၍လာ၏။ ငင်းချော်ကျက်အောင် အောင်ထိုးလျှင် ခါတ်လုံးသည် ဆိတ်မျက်လုံးကဲ့သို့ ဖြူ၍နေ၏။ ချအေးမှုယူ ချော်ကိုသိမ်း၍ ငင်းရုပ်ခါတ် ရှစ်ပါး ၂၄ကျပ်သားကို ပထမလုံတွင်ကျွေးသည့်အခါ အစားနဲ၍လေးလျှင် အ ခါတ်ဈပါး ချက်ထားသည့်ပြဒါးချုပ်ဆေးနှင့်ပြဒါးလုံးကိုလေးတူလုံပိတ် မီးရှမ်း အဖုံးချော်ရောက်အေ ထိုးပြီးမှ မျှင်း၍လှည့်ခါလှည့်ခါ မီးသွေးသုံးခွက်ကုန်အောင်ထိုး၊ အေးမှုခွဲယူပြီးလျှင် ရုပ်ခါတ်ရှ ကျိတ်ကြေကို၊ အထက်နည်း ၂၄ပုံကုန်အောင် ကျွေးရမည်။ ငင်းကထွက်သည့် ချော်များကို ထားရမည်။

ရုပ်ရှစ်ပါးကျွေးပြီးနောက် ငင်းခါတ်လုံးကို ၅မတ်သားတင်အောင် ဝက်ဆီ၊ ထောပတ် လောင်း၍ခါ၊ ငင်းခါတ်လုံးကို ၅မတ်သားကျန်လျှင် တော်၊ ခါတ်လုံးနှင့်ရွှေ လေးတူစက်၍ လုံ ဇော်ဂျီ ၃ထပ်မံပြီးလျှင် မီးသွေးတပြည်တခွက်ကုန်အောင် နာနာထိုး၊ အေးလာက ငင်းလုံနှင့် အ ချက်၊ အရည်လယ်လျှင် သံချောင်းနှင့်မွှေ ပြာထွက်လာ၏။ ငင်းပြာ ချော်ဖြစ်အောင် လက် မီးပေါက်တွင် ယမ်းနဲနဲထည့်၍ ပေါက်ခါပေါက်ခါထိုး၍ ချက်ပြာသည် ချော်ဖြစ်လာ၏။ ငင်း သေလျှင် သို့မဟုတ် ကျက်လျှင် ခါတ်လုံးသည် ဖြူ၍နေ၏။ ချ၍အေးမှုယူ၊ ငင်းချော်ကို ရုပ်ခါတ် ချော်နှင့်အတူထား။ "ရှင်ကိုးပါးကျွေးနည်းပြီး၏။" ငင်းနောက် ခါတ်လုံးနှင့်လေးတူ နာထည့်၍ အ ချက်၊ နာချော်ဖြစ်လာ၍ နာချော်သေလျှင် ခါတ်လုံးသည် မျက်တောင်မခတ် ဖြူ၍နေ၏။ မီး တပြည်ကုန်အောင်ထိုး၊ ငင်းနည်းနာနှင့် ၁၀ကြိမ် ချက်ရမည်၊ ၁၀ကြိမ်စေ့ကာလ - ငင်းခါတ်လုံး နာခိုးကုန်၍ စင်ကြယ်ရန် ခြူးရုပ်ဆောင်း ဆေးဖေါ်နည်းကား -

| | | | | | |
|---|---|---|---|---|---|
| ၁။ နာကောင်း | ၃ကျပ် | ၄။ သွပ်ဖြူကောင်း | ၃ကျပ် | ၇။ ဘော်စင် | ၃ကျပ် |
| ၂။ ဘင်ကောင်း | ၃ကျပ် | ၅။ သံကောင်း | ၃ကျပ် | ၈။ ပြဒါးမီးစင် | ၃ကျပ် |
| ၃။ ငွတ်ကောင်း | ၃ကျပ် | ၆။ ခန်ကောင်း | ၃ကျပ် | | |

ငင်းရုပ်နှစ်ပါး အချိန် ၂၄ကျပ်သားအနက်၊ တွဲဘက်ရန်နည်းကား - ငွတ်နှင့်သံကိုလုံ့ ဇော်ဂျီကို သုံးထပ်မံ၊ မီးသွေးတပြည်တခွက်ကုန်၊ နာနာထိုး အေးမှခွဲ၍ယူ၊ ငင်းခါတ်တင် ကြေးနီကို မီးသွေးတပြည်ကုန် နာနာထိုး အေးမှခွဲပြီးလျှင် ဘော်ကိုထည့်၊ နာနာထိုး အေးမှခွဲယူထား၊ နာနှင့် မီးဝင်ကို အလင်းကျို၊ အေးမှခွဲယူ၊ ငင်းခါတ်နှစ်ပါးကို ကောလိကြေ၍ ကျိပ်ကြေကြရန် လုပ်ထုံး လုံတွင် အောက်ကဘက်နှင့် သွတ်ဆွဲပြီးလျှင် နာပြဒါးတွဲပြီးငင်းထည့်၊ ငင်းအထက်က ငွတ် ခန်၊ ဘော်တွဲပြီးထည့်ပြီးမှ လုံပိတ်၊ ဇော်ဂျီ ၃ထပ်မံ၍ မီးသွေးနှစ်ပြည် သုံးပြည်ကုန်အောင် လုံခိုင်နို့ နာနာထိုး အေးလျှင်ခွဲ၍ယူ၊ ငင်းရုပ်ခါတ်နှစ်ပါး ကောလိကြေ၍ ထုလိုက်လျှင် ကျိတ်ကြေဖြစ် ငင်းခါတ်မှာ အချိန်မလျော့ ၂၄ပုံ ပုံ၍ထား အထက်ကချုပ်ပြီး မီးရပ် ပြဒါးလုံးကို ရုပ်ခါတ်ရှ ကြိတ်ကြေတပုံနှင့်လုံပိတ်၊ ဇော်ဂျီ ၃ထပ်မံ၍ မီးနာနာ တပြည်ထိုး။

လုံခွက်ကိုနာနာထိုး၊ အေးမှယူ၊ ငင်းလုံခိုင်လျှင် စလောင်းဖွင့်၍ချက် အရည်လယ် သံချောင်းနှင့်မွှေ ပြာထွက်၏။ ငင်းကို ပြာချော်ဖြစ်အောင် လက်ချားမီးပေါက်နှင့် ယမ်းစိမ်းနည်း ထည့်ပြီး ပေါက်၍ချက်၊ ခါတ်လုံးကစားပြီးလျှင် ပြာချော်ဖြစ်၍လာ၏။ ငင်းချော်ကျက်အောင် အောင်ထိုးလျှင် ခါတ်လုံးသည် ဆိတ်မျက်လုံးကဲ့သို့ ဖြူ၍နေ၏။ ချအေးမှယူ ချော်ကိုသိမ်း၍ ငင်းရုပ်ခါတ် ရှစ်ပါး ၂၄ကျပ်သားကို ပထမလုံတွင်ကျွေးသည့်အခါ အစားနဲ၍လေးလျှင် အ ခါတ်ဇပါး ချက်ထားသည့်ပြဒါးချုပ်ဆေးနှင့်ပြဒါးလုံးကိုလေးတူလုံပိတ် မီးရှမ်း အဖုံးချော်ရောက်အေ ထိုးပြီးမှ မျှင်း၍လှည့်ခါလှည့်ခါ မီးသွေးသုံးခွက်ကုန်အောင်ထိုး၊ အေးမှခွဲယူပြီးလျှင် ရုပ်ခါတ်ရှ ကျိတ်ကြေကို၊ အထက်နည်း ၂၄ပုံကုန်အောင် ကျွေးရမည်။ ငင်းကထွက်သည့် ချော်များကို ထားရမည်။

ရုပ်ရှစ်ပါးကျွေးပြီးနောက် ငင်းခါတ်လုံးကို ၅မတ်သားတင်အောင် ဝက်ဆီ၊ ထောပတ် လောင်း၍ခါ၊ ငင်းခါတ်လုံးကို ၅မတ်သားကျန်လျှင် တော်၊ ခါတ်လုံးနှင့်ရွှေ လေးတူစက်၍ လုံ ဇော်ဂျီ ၃ထပ်မံပြီးလျှင် မီးသွေးတပြည်တခွက်ကုန်အောင် နာနာထိုး၊ အေးလာက ငင်းလုံနှင့် အ ချက်၊ အရည်လယ်လျှင် သံချောင်းနှင့်မွှေ ပြာထွက်လာ၏။ ငင်းပြာ ချော်ဖြစ်အောင် လက် မီးပေါက်တွင် ယမ်းနဲနဲထည့်၍ ပေါက်ခါပေါက်ခါထိုး၍ ချက်ပြာသည် ချော်ဖြစ်လာ၏။ ငင်း သေလျှင် သို့မဟုတ် ကျက်လျှင် ခါတ်လုံးသည် ဖြူ၍နေ၏။ ချ၍အေးမှယူ၊ ငင်းချော်ကို ရုပ်ခါတ် ချော်နှင့်အတူထား။ "ရှင်ကိုးပါးကျွေးနည်းပြီး၏။" ငင်းနောက် ခါတ်လုံးနှင့်လေးတူ နာထည့်၍ အ ချက်၊ နာချော်ဖြစ်လာ၍ နာချော်သေလျှင် ခါတ်လုံးသည် မျက်တောင်မခတ် ဖြူ၍နေ၏။ မီး တပြည်ကုန်အောင်ထိုး၊ ငင်းနည်းနာနှင့် ၁၀ကြိမ် ချက်ရမည်၊ ၁၀ကြိမ်စေ့ကာလ - ငင်းခါတ်လုံး နာခိုးကုန်၍ စင်ကြယ်ရန် ခြူးရုပ်ဆောင်း ဆေးဖေါ်နည်းကား -

အဓိဋ္ဌာန်ပုတီး ၄၅ပတ် ပြီးခါနည်းတွင် ဘုန်းတော်ကြီးတပါး ဘေးနားမှရပ်လာပြီး ငါ့ကိုကန်း က ကိတ္တိ - မှတ်ထားရော့ စာအုပ်ဆိုပြီး ကျွန်ုပ်ရှေ့နားတွင် စာအုပ်လေးတစ်အုပ် ချပေးသွား၏။ ကျွန်ုပ်လည်း ချပေးသွားသော စာအုပ်ကို ကြည့်ရုံသာကြည့်ပြီး အဓိဋ္ဌာန်ပုတီး ၁၀၈ ပတ်ပြီးအောင် စိပ်နေ၏။ ပုတီးစိပ်ပြီးတော့ မေတ္တာပို့အမျှဝေပြီး ပေးသွားသောစာအုပ်ကလေးကို ကောက်ကြည့်လိုက်၏။ မျက်နှာဖုံးမှာ အဖြူဖြစ်၏။ မျက်နှာဖုံးပေါ်က စာများမှာ အောက်ပါအတိုင်း ရေးထား၏။ **"ဓါတ်လုံးကလေး ခပ်ငယ်ငယ်၊ ဓါတ်ကိုးပါးကိုတယ်။ ငယ်သာငယ် ကယ်ဆယ်မဲ့ဓါတ်လုံး ဓါတ်ကောလိ ၃၀ကျူး အောင် ထိုးကြအများ။ ရွှေမရှား၊ ငွေမရှား- ပြဒါးသံသေနှင့် ပြည်တော်ကိုပြန်လို့ကျွေး အေးမည့် ဓါတ်လုံး။"**

**ထွက်ရပ်လမ်း** - တနှစ်ကိုးလအတွင်း ပြီးစီးအောင်လုပ်ကြပါ။ ဦးသဒ္ဓမကိတ္တိ

**မူပိုင်ရှင်** - ကြို့ကုန်းကျောင်းသစ်၊ အင်းစိန်၊ အုပ်ရေ ၁၀၀၀

၁၃၀၂ ခု ပြာသိုလ်လအတွင်း ပုံနှိပ်ပြီးစီးသည်။ အတွင်းက ဓါတ်လုံးထိုး စာရွက်မှာ ၅ရွက်တည်းပါ၏။ စာရွက်အရွယ်မှာ အလျား ၉လက်မ၊ အနံ ၆လက်မရှိ၏။ စာသားများမှာ -

**ခေါင်းစည်း** - မြင်းခြံမြို့၊ အနိမ့်တောရတွင် သီတင်းသုံးတော်မူသော ဦးပရမအရှင်သူမြတ်၏ ထွက်ရပ်လမ်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။


ပြဒါး ၃ကျပ်၊ နာကောင်း ၃ကျပ်၊ ၎င်းနှစ်ပါးကို မီးကစား၍အချိန် ၃ကျပ်သာကျန်လျှင် နာ ၃ကျပ်ထပ်၍ထည့် မီးကစားပြန်၊ ၎င်းနောက် - ၃ကျပ်သားထည့် ပြန်ချိန် ၃ကျပ်သားကျန်လျှင်၊ ၎င်းကိုအလင်းချက် အရည်ဖြစ်လျှင် ဇောင်းလျှားမြစ်နှင့်မွှေ၍ အချိန် ၁ကျပ်သားကျန်လျှင်တော်၊ ဓါတ်ပြဒါး ၅မတ်သားကို ချုပ်ရန် ဆေးရှစ်ပါးကား စိန်နီမြင်းသွား ၂ကျပ်၊ ကျောက်ဆေးဒါန်း ၂ကျပ်၊ ပန်းသေးဟင်းရိုင်း ၂ကျပ်၊ ကန့်အကောင်း ၂ကျပ်၊ ယမ်းစိန်း ၂ကျပ်၊ ကျောက်ချဉ် ၂ကျပ်၊ ဇဝက်သာ ၂ကျပ်၊ လက်ချား ၂ကျပ်၎င်းဆေး ၁၆ကျပ်သားကို အမှုန့်ပြု၍ သမ္ဘာရာရေနှင့်ဖျော်ပြီးလျှင် ကြွေအိုးနှင့်ချက်၊ ၎င်းသမ္ဘာရာရည် ခန်းချောက်၍ အဆီပြန်လာမှချ၊ ၎င်းချော်ခြောက်သွေ့မှယူ၊ အမှုန့်ပြု၍ထား၊ ဓါတ်ပြဒါးနှင့် အလေးတူ၊ ချော်မှုန့်ကိုယူ၍ အထက်အောက်ရှိုးပြီးမှ လုံပိတ်ဇော်ဂျီ ၃ထပ်မံ၍ အဖုံးချော ရောက်ထိုးပြီးမှ မြှင့်ခါမြှင့်ခါ မီးသွေးတပြည်ကုန်၊ နာနာထိုးပြီးမှချ၊ ဇလျှင်ခွဲယူ၊ ၎င်းနည်းတိုင်း ၅လုံးထိုး၊ စေ့ကာလဓါတ်သည် ဆတ်မာ၍မီးရပ်၏။ "ချုပ်ဆေးလက်ာ" ခဲဖြင့်စာရွက် ဘေးကရေးထား၏။

**"စိန်ဆေးကန့်ဝက်၊ ဟင်းယန်း ကျောက်လက် ၂ကျပ်စီဘက်၊ ချုပ်ဆေးအတွက်။"**

၎င်းဓါတ်ပြဒါးကို ထည့်မည့်အခါ ဖိုကိုစောင့်သော ယာမာနတ်မင်း၊ ပလတာနတ်မင်း၊ သာခါနတ်မင်းတို့ကို ကွမ်းရာ၊ လက်ဘက်၊ ပန်းမီးတင်ပြီးမှ စ၍ထိုးလေ၊ ချုပ်ပြီးဓါတ်လုံးကို အစာကျွေးရန် ရုပ်နာမ်နှစ်ပါးကို ကောလိကြေရန်တွဲနည်းလုပ်နည်းကား -

ရုပ်ကြီးရှိ၏။ လူများကလာကြည့်ကြပြီး ဖူးမျှော်ကြ၏။ ကျွန်ုပ်တပည့်ကိုအောင်ဆိုသူက အဘိုးကြီး တစ်ယောက်ကိုမေးတော့ အဘိုးကြီးတစ်ယောက်က ဒီလိုကိုယ်ခွဲနေတာက ပထမံအတတ်တွင် လက်တွေ့ အစမ်းအနေနှင့် သင်တန်းပေးနေတာဖြစ်တယ်ကွဲ့ ရှေ့တစ်ဆင့်တက်လျှင်တော့ စိတ်ကအာရုံ လိုက်ရုံနဲ့ ကိုယ်ခွဲပေါင်း ရာထောင်ဖြစ်နိုင်တော့တာပေါ့ကွယ်ဟုပြောပြီး အဘိုးကြီးက ကျွန်ုပ်ကို ဝတ်ချ ကန်တော့၍ ကျောင်းပေါ်က ဆင်းသွားတော့၏။ ကျွန်ုပ်လည်းနိုးလာ၍ မှတ်တမ်းတင်လိုက်၏။

နံနက်ပိုင်း ပုထိုးတော်ကြီးဘုရား ဓိဋ္ဌာန်ပုတီးစိပ်အပြီးတွင် ယောဂီဝတ်နှင့် လူကြီးတစ်ယောက် က ဦးပဉ္ဇင်း ဘာပုတီးစိပ်တာလဲ ဟုမေးသဖြင့် ကျွန်ုပ်က စိပ်နေသော ပုတီးနည်းလမ်းများကို ပြော လိုက်၏။ ယောဂီကြီးက ဩ ဒီနည်းလမ်းမျိုး တော်တော့်လူ မစိပ်နိုင်ဘူး။ ပါရမီရှင် များသာ စိပ်နိုင် နည်းလမ်းဘဲ ဦးပဉ္ဇင်း အင်း၂အင်းပေးခဲ့ပါအုံးမယ်၊ ရော့ ဦးပဉ္ဇင်းဆို၍ ကျွန်ုပ်က အောက်ပါအတိုင်း ရေးလိုက်၏။ ၂ - ၇သိုက်၊ ၇ - ၇နတ်။ ၅ - ၃ = အစိန်း။ ၄ - ၆ = သရဲ ။ ဤကဲ့သို့ ဂဏန်းများ မှတ်သားပြီး ဤအင်းကိုချရာ၏။




| | | |
|---|---|---|
| ၆ | ၁၂ | ၈ |
| ၁၁ | ၉ | ၇ |
| ၁၀ | ၅ | ၁၃ |

၎င်းအင်းကို ဥစ္စာလိုလျှင် - ဆီမီးခွက်မှာ ချ၍ထွန်းပါလေ၊ **"ရတနာပေါင်းစုအင်း"** ဉာဏ်ယှဉ် ပြီးသုံးပါ။ ဆီမန်းဂါထာရေးသားအုံး ဦးပဉ္ဇင်းဟုပြောသဖြင့် အောက်ပါအတိုင်း ရေးထားလိုက်၏။ ဥုံ သံသတ္တာ၊ သံ ဗုဒ္ဓါယ၊ ဂန္တနိတ၊ ကရဏိယ၊ ကွတိပိသောဘဂဝါ၊ သုဂတော၊ မာတယထာ၊ နိယံပုတ္တံ ဧဝမေတံ ဓါယါမိတိ၊ ဂန္တအမှုံမှို၊ ဩကာသေ။ တိဋ္ဌဟိ ၁၀၀၀ စုတ်။ ဆီမှာသုံးဆယ်၊ မြုတ်ကောင်းဝယ် ချိန်ဝယ်သုံးကျပ်၊ ကျိုပ်၍ခပ်လော့၊ တည်လတ်ပြီးလျှင် ဘုရားရင်ပြင်တွင် တထောင်စုပ်ပါ၊ ပြီးခါအချုပ် မန္တာန်စုပ်ရန် ဥုံတေလံသတ္တေ၊ သရေဝါလော၊ ပရလော နှိမ်ဆရာနှိမ်၊ ခုနှစ်ကျိမ်ချုပ်လေမှာကဲ့ပေသား

ဤဆီများကို သောက်ဌားရမူ ရှင်လူပုဏ္ဏားမျိုးလေးပါးတို့၊ စွမ်းအားဗလ၊ ဖန်းကမမိ၊ ကြီးဘိ တေဇော၊ ဂုဏ်ထင်ပေါ်၏။ မြေပေါ်ဌာတွင် ဖက်မမြင်တည်း၊ တံကျင်အကျဉ်း၊ ထည့်သွင်းနှောင်အိမ် ကြီးကြိမ်လှမ်း ဓါး၊ သေနတ်များလည်း၊ ထိပါးမပေါက်၊ ရန်ပျိုပျောက်၏။ မခြောက်အသား၊ နုထွားစိန်းစို အနှစ်ကိုယ်သို့ မှာဆိုသည့်အတိုင်း၊ မဆုတ်ဆိုင်းနှင့် နေ့တိုင်းသောက်လေ၊ ရက်မသွေနှင့်၊ ပရမေထွင်ရှုံ မြတ်ရိုးမှန်သည်၊ ပေါက်ဆရာမထီး ဆီမန်ကြီးတည်းဟု ရေးမှတ်ပြီး ရွှေဂူကြီးဘုရားအဓိဋ္ဌာန် ပုတီးသွား စိပ်၊ နဂါးရုံအောင်မြေတို့လဲ စိပ်၊ ကျောင်း ၁၀ခွဲပြန်၊ ဆွမ်းစားလွှတ်ရည်သောက် ရေချိုးပြီးနေ့ အဓိဋ္ဌာန် ပုတီးစိပ်၏။

သဗ္ဗညုဂါထာ တော်ကြီးကို မှတ်ထားကိုယ်တော် . . မိန့်ပါဘုရား . . ရေးကိုယ်တော် . . .

ဒိဿဟိ မေ ဓမ္မဂတံ သုနံတု
ဒိဿဟိမေ ယုန္နန္တု ဗုဒ္ဓသာသနံ။
ဒိဿဟိမေ တေ မနုဇာ ပဇန္တု ယေဓမ္မာ
မေဝ ဒယန္တိ သန္တော။
ဒိဿဟိမေ ခန္တိဝါယာ အဝိဓံ ပသံသာနံ။
သုနန္တု ဓမ္မကာလေန တဥ္စ အနုဝိဒယန္တော။
နဟိ ဇာတု သောမံ ဟိသေ၊ အညံ ဝါပန ကိဥ္စနံ
အပ မေယျံ၊ သန္တိယက္ခေ ယဒါဝတံ။

အထက်ပါ ဂါထာမှာ ထိုပုဂ္ဂိုလ်ကြီး ပြောသည့်အတိုင်း ရေးမှတ်ထားခြင်းဖြစ်၏။ ပြာသိုလဆန်း ၅ ရက် ညနေပိုင်း ဘုရားများ အဓိဋ္ဌာန်ပုတီးစိပ်ရာတွင် ရန်အောင်မြင်ဘုရားမှ ဘုန်းတော်ကြီးတပါးနှင့် တွေ့၍ အင်းများပေးသွား၏။ အောက်တွင်ကြည့်ပါ။

**စုတ်ရန်ဂါထာ -** ဥုံ စစေရဟိတံ။ စရဏ ဒေဝံ။ စရမိတ္တံ၊ စတ္တိနံ၊ စတ္တိဘဂ်ယ၊ စစဖြဟ္မာနမာ ဗုဒ္ဓံ။ ၃၇အုပ်စုတ် တိုက်လေအစွဲပယောဂဟူသမျှ ပျောက်၏။

**အက္ခရာသွင်းရန် -** နကါရံ နံ ဥဒံကံ ၊ ခါတု၊ မကာရံနံ ပထဝီခါတု၊ ဗကာရန်တေဇောခါတု၊ ဟိန်းပြီး ရွတ်ဆို၍ရေးပါ။ ထိုလေးပုဒ်ဖြင့် ၃၇ အုပ်စုပ်ပါ၊ လက်စက်မီးခွက် သိမ်ဝင်သပိတ်ကွဲချ၍ထွန်းလေ - မီးဇာမှာ မင်းကိုချိပရိုတ်ချည် တံခွန်မီးတို့လုပ်နိုင်၏။ ဥစ္စာစောင့်မီထွန်းလေ အတိတ်ရအင်း။

| | | | |
|---|---|---|---|
| | က | ၁ | |
| အ | ရ | ဂ | ဓ |
| ဝ | ၃ | ၁ | ၄ |
| | ည | တ | |

| | | | |
|---|---|---|---|
| | ခ | က | |
| စ | ဂ | ရ | အ |
| ၄ | ၁ | ၃ | ဝ |
| | တ | ည | |

**အင်းတို့၏လက်ာ -** စကာ ကေသရာဇာ - ခ ၄ နာဂေ။ တ ဝ ဟတ္တေ - ည အ ဂဠုံချပြီးတုံမှ ၁၂ဖုံ ခါတ် မြင်းသွားခပ်၍ လာဘအကျော် သူတော်ကဝိ ၊ ပညာရှိတို့ မှတ်သိစေလို ပြည္တန်းဆိုမိန့် သိမ်ဝင်သပိတ်ကွဲမှာ စီရင်သေချာချပြီးခါမှ မီးမှာအလျှောက်ကင်တုံမြောက်က မြေစောင့်ဒေဝါနတ် တကာတို့ မြန်စွာမနေ ပို့လာရသည်။ မုချမလွဲဇကံတည်း။

ပြာသိုလဆန်း ၆ ရက်၊ နံနက် ၁ချက်အချိန် အိပ်မက်၏။ ကျွန်ုပ်က ကုလားထိုင်ပေါ် ထိုင်နေ၏။ ကျွန်ုပ်ကို တပုံကဇခုတင်ပေါ် စောင်းလျှက်အိပ်နေ၏။ လျှောင်းနေသော ကျွန်ုပ်ပုံဘေးမှ ရွှေဒေါင်း

နောက်ကပါလာ၏၊ မိန်းကလေးတစ်ယောက်လဲ နောက်က ကပ်လိုက်လာ၏။ ထိုရန်လိုသော လူကလဲ နောက်ကပါလာ၏၊ တံတားပေါ်မှ တွေ့ ချောင်းကူးတံတားရောက်တော့ အမြနှောင့်ယှက်ရန် လိုက်လာသောလူကို ရေစီးထဲမျောပါသွား၏၊ သောဝါးလုံးဖြင့် ထိုလူကို ရိုက်ချလိုက်ပြီး ဝါးနှင့်ထိုး၍ ရေထဲပစ်ချလိုက်၏။ ငေါက်ရသေး၏။ ထိုလူရိုက်ချပြီး နောက် ကပ်ပါလာသော မိန်းကလေးလဲ မလုပ်ရန် ဆွဲထားသေး၏။ မြွေကြီးတစ်ကောင်က ကန့်လန့်ဆီး‌နေ မိန်းကလေးကို ကန်ထုတ်ပြစ်ခဲ့၊ ချောင်းဟိုဘက်ရောက်တော့ နောက်ပြန်ဆုတ်သွားရ ကောင်းမလားဟု ပြန်၏။ ကျွန်ုပ်က ကျော်ရကောင်းမလား၊ မကျော်ဘဲနှင့် ဘာမကျော်ဝံ့ ရမှာလဲဟု စိတ်ကိုတင်းပြီ စဉ်းစားနေ၏။ ငါပုတီးအဓိဋ္ဌာန်တွေအောင်မြင်တဲ့သူပဲဟာ မြွေကြီးက မာန်ဖီပြီးလိုက်၏။ ကျွန်ုပ်သည် ထိုမြွေကို ဖြတ်ကျော်ပြန်၏။ မြွေကြီးဟိုဘက်လဲရောက်ရော ဂါထာကို သတိ ပြေးတော့၏။ တအောင့်လောက်ပြေးသွားပြီးမှ တနေ့ကအိပ်မက်ထဲ ဇော်ဂျီပေးသော မီးခါတ်သဘော ၍ ရွတ်လိုက်၏။ ခဏခြင်း မြွေကြီးမီးလောင်ပြာကျသွား၏။ ကျွန်ုပ်လဲ လန့်နိုးလာ၏။ ဟု မှတ်ချက်ချလိုက်၏။

ပြာသိုလဆန်း ၃ရက် စနေနေ့ နံနက် ၁ချက်လောက် **အိပ်မက်**၏။ ကျောင်းတိုက် တတိုက်ထဲ မှ ဘုန်းကြီးတစ်ပါး ပျံတော်မူ၏။ ထို့အတူ မုံတောတိုက်ဘုန်းကြီးကလဲ ပျံတော်မူ၏။ ကျွန်ုပ်က ဘုန်းကြီ ပျံချရန် အစီအစဉ်ပြုလုပ်ပြီး ချသွားကြ၏။ သုသာန်ရောက်တော့ လေကြီးမိုးကြီးကျတာနဲ့ လူများ ပြန်ပြေးသွားကြ၏။ ကျွန်ုပ်နှင့်တကာ အဖေါ်နှစ်ယောက်သာ ကျန်တော့၏။ မိုးလေများငြိမ်တော့ ကျွန်ုပ်တို့ ချလာသော အလောင်း၂လောင်းကိုကြည့်တော့ ခေါင်းမပါကြ။ အလောင်းများက ကိုယ်တုံး လုံး ဖြစ်နေ၏။ ထိုသို့ဖြစ်ချက်ကို ထူးဆန်းနေသဖြင့် အလောင်းတလောင်း၏ဗိုက်ကို လူနှစ်ယောက် အား အခွဲခိုင်း၏။ ဗိုက်ခွဲသော လူတစ်ယောက်က ဘုန်းဘုန်းဒါဟာ စုံးမရဲ့လက်ချက်နှင့် တူတယ်ဘုရား၊ တပည့်တော်ဒါးနှင့်ပိုင်းပြီး မီးရှို့ပစ်လိုက်မယ်ဘုရားဟု လျှောက်သဖြင့် အေးကောင်းတယ်ဟု လုပ်လို့ ပြောလိုက်၏။

ထိုအခါ ထိုလူက ဓါးနှင့်အလောင်းများကို ပိုင်းလိုက်၏။ အထက်ပိုင်းကလဲ လူတယောက်ဖြစ်၊ အောက်ပိုင်းကလဲ လူတစ်ယောက် ၂လောင်းလူ ၄ယောက်ဖြစ်ပြီး ထိုလူလေးယောက် လက်ထဲမှာလည်း တင်းပုတ်များကိုင်၍ ကျွန်ုပ်ကိုရိုက်မလို့ ပြေးထလာကြ၏။ ကျွန်ုပ်အဖေါ် လူ၂ယောက်က လုပ်ပါအုံး ဘုရား ဘုန်းဘုန်းဆိုပြီး ပြေးတက်လာ၏။ ကျွန်ုပ်က စိတ်ပုတီးနှင့် ရမ်းလိုက်၏။ ထိုလေးယောက် တို့သည် မီးဟုန်းဟုန်းလောင်ပြီး ပျောက်ကွယ်သွား၏။ ထိုအခါကျမှ လူ၂ယောက်က တပည့်တော်တို့အသေ ထားတာ အခုတော့အရှင်ဘုရားကြောင့် အသက်ရှင်နေရတာပဲဟုပြောပြီး ကျွန်ုပ်တို့သုံးယောက် ပြန်လာ ခဲ့ကြ၏။ နိုးလာပြီး ဤအိပ်မက်ကို မှတ်တမ်းတင်လိုက်၏။

၁၃၃၀ခု ပြာသိုလဆန်း ၄ရက် နံနက် ၃ခွဲက ပုတီးစိတ် ဝတ်တက်၊ဘုရားပုတီးစိပ်သွား၊ နဂါးရုံ ဘုရားတွင် ဘုန်းတော်ကြီးတပါးက **နာငါးပါးဆေးဝိဇ္ဇာကြီး** ပေးသွား၏။ ၎င်းပြင် အင်္ဂုလိမာလဂါထာ လည်း ပေးသွား၏။

**၁။ နာဂမှိုင်း ၂။ နာဂမှိန် ၃။ နာဂမောက် ၄။ နာဝမ ၅။ နာဂထ။**

ဤနာ ငါးပါးဆေး အားလုံးကောင်း၏။ အရှင်အင်္ဂုလိမာလနေ့စဉ် ရွတ်ဘတ်

၂။ ဥုံ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဓမ္မာသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါဘဂဝါ။ ဘဂဝါဗုဒ္ဓေါ - သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသ ဓမ္မာသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ ဥုံဟုဆိုပြီး တလုံးချ၊ တနင်္ဂနွေသားကို ဒါဏ်ပြန်လုပ်လိုသော် ၆ပတ်စိပ်၊ တနင်္လာသား ဒါဏ်ပြန်လုပ်လိုသော၁၅ပတ်စိတ်၊လှူသောပန်းများလည်း ၁ နွေသား ဒါဏ်ပြန်က သွားဟ-သွားဟ။ ပန်းက ၅တေးပန်း၊ တနင်္လာသား ဒါဏ်ပြန်ပန်းက ဖြကြာနံ့ပန်း ဤပန်းတိုင်း ဥာဏ်ရှင်သုံးပါ။ မေတ္တာ၊ သစ္စာ၊ ခန္တီယှဉ်ပြီးလုပ်ပါ။ အလွန်ထိလှပါ၏။ ဤမှုဖြင့်ရပ်ပြီး သင့်မှဆက်မည်။

၁၃၃၀ ခု ပြာသိုလဆန်း ၁ ရက် ကြာသပတေးနေ့ နံနက် ၁ချက်လောက်အိပ်မက်၏။ အခန်း ၂၀ အလျားရှိသော အနံ ၁၀ခန်းရှိ ဓမ္မာရုံကြီးတခုဘည်းသို့ အနောက်ပေါက်က ဝင်သွား၏။ ဓမ္မာရုံကြီး အောက်မှာ မီးတွေရဲနေ၏။ လူတစ်ယောက်က ရဲနေသော မီးများကို ဓမ္မာရုံကြီးတောင်ဘက်တံတိုင်း နားသွားထားနေ၏။ ဇဝနအမည်ရှိသော သီလရှင်လေးနှင့်တွေ့၏။ ထိုသီလရှင်ကလေးက ဘုန်းဘုန်း ဘုရား လူများလဲ ဓမ္မာရုံကြီးပေါ်ကျွေးဘို့မွေးဘို့ ပြုလုပ်နေကြပါတယ်. . . ဆွမ်းစားကြွပါအုံး ဘုရားဟု လျှောက်၏။ ကျွန်ုပ်က တော်ပြီဟု ပြောလိုက်၏။ သီလရှင်ကလေးက ဆွမ်းမစားရင်လဲ ဘုရားတပည့်တို့ မွှာရုံကို အောင်ခါတ်ပေးပြီး အရှေ့ပေါက်ကနေ ကြွတော်မူပါဘုရားလျှောက်၍ ကျွန်ုပ်လဲအောင် ခါတ်ပေးသည့် အထိမ်းအမှတ်အဖြစ် စကြာမာစရ ဂါထာရွတ်ပြီး အောင်ခါတ်ပေးလိုက်၏။ လူများက သာဓုခေါ်ကြ၏။

ကျွန်ုပ်လဲ အရှေ့ဘက်မုခ်က ထွက်လာခဲ့၏။ လမ်းတွင်ဇော်ဂျီလိုဝတ်ထားသော ပုဂ္ဂိုလ် တစ်ယောက်နှင့်တွေ့၍ ထိုဇော်ဂျီက လက်ဝါးပြ၍ ကျွန်ုပ်ကခေတ္တရပ်ပြီး စောင့်နေ၏။ အနီးရောက် အခါ အန္တရာယ်ကင်း ဂါထာပေးမယ် မှတ်ထားပါဆိုပြီး - ဥုံ ဖုဋ္ဌသလောက ဓမ္မဟိ - သဟာဝဿ ဒဿန သမ္ပဒါယ၊ ယံကိဉ္စိ ဝိတ္တံ ၊ က္ကဒံဝါ ဟုရံဝါ ယောတုပစ္စယော၊ အဝိဂတ ပစ္စယောသွာဟ ဟုရွတ်ပြ၍ ကျွန်ုပ်ကပြုံး၏။ ထိုအခါ ဇော်ဂျီက ဘာပြုံးတာလဲကိုယ်တော် ဒါသေသေချာချာ အန္တရာယ်ကင်းတဲ့ ဂါထာရန်သူလိုက်လာရင် နောက်ပြန်လက်ညှိုးထိုးပြီး တခေါက်လောက်ရွတ်ရုံနှင့် ရန်သူမလိုက်နိုင် တော့ဘူးဟု ပြောပြီး ကောင်းကင်ပျံတက်သွား၏။ ကျွန်ုပ်လည်း နိုးလာ၍ ဤအိပ်မက်ကို မှတ်တမ်းပြု လိုက်၏။ မီးခါတ်ပြတဲ့သဘောဟု မှတ်လိုက်၏။

ထိုနေ့နံနက် ကြေးဘုရားကြီး၊ တောင်မင်းကြီး၊ သမ္ဗုဒ္ဓေ၊ သတ္တဋ္ဌာန၊ အောင်ခြင်းရှစ်ပါး၊ ဆုတောင်းပြည့်ဘုရားများကို လေခါတ်ပြီး၍ မီးခါတ်တက်နေကြောင်းလျှောက် သစ္စာဓိဋ္ဌာန်ပြုခဲ့၏။ ပုတီး ၂၇ပတ်စီစိပ်ခဲ့၏။ ညနေပိုင်း ပုထိုးတော်ကြီး၊ ဂူကြီး၊ နဂါးရုံ၊ အောင်မြေဘုရားများကို မီးခါတ် သစ္စာဓိဋ္ဌာန်ပြုခဲ့၏။ ပြာသိုလဆန်း ၂ရက် သောကြာနေ့ နံနက်၁ချက်လောက် အိပ်မက်၏။ တောကြီး တစ်တောထဲ ရောက်သွား၏။ ချောက်ကြီးရှိပြီး တစ်ခုကျော်၍ တောရွာကလေးတစ်ရွာ ရောက်သွား၏။ ထိုအရပ်ထဲမှ လူတယောက်က ကျွန်ုပ်ကို ရိုက်မည်တကဲကဲ လုပ်နေ၏။ ကျွန်ုပ်လဲ ဒါနဲ့အလုပ်ထဲက ထွက်ခဲ့၏။ အရပ်နှင့် မလမ်းမကမ်းတွင် ချောင်းတစ်ချောင်းတွေ့၏။ ရေစီးသန်လှ၏။ အရပ်တည်းက

၉။ ဥုံ ရှင်ဥပဂုတ်၊ ရေထည်းစောင့် မအောင်နှင့်ထွက်ဆရာထွက်၊ ၇၇အုပ်မန်း ပယောဂ၊ မျက်စိနှ ရေမန်း။

၁၀။ ဥုံ ကရဏီယမေတ္တာ ဘာဝနာကိုတန်ဆာဆင်၏။ဥပေတိသတိဆောင်၏။ အပေတယ်ထံသည် သစ္စာမြတ်လှစွာသား - ဇောခ်ိပင်နှင့်ပလ္လင်ပေါက်သည် စကားတခွန်းကြားက မကောင်းသေ ရောဂါနှင့်အနာသည် ဝင်ရာသလော ဆေစုပုတ္တသွားဟ။ ၇ အုပ်မန်း၊ အနာအပင်း ထွက်သေ ဆီမန်း။

၁၁။ ဥုံ နတ်ဆိုရာ ငါဘုရားကား၊ ထင်ရှားဂင်္ဂါ အနောမာ၌ ကေသာမြတ်ကို ဖြတ်သည်မဟုတ် တုံလော၊ ထွက်လည်း ဆရာထွက်၊ သက်လည်း ဆြာသက်၊ ရေမန်း ၇၇အုပ်တိုက်ပါလေ အန္တရာယ်မရှိသည့် မန္တာန်ဖြစ်၍ ဖေါ်ပြလိုက်သည်။

၁၂။ ဥုံ မောဂ္ဂလံထင်ရှား ဘုရားတောကျောင်းတိုက်တွင်း အောင်းမအောင်း ပေရာတကား။ ရှင်းရှင်း လင်းလင်း လစ်တွင်ပြင်သို့သက်ထွက်ဆြာဆြာထွက်။ သက်ဆြာဆြာသက်၊ မက်ခရုဆီမန်း ၇အုပ် ခွက်ရောဆီရော မှောက်၍ထား အတော်ကြာမှ ခွက်ကိုယူပျောက်ပေ၏။

၁၃။ ၅ ဂေါ ၂၅ကျပ်စင်းကား၊ ဇက်တောင်တမူး၊ လေးညှင်းတမူး၊ ပိတ်ချင်းတမူး၊ ဆင်သမန္တယ်တမူး လင်းနေတမူး၊ ဒုဠာတပဲ၊ ကြောက်ချင်တပဲ၊ ၎င်းဆေးစုကို နွားလျှာကြီးရေနှင့် ညက်စွာ ကျိုပ်ပြီးလျှင် ဆေးကိုအိမ်မျှောင်အုပ် လုပ်၍ထား၊ ၎င်းဆေးတရွေးခပ်လေ၊ စပ်စေလိုသော် ဥုံ ပြုပြုစပ်သွားဟုံဟုံ။ ၎င်းဂါထာနှင့် ၇အုပ်စုပ်၍ခပ်လေ။

၁၄။ တောစာပစ်သောအဟောင်း၊ လူကထွက်သောအပင်း၊ ပြပ်ပုံ၊ တောကြွက်ကအမောက်၊ ကြွေပုံ ကွဲချက်၊ သဇင်ပန်း၊ ကနခိုစေ့၊ အမျှစု၊ ချင့်ချိန်တိုက် အပင်းကျဆေး။

၁၅။ မိချောင်းနွယ်၊ခွေးတောက်မြစ်၊ ကျွက်နှာမောင်း၊ နွားမြေရင်း ခံမြစ်၊ အမျှစီကျိုပ်၊ ၇လုံး ၇ရက် တနေ့တလုံးစားလေ ခွေးရူးမပျံပြီ။

၁၆။ ရေမရောသောနွားနို့တပြည်သားကိုကျို သီးသီးသုံးကျပ်သားထည့်၊ အမြှုပ်ထလိမ့်မည်။ ငြိမ်မှ ၎င်းကို ၃စုပြု၍ ၃ခါတိုက်လေ။ ခွေးရူးကိုက်ချမ်းသာရ၏။

၁၇။ မိကျောင်းစွယ်၊ ကျားစွယ်၊ ဆံဆေးရည်နှင့်သွေး၍တိုက်ခွေးရူးပျံကောင်းလှ၏။

၁၈။ လင်းမြွေအရေကောင်လုံးမပျက်ကိုယူ တံစက်လက်ပျံရေနှင့်ကျိုပ်၊ ၎င်းနှင့်လိမ်းသပ်ချ၊ ထိုနည်း ၎င်း။

၁၉။ ဥုံစ ၊ ဓ၊ ဗ၊ ဝ၊ ပုဒိအာ အာဒိပုသွားဟ ဖယောင်းတိုင်လုပ်မီးထွန်း၊ ပုတီး ၂၇ပတ်စိပ်၊ နံ့မန်း တြိရန်းပန်း၊ စတုရန်းပန်းများတင်လှူ၍ ၂၇ရက် မိဌာန်စိပ်၊ အဖျက်အစီးမှန်သမျှနိုင်၏။

၂၀။ ဥုံ အရဟံ ဟံရအ ပုဒိအာ အာဒိပုသွားဟ - ဓါက်မြန် ၄၅ရက်၊ ၄၅ပတ်အဓိဌာန်ပြီး နံ့ပန်း တြိရန်းပန်း၊ စတုရန်းပန်း၊ မီးရေတင်လှူ၍စိပ်၊ အောင်မြင်လှ၏။ သတိရှိပါ။ ဖယောင်းတိုင် လုပ်လိုကလည်း ဉာဏ်ရှင်လုပ်။

သွား၏။ စာအုပ်အရွယ်အစားမှာ အလျား ၃ လက်မ၊ အနံ ၆ လက်မအရွယ်ရှိ၏။ အဖုံးက ဂျပ်ထူပေါ် ပန်းရိုက်ထားသော အဝတ်ဖြူနှင့် ဖုံးအုပ်ထား၏။ ထိုစာအုပ်ကို တရိုတသေသိမ်းထားခဲ့ပြီး ပုတီးစိတ် ထွက်၏။ အပြန်ဆွမ်းစားပြီး အခိဋ္ဌာန်မဝင်ခင် ထိုစာအုပ်ကို လှမ်းကြည့်ပြီး ဖတ်၏။

**မှတ်ချက်** - စာအုပ်ပါ ဂါထာမန္တာန်ဆေးများကိုတော့ ဖော်၍ ရေးပါမည်။ အသုံးကိုတော့ သူ၏မူရင်း အတိုင်းရေးထည့်လိုက်ပါမည် - ဉာဏ်ရှိသူ၊ ကံရှိသူ စိတ်ကောင်းရှိသူများ သုံးတတ်စေ၊ ဖေါ်ယူ တတ်စေ။

၁။ နမောတဿတိ။ ဗုဒ္ဓစက္ကံ ဒေဝဇောဂနီ ဗန္ဓယန်း။ ပစ္စေကစက္ကံ၊ ဓမ္မစက္ကံ ၊ သံဃစက္ကံ၊ အာစရိယ စက္ကံ၊ မာတုစက္ကံ၊ ပိတုစက္ကံ၊ ဗြဟ္မာစက္ကံ၊ သက္ကစက္ကံ၊ ဓတရဋ္ဌစက္ကံ၊ ဝိရူဠှကစက္ကံ၊ ဝိရူပက္ခစက္ကံ၊ ကုဝေရ စက္ကံ၊ မဟေသရ စက္ကံ၊ ဝဿဝဏ္ဏ စက္ကံ၊ ဘုမ္မအာကာသ စက္ကံ၊ ဒေဝါဇော်ဂနီဗန္ဓနံ။ ဤမန္တာန်ကို ၁၇လုံးတွဲ လက်ဖွဲ့ထိုး ကျိုးတစ်ချောင်းတည်းတပ်၍ ၎င်းဂါထာမန္တာန်ကို ၁၀၈ အုပ်စုတ်၍ သိလိုသော သူနာလည်ပင်းတွင်ဆွဲ စုံးနတ်တို့ပူးရိုးမှန်လျှင် မထွက်နိုင်၊ မေးတိုင်း ပြော၏။ ယောက်ျားမိန်းမ ဦးထိပ်ဆံတို့ကို ချည်လေ - ပြီး၏။

၂။ စနေ၊ အင်္ဂါလည်းဖြစ်မှ ၊ လကွယ်နေ့လည်းဖြစ်မှ ၊ ပြဿဒါးလည်းကြမှ ထိုနေ့တွင် ထိကရုံးကို ကွမ်း လွှာက် ၊ ဆန်၊ ပန်းပူဇော်၍တူး၊ ယောက်ျားမှာ ညာလက်ညိုးနှင့်တိုင်း၍ ၇ဆစ်ဆောင် လူကြီး လူငယ် ကိုယ်၌မြဲစေ ရှာသူ ၇ ပါး တို့ မဖန်းစားဝံ့ - ပြီး၏။

၃။ အွံ ဇေယျတု ဗုဒ္ဓံ၊ ဓမ္မံ ၊ သံဃံ အဟံ ဝန္ဒါမိ။ ဤဂါထာကိုငွေပြားတွင် ၃ကြောင်းရေးပြီး ၃၇ အုပ်စုပ်၊ ပယောဂ ဟူသမျှပင် မတတ်နိုင်၊ အိမ်အောက်ကြိုးကြိမ်တန်း မလျှိုဝ်နှင့် တလုံးတည်း သာမှတ်။

၄။ ဒဟဿကိုင်းမြစ်ကို နွားနက်သေးနှင့်ကျိုပ် ခြောက်မှ အမှုံ့ပြု - ဝါးကြည်တောက်နှင့် သွတ်၍ ထား၊ သံသယရှိသော် အစာဟူသမျှကို လက်သုံးချောင်းနှင့် အသက်အောင့်၍ နှိုက်၊ အသက် အောင့်၍ဖြူး၊ ကွမ်းတယာညက်လောက်ကြာမှ အထူးဖြစ်လိမ့်မည်၊ ဖြူး၍စမ်းလေ။

၅။ အွံ ဗုဒ္ဓစက္ကံ - ဓမ္မစက္ကံ - သံဃစက္ကံ - သုညံသတ္တရုသွာဟ။ တခေါက်သာ အသက်အောင့်၍ မန်း မကောင်းသောသူတို့၏။ လုပ်ကြံသမျှပြေလေ၏။ အတတ်ပညာဆေးဝါး ပြေ ပျောက်၏။ ဤဒါဏ်ပြန်နည်းကိုကြည့်၍ ကြံတာ ရိပ်စားမိကြစေ။

၆။ ဥုံ စကုပတ္တော - မဟာပတ္တော - အဓိဋ္ဌာမိ။ မဟာပတ္တော စတုပတ္တာအဓိဋ္ဌာမိ ၃၇အုပ်သက် တန့်မန်း။

၇။ အာကာသဋ္ဌာ - ဘူမဋ္ဌာ - ရုက္ခဋ္ဌာစ မဟိဒ္ဓိကာ။ ဣဒ္ဓိမန္တောစ ယေဒေဝါ။ မံပါလေန္တုပတိစ္စိတံ။ ဤဂါထာကိုရေး၍မန်းပြီးလျှင် သစ်ပင်မှာဆွဲကပ် ၇ရက်လည်လျှင် ရုက္ခစိုးနှင့်စကားပြောရ၏။

၈။ ဥုံ အကျော် - တထောင် - လောင်မီးစက်သက်ဆရာသက်ဖွ။ ၇အုပ်မန်း၊ဓါးထိ၊ ဓါးခုတ်မိသော အနာကိုလည်းမန်း၊ ဆီကိုလည်းမန်းလိမ်း ပျောက်၏။

ဓါတ်ပူး အရွှးဖြစ်၊ နတ်ပူးဘီလူးဖြစ်၊ ဓါတ်ကိုပိုင်အောင် နတ်ကိုနိုင်အောင်လုပ်- ဤ ဖတ်ရင်း နိုးလာ၏။ ဤအိပ်မက်ကို မှတ်တမ်း တင်နေတုန်း တုံးကြီးခေါက်သံကြားလာ၏။ မျက်နှာသ ဘုရားရှိခိုး ပုတီးစိပ်မေတ္တာပို့ အမျှဝေပြီး လွှက်ရည်သောက် ဘုရားဖူးထွက် နံနက် ၁၀ခွဲ ကျောင်း ရောက်၊ ဆွမ်းစား လွှက်ရည်သောက်၊ ရေချိုး၊ နေ့အဓိဋ္ဌာန်ဝင်ပုတီး ၁၀၈ ပတ်စိပ်၊ ဓါတ်လုံး ၂လုံး ပု စိပ်သောနေရာမှတွေ့ ဘုရားလှူလိုက်၏။ ညနေ ၅နာရီ ဘုရားဖူးထွက် ပုတီးစိပ် - ည ၉နာရီ ကျော ပြန်ရောက်၊ ၁၃ရက် ပုတီးအရေအတွက် ကိုးသိန်းကိုးသောင်းရှစ်ထောင်ရှစ်ရာရ၍ လေဓါတ် ပြ အောင်မြင်ကြောင်း ဘုရားလျှောက်ထား ဆုတောင်း ၃၁ဘုံ အမျှဝေပြီးအိပ်၏။

၁၃၃၀ ပြည့် နတ်တော်လပြည့် ဗုဒ္ဓဟူးနေ့ နံနက် ၁ချက်လောက် အိပ်မက်၏။ ဦးပဥ္စင်း ဦးရိုက်က သူ့မိန်းမကို ဒုတ်နှင့်ရိုက်နေ၏။ ဒုတ်နှင့်ရိုက်ရင်းရိုက်ရင်း ဒုတ်ကျိုးသွား၍ အနား ရှိသော ဓါးမကြီးနှင့်ဆွဲပြီး ခုတ်ချလိုက်၏။ မိန်းမကြီးသွေးတွေနှင့် ပက်လက်လဲကျသွား၏။ ထိုအ ကျွန်ုပ်ဟာ ဦးရိုက်ကို ပြေးဖက်လိုက်ပြီး လက်ထဲကဓါးမကို ဆွဲလု၍ဆုံးမ၏။ တရားဟော၏၊ ဦးရို ဒေါသငြိမ်းတော့မှ ဘုရားဖူးထွက်သွား၏။ ဆွမ်းခံလာသော ၄၅၀လောက်ရှိသော သံဃာတန်း ကြီးေ ၏။ ကိုအေးမောင်ဆိုသော တကာက သူ့သားသမီးများနှင့် သံဃာများကိုဆွမ်းနှင့် ဘယာကြေ လောင်းလှူနေ၏။ ကျွန်ုပ်လဲ ရှေ့ဆက်သွားပြီး ဘုရားများပုတီးစိပ်၍ ကျောင်းပြန်လာ၏။

ကျောင်းပေါ်ကျွန်ုပ်ထိုင်နေသော ကုလားထိုင်ရှေ့ လခြမ်းပုံသဏ္ဍာန် ၄တောင်လောက်ရှိသေ သေတ္တာကြီးတလုံးတွေ့၏။ ထိုသေတ္တာကြီးက ရွှေဘိန်းချထား၏။ ကျွန်ုပ်လည်း ခရီးရောက်မဆို ထိုလခြမ်းသေတ္တာကို ဖွင့်ကြည့်လိုက်၏။ ရွှေပုရပိုက်ကြီးတခု - ထိုအပေါ်ဟင်းသာပဒါး စူဠါမုနိဖြ ဘုရားသမိုင်းနှင့် ဆေးတော်များဟု ရေးထား၏။ ကျွန်ုပ်ပုရပိုက်ကို ဖွင့်ကြည့်လိုက်၏။ စူဠာမုနိဘုရ ပုံတော်ကိုရေးထား၏။ အကျဉ်းချုပ်ကား ဘုရားလောင်းဆံတော်ကို ဌာပနာပြီးတည်ထားသော စူဠာမု ဘုရားဖြစ်ကြောင်း ဖွဲ့နွဲ့ရေးထား၏။ နောက် တရွက်လှမ်လိုက်တော့ ဆေးဖေါ်နည်းများနှင့် သုံးနည် များဖြစ်၏။ ဤကဲ့သို့ တချပ်ပြီးတချပ် လှမ်းကြည့် ပြီး ဖတ်၍ပြီးဆုံးသောအခါ လခြမ်းသေတ္တာ ပြန်ထည့်ပြီးပိတ်ထားလိုက်၏။

ထိုအခိုက်မိုယ်းခြိမ်းသံများ ထစ်သံများကြားရပြီး ထိုသေတ္တာ ပျောက်ကွယ်သွား၏။ ကျွန်ုပ် ငါနှင့်မထိုက်လို့သွားတာပဲ ဆိုပြီး ပုတီးစိပ်ရန် ဓါတ်ခန်းထဲဝင်၍ ပုတီးစိပ်နေ၏။ နတ်သားတစ်ယော ရှေ့တွင် ရပ်ခါ ကိုယ်တော်ပုရပိုက်ထဲ ပါတဲ့ ဆေးဖေါ်နည်းများ ၊ အင်းများကို ကူးပေးပါ့မယ်၊ ပုတီးသ အဓိဋ္ဌာန်ပြီးအောင် စိပ်ပါဟု ပြောပြီးပျောက်သွား၏။ ကျွန်ုပ်လည်း အဓိဋ္ဌာန် ပုတီးစိပ်ပြီး၍ ၃၁ဘုံအမ ဝေလိုက်၏။ ရှေ့နောက် ဝဲယာတို့မှ သာစုခေါ်သော အသံများ ဆူညံသွား၍ ကျွန်ုပ်တောင် လန့်သ ဖြစ်သွား၏။ ကျွန်ုပ်ဓါတ်ခန်းထဲမှ ထွက်လာ၏။ ထိုတွင်နိုးလာ၏။ တော်တော်ဆန်းသော အိပ်မ ပါလားဆိုပြီး မှတ်သား၍ ပြန်အိပ်၏။

မှေးကနဲ အိပ်ပျော်ပြီးနောက် တုံးကြီးခေါက်သံကြားတော့၏။ ထပြီးမျက်နှာသစ်၊ ဘုရားရှိခို ပုတီးစိပ်၏။ ပြီးလျှင် ဆန်ပြုတ်သောက်၍ ဘုရားဖူးထွက်ရန် အိပ်ရာနံဘေးခေါင်းရင်းတွင် ယာဘက် ထားသော လွယ်အိတ်ကို ယူရန် သွားသောအခါ ဗလာစာအုပ်ဟောင်း တအုပ်တွေ့ရ၍ အလန့်တ

ကျွန်ုပ်ကထိုလူများကို ပြောသည်မှာ မင်းတို့ လူသေတွေ့ချင်လားဟုမေးတော့ တွေ့ချင်ပါတယ်ဟု တပြိုင်နက်ပြောကြသဖြင့် ကဲကဲ ငါတွေ့အောင် လုပ်ပေးမယ် ဆိုပြီးချောင်းရေကို ကျွန်ုပ်ပါးစပ်ကလေနှင့် မှုတ်ထုတ်လိုက်သောအခါ ရေများဘေးရောက်သွားကြပြီး လူသေအလောင်းပေါ်လာ၏။ မင်းတို့လူသေယူယူဆိုပြီး ကျွန်ုပ်ကကောင်းကင် ပြန်တက်သွား၏။ ထိုတွင်နိုးလာ၏။ တုံးထိုးသံလဲကြားတော့၏။

**ကောက်ချက်** - လူသေတွေ့၍ ပုတီးတိုးတက်ခြင်း၊ မီးရောင်များတွေ့၍ အလင်းဓါတ်ပွင့်ခြင်း၊ လေမှုတ်ပေးရသဖြင့် လေဓါတ်အောင်မြင်ခြင်းဟု မှတ်လိုက်၏။ နတ်တော်လပြည့်ကျော် ၁၃ရက်နံနက် ၁ချက်လောက်အိပ်မက်၏။ မကြွင်ဆိုသော မိန်းမတစ်ယောက်နေသော အိမ်သို့ရောက်သွား၏။ အိမ်သာဆိုရတယ် ကျောင်းလိုဖြစ်နေ၏။ ကျွန်ုပ်က သိချင်တာနဲ့ ခင်ဗျားနေတာ ကျောင်းလား အိမ်လားလို့မေးတော့ ကျောင်းလို့ပြော၏။ ဘာကျောင်းတိုက်လဲ အသောကရာမကျောင်းတိုက်၊ အောင်မင်္ဂလာကျောင်းလို့ ခေါ်ပါတယ်လို့ပြောတယ်၊ ကျွန်ုပ်က ကျောင်းတိုက်ကို လှည့်ကြည့်၏။ စနေထောင့်ဘက်ကကုဋီကလဲ အမိုးမရှိ၊ အကာမရှိ ဘုန်းကြီးကျောင်းများအောက်လဲ လူများနေကြတာတွေ့ရ၏။

ကျွန်ုပ်စိတ်ထဲတွင် ဒီလူတွေက ဘယ်လိုလူတွေပါလိမ့်မယ်၊ အခါပျက်လဲမဟုတ်ဘဲနှင့် နေကြတာပဲဟု အောက်မေ့၏။ ကျောင်းတိုက် တပတ်ပတ်ပြီး မကြွင်နေတဲ့ ကျောင်းပြန်လာတော့ မကြွင်က ဘုန်းကြီးတပါးကိုနှိပ်ပြီး ချိုးဖွဲ့ပေးနေ၏။ အနှိပ်ခံနေသော ဘုန်းကြီးက မကြွင် ခင်ဗျား ဝကဝနဲ့ လူပေါ်တော့ သိပ်မဖိနဲ့နော်ဟု ပြောနေ၏။ ထိုအခြင်းအရာကိုကြည့်ပြီး ကျွန်ုပ်က ထိုဘုန်းကြီးကိုလဲရှိမခိုးဘဲ လွတ်နေသော ကုလားထိုင်ပေါ် တက်ထိုင်နေလိုက်၏။ ထိုအခါ မကြွင်က ဒီဘုန်းကြီးက ပုတီးစိပ်တာတော်တော် ပေါက်မြောက်နေတာဘုရား၊ ဟိုအခန်းကို အစမ်းခိုင်းပါလားလို့ သူနှိပ်ပေးသော ဘုန်းကြီးကို ပြောပြနေ၏။ ထိုအခါ ဘုန်းကြီးက ထထိုင်ပြီးကိုယ်တော် တပည့်တော် ကျောင်းအထက်ထပ်ကတနင်္ဂနွေထောင့်ကအခန်းဟာခြောက်လို့ လူလဲမအိပ်ဝံ့ဘူး၊တတ်နိုင်လျှင် လုပ်ပေးစမ်းပါ ကိုယ်တော်ကောင်းပါပြီ တက်ကြည့်သေးတာပေါ့ဟုပြောပြီး ကျောင်းကြီးပေါ် တက်ကြည့်၍ အခန်းထဲဝင် ပုတီးစိပ်၏။

ကျွန်ုပ်ပုတီးစိပ်လို့ တပတ်မရခင် ပုတီးကြိုးပြတ်ကျသွား၏။ အပြတ်နားက ဆက်ပြီးစိပ်၏။ လက်က စိပ်မရတော့၊ ကယ် - နင်ကဒီလိုဆိုလျှင် ငါက ပဋ္ဌာန်းနှင့်သမ္ဗုဒ္ဓေ ရွတ်ရသေးတာပေါ့ဟုဆိုပြီး ပစ္စယုဒ္ဒေသ ပါဠိတော်ကိုရွတ်လိုက်၏။ သူဘယ်လိုမှ လုပ်မလာတော့ ထပ်ပြီးသမ္ဗုဒ္ဓေရွတ်ပြန်၏။ ဘယ်လိုမလှုပ်၊ ခြောက်ခြားတာ မတွေ့ရတော့ နတ်မင်းကြီးလေးပါးကို မေတ္တာရပ်ခံပြီး ဖယ်ရှားပေးတို့ အမိန့်ပေးခဲ့၏။ ထိုအခန်းတည်းမှထွက်၍ ကျောင်းအောက်ဆင်းခဲ့၏။ ကျောင်းအောက်တွင် မကြွင်က တစ္ဆေပူး၍ ငိုနေ၏။ ဘယ်သူလဲလို့ ကျွန်ုပ်ကမေးတော့ ဒီကျောင်းဘုန်းကြီးပါလို့ပြောပြီး ဒီကနေ့ကစပြီး နောက်ဒီမှာနေရတော့မှာမဟုတ်လို့ ဝမ်းနည်းပြီးငိုတာပါဟုပြော၍ ထွက်သွားတော့၏။ ကျွန်ုပ်လည်း ထိုကျောင်းမှ မြောက်ဘုရားကုန်း လျှောက်လာရာ ရွက်လှပင်ကြီး ကိုယ်လုံးလောက် ဖြစ်နေတာ တွေ့ရသဖြင့် အလွန် အံ့သြပြီး ရပ်ကြည့်နေတုန်း မကြွင်လိုက်လာပြီး ကားစရိတ်ဆိုကာ စက္ကူတချပ်လှူ၏။ ထိုစက္ကူကို ဖြန့်ကြည့်လိုက်တော့ စာများတွေ့ရ၏။ အောက်ပါအတိုင်းဖြစ်၏။

ခေါ်ပါတယ်ဘုရား။တပည့်တော်တို့က ဓါတ်လိုခြင်လို့ပါဘုရားဆိုပြီး လက်ကလေးများကို ဖြန့်ပေးကြ၏၊ ကျွန်ုပ်က လက်ဝါးဖြင့် ၃ချက်စီရိုက်ပေးလိုက်၏။ ကျွန်ုပ်လည်း ထိုကဲ့သို့ပြုလုပ်ပြီး ကားပေါ်ပြန်တက် သွား၏။ သူတို့ ၂ယောက်လဲ ကားပေါ်လိုက်လာကြ၏။ ကားကလျှင်မြန်စွာ မောင်းလေတော့၏။ ညနေ တော်တော်မှောင်တော့ ကျောင်းရောက်၍ကားရပ်လိုက်၏။ ကျွန်ုပ်ကားပေါ်မှဆင်းလိုက်၏။ သူမတို့လဲ ဆင်းလိုက်လာကြ၏။ ကားကမောင်းပြန်သွား၏။ ထိုအခိုက်နိုးလာ၏။ ကျွန်ုပ်လည်း ဤအိပ်မက် လေဓါတ်ပြီးခါနီး၍ ပြသောအိပ်မက်ဟု ကောက်ချက်ချ၏။

နတ်တော်လပြည့်ကျော် ၁၀ရက် နံနက် ၃နာရီခွဲပုတီးစိပ် မေတ္တာပို့အမျှဝေနေ၏။ ထိုအခိုက် မဟာမြတ်မုနိပုံတော်ပြီးပြီဟု ပီပီသသ ၃ခွန်းကြားရ၍ ငါအပ်ထားသော ပုံတော်ကြီး ပြီးပြီနဲ့တူတယ်ဟု အောက်မေ့ပြီး ဘုရားများပုတီးစိပ်ပြီးအပြန် နံနက်၁၀နာရီလောက် ပန်းချီလှရွှေထံ ဝင်မေး၏။ ပြီးကြောင်း လျှောက်၍အပို့ခိုင်းလိုက်၏။ နေ့လည်ဓါတ်ခန်းပြင်၍ ကပ်ထားလိုက်၏။ ဂျပန်စက္ကူတလိပ် ၄ကျပ်၊ နှစ်လိပ် ၈ကျပ်၊ မှိုင်းခံစက္ကူတထုပ် ၅ကျပ်၊ လက်သမားခနေ့တွက် ၅ကျပ်၊ ပေါင်း ၁၈ကျပ် ကုန်ကျ၏၊ နတ်တော်လပြည့်ကျော် ၁၁ရက် တနင်္ဂနွေနေ့ နံနက်တစ်ချက်လောက် **အိပ်မက်**၏။ အောင်ရပ်ကွက် မောင်ညွန့်အိမ်တွင် ကိုတင်တက်နေ၍ လူများဝိုင်းပြီး လုပ်ကိုင်ပေးနေကြောင်း သိရ၏။

၎င်းအရပ်၏လမ်းမမြောက်ဘက်တွင် ဆီးမိုးဓါတ်မီးများအလင်းရောင် ထိန်ထိန်ဝင်းနေအောင် ထွန်းထားသော နေရာရောက်တော့ တက်နေသော ကိုတင်နှင့်မောင်ညွန့် တို့ကလာပြီးဝတ်ချ၍ ကိုတင် ကလျှောက်သည်မှာ တပည့်တော်တက်နေပါ၍ ကုသပေးပါရန်ဘုရားဟုလျှောက်၏။ မောင်ညွန့် ဆိုသောသူက ယောဂီလိုဝတ်ထား၏။ ကိုတင်က ဝတ်ဖြူဝတ်ထား၏။ သူတို့၂ယောက်၏ ထူးခြားချက်ကို အကဲခပ်ပြီး ငညွန့်ကငတင်ကို ကုလိုက်ကွာဟု အမိန့်ပေးလိုက်တော့ - ငညွန့်ကငတင်ကို ပျောက်ပျောက် ဆိုပြီး ခေါင်းပုတ်ပေးလိုက်၏။ ကိုတင်လုံးဝမမြင်ရတော့၊ ပျောက်ကွယ်သွားတော့၏။ ထိုအခါ ဟဲ့ မောင်ညွန့်ဘာပြုလို့ ကိုယ်အပျောက်ခိုင်းလိုက်တာလဲဟု မေးတော့ သူပျောက်တာ မဟုတ် ပါဘူး လေဟုန်စီးသွားတာပါ အလွန်လျှင်မြန်တော့ ကိုယ်ပျောက်သွားတဲ့ သဘောဖြစ်ရတာပါဘုရား၊ အေး. . . ဒီလိုဆိုရင် ကောင်းတယ် ကိုင်း. . . ငါလဲ သွားလိုက်အုံးမယ်ဆိုပြီး ကောင်းကင်လေဟုန်စီး၍ ပြန်လာခဲ့၏။ ထိုတွင်နိုးလာ၏။ လေဓါတ်သဘောဖြစ်၏။

နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့ တနင်္လာနေ့ နံနက် ၃ နာရီလောက်**အိပ်မက်**၏။ ဘုန်းကြီး ကျောင်းတစ်ကျောင်းရောက်သွား၏။ ဦးပဥ္စင်းတပါးက ဦးတိက္ခဆိုသော ဘုန်းကြီးကိုသတ်ခဲ့၍ ထွက်ပြေး နေရကြောင်းပြော၍ ကျွန်ုပ်က ထိုထွက်ပြေးနေသော ဦးပဥ္စင်းကို ထိုဘုန်းကြီးကျောင်းမှဖမ်းပြီး နိုးရာ ဂါတ်ကိုပို့ခဲ့၏။ ထိုကျောင်းမှ ပြန်ထွက်လာသောအခါ အရှေ့ဘက်ကြည့်လိုက်တော့ ဓါတ်မီး ၂လုံး ထွန်းထားတာ ထိန်လင်းနေ၏။ မာကျူလီလရောင်ဖြစ်၏။ ကိုယ်ထွန်းထားသော မီးရောင်များ ရှိရာဘက် ရောက်သွားပြီး ကြည့်လိုက်တော့ ချောင်းတစ်ခုတွေ့ရ၏။ လူ၂ယောက်က လှေကိုစီးလာကြပြီး လှေထိုး ဝါးနှင့် ရေထဲယက်ရှာနေကြ၏။ ဘာရှာနေကြတာလဲဟု ကျွန်ုပ်ကမေးတော့ ဒီနားမှာ လူနစ်သေသွားလို့ ရှာနေကြတာပါဘုရားဟုပြော၏။ မနောက်ထပ် လှေတစင်းလာပြန်၍ မီးမောင်းကြီးများထိုးပြီး လူသေကို ရှာနေကြပြန်၏။

ခွေးမဟောင်သောဂါထာ - ဦ ဗောဓိသစ္စော သီဟရာဇာ မိုင်းဟိုင်း - ခွေးကိုကြည့်ပြီး ၇ အုပ်မန်း

အကွဲအပြဲပြန်ပေါင်းထုတ်သော ဂါထာနှင့်အင်းကား - ဦ အည် အကဋ္ဌိအာပတ္တိယော သဒ္ဓိကံ ဘိက္ခုံ ပဋိ ကရိဿာမိ ။

| | | | | |
|---|---|---|---|---|
| | ဦ | အ | ည် | |
| အ | က | ဋ္ဌိ | အာ | ပ |
| တ္တိ | ယော | သ | ဒ္ဓိ | ကံ |
| ဘိ | က္ခုံ | ပ | ဋိ | ကံ |
| | ရိ | ဿာ | မိ | |

ဤကဲ့သို့ ရထားသွားချပါ။ အလတ်စား ကွဲပြဲနေသူများ ပြန်လည်ညီညွတ်ပါတယ်။ အကြီးအကျယ် ကွဲကြသူများကို မြင်းသွားချပါ။ ပြန်ပြီး ညီညွတ်နိုင်ကြပါတယ်။

ထိုဂါထာကို တစ်နေ့ ပုတီးတပတ်စိပ်က ကွဲပြဲသူများကို ပြောပါက အလွယ်တကူနှင့် အောင်မြင်နိုင်ပါ၏ကိုယ်တော် . . . မယားကွဲ၊ လင်ကွဲများကို ဤဂါထာဖြင့် ပေါင်းချင်သူကို အာရုံပြုပြီး တစ်နေ့ ၅ပတ်စိပ်ပေးပါက မကြာခင် ပြန်ပေါင်းထုပ်နိုင်ပါတယ်။ သွားပါအုံးမယ်ကိုယ်တော်ဆိုပြီး မင်းကွန်းဘုရားကြီးတောင်ဘက်မှ အနောက်ဘက် လျှောက်သွား၏။ ကျွန်ုပ်လဲ မြသိန်းတန်ဘုရားသွားပြီး ပုတီး ၉ပတ်စိပ်၍ မင်းကွန်းဆေးရုံပြန်လာ ၈ နာရီ ၄၀ ရောက်၏။ အလ္လာပ၊ သလ္လာပပြောဆိုကြပြီး ၁၀ နာရီ ထိုးတော့အိပ်ကြ၏။ နတ်တော်လပြည့်ကျော် ၄ရက်၊ တနင်္ဂနွေနေ့ နံနက်အာရုဏ် ဆွမ်းစားပြီး မော်တော်ဆိပ်လာ ၇နာရီမော်တော်ထွက် ၈ နာရီ မန္တလေးရောက် နံနက် ၉ နာရီကျော်င်း ပြန်ရောက်၊ နေ့ဆွမ်းကျောင်းမှာစားပြီး ရေချိုး၊ အဓိဋ္ဌာန်ပုတီးစိပ်၊ ညပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ နဂါးရုံ အောင်မြေ၊ ကြေးဘုရားကြီးများကို အဓိဋ္ဌာန်ပုတီး ၂၇ပတ်စီစိပ်ပြီး ကျောင်းပြန် ၉ခွဲရောက် မေတ္တာပို့အမျှဝေ ပုတီးစိပ်အိပ်၏။

နတ်တော်လပြည့်ကျော် ၈ ရက်ကြာသပတေးနေ့ နံနက် ၂ နာရီ အိပ်မက်၏။ ကားဖြူကြီးတစင်း စီးသွားရ၏။ နန်းတော်လောက်ကြီးသော အဆောက်အဦးကြီးကို လှည့်ပတ်၍ ကားမောင်းသွား၏။ လေကဲ့သို့လျင်မြန်၏။ မိန်းမ၊ ယောကျာ်းများ ဂျိုင်းကြားအောက်က ပေါင်ခြံများအောက်က ကားများ အစီအရီမောင်းသွားနေကြ၏။ ဂျိုင်းကြားအောက် ပေါင်ခြံအောက်မောင်းဝင်သွားကြတော့လဲ သေးငယ်၏။ ထိုမှထွက်လာပြီး လမ်းပေါ် မောင်းကြတော့လဲ ယခုကားများနှင့်မခြားပေ၊ အလွန်ထူးဆန်းစွာ ဖြစ်နေတော့၏။ထိုမောင်းသွားနေကြသော ကားများထဲမှ အနီရောင် ကားတစ်စင်းသည် ကျွန်ုပ်စီးလာသော လေကဲ့သို့လျင်သော ကားဖြူရှေ့ကျော်တက်ပြီး မလှမ်းမကမ်းတွင် ရပ်နေလိုက်၏။

ကျွန်ုပ်တို့ကား ရပ်လိုက်တယ်ဆိုလျှင်ပဲ ထိုကားနီမှ တံခါးပွင့်လာပြီး လုံးကြီးပေါက်လှ ဖြူဖြူဖွေးဖွေး လုံမပျိုနှစ်ယောက် ကျွန်ုပ်တို့ကားစီ ဆင်းလာကြ၏။ ကားမောင်းသူနှင့် ကျွန်ုပ်က အခြေအနေစောင့်ကြည့်နေ ကြ၏။ထိုအခိုက်ကျွန်ုပ်၏ ရှေ့တွင် ထိုလုံမပျိုနှစ်ယောက် ရပ်နေကြပြီး ကိုယ်တော်လေးဘုရား သူက ကြာညို လို့ခေါ်ပါတယ်။ တပည့်တော်မက ညွန့်ညွန့်လို့လဲခေါ်တယ်၊ တင်တင်လို့လဲ

ကျွန်ုပ်က တိတိကျကျသိခြင်၍ ဘေးနားက ထိုင်သောလူကိုမေး၏။ တစ်နာရီဘယ်လောက်နှုန်း မောင်းတာလဲ၊ တစ်ရာနှုန်းမောင်းတာပါဘုရား၊ ရှေ့ကွေ့ကျော်လျှင် ၁၈၀နှုန်း မောင်းရပါလိမ့်မယ် ဘုရား အလိုလေး . . ဘုရား . . ဘုရားဟု စိတ်ထဲက ရေရွတ်မိ၏။ တောင်ကမ္ဘားယံ ကွေ့ကြီးကျော်တော့ ၁၈၀ နှုန်းမောင်းတော့၏။ တောင်တွေ၊ တောတွေပေါ်က ဖြတ်ကျော်သွား၏။ ကျွန်ုပ်လည်း ရင်တဖိုဖို နှင့် လိုက်သွားရ၏။ ကျွန်ုပ်၏ကျောင်းလှေကားရင်း ကားထိုးဆိုက်၏။ ဝတ်ဖြူစင်ကြယ်နှင့် လူတစ် ယောက်ကတံခါးဖွင့်ပေး၍ ကျွန်ုပ်လည်းဆင်းပြီး ကျောင်းပေါ်တက်ခဲ့၏။ သူတို့ပြန်သွားကြ၏။ ကျောင်း ပေါ်ရောက်တော့ ဓါတ်ခန်းဝင်ပုတီးစိပ်ရန် လည်ပင်းဆွဲထားတာမှ ဖြုတ်ယူလိုက်၏။

ပုတီးများက ကျွန်ုပ်စိပ်တိုင်းစိပ်တိုင်း "သမ္မာသမ္ဗုဒ္ဓေါ သိဒ္ဓိ"ဟု ကျယ်လောင်စွာ အသံကြီးများ ထွက်နေကြ၏။ ကျွန်ုပ်လည်းနိုးလာ၏။ နိုးလာတော့ ပုတီးကိုကိုင်ကြည့်မိ၏။ အလွန်ဆန်းကြယ်သော အိပ်မက်ပါကလား ဟုမှတ်လိုက်၏။ နာရီဝက်လောက် အိပ်ယာထဲမှိန်းနေသောအခါ တုံးကြီးခေါက်သံ ကြားရ၍ ထပြီးမျက်နှာသစ်၊ ဘုရားရှိခိုး၊ ပုတီးစိပ် ဆန်ပြုတ်သောက်ပြီး ဘုရားဖူးထွက်၏။ နတ်တော် လပြည့်ကျော် ၂ရက်နေ့ သောကြာနေ့ နံနက် ၆ နာရီလောက် တောင်မင်းကြီးဘုရား၊ သမ္ဗုဒ္ဓေဘုရား၊ အောင်ခြင်းရှစ်ပါးဘုရား၊ သတ္တဋ္ဌာနဘုရားများ အဓိဋ္ဌာန်ပုတီးစိပ်ခဲ့ပြီး ဆုတောင်းပြည့်ဘုရားလာ အဓိဋ္ဌာန် ပုတီးစိပ်ပြီးလျှင် ဘုန်းကြီးတစ်ပါးဘုရားပေါ်တက်လာပြီး ကိုယ်တော်ကို သူခိုးဥစ္စာပြန်ပို့သော နည်းပေး ရဦးမယ် ရေးမှတ်ယူကိုယ်တော် -

၁။ စနေမီးသွေး　　　၂။ ဘုရားအင်္ဂတေ　　　၃။ စမြင်တိုင်

ဎင်းသုံးပါး စတူပေါင်းကြိတ်၊ ရေလုံအိုးကွဲမှာဖျော်၊ ခိုးသောနေရာမှာသုတ်ထား၊ မကြာခင် လာပို့လိမ့်မည်။ ထိုသုံးမျိုး **ဆေးကိုမန်းရန်ဂါထာကား** - ဥုံ ဓဇဂ္ဂံ ပရိတ္တံ မိရက္ခန္ဓ သဗ္ဗဒါ - ၁၀၈ အုပ်မန်း။ ကျွန်ုပ်လည်း ရေးမှတ်ယူပြီး ကြေးဘုရားကြီး၊အောင်မြေသွားပြီး ကျောင်းပြန်ဆွမ်းစား၊ နေ့ အဓိဋ္ဌာန်စိပ်၊ ညပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ နဂါးရုံးသွားစိပ်ပြီး ကျောင်း ၉နာရီပြန်။

နတ်တော်လပြည့်ကျော် ၃ ရက်၊ စနေနေ့ ၃ နာရီခွဲထ မျက်နှာသစ် ဘုရားရှိခိုး၊ ပုတီးစိပ်နေပြီး နံနက် ၆ နာရီခွဲကျောင်းမှ သင်ပန်းကုန်း ဦးကြွက်အိမ်သွား လက်ဖက်ရည်သောက်၊ဆွမ်းစားပြီး ဦးကြွက်နှင့် မှန်တန်းပေါက်လာ ၈နာရီမှာ ကားစီး၊ မန္တလေး ၈ ခွဲရောက်၊ ၈နာရီနှင့် မိနစ်၅၀တွင် မရမ်းခြံဆိပ် ရောက်၊ မြတ်မွန်မော်တော်စီး၍ မင်းကွန်းသွား ၁၀ ခွဲ မင်းကွန်းဆေးရုံရောက်၊ ဦးကြွက်သားက မင်းကွန်း ဆေးရုံမှူးဖြစ်၍ ထိုမှာဝင်၊ နေ့ဆွမ်းစားပြီး ဦးကြွက်နှင့် ဆေးရုံမှူးတို့က စက်တော်ရာဘုရား၊ မင်းကွန်းဘုရားကြီး၊ မြသိန်းတန်ဘုရား၊ ခေါင်းလောင်းကြီး၊ လူအိုရုံများလိုက်ပို့၊ ဘုရားများကို ပုတီး ၂၇ပတ်စီစိပ်ခဲ့ပြီး ဓမ္မနာဒတိုက်သို့သွား၊ ဆရာတော်ဦးဝိစိတ္တနှင့် အလ္လာပ၊ သလ္လာပပြောကြပြီး ၄ နာရီခွဲပြန် မင်းကွန်းဆေးရုံ ၆ နာရီရောက်၊ ခေတ္တနားပြီး စက်တော်ရာဘုရားသွားပုတီးစိပ်။

ထိုကမှ မင်းကွန်းဘုရားကြီး ၄၅ပတ် စိပ်ပြီးသောအခါ ဘိုးတော်တစ်ယောက်နှင့်တွေ့ ကိုယ်တော် လေးကို ခွေးမဟောင်သော ဂါထာနှင့် အကွဲအပြဲကို ပြန်ပေါင်းထုတ်နိုင်သော အင်းနှင့်ဂါထာကို ပေးရအုံးမယ် ရေး. . . ရေး ကိုယ်တော်လေးဟု ပြောသဖြင့် အောက်ပါအတိုင်း ရေးမှတ်လိုက်၏။

တက်ကြောင်းလျှောက်ပြီး သစ္စာဓိဋ္ဌာန်ပြု၏။ ပုတီး ၂၇ ပတ်စိပ်၏။ ပုတီးစိပ်ပြီးလျှင် ဘုန်းကြီး တစ်ပါးက ကိုယ်တော်က နောက်သတ္တဝါများ ကယ်တင်ရအုံးမှာ စုန်းမြင်ရသောဂါထာပေးခဲ့အုံးမယ် ရေးကိုယ်တော် ဆိုသဖြင့် အောက်ပါအတိုင်း ရေးမှတ်လိုက်၏။

ဥုံ ဝစေ အန္တော ယက္ခော စေဝ ဝစာမနုဿ
စေဝ ဒက္ခိဿတိ သွာဟ။

မဆစ်ဆီကို ၃၇ အုပ်မန်း၍ လူနာ၏မျက်စိကို ကွင်းကြည့်ခိုင်းပါ။ ပြုစားသူမြင်ရပါလိမ့်မယ်၊ ကောင်းပါပြီဘုရားဟု ပြောပြီး ပြန်လာခဲ့၏။ ညနေ ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ အောင်မြေ၊ နဂါးရုံ ကြေးဘုရားကြီးတို့ကို လေခါတ်တက်ကြောင်း လျှောက်ထားပြီး သစ္စာဓိဋ္ဌာန်ပြု၍ ပုတီး ၂၇ပတ်စီ စိပ်ခဲ့၏။ ည ၉ နာရီကျောင်းပြန်၏။ ပုတီးစိပ် မေတ္တာပို့ပြီးအိပ်၏။ နတ်တော်လပြည့်ကျော် ၁ရက် ကြာသပတေးနေ့ နံနက်တချက်လောက် **အိပ်မက်၏**။ ၅ဆင့် တိုက်ကြီးတစ်လုံးပေါ် ရောက်သွား၏။ ထိုတိုက်ပေါ် ရှိသော လူများကိုကျွန်ုပ်က ဒီငါးဆင့်တိုက်ကြီး ဆောက်ထားသောမြို့က ဘာမြို့ခေါ်သလဲလို့ မေးတော့ ရန်ကင်း မြို့ခေါ်ပါတယ်ဟု ပြော၏။ ဒီမြို့မှာ ဆောက်ကြသော အဆောက်အဦးများက ငါးဆင့်တိုက်များသာ ဆောက်ရပါတယ်ဟု လဲပြော၏။

ထိုသို့လူများနှင့် စကားပြောနေခိုက် ဘုန်းကြီးတစ်ပါးက အရှင်ဘုရားဟိုဘက်အခန်းဘက် ကြွပါ။ တပည့်တော်တို့ ဘုန်းကြီးများ သရဏဂုံယူကြပါအုံးမယ်ဟု လျှောက်၏။ ကျွန်ုပ်စိတ်ထဲတွင် ဘုန်းကြီး များက သရဏဂုံယူတာ ဘာထူးမှာလဲဟု အောက်မေ့၏။ ကြွပါဘုရားဟုပင့်သဖြင့် ကျွန်ုပ်လည်း ပင့်လာ သော ဘုန်းကြီးများနောက် လိုက်သွား၏။ အခန်းကျယ်ကြီးထဲရောက်တော့ ထိုပင့်လာသောဘုန်းကြီးက အရှေ့ထိပ်က ပလ္လင်ပေါ် ကြွတော်မူပြီး တပည့်တော်များကို သရဏဂုံပေးပါဘုရားဟု တောင်း၏။ ကျွန်ုပ် လည်း ပလ္လင်ကြီးပေါ် တက်၍ ပီပြင်စွာ သရဏဂုံသုံးပါးကို ပေးလိုက်၏။ တစ်ရာကျော်သော ဘုန်းကြီးများ ကလည်း ပီပီပြင်ပြင် လိုက်ဆိုကြ၏။ သရဏဂုံလည်း ယူပြီးကြရော အောင်ပြီ အောင်ပြီ အောင်ပြီ ဟု အော်ကြ၏။ ကျွန်ုပ်လည်း ပလ္လင်ပေါ် က ဆင်းလာ၏။

ထိုအခါ အကြီးအကဲဘုန်းကြီးက ယခုသရဏဂုံယူကြတာက မဟိဒ္ဓိအဆင့်တက်ဘို့ဖြစ်ကြ ပါတယ် အရှင်ဘုရား . . မဟိဒ္ဓိတက်မည့် ပုဂ္ဂိုလ်ဆိုလျှင် သရဏဂုံယူပြီးမှ မဟိဒ္ဓိစခန်းတက်ရပါတယ်။ သို့ဖြစ်ပါ၍ အရှင်ဘုရားထံ သရဏဂုံ ယူကြခြင်းဖြစ်ပါတယ်ဘုရားဟု လျှောက်၏။ အောက်မှာကား အရံသင့်ရှိပါပြီဘုရား. . ကြွတော်မူပါဘုရားဟု လျှောက်သဖြင့် ကျွန်ုပ်လည်း ငါးဆင့်တိုက်ကြီးပေါ် က ဆင်းလာ၍ ဘုန်းကြီးများက ထီးဖြူကြီးများမိုးပြီး လိုက်ပို့ကြ၏။ အောက်ထပ်ရောက်တော့ ကားကိုမြင် ရ၏။ ကားကအဖြူရောင်ဖြစ်၏။ တာယာဘီးများပါ အဖြူဖြစ်နေ၏။ "ဘဲလယား" ပုံစံမျိုးဖြစ်၏။ ကားနား ရောက်တော့ ဝတ်ဖြူစင်ကြယ်နှင့် လူနှစ်ယောက်က တံခါးဖွင့်ပေးကြ၏။ ကျွန်ုပ်လည်း ထိုသို့ဖွင့်ပေးသော ကားနောက်ခန်းက တက်ပြီးထိုင်လိုက်၏။ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ယောက်မောင်း၏။ တစ်ယောက် က ဘေးကထိုင်၏။ အလွန်လျှင်မြန်စွာ မောင်း၏။ ရှေ့ခန်းက မိုင်ခွက်ကိုလှမ်းကြည့် တစ်နာရီမိုင် ၁၀၀နှုန်း မောင်းနေတာဖြစ်၏။

လို့ပြောပြီး အချိန်ခိုင်း၏။

ပထမ - အညိုမှုံ၊ ဒုတိယ - ကြက်သွေး၊ တတိယ - အနီ၊ စတုတ္ထ - အပြာ၊ ပဉ္စမ - အနို ဆဋ္ဌမ - သက်န်းရောင်၊ သတ္တမ - အဝါရောင်ငုသွေး၊ အဋ္ဌမ - ဖြူပြာရောင်၊ နဝမ - ထုံးရောင်မှ ကိုချိန်ပြီး တကတော့စီပေး၏။ ကျွန်ုပ်က ဘယ်လောက်ကြသလဲမေးတော့ ဂုဏ်တော်စိပ်နေတဲ့ ပုဂ္ဂို ဖြစ်တဲ့အတွက် တပည့်တော်က ပြန်အမ်းရမှာပါဆိုပြီး ၄၅ကျပ်ပြန်အမ်းလိုက်၏။ ငွေအမ်းပြီး ပြန်ရ သည်မှာ အလေးချိန်မှန် မမှန် လက်တွေ့သိခြင်ရင် ဟိုနားကမရီတိုက်နောက်ဖေးကသွား၍ ချိန်ခွင့် ချိန်ကြည့်လို့ပြော၏။ ကျွန်ုပ်ဆားကိုးမျိုးယူလာပြီး တကတော့စီတို့ကို လျှက်ကြည့်၏။ အကုန်လုံးဆ များဖြစ်၍ အသွေးအရောင်ကွဲတာသာ ထူး၏။ ဒီလိုဆားမျိုး တခါမှမတွေ့ဘူး၍ ကျွန်ုပ်ကအံ့သြ နေ ထိုအခိုက် အဘိုးကြီးရောက်လာပြီး ဘယ်နှယ်လဲကိုယ်တော် သိပြီမဟုတ်လား အရောင်သာ ကွဲကြ အရသာကြတော့ အတူတူပဲမဟုတ်လား၊ ဒီသဘောကိုယ်တော်ရောက်ပါပြီ ကဲသွားလိုက်အုံးမယ်ဆို သွားတော့၏။ ထိုအခါသတိပြန်ရလာပြီး ပုတီးပြီးအောင်စိတ်၍ ဤမှတ်တမ်းကိုရေးလိုက်၏။ "အရ သဘာဝကျသော အတွေ့အကြုံ" ဟု မှတ်လိုက်၏။

နတ်တော်လဆန်း ၁၄ ရက် အင်္ဂါနေ့ နံနက် ၁ ချက်လောက် **အိပ်မက်**၏။ လူတယောက် ရေတွင်းထဲက ရေလုံးကြီးများ ထိုးတက်နေတာကို လက်ညှိုးနှင့်ထိုးပြ၏။ ကျွန်ုပ်က ထိုတက်နေသေ ရေလုံးကြီးကို "သဟဝဿ - ဒဿန - သမ္ပဒါယ - တယဿုဓမ္မ - ဇဟိတာဘဝန္တိ။ သက္ကာယ - ဒိဋ္ဌိ ဝိစိ - ကိစ္စိ တဉ္စ - သီလဗ္ဗ တံဝါပိ၊ ယဒတ္ထိ ကိဉ္စိ။ စတုဟ ပါယဟိစ ဝိပ္ပမုတ္တော၊ ဆစ္စာနိ - ဌာနာ အဘဗ္ဗကာတုံ။ ဣဒံမ္ပိ သံဃေ ရတနံ ပဏီတံ ဧတေန၊ သစ္စေန သုဝတ္ထိဟောတု" ဟု ဤ၂ ပုဒ်ကို ခဲ မန်း၍ထုလိုက်၏။ တက်နေသော ရေလုံးကြီးပြန်ကျသွား၏။ နောက်ထပ်ရေပန်းများ ရေတွင်းထဲမှ ထွက်လာပြန် - ပထမလောက် ရေလုံးများမကြီးပဲ ရေပန်းများလောက်သာဖြစ်၏။ ကျွန်ုပ်က ကြည့်ကော ကောင်းရှိတာနှင့် ကြည့်နေ၏။ ဘေးကလူများက ပြောကြသည်မှာ ခုနင်ကလို မန်းပြီးထုပါအုံးဘုရား လျှောက်ကြသော်လည်း မထုပဲနှင့်ကျောင်းပြန်လာ၏။

ကျောင်းရောက် ဘီရိုထိပ်က ဘုကိုဖြုတ်ပြီး အထဲက ပစ္စည်းတစ်ခုကို ယူလိုက်မိသလိုဖြစ်၏ သို့သော် မယူမိပဲ ခဲတံရောင်စုံတစ်ဘူးသာ လက်ထဲပါလာ၏။ ၁၂ နှစ်အရွယ်ကလေးက တောင်း အနက် တစ်ချောင်း ထုတ်ပေးလိုက်၏။ ထိုအခိုက် နိုးလာ၍ နာရီကြည့်လိုက်တော့ ၃ နာရီမတ်တင် ရှိ၍ ထပြီးမျက်နှာသစ် ဘုရားရှိခိုး ပုတီးစိပ်၏။ ခခတို့အလှူအာရုဏ်ဆွမ်းစားသွား၏။ ထိုမှဘုရား သွား - ပိန်းတန်းဘူတာမှာ ရှုံပိုင်ဇနီး ရထားတိုက်ထားတာတွေ့မြင်ခဲ့ရ၏။ ဤအိပ်မက်ကောက်ချ ရေခါတ်ပြီးကြောင်း အားခဲပြီးစိတ်နေတာ တန်တော့လို့ပြောခြင်းဟုကောက်၏။ ၁၂ ရက်တွက် ပုတ ၅၇၀၀၀၀ ရ၍ အပိုနှင့်တကွ ရေခါတ်ပြီးကြောင်း ည ၉ နာရီတွင် ဘုရားမြတ်စွာကို လျှောက်ထား နက်ဖြန် လေခါတ်တက်မည်ဖြစ်ကြောင်း လျှောက်ထား၏။ မေတ္တာပို့အမျှဝေပြီးအိပ်၏။

နတ်တော်လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် နံနက် ၃ နာရီခွဲထ၊ ဘုရားရှိခိုး ပရိတ်တော်များ မန္တာန်မှ မိဌာန်ပြုပြီး လေခါတ်တက်၍ "သမ္မာသမ္ဗုဒ္ဓေါ" ဂုဏ်တော်စစိပ်၏။ နံနက် ဘုရားကြီးသွား လေခါ

အကဲခတ်ကြည့်တော့ လူများကမကြည့်ကြပါ။ မိန်းကလေးက အရှင်ဘုရား အထက်ခြေတော်ရာကို ကြွပါဘုရား . . အေး . . အေးဆိုပြီး ကျွန်ုပ်တို့ ၂ယောက် တက်သွားကြ၏။

အထက်ခြေတော်ရာရောက်တော့ မူလရှိရင်းစွဲတောင်စွန်း ကျောက်တုံးကြီးပေါ်မှာ ဘုရားခြေတော်ရာကို ဖူးမျှော်ရ၏။ ကျွန်ုပ်စိတ်ထဲတွင် အောက်မေ့သည်မှာ အထက်ခြေတော်ရာမှ စေတီအုပ်ပြီး ရွှေတည်ထားတာကို အရင်က ငါဘုရားဖူးလာတော့ ဖူးရတယ်၊ အခုတော့ ဒီလိုမဟုတ်ပါလားဟု အောက်မေ့ပြီး ခြေတော်ရာကို ရှိခိုးပူဇော်နေသောအခါ ရောင်ခြည်တော်များလဲလွှတ်၊ ခြေဖဝါးတော် အလည်ခေါင် စက်လက္ခဏာအဝိုင်းထဲမှ ရေပန်းများဖျာထွက်နေ၏။ ထိုအချင်းအရာကို မိန်းကလေးအား ကျွန်ုပ်ကပြ၏။ မိန်းကလေးကလဲ ဒါဟာ အရှင်ဘုရားရဲ့ ပုတီးတန်ခိုးပါဘုရား . . တပည့်တော်တို့ ဒီမှာနေတာ နှစ်ပေါင်းတစ်ထောင်ကျော်လောက်ရှိပြီ၊ ဒီလိုတစ်ခါမှတန်ခိုးပြတာ မမြင်ဘူးပါဘုရားဟု လျှောက်၏။ ကျွန်ုပ်လည်းပုတီး ၄၅ပတ်စိပ်ပြီး သူမနှင့်အတူ အောက်ခြေတော်ရာ ဆင်းလာကြ၏။ အောက်ခြေတော်ရာက ၂ဆူ ဖြစ်နေ၏။ ဘယ်ခြေ၊ ညာခြေ အစုံချထားတာတွေ့ရ၏။ တန်ဆောင်းများလဲမရှိ၊ ပကတိကျောက်တုံးပြားကြီးပေါ် ချထားတာတွေ့ရ၏။ အင်း ဒီတစ်ခါတော့ တယ်ဆန်းပါလားလို့ မှတ်ချက်ချလိုက်၏။


သူမလေးက ဖယောင်းတိုင်၊ နံ့သာတိုင်များ မီးထွန်းပြီးလာ၍ ကျွန်ုပ်က ပူဇော်ပြီး ရှိခိုးပုတီးစိပ်၏။ ပုတီးစိပ်လို့ပြီးခါနီးမှာ ညာခြေတော်ရာက ရေချောင်းထဲ မြောပါသွား၏။ အဆန်းတကြယ်ဖြစ်၍ ကျွန်ုပ်တို့လဲ ထကြည့်နေ၏။ လူတစ်ယောက်က ဗိုလ်တက်ကုန်းမြောသွားတယ် ဟေ့ . . ဟု အော်ပြောနေ၏။ ထိုသူကပင် ဟိုမှာကြည့်စမ်း . . ဟိုမှာကြည့်စမ်းဟု လက်ညှိုးထိုးပြ၏။ သူထိုးပြတဲ့ဘက် ကျွန်ုပ်တို့ကကြည့်ကြ၏။ မန်းချောင်းမြစ်ထဲ မြောနေတာမြင်ရ၏။ တဖြေးဖြေးနှင့် ပျောက်ကွယ်သွားတော့မှ ကျွန်ုပ်တို့ပြန်လာခဲ့ကြ၏။ လမ်းမှာရေတွေစီးနေ၍ ခြေမျက်စိထိ ဆင်းသွားကြရ၏။ တဘက်လဲရောက်ရော ကျွန်ုပ်ကျောင်းတိုက်တောင်ဘက် သပြေပင်ကြီးနားဖြစ်နေကာ မိန်းကလေးက တပည့်တာဝန်ကျေပါပြီ ပြန်ခွင့်ပြုပါဘုရားဟု လျှောက်ပြီးပြန်သွား၏။ တုံးကြီးခေါက်သံကြား၍ နိုးလာ၏။ ထိုအိပ်မက်ကို မှတ်ပြီးရေခါတ်ပြီးကြောင်း အောင်မြင်ကြောင်းပြတာပဲဟု မှတ်ချက်ချလိုက်၏။

၁၃၃၀ခု နတ်တော်လဆန်း ၁၃ရက် တနင်္လာနေ့ ထုံးစံအတိုင်း နံနက်အဓိဋ္ဌာန်ဘုရားများ သွားစိပ်၊ နေ့အဓိဋ္ဌာန်ပုတီး ဓါတ်ခန်းထဲစိပ်နေစဉ် အာရုံထဲပေါ်လာသည်မှာ - ဦးဘအေးဆိုင်မှဆား ၉မျိုး ရောင်းနေကြောင်း အဘိုးကြီးတစ်ယောက် လာပြောနေ၏။ ကျွန်ုပ်စိတ်ထဲတွင် ဆား၉မျိုးနှင့် ငါနှင့်ဘယ်လိုများဆက်စပ်ပါလိမ့်ဟု တွေးမိ၏။ ထိုအခါ အဘိုးကြီးက ဘာတွေးနေတာလဲ၊ ဒီလုပ်ငန်းမျိုးဆိုတာ တွေးနေရင် နောက်ကျတတ်တယ်ပြောရင်း ချက်ခြင်းသွားလုပ်မှ အရာရာမှာ အောင်မြင်ပါတယ်ဟု ပြောနေသဖြင့် ကျွန်ုပ်ကဆား ၉ မျိုးရောင်းသော ဦးဘအေးဆိုင်သွား၏။ လမ်းတွင်ဘသိန်းဆိုသော လူတစ်ယောက်နှင့်တွေ့၏။ ကိုယ်တော်ဘယ်သွားမလို့လဲဟု မေးတာနဲ့ ဆား ၉မျိုးဝယ်တာ သွားမလို့ဟု ပြောလိုက်၏။ ဘသိန်းက လမ်းကစစ်တယ်လို့ကြားရတယ်ဟု ကျွန်ုပ်ကိုပြော၏။ စစ်စစ် မစစ်စစ် သွားမှာဘဲလို့ပြောပြီး ကျွန်ုပ်ကသွား၏။ ဦးဘအေးဆိုင်ရောက်၏။ ဆား၉မျိုး မေးဝယ်၏။ တစ်မျိုးကို လူတစ်ယောက် ဘယ်လောက်စီပေးသလဲဟု ကျွန်ုပ်ကမေးတော့ တစ်၊ နှစ်၊ သုံးသာ ပေးပါတယ်။ ကောင်းပြီချိန်ဗျာ


| | |
|---|---|
| ၇ | ၄ |
| ၄ | ၇ |

ရှင်းအင်းကို မှိုင်းခံစက္ကူတွင်ချ၊ ထိုအင်းကိုပက်လက်လှမ်း၍ လုံထဲထည့် အင်းပေါ်က ပဒါးထည့်ပြီး မီးမျှင်မျှင်နှင့်ထား၊ ပူတံသဘောလုပ်၊ ပဒါးခဲသွားတေ ချော်ကောင်းနှင့် ပိတ်ထိုးပဒါး မိတော့၏။

အခံအင်း



အပိတ်အင်း



ရှင်း ၂ အင်းကို မှိုင်းခံစက္ကူတွင်ချ၊ လုံတွင်အခံအင်း အောက်ကထား၊ ခါတ်လုံးအလယ်ကထ အပေါ်က အပိတ်အင်းထည့်ထိုး၊ ခါတ်လုံးကောင်းများ မပျောက်နိုင်တော့ပေ၊ အလယ်ကွက်လ စမလေးလုံး ထပ်ပြီးရေးထည့်ပါ။ ဤကဲ့သို့ ပြုလုပ်က မည်မျှမနှောင့်ယှက်နိုင်တော့ပေဟု ပြောပြသဖြ မှတ်ထားလိုက်ရ၏။ သစ္စာ၊ မေတ္တာ၊ ခန္တီ ရှိရှိ အသုံးကိုသိပါ။ နေ့တစ်ချက် အဘယာရာမ ရွှေဂူပြန်ရောက် ၁ချက်ခွဲတော့ မောင်သန်းညွန့်တို့ အလှူပရိတ်ရွတ် သွားကြ၏။ ကျောင်းကို ၄နာရီလောက် ပြန်ရောက်၏ ညနေ ဘုရားများအဓိဋ္ဌာန်ပုတီးလိုက်စိပ်၏။ ည ၉နာရီကျောင်းပြန်ရောက်လျှင် ၇ရက်တွက် ပုတီးအ အတွက်မှာ အောက်ပါအတိုင်း မှတ်လိုက်၏။

| | |
|---|---|
| သမ္မာသမ္ဗုဒ္ဓေါဂါထာ | ၁၇၅၀၀ |
| ရိုးရိုး | ၃၂၄၀၀ |
| ၇ - ရက်တွက် | ၃၂၀၆၀၀ |
| | ၃၇၀၅၀၀ |

၁၃၃၀ခု နတ်တော်လဆန်း ၁၂ရက် တနင်္ဂနွေနေ့ နံနက် ၁ချက်လောက်အိပ်မက်၏။ အရှ အမောင်းကောင်းကောင်း လုံးကြီးပေါက်လှ မိန်းကလေးတစ်ယောက် ၂၅နှစ်အရွယ်ခန့် ကျွန်ုပ်စီ လာ အရှင်ဘုရားကို မန်းစက်တော်ပို့ဘို့ရန် လာခဲ့ပါတယ်ဘုရား၊ ကြွကြပါစို့ဘုရားဟု လျှောက်သဖြင့် ကျွန်ုပ်က မိန်းကလေးနဲ့ဆိုတော့ လိုက်ရ မလိုက်ရ ချိတုံချတုံဖြစ်နေ၏။ ထိုအခိုက် မိန်းကလေးက အရှင်ဘုရာ ပြောတာ မေ့နေပြီလား "သူကြိုက်တာ ကိစ္စမရှိဘူး ငါကြိုက်မှာ စိုးရိမ်ရတယ်" ဆိုတဲ့ ဆောင်ပုဒ်လေ ဟု ပြောသောအခါ - အေး . . ဟုတ်သားပဲဆိုပြီး သူမလေးနှင့်ကျွန်ုပ်တို့ မန်းစက်တော်သွားကြ ကျွန်ုပ်ကျောင်းတိုက်ထဲကနေ တောင်ဘက် ဖြတ်ထွက်လိုက်ကြ၏။ ဂန္ဓာရုံတိုက်တို့ ဦးပိန်တံတားတို့ မတွေ့ တောဘဲ တောတောင်ကြီးထဲ ရောက်နေကြ၏။ လူများက ကျွန်ုပ်တို့ကို အထူးဂရုစိုက်ပြီး ကြည့်ကြသလား

စောင့်ရှောက်ရမယ်လို့ ပြောပြီးထွက်သွား၏။ ကျွန်ုပ်လဲနိုးလာ၏။ နာရီကြည့်လိုက်တော့ ၃ နာရီထိုးနေ၏။ အိပ်မက်မှတ်သားပြီး မျက်နှာသစ်၊ ဘုရားဝတ်တက်၏။ အဓိဋ္ဌာန်ပုတီးစိပ်၏။

နတ်တော်လဆန်း ၉ ရက်၊ ကြာသပတေးနေ့ နံနက် ၁ နာရီလောက်အိပ်မက်၏။ အောင်မြင်မှုနှင့်ကင်းဘုရားအတွင်း ပုတီးစိပ်နေ၏။ ဘုန်းတော်ကြီးတစ်ပါး နောက်လာရပ်၏။ ကျွန်ုပ်လဲပုတီးစိပ် မပြီးသေးတာနှင့်ဆက်စိပ်၏။ ဘုန်းတော်ကြီးက ပြီးအောင်သာစိပ်ပါ။ စောင့်နေပါ့မယ်ဟုပြော၏။ ကျွန်ုပ်လဲ ပုတီးစိပ်ပြီးသွားလျှင် ဘုရားဝတ်ချ၊ မေတ္တာပို့အမျှဝေပြီး ထိုရပ်နေသောဘုန်းတော်ကြီးကို ဦးသုံးကြိမ်ချပြီး ဘာကိစ္စရှိပါသလဲဘုရားဟု မေးလျှောက်သောအခါ - ကိုယ်တော်မှာ သာသနာရေးအတွက် တိုက်ပွဲထွက်ရမယ်၊ တိုက်ပွဲဝင်လျှင် မေတ္တာသုတ်ကို ဉာဏ်စွမ်းနှင့် အသုံးချပြီး တိုက်ပွဲအောင်အောင် တိုက်ရမယ်။ နက်ဖြန်အတွက် အစီအစဉ်လုပ်ဟု ပြောပြီး ဘုန်းတော်ကြီးကြွသွား၏။

ကျွန်ုပ်လဲ အစီအစဉ်လုပ်ပြီး အသင့်ဖြစ်နေသောအခါ မြန်မာစစ်ဝတ်နှင့် သံခမောက်ဆောင်း လေးယောက်ရောက်လာ၍ ကျွန်ုပ်တို့တိုက်ပွဲထွက်ကြ၏။ တိုက်ပွဲစခန်းရောက်တော့ ရန်သူဘက် အခြေအနေကိုလေ့လာ၏။ ဗန္ဓုလအဝတ်အစားဝတ် သံခမောက်ဆောင်း လေးယောက်က ကိုယ်တော် . . ရန်သူတပ်က ကြေးကုလားတပ်တွေဘဲ တသောင်းကျော်လောက် ရှိမယ်ထင်တယ် . . အဲဒီတော့ တပည့်တော်တို့ ၅ယောက်နှင့် ဖြစ်နိုင်ပါ့မလားဟု ပြောသောအခါ - ကျွန်ုပ်ကမပူပါနဲ့လို့ ပြောပြီး မေတ္တာသုတ်ကို ကရဏီယမှာစ၍ ဂဗ္ဘသေယျပုနာရေတိ တိုင်အောင် သတ္တတသံ နှင့် ရွတ်လိုက်ပြီး မြေကြီးကို ဖနောင့်နှင့် ဖိ၍ ကောင်းကင်တက်လိုက်၏။ ကျွန်ုပ်ကောင်းကင် ရောက်သွားသောအခါ စောင်းလိုက်၊ ဝေ့လိုက်၊ လက်ကိုလှမ်လိုက်၊ မှောက်လိုက်ပြုလုပ်ပြီး များစွာသော စစ်သည်များကို ဖန်ဆင်းလိုက်၏။

ထိုအခါ ကျွန်ုပ်တို့ဘက်မှ စစ်သားများသိန်းချီရှိနေ၏။ ထိုအချင်းအရာကို တဖက်ကမြင်ရ၍ ထိုရန်သူဘက်က ဗိုလ်ဗိုလ်ချင်းတိုက်မယ်ဟု ကမ်းလှမ်း၍ ကျွန်ုပ်က သဘောတူလိုက်ပြီး ရန်သူဘက်က ဗိုလ်နှင့် ကျွန်ုပ်နှင့် တိုက်တော့၏။ ကျွန်ုပ်ကတောင်ဝှေးသာပါ၏။ ရန်သူဗိုလ်ကမြင်းစီး၍ ဓါးနှင့်ကျွန်ုပ်ကို ထိုးခုတ်၏။ ကျွန်ုပ်က တောင်ဝှေးနှင့်ခံပြီး တောင်ဝှေးနှင့်ထိုးလိုက်တော့ ရန်သူဗိုလ် မြင်းပေါ်မှကျပြီး ပက်လက်လှန်ခါ မလှုပ်နိုင်အောင်ဖြစ်၍ ရှုံးသွားလေ၏။ သူ့ဖက်စစ်သည်များ ဖရိုဖရဲပြေးလွှားကြ၏။ ထိုစဉ် ကျွန်ုပ်နိုးလာ၏။ အော် ဆန်းပြား ဆန်းကြယ်ပါလားဟု ရေရွတ်ပြီး ဤမှတ်တမ်းကိုရေးလိုက်၏။

နတ်တော်လဆန်း ၁၀ရက်၊ သောကြာနေ့ ၃ခွဲထပြီး ပုတီးစိပ်၊ နံနက် ၇နာရီခွဲလောက် စိန်ပန်းက မောင်သန်းညွန့်အလှူသွား၊ စလိုင်းကားစီး၊သံလမ်းဆင်း၊ အမှတ် ၃ကားပြောင်းစီး၊ ၈ခွဲလောက် မောင်သန်းညွန့်တို့ အလှူအိမ်ရောက် ဆွမ်းစားပြီး လ္ဘက်ရည်သောက်၊ ၁၁နာရီခွဲလောက် အဘယာရာမ ရွှေဂူတိုက သပွတ်ပင်က ဦးလက္ခဏာတို့နှင့်လာကြပြီး အနားယူကြ၏။ ထိုအနားယူနေသည့်အခိုက် ရေချိုးပြီး ဦးပေစိဘုရားသွား ပုတီး၂၇ပတ်စိပ်၏။ ပုတီးစိပ်ပြီးတော့ ဘုရားကိုလှည့်ပတ်ဖူးပြီး တောင်မှုခ်ပြန်အထွက် စိပ်ပုတီးကြီးလည်ပင်းမှာ စွတ်ဆွဲထားသော ခေါင်းတုံးပြောင်နှင့် အဘိုးကြီး တစ်ယောက်က ကိုယ်တော်လေး ပုတီးစိပ်တာ တော်တော်ပေါက်ပေါက်မြောက်မြောက် ရှိနေပြီပဲကိုယ်တော် . . ဓါတ်ကစားတဲ့အခါ ပြဒါးဖမ်း အင်းနှင့်ဓါတ်လုံးမထွက်နိုင်သောအင်းများကို ပေးပါအုံးမယ်၊ ရေး . . ရေး ဟုပြောသဖြင့် ကျွန်ုပ်က အောက်ပါအတိုင်းရေးမှတ်လိုက်၏။

အကြောင်းပြောကြသောအခါ ဦးနာဂက ပထဝီသိဒ္ဓိပေါက်ပြီး သွဲ့နှမနေရာ ရန်ကုန်မြေနီဝိုင်းမှ နွားနို့သွားသောက်တဲ့ ငွေတောင်တိုက်ဆရာတော်၏ ကပ္ပိယကုလားကြီး မန္တာန်ကိုပေးရဦးမယ်ဆို၍ အရေးခိုင်း၍ ရေးထားမှတ်လိုက်သည်မှာ -

ဟုံ ကုံ ဗေဟတ် ကေလာ သလာ

ဏ္ဍလိလာ အန္တါ နုပဟာ မိန္ဒ ဇော်ရ

မိန်မလာ ရှေကုန်လာ သျှေကုံ ဤလိလာ။

လုပ်နည်း၊ ၎င်းဂါထာကို ကျောက်ဂူအတွင်းမှာနေ၍ ၄၉ရက်မပျက်တမ်း ရွတ်နေရမည်။ ၄၉ရက် အတွင်း အပြင်မထွက်ရ၊ ကျင်ကြီးကျင်ငယ်အိုးထား၊ အာဟာရနှင့်ရေသွင်းပေး၊ အပေါက်တစ်ပေါက် ထဲထားပြီး ထိုကိစ္စပြုလုပ်ပါ၊ မည်သူနှင့်မျှမတွေ့ရ ဤကဲ့သို့ကျင့်လျှင် ၄၉ရက်အတွင်း ပထဝီသိဒ္ဓိပေါက်၏၊ နတ်တော်လဆန်း ၆ ရက် ၇ရက်များမှာ ထုံးစံအတိုင်း အဓိဋ္ဌာန်ပုတီးစိပ်သွား၊ အထူးအထွေမရှိ ။နတ်တော် လဆန်း ၈ ရက် ဗုဒ္ဓဟူးနေ့ အိပ်မက်မက်၏။ ဘာမျှမမြင်ရ အလင်းရောင်များသာ မြင်ရ၏။ များမကြာ ခင်လူကြီးများက ထီးတော်ကြီးကို ကြိုးလမ်းဖြင့် အောက်ချနေတာ တွေ့မြင်ရ၏။ ကျွန်ုပ်လည်း ထီးတော်ကြီး ချနေသောနေရာကို အပြေးအလွှားသွားကြည့်၏။ လူများက ဝိုင်းပြီးရေဆေးကြ၊ ဂျေးများပွတ်ကြပြီး ပြန် တင်ဖို့ စီစဉ်ကြ၏။

ထိုအခါ ကျွန်ုပ်က ထိုလူများကို ပြောပြသည်မှာ ပွဲသုံးပွဲထိုးပြီး ထီးချရတယ်။ တင်ပြန်လျှင်လည်း ပွဲသုံးပွဲထိုးပြီး တင်ရတယ်လို့ ပြောလိုက်တော့ လူကြီးတစ်ယောက်က ထီးချစဉ်တုန်းက ပွဲမထိုးခဲ့ရသဖြင့် အစားပေးတဲ့အနေနဲ့ ၃ပွဲ ယခုတင်ရန်အတွက် ၉ပွဲ ၁၂ပွဲပေါင်းထိုးရင် ရပါသလားဟု လျှောက်သဖြင့် ရကြောင်းပြောလိုက်၍ ထိုလူကြီးက ပွဲများစီစဉ်ရန် လူ ၃ယောက်ကိုလွှတ်လိုက်၊ ထိုအခိုက် ထီးကြီး သေသေ ချာချာကြည့်တော့ ပတ္တမြားများ၊ မြကျောက်များ၊ စိန်များ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် တပ်ဆင်ထားတာ တွေ့မြင်ရ၏။ ထိုကဲ့သို့ ကြည့်နေခိုက် ပွဲများပြင်ရန် ငှက်ပျော၊ အုန်းများယူလာကြသော လူ ၃ယောက် ပြန်လာတာ တွေ့လိုက်ပြီး နတ်သမီးဝတ်တန်ဆာတို့ဖြင့် မိန်းကလေး ၉ယောက်တို့ ထို ပွဲများကို ပြင်နေကြ၏။ ထိုအခိုက် ဝတ်ဖြူဝတ်ထားသော လူကြီးတစ်ယောက်က မုန့်တီဘုဦးပေးရန် ကြွတော်မူပါဘုရားဟု ပင့်လျှောက်၍ လိုက်သွား၏။ အဆောက်အဦးကြီးတစ်ခုထဲ ရောက်သွားကြ၏။

ထိုအဆောက်အဦးကြီးထဲဖြတ်ပြီး အရှေ့ပေါက်က ထွက်သွားကြ၏။ ပိတ်ဖြူဆင်ထားသော ဇမ္ဗူကျပ်ကြီးထဲရောက်၊ မုန့်ပြင်ထားသော စားပွဲဝင်ထိုင်စား၏။ ပြီးတော့ ထိုပင့်လာသော ဝတ်ဖြူစင်ကြယ် နှင့် လူကြီးကပင် ကန်တော့ပွဲထိုးသောနေရာ ပင့်သွားပြီး ဤကဲ့သို့ ပွဲထိုးတာ မှန်ကန်ပါသလားဘုရားဟု လျှောက်၍ မှန်ကန်ကြောင်း ပြောပြပြီး ထိုပွဲများကိုတင်ပေး၏။ နတ်ဒေဝီအဝတ်အစားနှင့် မိန်ကလေးများ က သပြေခက်များ၊ နံ့သာရေ ဆွတ်၍ ကျွန်ုပ်နှင့်ပွဲတော်တို့ကို ပက်ဖျန်းကြ၏။ ပွဲတင်ပြီးတော့ ထီးတင်ရန် ကျွန်ုပ်ကပြောလိုက်၏။ ထီးတော်ကြီးက အလိုလိုပျံတက်သွားပြီး တင်ပြီးသလို ဖြစ်သွား၏။ လူများက ဥဩဩသောင်းလဲ ဖြစ်ပြီး ရင်သပ်ရှုမော ကြည့်နေကြ၏။ ထိုအခါ ဝတ်ဖြူစင်ကြယ်နှင့် လူကြီးပြန်ရောက် လာပြီး ထီးတော်ကြီး အရှင်မြတ်တင်တာပဲ . . သို့အတွက် အရှင်မြတ်တာဝန်ယူပြီး ဤထီးတော်ကြီး

ကတိုး ကြောင်သို့ နှိမ်းနို လက္ခား ကျားနို့ ရေကြတ် ဒိမ်မွေ့သီး ဖာလား ကန့် ဆေးဒါန်း ထဝိပ္ပလ်သီး လေးညှင်း ပန်းဥ ပန်းမ ပန်းနု ကြွက် ကြွက်သွန်ဖြူ ကြွက်သွန်နီ စမုန်ပျိုးငါးပါး နံ့သာဖြူ ငင်းဘန်း

ရင်းဆေး ၂၁ပါးကို နွားနက်သေးနှင့် ၇ရက်စိမ်ပြီး မုန်ညင်းရေ့ခန့်လုံးထား သူဝယ်နာများကို တစ်နေ့တစ်လုံးတိုက်။ သူဝယ်နာအကြော ခေါင့်တန်းဆွယ်လျှင် ကျော ရင်ကိုနမ်းဆီစစ်စစ်နှင့် ဖျော်လူး လိမ်းပေး ဥာဏ်ရှိသလိုသုံး ကိုယ်တော်၊ နန်းတွင်းကလေးများ ဒါနဲ့ပဲ ကုခဲ့တာပါဘဲ။ ကဲသွားလိုက်ပါဦးမယ်။ ကောင်းပါပြီဘုရား . . ကျွန်ုပ်လဲ ပုထိုးတော်ကြီး ဆက်သွား၏။ ဘုရားပျောက် ရေမိတ်တက်ကြောင်း လျှောက်ထားသည်။ အဓိဋ္ဌာန်ပြု ပုတီး ၂၇ပတ်စိပ်ပြီး ရွှေဂူကြီးသွား ရေမိတ်တက်ကြောင်းလျှောက်ထား အဓိဋ္ဌာန် ပြု ၂၇ပတ်စိပ်၊ အောင်မြေနှင့် ကြေးဘုရားကြီးတို့လည်း ထို့အတူလျှောက်ထား၊ အဓိဋ္ဌာန်တက်ပြီး ၂၇ပတ်စီစိပ်ခဲ့၏။ ၁၀နာရီခွဲကျောင်းပြန် ကျောင်း ၁၁မတ်တင်းရောက် ဆွမ်းစား၊ ရေချိုး၊ အဓိဋ္ဌာန်ပုတီး ဆက်စိပ်၊ ညနေလည်း ဘုရားဖူးသွား၊ ကျောင်း ၉နာရီခွဲပြန်ရောက် ပုတီးစိပ်မေတ္တာပို့ အမျှဝေပြီးအိပ်။

၁၃၃၀ ခု နတ်တော်လဆန်း ၅ရက် တနင်္ဂနွေနေ့မနက် ၂ချက်လောက် အိပ်မက်၏။ မဟာမြတ်မုနိ ဘုရားကြီးရောက်နေ၏။ ဘုရားကြီးက ပိတ်ထားသော်လည်း အဝိုင်းပေါက်လေး တစ်ပေါက်တော့ ရှိ၏။ ထိုအပေါက်ကလေးမှကြည့်လျှင် တစ်တောင်လောက်ရှိသော ဘုရားကြီးပုံကိုမြင်ရ၏။ ဘုရားကြီးက အကြီးကြီးပါ။ ဘာ့ကြောင့်တစ်တောင်လောက် မြင့်ရတာလည်းဆိုပြီး ပိတ်ထားသော တံခါးပေါက်ကြီးကို တွန်းဖွင့်လိုက်၏။ တံခါးပွင့်သွားသောအခါ မဏိတော်ထိပ်က ၄ ပေခရောင်း အဖြူထွန်းထား၏။ အဝတ်ဖြူနှင့် လူတစ်ယောက်က ဘုရားပုခုံးတော်နောက်ကနေပြီး မျက်နှာတော်နားကနေ မီးလုံးကြီးထွန်းပြ၏။ ကျွန်ုပ်လည်း ဘုရားရှိခိုးပုတီးစိပ်ပြီး ဘုရားအာရုံခံအတွင်း လျှောက်ကြည့်၏။

ရုပ်ပုံများဖြစ်သော ဝေဿန္တရာဇာတ်၊ မဟောဇာတ်၊ တေမိဇာတ်၊ နေမိဇာတ်၊ သုဝဏ္ဏသျှံစသော ဇာတ်ကြီး ၁၀ဖွဲ့ ရုပ်လုံးများဖြင့် ပြသထား၏။ ကျွန်ုပ်စိတ်ထဲအောက်မေ့သည်မှာ အရင်က ဒီဘုရားကြီး အာရုံခံထဲ ဒီလိုရုပ်စုံများမရှိ အခုမှရှိတာပဲလို့ မှတ်ထားလိုက်၏။ စိတ်ထဲအောက်မေ့လိုက်၏။ ဘုရားကြီး၏ ဂန္ဓကုဋီတိုက်နံဘေးများနှင့် နံရံဘေးများတို့မှာ ဇာတ်ကြီးဆယ်ဘွဲ့ရုပ်များနှင့် ပြည့်နေ၏။ ထိုဇာတ်ကြီးများကိုကြည့်ပြီး အရှေ့မုခ်ထွက်လာခဲ့၏။ မုခ်ဝမှာ လူများကစောင့်ပြီး ကျွန်ုပ်ကိုခါတ်လုံးတောင်းကြ၏။ ပါလာသော ခါတ်လုံးတစ်လုံးကို ပါးစပ်ထဲငုံလိုက်ပြီး ပရိတ်သတ်များကို ပါးစပ်ထဲက တစ်လုံးပြီးတစ်လုံး ထုတ်ပေးလိုက်၏။ တစ်လုံးငုံထားကာ ပရိတ်သတ်တောင်းတိုင်း ခါတ်လုံးပွားများဖြစ်ပြီးပေးနိုင်၏။

ကျောင်းပြန်လာပြီး ငုံထားသော ခါတ်လုံးကိုဖြုတ်၍ လင်ပန်းထဲထည့်လိုက်၏။ လင်ပန်းကြီး တစ်ချပ် ခါတ်လုံးများ ဖြစ်ပွားလာ၏။ ကျွန်ုပ်ပစ်ထည့်လိုက်သော ခါတ်လုံးက လင်ပန်းထဲက ခါတ်လုံးများ အပေါ်ရောက်နေ၏။ ထိုခါတ်လုံးကို ကျွန်ုပ်ကလင်ပန်းပေါ်က ကောက်ယူလိုက်၏။ ကျန်လင်ပန်း တစ်ချပ်ကြီး ပြည့်နေသောခါတ်လုံးများ တဖြည်းဖြည်းနှင့် နည်းသွား၏။ နောက်ဆုံးလင်ပန်းချည်း ကျန်နေ၏။ ကျွန်ုပ်နှင့်တကွလူများ ထိုဖြစ်ရပ်များကို ဝိုင်းကြည့်ပြီး အံ့ဩနေကြ၏။ ထိုအခိုက် တုံးကြီးခေါက်သံကြား၍ နိုးလာ၏။ ကျွန်ုပ်လည်း ထိုအိပ်မက်ကို မှတ်တမ်းတင်ထား၏။

မနက်လင်းတော့ ဘုရားလျှောက်ဖူးပြီး ပုတီးစိပ်၊ ၁၁နာရီလောက်ကျောင်းပြန်လာ ဆွမ်းစားနေတုန်း အာဂန္တုဘုန်းကြီး ဦးနာဂရောက်လာ၏။ ဆွမ်းပြင်ပြီးကပ်၏။ ပြီးလျှင်လက်ရည်ဝိုင်း ထိုင်သောက်ရင်း ပုတီး

ဗုဒ္ဓေါနာမတိလောကသ္မိံ၊ ဗုဒ္ဓေါစမာရဝိဇ္ဇယော။
ဗုဒ္ဓေါ ဗုဒ္ဓေါ တိသစ္စာနိ၊ စတုသစ္စေ ပကာသိတော။
သဗ္ဗံ ဗုဒ္ဓေါဏသညာ ကော၊ ဗုဒ္ဓေါစနာမတေနမော။
၁၂။ ဘဂ္ဂ သဝေါသမ္မာ ဒဏ္ဍေါ၊ ဘဂ္ဂရာ ဂေါသမ္မတဏ္ဍော။
ဘဂ္ဂပါလာ စတုကသလော၊ ဘဂ္ဂဝါမာ ရဝိဇ္ဇယော။
ဘဂ္ဂရာ ဂေါ ဘဂ္ဂဒေါသော၊ ဘဂ္ဂမောဟော အနာသဝေါ။
ဘဂ္ဂသံသာရမိ မကော၊ ဘဂ္ဂဝါနာမ တေနမော။

ဤဂါထာ ၁၂ ပုဒ်ကို တပုဒ်ဆုံးလျှင် တလုံးချပြီး စိပ်ကိုယ်တော် . . သူတက်စဉ်ကဏ္ဍအတိုင်းစိ သွားရုံပါဘဲ၊ သာဓုပါကိုယ်တော် . . သာဓု . . သာဓုပါ အလွန်ကျေးဇူး ကြီးပါပေတယ်။ တပည့်ပေါ မြောက်ရင် အရှင်မြတ်ထံ အရင်ဦးခိုက်လာပြီး အရှင်မြတ်အလိုဆန္ဒအားလုံး ဖြည့်ပါမယ်ဘုရား . . ကျွန်ုပ်ဂ ပြောလိုက်၊ သူကနေလိုက်နှင့် ပျဉ်းမနားဘူတာ ရထားဆိုက်လာ၏။ နာရီက ၂ချက်ထိုး၏။ ပျဉ်းမနားဘူတာ လည်းရောက်ရော ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ကိုဝတ်ချပြီး ဆင်ဖြူတောင်ဝင်ပြီး အလုပ်လုပ်ပါတော့မယ်ဘုရာ . . ရွှေမော်ကွတ်တွင်လည်း အမိန့်ဌာန်ပြုပါ၏ဘုရား . . အကယ်၍ အရှင်ဘုရားရွှေမော်ကွတ် အရှင်ဘုရာ ပေးသော စိပ်နည်းကို ဆုံးခန်းတိုင်အောင် မစိပ်ဖြစ်ပါက တပည့်တော် ပန်ဆုပျက်၍ မဟာအဝီစိငရဲကြီးသို့ ကျပါစေသားဟု ကျိန်ဆိုပြီး ကျွန်ုပ်၏ခြေဖမိုးနှင့် သူ့ဦးခေါင်းတိုက်ပြီး ကန်တော့၍ဆင်းသွားတော့သည်၊ သူ့မှာလည်း အိတ်တလုံးနှင့် သပိတ်သာပါ၏။

ညနေ ၆နာရီတိတိ မန္တလေးဘူတာကြီးရောက်၏။ ကျွန်ုပ်လည်း ရထားကဆင်း၍ ဂုံးပေါ် လျှောက်ပြီး ၂၉လမ်းအတိုင်းလာပြီး ဇလိုင်းကားစီး၍ ကျောင်းပြန်၏။ ကျောင်း ၇နာရီရောက်၏။ ခေတ္တ အပန်းဖြေပြီး ခရီးတစ်လျှောက်လုံး ပုတီးစိပ်လာ၍ မြေခါတ်ပြီး၍ ည ၉နာရီတိတိမှာ ကျောင်းကမခါတ်ခန်း ထဲတွင် ရေခါတ်တက်၏။ နံနက် ၃နာရီလောက် အိပ်မက်၏။ လူတစ်ယောက် ဝတ်ဖြူစင်ကြယ်နှင့် လာပြီး ကိုယ်တော်သွားလိုရာ ခရီးထိုထိုကို သမထအောင်လို့ ရောက်နေတာ၊ ဂုဏ်တော် ၁၂ပါးလုံး ပေါက်မြောက်လျှင်တော့ ဘာပြောကောင်းမလဲဟု ပြောပြီးထွက်သွား၏။ ကျွန်ုပ်လည်း တုံးကြီးခေါက်သံ ကြား၍ထပြီး နာရီကြည့်လိုက်တော့ ၄နာရီထိုးသွား၏။ ထပြီးမျက်နှာသစ်၊ သွားတိုက်ပြီး ဘုရားရှိခိုး ပုတီးစိပ် ၄၅ပတ်စိပ်၏။ ပြီးလျှင် ဆန်ပြုတ်သောက်၊ ဘုရားဖူးသွား၏။

တောင်မင်းကြီးဘုရားတွင် ရေခါတ်တက်ကြောင်း လျှောက်ထားအမိန့်ဌာန်ပြီး ၂၇ပတ်စိပ်၊ ကျွန်ုပ် ပုတီးစိပ်ပြီးရော ကိုယ်တော်တစ်ပါး ဝတ်ချနေ၏။ ဝတ်ချရှိခိုးပြီး ဦးပဉ္စင်းက ပုတီးစိပ်တာ ဘယ်နည်းနဲ့စိပ်လဲ. . ခါတ်ကြီးလေးပါးနဲ့ စိပ်ပါတယ်၊ ဂုဏ်တော်ဘယ်နှစ်ပါး ပြီးသွားလဲ . . . ငါးပါးပြီးသွားပါပြီဘုရား၊ သာဓု ကိုယ်တော် . . သာဓု . . သာဓု၊ ကိုယ်တော် ပုတီးစိပ်တယ်ဆိုတော့ ကလေးများကယ်တင်ရန် ဦးပဉ္စင်းကို ဂေါမုတ္တသူငယ်နာဆေးနည်း ပေးရဦးမယ်။ အကြောင်းညီညွတ်လျှင်ဖော်ပြီး ကလေးများကယ်တင်ပါ ဘုရား . . ကောင်းပါပြီး၊ အမိန့်ရှိပါဘုရား။

သမ္မာစိကောသ ဝေါဟံသာ၊ သမ္မာ စမာရဝိဇ္ဇယော။
သမ္မာသမ္ဗုဒ္ဓညာ ဏေန၊ သမ္မာသမ္ဗုဒ္ဓ ဒေသကော။
သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ တေနမော။
၅။ ဝိဇ္ဇာ စရဏသမ္ပန္နော ၊ ဝိဇ္ဇာ စရဏသာကရော။
ဝိဇ္ဇာတနေကော သဗ္ဗညု ။ ဝိဇ္ဇာစမာ ရဝိဇ္ဇယော။
ဝိဇ္ဇာစရဏ သမ္ပန္နော ၊ တိဿောဝိဇ္ဇာ ပကာသိတာ။
ကာလတယသမ္ပပ္ပန္နာ၊ ဝိဇ္ဇာစရဏ တေနမော။
၆။ သုဂတော နိဗ္ဗာနံယာတိ၊ သုဂတော လောကနာယကော။
သုဂတော လောကသာမိကော၊ သုဂတော မာရ ဝိဇ္ဇယော။
သုဂတော သုဂတဋ္ဌာနံ၊ သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံယာတိ၊ သုဂတော တေနမောနမာ။ ။
၇။ လောကဝိဒူ - တိလောကဿ၊ လောကသိဒ္ဓိပဘာဝီတော။
လောကဂုဏော မဟာဝီဟော၊ လောကဂ္ဂေါမာရဝိဇ္ဇယော။
လောကဝိဒူတိ နာမေန၊ အပ္ပမှိဟ တညာဏတော။
သင်္ခါရသတ္တ မောကာသံ၊ လောကဝိဒူ တိတေနမော။
၈။ အနုတ္တရော ညာဏသိခေါ၊ အနုတ္တရောအာနုဘောဝေါ။
အနုတ္တရော တိလောကသ္မိံ၊ အနုတ္တရောစဝိဇ္ဇယော။
အနုတ္တရော ဂုဏသိခေါ၊ ယောလောကဿ အနုတ္တရော
အနုတ္တရေ န လောကသ္မိံ၊ အနုတ္တရောစတေနမော။ ။
၉။ ပုရိသေဖရုသေဗ္ဗါလေ၊ ပုရိသ ဓမ္မသာရထိ၊
ပုရိသောစ ဓမ္မောကာသေ၊ ဓမ္မေနမာ ရဝိဇ္ဇယော။
သာရထိစ္စကမေကဿ၊ သာရထိနသမော ဇိနေ။
သာရထိ သဗ္ဗလောကဿ၊ သာရထိနာမတေနမော။
၁၀။ သတ္ထာဒေဝမနုဿနံ၊ သတ္ထ ဒေဝတြိဂုဝနံ။
သတ္ထာဒေဝမု နိနာမ၊ သတ္ထာဓမာရဝိဇ္ဇယော။
သတ္ထာဒေဝမနုဿနံ၊သတ္ထါပေါတိဓ သောမုနိ။
သတ္ထာစရိပုမညာနံ၊ သတ္ထာဒေဝစတေနမော။
၁၁။ ဗုဒ္ဓေါသဗ္ဗေ ပိတေဓမေ၊ ဗုဒ္ဓေါညာဏဿ သမ္ဗုဒ္ဓေါ။

| | |
|---|---|
| ၁၀။ အာကာသ သိဒ္ဓိ | ၂၅။ အနာဂတ်သ သိဒ္ဓိ |
| ၁၁။ အနုလောမ သိဒ္ဓိ | ၂၆။ ယထာကမ္မုပဂ သိဒ္ဓိ |
| ၁၂။ ပဋိလောမ သိဒ္ဓိ | ၂၇။ အာသဝက္ခယ သိဒ္ဓိ |
| ၁၃။ မနောမယ သိဒ္ဓိ | ၂၈။ မဟာဝဇိရ ဉာဏ သိဒ္ဓိ |
| ၁၄။ ကြွန္တာသယ သိဒ္ဓိ | ၂၉။ အပဋိဟတ ဉာဏ သိဒ္ဓိ |
| ၁၅။ စိန္တာမယ သိဒ္ဓိ | ၃၀။ သဗ္ဗညုတ ဉာဏ သိဒ္ဓိ |

ဤသိဒ္ဓိ ၃၀ကို တပါးလျှင် လေးမျိုးပွားရသောကြောင့် သိဒ္ဓိတရာနှစ်ဆယ်ရ၏။ ဤသိဒ္ဓိလေးပါး ကို တပေါင်းတည်း စိပ်မည်ဆိုက ပုတီးလုံးရေ ၁၂၀ ပါသော ပုတီးဖြစ်လျှင်ကောင်း၏။ တပါးစီ ယခုပြ သည့်အတိုင်း စိပ်က ၁၂၀ လုံးရေ ရှိသောပုတီးမလိုတော့ပေ။

ဤသိဒ္ဓိမျိုး ၃၀ကို ရှေ့ပြောခဲ့သည့်အတိုင်းစိပ်ပါ။ ကိုယ်တော်ပြခဲ့သည့်အတိုင်း စိပ်ပြီးလျှင် အရဲ ခံရပါတော့သည်။ အခြေခံရပြီးမှ အရဟံဂုဏ်တော်ကိုဖြစ်စေ - အရဟံဂါထာကိုဖြစ်စေ ဓမ္မခန္ဓာ ရှစ်သောင်း လေးထောင် ရည်စူးပြီး လုံးရေရှစ်သောင်းလေးထောင် ပြည့်အောင်စိပ်ပါကိုယ်တော် . . ပြီးလျှင် ထိုဂုဏ်တော်ကိုပဲ မြေဓါတ်ကို ရည်စူး၍ ၂၄၀၀၀၀ ပြည့်အောင်စိပ်၊ ထို့အတူ ရေဓါတ်ကို ရည်စူးပြီး ၄၈၀၀၀၀ လုံးရေပြီးအောင်စိပ် . . ထို့အတူ လေဓါတ်ကိုရည်စူးပြီး ၉၆၀၀၀၀ ပြည့်အောင်စိပ်၊ ထို့အတူ မီးဓါတ်ကို ရည်စူးပြီး ၁၉၂၀၀၀၀ ပြည့်အောင် စိပ်အားလုံးပြီးလျှင် သိဒ္ဓိတင်သောအနေဖြင့် ကြွရှစ်ချက်ဂါထာကို လုံးရေ ၁၀၀၀၀၀ ပြည့်အောင်စိပ်ပါ။

ဤဟာ ပေါက်ရောက်တော့တာပါပဲ ၊ ထိုနည်းတူ ဂုဏ်တော် ၁၂ပါးကို ပွားများပါ မြေကြီးလက်ဝါး နှင့်ပုတ်ရင် လွဲလွဲမသာ - မပေါက်မြောက်မှာကတော့ မပူရတော့ဘူး ကိုယ်တော် . . သို့သော် ကိုယ်တော်ကြီး ကို အထူးသတိပေးခြင်တာက ဘုန်းကြီးဆိုလျှင် သံဃာဒိသိသ်၊ ပါရာဇိကဏ်၊ အနိယတ ဤသိက္ခာပုဒ် ကဏ္ဍကြီး ၃ပါးလုံ့ခြုံအောင် အဓိဋ္ဌာန်နှင့် စောင့်ရပါတယ်၊ လူဆိုရင် ၅ပါးသီလ အဓိဋ္ဌာန်နှင့် လုံ့ခြုံအောင် စောင့်ရပါတယ်။ သီလရှင်ဆိုရင် ၈ပါးသီလ လုံ့ခြုံအောင်စောင့်ရတယ် ကိုယ်တော်၊ မလုံ့ခြုံရင်တော့ အနှောက်အယှက်များတွေ့ပြီး ပျက်မယ်သာ မှတ်တော့ကိုယ်တော် . . ဂုဏ်တော်များ အမိန့်ရှိပါဘုရား။

၁။ အရဟော နာမသမ္ဗုဒ္ဓေါ အရဟော ဂုဏလာဘိကော၊
အရဟောပကတော လောကော၊ အရဟော မရဝိဇ္ဇယော။
အရဟာတိနာ မေနပိ၊ ရဟောပါပံ နကာရိယ။
အရဟာတ္တဖလံ ပတ္တော၊ အရဟောနာမတေနမော။

၂။ အ။ ရဟော -

၃။ အရ။ ဟော ။ ဤနှစ်ပုဒ်ရှေ့ဂါထာနှင့်တူ၏။

၄။ သမ္မာသမ္ဗုဒ္ဓေါသဗ္ဗညူ။ သမ္မာ လောကုတ္တရောနဝ။

"မန္တာန်ဝိဇ္ဇာနည်းလမ်းအရ - သိဒ္ဓိ၄မျိုးအခြေခံပြီး ဓမ္မခန္ဓာကို အထွင့်တက်၍ ဓါတ်လေးပါးတို့ကို ပွားများလျှက် သိဒ္ဓိတစ်သိန်းအုပ်စိတ်ရသော မဟာဂန္ဓာရီနည်းလမ်းကား"-

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ -တလုံးချ
ကာယသိဒ္ဓိ -တလုံးချ
ဟေတုပစ္စယော (လ) အဝိဂတပစ္စယော -တလုံးချ ၊ ဤ ၃ ပါးတစုံ - တပါတ်စိပ်ပါ။

၂။ နမောတဿ (လ) သမ္မာသမ္ဗုဒ္ဓဿ -တလုံးချ
အနန္တကာယသိဒ္ဓိ - တလုံးချ
ဟေတုပစ္စယော (လ) အဝိဂတပစ္စယော -တလုံးချ ၊ ဤသုံးပါးတစုံ တပါတ်စိပ်ပါ။

၃။ နမောတဿ (လ) သမ္မာသမ္ဗုဒ္ဓဿ -တလုံးချ
ဝိသုဒ္ဓိ ကာယသိဒ္ဓိ -တလုံးချ
ဟေတုပစ္စယော (လ) အဝိဂတပစ္စယော -တလုံးချ ၊ ဤသုံးပါး တစုံ တပါတ်စိပ်ပါ။

၄။ နမောတဿ (လ) သမ္မာသမ္ဗုဒ္ဓ -တလုံးချ
အနန္တ ဝိသုဒ္ဓိ၊ ကာယသိဒ္ဓိ -တလုံးချ
ဟေတုပစ္စယော (လ) အဝိဂတပစ္စယော -တလုံးချ ဤသုံးပါးကို တပါတ်စိပ်ပါ။

မှတ်ချက် - ကာယသိဒ္ဓိ၊ အနန္တသိဒ္ဓိ၊ ဝိသုဒ္ဓိ သိဒ္ဓိ၊ အနန္တဝိသုဒ္ဓိ သိဒ္ဓိ ဤသိဒ္ဓိလေးပါးကို သိဒ္ဓိလေးပါးလို့ခေါ်သည်။ ထိုလေးပါးနှင့် အောက်ပါသိဒ္ဓိမျိုး ၃၀ နှင့် အထက်နည်းတိုင်းပွားများရမည်ဟု မှတ်ပါ။ ကိုယ်တော်ကြီးယခုပြောခဲ့တဲ့အတိုင်း ရှင်းရှင်းလင်းလင်းသိပါရဲ့လား၊ သိပါတယ် ကိုယ်တော် . . . သာဓုပါကိုယ်တော် သာဓုပါ သာဓုပါ  သိဒ္ဓိမျိုး ၃၀ အမိန့်ရှိပါ။

| | | | |
|---|---|---|---|
| ၁။ | ကာယသိဒ္ဓိ | ၁၆။ | သဗ္ဗသာ ဓါရဏ သိဒ္ဓိ |
| ၂။ | ဓန သိဒ္ဓိ | ၁၇။ | တိပိဋက သိဒ္ဓိ |
| ၃။ | ပီယသိဒ္ဓိ | ၁၈။ | ဇေဒဝိဇ္ဇာ-ရ သိဒ္ဓိ |
| ၄။ | အဟာရ သိဒ္ဓိ | ၁၉။ | ဣဒ္ဓိ - သိဒ္ဓိ |
| ၅။ | အာယု သိဒ္ဓိ | ၂၀။ | ဒိဗ္ဗစက္ခု သိဒ္ဓိ |
| ၆။ | ပထဝီ သိဒ္ဓိ | ၂၁။ | ဒိဗ္ဗသောတ သိဒ္ဓိ |
| ၇။ | ဥဒက သိဒ္ဓိ | ၂၂။ | စေတာ ပရိယ သိဒ္ဓိ |
| ၈။ | တေဇော သိဒ္ဓိ | ၂၃။ | ပုဗ္ဗေနိဝါသ နုဿတိ သိဒ္ဓိ |
| ၉။ | ဝါယော သိဒ္ဓိ | ၂၄။ | ပရိစိတ္တဝိဇာန နာ သိဒ္ဓိ |

၁၃၃၀ ခု - နတ်တော်လဆန်း၃ရက် သောကြာနေ့ နံနက်၁ချက်လောက် အိပ်မက်၏။ မြတ်စွာ ဘုရားနှင့်အတူ ဆွမ်းခံကြွကြပြီးနောက် အတူဆွမ်းစားနေရ၏။ ဘုရားရှင်ရုပ်တော်မှာ ယခုထုလုပ် ကိုးကွယ် ကြသော ရုပ်ပွားတော်များနှင့်စာသော် ကောင်းကင်နှင့် မြေကြီးလောက် ကွာခြားလှပေ၏။ ဩ - အလွန် သပ္ပါယ်တော်မူစွတကား၊ အတုမရှိသော ရှင်တော်မြတ်ဘုရားပါပေ၊ ဘုရားနှင့် ဆွမ်းစားကြပြီးလျှင် ဆွမ်းစားရာ၌ ပြဲဘွယ်ကိစ္စတို့ကို ကျွန်ုပ်ကပြုစုလုပ်ကျွေး၏။ ဆွမ်းစားပြီးနောက် ရှင်တော်မြတ်ဘုရား ဗုဒ္ဓါသနဘုရား နေရာတော်၌ သီတင်းသုံးနေတော်မူသောအခါ ရောင်ခြည်တော်များက ကွန့်မြူးနေတော် မူသည့်အတွက် ဖူးလို့မဝနိုင် ရှိနေတုံး တံခါးလာခေါက်သံက ပြင်းထန်လှ၍ နိုးလာပြီးဖွင့်ပေးလိုက်၏။

တကာတစ်ယောက်က မျက်နှာသစ်ရန်ရေနှင့် ဆပ်ပြာခဲပါယူလာ၏။ မျက်နှာသစ်ပြီး နာရီကြည့် လိုက်တော့ ၄ နာရီထိုးနေ၏။ အောက်ကလူမှာကလဲ စကားပြောသံများ ညံနေအောင် ကြားရ၏။ ထိုမျက်နှာသစ်ရေ ပို့လာသောသူ ပြန်သွားပြီ လွှက်ရည်များ၊ မုန့်များ လာကပ်၏။ စားသောက်ပြီး ပိုက် ကို ထုတ်ပေးမည်လုပ်တော့ မနေ့ကတကာက ကပ်သွားကြောင်းလျှောက်၏။ ၄နာရီ၄၀လောက် အပေါ်ထပ်က ဆင်းလာပြီး အောက်မှရထားထွက်ရန် အချိန်စောင့်မျှော်နေ၏။ ၅ နာရီတွဲထိုး၏။ ရထား ပေါ်တက်၍ ကိုယ့်ရဲ့ထိုင်ခုံနံပါတ် ၄၅ပေါ်ထိုင်ပြီး ပုတီးစိပ်နေလိုက်တော့၏။ ကျွန်ုပ်ထိုင်၍ ၁၅မိနစ် လောက် ကြာတော့ ဘုန်းကြီးတစ်ပါး ကျွန်ုပ်ရှေ့ကခုံတွင် လာထိုင်၏။ အသက်အားဖြင့် ၆၀လောက် ရှိမည်ထင်ရ၏။ ထိုဘုန်းကြီးကလဲ ကွမ်းသီးလုံးလောက်ရှိသော ပုတီးကြီးကို စိပ်နေ၏။ သူ့ပုတီးကို အလုံးရေကြည့်တော့ ၃၇ လုံးရှိ၏။

သို့ဖြစ်၍ ကျွန်ုပ်စိတ်ထဲတွင် ဒီဘုန်းကြီး ပုတီးကလဲ တယ်ဆန်းပါလား၊ ဒီအရေအတွက် ရှိသော ပုတီးမျိုး ငါတစ်ခါမှ မမြင်ဘူးသေးဘူးဟု စိတ်ထဲက အောက်မေ့ပြီး ကျွန်ုပ်ပုတီးကိုသာ ဆက်စိပ်နေ၏။ ရထားထွက်ရန် အချက်ပေး ဂလိုင်ခေါက်တော့၏။ လူတွေရထားပေါ် သူ့ထက်ငါ အပြေးအလွှား တက်နေ ကြ၏။ ၆နာရီထိုးရန် ၃မိနစ်လိုကြောင်း ဘူတာကြီးမှာထားသော နာရီကြီး၏လက်တံက ညွှန်ပြနေ၏။ ထိုအခိုက် ဥသြဆွဲတော့၏။ ဂါတ်ဗိုလ်ကလဲ ခရာမှုတ်၏။ ရထားကြီးလဲ ထွက်လာ၏။ ထိုအခိုက် ကျွန်ုပ် ရှေ့တွင် ထိုင်နေသောဘုန်းကြီးက ကိုယ်တော် . . တယ်ပုတီးစိပ်သား ကောင်းတယ် . . နည်းကောင်း လေးရှိရင် ပေးစမ်းပါကိုယ်တော် ဟုပြော၏။

ရှိပါတယ်ဘုရား . . . အရှင်ဘုရားစိပ် နိုင်ပါ့မလား၊ စိပ်နိုင်ပါတယ်ကိုယ်တော် . . ကိုယ်တော် ပေးလို့ရှိရင် ကိုယ်တော်ရှေ့ဒီနေရာမှာ သစ္စာအဓိဋ္ဌာန်ပြုပြီး ပျဉ်းမနားဆင်း၍ ဆင်ဖြူတောင်သွား၊ ကိုယ်တော် ပေးသော နည်းလမ်းမပြီးမခြင်း ဆင်ဖြူတောင်ပေါ် နေမယ်ကိုယ်တော် . . တပည့်တော် လာရင်းကတော့ မန္တလေးဘုရားကြီးသွားမလို့ပဲ ဒါပေမဲ့အိပ်မက်ထဲမှာ ရထားစီးလာရင်း ဘုန်းကြီးတပါးက ပုတီးစိပ် နည်းလမ်းကောင်းပေး၍ ဆင်ဖြူတောင်မှာနေပြီးစိပ်၍ ပေါက်မြောက်ကြောင်း မက်ထားတယ်ကိုယ်တော် . . ဒါကြောင့် ကိုယ်တော်ကို အာမခံပြောရတာပါ။ ကဲ ဒီလိုဆိုရင် ဘုရား ထွက်လမ်းပုတီးစိပ်နည်းကိုသာ ရေးမှတ်ပါတော့ဘုရား . . သာဓုကိုယ်တော် သာဓု သာဓု . . .။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ**

မ မတ္တံ ဂဂုံကရောန္တော၊ သဗ္ဗဝိဇ္ဇာ ပ ပယောဇနေ။
၉။ ယထာရုစ္စာ နိဖလာနိ၊ သမိဒ္ဓတုယထိစ္ဆိတံ။
စတေစုတုပသိဒ္ဓေန၊ မဟန္တအတ္ထဒသိနာ။ ။

“ငင်းဝိဇ္ဇာဓရ ၉ ဂါထာကို အချို့ဆရာတို့က -

၁။ ဖြဟ္မာမင်းဂါထာ ၂။ သိကြားမင်းဂါထာ ၃။ နေမင်းဂါထာ
၄။ လမင်းဂါထာ ၅။ ဝိဇ္ဇာမင်းဂါထာ ၆။ မိကျောင်းမင်းဂါထာ
၇။ ဂဠုံမင်းဂါထာ ၈။ နဂါးမင်းဂါထာ ၉။ ခြသေ့်မင်းဂါထာ - ဟူ၍ခေါ် ဆိုကြ၏။

ကောင်းမြတ်သည်ပင်။ ဤ ၉ ဂါထာကို အရကျက်၍ နေ့စဉ် ၉ ပတ်စိပ်နိုင်က အထူးကျေးဇူးကြီးတာကို သိလာပါမည်။ ၃ နှစ်လောက်စိပ်ကြည့်ပါ။

| | | | | | |
|---|---|---|---|---|---|
| | ပု | ယံ | ပ | ကွ | |
| ဂ | ရံ | အ | ဒွါ | ဝ | ဇ္ဈ |
| ပ | တ္တ | တော | ရာ | တွာ | ဒ္ဒ |
| ဒ | ယော | ရိ | တု | သိ | ဋ္ဌ |
| န | နိ | သာ | ရေ | ရ | စ |
| | ပျူ | တ | လာ | တွာ | |

ဤအင်းကိုကြည့်ပြီး ကျန်ရှစ်အင်းကိုချပါလေ။ မြင်းသေးမြင်းကိုက် ချနည်းဖြစ်၏။

နတ်တော်လဆန်း ၂ ရက်နေ့ ညနေ ၅နာရီလောက် ရန်ကုန်ဆိပ်ကမ်းရောက်၏။ သုံးဘီးငှား၍ ရွှေတိဂုံဘုရားလာ၏။ ပုသိမ်ကပြန်ခဲ့ကြောင်း အောင်မြင်ခဲ့ကြောင်း ဘုရားကိုလျှောက်ထားပြီး ပုတီး ၉ပတ်စိပ်ပြီး၍ တောင်မုခ်ဆင်း၊ သုံးဘီးငှားဘူတာကြီးလာ၊ နာရီကြည့်တော့ ၆နာရီခွဲနေ၏။ အမြန်လက်မှတ်ခ ၂၀ကျပ် ၅၀ပြားပေးရ၏။ ဘူတာကြီးထဲက ထိုင်ခုံပေါ် ထိုင်ပြီး ပုတီးစိတ်နေ၏။ ၈နာရီကျော်ကျော်လောက် တကာတစ်ယောက်နှင့် တကာမတစ်ယောက် ၃၀ အရွယ်လောက်လာ၍ ဝတ်ချပြီး ဘယ်ကြွမှာလဲဘုရားလို့ မေးကြ၏။ မန္တလေးပြန်မှာလို့ ပြောလိုက်တော့ ဒီညဒီမှာကြိမ်းမှာလားဘုရား . . ဟုတ်တယ်တကာကြီးလို့ ပြောလိုက်၏။ သူတို့ထွက်သွားကြပြီး တအောင့်အကြာမှာတော့ သူတို့ပြန် ရောက်လာ၍ အရှင်ဘုရားအတွက် အပေါ်ထပ်မှာအခန်းရပါတယ်ဘုရား. . ကြွပါဘုရားဟုလျှောက်၍ လိုက်သွား၏။ အထူးဧည့်ခန်းထဲမှာ နေရာပြင်ထား၏။ ထိုနေရာပေါ် ထိုင်ပြီး နေရာလှူကြသောတကာ၊ တကာမတို့ကိုဆုပေးပြီး ပုတီးစိပ်နည်း စာရွက်ကိုပေးလိုက်၏။ သူတို့လဲ အလွန်ဝမ်းမြောက်သွားပုံရတယ် သူတို့၏ နာမည်များ၊ နေရပ်များကို လျှောက်ထားသွားကြ၏။ သူတို့ထွက်သွားပြီးနောက် ကျန်နေသော အဓိဋ္ဌာန်ပုတီးစိပ်ပြီး အိပ်၏။

| | | | |
|---|---|---|---|
| ခ | စ | စ | ခ |
| ဗ | ဝ | ဝ | ဗ |
| ဗ | ဝ | ဝ | ဗ |
| ခ | စ | စ | ခ |

တေဇောအင်း

မီးခါတ်

ဂဏန်းနှင့်ရေးရသော စမများဖြစ်၏။

ငင်းစမများရေးသောအခါတွင် ရွတ်ရန်ဂါထာကား -

၁။ စ၊ ကာရောစ - ဗုဒ္ဓရုပ် - စ၊ ဒုက္ခကုသလ်မမွံနမော - ဗုဒ္ဓါယစ။

၂။ အက္ခရာတလုံးကို တခေါက်ရွတ်ပြီးချ၊ စ သွင်းလျှင် စ ထည့်ဆို၊ ခ သွင်းလျှင် ခ ထည့်ဆို၊ ဗ သွင်းလျှင် ဗ ထည့်ဆို၊ ဝ သွင်းလျှင် ဝ ထည့်ဆို။

အမှာ - ဝိဇ္ဇာမရ ၉ဂါထာလုံးရေး၍ ပဌမ တစ်ဂါထာသာ အင်းကွက်ချပြမည်၊ ကျန်ဂါထာများရှေ့နည် အတူသိပါ။

၁။ ဗုဒ္ဓါဒိရတနတ္တယံ၊ ဝန္ဒိတွာ - သာဒရံ ပဋ္ဌ။
သိလာနိ ပရိပူ ရေတွာ၊ စတုအက္ခရာ ယောဂတော။ ။

၂။ အဆေဋ္ဌ ဘေဋ္ဌကာယောမှိ၊ သဇ္ဇာရခ - ပရိတ္တကော။
ဣမိနာည် ပရေနာပိ၊ သမတ္တောကရိတုံ ဣမ။

၃။ သဗ္ဗဗန္ဓန ဆိန္နောမှိ၊ အန္တောဗဟိ၊ ပဟန္တဝါ။
အနန္တဗလ ဝါဟောမိ၊ နသက္ကော - ဂဏှိတုံသဒါ။ ။

၄။ ဆာယာမတ္တမ္ဗိနာဒိဌ္ဌော၊ နာသုဏော သရမတ္တကံ။
ခုန္ဒကံ မဟန္တံဝါပိ၊ မဟန္တံ အပ္ပကံ ကရေ။ ။

၅။ ဥဒကာ - ကာသတာရိနော၊ မဟိနိမုဋ္ဌ ကောဘဝေ။
သုဝဏ္ဏ ရဇတာဒိနိ၊ ယထိစ္ဆိတကရောသဒါ။ ။

၆။ ကောဋ္ဌာဂါရာဒိကံသဗ္ဗံ၊ ပုမိတ္တိ ပိယသံယုတံ။
သဟဿာယုဝိန္တညာဏော၊ နုရံပိသမိပံဘဝေ။ ။

၇။ ဝိဇ္ဇာန္တရာ၊ တဒါသဗ္ဗေ၊ ပဿန္တေသု တမတ္တကော။
ပကာသေတွာ၊ အတ္တသိဗ္ဗံ၊ မမံ ဒက္ခန္တုတေသဒါ။

၈။ ပရိဝါ ရေတွာ နိသိန္နေ၊ အဓိပ္ပေါဟံ ဝဟန္တုတေ။


အင်းချရန် အချိန်ရွေးချယ်ရန်မှာ -

၁။ အောင်သာနေမွန်းတည့် - ၁နေ့ နှင့် ၆ ကြာ ၁၂ နာရီတိတိအချိန်ရ၏။
၂။ ငါ့ရှင် ၃ချက်တီး - ၂ လ်ာနှင့် ၈ ရာဟု၊ ၃ နာရီတိတိ အချိန်ရ၏။
၃။ ဆွေပြည်တက်ဆုံး ခါ - ၃ဂါ နှင့် ၅တေး၊ ၉ နာရီမှ ၁၂ တိတိအချိန်ရ၏။
၄။ နီလာနေ့ထွက်ဝင် - ၇ နေ နှင့် ၄ ဟူး နံနက် ၆နာရီ မှ ညနေ ၆ နာရီအချိန်ရ၏။


ဤကဲ့သို့ အချိန်ယူပြီး ခဲတန်ကိုစုတ်မန်းရန်ကား -

၁။ ဥပုံ - ကောဏ္ဍသံဂုံ၊ ဂေါဏာဂုံ၊ ကဿပ၊ ဂေါတမ ၊ အရိမေတ္တေယျ-ဘုရားငါးဆူ ဤတွင် ရပ်တည်ပါလော - ၇ - အုပ်ရွတ်။
၂။ အင်းအောင်စတုရန်း ပါတ်လည်သားသောအခါ မန်းရန်ကား -
ဥပုံ -ဓတရဋ္ဌ ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ - ဤတွင်ရပ်တည်ပါလော ၇ အုပ်ရွတ်။
၃။ အင်းအတွင်းအပြင် - တောင်နှင့်မြောက် အဟိန်းကား၊
ဥပုံ ဝဿဝဏ္ဏော၊ -ဒက္ခိဏ ဥတ္တရော၊ ရက္ခတု - ၇ - အုပ်
၄။ အင်းအတွင်းအပြင်မျဉ်းမတ် - အရှေ့နှင့်အနောက် - အဟိန်းကား -
ဥပုံ မဟေသရော - ပုရတ္ထိမ ပစ္ဆိမော - ရက္ခတု - ၇ - အုပ်
၅။ အပိုအမှားရှိလျှင် ဖျက်ရန် - ဥပုံ သရာသရေလောပံ
ကြေဆရာကြေ - ၇ - အုပ်ကိန်း
၆။ သနခြေရန် မန္တာန် - ဥပုံ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ မိဘဂုဏ်၊ ဆရာသမား ဂုဏ်တို့ကြောင့် သန သန မဟာသန သနအပေါင်း ထောင်သောင်း ကျေဆရာကျေ သွားဟ။ ပွဲစုံစွာတင်ပြီးမှ - အောက်ပါခါတ်လေးပါးအင်းကို အထက်ကနည်းအတိုင်းချပါ။


ပထဝီအင်း - မြေ



အာပေါအင်း- ရေ



ဝါယောအင်း - လေ



| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဂ္ဂ | ရ | သ | မ | ဦ | သ | ဟ | ဿ | ပ |
| ဝဒ | ဝေ | ဟိ | တ္တာ | ဟံ | အ | ဗ္ဗ | ကံ | ဍ္ဎ |
| ဍ္ဍ | င္ဂ | ဂွ | ဝေ | ဗု | ဒ္ဒ | ဖ | ဥ | စမ |
| ဖ | ဖ | ဘ | မော | ဘ | ဂ | ဍ္ဍ | ဏ္ဍ | ဠ |
| ဝဇ | ဖ | လ | ဖ | နဲ | ဥ | ဖ | ဒ္ဓ | ဟ |
| ဍ္ဍ | ဇ္ဇ | ဗ္ဗ | ဠ္ဌ | ဖွ | ဣ | ဧ | ဗ္ဗ | ဗ |
| ဝဖ | ဓ | ဒ္ဒ | ဒ | ဗ္ဗ | ဃ | ဘိ | ဇ | ဆ |
| ဥ္ဍ | ဍ္ဍ | ဎ | ပ | ဋ္ဌ | ဂ္ဂ | ဓ | ဆ | စဥ |
| ဌ | ဎ | ယ | ဎ | ဋ္ဌ | ဂ | ဋ္ဌ | ဎ | ပ |

၁။ မင်းတို့၏သဘောသည် မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံမှုသာလျှင် ပဓါန။
၂။ တရားသူကြီးတို့၏ သဘောသည် ဘက်မလိုက်ဘဲ လာဘ်မစားခြင်းသာလျှင် ပဓါန။
၃။ လင်မယားတို့၏ သဘောသည် အခြားတစ်ယောက်နှင့် ကျူးလွန်မှု မရှိခြင်းသာလျှင် ပဓါန
၄။ ကြီးပွားခြင်း၏ သဘောတရားသည် သီးခံခြင်းရှိ၍ ဇွဲမလျော့ပဲ အချိန်မှန်ပြုလုပ်နေမှုရှိခြ သာလျှင် ပဓါန။
၅။ ပညာရှိတို့၏ သဘောသည် သုစိပုဘာ - ဝိသိလိဓါ အက္ခရာရှစ်လုံး အမြဲသုံးခြင်းသာလျှင် ပဓါ
၆။ ရဟန်းတို့၏ သဘောသည် ပါရာဇိက မကျခြင်းသာလျှင် ပဓါန။
၇။ အလှူတို့၏ သဘောသည် မည်မျှလောက်ပင် တန်ဘိုးနည်းသောပစ္စည်း တန်ဘိုးများသောပစ္စ ဖြစ်စေကာမူ မှန်မြတ်သော စေတနာသာလျှင် ပဓါန။
၈။ သီလတို့၏ သဘောသည် သတ် - ခိုး - ကျူး - လိမ် - သောက် ဤငါးပါး မဖေါက်ဘို့သာလ ပဓါန။
၉။ ဘာဝနာတို့၏ သဘောသည် နည်းမှန်၍ မဝါကြွား၊ မပလွှားပဲ မပြတ်ပွားများမှု ရှိခြင်းသ လျှင်ပဓါန။

ဤပဓါနတရား ကိုးပါးကို အထူးသတိချပ်၍ ပေါက်မြောက်အောင်မြင်သည့်တိုင်အောင် ပြု ကျင့် ပထဝီဓါတ် အမိဌာန်နှင့် စိပ်နေသောအခါ ပထဝီအင်းကို ချသောက်ပါ၊ အာပေါဓါတ်ကို တက်စိ သောအခါ အာပေါစမအင်းကို ချသောက်ပါ၊ ဝါယောစိတ်တက်စိပ်သောအခါ ဝါယောစမအင်းကို သောက်ပါ။ တေဇောဓါတ် တက်စိပ်သောအခါ တေဇောစမအင်းကို ချသောက်ပါ၊ သိဒ္ဓိတစ်သိန်း စိပ်သေ အခါ ဝိဇ္ဇာခရဲ ကိုးဂါထာအင်းကို ချသောက်ပါဆိုပြီး ဝိဇ္ဇာခရဲ ၉ဂါထာ အင်းချပုံနှင့် ဓါတ်လေးပါးစမအင်း ချနည်းရော အင်းများပါပေးသွား၏။ ကျွန်ုပ်လည်း ကျန်ရှိနေသော နာမ်ပဌမံနည်းကို ဆက်စိပ်၏။ နံနံ ၄နာရီထိုးမှ ပြီးသွား၏။ မြင်းလှည်းလည်းရောက်လာ၍ ကုန်တင်မော်တော်နှင့် နတ်တော်လဆန်း ၂ ရ ရန်ကုန်လိုက်သွား၏။ ဓါတ်လေးပါး စမအင်းနှင့် ဝိဇ္ဇာခရာ ၉ပါးအင်းများ တစ်ဖက်တွင်ကြည့်ပါ။

၂။ လက်ဝဲ၊ လက်ယာသမားတို့သည် မဇ္ဈိမ ပဋိပဒါသမား၏တရား-ဝါ-စကားများကိုဆင်တူရိုးမှား မာယာများဖြင့် ဖန်တီးကြ၍ ဖေါက်ဖျက်နေကြသော်လည်း မဇ္ဈိမပဋိပဒါတရားအစစ် ဝါ စကားအစစ် သိထားသူတို့ကို မည်သည့်အခါမျှ ဖေါက်ဖျက်နိုင်လိမ့်မည်မဟုတ်။

၃။ စရဏအကျင့်ဆိုသည်မှာ - ဒါန၊ သီလ၊ ဘာဝနာကိုခေါ်၏။ ဝိဇ္ဇာ အသိဆိုသည်မှာ - ခန္ဓာ၊ နာမ် ၊ ရုပ်၊ သုညတ ဆိုက်အောင်ရှုမှု ပညာကိုခေါ်၏။ စရဏနှင့် ဝိဇ္ဇာထိုတို့နှစ်ပါးတို့သည် သဒ္ဓါထက်လျှင် စရဏဖြစ်၍ ပညာတည်းဟူသော ဝိဇ္ဇာဉာဏ်ဘက် လျော့တက်သည်။ ပညာထက်လျှင် ပရမတ်ဝိဇ္ဇာဖြစ်၍ စရဏတည်းဟူသော သဒ္ဓါဘက်လျှော့တတ်၏။ ထို့ကြောင့် သဒ္ဓါ၊ ပညာဝါ စရဏဝိဇ္ဇာညီမျှကြမှ အရာရာပြီးစီးဟုမှတ် -

၄။ ဤသတ္တလောကကြီး၌ စကားပြောရန် မခက်ကြသော်လည်း စကားတတ်ရန် ခက်လှပေ၏။ စကားတတ်၍ ပွဲဝင်အောင် ပြောတတ်ပါသော်လည်း စာတတ်ရန် သာ၍ခက်၏။ စာတတ်ရန် သာ၍ခက်ခြင်းထက် သိဘို့ရန် အလွန်ခက်၏။ သိဘို့ရန်အလွန်ခက်ခြင်းထက် ကျင့်ဘို့ရန် အထူးသဖြင့် ခက်၏။ ထွက်လမ်းပေါက်ရန် သာလွန်၍ခက်ခြင်းထက် မဂ်လမ်းပေါက်၍ နိဗ္ဗာန် ရောက်ရန် အလွန့်အလွန် သာလွန်၍ အထူးသဖြင့်ခက်၏။ သို့ဖြစ်၍ သံသရာခရီးသို့ အသီးသီး သွားကြရာဝယ် အယူမမှားရန် အရေးကြီးလှပေ၏။ ထို့ထက် အသိမမှားရန်သာ၍ အရေးကြီး၏။ ထို့ထက် အမှတ်မမှားရန် အထူးသဖြင့် သာလွန်၍အရေးကြီးလှပေ၏။

၅။ သစ္စာလေးပါး အဟုတ်သိမှ ဘုရားစစ်မှန်၏။ ပရမတ္ထသဘာဝကို တကယ်သိမှ တရားစစ်မှန်၏။ ဓမ္မ အမွေခံရဟန်းဖြစ်မှ သံဃာစစ်မှန်၏။ သမ္မာဒိဋ္ဌိဉာဏ် တကယ်ရမှ အယူစစ်မှန်၏။ ကလျာဏပုထုဇဉ် အနည်းဆုံးဖြစ်မှ လူစစ်မှန်၏။ သို့ဖြစ်၍ ကလျာဏပုထုဇဉ်ဖြစ်လာအောင် သူများအကျိုးပျက်စီးစရာ ဘယ်အခါမှ မလုပ်ပါနှင့်၊ မပြောပါနှင့်၊ မကြံစီပါနှင့်၊ ကြမ်းတမ်းယုတ်မာသော စကားများကို မဆိုမိပါစေနှင့် ၊ ကောင်းတာကိုကြံစီပြီး မှန်တာကိုလုပ်ပါ၊ ဟုတ်တာကိုပြောပါ၊ ထိုကဲ့သို့ပြုကျင့်မှ ကလျာဏပုထုဇဉ်ဖြစ်၍ လူစစ်မှန်ဖြစ်လာပါမည်၊ လူစစ်မှန်ဖြစ်လာမှ ဩယခုလက်ရှိအချိန်ထက် ကောင်းမြတ်သောအချိန် မရှိပါကလားဟု သိလာပြီး လက်ရှိအချိန်ကို ထွက်လမ်း၊ မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်နန်းသို့ အကျိုးရှိအောင် အသုံးချနိုင်သွားပေမည်။ ထို့ကြောင့် အောက်ပါဆောင်ပုဒ်ကို အသဲစွဲအောင်မှတ်ပါ၊ မေတ္တာနှင့်ယှဉ်သော စိတ်ကိုဖြန့်ကြဲ၍ သစ္စာနှင့် ခန္ဓာကို ရင်ဝယ်ပိုက်၍ ထွက်လမ်းကို ကျင့်ကြံအားထုတ် ပွားများရမည်။ ပွားများ ကျင့်ကြံရာ၌ အောက်ပါပဓာနတရား ကိုးပါးတို့ကို သတိမူရာ၏။

လို့ပြောတော့ ၊ အရှင်ဘုရားက ဘယ်မှာတည်းမှာလဲ ရွှေမုဋ္ဌော တည်းမှာလို့ပြောတော့ ဒါဖြင့်ဘုရား ရေကြည်ရေနောက်ဘုရား၊ တံကောင်းဘုရားကြီး တို့ကို ဖူးပြီးမှ ရွှေမုဋ္ဌောပို့ပေးမယ်ဘုရား . . ကောင်းတယ် တကာလို့ပြောလိုက်၏။

သူပြောတဲ့အတိုင်းပဲ ရေကြည်ရေနောက်ဘုရား၊ တကောင်းဘုရားကြီးများကိုဖူးပြီး ရွှေမုဋ္ဌော ဝင်၏၊ ရွှေမုဋ္ဌောရောက်တော့ ၄နာရီခွဲနေ၏။ တကာ ဘယ်လောက်ကျသလဲလို့မေးတော့ ၃ကျပ်စွန့်ပါလို့ ပြောသဖြင့် စွန့်လိုက်၏။ ရွှေမုဋ္ဌောဘုရားဝင်ပြီးဖူး၍ တနင်္ဂနွေထောင့်ဘက်က ပုတီး၂၇ပတ်စိပ်ပြီး ဘုရား လူကြီးများကို တညတည်းခိုရန်ပြောလျှင် တည်းခိုနိုင်ကြောင်းပြော၍ ပေးသောနေရာတွင် အနားယူနေ၊ နာရီထုတ်ကြည့်တော့ ၅နာရီခွဲနေ၏။ မှောင်ရီပျိုးစဖြစ်၏။ မြို့ကို မီးပေးထားသဖြင့် ရွှေမုဋ္ဌောဘုရားမှာလဲ ခါတ်မီးတွေ ဝေဝေဆာနေအောင် ထွန်းညှိပူဇော်ထား၏။ ရွှေမုဋ္ဌောစေတီက အတောင် ၂၀ - ၂၅တောင် လောက် ရှိမည်ထင်၏။ ဘေးပတ်လည်မှာ အာရုံခံတန်ဆောင်း အုဋ္ဌတိုက်တို့ဖြင့် ဝေဝေဆာဆာ ကြက်သရေ မင်္ဂလာရှိပေ၏။

မီးတင်လျှင်ကျွန်ုပ်လဲ ဘုရားရှိခိုးဝတ်တက်၊ ပရိတ်မေတ္တာများ ရွတ်ဖတ်သရဇ္ဈာယ်ပို့နေ၏။ မေတ္တာ ပို့သအမျှဝေပြီး၍ ဘုရားကိုလက်ယာရစ် ပူဇော်နေသောအခါ ညကလိုက်ပို့သော မြင်းလှည်း ဆရာနှင့် တွေ့၍ နက်ဖြန်ရန်ကုန်ထွက်မည့် မော်တော်ရှိသလားလို့မေးတော့ ရှိပါတယ်ဘုရား . . ဘယ်မှ မရပ်ဘဲနှင့် ကုန်ပို့မယ့် မော်တော်ရှိပါတယ်ဘုရား . . ဘယ်အချိန်လောက် ထွက်မတဲ့တုန်း . . နံနက် ၅နာရီလောက် ထွက်မှာဘုရား . .။ ငါ့လာခေါ်လှည့်ကွာ . . တင်ပါဘုရားဆိုပြီး ကျွန်ုပ်ကိုဝတ်ချ၍ ထွက်သွားတော့၏။ ဘုရားဖူးများလဲ ညနေကျွန်ုပ်ရောက်သောအချိန်မှ ၁၀နာရီထိအောင် စည်ကားနေ၏။ ပုသိမ်မြို့သူများကို သာစုခေါ်မိ၏။

ကျွန်ုပ်လည်း ၁၀နာရီမှာ ရပ်ပဌမံစိပ်ရန် အဓိဋ္ဌာန်ယူပြီး ပုတီးစိပ်၏။ ၁၂နာရီတွင် ရပ်ပဌမံပြီး၍ ခေတ္တနားပြီး စီးကရက်ဖွာနေခိုက် ဘုန်းတော်ကြီးတပါး ကျွန်ုပ်နောက်က ရောက်လာ၏။ အော် - ကိုယ်တော်ချက်ခြင်းဘဲ လိုက်လာတာကိုးလို့ ပြောသောအခါ ကျွန်ုပ်က သေသေချာချာကြည့်တော့ ကျွန်ုပ် ကျောင်းဓါတ်ခန်းထဲမှာ တွေ့သောအရှင်မြတ်ဖြစ်နေ၍ အလွန်ဝမ်းသာသွား၏။ မှန်ပါဘုရား တပည့်တော် လဲ **"ပုတီးဆောင်ပုဒ် အောင်မြင်ရေး မီးရှူးတံဆောင်"** ဆိုတော့ အချိန်ရှိခိုက် လုံ့လစိုက်ဆိုသည့် အတိုင်း မဆိုင်းမတွလာခဲ့တော့တာပဲဘုရား . . ကောင်းတယ်ကိုယ်တော် . . ကောင်းတယ် ဒါကြောင့်မို့လဲ ဦးဝါယမလို့ ဘွဲ့ပေးထားတာကိုး ကဲ - ကဲ ကြွကြွကိုယ်တော် ဟောဒီဘုရားရဲ့ တနင်္ဂနွေထောင့်မှာ ထိုင်ပြီး ပုတီးစိပ် ဆောင်ပုဒ်ပေးမယ်ကိုယ်တော် . . ရေး ရေး - နမောတဿက စရေး ကိုယ်တော် -

နမောတဿ ဘဂဝတော - အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ မြွေပွေး၊ မြွေဟောက်ကိုက်သော် အဆိပ်စားမိသော် ဆေးကောင်းတွေ့က ရှင်သန်နိုင်သေး၏။ လက်ဝဲ၊ လက်ယာ၊ အယူမှားသော် ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးမဲ့၍ ရှင်သန်နိုင်ရန် အကြောင်း မရှိ၊

နိုင်နေ၏။ ထိုတွင် အရှင်မြတ်က ကိုယ်တော့်ကို "ပုတီးဆောင်ပုဒ်အောင်မြင်ရေး မီးရှူးတန်ဆောင် ကျင့်ထုံး များပေးမယ်" အခန့်သင့်သောအခါ ပုသိမ်ရွှေမော်ဓော ဘုရားဝင်လာခဲ့ပါဟု ပြောဆိုပြီးသွား၏။ ကျွန်ုပ်လည်း ၁၂ ရွဲက အဓိဋ္ဌာန်ဝင်စိပ်တာ ၂ချက် ၁၅လောက်တွင် မိဋ္ဌာန်ပုတီးပြီး၊ ကျောင်းကဦးပဥ္စင်းများကို ငါးနာရီ အတွင်း ကျောင်းပြန်လာခဲ့မည်ဟုပြောပြီး နေ့၃နာရီ မတ်တင်းလောက် စလိုင်းကားစီး၊ မန္တလေးဂိတ် ရောက်တော့ ၂၉လမ်းမတည့်တည့် ဘူတာကြီးအနောက်ဘက် တံတားထိပ်အရောက် ဆိုက်ကားငှား ပြား၅၀ပေးခဲ့ပြီး တံတားပေါ်ရောက်၍ ဘူတာကြီးဝင်ပြီး အမြန်လက်မှတ်ခ၂၀ကျပ် ၅၀ပြားကျ၏။ နက်ဖြန်နံနက် ၆နာရီထွက်မည် ရထားဖြစ်၏။ လက်မှတ်ရ၍ ကျောင်းပြန်လာ၊ ဘုရားများ ညအဓိဋ္ဌာန် ပုတီးလိုက်စိပ်၏။

ညပုတီးစိပ်ကာအပြန် ကိုရင်ဦးပဥ္စင်းတို့ကို နက်ဖြန်အမြန်နှင့် ရန်ကုန်သွားမည့်အကြောင်း ၅ရက် လောက် ကြာမည့်အကြောင်း မှာကြားပြီး၊ ၁၃၃၀ခု တန်ဆောင်မုန်းလကွယ် အင်္ဂါနေ့နံနက် ၃နာရီထပြီး မျက်နှာသစ်၊ ဘုရားရှိခိုး ဘုရားကိုသွားမည့်အကြောင်း လျှောက်ထားပြီး ဦးပဥ္စင်းကိုရင်များကို မှာစရာ ရှိတာမှာပြီး ကားလမ်းထွက်လာ၏။ ၄နာရီ တုံးကြီးခေါက်တော့ ကုန်သွယ်ရေးရုံးရှေ့ ရောက်လျှင်ပဲ စစ်ကိုင်းကားတစီးလာ၍ လက်ပြပြီးလိုက်စီးသွား၏။ မန္တလေး ၂၉လမ်းရောက်တော့ ပိုက်ဆံမယူကြောင်း လျှောက်၍ ချေလျင်ဘူတာကြီးလာ ၁၅မိနစ်လောက်ရှိလျှင် အနောက်ဖက်တံတားထိပ်ရောက် တံတား လျှောက် ဘူတာကြီးရောက်တော့ နာရီကြည့်လိုက်၏။ ၅နာရီထိုးဘို့ ၁၅မိနစ်လိုတော့၏။ လက်ဘက်ရည် ဆိုင် လွှက်ရည်နှင့်နံပြား ၃ချပ်မှာ ငွေရှင်းတော့ ပြား၅၀ကျ၏။ ၅နာရီ ၁၅လောက်ရှိ၍ ရထားတွဲ ပေါ်တက်ပြီး ကိုယ်တိုင်ခုံပေါ်တက်ထိုင်ပြီး ပုတီးစိပ်နေလိုက်တော့၏။ ထိုင်ခုံနံပါတ် ၅၄ဖြစ်၏။

ရထား ၆နာရီတိတိ မန္တလေးဘူတာကြီးက ထွက်၏။ နေ့ ၁၁နာရီ သာစည်ဘူတာရောက်၊ ၂ချက် ပျဉ်းမနားရောက်၊ ၃နာရီ တောင်ငူ၊ ၆နာရီ ရန်ကုန်ဘူတာကြီးရောက် သုံးဘီးငှား၊ ရွှေတိဂုံဘုရားအပို့ခိုင်း၊ ၇နာရီရောက်၊ ရွှေတိဂုံဘုရားအလာတွင် သုံးဘီးဆရာကို ပုသိမ်ထွက်မည့်မော်တော် ဘယ်အချိန်မှာရှိသလဲ မေးတော့ ည၈နာရီမှာ ထွက်တဲ့မော်တော်ရှိတယ်ဘုရား . . အေး - ဒီလိုဆိုရင် ဘုရားခဏတက်ဖူးပြီး မင်းသုံးဘီးနှင့်ငါ့ ပုသိမ်ထွက်မည့် မော်တော်ဆိပ်ပို့ပေးကွာ . . ကောင်းပါပြီဘုရား ဆို၍ အစောင့်ခိုင်းပြီး ဘုရားဖူး၊ ပုသိမ် သွားမည့်အကြောင်း လျှောက်ထားပြီး ဘုရားဝတ်ချ၍ ဆင်းလာပြီး စောင့်နေသော သုံးဘီးကိုစီး၍ မော်တော်ဆိပ်လာ၏။ သုံးဘီးဆရာ လိုက်စုံစမ်းပေး၏။ ရှိကြောင်းလျှောက်၍ ကျွန်ုပ်ကငွေ ၅ကျပ်ထုတ်ပေးပြီး သုံးဘီးဆရာပြသော မော်တော်ပေါ်တက်သွား၏။ လက်မှတ်ခံပြီး စီးလိုက်ဘား၊ မော်တော်ခ ၁၀ကျပ်ကျ၏။ ည ၈နာရီမှာ မော်တော်ထွက်၏။ တညလုံး ပုတီးစိပ်လိုက်သွား၏။ ဘယ်မှမရပ်။

နတ်တော်လဆန်း ၁ ရက် နံနက်လင်းတော့ မြောင်းမြရောက်တော့ရပ်၏။ ခဏဆင်း၍ လွှက်ရည် ဝယ်သောက်၊ နံပြား ၃ချပ်နှင့် ပေါက်စီ ၂လုံးမှာ အားလုံးစားပြီး ငွေရှင်းမည်လုပ်တော့ တကာတစ်ယောက်က တကာခံသွား၏။ အသွားအပြန် သင်္ဘောစီးစရိတ်နှင့် ဆွမ်းစရိတ်ပါ တပည့်တော်လှူပါရစေဘုရားဆိုပြီး ဝတ္ထု ၅၀လှူသွား၏။ တကာကလဲ ကျွန်ုပ်ကိုဘယ်ကလဲလို့မမေး၊ ကျွန်ုပ်ကလဲ မမေးမိ၊ မော်တော်က နာရီဝက်လောက်နားပြီး ဆက်ထွက်၏။ ပုသိမ်နေ့ ၁၂နာရီလောက်ရောက်၏။ ကျွန်ုပ်လည်း ကမ်းပေါ် တက်၍ မြင်းလှည်းငှား၊ မြင်းလှည်းဆရာကို မင်းတို့ပုသိမ်မှာရှိတဲ့ တန်ခိုးကြီးဘုရားများ လိုက်ပို့ကွာ

လစ်ခနဲဖြစ်သွားပြီး အာရုံတခုဖြစ်ပေါ်လာသည်မှာ - ကျောင်းခါတ်နန်းထဲတွင် ပုတီးစိတ်နေရင်း ကောင်းကင်ကို ပျံတက်သွား၏။ လူမနီးသောနေရာတစ်ခု ရောက်သွား၏။ မျောက်လို၊ လူလို သတ္တဝါ တကောင်နှင့်တွေ့၏။ သူနေသောနေရာအရှေ့ဘက်တွင် မကျည်း၂ပင် ထွာဆိုင်လောက် အခက်အလက် ဝေဝေဆာဆာနှင့် တွေ့ရ၏။

မကျည်းနှစ်ပင်နား ကုန်းမြင့်ပေါ်တွင် စေတီတဆူရှိ၏။ ၉တောင်လောက်ရှိမည်ဟု ခန့်မှန်းရ၏၊ ထိုမျောက်လိုလူလိုသူကို ကျွန်ုပ်က သတ္တဝါတစ်ကောင်လို့ ထင်၏။ သေသေချာချာကြည့်တော့ မျက်ခွက်က မျောက်မျက်ခွက်၊ ကျန်ကိုယ်အင်္ဂါများက လူကဲ့သို့ ဖြစ်၏။ အမြီးလဲမပါ ယောဂီရောင်အဝတ်ကို ဝတ်ထား၏။ ထိုနေရာ အနီးနားရွာမှ လူတို့သည်လာကြ၍ သူ့ကိုသစ်သီးမျိုးစုံ ပေးကြ၏။ ရှိခိုးကြတာတော့ မတွေ့ရပေ။ လူတိုင်းလိုလို သူ့ထံလာသောလူများမှာ မှိုလုံးများ ကိုယ်စီပါလာကြ၏။ ထိုမှိုလုံးများကို လူများက သူ့ပေးကြ၏။ လာကြသောလူပရိတ်သတ်မှာ ၅၀ထက် မနည်းချေ၊ လူများပေးသောမှိုလုံးကို သူ့ရှေ့တွင် ချထား၏။ လူများကသူ့ကို ဘိုးမျောက်လို့ခေါ်ကြသည်။ သူ့ရှေ့ချထားသော မှိုလုံးများကို တစ်လုံးပြီးတစ်လုံး လက်ညှိုးနှင့်ထိုး၍မန်းနေ၏။ မန်းမှုတ်ပြီးသောအခါ သူကပြောသည်မှာ အခုငါမန်းထားသော မှိုလုံးများဖြင့် ဘယ်နေရာထုထု ထုသောနေရာ မီးတောက်၊ မီးပေါက်များ ဖြစ်သွားမှာပဲဟု ပြော၏။

ထိုအခါ လူတစ်ယောက်ကထ၍ ဘိုးမျောက် ဘုရားထည့်ထားသော တောင်ပူစာလေး အောက်နားက ဟိုစမ်းချောင်းထဲ ယူပြစမ်းပါလို့ ပြောသောကြောင့် ဘိုးမျောက်က ထုပြလိုက်၏။ မှိုလုံးကျမှန်သော စမ်းချောင်းတစ်နေရာတွင် မီးပေါက်များ၊ မီးခိုးလုံးများ ပေါ်ထွက်လာ၏။ ထို့နောက် သစ်ပင်တစ်ပင်ကို ထုလိုက်သော် မီးပေါက်ဖြစ်သွားကာ သစ်ပင်လည်းမီးလောင် လဲကျသွား၏။ မနီးမဝေးတွင်ရှိသော ကျောက်ဖျာကြီးကို ထုလိုက်၏။ ကျောက်ဖျာကြီးလည်း မီးလောင်ပြာကျသွား၏။ လူများလည်း အံ့သြစွာ ဖြစ်ပြီး ဘိုးမျောက်ကို နှုတ်ဆက်ပြီး ပြန်သွားကြ၏။ လူများပြန်သွားတော့ ကျွန်ုပ်လည်း ဘိုးမျောက်အနား တိုးပြီးမေး၏။ ဒီလိုမှိုလုံးများနှင့် ထုတိုင်းထုတိုင်း မှန်သောနေရာတွင် မီးလောင်စွဲအားသတ္တိရှိသော ဂါထာကား ဘယ်ဂါထာလဲလို့မေးတော့ ဘိုးမျောက်က တေဇောဂါထာဘဲကိုယ်တော်လို့ပြော၏။

ဘိုးမျောက်တေဇောဂါထာ ရွတ်ပြစမ်းပါလို့ ပြောတော့ “ နောကိုးတန်ဂါထာ” ရွတ်ပြ၏။ ဩ - ဒီဂါထာ ဒီလောက်စွမ်းတယ်ကိုးဆိုပြီး စိတ်ထဲမှတ်ထားလိုက်၏။ ဘိုးမျောက်ဒီမှိုလုံးတွေ မရောင်းဘူးလား လို့မေးတော့ ကိုယ်တော်တို့လို ပုတီးသမားတော့ ရောင်းပါတယ်။ မှိုတစ်လုံးကို ဘယ်လောက်လဲ၊ ၅ကျပ်၊ ၁၀ကျပ်လို့ပြော၏။ ကျွန်ုပ်လည်း ငွေမပါတာနှင့် မဝယ်ခဲ့တော့ပေ။ မှိုလုံးများကို ဘိုးမျောက်ကို မထုခိုင်းဘဲ ဘိုးမျောက်ပြောသည်မှာ ကိုယ်တော့်စိတ်ထဲက ထုခိုင်းဘို့ ရည်ရွယ်နေလား၊ နဝင်းသမားဆိုလျှင် ရပါတယ်လို့ ပြောပြီး မှိုတစ်လုံးကို ပစ်ပေးလိုက်၏။ ကျွန်ုပ်က ဖမ်းယူလိုက်၏။ ထိုတွင်နိုးလာ၏။ ဤမှတ်တမ်းရေးပြီး မှိုလုံးဆိုတော့ နဝင်းခါတ် မီးပေါက်ဆိုတော့ သိဒ္ဓိရောက်ခြင်းသို့ဖြစ်၍ နဝင်းသိဒ္ဓိရပြီဟု ကောက်ယူလိုက်၏။

နံနက် ၆ နာရီ ပုထိုးတော်ကြီး တောင်မင်း၊ ရွှေဂူကြီး၊ နဂါးရုံ၊ အောင်မြေ၊ ကြေးဘုရားကြီး ပုတီး ၂၇ပတ်စီ စိပ်ခဲ့၏။ နေ့အဓိဋ္ဌာန်ဝင်ချိန်တွင် ပုတီး၁၀၈ခေါက် စိပ်ခဲ့၏။ ထိုကဲ့သို့ ကျွန်ုပ်ခါတ်ခန်းထဲ စိပ်နေစဉ် အရှင်မြတ်တစ်ပါး ကြွလာ၏။ ကြွလာကြောင်းသိ၍ ပုတီးအဓိဋ္ဌာန်ကလည်းရှိ၍ ပုတီးအဓိဋ္ဌာန်ကိုသာ

ဉုံကိဋ္ဌိကိဋ္ဌိ - စလံပတ္တော - သတ္တသီဟော-တယော

နာဂေါ - အဋ္ဌမေ - စစလံပတ္တော - ကိန္နာဘက္ခော၊ ဘဝိဿတိ။

မိမိ - နေရာ၊ ရပ်၊ ရွာ၊ အိမ်ကျောင်း၊ ဇရပ်၊ တောင်၊ တော၊ လမ်းခရီးစသော နေရာများမှာ တနင်္ဂနွေထောင့်ကစ၍ လက်ညှိုးညွှန်ပြီး စည်းချပါ။ အရပ်ရှစ်မျက်နှာစေ့လျှင် နောက်ဆုံး တနင်္ဂနွေထောင့်ပြန်ရပ်ပါ။ ရန်မျိုးအပေါင်း မဝင်ရောက်နိုင်ပါဘူးကိုယ်တော် . . ကောင်းပါပြီဘုရား တပည့်တော်လည်း မန္တလေးသွားမလို့ ကားမှီအောင် သွားလိုက်အုံးမယ်ကိုယ်တော် . . ဆိုပြီး သုတ်သီးသုတ်ပြာ နှင့်ထွက်သွား၏။ ဘွဲ့တို့နေရာတို့လဲ မမေးလိုက်ရပေ။

ကျွန်ုပ်လဲအောင်မြေလာခဲ့၏။ ပုတီး ၂၇ ပတ်စိပ်၊ ထိုကလာ ကြေးဘုရားကြီးထဲစိပ်၊ ကျောင်းပြန် ဆွမ်းစား၊ ရေချိုး၊ အဓိဋ္ဌာန်ပုတီးများစိပ်၊ ညဘုရားဖူးထွက် အဓိဋ္ဌာန်ပုတီးစိပ်၊ တောင်မင်းကြီး၊ နဂါးရုံ၊ ရွှေဘုံသာအောင်မြေတို့စိတ်၏။ ၁၃၃၀ ခု တန်ဆောင်မုန်းလဆုတ်၁၃ရက် တနင်္ဂနွေနေ့ နံနက်၁ချက် လောက် အိပ်မက်၏။ ပုထိုးတော်ကြီးဘုရားက ထီးတော်မှာ အောက်ကနေကြည့်တာကို ၉တောင် လောက်မြင့်ရသော မီးအဖြူချောင်းကြီး ၃ချောင်း စေတီပုံမျိုး၊ ထီးတော်အလိုက် ထွန်းထားတာတွေ့ရ၏။ ထူးဆန်းတာတော့ စေတီပုံမီးရောင်ဖြစ်နေပုံက ရောင်ခြည်လက်အဖြူဝိုင်းကြီး အလွန်တောက်ပစွာဖြာ ထွက်နေ၏။ ဂူကြီးဘုရားလဲ ဒီလိုဖြစ်နေသလားလို့ကြည့်တော့ မဖြစ်ပေ။

ကျွန်ုပ်အားရစွာဖူးပြီး ဘုရားမှထွက်လာတော့ လူအုပ်ကြီးကလဲ ထိုအဖြူရောင်ခြည်မြင်လို့ ဖူးရအောင် ပြေးလာနေကြ၏။ ထိုလူအုပ်ကြီးက ကျွန်ုပ်ကိုပြောသွားသည်မှာ ဒီပုထိုးတော်ကြီးဘုရား ထီးတော်က ရောင်တော်အဖြူဝိုင်းကြီးက ဒီဘုန်းကြီးရဲ့ ပုတီးတန်ခိုးဘဲဟု လာ၍ ဖူးကြသောလူများက ပြောပြောသွားကြ၏။ ကျွန်ုပ်လည်း ရှေ့ဘုရားများဆက်မသွားတော့ဘဲ ကျောင်းသို့ပြန်လာတော့၏။ ကျောင်းတွင် လူ ၂၀လောက် စောင့်နေကြ၏။ ကျွန်ုပ်လည်း ကုလားထိုင်ပေါ် ထိုင်လျှင်ထိုင်လိုက်ခြင်း လူတစ်ယောက်က ပုထိုးတော်ကြီး ထီးတော်မှ ရောင်ဖြူတော် ဘယ်လိုကြောင့် ပေါ်လာခြင်းဖြစ်ပါသလဲ ဘုရားဟုလျှောက်၏။ ကျွန်ုပ်ကလည်း မသိကြောင်း ကျွန်ုပ်တောင် ဖူးခဲ့သေးကြောင်းပြောပြီး အောက်ပါ ဆောင်ပုဒ်တရားကို ဟော၏။

၁။ ဘုရားရောင်တော် ကမ္ဘာကျော် သာသနာတော်ထွန်းရမည်။

၂။ သာသနာတော်ထွန်းမှ လုဟာလမုတ်ချကင်းရမည်။

၃။ ဗာလကင်းကွာ ဤလူ့ရွာ ချမ်းသာသုခရကြမည် - ဟု

ဤလင်္ကာဆောင်ပုဒ် ၃ ပုဒ်ကိုချပေးသဖြင့် တကာမများလိုက်ဆိုကြ၏။ လိုက်ဆိုနေတုန်း အရူးမတစ်ယောက် ကျောင်းပေါ်တက်လာ၏။ အရူးမ ပြောဆိုသည်မှာ ၃၈ - ၃၆ - ၄၀ မင်းယုတ်ကွယ် ဒို့မယ်ချမ်းသာမည်လို့ ဆိုပြီးကန်တော့၏။ ကန်တော့ပြီးတော့ အဟီး ဟီး ဟီး ဆိုပြီး ဆင်းပြေးသွား တော့၏။ ကျွန်ုပ်လဲ လန့်နိုးလာပြီး ဤမှတ်တမ်း ကိုရေးလိုက်တော့၏။ ၁၃၃၀ခု တန်ဆောင်မုန်းလဆုတ် ၁၄ ရက် တနင်္လာနေ့နံနက်ခင်း ၃ နာရီလောက် အိပ်ရာထမျက်နှာသစ်၊ ဘုရားရှိခိုး ပုတီးစိတ်၏။

အတွင်းမှ တောင်လေးဘက်ရောက်လာ၏။ နတ်ဒေဝီများ၊ ဘီလူးများလဲ ထိုနေရာကပြန်တော့မ
နှုတ်ဆက်၍ ကောင်းကင်ထက် ပြန်တက်သွားကြပြီး တဖြည်းဖြည်းပျောက်ကွယ်သွားကြ၏။ တော
လေးရဲ့တောင်ဘက် လူသွားလမ်းကလေးမှ တက်သွားတော့ ရွှေစေတီကလေးနား ရောက်တေ
ဘုန်းဘုန်း ကောင်းကင်မှာ. . . ကောင်းကင်မှာကြည့်စမ်းပါ သတ္တဝါကြီးတစ်ကောင် မြောက်မှတော
လာနေတယ်. . သိပ်ထူးဆန်းတာဘဲ ကြည့်လိုက်စမ်းပါ။ ကျွန်ုပ်လည်း မော့ကြည့်လိုက်၏။ ကျွဲရုပ်
သဏ္ဍာန်လို့ထင်ရ၏။ ကျွဲလောက်လည်းရှိ၏။ တဖြေးဖြေးခေါင်းပေါ် တည့်တည့်ရောက်လာတေ
သေသေချာချာဝိုင်းပြီး ကြည့်ကြတော့ ကျွဲရုပ်မှ ကျွဲရုပ်ဖြစ်နေ၏။ ကျွန်ုပ်တိုက်အတွင်းမှ ဥတ္တရာဝ
ကျောင်း အရှေ့ဘက်ထန်းပင်တွေနား ကျ၏။ ကျွဲရုပ်ကြီး ကျသည်နှင့်တပြိုင်နက် မီးပုံကြီးလဲ ထိုနေရာ
ထတောက်နေ၏။ ကျွန်ုပ်တို့ လူအများဝိုင်းပြီး ငြိမ်းသတ်ကြစဉ် ကျွန်ုပ်နိုးလာ၏။

နာရီကြည့်လိုက်တော့ ၃ နာရီခွဲလောက်ဖြစ်၍ထပြီးမျက်နှာသစ် ဘုရားရှိခိုး ပုတီးစိတ်တော့၏၊ ဆွမ်း
သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ဂုဏ်တော် ဓမ္မခန္ဓာရှစ်သောင်းလေးထောင်ပြီး၍မြေခါတ်စိတ်ပြီးသောနေ့ ဖြစ်၏၊ ရွှေဘုံ
တန်ဆောင်မုန်းလဆုတ် ၁၂ ရက်၊ နံနက် ၉ နာရီတွင် ဆန်ပြုတ်သောက်ပြီး ဘုရားသွား၊ ပုထိုးတော်ကြီး လော
ရောက် မြေခါတ်အဓိဋ္ဌာန်တက်ပြီး ပုတီး၄၅ပတ်စိတ်ပြီးသောအခါ အထက်တတိယပစ္စယာ တနင်္ဂနွေ လော
ထောင့်က ဆင်းလာပြီး အနောက်ဘက်အာရုံခံထဲဝင်ပြီး တံမျက်စီးလှည်းနေ၏။ ထိုအခိုက် အဘိုးကြီး ထူး
တစ်ယောက်ရောက်လာပြီး ကျွန်ုပ်တံမျက်စီးလှည်းနေသော အာရုံခံထဲက ဘုရားကိုဝတ်ချပြီး ကျွန်ုပ်ကို ထွက်
လည်း ဝတ်ချ၏။ ကျွန်ုပ်ကလည်း တံမျက်စီးလှည်းပြီး၍ထိုင်နား၊ တံမျက်စီးကိုင်ပြီး ကန်တော့ခံနေ၏။
အဘိုးကြီးက ကျွန်ုပ်ကိုကန်တော့ပြီးသောအခါ အရှင်ဘုရားကို တပည့်တော်ပုတီးမစိတ်ခင် အကာ
အကွယ် မန္တာန်တစ်ပုဒ် ပေးပါအုံးမယ်။ တပည့်တော် တသက်လုံးဆောင်ထားတဲ့မန္တာန်ပဲ။ ကောင်းပြီ
ပြောပါဒကာကြီး ရေးမှတ်ပါမယ်။

> ဥဂ္ဂါကတိပိသုတော - မာတာယထာ - နိယံပုတ္တာ၊
> သောညတ္တိ၊ စ္စဝမေတံ - ခါရယာမိတိ - ဂစ္ဆံ
> အမုမှိ - ဩကာသေတိဋ္ဌာဟိ - အရဟံပုဒိအာ။ ။

ပန်းတို့ သစ်ရွက်တို့ ရေခုနှစ်ထပ်ဆေးပြီး ၁၀၈ အုပ်မန်းပါ၊ ဆောင်ထားပါ။ အမြောက်သေနတ်
ကျည်လွဲပါတယ်။ ရန်သူလွဲပါတယ်။ ကိုယ်တော်တပည့်တော်လည်း ပုတီးစိတ်လိုက်အုံးမယ်ဆိုပြီး ပုထိုး
တော်ကြီးဘုရား အနောက်လှေကားကတက်သွား၏။ ကျွန်ုပ်လည်း ဂူကြီးဘုရားဘက်ထွက်ခဲ့၏။
ရွှေကူကြီး ဘုရားဘက်ရောက် သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်မြေခါတ်တက်ကြောင်း လျှောက်ထားပြီး သစ္စာ
အဓိဋ္ဌာန်ပြုပြီး ထိုဂုဏ်တော်ကို ပုတီး၂၇ပတ် စိတ်လိုက်ပြီးသောအခါ ဘုန်းကြီးတစ်ပါးနှင့်တွေ့၏။
ထိုဘုန်းကြီးက ကိုယ်တော်ပုတီးအဓိဋ္ဌာန် စိတ်နေသလားဟုမေး၏။ ဘုရားတပည့်တော် စိတ်နေပါ
ကြောင်းလျှောက်တော့ ဒီလိုဆိုကိုယ်တော်ကို စည်းချက်ဂါထာပေးခဲ့အုံးမယ် ရေးထားကိုယ်တော် . .
တင်ပါဘုရားဆိုပြီး ကျွန်ုပ်လည်းရေးမှတ်တော့၏။

ပေါ် ငွေပြားလေးနဲ့ရေးချထား၏။ ကျွန်ုပ်က ကောက်ယူဖတ်ကြည့်ပြီး ပြန်ချလိုက်သောအခါ ထမ်းထားကြသော ကျောက်ရုပ်နတ်ဒေဝီများ အသက်ဝင်လာကြပြီး ထိုကောင်းမှုတော်ပုံ စေတီတော်ကို အောက်ခံခုံပေါ် ချလိုက်ကြပြီး ကျွန်ုပ်ကိုဝိုင်း၍ ကျေးဇူးကြီးလှပါပေတယ် ကိုယ်တော်လေးရယ် ဟု ဝိုင်းပြီးဝတ်ချကြ၏။ ကျွန်ုပ်လည်း စေတီကိုထိုင်ပြီး ရှိခိုးလိုက်၏။

စေတီက ဖန်ပေါင်းချောင်အုပ်သကဲ့သို့ ထားသောအပေါ် အဖုန်းကြီးပွင့်ထွက်သွားပြီး အံတော်၊ ဉယ်တော်၊ ဓါတ်တော်များထည့်ထားသော ကြုပ်များပေါ်လာပြီး ရောင်ခြည်တော်များ ကွန့်မြူးနေပေသည်။ ကျွန်ုပ်အားရအောင်ဖူးနေတုန်း နောက်ကလိုက်လာသော နတ်ဒေဝီနှင့် ကျောက်ရုပ်ကဖြစ်သော နတ်ဒေဝီတို့က အရှင်မြတ်ဘုရား ရာဟုထောင့်အခန်းကိုကြွပြီး ကယ်တင်ပါအုံးဘုရားဟု လျှောက်ထားကြ၍ ကျွန်ုပ်လည်းရှိခိုးကာ အပြီးသတ်လိုက်ပြီး ရာဟုထောင့်အခန်းဆီသို့သွား၏။ အခန်းကို စစ်ကြည့်လိုက်သောအခါ ကျောက်တုံးကြီးများရွက်ထားရသော ဘီလူးကြီး၁၀ကောင်လောက် တွေ့ရ၏။ တစ်ယောက်တစ်ယောက် ရွက်ထားရသော ကျောက်တုံးကြီးများ အနံ ၂တောင် သို့မဟုတ် အချင်း ၂တောင် အထက်အမြင့် ၃တောင်လောက် ရှိမည်ထင်၏။

ရှေ့ဆုံးက ဘီလူးရုပ်လည်ပင်းမှာ ကျွန်ုပ်တို့ရွက်ထားသော ကျောက်တုံးကြီးများကို ချနိုင်ပါက ဒါဏ်သားအဖြစ်မှ လွတ်နိုင်ပါမည်ဟု ကြေးပြားမှာရေးဆွဲထား၏။ ကျွန်ုပ်လည်း အဓိဋ္ဌာန်ပြုလိုက်၏။ ငါသည်ဓါတ်ပုတီး ၄ ဆင့်ပြီး၍ ၅ ဆင့်စိတ်နေတာ မှန်ခဲ့လျှင် ဤကျောက်တုံးများ ကျွန်ုပ်မ၍ ချလိုက်သောအခါ ဖက်ရွက်ကဲ့သို့ ပေါ့ပါးစေသားဟု အဓိဋ္ဌာန်ပြုပြီး ချလိုက်၏။ ကျောက်တုံးများ အားလုံးချပြီးသွား၏။ ဘီလူးရုပ်များ အရှင်ဖြစ်လာပြီး ကျွန်ုပ်ကိုဝိုင်းကန်တော့ကြ၏။ ဘီလူးကြီးများ၊ ဘီလူးမများ၊ နတ်ဒေဝီများတို့က ဝိုင်းပြီးရှိခိုး၍လျှောက်ထားကြသည်မှာ - ဤသိရိဂေဟာ အဆောက်အဦးကြီးက တပည့်တော်တို့နေရာ ဗိမာန်ကြီးပါ။ အစောင့်ပေါ့လျှော့၍ ဒါဏ်ပေးခြင်းခံနေရတာ အနှစ် ၁၀၀ ကျော်ပါပြီအရှင်ဘုရား . . အရှင်ဘုရားကျေးဇူးကြောင့် တပည့်တော်တို့လွတ်ကြရပြီး ဤသိရိဂေဟာ အဆောက်အဦး ဗိမာန်ကြီးလည်း ပြန်ပြီးအသက်ဝင်၍ ကျက်သရေရှိသော အဆောက်အဦးကြီး ဖြစ်လာပါသည်ဘုရား . . တပည့်တော်က ကျေးဇူးဆပ်သောအနေဖြင့် ငွေသားကောင်းမှုတော်ဘုရားထဲမှာ ဓါတ်တော် ၉ဆူ အရှင်ဘုရားကျောင်း လာလှူပါမည်ဘုရားဟု လျှောက်ထားကြ၏။

ကျွန်ုပ်လည်း အသင်တို့အဆောက်အဦးက ထွက်ရန်အပေါက် မရှိကြဘူး ပန်းပွင့်ကြီးများသာ ကျွန်ုပ်တွေ့ရတယ်။ ထွက်ရန်အပေါက်ကို ကျွန်ုပ်လိုက်ပြစမ်းပါဟု ပြောသဖြင့် အထက်ထပ်မှ ဆင်းလာကြပြီး အလယ်ထပ်၊ အောက်ထပ်သို့ရောက်သွားကြပြီး နှင်းဆီပန်းပွင့်ကြီးတစ်ပွင့်၏ ပွင့်ချပ်အဖတ်များမှာ ၉ ထပ်ရှိ၏။ ထို ၉ ထပ်က လှေကားထစ်ကဲ့သို့ဖြစ်၍ တက်သွားကြပြီး ဝတ်မှုံထဲရောက်တော့ ဝတ်မှုံအလယ်ခေါင်ကို အကြီးအကဲနတ်ဒေဝီတစ်ယောက်က သူမလက်ကလေးဖြင့် တွန်းပြစ်လိုက်၏။ ညာဘက်ခြမ်းက ပွင့်သွား၏။ ထို့နောက် ဘယ်ဘက်ခြမ်းလည်း ပွင့်သွား၏။ ဒါအပေါက်ပါဘုရား အပြင်ထွက်တော့လည်း ထိုပွင့်ချပ်များပေါ်က ဆင်းသွားရပါတယ် . . တပည့်တော်တို့ လိုက်ပို့ပါ့မယ်ဘုရားဟုဆိုပြီး လိုက်ပို့ကြ၏။ ကျွန်ုပ်တို့ ထွက်လာကြ၏။

ထိုသိရိဂေဟာ အဆောက်အဦးကြီးထဲမှ ထွက်လာလျှင် ထွက်လာခြင်း ကျွန်ုပ်ကျောင်းတိုက်

တွေ့ရ၏။ ထိုကျမ်းစာအုပ်ထဲတွင် ရေးထားသောစာများက
ပေါ်တွင် ကျမ်းစာအုပ်ကြီးတအုပ်တွေ့ရ၏။ အစအဦးစာရွက်တွင်ဂါထာ ၃ပုဒ်ရေးထား၏။ ၂ ပုဒ်
(+ ❖ ၆) ဤကဲ့သို့ စာများရေးထား၏။ အစအဦးစာရွက်တွင် ... ဥ ဩဖြ ဤကဲ့သို့ ရေးထား၏။ ဤဂါထာရွတ်ဘတ်
ကိုတော့မမှတ်မိ တပုဒ်ကတော့ မှတ်မိတာ ဥ ဩဖြ ဤကဲ့သို့ ရေးထား၏။ ဤဂါထာရွတ်ဘတ်
အသံတသံကြားရ၏။

နေတယ်ဟု ပြောသော အသံတသံကြားရ၏။

ထိုဂါထာ ရွတ်သောအသံမှာကား ဥ - သမစ္စ - ဟမစ္စ လက်လယာတေ - ဝန္ဒေ၊သိရိ ဟိဒ္ဓိ ဘိရိ ဗုဒ္ဓ နမေ။ သံယ-ဗုဇ်ဘယ်-မယ်ယုံ-ကရေ-ဟေ-အိပ်စိမဟိဒါဏ်သိမိတေ။ ထိုဂါထာရွတ်သော အသံကြားနေတုန်း တောင်ဘက်မျက်နှာ အထက်ကောင်းကင်က ဗသဏ္ဍာန်အလျား ၁၀ တောင်၊ အနံ ၂ တောင်လောက် ကြက်သွေးအရောင်ဖြစ်၏။ ဟင်္သာပြဒါးရင့် အသွေးဖြင့် ပြုလုပ်ထား၏။ တဖြေးဖြေး ထိုဗထက်ချိုက် စာလုံးသဏ္ဍာန်ကြီးက အရှေ့ဘက်သွားနေ၏။ ထိုအဆောက်အဦးအထက် ကောင်းကင် ပေါက်များမမြင်ရ၏။ တဖြေးဖြေး ထိုစာလုံးသဏ္ဍာန် ကွယ်ပျောက်သွားပြီးနောက် ကျွန်ုပ်စာအုပ်ကြီး ကြည့်နေစဉ်က ဂါထာရွတ်သံကြားရာဘက်ကို လူတွေ့လိုတွေ့ငြား လိုက်ရှာ၏။ တောင့်လေးထောင့် အခန်းသဖွယ် ပန်းသဇင်တို့ဖြင့် ပြုလုပ်ထားသောနေရာများကို လိုက်ကြည့်၏။

စနေထောင့်အခန်းကြီးကို ကြည့်လိုက်သောအခါ ပန်းစားဘီလူးမရုပ် ၁၀ကောင်လောက် အပေါ်မှာ ပုရပိုက်များ တင်ထားတာတွေ့ရ၏။ ပုရပိုက်များ ယူကြည့်မည်လုပ်သောအခါ ပုရပိုက်တွေ ယူမကြည့်ချင်နဲ့ ကိုယ့်ပုတီးကိုယ် ပြီးအောင်စိတ်ဟု ပန်းစားဘီလူးမအရုပ်များက ညီညာစွာအော်ပြော ကြ၏။ ကျွန်ုပ်လည်း လန့်တာနဲ့ ထိုအခန်းကပြန်လာပြီး အင်္ဂါထောင့်အခန်းကို သွားကြည့်၏။ သလွန် ကြီးကို နတ်ဒေဝီရုပ်များက ထမ်းထား၏။ ပတ်လည်းထမ်းထားသောအရုပ်များ ၈ ရုပ်လောက်ရှိမည်ဟု ထင်ရ၏။ ထိုသလွန်ပေါ်၌ ပေစာထုပ်များ အသစ်စက်စက် အထုပ် ၃၀၊ ၄၀ လောက် သပ်သပ်ရပ်ရပ် တင်ထား၏။ ထို့ပြင် ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်၊ ကျားရုပ်တို့လည်း ထိုသလွန်ပေါ် တင်ထားတာ တွေ့ရ၏။

ကျွန်ုပ်သည် အရုပ်ကလေးများကိုကိုင်ကြည့်ပြီး ပေစာထုပ်တစ်ထုပ်ကို ကိုင်ကြည့်လိုက်၏။ ပေစာထုပ်အထက်က ညှပ်ထားသောပေစာ အမည်ရေးထားသော ပေရွက်ကလေးကို ဖြုတ်ကြည့် လိုက်၏။ သိဒ္ဓိကျမ်း၊ မဟိဒ္ဓိဖြင့် ခြယ်မှုံးထားသည်ဟု ရေထား၏။ ထိုပေစာလေးကို ဖတ်နေတုန်း သလွန်ကိုင်ထားသော နတ်ဒေဝီအရုပ်တို့က အသက်ဝင်သကဲ့သို့ သလွန်ကိုချပြီး ပြောကြသည်မှာ- ကျေးဇူးရှင်ကြီးဘုရား အလွန်ကျေးဇူးကြီးလှပါပေတယ်။ အခုမှ ဒါဏ်ထမ်းရတာက တပည့်တော်မတို့ လွတ်တော့တယ်ဟုဆိုပြီး ဝိုင်းပြောကြတော့တယ်။ ကျွန်ုပ်လည်း ကြောင်အန်းအန်းနဲ့ ဘာပြောရမှန်း မသိ ဖြစ်နေတုန်း ဟိုတနင်္ဂနွေထောင့်အခန်း ရာဟုထောင့် အခန်းများကလည်း တပည့်တော်တို့လို ဒါဏ်သားအဖြစ်ခံနေရသူများပါဘုရား . . ကယ်တင်တော်မူသွားပါအုံးဟုပြောကြ၍ ကျွန်ုပ်ထိုအခန်း များဆီသို့ ကြည့်သောအခါ ထိုနတ်ဒေဝီများကလည်း နောက်ကလိုက်ကြ၏။

ရှေးဦးစွာ တနင်္ဂနွေထောင့်အခန်းကို ဝင်ကြည့်လိုက်၏။ ကျောက်ဖြင့်ထုလုပ်ထားသော နတ်ဒေဝီရုပ်များက ကောင်းမှုတော်ကြီးပုံသဏ္ဍာန် အချင်း ၉တောင်လောက်ရှိမည့် ငွေစေတီကို ကိုင်မ ထားကြ၏။ ထိုစေတီအတွင်းထဲမှာ စွယ်တော်၊ အံတော်၊ ဓါတ်တော်ပါသည်ဟု စေတီဘိနပ်တော်

တိုက်ခတ်သော လေဒဏ်လောက်ပြင်း၏။ မျောက်ကြီးပြောသည်မှာ အရှင်ဘုရား သူ့လေလှိုင်းလွတ်အောင် အထက် အတောင်၅၀၀လောက် ပျံမယ်ဘုရား . . ဟုဆိုပြီး မျောက်ကြီးနှင့် အရံမျောက် ၂ကောင်တို့ တဟုန်ထိုးတက်ပျံလိုက်၏။ ဂဠုန်ကြီးက မော့ကြည့်နေသေး၏။ ကျွန်ုပ်က မေတ္တာပို့နေ၏။ ဂဠုန်ကြီးကို အထူးမေတ္တာပို့နေ၏။ ဂဠုန်ကြီးလည်း အောက်ဆင်းပျံပြီး တောကြီးအတွင်း သစ်ပင်ကြီးတစ်ပင်ပေါ် နားလိုက်တာမြင်ရ၏။ ဒီလောက်ကြီးသော ဂဠုန်ကြီးကို ကြက်ကလေး၊ ငှက်ကလေးလောက် အပေါ်ကနေမြင်နေရ၏။

ထိုအခါကြမှ ဒို့တော်တော် ကောင်းကင်အမြင့်မှာ ရောက်နေတာပဲ ဆိုတာသိရ၏။ အထက်မှ အောက်သို့ ရှုခင်းများကို ကြည့်လိုက်သောအခါ ပင်လယ်ပြင်နှင့်တောတောင်များ မြင်တွေ့ရ၏။ တခါ တခါ ရွှေတဝင်းဝင်းနှင့် စေတီပုထိုးများ မြင်တွေ့ရ၏။ တခါတခါလည်း ထုံးဖွေးဖွေးနှင့် စေတီပုထိုးများ မြင်တွေ့ရ၏။ ထိုကဲ့သို့ရှုခင်းများကြည့်ရင်း အထက်ကနေ ကျောက်တော်ကြီးဘုရားနှင့် ဦးပိန်တံတား တို့ကို မြင်လိုက်တော့မှ ကိုယ်မြို့ရောက်လာကြောင်း သိရ၏။ မြုန်းဆို ကျွန်ုပ်၏ ကျောင်းတိုက်အရှေ့ဘက် မြက်ခင်းပြင်ပေါ်တွင် မျောက်ကြီးက ဆင်းချလိုက်၏။ အခြားအရံမျောက်များ ပျောက်ကွယ်သွားကြ၏။

အောက်ရောက်သောအခါ ဘိုးတော်တပါးက မတ်တတ်ရပ်လျှက် ရှိနေနှင့်၏။ မျက်နှာက ကျွန်ုပ်၏နောင်တော် ကိုဘိုနှင့်တူ၏။ ဆံပင်နှင့်မုတ်ဆိတ် အနည်းငယ်ပါနေသဖြင့် ကိုဘိုမဟုတ် ကြောင်း သိရ၏။ ဘိုးတော်၏အမည်ကို မေးကြည့်သောအခါ ဘိုးရန်ကင်းဟုပြော၏။ ဤမျောက်ကြီးနှင့် မျောက်များက တပည့်တော် ဖန်ဆင်းသော ဣဒ္ဓိရုပ်များဖြစ်ပါတယ်ဘုရား . . ဆိုပြီး ရပ်နေသော မျောက်ကြီးကို လက်ဝါးဖြင့် သတ်ချလိုက်တော့ ပျောက်ကွယ်သွားတော့၏။ နောင်လည်းအရှင်ဘုရားနှင့် တွေ့ရအုံးမှာပါဆိုပြီး လက်အုပ်ချီကာပျောက်ကွယ်သွားတော့၏။ ကျွန်ုပ်လည်းတုံးထိုးသံ ကြားသဖြင့် နိုးလာတော့၏။ ဤဆန်းသော အိပ်မက်အကြောင်းကို မှတ်တမ်းတင်ထားလိုက်ပေ၏။

တန်ဆောင်မုန်းလဆန်း ၁၁ ရက်၆ကြာနေ့နံနက် ၂ ချက်လောက်အိပ်မက်သည်မှာ သီရိဂေဟာ ဟု အမည်ပေးထားသော အလွန်ခန်းနားဆန်းကျယ်သော အဆောက်အဦးကြီးထဲ ရောက်နေပေသည်။ ထိုအဆောက်အဦးကြီး၏ဘေးမှာ လူများဆောက်ထားကြသောအိမ်၊ တိုက်တို့၏အပေါက်များကဲ့သို့ မဟုတ်၊ အပြင်ဘက်ကြည့်လျှင် အချင်း ၉တောင်လောက်ရှိသော ပန်းပွင့်ကြီးများ နှင်းဆီပွင့်ကြီး၊ ဂန္ဓမာပွင့်ကြီးများဟုထင်ရ၏။ အလွန်တူ၏။ အနားနားကပ်ကြည့်လဲအပေါက်မှာမတွေ့၊ ထိုပန်းပွင့်ကြီး များသာ တွေ့ရ၏။ တမျက်နှာ တမျက်နှာမှာ ပန်းပွင့်ကြီးပေါင်း ၁၀ပွင့်စီရှိ၏။ အောက်အဆင့်က နှင်းဆီပွင့်ကြီးများ ဖြစ်ကြသည်။တထပ်တထပ်အမြင့်မှာ ၉ တောင်လောက် ရှိမည်ထင်၏။ အတွင်းက ကြည့်လျှင်လည်း ထိုအပွင့်ကြီးများကိုသာ မြင်ရ၏။ အပေါက်မမြင်ရပေ။

အထက်ဆုံးအထပ်မှာတော့ ကောင်းကင်က အကြီးအသေးပေါက်များ ပြန့်နေ၏။ ထိုအပေါက် များသည် ဝက်အူပေါက် ဖွင့်စရာပါ၏။ ပန်းပွင့်ကြီးများ၊ အလယ်ကလည်း ပဒုမ္မာဝတ်ဆံ နှင်းဆီဝတ်ဆံ များကဲ့သို့ ဝတ်ဆံပါကြ၏။ အားလုံးပိတ်ထားသကဲ့သို့ သူ့အပေါက်များ ဘေးနံရံဘက်က ရှာမတွေ့ ချေ။ ပန်းပွင့်ကြီးများသာတွေ့ရပေ၏။ တထပ်ပြီးတထပ် တက်ပြီးသွားသောအခါ ၃ထပ်မြောက် အထက်ထပ်သို့ရောက်သွား၏။ အလည်ခေါင်တည့်တည့် ရတနာမျိုးစုံခြယ်ထားသော ပလ္လင်ကြီး

ဝှမ်းကလေးများကျသကဲ့သို့ ...

မြင်ရသဖြင့် အောက်ကိုဆင်းရန်စိတ်ညွတ်ပြီး ဝှမ်းကလေးများကျသကဲ့သို့ ... လှည့်ပတ်ဖူးလိုက်တော့ ခမ္ဘာစကြာပေါ်ယောသောနေရာမှာ ၏။ စေတီရင်ပြင်ရောက်တော့ သေသေချာချာ လှည့်ပတ်ဖူးလိုက်တော့ ခမ္ဘာစကြာဟောသောနေရာမှာ တည်ထားသော မိဂဒါဝုန် စေတီတော်မြတ်ဖြစ်နေ၏။ ကျွန်ုပ်သည် သမ္မာသမ္ဗုဒ္ဓေါဂါထာကို ၃ ပတ်စိတ် တည်ထားသော မိဂဒါဝုန် စေတီတော်မြတ်ဖြစ်နေ၏။ ကျွန်ုပ်သည် သမ္မာသမ္ဗုဒ္ဓေါဂါထာကို ၃ ပတ်စိတ်၍ မျှော်ကြည့်လိုက်တော့ မျောက်ကြီးတစ်ကောင်ကို တွေ့ရ၏။ ထိုမျောက်ကြီးက မေတ္တာပို့ အမျှဝေ ဘုရားဝတ်ချပြီးထလိုက်တော့ မျောက်ကြီးတစ်ကောင်ကို တွေ့ရ၏။ ထိုမျောက်ကြီးက ကျွန်ုပ်ကိုလက်အုပ်ချီပြီး အရှင်ဘုရား တပည့်တော်ကျောပေါ်ကို ယာဉ်အမှတ်ဖြင့် စီးတော်မူပါ။ တပည့် တော် အရှင်ဘုရားနေရာသို့ လိုက်ပို့ပေးပါမယ်ဘုရား။ ကောင်းပြီဆိုကာ မျောက်ကြီးပေါ် တက်စီး လိုက်၏။ မျောက်ကြီးမှာ ၇ တောင် လောက်ရှိမည်ထင်၏။ ထိုမျောက်ကြီးပေါ် တင်ပလ္လင်ထိုင်ပြီး စီးလိုက်သည်နှင့်တပြိုင်နက် မျောက်ကြီးသည် အလှမ်း ၂၀ လောက် တအားပြေးလိုက်ပြီး ကောင်းကင် သို့ ခုန်တက်ပျံသွား၏။

ကောင်းကင်ခရီးဖြင့် တော်တော်လေး သွားမိသောအခါ ဂဠုန်ကြီးတစ်ကောင် ပျံသန်းနေတာ မြင်ရ၏။ အရှင်ဘုရား ရန်သူနဲ့တော့တွေ့နေပြီ ဒါပေမယ့်မကြောက်ပါနဲ့ဘုရား တပည့်တော်နှင့် ရင်ဆိုင် လာတိုးရင်တော့ စွမ်းအားရှိသလောက် ခုခံရမှာဘဲ။ တကာ. . သူက ဘာမှမလုပ်ရင် ကိုယ်ကစပြီး မလုပ်ပါနှင့်တကာ လုပ်သည့်တိုင်အောင် လွတ်အောင်ရှောင်သွားနိုင်ရင် ပိုကောင်းပါတယ်။ မရှောင်နိုင်တဲ့ အဆုံးမှ လုပ်ကြတာပေါ့ဟု ကျွန်ုပ်က အပေါ်ကနေ ပြော၏။ တပည့်တော်တို့ သူ့အရိပ်အခြေကြည့် နေကြသေးတာပေါ့ဟု မျောက်ကြီးကလျှောက်၏။ ကျွန်ုပ်လည်း သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် ဂါထာကိုဘဲ ရွတ်ဖတ်၍ စီးလိုက်လာ၏။ ကျွန်ုပ်စီးလာသော မျောက်ကြီးမှာ သူ့ဗိုက်အောက် လက်ယာက မျောက် တစ်ကောင်ထွက်ပြီး ဘေးကရံလိုက်၏။ တဖန် သူ့ဗိုက်အောက်က ဝဲဘက်တကောင် ထွက်ပေါ်လာပြီး ဘေးကရံလိုက်နေ၏။

နောက်ထပ် သူ့ဗိုက်အောက်က မျောက်တစ်ကောင်ထွက်သွားပြီး နောက်ကနေ ရံလိုက်နေ၏။ ထိုနည်းအတူ သူ့ဗိုက်အောက်မှ မျောက်တစ်ကောင်ထွက်လာပြီး ရှေ့ကနေ ရံလိုက်နေ၏။ ပထမတော့ နောက်က တစ်ကောင်ထဲ လိုက်နေသည်ဟု ထင်ရသော်လည်း နောက်ထပ်ကြည့်လိုက်တော့ နောက် နှစ်ကောင်လိုက်နေတာ ဖြစ်နေ၏။ သို့ဖြစ်၍ ထိုမျောက်ကြီးမှ မျောက်ပွား၅ကောင် ကျွန်ုပ်တို့ကို ရံလိုက် နေပြီး စောင့်ရှောက်ကာကွယ် ပေးနေကြောင်းသိရသည်။ ကျွန်ုပ်ကလည်း မျောက်ကြီးအပေါ်က စီးရင်းနဲ့ စဉ်းစားသည်မှာ ဒီမျောက်ကြီးက မျောက်ပွားသတ္တဝါ ၅ ကောင်တောင်ဖန်ဆင်းပြီး အကာအကွယ် ချနိုင်တယ်။ တော်တော်စွမ်းရည်ရှိတဲ့ မျောက်ကြီးဘဲဟု အံ့သြထောပနာနေ၏။ ကျွန်ုပ်စီးသော မျောက်ကြီးကို မျောက် ၅ကောင်ရန်ပြီး ကောင်းကင်ခရီးဖြင့်လာကြရာ ရှေ့ကမြင်နေရသော ပျံဝဲနေသော ဂဠုန်အနားသို့ ရောက်လာကြတော့၏။

ကျွန်ုပ်လည်း ဂုဏ်တော်ဂါထာကို ပါးစပ်ကအတွင်တွင် ရွတ်ဆိုပြီးစိတ်ထဲက မျောက်နှင့်ဂဠုန်တို့ တိုက်ပွဲမဖြစ်ရန် ဆုတောင်းနေ၏။ အနားနားရောက်တော့ ဂဠုန်ကြီးကို သေသေချာချာ ကြည့်ရှုသော အခါ အလွန်ကြီးမားစွာတွေ့ရ၏။ အတောင် ၁၀၀လောက်မျှ ရှိမည်ဟုထင်ရ၏။ ဂဠုန်ကြီး၏လေလှိုင်း ကို ထိုမျောက်ရန် မလွယ်ကူဟု ကျွန်ုပ်ထင်၏။ ဂဠုန်နှင့် ကျွန်ုပ်တို့ အတောင်၅၀၀လောက် အကွာအဝေး ပင် တော်တော်ပြင်းထန်သော လေဟုန်လေလှိုင်းဒဏ်ကို အတော်ခံရ၏။ တနာရီမိုင် ၄၀နှုန်းလောက်

လည်း ဆောင့်ကြောင့်ထိုင် ဘုရားကန်တော့ကြပါသည်။ အားလုံးမေတ္တာပို့ အမျှဝေပြီးကြသောအခါ ဘုရားကို လက်ျာရစ်ပြီး လက်အုပ်ချီ၍ကြည့်ကြပါတော့သည်။ ထိုဘုရားကြီးအတွင်းထဲမှာ အစကြိုးကြာ ၁၆ခါမှစ၍ နုစဉ်ဘဝ ပါရမီစခန်းကျင့်စဉ်ငါးရာ။ ရင့်စဉ်ဘဝ ဇာတ်ကြီး၁၀၊ ဘုရားလောင်း သန္ဓေတည်စမှ ပရိနိဗ္ဗာန်စခန်းအထိ ရုပ်စုံများပြုလုပ်ထားပုံမှာ အလွန်ပင်အံ့သြလောက်ပေ၏။ ကြည့်လို့ မငြီးနိုင်ပေ။ ကျွန်ုပ်လည်းထိုဇာတ်တော် ရုပ်ပုံများကို ကြည့်ရှုနေစဉ် ဘုန်းတော်ကြီးတစ်ပါးက လာ လာ ကိုယ်တော်တို့ သွားကြမယ်ဆို၍ ကျွန်ုပ်လည်း လိုက်ပါသွားတော့သည်။ ထိုစဉ်နိုးလာ၏။ နာရီ ကြည့်သောအခါ ၃ နာရီထိုး၍ မျက်နှာသစ်ပြီး ဘုရားရှိခိုး၊ ပုတီးစိတ်၏။

သမ္မာသမ္ဗုဒ္ဓေါဂါထာ ၁၀ ပတ်ပြီးသောအခါ အာရုဏ်တုံးလေး ခေါက်သံကြားရတော့၏။ နာရီမှာ ငါးနာရီထိုးနေ၏။ ယာဂုသောက်ပြီး ဘုရားဖူးသွား၏။ တောင်မင်းကြီးဘုရားမှာ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိဂုဏ်တော် ၂၇ပတ်၊ ပုထိုးတော်ကြီးမှာ ၂၇ပတ်၊ ရွှေကူကြီးမှာ ၂၇ပတ်၊ အောင်မြေမှာ ၂၇ပတ်၊ အောင်မြေရွှေဘုံမှာ ၂၇ပတ် ပုတီးစိတ်ပြီးတော့ ဘုန်းကြီးတစ်ပါးနှင့်တွေ့၏။ ထိုဘုန်းကြီးပြောသည်မှာ ဒီကနေ့တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်ဆိုတော့ ဗုဒ္ဓဟူးနေ့ဘဲ၊ တပည့်တော်ကတော့ ကြီးမှဝတ်တာ အခု ၁၀ဝါလောက် ရပါသေးတယ်ဘုရား။ အရှင်ဘုရားကို ဘုရားတပည့်တော်လက်တွေ့ အသုံးချခဲ့သော မန္တာန်တစ်ပုဒ် လှူလိုက်ပါအုံးမယ်ဘုရား။ ကိုင်း . . ကိုင်း . . အမိန့်ရှိပါ တပည့်တော် ရေးမှတ်ထားပါမယ်ဘုရား . . .။

ဥ၊ ဒိန်ကြီးပက်လက်-ငါးရိုးမျက်-ထွက်ဆရာထွက်-သက်ဆရာသက်-ကြေဆရာကြေ-ပြေးဆရာပြေး၊ ကျဆရာကျ၊ ရေကို ၃၇ အုပ်မန်းပြီး ငါးရိုးမျက်သောသူကိုတိုက် အရိုးကျပြီး ပျောက်ကင်းပါတယ်ဘုရား။ အရှင်ဘုရား ဘယ်မှာသီတင်းသုံးပါသလဲဘုရား၊ တပည့်တော်က စစ်ကိုင်းတောင် ဂဠုန်ပျံချောင်မှာ နေပါတယ်ဘုရား၊ အရှင်ဘုရားကရော ဘယ်မှာသီတင်းသုံးပါသလဲ။ တပည့်တော်က ဒီမြို့မှာ ကျော်အောင်စံထား တိုက်နေပါတယ်။ ရောက်တဲ့အခါ ဝင်လာခဲ့ပါဘုရား။ ကောင်းပြီဘုရား သွားလိုက်ပါအုံးမယ်ဆိုပြီး ကိုယ်တော် ထွက်သွားတော့၏။

ည ကြေးဘုရားကြီး၊ နဂါးရုံ၊ ရွှေဘုံသာ၊ အောင်မြေဘုရားလေးဆူတို့ကို တစ်ဆူလျှင် ပုတီး ၂၇ပတ် စိတ်ခဲ့၏။ ၁၃၃၀ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ ၄နက် ၁နာရီအချိန်လောက်မှာ အိပ်မက်၏။ ကျောင်းကပုတီးစိတ်နေရင်း ကောင်းကင်ပျံတက်သွား၏။ ကောင်းကင်မှာသွားနေရင်း ကိုယ်စိတ်နေသော သမ္မာသမ္ဗုဒ္ဓေါဂါထာကို နှုတ်မှရွတ်နေ၏။ ထိုဂါထာကား.

သမ္မာသမ္ဗုဒ္ဓေါသဗ္ဗညူ၊ သမ္မာလောကုတ္တရောနဝ။

သမ္မာခိဏာသဝေါဟံသာ၊ သမ္မာစမာရဝိဇ္ဇယော။

သမ္မာသမ္ဗုဒ္ဓဉာဏေန၊ သမ္မာသမ္ဗုဒ္ဓဒေသကော။

သမ္မာသမ္ဗုဒ္ဓေါလောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓတေနမော။

ဤဂါထာကို ကောင်းကင်ပျံလျှက် ရွတ်ဆိုနေရင်းပင် ဘုရားတစ်ဆူ ရောက်သွား၏။ အပေါ်က

ပျံ့ဝင်သွား၏။ ပတ်ဝန်းကျင်ကိုကြည့်သောအခါ ပျိုးပျိုးပြောင်ပြောင်တွေသာမြင်ရ၏။ ကျွန်တော်ဘာ
မမြင်ရပေ၊ တအောင့်လောက် ကြာသောအခါ အရှိန်ရပ်လိုက်ပြီး ဆင်းလိုက်၏။ ပုဂံအာနန္ဒာဘုရားကြီး
ပုံသဏ္ဌာန်တူသော ရွှေရောင်ပြောင်ဝင်းနေသော အဆောက်အဦးကြီး ရှေ့ဆင်းလိုက်၏။

ကျွန်ုပ်တို့လဲ နဂါးပေါ်မှ ဆင်းကြပြီး ထိုအဆောက်အဦးကြီးကို စိတ်ဝင်စားစွာကြည့်နေကြ
ကျွန်ုပ်အထဲမှ ဘုန်းကြီးတပါးက ဒီအဆောက်အဦးက နန္ဒမူလိုဏ်ဂူတော်ကြီးခေါ်တယ်၊ ဘုရားပွင့်ရာ
ခေတ်မဟုတ်တဲ့အခါမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ သီတင်းသုံးတော်မူကြတယ်။ ယခုဘုရားပွင့်ရာ
ခေတ်မှာ ဈာနလာဘီ - ရဟန္တာအရှင်မြတ်များ သီတင်းသုံးတော်မူကြတယ်။ ဤနန္ဒာမူလိုဏ်ဂူတော်
ကြီးအတွင်းမှာ ၂ကျိပ်ရှစ်ဆူရှင်တော်မြတ်ဘုရားတို့ ရုပ်ရှင်တော်များရှိတယ်၊ ရွှေ၊ ငွေ၊ မြ၊ ပတ္တမြား
နီလာ၊ ဂေါမုတ်၊ ပုလဲ၊ ကျောက်သလင်းစသော ရတနာဆယ်ပါးတို့ဖြင့် သွန်းထုလုပ်ထားတာ ဖြစ်တယ်
တန်ခိုးကြီးသော နတ်များ၊ နတ်ဝိဇ္ဇာများ၊ ဝိဇ္ဇာဓိုရ်ကြီးများ၊ နတ်ဒေဝီများတို့ မပြတ်ဖူးမျှော်ကြ တရား
ထိုင်ကြ၊ ပုတီးစိပ်ကြနဲ့ စည်ကားလှပါတယ်။

စတုတ္ထ သင်္ဂါယနာ တင်ခဲ့ကြသော ပိဋကတ်သုံးပုံပေမူ ဓမ္မစေတီတော်များလဲရှိတယ်။
အဆောက်အဦးကြီးကို ကြီးကြပ်နေသူမှာတော့ သူရဿတီဒေဝီဖြစ်တယ်။ လာလာဝင်ပြီး ဖူးရအောင်
ကျွန်ုပ်တို့ဝင်သွားကြ၏။ ပုဂံအာနန္ဒာလို အလယ်မှရပ်တော်မူကြီး လေးဆူထားသော နေရာတွင်
တင်ပလ္လင်ခွေ မဟာမြတ်မုနိအရွယ်လောက် ရုပ်ပွားတော်ကြီးများ နှစ်ကျိပ်ရှစ်ဆူ ကိန်းဝပ်တော်မူနေ
ကြသည်။ တစ်ဆူနှင့်တစ်ဆူ ပုံတော်ချင်းတူသော်လည်း အသွေးအရောင်ချင်း မတူကြပေ။ တောက်ပ
သောအဝါရောင်၊ အဖြူရောင်၊ အနီရောင်၊ အစိမ်းရောင်၊ နီညိုရောင်၊ ပြာညိုရောင်၊ ကြည်ပြာရောင်
အစိမ်းရင့်ရောင်၊ ဖလ်စိန်ရောင်၊ ရောင်ပေါင်းမျိုးစုံ ရုပ်ပွားတော်ကြီးများ အလွန်သပ္ပါယ်လှစွာ ဖူးမြင်
ရလေသည်။ အရောင်တော်များ တဖြတ်ဖြတ်နှင့် အံ့မခန်းဖြစ်နေပေသည်။

နတ်များ၊ နတ်ဒေဝီများ၊ နတ်ဘီလူးများ၊ ဝတ်ဖြူဝတ်ညိုနှင့်လူပုဂ္ဂိုလ်ကြီးများ တရားထိုင်နေ
သူကထိုင်၊ ပုတီးစိတ်သူကစိတ်နှင့် အလွန်ဆိတ်ငြိမ်သော နေရာတစ်ခုဟု ထင်မြင်ရပေသည်။ ထိုဘုရား
အတွင်းထပ်၊ အလည်ထပ်၊ အပြင်ထပ် သုံးထပ်ပေါင်း ၅ထောင်ကျော်လောက် ရှိမည်ထင်သည်၊
သို့သော် အုတ်အုတ်ကျွပ်ကျွပ် အသံများမရှိ၍ အလွန်အံ့သြ ငလေးစားစရာ ဖြစ်နေလေသည်။ ပုဂံ
အာနန္ဒာဘုရားထက် လေးဆလောက်ကြီးမည်ထင်၏။ အထက်ကောင်းကင်အမိုးမှ ရောင်စုံမီးများ
ကျနေ၍ ဘုရားအတွင်းတွင် အပ်ကျတာတောင် မြင်ရမည်ထင်၏။ ကျွန်ုပ်တို့ငါးပါးလည်း တောင်ဘက်
မျက်နှာတွင် ဂေါတမဘုရားဟု ရေးထားသော ရွှေဆင်တုရုပ်ရှင်တော်မြတ် ရှေ့တော်တွင် ထိုင်ကြပြီး
ဘုရားရှိခိုး၍ ပရိက်ယူကြပြီး ပုတီးစိတ်ရန် ထိုင်ကြပါသည်။

အထဲတွင် ဘုန်းကြီးတော်ဘုရားက ဂုဏ်တော် ၉ပါး တစ်ပါးလျှင် ၉ပတ်စိတ်ကြ၊ ၈၁ပတ်ပြည့်လျှင်
ဘုရားသက်တော်ရဖြစ်၍ လာရကျိုးနပ်ပေမည်။ ကိုယ်ပြီးလျှင်ကိုယ့်ဟာသာ ငြိမ်ငြိမ်လေးထိုင်နေပါ၊
အားလုံးပြီးမှ ဘုရားကို လက်ျာရစ် သုံးပတ်လှည့်ပြီး ဖူးမျှော်ကြည့်ရှုကြမယ် . . ကဲစိတ်ကြ။ ကျွန်ုပ်
လည်း ပုတီးစိတ်ကြပါတော့သည်။ ကျွန်ုပ်သည် ပုတီး ၈၁ပတ်ပြီးတော့ ဆုတောင်းမေတ္တာပို့ အမျှဝေရန်
ဆောင့်ကြောင့်ထိုင်ပြီး ဝတ်ချသောအခါ အားလုံး ပြီးကုန်ကြတာ တွေ့ရပါတယ်။ ထိုပုဂ္ဂိုလ်လေးပါး

နတ်ပူးတယ်ဆိုတာမှာလဲ ရှေ့ပိုင်းက တင်သွင်းခဲ့သော အထက်နတ်များကတော့ မပူးမကပ်ကြပါ။ အောက်နတ်ဖြစ်ကြတဲ့ အတွင်းနတ်အချို့နဲ့ အပြင်နတ်များက ပူးကြ ကပ်ကြ လုပ်ကြပါတယ်။ ဘဆက်တို့ သို့သော် စိတ်ထက်သန်သောသူ၊ သီလ သမာဓိရှိသောသူတို့ကိုတော့ မပူးကပ်နိုင်ကြပါ။ အောက်နတ်တင်သွင်းများက ဟောပြောရာတွင်လဲ သီလသမာဓိရှိသော သူတို့ကို မှန်အောင်မဟောနိုင်ကြပါ။ သို့ကြ အလောင်းတော်နတ်သားစသော နတ်မြတ်နတ်ကောင်းတို့မှာ ဘယ်သောခါမှ ပူးကပ်သည်မရှိ၊ တို့အား အတွင်းနတ် အထက်၁၂ပါးမှလွတ်သော ကျန်နတ်ခေါ် နတ်ရဲများ အပြင်နတ်ခေါ် နတ်ရဲများတို့သာ ပူးကြ ကပ်ကြခြင်း ဖြစ်ပါတယ်။

နတ်ပူးတယ်ဆိုတာမှာလဲ - ၁။ စိတ်ကြောင့်မို့ပူးခြင်း၊ ၂။ အသိုင်းအဝိုင်းကြောင့် ပူးဆောင်ခြင်း၊ ၃။ အဟုတ်ပူးခြင်း၊ ၄။ ဆေးအင်းပရောဂကြောင့်ပူးခြင်းလို့ လေးမျိုးရှိပါတယ်။ သူ့ သူရဲများ ပူးကပ်ခြင်းကဲ့သို့ ပူးကြခြင်းမှာ နတ်ရဲများ ပူးကြခြင်းသာ ဖြစ်ပါတယ်။ တစ္ဆေသူရဲ ဆိုသည်မှာ လူတန်းစားအနေနှင့် နှိုင်းယှဉ်ပြရလျှင် သူတောင်းစားလောက် ရှိပါတယ်။ နတ်ရဲတို့မှာ ဆင်းရဲသား အဆင့်အတန်းလောက် ရှိပါတယ်၊အဲဒါကြောင့်သူတောင်းစားအလုပ် ဆင်းရဲသားအလုပ်မျိုး ဘိုးတော်တို့ မယ်တော်တို့အနေနှင့် မလုပ်လိုကြပါဘူး။ တချို့တလေတော့ ဘိုးငယ်များကတော့ လုပ်ခြင်း လုပ်ကြမယ် ထင်ပါတယ်။ ဤမျှ တင်သွင်းခြင်းအားဖြင့် ဓါတ်သဘော နတ်သဘောတို့ ကောင်းကောင်း ရိပ်စား မိနိုင်လောက်ပါပြီ၊ နိဂုံးချုပ်အနေနှင့် တင်သွင်းခြင်တာကတော့ ဘဘုရားရဲ့ သာသနာတော်ဟာ နေလို လလိုထွန်းလင်းလာအောင် အနှောက်အယှက်များကို ကိုယ့်ဘက်နှင့်ကိုယ် တားဆည်း ပေးကြပါ ဆိုတာ တိုက်တွန်းပြီး နိဂုံးချုပ် လိုက်ရပါတယ် အရှင်မြတ်တို့ဘုရား . . ပရိတ်သတ်ကြီးက သာဓုခေါ်ကြပါသည်။

ထိုနောက် ဂိုဏ်းချုပ်ဆရာတော် ရှင်မဟာတေဇိန္ဒသာရ မထေရ်ကြီးက မိန့်တော်မူသည်မှာ သာသနာ အတွင်းနတ်ရဲများ အနှောက်အယှက် မပြုနိုင်အောင် ၁၃၀၀ပြည့်နှစ် သမ္ဗုဒ္ဓေစေတီတော် တည်ရန် မဟာညီလာခံကြီးတုံးက ဘိုးမင်းခေါင်နှင့်ဘိုးတင်မှုတ်တို့ တာဝန်ပေးထားသည့်အတိုင်း ဆက်လက်ပြီး ဆောင်ရွက်ကြရမယ်။ ဘိုးဘိုးအောင်၊ ဘိုးမေတ္တာ၊ ဘိုးသစ္စာတို့ကို ထပ်တိုးပြီးပေးမယ် ဤငါးဦးသော ပုဂ္ဂိုလ်တို့က တကယ်ကျင့်ကြံကြသော သူများအပေါ် လမိုင်းတို့ နတ်ရဲတို့ မနှောက်ယှက်နိုင်အောင် ၎င်းငါးဦးသော ပုဂ္ဂိုလ်တို့က သတ္တိပြပြီး ချွတ်ကြရမယ်-သာသနာပြုပေးကြရမယ် .. ကောင်လှပါပြီဘုရားဟု ငါးဦးသော ပုဂ္ဂိုလ်ကြီးတို့က တာဝန်ယူကြပါသည်။

အရှင်အရိယာဝံသ၊ ထလာပြီး ယခုသတ္တမမြောက်ကဏ္ဍပြီး၍ အဋ္ဌမနှင့်နဝမမြောက်ကဏ္ဍ ဖြစ်သော ပရိသတ်အမျိုးမျိုးနှင့် သာသနာပြုသူတို့၏ သဘောတရားကို ဆွေးနွေးကြရန်ပါဘုရားဟု လျှောက်ထားပြောဆိုပြီး ဦးညွတ်၍ထိုင်သွားပါသည်။ ဂိုဏ်းချုပ်ဆရာတော် ရှင်မဟာတေဇိန္ဒသာရ မထေရ်ကြီးက မိန့်တော်မူသည်မှာ - ပရိသတ်အမျိုးမျိုးရဲ့ အကြောင်းနှင့် သာသနာပြုတို့ရဲ့ သဘော တရားကို အရှင်အရိယာဝံသက တင်သွင်းပါဟု မိန့်တော်မူသောအခါ အရှင်အရိယာဝံသက ဂိုဏ်းချုပ် ဆရာတော်များနှင့် သံဃာထေရ်များကို ဦးညွတ်ပြီး ယခုသာသနာပြုရေးကို တင်သွင်း လျှောက်ထား ပါမယ်ဘုရား၊ သာသနာပြုရေးကို တင်သွင်းလျှောက်ထားပါလျှင် ပရိသတ်လေးပါး အကြောင်းပါ

၃၆။ သံတော်ခံနတ် - ကြာခုံပေါ်ထိုင် ညာယပ်၊ ဘယ်က ဒူးပေါ်အုပ်၊ ခေါင်းမြစ်ညွန့်ပေါင်း

၃၇။ ယွန်းဘုရင်နတ် - ပလ္လင်ပေါ်လက်ယာဒူးထောင်၊ လက်ဝဲဒူးလှဲ ညာလက်ကြံဆစ်သိုင်း၊ ဒုတ်ကို ထမ်း၊ ဘယ်လက်က လက်ဝဲပေါင်ကိုထောက်၊ ခေါင်းမြစ်ညွန့်ဗောင်း နာချောင်းနှင့်

ဤအတွင်း၊ အပြင်နတ်တို့မှာ ဘကြီးတော်လက်ထက် ပုရပိုက်မူအရဖော်ရခြင်း ဖြစ်ပါတယ်။ ဤကဲ့သို့ ၃၇မင်းသာ ကန့်သတ်ထားခြင်းမှာ မဟာသမယသုတ်တော်၊ အာဋာနာဋိယသုတ်တော်တို့မှ လာသော နတ်မင်းကြီး၉ပါး၊ နတ်စစ်သူကြီး ၂၈ပါးပေါင်း ၃၇ပါးကို အတုယူ၍ ၃၇မင်းဟု ရှေးပညာရှိတို့ သုံးစွဲကြပါသည်။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးနှင့် သိကြား၊ မဟေသရ၊ မဟာပိန္နဲ၊ စန္ဒီ၊ သူရ သဿတီ၊ စန္ဒာ၊ ရသမင်္ဂီမာရ်နတ် ဤ ၁၂ပါးသောနတ်တို့မှာ စတုမဟာရာဇ်၊ တာဝတိံသာ၊ ဝသဝတ္တီဘုံ တို့မှာနေကြသော အထက်နတ်များဖြစ်ပါတယ်။ ဒီဆယ့်နှစ်ပါးထဲတွင် အဆိုးဆုံးက မာရ်နတ်ဖြစ်တယ်။ ဘာကြောင့် အဆိုးဆုံးလို့ ဆိုရပါသလဲဆိုတော့ ဘုရား၏ဝမ်းပိုက်အတွင်းမှာ အလစ်ဝင်၍ ဘုရားရှင်ကို အနှောင့်အယှက်ပေးခြင်း၊ အရှင်မဟာမောဂ္ဂလာန်၏ ဝမ်းဗိုက်အတွင်းမှာ အလစ်ဝင်၍ အနှောက် အယှက်ပေးခြင်းတို့ကို လုပ်ပါတယ်။

မာရ်နတ်ဂိုဏ်းသား တပည့်များကလဲ တရားသမားများဖြစ်ကြသော ပုဂ္ဂိုလ်များ အကြိုက်ပေး၍ နှောင့်ယှက်လေ့ရှိကြပါတယ်။ အများအားဖြင့် ခံရသော ပုဂ္ဂိုလ်များမှာ ပုတီးသမား ဖြစ်ကြပါတယ်။ ပုတီးလုပ်ငန်းမတက်နိုင်အောင် အကြားလိုခြင်သူကို အကြားဖြင့် ၊ အမြင်လိုချင်သူကို အမြင်ဖြင့် နှောက်ယှက်ပေးတတ်ကြပါတယ်။ ထိုမာရ်နတ် ဂိုဏ်းသားများကို လမိုင်းနတ်များလို့ခေါ်ပါတယ်။ သူတို့၏ အမျိုးပေါင်းက ၆၂ပါးရှိပါတယ်။ ထွက်လမ်းတဲ့သာသော မဂ်လမ်းကို ဘုရားရှင်ကိုယ်တော် တိုင်က သတိပဋ္ဌာန်သုတ်တော်မှာ သတိပဋ္ဌာန်နည်းအရ ၇ ရက်လောက်အားထုတ်ပါလျှင် အနည်းဆုံး သောတာပန်ဖြစ်နိုင်ကြောင်း ဟောထားပါတယ်။ မဂ်လမ်းလုပ်သော ပုဂ္ဂိုလ်များမှာ အနှောင့်အယှက် နဲသလောက် ထွက်လမ်းပုဂ္ဂိုလ်များမှာ အနှောက်အယှက် များတတ်ပါတယ်။

ထို့ကြောင့် လမိုင်း နိုင်အောင် သီလ၊ သမာဓိအားနှင့် တားရပါတယ်။ မတားနိုင်သော သူတို့ အပေါ် ဘိုးတော်ယောင်၊ မယ်တော်ယောင်၊ ကျွန်ုပ်တို့ အယောင်ဆောင်ပြီး လှည့်စားကြပါတယ်။ အလှည့်စားခံရသူတို့မှာ အကျွန်ုပ်တို့ကို ကြည်ညိုလေးစား ရှိပြီးသူများ ဖြစ်ကြ၍ အလွန်ယုံရှာ ကြပါတယ်။ ဘုရားတပည့်တော်တို့ အနေနဲ့ကတော့ ဓါတ်သဘောဘဲ လွှတ်ပေးပါတယ်။ နတ်ပူးသကဲ့သို့ လှုပ်တဲ့ သဘောမျိုးနဲ့ ပူးကပ်ခြင်းမျိုး မရှိကြပါ။ ဓါတ်သဘောမျိုးဆိုရာမှာလဲ ကန်တော့ပွဲတွင် စမအင်းစသည် ပေါ်အောင်၊ လူရဲ့ခန္ဓာကိုယ်မှာ အင်းပေါ်အောင် ၊ ဘုရားကြည်ညိုစိတ် ရှိသွားအောင် လုပ်ပေးခြင်း တို့ဖြစ်ပါတယ်။ ထိုက်တဲ့သူများတော့ ဆေးလက်ဖွဲ့စသည် ပွဲထဲကိုထည့်ပေးပါတယ်။ လမိုင်းနတ်များ နှင့်ပေါင်းပြီး မှော်ဆရာ၊ ဂိုဏ်းဆရာတို့လို လေထဲက ယူပေးဟန်မျိုးတော့ မလုပ်ပါ။ မှော်ဆရာ၊ ဂိုဏ်း ဆရာတို့မှာ သူတို့ပြုလုပ်ထားသော ပစ္စည်းများကို လမိုင်းများကို ပြထားကြပြီး ပရိသတ်ရှေ့မှာကျတော့ လေထဲကယူပေးဟန် သူတို့ကိုယူခိုင်းပြီး လူများကိုပေးကြပါတယ်။ ဒါဟာ မှုမမှန်သော လုပ်ငန်း တခုဖြစ်ပါတယ်။

၁၇။ မင်းစည်သူ - ခုံပေါ်ယာဒူးထောက်၊ ဝဲဒူးချ ယာဒူးပေါ်ယာလက်တင် လက်ညှိုးထိုး ဝဲကဝဲဒူး
ထောက်လျှက် ရိုးရိုးမင်းအဝတ်အစား

၁၈။ မင်းသားဒန်းမောင်ရှင် - ခုံပေါ်တင်ပလ္လင်ခွေ ယာစောင်းပိုက်တီး ဝဲက ကြိုးထောက်
တောင်း စလွယ်ဆင်

၁၉။ ကျော်စွာနတ် - မြင်းစီး လက်ယာကြိမ်ကိုင် ဝဲမြင်းဇက်ကိုင် သျှောင်ဆံထုံး ရိုးရိုးမင်းသား

၂၀။ အောင်စွာမကြီးနတ် - မြင်းစီး လက်ဝဲဇက်ကိုင် လက်ယာဓါးထမ်း တောင်းနှင့်

၂၁။ ရွှေစစ်သင်နတ် - ခွန်းပလ္လင်ခံ ယာဒူးထောင် ဝဲဒူးလှဲ ယာလက်ဓါးထမ်း ဝဲလက်ဒူးပေါ်အုပ်
ပေါင်း စလွယ်ရှေ့နောက်ဘယ်နှင့်

၂၂။ မယ်တော်ရွှေစကားနတ် - ကြာခုံကြုံ့ကြုံ့ထိုင် ဝဲလက်ပေါင်ထောက် ယာလက်ရင်ကိုပိုက်

၂၃။ ငါးစီးရှင်နတ် - ခေါင်းငါးလုံး ဆင်ဖြူရုပ်တလုံးက ပေါက်ဆင်၊ တလုံးက ဟိုင်း၊ တစ်လုံးက
ဟံ၊ တလုံးက တံ၊ တလုံးက တည်ဆင်၊ ငါးမျိုးပေါ် ကြာပွင့်ကြာပေါ် မှန်စီးကတင် ရင်းပေါ်
ခေါင်း သရဖူနှင့် ထိုင်လျှက် ကြာပွင့်နားထီးဖြူ ၄ စင်းစိုက်၊ ဆင်ဖြူအနား မြူကား ၄လုံးထား

၂၄။ မင်းတရားနတ် - ခွန်းရိုးပလ္လင် တင်ပြင်ခွေမင်းတံဆာ စုံယာလက်ယပ်ကိုင် ဝဲလက်ဒူးတုပ်

၂၅။ မောင်ပိုးတူနတ် - ကျားစီး ယာလက်ကြိမ်ကိုင် ဝဲလက်ပေါင်ထောက် သျှောင်ထုံးနှင့် ရှေ့အရပ်
သူ့အဝတ်အစား

၂၆။ အနောက်မိဖုရားနတ် - ကြာခုံ ကြုံ့ကြုံ့ထိုင် ဆံထုံး ဆံမြိတ်ကွင်း ဆံထိုး ဆံကျင်နှင့် သားငယ်
ကို ပိုက်ပွေ့နို့တိုက်ဟန်

၂၇။ အောင်ပင်လယ် ဆင်ဖြူရှင်နတ် - ဆင်ဖြူပေါ်ပလ္လင်တွင် တင်ပြင်ခွေ ညာယပ်ကိုင် ဝဲဒူးတင်
ပေါင်းနားရွှောင်းသရဖူအစုံ ဆင်ရှေ့ဦးကင်းကချွန်းကိုင် ဝပ်တွားပုံ နောက် ဝဲစီကဓါးထမ်း

၂၈။ ရှင်ကုန်းနတ် - ကြာခုံပေါ်လက်နှစ်ဖက်ကို တွဲလွဲချကုံး၍သွားဟန်ဆံထုံးဆံကျင်အစုံ

၂၉။ ရွှေနော်ရထာနတ် - ခွန်းရိုးပလ္လင် ယာဒူးထောက် ဝဲဒူးလှဲ ယာလက်ဗလီတံကိုင်၊ ဝဲလက်ဗလီလုံး
ကိုင်

၃၀။ မင်းရဲအောင်တင်နတ် - ကြာခုံပေါ်တင်ပြင်ခွေ သျှောင်နှင့် စောင်းပိုက်နေဟန်

၃၁။ မောင်မင်းဖြူနတ် - ကြာခုံပေါ်တင်ပြင်ခွေ တောင်းထုပ်ပေါင်း ငြင်းပလွေမှုတ်ဟန်

၃၂။ ရှင်တော်နတ် - လေးထောင့်ခုံပေါ်ရပ် ဦးထုပ်ဆောင်း သင်္ကန်းလောဘတ်တင် ယာယပ်ထမ်း
ဝဲပုတီးကိုင်

၃၃။ တပင်ရွှေထီး - လေးထောင့်ခုံပေါ်တင်ပြင်ခွေ ညာကဓါး ဘယ်ဘက်က ဒူးတုပ်၊ ပေါင်းသရဖူ
ဆောင်း

၃၄။ မြောက်ဖက်ရှင်မနတ် - ကြာခုံပေါ် ကြုံ့ကြုံ့ထိုင်၊ ညာကရင်ပိုက်၊ ဘယ်ဒူးစွန်းထောက်၊ ဆံထိုး
ဆံမြိတ်၊ ဆံထုံး

၃၅။ တောင်ငူရှင်မင်းခေါင်နတ် - ခွန်းရိုးပလ္လင်ပေါ်တင်ပြင်ခွေ ပေါင်းနားရွှောင်းအစုံ ညာယပ်၊
ဘယ်လက် ဒူးပေါ်အုပ်

၃၅။ ဘုံမသင်နတ် - ၎င်း
၃၆။ ထုံသင်းကြီးနတ် - ၎င်း
၃၇။ ပွဲစားကြီးနတ် - ၎င်း

## " အဖြင်ခံ၄မင်း နတ်အစည် "

၁။ သိကြားမင်း - ဧရာဝဏ်ဆင်ပေါ် ကြာပွင့်တွင်ရပ်လျှက် ညာခရုသင်း ဘယ်ကသားမြီး ယပ်ကိုင်

၂။ မဟာဂီရိနတ် - ဆင်ဖြူပေါ် ဘီလူးဆင့် ၎င်းအပေါ် ရပ်လျှက် ဖောင်းနားရှောင်းစလွယ်နှင့် ဝဲကယပ် ယာကဓား

၃။ နှစ်မတော် - ဆင်နက်မပေါ် ဘီလူးဆင့် ၎င်းအပေါ် ရပ်လျှက်ယာလက် လက်မ၊ လက်ညှိုးက ကြစုသီကိုင် ရင်ကိုပိုက် - ဝဲလက်ကချ

၄။ ရွှေနပေ - နဂါးစီးပုံဆောင်၊ ဆူးနားရှောင်းပန်၊ ယာကရင်ပိုက်၊ ဝဲကချထား

၅။ သုံးပန်လှ - ဆင်ခံဘီလူးဆင့် ၎င်းပေါ် ရပ်ပြီး ယာကရင်မ၊ ဝဲကချထား၊ ဆံမြိတ်ရန်ထုံး

၆။ မနဲမိ - သုံးပန်လှ၏သမီး ကြာပလ္လင်ပေါ် ရပ် ထမီခါးချပ်ဝတ် လက်ကောက် ပုတီး စီးပုံ လက်၂ ဘက်ချ ခလေးရုပ်

၇။ တောင်မကြီးရှင်ညို - ကြာခုံခံ လက်သုံးဖက်စီ၊ အထက်ဝဲယာနှစ်ဘက်က လက်အုပ်ချီရင်ကပ်၊ ကျန်ဝဲနှစ်ဘက်က ဒုတ်၊ သိုင်းကိုင် - ယာနှစ်ဘက်က ဓါး၊ လှန်ကိုင် - မောက်တိုဆောင်း၊ စစ်ဝတ်စုံနှင့်

၈။ မြောက်မင်းရှင်ဖြူ - ရှင်ညိုကဲ့သို့

၉။ ထီးဖြူဆောင်းနတ် - ခုံပေါ်တင် ပလ္လင်ခွေသက်န်းရုံ ဒူးတုပ်၊ ဒေါက်ချာဆောင်း၊ ယာ-သရ ဘက်ကိုင်၊ ယပ်ကိုင် ဝဲက ဒူးပေါ်ထောက်ထား

၁၀။ ထီးဖြူဆောင်းမယ်တော်နတ် - ကြာခုံပေါ် ကြုံ့ကြုံ့ထိုင်၊ ယာဝမ်းဗိုက် ဝဲပေါင်ပေါ် ထောက်ဆံထုံး ဆံမြိတ်ဆံထိုးနှင့်

၁၁။ ပရိမ္မရှင်မင်းခေါင် - ပလ္လင်ပေါ်တင်ပလ္လင်ခွေဖောင်းသရဖူဆောင်း၊ ယာက ဒူးလေးထမ်း၊ ဝဲက ဒူးစွန်းထောက်ထား

၁၂။ ရွှေဖျဉ်းကြီး - ဗွန်းရိုးပလ္လင်ပေါ် ဒူးထောက် ဝဲဒူးလှဲ၊ ယာလက်ကဓါးထမ်း၊ ဝဲက ပေါင်ထောက်၊ ဖောင်းနားရှောင်း လက်ကောက်တံဆာနှင့်

၁၃။ ရွှေဖျဉ်းငယ် - ၎င်း

၁၄။ မန္တလေး ဘိုးတော် - ပုဏ္ဏားခုံပေါ် ရပ်လျှက် ဖောင်းဆင်၊ ဝဲဓါးထမ်း၊ ယာလက်မ လက်ညှိုး လက်ဆစ်ပြဟန်

၁၅။ ရှင်ကွ - မန္တလေးဘိုးတော်နှစ်မဆံထိုး ဆံကျင်အစုံ ယက်နှစ်ဘက်တွဲလဲချ ကွ ဟန်ထု

၁၆။ ညောင်ချင်းအို -၄ထောင့်ခုံရပ် လူနူဟန် ယာတောင်ဝှေးကိုင် ဝဲလက်မြောက်ထား သျှောင်ထုံးနှ

၆။ မဟာသရ နွားလားစီးလှ ၃ ခွကိုင်နတ်ဝတ်တံဆာ

၇။ မဟာပိန္နဲ - နတ်ကိုယ်ဆင်ခေါင်းလက်မောင်း ၂၀ ညာဘက်အထက်လက်မှာချွန်း၊ အောက်လက် သံလျက်၊ ဘယ်အထက်လက် စက်ဝန်း၊ အောက်လက်နှာမောင်းကိုကိုင် ကြွက်ယာဉ်စီး၊

၈။ စန္ဒီ - နတ်သမီးလက်ဆယ်ဘက်၊ ညာငါးဘက်မှာ ဒါးလှံယ်၊ သံလျက်၊ လှံ၊ သံချွန်၊ ခါးမြှောင် ဘယ်ငါးဘက် ဒိုင်း၊ ထီး၊ လေး၊ ပုတီး၊ ခရုသင်း၊ ပတ္တမြား နိစံခြသေ့ယာဉ်စီး

၉။ သူရဿတီနတ်သမီး ဥဂ္ဂါယဝင်စိုက်၊ နတ်တန်ဆာ ဟသ်ာပေါ်ထိုင်၊ လက်နှစ်ဘက် ပြာပန်း ကိုင် ဘုရားရှိခိုးဟန်

၁၀။ ပြဿမဂီ - ရဿမင်ဂီ နတ်သမီးလက်ပန်းခိုင်ကိုင်၍ ရှိခိုးနေပုံ

၁၁။ စန္ဒာ - စန္ဒီနတ်သမီးဟန်

၁၂။ အာဋ္ဌဝီ - ရပ်လျက်သံလျက်ကိုင်

၁၃။ မာရ်နတ် - ဘယ် ညာ လက်ဆယ်ဘက်စီ လက်နက်အမျိုး ၂၀ကိုင်

၁၄။ သောတာပန်နတ် - အင်ကြင်းပန်းဖြင့် ဘုရားရှိခိုးဟန်

၁၅။ အနာဂါမ်နတ် - သပိတ်တော်အနီးယပ်ခပ်ဟန်

၁၆။ ဇမ္ဗူဒီပါနတ် - ရပ်လျက်သံလျက်ကိုင်

၁၇။ ဇမ္ဗူတံဆိပ်နတ် - ၎င်း

၁၈။ ဇမ္ဗူ ချမ်းသာနတ် - ၎င်း

၁၉။ ဇမ္ဗူကြက်သရေနတ် - ၎င်း

၂၀။ ဇမ္ဗူသပြေနတ် - ဒူးတဖက်ထောင် တဖက်လှဲထိုင် သံလျက်ကိုင်

၂၁။ ဇမ္ဗူတံဆောင်နတ် - ၎င်း

၂၂။ ဇမ္ဗူတမွတ်နတ် - ၎င်း

၂၃။ ဇမ္ဗူရန်အောင်နတ် - ၎င်း

၂၄။ ရွှေသက်စိုးနတ် - မတ်ရပ် သံလျက်ကိုင်

၂၅။ ရွှေပြည်သင်နတ် - ၎င်း

၂၆။ ရွှေညိုသင်နတ် - ၎င်း

၂၇။ ရွှေစကားနတ် - မတ်ရပ် သံလျက်ကိုင်

၂၈။ ခယားပင်စောင့်နတ် - ခယားပွင့်ပန်းဖြင့် ရှိခိုးဟန်

၂၉။ မန်ကျည်းပင်စောင့်နတ် - မတ်ရပ်သံလျက်ကိုင်

၃၀။ ရှင်ဖြူနတ် - ဆင်ဖြူတော်စီးဟန်

၃၁။ မြင်းဖြူရှင်နတ် - မြင်းဖြူစီးဟန်

၃၂။ ငဆွဲသင်နတ် - မတ်ရပ်သံလျက်ကိုင်

၃၃။ ငနွဲ့သင်နတ် - ၎င်း

၃၄။ ဖက်မသင်နတ် - ၎င်း

မကြားနိုင်ပါ၊ ဘုရားတပည့်တော်တို့ ရရှိကြသော သိဒ္ဓိတန်ခိုးတို့မှာ ဤပါဒကစျာန်သိဒ္ဓိ တန်ခိုးလောက် မခိုင်မြဲပါ။ ဓါတ်အား၊ ဆေးအား၊ အင်းအား၊ မန္တာန်အား အကြင်အခါ၌ယုတ်လျော့ ၏။ ထိုအခါ၌ သိ မြင် ကြား ယုတ်လျော့၏။

အကြင်အခါ၌ ဓါတ်၊ ဆေး၊ အင်း၊ မန္တာန်အားကောင်း၏။ ထိုအခါ၌ သိ၊ မြင်၊ ကြား၊ သွား အားကောင်းပါတယ်။ ဓါတ်၊ ဆေး၊ အင်း၊ မန္တာန်တို့သည် "သစ်မရခင် ဝါးပေါင်းကွပ်ရခြင်း" သဘော မျိုးဖြစ်ပါတယ်။ ယခုလောက်ဆိုလျှင် သိဒ္ဓိတန်ခိုးအကြောင်း ကောင်းကောင်း ရိပ်စားမိနိုင်လောက်ပါပြီ။ ထို့ကြောင့် ဘုရားတပည့်တော်တို့ နည်းလမ်းအရ ပထမအယုသိဒ္ဓိ လမ်းကို ဓါတ်ဖြင့်ဖြစ်စေ၊ အင်းဖြင့် ဖြစ်စေ၊ ဆေးဖြင့်ဖြစ်စေ၊ မန္တာန်ဖြင့်ဖြစ်စေ၊ တခုခုဖြစ်ရအောင်ရှာပြီ နည်းလမ်းကျကျ သုံးစားပြီး နောက် ဘုရားဟောအတိုင်းအနည်းဆုံး ပါဒကစျာန်ရအောင် အားထုတ်သင့် ပါတယ်။ ပါဒကစျာန်ရ ဘို့ရာလဲ အာယုသိဒ္ဓိပေါက်ပြီးနောက် မခဲယဉ်းတော့ပါဘူး၊ သို့အတွက် ယခုကြွရောက်လာကြသော သိဒ္ဓိတန်ခိုး များ ခိုင်မြဲသည်ထက်ခိုင်မြဲရန် စတုတ္ထသမာပတ်ကို ဝင်စားနိုင်အောင် အထူးကြိုးစားကြပါဆိုကာ တိုက်တွန်းပြီး သိဒ္ဓိတန်ခိုးတို့၏ အကြောင်းကို နိဂုံးချုပ်လိုက်ရပါတယ်ဘုရား။ ပရိသတ်ထုကြီးက သာဓု . . . သာဓု . . . သာဓု ဟု တပြိုင်နက်တည်းခေါ်လိုက်ကြသော အသံသည် တောင်ယံကို ပဲ့တင်ထပ် သွားပါတော့သည်။

အရှင်အရိယာဝံသက ပုဂ္ဂိုလ်ကြီးများကို ဦးညွှတ်ထပြီး သိဒ္ဓိနှင့်တန်ခိုး အဘိညာဉ်တို့၏ အကြောင်းကဏ္ဍကို ရှင်သောမာဘိဝံသ တင်သွင်းသွားပြီးနောက် ယခုရောက်ရှိလာသော **အခန်း ကဏ္ဍမှာ ဓါတ်စီး၊ နတ်စီး၊ ပုဂ္ဂိုလ်စီးတို့အကြောင်း** ဆွေးနွေးကြရန်ပါဘုရား။ မဟိဒ္ဓိဂိုဏ်းချုပ် အရှင်ညာဏိသရဘိဝံသ မထေရ်ကြီးက ဤဓါတ်စီး၊ နတ်စီး၊ ပုဂ္ဂိုလ်စီးတို့ ကဏ္ဍကို လူတို့နှင့် လက်ပွန်း တတီးနေကြသော အရှင်အရိယာဝံသနှင့် မောင်မင်းခေါင်တို့က တင်သွင်းလျှောက်ထား ကြပါကုန်ဟု မိန့်တော်မူလိုက်သဖြင့် ဘိုးမင်းခေါင်ကြီးက လျှောက်ထားတင်သွင်းသည်မှာ- ဓါတ်စီး၊ နတ်စီး၊ ပုဂ္ဂိုလ်စီး တို့၏ သဘောကို ဘုရားတပည့်တော်များ ကြုံတွေ့ရသလောက်တင်သွင်း လျှောက်ထားရမယ်ဆိုပါလျှင် ပထမဦးဆုံးအနေနှင့် နတ်စီးကို တင်သွင်းပါမည်ဘုရား။ နတ်ပူးတယ် နတ်စီးတယ်ဆိုခြင်းမှာ - ပုဂံ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရားများ၏ တံတိုင်းအပြင်ဘက် နတ်များကို အပြင်နတ်များလို့ ခေါ်ကြ ပါတယ်။ တံတိုင်းအတွင်းက နတ်များကိုတော့ အတွင်းနတ်များလို့ ခေါ်ကြပါတယ်။ အပြင်နတ်၊ အတွင်းနတ်တို့၏ အမည်စာရင်းများကို ဘကြီးတော်လက်ထက် ပုရပိုက်ဖြူ မူအရမှာ -

## "အတွင်း ၃၇မင်းအမည်"

၁။ ဒုတ္တရဋ္ဌ - ဒူယင်ဝတ်၍ လက်တဖက်သန်လျက်ကိုင် ဒူးတဖက်ထောင် တဖက်လှဲ ကုမ္ဘဏ်နတ်
၂။ ဝိရူဋ္ဌက - ငှင်း
၃။ ဝိရူပက္ခ - ငှင်း နတ်နဂါး
၄။ ကုဝေရ - ငှင်းနတ်ဘီလူး၊ ဒူယင်ခုဆင့် ခြေထောက်ခုချောင်း၊ အစွယ်စချောင်း သံတင်းပုတ်ကိုင်
၅။ သိကြား - ခရုသင်း၊ သားမြီးယပ်ကိုင်

၎င်းဈာန်သည် နိဝရဏဟူသော ဘေးရန်နှင့် နီးကပ်၏။ ရှုန့်ရင်းလှစွာ အကာသဖွယ် ဖျက်ဆီးလွယ် ...ဈာန်သည် နိဝရဏဟူသော ... အားနည်းပေ၏ဟု ပဌမဈာန်၌ အပြစ်ဒေါသ သော ဝိတက်ပါခြင်းကြောင့် ဈာန်အင်္ဂါငါးပါးလုံး အားနည်းပေ၏ဟု ပဌမဈာန်၌ အပြစ်ကို မြင်၍ အင်္ဂါလေးပါးရှိသော ဒုတိယဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ ပဌမဈာန်၌ တပ်မက် သက်ခြင်းကို ကုန်စေ၍ရှုန့်ရင်းသောဈာန်အင်္ဂါဝိတက်ကို ပယ်ခြင်းငှာ သိမ်မွေ့သောဈာန်အင်္ဂါကို ရစေရန် ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ပထဝီ ပထဝီ မြေ မြေဟု အဖန်တလဲလဲ ပွားများသည်ရှိ သော် "အဝိတက္ကံ ဝိစာရ မတ္တံ သမာဓိဇံ" အစရှိသဖြင့် ဓမ္မသင်္ဂဏီ၌ ပြတော်မူသည့်အတိုင်း ဒုတိယ ဈာန်သို့ရောက်၏။

အင်္ဂါလေးပါးရှိသော ဒုတိယဈာန်ရပြီးနောက် ရှေးနည်းအတိုင်း ဝသီဘော်ငါးပါး ... လေ့လာကျွမ်းကျင်သောအခါ ဒုတိယဈာန်မှထ၍ ငါရသော ဈာန်သမာပတ်သည် ဝိတက်ဟူသော ဘေး ... ရှိပေ၏။ ရှုန့်ရင်းလှစွာ အကာသဖွယ် ဖျက်ဆီးလွယ်သော ဝိစာရပါရှိနေခြင်းကြောင့် ဈာန်အင်္ဂါ လေးပါးလုံး အားနည်းနေရပေ၏။ ၎င်းသို့ ဒုတိယဈာန်၌ အပြစ်ကိုမြင်၍ အင်္ဂါသုံးပါးရှိသော တတိယ ဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းလျက် ဒုတိယဈာန်၌ တပ်နှစ်သက်ခြင်း၊ ငဲ့ကွက်ခြင်းကို ပယ်၍ ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ မြေ၊ မြေ ဟု အဖန်တလဲလဲ ပွားများသည်ရှိသော် "အဝိတက္က မဝိစာရံ သမာဓိဇံ ပီတိသုခံ တတိယံဈာန - မုပသမ္ပဇ္ဇ ဝိဟာရတိ " ဟူ၍ ဓမ္မသင်္ဂဏီ၌ ဟောတော် မူသော တတိယဈာန်သို့ ရောက်ရပါတယ်။

ရှေးနည်းတူစွာ တတိယဈာန်ကို ရရှိပြီးနောက် ဝသီဘော်ငါးပါးတို့ဖြင့် လေ့လာကျွမ်းကျင်သော အခါ တတိယဈာန်မှထလျက် ငါရသော ဈာန်သမာပတ်သည် ဝိစာရဟူသော နီးသောဘေးရန်ရှိ ပေတယ်။ ရှုန့်ရင်းလှစွာအကာသဖွယ် ဖျက်ဆီးလွယ်သော ပီတိပါရှိနေခြင်းကြောင့် ဈာန်အင်္ဂါသုံးပါး လုံးအားနည်းရပေတယ်။ ၎င်းသို့ တတိယဈာန်မှာ အပြစ်ကိုရှုမြင်၍ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထ ဈာန်ကို ငြိမ်သက်တည်ကြည်၏ဟု နှလုံးပြု၍ တတိယဈာန်၌ တွယ်တာငဲ့ကွက်မှုကို စွန့်ပယ်၍ ရှုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ရန်သိမ်မွေ့သော ဈာန်အင်္ဂါကိုရရန် ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် မြေ၊ မြေဟု အဖန်တလဲလဲ ပွားများသည်ရှိသော် "စတုတ္ထဈာန မုပသမ္ပဇ္ဇ ဝိဟာရတိ ပထဝီကသိဏံ" ဟူ၍ ဓမ္မသင်္ဂဏီ၌ ပြတော်မူသော စတုတ္ထဈာန်သို့ရောက်၍ နေရ၏။

၎င်းစတုတ္ထဈာန် သမာဓိဖြင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့အား ဘုရားအစရှိသော အရိယာသူတော် ကောင်းတို့က အထူးချီးမွမ်းတော်မူ ကြပါတယ်။ ယင်းစတုတ္ထဈာန်သည် တန်ခိုးဣဒ္ဓိပါဒ်ဖြစ်ပေါ်စေရန် လောကီအဘိညာဉ် ငါးရပ်စလုံး အခြေစိုက်ထားရသဖြင့် အဘိညာပါဒကဈာန်ဟုလဲ ခေါ်ပါတယ်၊ ၎င်းလေးဆင့်မြောက်ဖြစ်သော စတုတ္ထသမာပတ်ကို မဝင်စားနိုင်ဘဲလျက် တန်ခိုးဣဒ္ဓိ မဖြစ်ပေါ်နိုင်ပါ။ တန်ခိုးဖန်ဆင်းခြင်းတို့ မပြုလုပ်နိုင်ပါ။ ၎င်းစတုတ္ထသမာပတ်ရမှသာလျှင် တန်ခိုးဖန်ဆင်းမှု ပြုလုပ် နိုင်စွမ်းရှိသော ပဓာနအခြေခံကြီးဖြစ်ပါတယ်။ လောက၌ မည်သည့်တန်ခိုးကိုမဆို အထွန့်အထိပ် ဖြစ်သော တန်ခိုးဟူသမျှကို ဖန်ဆင်းလိုပါလျှင် ၎င်းစတုတ္ထဈာန်သမာပတ်ကို ဝင်စားပြီးမှသာလျှင် ပြုလုပ်နိုင်ပါတယ်။ အဘိညာဏ်တန်းခိုးသိနိုင် မြင်နိုင်ကြားနိုင်သည်ဟုဆိုရာ၌ ပါဒကဈာန်ကို ဝင်စား ပြီးနောက် ဆင်ခြင်မှသာလျှင် သိမြင်ကြားနိုင်ပါတယ်။ ဆင်ခြင်မှုမရှိလျှင် အခါခပ်သိမ်း မသိနိုင်၊ မမြင်နိုင်